
www.burmeseclassic.com

# ဗမာပြည် ကွန်မြူနစ်ပါတီ၏ နေထွက်ချိန်နှင့် နေဝင်ချိန်

*Bertil Lintner* ရေး၍
ကျော်ဝင်း
မြန်မာပြန်သည်

BURMESE CLASSIC



# THE RISE AND FALL OF THE COMMUNIST PARTY OF BURMA

www.burmeseclassic.com

www.burmeseclassic.com

# ထုတ်ဝေသူ၏
## ကျေးဇူးစကား

ယခုစာအုပ် (ဗမာပြည် ကွန်မြူနစ်ပါတီ၏ နေထွက်ချိန်နှင့် နေဝင်ချိန်) ထုတ်ဝေနိုင်ရေးအတွက် မြန်မာပြန်ဆိုခွင့်ပြုခဲ့သော မူရင်းစာရေးသူ ဘာတင်းလစ်တနာ၊ မူရင်းဓာတ်ပုံများ အသုံးပြုခွင့်ပေးခဲ့သော စာရေးသူ၏ဇနီး ဆိုင်းနောင်လစ်တနာ၊ မြန်မာပြန်ဆိုပေးခဲ့သော ဆရာကျော်ဝင်း၊ စာအုပ်ထုတ်ဝေနိုင်ရေးအတွက် ကူညီပေးခဲ့သော ကိုရဲမျိုးဟိန်းနှင့် နေ့စဉ်အခန်းဆက်ဖော်ပြပေးခဲ့သော The voice နေ့စဉ်သတင်းစာတို့အား ကျေးဇူးစကားဆိုအပ်ပါသည်။

BURMESE CLASSIC

လွင်ဦးစာပေ (လှည်းတန်း)

www.burmeseclassic.com

www.burmeseclassic.com

# THE RISE AND FALL OF THE COMMUNIST PARTY OF BURMA

**BERTIL LINTNER**

# ဗမာပြည်ကွန်မြူနစ်ပါတီ၏ နေထွက်ချိန်နှင့် နေဝင်ချိန်

BURMESE CLASSIC

**ကျော်ဝင်း**

မြန်မာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

**ဖြန့်ချိရေး** - လွင်ဦးစာပေ (လှည်းတန်း)

ပထမအကြိမ်၊ ၂၀၁၃၊ အောက်တိုဘာလ

**အုပ်ရေ** - ၅၀၀

**မျက်နှာဖုံးဒီဇိုင်း**

ဇော်မောင်

**ထုတ်ဝေသူ**

ဦးလွင်ဦး၊ လွင်ဦးစာပေ (လှည်းတန်း)

(ယာယီ - ၁၉၇၀)

အမှတ် ၁၃၅၊ ရဲဘော်သုံးလမ်း၊ ဖော့ကန်ရပ်ကွက်၊

အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊ (မြ-၀၇၉၅၈)

အမှတ် (၁၄၀)၊ ၄၅ လမ်း၊ ရန်ကုန်မြို့။

**ကွန်ပျူတာစာစီ**

Dream City - 0973052433

**တန်ဖိုး - ၃၅၀၀ ကျပ်**

**စာအုပ်ကတ်တလောက်အညွှန်း (CIP)**

၉၂၃.၂

ကျော်ဝင်း

ဗမာပြည်ကွန်မြူနစ်ပါတီ၏ နေထွက်ချိန်နှင့် နေဝင်ချိန်/ကျော်ဝင်း - ရန်ကုန်

လွင်ဦးစာပေ (လှည်းတန်း)၊ ပထမအကြိမ်၊ ၂၀၁၃။

၂၀၇ - စာ၊ ၁၅ X ၂၂ စင်တီ။

(၁) ဗမာပြည်ကွန်မြူနစ်ပါတီ၏ နေထွက်ချိန်နှင့် နေဝင်ချိန်


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


- ဘာသာပြန်သူ၏ စကားဦး ၁
- နိဒါန်း ၃
- အခန်း (၁)
ဗမာပြည်ကွန်မြူနစ်ပါတီသမိုင်းအကျဉ်း (၁၉၃၉–၁၉၆၈) ၁၉
- အခန်း (၂)
အရှေ့မြောက်အခြေခံဒေသ (၁၉၆၈–၁၉၈၈) ၆၅
- အခန်း (၃)
၁၉၈၉ တပ်တွင်းပုန်ကန်မှု ၈၇
- အခန်း (၄)
နိဂုံးကောက်ချက်အချို့ ၁၀၃
- အခန်း (၅)
အတ္ထုပ္ပတ္တိအကျဉ်းများ ၁၁၇
- နောက်ဆက်တွဲ ၁
၁၉၈၉ တပ်တွင်းပုန်ကန်မှုမတိုင်မီ
ဗမာပြည်ကွန်မြူနစ်ပါတီအဖွဲ့အစည်းများ ၁၃၅
- နောက်ဆက်တွဲ ၂
၁၉၈၉ တပ်တွင်းပုန်ကန်မှုမတိုင်မီ ဗမာပြည်ကွန်မြူနစ်ပါတီ၏
အခြေခံဒေသများနှင့် ပြောက်ကျားဇုန်များ ၁၄၁
- နောက်ဆက်တွဲ ၃
လူမျိုးစုလက်နက်ကိုင်အဖွဲ့များ ၁၈၉
- အတိုကောက်အသုံးအနှုန်းများ ၁၉၇
- ပြီးမှရေးသည့်စာ ၂၀၃


www.burmeseclassic.com

www.burmeseclassic.com

# ဘာသာပြန်သူ၏ စကားဦး

ဗမာပြည်ကွန်မြူနစ်ပါတီမှာ မြန်မာနိုင်ငံ၏ အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှု အတွင်းမှ ပေါ်ထွက်လာသော အစဉ်အလာကြီးသည့် နိုင်ငံရေးပါတီကြီးတစ်ရပ် ဖြစ်ပါသည်။ (ဤအချက်နှင့်ပတ်သက်လျှင် အငြင်းပွားစရာ ရှိလိမ့်မည်မထင်ပါ။) မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း အစိုးရအဆက်ဆက်ကို တစ်လျှောက်လုံး တော်လှန်ပုန်ကန်ခဲ့သည့် အဓိက လက်နက်ကိုင် အဖွဲ့အစည်းကြီးတစ်ခု ဖြစ်ပါသည်။ (ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်တော်လှန်ရေးကို လက်ခံ၊ လက်မခံ အသာထား။ ဤကိစ္စနှင့် ပတ်သက်လျှင်လည်း မည်သူမှ အငြင်းပွားလိမ့်မည်မထင်ပါ။) သို့နှင့်တိုင် ယခုအခါတွင်မူ ဗမာပြည်ကွန်မြူနစ်ပါတီမှာ သမိုင်းထဲသို့ တိုးဝင်ပျောက်ကွယ်သွားတော့မည့် ဖြစ်စဉ်ထဲတွင် ရောက်ရှိနေပြီဟု ဆိုရတော့မည်ဖြစ်ပါသည်။ (ဤကောက်ချက်နှင့် ပတ်သက်လျှင်လည်း စွဲလမ်းသူအချို့မှလွဲ၍ အငြင်းပွားမည့်သူမရှိတော့ဟု ယူဆရပါသည်။)

မည်သို့ပင်ရှိစေ သမိုင်းကို စိတ်ဝင်စားသူများ၊ မြန်မာ့နိုင်ငံရေးနှင့် မကင်းနိုင်သူများအတွက် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဖြစ်စဉ်ဖြစ်ရပ်များက မေးသင့်မေးထိုက်သော၊ လေ့လာ ဆန်းစစ်အပ်သော အမေးပုစ္ဆာ တစ်ရပ်ကိုကား ချန်ထားခဲ့သည်ဟု သဘောရပါသည်။ "ဤမျှ အစဉ်အလာကြီးသော နိုင်ငံရေးပါတီကြီး တစ်ရပ်အနေနှင့် သမိုင်းနှင့်အတူ လိုက်ပါမသွားနိုင်တော့ဘဲ အဘယ့်ကြောင့် သမိုင်းဖြစ်စဉ်ထဲတွင် ပွန်းပြတ် ပြတ်သွားရပါသနည်း" ဆိုသော ပုစ္ဆာဖြစ်သည်။ ယခု ဘာသာပြန် ဖော်ပြမည့် စာစုမှာ အဆိုပါ အမေးပုစ္ဆာအတွက် ပြည့်စုံလုံလောက်သော အဖြေ ဟုတ်ကောင်းမှ ဟုတ်နိုင်သည့်တိုင် စဉ်းစားဆဝါးစရာများကား အထိုက်အသင့်ပါသည်ဟု ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မူရင်းစာရေးဆရာ 'ဘာတင်းလစ်တနာ' မှာ သမိုင်းပညာရှင်တစ်ယောက်တော့ ကား မဟုတ်ပါ။ သို့အတွက် သူ့စာအုပ် (The Rise and Fall of the Communist Party of Burma)မှာ သမိုင်းကျမ်းကြီးတစ်စောင်လို ရေပက်မဝင် ခိုင်မာတိကျ ချင်မှ တိကျပါလိမ့်မည်။ လစ်တနာမှာ နိုင်ငံရေးသမားတစ်ယောက်လည်း မဟုတ်ပါ။ သို့အတွက် သူ့စာအုပ်မှာ မြန်မာ့နိုင်ငံရေးလေ့လာချက် စစ်တမ်းတစ်စောင်လို ဘက်စုံ ထောင့်စုံ ကျယ်ပြန့်နက်ရှိုင်းမှု ရှိကောင်းမှ ရှိပါလိမ့်မည်။ အမှန်စင်စစ် သူသည် ဂျာနယ်လစ်တစ်ဦးမျှသာ ဖြစ်ပါသည်။ သို့တစေ စာကြည့်စားပွဲမှာသာ ငုတ်တုတ် ထိုင် စာရေးနေသူ ဂျာနယ်လစ်မျိုးကား မဟုတ်။ ဗမာပြည် ကွန်မြူနစ်ပါတီအပါအဝင် မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့အစည်း တော်တော်များများနှင့် ဆက်စပ်နေသော နယ်မြေများသို့ ကိုယ်တိုင် သွားရောက်လေ့လာ၊ တွေ့ဆုံမေးမြန်းပြီးမှ ဤစာအုပ်ကို ပြုစုခဲ့ခြင်း ဖြစ်သည်။

သို့အတွက် သူ့စာအုပ်ကို ဘာသာပြန်ဖို့ ရွေးချယ်လိုက်ခြင်း ဖြစ်ပါသည်။ ဤသို့ ဘာသာပြန်ရာတွင်လည်း ၁၉၉၀ ပြည့်နှစ်က ထုတ်ဝေခဲ့သော ပထမအကြိမ် ပုံနှိပ်ခြင်းစာမူကို မယူ။ နောင် အနှစ် ၂၀ ကျော်အကြာ ၂၀၁၂ ခုနှစ်ရောက်မှ သူ ကိုယ်တိုင်တည်းဖြတ် ပြင်ဆင်ဖြည့်စွက်ထားသော စာမူကိုသာ ဘာသာပြန်ခြင်း ဖြစ်ပါ သည်။ မြန်မာနိုင်ငံရေးအတွက် အရေးကြီးသည်ဟု ယူဆရသော ယခုစာအုပ်ကို ဘာသာ ပြန်ဖြစ်သည့်အတွက် မူရင်းစာရေးဆရာ ဘာတင်းလစ်တနာကိုသော်လည်းကောင်း၊ ၁၉၉၀ ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်နှင့် ၂၀၁၂ ဖြည့်စွက်ချက်များကို ရှာဖွေ စုဆောင်းပေးသော မိတ်ဆွေကြီး ကိုလွင်ဦး (လှည်းတန်း) ကိုလည်းကောင်း ကျေးဇူး စကား ဆိုအပ်ပါသည်။

**ကျော်ဝင်း**

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

အာရှဒေသ၏ အရှည်ကြာဆုံး ကွန်မြူနစ် ပုန်ကန်ထကြွမှုများထဲမှ တစ်ခုဖြစ်သော မြန်မာကွန်မြူနစ်များ၏ တော်လှန်ရေးမှာ ၁၉၈၉ ခုနှစ် ဧပြီလ ၁၆ ရက်နေ့ညမှာပင် နိဂုံးကမ္ပတ် အဆုံးသတ်သွားခဲ့ပြီ ဖြစ်ပါသည်။ ဤသို့ ဆုံးခန်းတိုင်သွားရသည်မှာ အောင်မြင်သော အစိုးရထိုးစစ်တစ်ခုကြောင့် မဟုတ်သလို၊ သဘောထားကြီးသော လွတ် ငြိမ်းချမ်းသာခွင့် ပေါ်လစီတစ်ရပ်၏ အကျိုးဆက်လည်း မဟုတ်ပါ။ ကိုယ်တိုင်က အစိုးရကို တော်လှန်ပုန်ကန်နေသော 'ဗမာပြည်ကွန်မြူနစ်ပါတီ (CPB)၏ အောက်ခြေ တပ်သားထုကြားမှ ပေါ်ထွက်လာသည့် တပ်တွင်း ပုန်ကန်ခြားနားမှုကြောင့် ဖြစ်ပါသည်။

CPB ၏ ဌာနချုပ်မှာ မြန်မာနိုင်ငံ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း တရုတ် နယ်စပ်အနီး ဝ တောင်တန်းများပေါ်ရှိ မြို့ငယ်လေးတစ်မြို့ဖြစ်သော 'ပန်ဆန်း'တွင် အခြေစိုက်ထားသည်။ တပ်တွင်းသူပုန်တပ်ဖွဲ့များက ထိုညမှာပင် အဆိုပါ CPB ဌာနချုပ်ကို တစ်ဟုန်ထိုး ဝင်စီးခဲ့ကြသည်။ ကောင်းစွာဖြည့်တင်းထားသော ဗဟို လက်နက်တိုက်နှင့် အခြားအဆောက်အအုံများကို သိမ်းပိုက်လိုက်ကြသည်။ ပါတီဆန့် ကျင်ရေး ခံစားမှုများဖြင့် ဒေါသ ဆူဝေနေကြသော ပုန်ကန်ခြားနားကြသူများက မတ်ခ်၊ အိန်ဂျယ်၊ လီနင်၊ စတာလင်၊ မော်စီတုန်း အမှုးပြုသော ကွန်မြူနစ် အိုက်ကွန်များ၏ ပုံတူဓာတ်ပုံကားချပ်များကို ရိုက်ချိုးပစ်လိုက်ကြသလို၊ ကွန်မြူနစ် စာပေကျမ်းဂန်များကိုလည်း ဖျက်ဆီးပစ်လိုက်ကြသည်။ ဤတွင် အသက်အရွယ်ကြီး ရင့်လှပြီဖြစ်သော စွဲမြဲသည့် မော်ဝါဒီ CPB ခေါင်းဆောင်ကြီးများမှာ နယ်ခြား မြစ်ကလေး 'နမ့်ခ' ကို ဖြတ်ကာ တရုတ်ပြည်ထဲသို့ ဒရောသောပါး ထွက်ပြေးရ လေတော့သည်။ ဤသို့ဖြင့်၊ သမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် ကွန်မြူနစ် တော်လှန် ပုန်ကန်မှုတစ်ရပ်မှာ ၎င်း၏ အတွင်းပိုင်း ပြိုကွဲမှုကြောင့် ဆုံးခန်းတိုင်သွားရပါလေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ဧပြီလ ၁၆ ရက်နှင့် ၁၇ ရက်က ပန်ဆန်းတွင် ဖြစ်ပေါ်ခဲ့သော ဆိုခဲ့ပါ ဝရန်းသုန်းကားဖြစ်ရပ်ကြီးမှာ ရှောင်တခင် ပေါ်ထွက်လာသည်တော့ မဟုတ်ပါချေ။ နှစ်ပေါင်းမြောက်မြားစွာ တမြည့်မြည့် လောင်မြိုက်နေသော သက်ကြီးရွယ်အိုခေါင်းဆောင်မှုအပေါ် မကျေနပ်ချက်များမှ အကြောင်းခံ ဖြစ်တည်လာသည်ဟု ဆိုရမည်သာ ဖြစ်ပါသည်။ အဆိုပါ ကွန်မြူနစ်ခေါင်းဆောင်အဘိုးကြီးများမှာ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း တရုတ်ယဉ်ကျေးမှု တော်လှန်ရေးကာလကတည်းက အပြောင်းအလဲမရှိ တောက်လျှောက်ဆုပ်ကိုင်လာခဲ့ကြသော၊ ယခုအခါ ခေတ်နှင့် ပို၍ ပို၍ အံချော်နေပြီလည်းဖြစ်သော၊ နိုင်ငံရေးလမ်းကြောင်းကို စွန့်လွှတ်ဖို့ ခေါင်းမာမာ ငြင်းဆန်နေကြသည်။ ဒါကို အောက်ခြေရဲဘော်တွေက မကျေနပ်။ သည်လိုနှင့် ပါတီတွင်းဘဝမှာ ကြိမ်မီးအုံးသလို ဖြစ်နေခဲ့သည်။

ပို၍ပင် အရေးကြီးသည်ဟု ဆိုနိုင်လောက်သည့် အကြောင်းရင်းခံတစ်ရပ်မှာ ပါတီတွင်းရှိ လူမျိုးစုဆိုင်ရာ တင်းမာမှုများ ဖြစ်ပါသည်။ ပြောရလျှင် တပ်တွင်းပုန်ကန်မှုမှာ အဆိုပါ လူမျိုးစုဆိုင်ရာ တင်းမာမှု၏ ထင်ဟပ်ချက်ပင် ဖြစ်နိုင်သည်။ CPB လက်နက်ကိုင်တပ်ဖွဲ့များ၏ အများတကာ့ အများစုကြီးမှာ ဝေးလံခေါင်ဖျားကြမ်းတမ်းခက်ထန်လှသော တရုတ်–မြန်မာနယ်စပ် တောင်ပေါ်ဒေသများတွင် နေထိုင်ကြသည့် လူနည်းစု လူမျိုးစုများမှ လာကြသော တပ်သားတွေ ဖြစ်သည်။ သူတို့တစ်တွေ ကွန်မြူနစ်ပါတီအလံအောက် ရောက်လာကြသည်မှာလည်း အိုင်ဒီအိုလိုဂျီထက် လူမျိုးစုဆိုင်ရာ မကျေနပ်မှုများနှင့် ယေဘုယျ အစိုးရဆန့်ကျင်ရေး စိတ်အခံကြောင့်သာ များသည်။ ခန့်မှန်းခြေအရ ကွန်မြူနစ်တပ်မတော် အောက်ခြေတပ်သားစု၏ ၈၀ ရာခိုင်နှုန်းလောက်မှာ တရုတ်မြန်မာနယ်စပ် တောင်ပေါ်သားလူမျိုးစု တစ်ခုဖြစ်သော ဝ မျိုးနွယ်စုမှ ဝ အမျိုးသားတွေ ဖြစ်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းနှင့် ၁၉၇၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းကာလများအတွင်း တရုတ်ပြည်၏အကူအညီဖြင့် CPB တပ်ဖွဲ့များ၊ ထိုဒေသကို မထိန်းချုပ်နိုင်မီကဆိုလျှင် အဆိုပါ ဝ လူမျိုးများမှာ တစ်ဖက်ရန်သူကို ခေါင်းဖြတ်သည့်အလေ့ပင် ရှိသည်ဟုဆိုသည်။ CPB တပ်မတော်၏ တပ်မှူးအားလုံးနီးပါးဆိုလျှင်လည်း အမျိုးမျိုးသော လူမျိုးစုအုပ်စုများမှ လာသူတွေသာ ဖြစ်သည်။ တပ်မှူးအချို့မှာ ဝ အမျိုးသားတွေဖြစ်ပြီး အများစုမှာ ကိုးကန့်၊ တရုတ်၊ ကချင်၊ ရှမ်းနှင့် အခြားလူမျိုးစုများ ဖြစ်သည်။ ဗမာဆို၍ မတ်ခ်် လီနင်ဝါဒီ၊ ပါတီခေါင်းဆောင်များနှင့် တပ်ဖွဲ့အသီးသီးတွင် တွဲဖက်တာဝန်ယူထားသော နိုင်ငံရေးမှူးတွေသာ ရှိသည်။

တပ်တွင်းပုန်ကန်မှု၏ နောက်ကွယ်တွင်ရှိသော နောက်ထပ်အရေးကြီးသည့် အကြောင်းတစ်ခုမှာ CPB အခြေခံဒေသတွင် အလုပ်ဖြစ်နေသော အဖြတ်အစွန်း

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ်ရနေသည့် မူးယစ်ဆေးဝါး (ဘိန်း) အရောင်းအဝယ် ဖြစ်ပါသည်။ ၁၉၈၅ ခုနှစ်က ကျင်းပခဲ့သော CPB ၏ တတိယနှင့် နောက်ဆုံးကွန်ဂရက်တွင် ဘိန်းအရောင်းအဝယ်၊ ဘိန်းမှ ဆင့်ပွားလာသော ဘိန်းဖြူထုတ်လုပ်မှုနှင့် အခြား တရားမဝင်လုပ်ငန်းများကို ထိထိရောက်ရောက် အရေးယူကိုင်တွယ်ဖို့ ဆုံးဖြတ်လိုက်သည်။ ခက်နေသည်မှာ အဆိုပါ တရားမဝင်လုပ်ငန်းများတွင် ဒေသခံတပ်မှူးများ ကိုယ်တိုင် ပါဝင်ပတ်သက်နေခြင်း ဖြစ်ပါသည်။

ပြောကြစတမ်းဆိုလျှင် ဘိန်းမှာ ဆယ်စုနှစ်အချို့ကြာကပင် CPB ဒေသ၏ ငွေဖြစ်လွယ်ဆုံး သီးနှံ ဖြစ်နေခဲ့သည်။ ပါတီကိုယ်တိုင်ကပင် ဘိန်းစိုက်သူများနှင့် ဘိန်းရောင်းဝယ်ဖောက်ကားသူများကို ၁၀ ရာခိုင်နှုန်း အခွန်ကောက်ခံပြီး ခွင့်ပြုထားခဲ့သည်။ သို့တိုင်အောင် ဒေသတွင်း အင်အားပုံစံ ပြောင်းလဲလာသည်နှင့် ဘိန်းအရောင်းအဝယ်၏ အရေးပါမှုမှာလည်း ပိုမိုမြင့်မားလာခဲ့ရသည်။ အထူးသဖြင့် ၁၉၇၆ ခုနှစ် မော်စီတုန်း ကွယ်လွန်ပြီးသည့်နောက်ပိုင်း တရုတ်ပြည်က နိုင်ငံခြားရေးပေါ်လစီသစ် ချမှတ်လိုက်သည့်အချိန်တွင် ဖြစ်ပါသည်။

၁၉၆၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း CPB မှာ ဒေသအတွင်း အခြားသော ကွန်မြူနစ်ပါတီများလိုပင် တရုတ်ပြည်မှ အလွန်များပြားသော အထောက်အပံ့များ ရရှိခဲ့သည်။ သို့နှင့်တိုင် ပေကျင်းအနေနှင့် ၎င်း၏စီးပွားရေးကို ခေတ်မီစေရန်နှင့် နိုင်ငံခြားကုန်သွယ်ရေးကို မြှင့်တင်ရန် ကြိုးပမ်းလာသောအခါ အဆိုပါ ပါတီများကိုပေးသည့် အကူအညီများကို သိသိသာသာ လျှော့ချလိုက်ပါသည်။ ဤသို့ တရုတ်အကူအညီများ ဖြတ်တောက်လိုက်ခြင်းက 'ထိုင်း ကွန်မြူနစ်ပါတီ CPT ကို ချက်ချင်းဆိုသလို ပြိုကျသွားစေခဲ့သလို၊ 'မလေးရှား ကွန်မြူနစ်ပါတီ' CPM ၏ နောက်ဆုံးနေ့များသို့လည်း ဦးတည်စေခဲ့သည်။ သို့တစေ မြန်မာနိုင်ငံတွင်ကား ကွန်မြူနစ် တော်လှန်ပုန်ကန်မှုမှာ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ သို့တိုင်အောင် CPB အတွက်မူ ၎င်း၏တပ်ဖွဲ့များကို လက်နက်တပ်ဆင်ရန်နှင့် ၎င်းထိန်းချုပ်ထားသော ဒေသအတွင်းရှိ စာသင်ကျောင်းများနှင့် ဆေးရုံများကို ဆက်ထိန်းထားနိုင်ရန် အခက်အခဲများစွာ ဖြစ်လာစေခဲ့သည်။ ဤအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ဘိန်းအရောင်းအဝယ်ပေါ်တွင်သာမက၊ လွတ်မြောက်သည့် ဒေသအတွင်းရှိ လူထုအပေါ်တွင်ပါ အလွန်ကြီးမားသော အခွန်အကောက်များ တိုးမြှင့်ကောက်ခံလာခဲ့သည်။ ဤသို့ အခွန် တိုးမြှင့်ကောက်ခံသည်ကို လူထုက မကျေနပ်။ သည်လိုနှင့် အရှေ့မြောက်ပိုင်း နယ်စပ်ဒေသလူထုနှင့် ပါတီခေါင်းဆောင်မှုကြား ယခင်ကထက် ပို၍ ပို၍ ကင်းကွာလာစေရန် အကြောင်းဖန်လာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်မှာပင်၊ ဒေသခံ ကွန်မြူနစ်တပ်မှူးများအနေနှင့် ဒေသတွင်း ဘိန်း အရောင်းအဝယ်မှ အမြတ်များစွာရသည်ကို သဘောပေါက် တွေ့ရှိလာကြရာ၊ ပန်ဆန်း၏ခေါင်းဆောင်မှုကို ဥပေက္ခာပြုပြီး လွတ်လွတ်လပ်လပ် လှုပ်ရှားလာကြသည်။ ပန်ဆန်းဘက်မှလည်း ပါတီအထောက်တော်များ စေလွှတ်ကာ အဆိုပါတပ်မှူးများအပေါ် စုံစမ်းထောက်လှမ်းမှုများ လုပ်လာသည်။ သူတို့တစ်တွေ၏ မမှန်မကန် အပြုအမူများကိုလည်း ဗဟိုသို့ သတင်းပို့တိုင်တန်းသည်များ ရှိလာသည်။ နောက်ဆုံး CPB ခေါင်းဆောင်များကိုယ်တိုင်က "အခွန်ကောက်ခံခြင်းမှလွဲ၍ ဘိန်းအရောင်းအဝယ်လုပ်ငန်းများတွင် ပါဝင်ပတ်သက်သူ မည်သည့်ပါတီဝင်ကိုမဆို ပြင်းပြင်းထန်ထန် အပြစ်ပေး အရေးယူမည်"ဟု တိတိကျကျ ကြေညာလိုက်တော့သည်။ "မည်သူမဆို ဘိန်းဖြူ နှစ်ကီလိုဂရမ်နှင့်အထက် လက်ဝယ်တွေ့ရှိလျှင် သေဒဏ်ကျခံစေရမည်"ဟု ကရားဝင် ထုတ်ပြန်ကြေညာသည်အထိ ဖြစ်လာသည်။ အမှန်စင်စစ် CPB အခြေခံဒေသအတွင်း ဘိန်းဖြူထုတ်လုပ်နေသည်မှာ ဒေသခံ ကွန်မြူနစ်တပ်မှူးများကိုယ်တိုင်ပင် ဖြစ်ပါသည်။

ဆိုခဲ့ပါအတိုင်း မူးယစ်ဆေး (ဘိန်းနှင့် ဘိန်းဖြူ) အရောင်းအဝယ်လုပ်ငန်းများတွင် CPB ကေဒါများကိုယ်တိုင် ပါဝင်ပတ်သက်နေသည်မှာ၊ အိုင်ဒီအိုလိုဂျီ အရင်းခံ ပါတီ ခေါင်းဆောင်မှုအတွက် မျက်နှာပျက်စရာ ကသိကအောက်တစ်ခုလို ဖြစ်နေရသည်။ ဘိန်းဆန့်ကျင်ရေးတိုက်ပွဲဆင်နွှဲရန် တရုတ်ပြည်ဘက်မှ ဖိအားပေးနေသည် ဆိုသော အပြောအဆိုများမှာလည်း ဖြစ်နိုင်ချေရှိလောက်သည်။ CPB အခြေခံဒေသမှ လျှံကျလာသော မူးယစ်ဆေးဝါးများမှာ တရုတ်ပြည်တွင် ပြဿနာတစ်ရပ်လို ဖြစ်နေရသည်။ အရေအတွက်အရ ပို၍ ပို၍ များလာသော ဘိန်းဖြူများမှာလည်း မြန်မာပြည်နယ်စပ်ရှိ ယူနန်ပြည်နယ် မြို့တော်ကူမင်းမှတစ်ဆင့် ဟောင်ကောင်သို့ မှောင်ခိုထွက်နေသည်။ ဤသို့ဖြင့် ဘိန်းဖြူ၊ ဘိန်းမည်းပြဿနာမှာ CPB ခေါင်းဆောင်မှုအတွက်သာမက တရုတ်ပြည်အတွက်ပါ ခေါင်းခဲစရာ ဖြစ်လာတော့သည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ဟောင်ကောင်မှ အပတ်စဉ်ထုတ်ဝေလျက်ရှိသော ၁၉၈၇ ခုနှစ် ဇွန် ၄ ရက်ထုတ် 'အရှေ့ဖျားစီးပွားရေးရီဗျူး' တွင် ကျွန်တော် ယခုလိုရေးခဲ့ပါသည်။ "မူးယစ်ဆန့်ကျင်ရေးပေါ်လစီကိုသာ တိတိကျကျ အရေးယူဆောင်ရွက်မည်ဆိုလျှင် CPB ၏ အိုင်ဒီအိုလိုဂျီ အရင်းခံ ထိပ်ပိုင်းခေါင်းဆောင်စုနှင့် မူးယစ်ဆေးကုန်သွယ်မှုမှ အမြတ်အစွန်းများစွာရနေသော ဒေသခံ ကေဒါအများစုကြားတွင် ပြင်းထန်သော ပဋိပက္ခများ ဖန်တီးပေးလိုက်သလို ဖြစ်နိုင်ပေသည်။ ဤအချက်ကြောင့်ပင် မူးယစ်ဆန့်ကျင်ရေးတိုက်ပွဲ၏ လက်တွေ့ဖြစ်နိုင်ချေအပေါ် မေးခွန်းထုတ်စရာများ

www.burmeseclassic.com

www.burmeseclassic.com



ရှိလာခဲ့သည်။ ဒေသတွင်း စောင့်ကြည့်လေ့လာနေကြသူများ ကိုယ်တိုင်ကလည်း "ပါတီ မကွဲစေရေးအတွက် အဆုံးတစ်နေ့တွင် မူးယစ်ဆန့်ကျင်ရေးတိုက်ပွဲကို လက်လျှော့သွား ပါလိမ့်မည်"ဟူ၍သာ ယူဆယုံကြည်ထားကြသည်...စသဖြင့်...။ သို့နှင့်တိုင် ပါတီက မူးယစ်ဆန့်ကျင်ရေးတိုက်ပွဲကို မစွန့်ပါ။ သည်လိုနှင့် မလွဲမရှောင်သာ ပြဿနာများနှင့် ကြုံရပါလေတော့သည်။

တရုတ်ပြည်အနေနှင့် ၁၉၈၁ ခုနှစ်ကပင် CPB ခေါင်းဆောင်များနှင့် အယောင့်မြင့် ကေဒါများကို ၎င်းတို့နိုင်ငံသို့ နိုင်ငံရေးခိုလှုံခွင့်ရယူကြရန် စတင်ကမ်းလှမ်းခဲ့ပါသည်။ အဆိုပါကမ်းလှမ်းချက်တွင် သင့်တင့်လျောက်ပတ်သော အစိုးရပင်စင်ပေးဖို့ပါ အကျုံး ဝင်သည်။ (ပေါလစ်ဗျူရိုတစ်ယောက်လျှင် တစ်လ ရမ်မင်ပီ ၂၅၀ သို့မဟုတ် အမေ ရိကန်ဒေါ်လာ ၃၆၊ ဗဟိုကော်မတီ တစ်ယောက်လျှင် ရမ်မင်ပီ ၂၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၂၉၊ အခြား ဦးဆောင်ကေဒါများအတွက် တစ်ယောက် တစ်လ ရမ်မင်ပီ ၁၈၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၂၆၊ သာမန်ပါတီဝင်များအတွက် တစ်ယောက် တစ်လ ရမ်မင်ပီ ၁၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၅ ပင်စင် လစာပေးဖို့ ဖြစ်သည်။) အဆိုပါ ပင်စင်လစာအပြင် အိမ်တစ်လုံးနှင့် မြေတစ်ကွက်ပါ ပေးဦးမည်ဖြစ်သည်။ သို့တစေ အငြိမ်းစား CPB ကေဒါများအနေနှင့် ပြည်ပ ပြည်တွင်းတွင်မူ မည်သည့်နိုင်ငံရေးလှုပ်ရှားမှုမှ လုပ်ခွင့်မရှိဟု သတ်မှတ်ထားသည်။

ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း တရုတ်ပြည်တွင် နေထိုင်ခဲ့ကြ၍ ခေါင် စီတုန်းနှင့် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ကြဖူးသော ကွန်မြူနစ်လက်ဟောင်းကြီးများအနေနှင့် တရုတ်ပြည်ကို ဘယ်တုန်းကမှ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ဝေဖန်မှုမျိုး မလုပ်ကြသည့် တိုင်၊ ဆိုခဲ့ပါ ကမ်းလှမ်းချက်ကိုမူ သစ္စာဖောက်မှုအဖြစ်သာ ကြည့်မြင်ခဲ့ကြသည်။ တရုတ်ပြည်ဘက်ကမူ ၁၉၈၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၈ ခုနှစ်တွင် နောက်တစ်ကြိမ် ကမ်းလှမ်းမှုများ လုပ်ခဲ့ကြပါသည်။ လူငယ်ပိုင်းအဆင့်ငယ် CPB ကေဒါအချို့ကသာ ကမ်းလှမ်းချက်ကို လက်ခံခဲ့ကြပြီး ထိပ်ပိုင်းခေါင်းဆောင်များထဲကမူ တစ်ယောက်မျှ လက်မခံခဲ့ကြပါချေ။

၁၉၈၉ နှစ်ဦးတွင် တရုတ်တို့ဘက်မှ CPB ကို နောက်တစ်ကြိမ် ချဉ်းကပ် လာကြပြန်ပါသည်။ မြန်မာအစိုးရနှင့် နှစ်နိုင်ငံကုန်သွယ်ရေး ဖွင့်လှစ်နိုင်ရန်အတွက် CPB ခေါင်းဆောင်များ၊ ၎င်းတို့၏ တော်လှန်ရေးကိုစွန့်ကာ တရုတ်ပြည်တွင် အငြိမ်းစား ယူကြဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဘာအဖြေမှ မရခဲ့သော အဆိုပါ လိပ်ခဲတည်းလည်း အစည်းအဝေးကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ပန်ဆန်းတွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးမှာပင် ထိုစဉ်ကတည်းက

www.burmeseclassic.com

www.burmeseclassic.com



အသက် ၇၅ နှစ်ရှိပြီဖြစ်သော CPB ဥက္ကဋ္ဌ သခင်ဗသိန်းတင်က ပထမဆုံးအကြိမ် တရုတ်တို့ကို ပြင်းပြင်းထန်ထန် တုံ့ပြန်ပြောဆိုခဲ့ပါသည်။

ဆိုခဲ့ပါ လျှို့ဝှက်အစည်းအဝေးတွင် ပြောကြားခဲ့သော သူ၏မိန့်ခွန်းတွင် ယခုလို ရည်ညွှန်းပြောဆိုသွားခဲ့သည်။ "ညီနောင်ပါတီနဲ့ ကျွန်တော်တို့ဆက်ဆံရေးမှာ နားလည်မှုလွဲတာတွေ ရှိနေတယ်။ ကျွန်တော်တို့ကြားမှာ သဘောကွဲလွဲမှုတွေ ရှိရင်တောင်မှ ကျွန်တော်တို့ကတော့ တစ်ဦးရဲ့ကိစ္စ တစ်ဦး ဝင်မစွက်ဖက်ရေးဆိုတဲ့မူကို လိုက်နာစောင့်ထိန်းပြီး အတူယှဉ်တွဲနေကြမှာပါ။ ၁၉၈၁၊ ၁၉၈၅ နဲ့ ၁၉၈၈ တုန်းကလည်း ဒီအတိုင်းပဲ ကျွန်တော်တို့ ရပ်တည်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ပြန်လည်ပြင်ဆင်ရေးသမားတွေ မဖြစ်ချင်ဘူး" စသဖြင့်. . .။ ပြောရလျှင် သူ့မိန့်ခွန်းမှာ တရုတ်ကွန်မြူနစ်များကို ပြန်လည်ပြင်ဆင်ရေးသမားများဟု စွပ်စွဲလိုက်သည့် သဘောပင်ဖြစ်သည်။ နယ်စပ်တစ်ဖက်မှ ကမ်းလှမ်းချက်ကို ဘယ်လိုမှ လက်မခံနိုင်ကြောင်း ငြင်းပယ်လိုက်သည့်သဘောလည်း ဖြစ်ပါသည်။

ဆိုခဲ့ပြီးသော လျှို့ဝှက်အစည်းအဝေး မှတ်တမ်းများကို တရုတ်ပြည်ရှိ တစ်ခါက CPB ထောက်ခံသူများထံမှ သိသလောက် သိခဲ့ပါသည်။ စိတ်ချဉ်ပေါက်နေကြသော CPB အောက်ခြေတပ်သားထုအနေနှင့် ခေါင်းဆောင်မှုအဟောင်းကို ပုန်ကန်ထကြွရန် ဘာကြောင့် ဘယ်လိုအားတက်လာကြသည်ကို သူတို့က ရှင်းပြကြသည်။ အမှန်စင်စစ် တပ်တွင်းပုန်ကန်မှုမှာ အစောပိုင်းကတည်းက ဖြစ်ဖို့ရှိသည်။ အောက်ခြေရဲဘော်များနှင့် ဒေသတပ်မှူးများအနေနှင့် ဤသို့သော ပုန်ကန်ခြားနားမှုအပေါ် တရုတ်ပြည်မှ ဘယ်လို တုံ့ပြန်လိမ့်မည်ဆိုသည်ကို မသေချာသောကြောင့်သာ အချိန်ဆိုင်းနေကြခြင်း ဖြစ်သည်။ ထို့ထက် CPB ခေါင်းဆောင်ကြီးများမှာ တရုတ်ပြည်သို့ ဝင်လိုက်ထွက်လိုက်ရှိနေကြသလို တရုတ်အရာရှိကြီးများကလည်း နယ်စပ်သို့ မကြာခဏဆိုသလို ရောက်လာကြပြီး အဆိုပါခေါင်းဆောင်ကြီးများကို မှန်လုံဇိမ်ခံကားကြီးများဖြင့် ခေါ်သွားလေ့ရှိကြသည်။ ဒါမျိုးတွေ အမြဲလိုမြင်နေရတော့ တရုတ်တို့သဘောထားကို အကဲဖမ်းဖို့မလွယ်။ တစ်နည်းဆိုရလျှင် ဒေသတွင်းနိုင်ငံရေး၏ အသိမ်အမွေ့နှင့် အရှုပ်အထွေးများကို CPB ကေဒါအများစုနှင့် အောက်ခြေတပ်မတော်သားများ၏ သဘောပေါက် နားလည်နိုင်စွမ်းဖြင့် လိုက်လို့မမီ ဖြစ်နေသောကြောင့်ဟု ဆိုရပါလိမ့်မည်။

၁၉၈၉ မတ်လ ၁၂ ရက်နေ့တွင် ဖြစ်ပါသည်။ မြန်မာပြည်ဘက်ခြမ်းတွင်ရှိသည့်တိုင်၊ တရုတ်လူမျိုးစုများ အများစုနေထိုင်ကြသည့် CPB အခြေခံဒေသတစ်ခု ဖြစ်သော ကိုးကန့်မှ တပ်ဖွဲ့များက ပထမခြေလှမ်း စတင်လိုက်ပြီး CPB ၏

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်မှုကို ပြောင်ပြောင်တင်းတင်း စိန်ခေါ်လိုက်ပါတော့သည်။ ဘိန်း အရောင်း အဝယ်လုပ်ငန်းတွင် ထဲထဲဝင်ဝင် ပတ်သက်နေသော ဒေသဆိုင်ရာ CPB တပ်မှူး တစ်ဦးဖြစ်သူ ဖုန်ကျားရှင်း ဦးဆောင်သည့် ကိုးကန့်တပ်ဖွဲ့များက ပါတီနှင့် လမ်းခွဲ လိုက်ပြီး မုံးကိုးကို သိမ်းပိုက်လိုက်ကြသည်။ မုံးကိုးမှာ သံလွင်အနောက်ခြမ်းရှိ နယ်စပ် မြို့ဖြစ်ပြီး CPB ၏အရေးကြီးသော အခြေခံဒေသတစ်ခု ဖြစ်သည်။ ကိုးကန့်ဒေသမှ စလိုက်သော အဆိုပါ တပ်တွင်းပုန်ကန်မှုမှာ ဝ ဒေသအပါအဝင် တရုတ်နယ်စပ် တစ်လျှောက်ရှိ CPB အခြေခံဒေသအားလုံးသို့ လျင်မြန်စွာ ပျံ့နှံ့သွားပါလေတော့ သည်။ သည်လိုနှင့် နောက်ဆုံး ပန်ဆန်းကျသွားသောအခါ ပုန်ကန်သူများက ယခင် ပါတီ အသံလွှင့်ရုံကို သိမ်းပိုက်လိုက်ကြသည်။ ဧပြီလ ၁၈ ရက်အရောက်တွင် 'ဗမာပြည် ကွန်မြူနစ်ပါတီ၏ ကျဉ်းမြောင်းသော လူမျိုးရေးပေါ်လစီများ' ဆိုသည့် ပထမဆုံး ရှုတ်ချပြစ်တင်သည့် အသံလွှင့်ချက် ထွက်ပေါ်လာပါသည်။ ဧပြီလ ၂၈ ရက်နေ့တွင်ကား ပိုမိုပြင်းထန်သည့် နောက်ထပ် အသံလွှင့်ချက် ထွက်ပေါ်လာတော့ သည်။

*"၁၉၇၉ မတိုင်ခင်က အခြေအနေဟာ ကောင်းခဲ့ပါတယ်။ အခုကော ဘယ်အနေအထားဆိုက်နေပြီလဲ။ ဘာတိုးတက်မှုမှ မဖန်တီး နိုင်ခဲ့ပါဘူး။ ဘာ့ကြောင့်လဲ။ ကျွန်တော်တို့အမြင်ကိုပြောရရင် ခေါင်း ဆောင်တချို့ဟာ အာဏာကို အသေဖက်တွယ်ထားကြလို့ပဲ။ မှားယွင်းတဲ့ လမ်းစဉ်ကို ခေါင်းမာမာ ဆက်ကိုင်ထားကြလို့ပဲ။ ဒီလူတွေဟာ တကယ့် အရှိတရားနဲ့ ကင်းကွာနေကြတယ်။ ငါတကောဝါဒနဲ့ ဂိုဏ်းဂဏဝါဒကို ကျင့်သုံးနေကြတယ်။ ပြည်တွင်းပြည်ပ အခြေအနေတွေကို လေ့လာဆန်း စစ်ဖို့ သရုပ်ခွဲစိစစ်ဖို့ ပျက်ကွက်ကြတယ်။ တကယ့်အစစ်အမှန် ရုပ်အခြေ အနေကို ဥပေက္ခာပြုထားကြတယ်။ သူတို့ဟာ ဝ ဒေသက လူထုကို လိမ်ညာခဲ့ကြတယ်။ လိမ်လုံးညာလုံးတွေ ဝါဒဖြန့်ချိရေးတွေနဲ့ ကျွန်တော် တို့ကို သူတို့ရဲ့ အယောင်ဆောင်တော်လှန်ရေးထဲ ဆွဲခေါ်ခဲ့ကြတယ်။ ခေတ်မီလက်နက်တွေ တပ်ဆင်ထားတဲ့ရန်သူကို ဗလာချီအိုင်ဒီအိုလို ဂျီဆိုတာနဲ့ ဘယ်လိုလုပ် အနိုင်ယူနိုင်မှာလဲ။ သဘောတရားနဲ့ လက်တွေ့ မပေါင်းစပ်နိုင်တဲ့ စစ်ရေးနည်းနာတွေနဲ့ ဘယ်လိုလုပ် အနိုင်တိုက်နိုင်မှာလဲ။ ကျွန်တော်တို့ ဝ ဒေသ လူထုကြီးဟာ ပြည်တွင်းဖြစ်စေ၊ ပြည်ပဖြစ်စေ ဘယ်ကျူးကျော်ရေးတပ်ဖွဲ့ကိုမှ လက်ညှိုးထောင် ခေါင်းညိတ်မလုပ်ဘူး။ အလိုလိုက် အကြိုက်မဆောင်ဘူး။ ယဉ်ကျေးမှုအရာနဲ့ စာပေအရာမှာ*

www.burmeseclassic.com

www.burmeseclassic.com



*ကျွန်တော်တို့ဟာ ဆင်းရဲပါတယ်။ ခေတ်နောက်ကျပါတယ်။ ဒါပေမဲ့ သန္နိဋ္ဌာန်တော့ သိပ်ခိုင်တယ်။ အတိတ်က ကာလတစ်ခုမှာ ဗကပထဲက စိတ်ယုတ်၊ စိတ်ပုတ်ရှိတဲ့ သူတစ်ဦးရဲ့ အာဏာလုပွဲနောက် လိုက်ခဲ့ရတဲ့ ကျွန်တော်တို့ ၀ ဒေသ ပြည်သူလူထုကြီးရဲ့ဘဝတွေ ဘာတွေဖြစ်ခဲ့ရပါသလဲ။ သိပ်ကို ကြမ်းတမ်းခက်ထန်ခဲ့ရတယ်။ အခွန်အကောက်တွေ တိုးကောက်ပြန်တော့ လူထုအတွက် ဝန်ထုပ်ဝန်ပိုးဟာ ပိုလေးလံကြီးမားခဲ့ရတယ်။ သိပ်ကိုအန္တရာယ်ကြီးတဲ့ အခက်အခဲတွေနဲ့ ကျွန်တော်တို့ ရင်ဆိုင်ခဲ့ကြရတယ်။ ဒီလိုအနေအထားမျိုးမှာ လူထုအနေနဲ့ ပုန်ကန်ထကြွမှု အခြေအနေတစ်ခုကို ဘယ်မှာ ရှောင်လို့ရတော့မှာလဲ"*

အဆိုပါ အသံလွှင့်ချက်တွင်ပါသော 'စိတ်ယုတ်၊ စိတ်ပုတ်ရှိတဲ့ လူတစ်ဦး' ဆိုသည်မှာ ဘယ်သူ့ကိုဆိုလိုမှန်း မသေချာပါ။ သေချာသည့်အချက်ကို ဆိုရလျှင် ကိုးကန့်ပုန်ကန်မှုစတင်ပြီး တစ်လအတွင်းမှာပင် ဗမာပြည် ကွန်မြူနစ်ပါတီမှာ အလားအလာရှိသော အတိုက်အခံ အင်အားစုတစ်ခုအဖြစ်မှ ရပ်စဲသွားခဲ့ပြီဖြစ်ပါသည်။ ရန်ကုန်မြို့တော်ခန်းမနှင့် မနီးမဝေး ဘားလမ်း (ယခု မဟာဗန္ဓုလပန်းခြံလမ်း) ပေါ်ရှိ တိုက်ခန်းငယ်လေးတစ်ခုတွင် မြန်မာပညာတတ် လူငယ်တစ်စု စတင်ဖွဲ့စည်းပြီး နှစ်ပေါင်း ၅၀ နီးပါးမျှအကြာ၊ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရအပြီး တစ်နှစ်အတွင်းမှာပင် ထိုစဉ်က (ဖဆပလ) အစိုးရကို လက်နက်ကိုင်တော်လှန်ဖို့ ဆုံးဖြတ်အပြီး ၄၁ နှစ်အကြာ. . . . . ၊ ဤကာလမှာပင် CPB မှာ သမိုင်းထဲသို့ စတင်တိုးဝင်သွားခဲ့ပြီ ဖြစ်ပါသည်။

များသောအားဖြင့် အသက်အရွယ်ကြီးရင့်လှပြီဖြစ်သော မြန်မာကွန်မြူနစ်များနှင့် သူတို့၏မိသားစုများမှာ (အားလုံးပေါင်း ၃၀၀ ခန့်ရှိသည်) တရုတ်ပြည်မှာပင် အငေးရောက်များအဖြစ် ဘဝနေညိုချိန်ကို ဖြတ်သန်းရပေတော့မည်။ ခေါင်းဆောင်အများစုမှာ ကူမင်းမှာပင် အငြိမ်းစားဘဝဖြင့် နေထိုင်ခဲ့ကြပြီး သူတို့ထဲမှ တော်တော်များများမှာ ၁၉၉၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းနှင့် ၂၀၀၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းတွင် ကွယ်လွန်ခဲ့ကြပြီ ဖြစ်ပါသည်။ ပါတီ၏ ဝါအရင့်ဆုံး ခေါင်းဆောင်နှစ်ဦးဖြစ်သော ဥက္ကဋ္ဌ သခင်ဗသိန်းတင်နှင့် ၁၉၄၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းက ပျဉ်းမနားလယ်သမား သူပုန်ကို ဦးဆောင်ခဲ့သော ရဲဘော် ရဲထွန်းတို့မှာ ဟူနန်ပြည်နယ်တွင် သီးခြားနေခဲ့ရသည်။ သခင်ဗသိန်းတင်မှာ ဟူနန်မှာပင် ၁၉၉၈ ခုနှစ်က ကွယ်လွန်သွားခဲ့ပြီး ရဲဘော် ရဲထွန်းမှာ ၁၉၉၉ ခုနှစ်က ကွယ်လွန်သွားခဲ့ပါသည်။ (ရဲဘော် ရဲထွန်းက သခင်ဗသိန်းတင်ထက် ၂ နှစ် ပိုကြီးပါသေးသည်။) အချို့သော

www.burmeseclassic.com

www.burmeseclassic.com



လူငယ်ကေဒါများမှာမူ တရုတ်-မြန်မာ နယ်စပ်တစ်လျှောက်ရှိ ထိန်ချုန်း၊ ရွှေလီ စသောမြို့များတွင် ကုန်သည်လေးများအဖြစ် ရပ်တည်နေကြရပါသည်။ အချို့ကမူ မြန်မာပြည်မရှိ မွေးရပ်ဇာတိသို့ ပြန်သွားခဲ့ကြပြီဖြစ်သည်။

တပ်တွင်းပုန်ကန်မှုမတိုင်မီ ၂ နှစ်လောက်က ဖြစ်သည်။ ၁၉၈၆ နိုဝင်ဘာ ၁ ရက်နေ့မှ ၁၉၈၇ ဧပြီ ၁၈ ရက်အထိ ကျွန်တော့်အနေနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းရှိ CPB အခြေခံဒေသ တစ်နံတစ်လျား ကိုးကြောင်းကိုးကျင်း လှည့်ပတ်သွားလာနေခဲ့သည်။ မြောက်ပိုင်းမုံးပေါ်နှင့် ပန်ဆိုင်းမှသည် (ဤနေရာတွင် ၁၉၈၆ နိုဝင်ဘာက စီစီဝမ် တာပန်တိုက်ပွဲနှင့် ကြုံခဲ့ရ) အရှေ့ဘက် မုံးကိုးထိ၊ ထိုမှတစ်ဖန် သံလွင်မြစ်ကို ဖြတ်ပြီး ကိုးကန့်သို့ ရောက်သွားသည်။ ထိုသည်၏နောက် ဝတောင်တန်းများသို့ဆင်းပြီး ပန်ဆန်းသို့ ရောက်သည်။ ပန်ဆန်းမှာပင် သုံးလကျော်ကျော်ခန့် ကြာသွားသည်။

ထို့နောက် တစ်ဖန် ပန်ဆန်းမှသည် တရုတ်နယ်စပ်တစ်လျှောက် အရှေ့ဘက်သို့ ခြေလျင်ခရီးနှင်ခဲ့ပြီး ၈၁၅ စစ်ဒေသသို့ ရောက်သွားခဲ့သည်။ ၈၁၅ ဆိုသည်မှာ ဗမာပြည် ကွန်မြူနစ်ပါတီ စတင်တည်ထောင်သည့် နေ့စွဲ၊ ဩဂုတ်လ ၁၅ ရက် (၁၉၃၉) ကို အစွဲပြုမှည့်ခေါ်ထားသော အမည်ဖြစ်ပါသည်။ အဆိုပါ ၈၁၅ စစ်ဒေသမှပင် နယ်စပ်ကိုဖြတ်ပြီး တရုတ်ပြည်ထဲသို့ ရောက်သွားခဲ့ပါသည်။ တရုတ်ပြည်ကွင်းကျင်းဟုန်နှင့် ကူမင်းအစိုးရ ဧည့်ဂေဟာများတွင် ခေတ္တမျှ ထိန်းသိမ်းခံခဲ့ရပြီး ၁၉၈၇ ဧပြီလ ၁၅ ရက်တွင် ဟောင်ကောင်သို့ ပို့လိုက်ကြပါသည်။

CPB ပိုင်နက် နယ်မြေတစ်လွှား၊ ကီလိုမီတာ ၉၀၀ နီးပါးမျှရှည်သော ခရီးစဉ် ခရီးကြမ်းကြီးနှင့် ပန်ဆန်းဌာနချုပ်တွင် နေထိုင်စဉ်အတွင်း ကျွန်တော့်အနေနှင့် အဓိက ပါတီခေါင်းဆောင် အားလုံးလောက်ကို တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။ ဥက္ကဋ္ဌ သခင်ဗသိန်းတင်နှင့်ဆိုလျှင် ခြောက်ကြိမ်မျှ အချိန်တော်တော်ကြာကြာ စကားပြောခွင့်ရခဲ့ပါသည်။ ရှေ့တန်းစစ်မြေပြင်များတွင်လည်း ရဲဘော်တွေနှင့် ရက်သတ္တပတ် အတော်ကြာ အတူနေခွင့်ရခဲ့သည်။ ရဲဘော်အများစုမှာ ဝ အမျိုးသားတွေဖြစ်ပြီး သူတို့အကြောင်း ကောင်းကောင်းသိခွင့်ရခဲ့ပါသည်။

သို့အတွက် ၁၉၈၉ မတ်၊ ဧပြီ တပ်တွင်းပုန်ကန်မှု ပေါ်ထွက်လာသောအခါ ကျွန်တော့်အတွက်တော့ အံ့သြစရာမဟုတ်တော့ပါချေ။ အောက်ခြေရဲဘော်များအနေနှင့် သူတို့ခေါင်းဆောင်များနှင့်ပတ်သက်ပြီး ဘယ်လိုခံစားချက် ရှိကြသည်ကို ကျွန်တော် ကောင်းကောင်းသိပါသည်။ သူတို့တစ်တွေမှာ သူတို့ အမှန်တကယ် မယုံကြည်သော အရေးတော်အတွက် တိုက်ခိုက်နေကြရသည်ကို ငြီးငွေ့နေကြပြီဖြစ်သည်။ ထိုစဉ်ကာလ (၁၉၈၆-၁၉၈၇) CPB အခြေခံဒေသ၏ လူဦးရေနှင့် စီးပွားရေးအနေအထားဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ် သတင်းအချက်အလက်များကိုလည်း 'နောက်ဆက်တွဲ ၂'တွင် ဖော်ပြထားသည်။

မည်သို့ပင်ဆိုစေ တပ်တွင်းပုန်ကန်မှုနောက်ပိုင်း ပန်ဆန်းမှာ မည်သည့်မြို့နှင့်မှ မတူအောင် စန်းပွင့်လာခဲ့သည်မှာကား အမှန်ပင် ဖြစ်ပါသည်။ တရုတ်-မြန်မာ နယ်နိမိတ်မျဉ်းလိုဖြစ်နေသော နာမ်ခမြစ်လေး၏ မြင်းခွာပုံ အကွေ့တစ်ခုတွင် တည်ရှိသည့် ပန်ဆန်းတွင် လောကနှစ်ခုလုံး၏ အကောင်းဆုံးတွေ စုစည်းနေသလိုရှိသည်။ တရုတ်ပြည်၏ စီးပွားရေး ချမ်းသာကြွယ်ဝမှုများမှာ ပန်ဆန်းတွင် အသစ်ထွက်ပေါ်လာသော ကွန်ကရစ်အဆောက်အအုံများ၊ ဖိမ်ခံကားများ၊ ပလက်ဖောင်းကိုယ်စီ လမ်းမကြီးများ၊ နောက်ဆုံးပေါ် စားသုံးကုန်တွေ အပြည့်တင်ထားသည့် ဈေးဆိုင်များပေါ်တွင် အရိပ်ထင်လျက်ရှိသည်။ ဤနေရာတွင် တရုတ်ငွေကြေးကိုသာ လက်ခံသုံးစွဲကြပါသည်။ တန်ဖိုးမရှိသလောက်ဖြစ်သော မြန်မာကျပ်ငွေကို ဘယ်သူကမှ မလိုချင်ကြပါ။ သို့တစေ ဤနေရာမှာ တရုတ်ပြည်ကား မဟုတ်၊ မြန်မာပြည် ဖြစ်သည်။

သို့နှင့်တိုင် ဤနေရာတွင် ကြမ်းရှသော တရားဥပဒေစိုးမိုးရေးအတွက် ဘယ်သူမှ စိုးရိမ်းမကင်းဖြစ်စရာ မလိုပါ။ အချို့သော အမျိုးအစား ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးများအပေါ် ချမှတ်ထားသည့် အစိုးရ အထိန်းအချုပ်များအတွက်လည်း စိတ်ပူစရာမရှိပါ။ အကြောင်းမူ ပန်ဆန်းနှင့် ပတ်ဝန်းကျင်ဒေသမှာ မြန်မာအာဏာပိုင်များ၏ ထိန်းချုပ်မှုအောက်တွင် မရှိသောကြောင့် ဖြစ်ပါသည်။ လူဦးရေ ၂၀,၀၀၀ မျှရှိသော ပန်ဆန်းမှာ စတုရန်းကီလိုမီတာ ၁၅,၀၀၀ ကျော်ကျယ်သော မြန်မာနိုင်ငံ အရှေ့မြောက်ဒေသ၏ 'တရားမဝင်မြို့တော်'ဟု ဆိုရတော့မည်ဖြစ်ပါသည်။ ဤဒေသကြီးကို 'ညီညွတ်သော ဝ ပြည်နယ်တပ်မတော် ' (UWSA)က ထိန်းချုပ်ထားသည်။ UWSA မှာ တစ်ခါက ဗမာပြည်ကွန်မြူနစ်ပါတီ၏ တိုက်ခိုက်ရေးတပ်ဖွဲ့များအဖြစ် စုစည်းထားသော လူမျိုးစုလက်နက်ကိုင်အဖွဲ့ လေးခုထဲမှ အင်အားအကြီးဆုံး ဖြစ်ပါသည်။

ပန်ဆန်းမှာ UWSA ထိန်းချုပ်ထားဆဲ နယ်မြေ၏ အသည်းနှလုံးနေရာတွင် ရှိသည်။ တပ်တွင်းပုန်ကန်မှုဖြစ်ပြီး လအနည်းငယ်အကြာမှာပင် သူပုန်တပ်ဖွဲ့များနှင့် ဗဟိုအစိုးရတို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပါသည်။ ဤသဘောတူညီချက်အရ UWSA နှင့် ယခင် CPB တပ်ဖွဲ့များကို ၎င်းတို့ လက်နက်ကိုင်တပ်များ ဆက်လက်ထားရှိခွင့်ပြုသလို သက်ဆိုင်ရာနယ်မြေများကိုလည်း ဆက်လက် ထိန်းချုပ်ခွင့်ပြုထားသည်။ အပြန်အလှန်အနေနှင့် အဆိုပါအဖွဲ့များဘက်မှလည်း အစိုးရတပ်ကို မတိုက်ရန်၊ တိုင်းပြည်အတွင်းရှိ အခြားသော အစိုးရဆန့်ကျင်ရေး လူမျိုးစုအဖွဲ့များနှင့် မဆက်သွယ်ရန် သဘောတူထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၉ တပ်တွင်းပုန်ကန်မှု မတိုင်မီက ပန်ဆန်းတွင် ကွန်ကရစ်အဆောက်အအုံဆို၍ ပါတီခေါင်းဆောင်များနေထိုင်ရာ တိုက်အိမ်အစုလေးများနှင့် တရုတ်ပြည်မှ ဆောက်ပေးသော အသံလွှင့်ရုံသာ ရှိပါသည်။ ဤအသံလွှင့်ရုံမှာပင် အရေးကြီးသော အစည်းအဝေးများကို ကျင်းပခဲ့ကြသည်။ ထိုစဉ်က ပန်ဆန်းရှိ အဆောက်အအုံအများစုမှာ သစ်ဝါးတို့ဖြင့် ဆောက်လုပ်ထားသော တဲတွေသာ ဖြစ်ပါသည်။ တစ်ခုတည်းသော အရောင်းအဝယ်လုပ်ငန်းဆို၍ ပုံစံဟောင်း ပန်ဆန်းဈေးသာ ရှိသည်။ ဤဈေးတွင် ဒေသခံများက ဟင်းသီးဟင်းရွက်၊ ဝက်သား၊ ကြက်သားနှင့် ဘိန်းတို့ကို ရောင်းချကြသည်။ ဘိန်းအရောင်းအဝယ်ကို ပါတီက အခွန်ကောက်ပြီး တရားဝင်ခွင့်ပြုထားသည်။ မကြာခဏဆိုသလို တရုတ်ပြည်ဘက်မှ ကုန်သည်တွေ ကူးလာကြပြီး အဝတ်အထည်၊ ကလေးကစားစရာနှင့် အပေါစားလက်ဝတ်တန်ဆာတို့ကို ရောင်းချကြသည်။ တစ်ခါတစ်ရံတွင် ရေခဲမုန့်ဘူးများကို စက်ဘီးဖြင့်တင်ပြီး လာရောက်ရောင်းချကြသည်များလည်း ရှိသည်။

ပန်ဆန်းကို မိုးနေသော တောင်ကုန်းတစ်ခုပေါ်တွင် ကျဆုံးသွားသော CPB ရဲဘော်များအတွက် အထိမ်းအမှတ်တစ်နေရာ ရှိသည်။ ယခုအခါ ဤနေရာနှင့် ဘေးချင်းကပ်လျက်တွင် 'ရွှေကလေးငယ် ဒစ်စကို' (Golden Baby Disco) ဆိုသော အဆောက်အအုံသစ်ကြီး ပေါ်ထွက်လာချေပြီ။ ၎င်းမှာ အမြင့်ဆန်းသော နှစ်ထပ်အဆောက်အအုံ ဖြစ်သည်။ အပေါ်ထပ်တွင် 'နိုက်ကလပ်' ဖွင့်ထားပြီး မှန်ချပ်တွေ အပြည့်ကာထားသည်။ ပန်ဆန်း၏ မီးရောင်ပြိုးပြက် ညရှုခင်းကို မှန်ချပ်များကိုဖြတ်ပြီး မြင်နိုင်သည်။

အောက်ထပ်တွင်ကား ကာရာအိုကေခန်းမများ အပြည့်ရှိသည်။ ဗီအိုင်ပီများအတွက် သူတို့ဧည့်သည်များကို ဧည့်ခံဖြေဖျော်ရန် အထူးသီးသန့်ခန်းတွေကိုလည်း စီစဉ်ထားပါသည်။ ဤခန်းမများတွင် အပိုကြေးသာပေးနိုင်လျှင် မလုံ့တလုံ မိနီစကတ်တိုတိုလေးများဖြင့် နိုက်ကလပ်မယ်လေးတွေကိုလည်း ဝယ်လို့ရနိုင်ပါသည်။ 'ရွှေကလေးငယ် ဒစ်စကို'နှင့် မဝေးလှသော နေရာတွင်လည်း ကာစီနိုကြီးတစ်ခု ရှိပါသေးသည်။ ဤကာစီနိုကြီးကို UWSA ပိုင် 'ယင်းယွမ်ဖြေဖျော်ရေး ကော်ပိုရေးရှင်း' က ဖွင့်လှစ်ထားခြင်းဖြစ်သည်။ အဆိုပါ ကာစီနိုကြီးနှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက်တွင်ကား အပန်းဖြေနားနေစရာ တောအုပ်တစ်ခုရှိသည်။ ဤတောအုပ်တွင် အာရှဝက်ဝံမည်းတော်တော်များများနှင့် မျောက်တစ်ကောင်ကို လှောင်အိမ်သွင်းပြထားသည်။ လာရောက်အပန်းဖြေသူများက ဝက်ဝံတွေနှင့် မျောက်ကို ဘီယာတိုက်ကြသည်၊ စီးကရက် မီးညှိပေးကြသည်။ အပျော်သဘောဖြစ်သည့်တိုင် စိတ်မသက်မသာဖွယ်ရာ မြင်ကွင်းများဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကာလသားကြိုက် အပျော်အပါးကိစ္စများမှာ ကာရာအိုကေခန်းမများတွင်သာ ရနိုင်သည်မဟုတ်ပါ။ ပန်ဆန်းရှိ ဆံပင်ညှပ်ဆိုင် တော်တော်များများမှာပင် ဤကိစ္စ အလွယ်နှင့် ရနိုင်ပါသည်။ ပန်ဆန်းဆံပင်ညှပ်ဆိုင်များမှာ ဆံပင်ညှပ်ဆိုင်သက်သက်မျှ မဟုတ်။ ပါတီပွဲများ ကျင်းပရာအဖြစ်ပါ နှစ်မျိုး အသုံးပြုကြသည်က များသည်။ ည ရောက်ပြီဆိုသည်နှင့် အဆိုပါဆိုင်များတွင် ပန်းရောင်နီယွန်မီးများ ထွန်းညှိကာ ပြည့် တန်ဆာ မိန်းကလေးများကို ခေါ်ထားလေ့ရှိသည်။ တန်ရာတန်ဖိုးပေးပါက နှစ်သက်ရာ အမျိုးသမီးကို နီးရာဟိုတယ်သို့ ခေါ်ထုတ်ပျော်ပါးနိုင်သည်။ ပန်ဆန်းတွင် ကိုယ်ပိုင် ဘဏ်လည်း ရှိသည်။ 'ဝဖန်း' သို့မဟုတ် 'ဝပြည်နယ်ဘဏ်'ဟု အမည်ရှိပါသည်။ ပန်ဆန်းမြို့၏ အဓိကရ လမ်းမကြီးပေါ်တွင် တည်ရှိသည်။ ဘဏ်ရှေ့ယာဉ်ရပ်နားကွင်း တွင် ဝ အာဏာပိုင်များ ထုတ်ပေးသော နံပါတ်ပြားများတပ်ထားသည့် ဇိမ်ခံ ဆီဒင် ကားများ၊ SUV ကားများကို မနည်းမနော တွေ့နိုင်ပါသည်။

ထိုမျှမက ပန်ဆန်းတွင် ရုပ်ရှင်ရုံတစ်ရုံ၊ နေ့ဈေးတစ်ဈေး၊ ကားပြိုင်ကွင်း တစ် ကွင်းနှင့် ရိုလာစကိတ်ကွင်းတစ်ကွင်းလည်း ရှိပါသေးသည်။ စကိတ်ကွင်းတွင် ဘီးတပ် စကိတ်ပြားများကို နာရီပိုင်းနှင့် ငှားလို့ရသည်။ UWSA မှ တပ်မှူးတစ်ယောက်ဆို လျှင် သူနှင့် သူ့ရောင်းရင်းများ ကစားရန် ကိုယ်ပိုင်ဘိုးလင်းကစားရုံတစ်ရုံ တည် ဆောက်ထားသည်ဟု ဆိုသည်။ သူ့ဘိုးလင်းရုံကို အများပြည်သူ ကစားဖို့ ဖွင့်ပေးသော် လည်း လမ်းကြောင်းတစ်ခုကိုမူ ဝ ခေါင်းဆောင်များအတွက်သာ သီးသန့်ထားသည် ဟု သိရသည်။ ယူနီဖောင်းအသစ်စက်စက်များနှင့် UWSA တပ်ဖွဲ့များကိုလည်း မြို့ ထဲတွင် အဖွဲ့လိုက် စစ်ရေးပြနေကြသည်ကို တွေ့နိုင်သည်။

ဝ ရဲတပ်ဖွဲ့ယာဉ်များကလည်း လမ်းများပေါ်တွင် ပတ်တရောင်လှည့်နေကြ သည်။ ပန်ဆန်းလမ်းမကြီးများ၏ လမ်းသွယ်များကြားတွင် ပန်းဘောင်များကို စနစ် တကျ စိုက်ပျိုးထားပါသည်။ 'ပန်းဘောင်ပေါ် မနင်းရ'ဆိုသော ဆိုင်းဘုတ်များကို နေရာအနှံ့ တွေ့ရသည်။ မလိုက်နာလျှင် ဒဏ်ငွေကြီးကြီး တပ်ခံရပါလိမ့်မည်။ ရမ်မင် ဘီ ၃၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၄၄ အထိ ဒဏ်ငွေဆောင်ရသည်။

အစိုးရနှင့်နားလည်မှုယူထားသော ဆိုခဲ့ပါ အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်အရ၊ မြန်မာ့တပ်မတော်မှာ ပန်ဆန်းတွင် ဆက်ဆံရေးရုံးတစ်ရုံး ထားခွင့် ရှိသည်။ ဤရုံးတွင် အရာရှိအဆင့် ဆယ်ယောက်လောက် ခန့်ထားပါသည်။ သို့တစေ အဆိုပါအရာရှိများမှာ သူတို့နေထိုင်ရာ ဝင်းထဲမှ အပြင်သို့ ထွက်ခဲ့သည်။ ပန်ဆန်း တွင် တစ်ခုတည်းသော မြန်မာအလံဆို၍ အစိုးရဆေးပေးခန်းမှာသာ ရှိသည်။ ကျန် ရုံးအဆောက်အအုံအားလုံးတွင် လွှင့်ထူထားသည်မှာ UWSA အလံနှင့် ဝ ပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com



အလံသာ ဖြစ်သည်။ အပြာ၊ အနီနောက်ခံထက်တွင် ကြယ်တစ်ပွင့်၊ နေတစ်စင်း၊ ဓားမြှောင်နှင့် လှံတံ ကန့်လန့်ဖြတ်ထားသော အမှတ်အသားတစ်ခုပါဝင်သည့် အလံတော် ဖြစ်ပါသည်။

တရားဝင်ထုတ်ဝေဖြန့်ချိထားသော မြေပုံများတွင် ရှာကြည့်လျှင် ဝ ပြည်နယ် ဆိုသည်ကို တွေ့ရလိမ့်မည်မဟုတ်ပါ။ သို့တိုင်အောင် တစ်စိတ်တစ်ပိုင်း လွတ်လပ်သည့် နယ်မြေ ဖြစ်လာစေရန်ကား အကြံအစည်နှင့် ရည်ရွယ်ချက်ရှိဟန် တူပါသည်။ တရားဝင် သိမှတ် လက်ခံထားခြင်းမရှိသည့်တိုင်၊ ဝ နယ်မြေမှာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်ကြား ဒေသဆိုင်ရာ အုပ်ချုပ်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော ကြားခံနယ်မြေတစ်ခုလို ဖြစ်နေသည်။

ပြဿနာကို ပို၍ရှုပ်ထွေးစေသည်မှာ၊ တရုတ်ထောက်လှမ်းရေး အေဂျင်စီများ အနေနှင့် ၁၉၈၉ တပ်တွင်းပုန်ကန်မှု နောက်ပိုင်းအထိ နယ်စပ်တစ်ဖက်မှ ယခင် မဟာမိတ်ဟောင်းများနှင့် အဆက်အသွယ်မပြတ်နိုင်သေးခြင်းပင် ဖြစ်သည်။ UWSA နှင့် ယခင် CPB တပ်ဖွဲ့ဟောင်းအားလုံးမှာ မူးယစ်ဆေးအရောင်းအဝယ်တွင် ပါဝင်ပတ်သက်နေသည့်အချက်ကို ထည့်သွင်းစဉ်းစားလိုက်ပါက၊ တရုတ်ထောက်လှမ်းရေးများဘက်မှ သူတို့ကို သည်းခံခွင့်လွှတ်ထားရုံမျှမက အကူအညီပင် ပေးနေသည်ဟု ယူဆဖို့ ဆိုသည်မှာလည်း ဆီလျော်မှုမရှိသလို ဖြစ်နေသည်။ တရားဝင်အနေနှင့်မူ ယခင် CPB တပ်မှူးတော်တော်များများကို သူတို့၏ မူးယစ်ဆေးအရောင်းအဝယ် ပါဝင်ပတ်သက်မှုများကြောင့် တရုတ်ပြည်ထဲသို့ ဝင်ခွင့်မပြုသည်မှာလည်း အမှန်ပင်ဖြစ်သည်။ သို့နှင့်တိုင် သူတို့အားလုံးမှာ တရုတ်မြန်မာနယ်စပ်တစ်လျှောက် ကာလတာရှည်စွာ အတူတွဲဖက် အလုပ်လုပ်ခဲ့ကြသူများလည်း ဖြစ်နေပြန်သည်။ ဤအချက်အရဆိုလျှင် ယူနန်မှ (အခြားပြည်နယ်များမှလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။) တရုတ်လုံခြုံရေး အာဏာပိုင်များနှင့် အဆိုပါ CPB တပ်မှူးဟောင်းများကြားတွင် ရှည်ကြာသော လုပ်ငန်းဆိုင်ရာ ဆက်စပ်မှုများ ရှိနေလိမ့်မည်ဟု ယူဆနိုင်စရာရှိနေပြန်သည်။

၁၉၉၁ ခုနှစ် အစောပိုင်းလောက်က မြန်မာပြည်အရှေ့မြောက်ဒေသတွင် အထိုင်ကျနေသော သတင်းရင်းမြစ်တစ်ခုနှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပါသည်။ ပြောရလျှင် ထိုစဉ်ကပင် ဘိန်းအပါအဝင် မူးယစ်ဆေးဝါးများ နယ်စပ်ကိုဖြတ်ပြီး တရုတ်ပြည်ထဲ ဝင်ရောက်စပြုနေပြီဖြစ်သည်။ အဆိုပါအရင်းအမြစ်၏ အဆိုအရ ယခင် CPB တပ်မှူးဟောင်းများမှာ တရုတ်အရာရှိများနှင့် ပုဂ္ဂလိကရေးအရ ခင်မင်ရင်းစွဲရှိနေ၍ တရုတ်ပြည်သို့ ပုံမှန်လည်ပတ်ခွင့်ရနေသည်။ ဟိုတယ်များ၊ အိမ်များ စသည့် သူတို့ပိုင် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများမှာလည်း နှစ်ဖက်လုံးတွင် ရှိနေသည် စသဖြင့် အခိုင်

www.burmeseclassic.com

www.burmeseclassic.com



အမာဆိုသည်။ "ပြောရရင်တော့ဗျာ၊ တရုတ်လုံခြုံရေးအစောင့်အရှောက်နဲ့ ဒီလူတွေရဲ့ ကားတွေ နယ်စပ်မှာ ဝင်ထွက် သွားလာနေတာ မတွေ့ချင်၊ မမြင်ချင်အဆုံးပဲလေ" အဆိုပါ သတင်းအရင်းအမြစ်၏စကား ဖြစ်ပါသည်။

နယ်စပ်လုံခြုံရေးအကြောင်းများကြောင့်၊ တရုတ်ပြည်အနေနှင့် တရုတ်-မြန်မာ နယ်စပ်တစ်လျှောက်ကို ထိန်းချုပ်ထားနိုင်သော အင်အားကြီးသည့် UWSA နှင့် အနိမ့်ဆုံးအားဖြင့် အလုပ်သဘောဆက်ဆံရေးများရှိဖို့ လိုပါလိမ့်မည်။ ထို့ထက် တစ်နည်းအားဖြင့် သမုတိဝိရောဓိသဘော ဖြစ်နေသည်မှာ အသစ်ပေါ်ထွက်လာသော UWSA သည် ယခင် CPB ထက်ပင် အင်အားပိုကြီးပြီး ပိုမိုကောင်းမွန်စွာ လက်နက်တပ်ဆင်ထားနိုင်ခြင်းပင် ဖြစ်သည်။ UWSA အနေနှင့် လက်နက်သစ်များစွာ တရုတ်ပြည်ဘက်မှ ရရှိနေသည်။ ၎င်းတို့ထဲတွင် ကလက် (ရှ)နီကော့(ဗ) တိုက်ခိုက်ရေး ရိုင်ဖယ်များ အသေးစား၊ အလတ်စား၊ အကြီးစားစက်သေနတ်များ၊ ရှေ့ကက်လောင်ချာများ၊ မော်တာများသာမက၊ တရုတ်လုပ် ပခုံးထမ်း ပစ်နိုင်သော HN-5N လေကြောင်းကာကွယ်ရေးစနစ်လို လက်နက်ငယ်များပင် ပါဝင်သည်။

နောက်ထပ် မြင်သာထင်သာရှိသော အခြင်းအရာတစ်ခုမှာ တရုတ်ပြည်အနေနှင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးကစားကွက် တော်တော်များများ ဆက်ရှိနေသေးသည့်အချက် ဖြစ်ပါသည်။ ယခင်ကလို ကွန်မြူနစ်တော်လှန်ရေးကို တင်ပို့ဖို့ မကြိုးစားတော့သော်လည်း၊ ၎င်း၏စီးပွားရေးသြဇာကိုမူ အရှေ့တောင်အာရှကျွန်းဆွယ်တစ်လွှား ဖြန့်ကြက်ထားလိုဟန်ရှိသည်။ ထို့ပြင် လက်ရှိတပ်မတော်အစိုးရ၏ မရေရာသော အနာဂတ်ကြောင့်လည်း UWSA လို အုပ်စုမျိုးနှင့် ဆက်ဆံရေးကို လက်လွှတ်လို့မဖြစ်။ မြန်မာနိုင်ငံထဲရှိ တရုတ်ခြေကုပ်အဖြစ် ဆက်ထိန်းထားလိုသည့်သဘောလည်း ရှိပါသည်။

နယ်စပ်တစ်ဖက်တွင် UWSA တပ်များရှိနေသည်ကို တရုတ်ပြည်ဘက်မှ လိုလားထောက်ခံမှုရှိသည်မှာ ထင်ရှားပါသည်။ ဤအတွက် မြင်သာထင်သာရှိသော လက္ခဏာတစ်ခုမှာ ၂၀၀၇ ခုနှစ် နှိုဝင်ဘာလက အသစ်ပြုပြင် တည်ဆောက်လိုက်သော ပန်ဆန်းရှိ နာမ်ခမြစ်ကူး ကွန်ကရစ်တံတားပင် ဖြစ်သည်။ ယခင် CPB လက်ထက်က ဤတံတားလေးမှာ သံမဏိဘောင်၊ သစ်သားတို့ဖြင့် တည်ဆောက်ထားသော ခနော်နီခနော်နဲ့မျှသာ ဖြစ်သည်။ ယခုအခါတွင်ကား တရုတ်-မြန်မာနယ်စပ် ဖြတ်ကျော် နာမ်ခတံတားမှာ အာရှဒေသ၏ အခြားနယ်စပ်များလိုပင် သားသားနားနား ရှိနေပြီ ဖြစ်ပါသည်။ တံတားပေါ်တွင်လည်း ယာဉ်အသွားအလာ ပြတ်သည်မရှိ။ တရုတ်အရာရှိများရော၊ တစ်ဖက်မှ ဝ အရာရှိတွေပါ သွားချည်ပြန်ချည် ရှိနေတော့သည်။

သို့နှင့်တိုင် ဝ ခေါင်းဆောင်များနှင့် တရုတ်ပြည်၏ ဆက်ဆံရေးမှာ အစခ်ပ် သိမ်း ကောင်းလှသည်တော့ မဟုတ်ပါချေ။ ဝ ခေါင်းဆောင်များအနေနှင့် မူယစ်ဆေး

www.burmeseclassic.com

www.burmeseclassic.com



အရောင်းအဝယ်နှင့်ပတ်သက်ပြီး တရုတ်တို့၏ အမျက်ဒေါသနှင့် ရင်ဆိုင်ရသည်များ ရှိသည်။ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်းက UWSA ခေါင်းဆောင်ပေါင်းယိုရှန်းကို ကူမင်းသို့ အကြိမ်ကြိမ်ဆင့်ခေါ်ပြီး တရုတ်ပြည်ထဲသို့ မူးယစ်ဆေးဝါးများ မသွင်းရန် သတိပေးခဲ့သည်။ (ပေါင်းယိုရှန်းမှာ တရုတ်အမည်ဖြစ်သော်လည်း ဝ အမျိုးသားဖြစ်ပါသည်။) တရုတ်တွေမှာ မြန်မာပြည်ဘက်ခြမ်း (ဝနယ်) မှ ဘိန်းဖြူတွေ တရုတ်ပြည်ဘက်သို့ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာနေသည့်အတွက် တိုး၍ တိုး၍ မကျေမနပ် ဖြစ်လာကြသည်။

၁၉၈၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းကဆိုလျှင် ဘိန်းဖြူဆိုသည်မှာ တရုတ်ပြည်တွင် မကြားဖူးသလောက်ပင် ဖြစ်သည်။ သို့တစေ ၁၉၉၅ ခုနှစ်တွင် တရုတ်အာဏာပိုင်များက ဘိန်းဖြူ ၂ ဒသမ ၃၇၆ တန် ဖမ်းဆီးရမိလိုက်သည်။ ဤသို့ဖမ်းဆီးရမိသည့် ဘိန်းဖြူပမာဏမှာ ၁၉၉၆ တွင် ၄ ဒသမ ၃၄၇ တန်၊ ၁၉၉၇ တွင် ၅ ဒသမ ၄၇၇ တန်၊ ၂၀၀၀ ပြည့်နှစ်တွင် ၆ ဒသမ ၂၈၁ တန် တောက်လျှောက်တက်လာသည်။ ၂၀၀၁ ခုနှစ်တွင်ကား ၁၃ ဒသမ ၂ တန်အထိ စံချိန်တင်သွားပါတော့သည်။ ဗဟိုအာရှဒေသ၏ 'ရွှေလခြမ်း'ဟုခေါ်သော အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် တာဂျစ်ကစ္စတန် နယ်စပ်မှလည်း တရုတ်ပြည်တွင်းသို့ ဘိန်းဖြူအချို့ ဝင်သင့်သလောက် ဝင်ပါသည်။ သို့တိုင်အောင် အဆိုပါဘိန်းဖြူအားလုံးလောက်မှာ မြန်မာပြည်မှ လာခြင်းဖြစ်သည်။

၁၉၉၁ ခုနှစ်က တရုတ်ပြည်တွင် မူးယစ်ဆေးနှင့် ဆက်စပ်သော ဖမ်းဆီးအရေးယူမှုပေါင်း ၈,၀၈၀ ရှိသည်။ နောင်ဆယ်စုတစ်ခု ကြာသောအခါ ဤအရေအတွက်မှာ ၄၀,၆၀၂ အထိ တိုးသွားသည်။ ယနေ့အခါတွင်ကား ဘိန်းဖြူသာမက 'မီသမ်ဖီတမင်း' ပါ ပေါ်လာ၍ အခြေအနေမှာ ပိုဆိုးလာပါတော့သည်။ နောက်ဆုံးပေါ် မူးယစ်ဆေးအသစ် 'မီသမ်ဖီတမင်း'ကိုလည်း UWSA အခြေခံဒေသမှာပင် ထုတ်လုပ်ပါသည်။ တရုတ်အာဏာပိုင်များ၏ တောင်းဆိုချက်ကို UWSA ခေါင်းဆောင်များ၏ တုံ့ပြန်မှုကား ဘိန်းမည်း၊ ဘိန်းဖြူ စိုက်ပျိုးထုတ်လုပ်ရာမှ 'မီသမ်ဖီတမင်း' ကို ပြောင်းလဲထုတ်လုပ်လိုက်ခြင်း ဖြစ်သည်။ ဓာတုဗေဒနည်းဖြင့်ထုတ်လုပ်သော အဆိုပါမူးယစ်ဆေးမှာ ဘိန်းလို ရာသီဥတုကိုကြည့်ပြီး ဒုက္ခခံစိုက်နေစရာမလို။ ပို၍ အဆင်ပြေလွယ်ကူသလို ပို၍လည်း တွက်ခြေကိုက်သည်။

အဆိုပါ ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်သော မူးယစ်ဆေးမှာ တရုတ်ပြည်တွင်လည်း ဈေးကွက်ရှိသည်သာ ဖြစ်ပါသည်။ သို့တစေ ဤဆေးကို တရုတ်ပြည်တွင်းမှာပင် ထုတ်လုပ်သည်ဖြစ်၍ တရုတ်တို့ဘက်မှ ပြည်တွင်းပြဿနာအဖြစ် ယူဆကြသည်။ UWSA နှင့် အခြားသော CPB တပ်ဖွဲ့ဟောင်းများ ထိန်းချုပ်ထားသည့် ဒေသမှ

www.burmeseclassic.com

www.burmeseclassic.com



ထုတ်လုပ်သော 'မီသမ်ဖီတမင်း'မှာ ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားဈေးကွက်သို့ ရောက်သည်ကများသည်။ အိန္ဒိယအရှေ့မြောက်ပိုင်းအထိ ရောက်သည်များပင် ရှိသည်။

တရုတ်ပြည်အနေနှင့် မူးယစ်ဆေးဝါးစီးဝင်မှု (အနည်းဆုံး ၎င်းတို့နိုင်ငံထဲသို့ စီးဝင်မှု) ကို ပိတ်ဆို့ဖို့ ကြိုးစားကြသည့်တိုင်၊ အမှန်စင်စစ် မူးယစ်ဆေးဝါးကိစ္စမှာ တရုတ်ပြည်အတွက် ဒုတိယအလေးထားစရာ ကိစ္စမျှသာ ဖြစ်သည်။ မဟာဗျူဟာကျကျ စဉ်းစားလိုက်လျှင် တော်လှန်ရေးများ ပျံ့နှံ့စေရေးလို၊ စီးပွားရေးသြဇာနယ်ပယ် ချဲ့ထွင်ရေးလို နိုင်ငံရေး၊ စီးပွားရေးကိစ္စများသည်သာ ပို၍ အရေးကြီးပါသည်။ ၁၉၄၉ ခုနှစ် ကွန်မြူနစ်များ တက်လာပြီးကတည်းက ပေကျင်းတွင် မည်သည့်ခေါင်းဆောင်မျိုး အာဏာရသည်ဖြစ်စေ၊ တရုတ်ပြည်၏ မဟာဗျူဟာမြောက် ပထမဦးစားပေးမှာ နိုင်ငံရေးနှင့် စီးပွားရေးသာ ဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီဥက္ကဋ္ဌကြီး သခင်ဗသိန်းတင်နှင့် သူ၏ရဲဘော်များသာ သူတို့တစ်တွေ ပစ္စည်းမဲ့တော်လှန်ရေးတစ်ရပ် ဆင်နွှဲရန် ကြိုးပမ်းခဲ့ကြသည့် ပန်ဆန်းဌာနချုပ်၏ အဖြစ်သနစ်များကို မြင်ကြရလျှင်၊ ယနေ့ တရုတ်ပြည် လျှောက်လှမ်းနေသော အရင်းရှင်လမ်းကြောင်းကို တွေ့ကြမည်ဆိုလျှင်၊ မြေကြီးထဲမှ ခုန်ထွက်လာပြီး ဒေါသတွေ တနုံ့နုံ့ဖြစ်နေကြမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပေလိမ့်မည်။ ယခုစာစုမှာ ဇာတ်၏အစ CPB အနေနှင့် ခန့်ညားလောက်သော တိုက်ခိုက်ရေးအင်အားစုတစ်ရပ်ဖြစ်အောင် ဘယ်ပုံ စည်းရုံးလှုပ်ရှားခဲ့ကြပုံ၊ နောက်ဆုံး သူတို့ကြိုးပမ်းခဲ့ကြသော ကွန်မြူနစ်တော်လှန်ပုန်ကန်မှုကြီး ဘာ့ကြောင့် ဘယ်လိုအရေးနိမ့်သွားရပုံတို့ကို စုစည်းဖော်ပြရန် ကြိုးပမ်းထားသည့် ဇာတ်လမ်းရှည်ကြီး ဖြစ်ပါသည်။

ယခုအခါ ဗမာပြည်ကွန်မြူနစ်ပါတီဆိုသော နိုင်ငံရေးအင်အားစုကြီးတစ်ရပ် သမိုင်းဖြစ်စဉ်ထဲတွင် မရှိလေတော့ပါ။ သမိုင်းထဲတွင် ဆက်လက်ကျန်ရှိနေသည်မှာကား UWSA နှင့် ရှမ်းပြည်နယ် ဝ တောင်တန်းများပေါ်ရှိ ၎င်း၏ တရားမဝင်ကြားခံနယ်မြေသာ ဖြစ်ပါသည်။ မြန်မာပြည် အရှေ့မြောက်နယ်စပ်မှ ထိုးဖောက်ဝင်ရောက်လျက်ရှိသော တရုတ်သြဇာမှာလည်း ဆက်လက်ရှိမြဲ ရှိနေဆဲသာ ဖြစ်ပါသတည်း။

❐

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၉၊ မတ် ၂၈ ရက်၊ ပန်ဆန်းတွင် ကျင်းပသည့် နှစ် ၃၀ မြောက်
လက်နက်ကိုင် တော်လှန်ရေး အခမ်းအနားတွင် တွေ့ရသော CPB ခေါင်းဆောင်များ
(ဝဲမှယာ - ရဲဘော်တင်ရီ၊ ဗိုလ်မျိုးမြင့်၊ သခင်ဖေတင့်၊ သခင်ဗသိန်းတင်)
(Photo; CPB Archives)

www.burmeseclassic.com

www.burmeseclassic.com



ပန်ဆန်းဈေးထဲမှ ဘိန်းအရောင်းအဝယ် (Photo; Hseng Noung Lintner)



ပန်ဆန်းဈေး မြင်ကွင်း (Photo; Hseng Noung Lintner)

www.burmeseclassic.com

www.burmeseclassic.com



CPB ၏ပထမဆုံးဥက္ကဋ္ဌကြီး သခင်သန်းထွန်း



၁၉၄၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းက ကျင်းပခဲ့သော
CPB စည်းရုံးထားသည့် လယ်သမားထု၏ လူထု အစည်းအဝေးမြင်ကွင်း
(Photo; CPB Archives)

www.burmeseclassic.com

www.burmeseclassic.com



ပန်ဆန်းရှိ သခင်သန်းထွန်းနှင့် သခင်ဇင်တို့၏ပုံတူကားချပ်များ
(Photo; Hseng Noung Lintner)



၁၉၆၃ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် တွေ့ရသော
အလံနီ ကွန်မြူနစ်ပါတီ ခေါင်းဆောင် သခင်စိုး
(Photo; CPB Archives)

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၀ ပြည့်လွန်နှစ်များက တရုတ်ပြည်ရောက် ကွေ့ကျိုး ရဲဘော်များ
(ရှေ့တန်း – ဝဲမှယာ – ဇော်မိုင်၊ နော်ဆိုင်း၊ ဖလန်ဂန်ဒီး)
(Photo; CPB Archives)

www.burmeseclassic.com

www.burmeseclassic.com



ပန်ဆိုင်းမှ နယ်စပ်တံတား၊ ၁၉၈၆ နိုဝင်ဘာ
(Photo; Hseng Noung Lintner)



ကိုးကန့် ရှခင်း၊ ၁၉၈၆ ဒီဇင်ဘာ
(Photo; Bertil Lintner)

www.burmeseclassic.com

www.burmeseclassic.com




CPB ဘီ၏ တတိယအကြိမ်မြောက် ပြည်လုံးကျွတ် ပါတီကွန်ဂရက်
၁၉၈၅၊ စက်တင်ဘာလ ၉ ရက်၊ ပန်ဆန်း (Photo; CPB Archives)



စီစီဝမ်တိုက်ပွဲ မြင်ကွင်း၊ ၁၉၈၆ နိုဝင်ဘာ ၁၆
(ညာအစွန်မှ မိုက်ကရိုဖုန်း ကိုင်ထားသူမှာ CPB တပ်မှူး ရဲဘော် ကြည်ညွှန့် ဖြစ်သည်)
(Photo; Bertil Lintner)

www.burmeseclassic.com

www.burmeseclassic.com



ဘာတင်းလစ်တနာ နှင့် သခင်ဗသိန်းတင်
ပန်ဆန်း၊ ၁၉၈၇ ဇန်နဝါရီ
(Photo; Hseng Noung Lintner)



ကွန်မြူနစ် ခေါင်းဆောင်ကြီးများ၏ ဓာတ်ပုံရှေ့မှ ဗမာကွန်မြူနစ်များ
[ဝဲမှယာ – ရဲဘော် အောင်စိန်၊ ရဲဘော်သန်းမောင်(ပဲခူးရိုးမ လွှပေါင်းနစ်ဦး) နှင့် ရဲဘော်အောင်လတ်
(သခင်ဗသိန်းတင်၏ ကိုယ်ရေး လက်ထောက် ဖိုးသံချောင်း)]
(Photo; Hseng Noung Lintner)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

# ဗမာပြည်ကွန်မြူနစ်ပါတီ သမိုင်းအကျဉ်း

# (၁၉၃၉-၁၉၆၈)

၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့။ ရန်ကုန်မြို့ ဘားလမ်းရှိ တိုက်ခန်းငယ်လေးတစ်ခုတွင် မြန်မာပညာတတ် လူငယ်တစ်စု စုဝေး၍ ဗမာပြည်ကွန်မြူနစ်ပါတီကို စတင် တည်ထောင်ခဲ့ကြပါသည်။ အဆိုပါ လူငယ်များထဲတွင် အများစုမှာ 'တို့ဗမာအစည်းအရုံး'ဝင် ကျောင်းသားခေါင်းဆောင်များ ဖြစ်ကြသည်။ 'တို့ဗမာအစည်းအရုံး' မှာ ဒုတိယကမ္ဘာစစ် မတိုင်မီက မြန်မာနိုင်ငံရှိ အပြင်းထန် အတက်ကြွဆုံး အမျိုးသားရေးဝါဒီများ၏ နိုင်ငံရေးပါတီ ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ စတင်တည်ထောင်သည့် ဆိုခဲ့ပါ အစည်းအဝေးတွင် ပါဝင်ကြသူများမှာ သခင်အောင်ဆန်း၊ သခင်သိန်းဖေ၊ သခင်ဗဟိန်းနှင့် နောင်တွင် ဗိုလ်လက်ျာဖြစ်လာမည့် သခင်လှဖေတို့ ဖြစ်သည်။ ဤအစည်းအဝေးကပင် ဩဇာတိက္ကမကြီးသော သခင်အောင်ဆန်းကို 'အထွေထွေအတွင်းရေးမှူး'အဖြစ် ရွေးချယ်ခဲ့ကြသည်။ တရားဝင်ပါတီသမိုင်းအရဆိုလျှင် ဆိုခဲ့ပြီးသော လူငယ်များ ရန်ကုန်မြို့တစ်နေရာတွင် စုဝေးခဲ့ကြသည့် သာမန်အစည်းဝေးလေးသည်ပင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပထမပါတီကွန်ဂရက်ဟု ဆိုရပါလိမ့်မည်။

(ဤကိစ္စနှင့်ပတ်သက်လျှင် 'မှုကွဲ'များစွာရှိပါသည်။ ၁၉၆၂ ခုနှစ်က ထုတ်ဝေခဲ့သော ဒေါက်တာမောင်မောင် တည်းဖြတ်သည့် 'Aung San of Burma' စာအုပ်ပါ ဗိုလ်လက်ျာရေးသည့် 'Snapshots of Aung San' ဆောင်းပါးတွင် ဗိုလ်လက်ျာက ယခုလို ရေးခဲ့သည်။ CPB စတင် တည်ထောင်သည့် အဆိုပါအစည်းအဝေးတွင် သူ (ဗိုလ်လက်ျာ) အပါအဝင် သခင်သိန်းဖေ၊ သခင်ဗဟိန်း၊ သခင်အောင်ဆန်းနှင့် အမည်

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြမထားသော ကာလကတ္တားမှ မိတ်ဆွေတစ်ယောက်တို့ပါသည်ဟု ဆိုသည်။ ၁၉၈၆ ဒီဇင်ဘာ ၂၃ ရက်က ပန်ဆန်းတွင် တွေ့ဆုံမေးမြန်းခဲ့သော အင်တာဗျူးတစ်ခုတွင်မူ သခင်ဗသိန်းတင်က ယခုလို ထုတ်ဖော်ပြောကြားခဲ့ပါသည်။ သခင်အောင်ဆန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်ဗဟိန်း၊ သခင်ဗို၊ ဒေါက်တာနတ်၊ အိပ်ချ်အင်ဂိုရှယ်တို့ ပထမကွန်ဂရက်တွင် တက်ရောက်ခဲ့သည်ဟု ဆိုသည်။ သခင်စိုးနှင့် သခင်သန်းထွန်းတို့မှာ အဆိုပါအစည်းအဝေးတွင် မပါခဲ့ကြသော်လည်း မကြာမတင် အချိန်အတွင်းမှာပင် ပါတီနှင့် ဆက်သွယ်ခဲ့ကြသည်ဟု သူက ပြောပါသည်။ ၁၉၇၃ ခုနှစ်က (ဦး) သိန်းဖေမြင့် ရေးခဲ့သည့် 'Critique of the Communist Movement in Burma' စာတမ်းတွင်မူ 'မြန်မာနိုင်ငံ၏ ပထမဆုံး ကွန်မြူနစ်ကလာပ်စည်းတွင် သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်ဗဟိန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ) နှင့် အိပ်ချ်အင်ဂိုရှယ်တို့ ပါဝင်သည်'ဟု ဆိုသည်။ သခင်သိန်းဖေ (ဦးသိန်းဖေမြင့်) ကိုယ်တိုင်မှာ ဤအစည်းအဝေးဖြစ်မြောက်ရေးအတွက် ကနဦးကတည်းက ပါဝင်ခဲ့သော်လည်း မိမိ၏ 'တစ်ဦးချင်းဝါဒ' နှင့် ရဲဘော်အချို့၏ 'ဂိုဏ်းဂဏဝါဒ'ကြောင့် အဆိုပါ ပထမဆုံး ကလာပ်စည်းတွင် မပါဝင်ခဲ့ဟုလည်း ရေးခဲ့သည်။ သခင်သန်းထွန်းမှာကား ထိုအချိန်အထိ ကွန်မြူနစ်မဖြစ်သေးဟု သူက ဆိုပါသည်။)

CPB ပေါ်ထွက်မလာမီ ဆယ်စုများမှာ မြန်မာခေတ်သစ်သမိုင်းတွင် လှိုင်းထန်လေထန်ကာလများဟု ဆိုရပါလိမ့်မည်။ ၁၉၂၀ ဒီဇင်ဘာလတွင် တက္ကသိုလ်ကျောင်းသားကြီးတစ်စုက တက္ကသိုလ် အက်ဥပဒေသစ်ကို ဆန့်ကျင် ကန့်ကွက်ခဲ့ကြသည်။ (မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုတိုင်းတွင် ကျောင်းသားများမှာ အမြဲပင် ရှေ့တန်းမှ ပါဝင်သည်ချည်း ဖြစ်သည်။) တက္ကသိုလ်အက်ဥပဒေသစ်မှာ ရန်ကုန်တက္ကသိုလ်ကို ကိုလိုနီယန္တရားတွင် လက်သွဲ့တာဝန်ယူစေမည့် ကျဉ်းမြောင်းသော အလွှာတစ်ခုကိုသာ မွေးထုတ်ရန် ရည်ရွယ်သည့် လူ့မလိုင်တက္ကသိုလ်အဖြစ် ဒီဇိုင်းဆင်ထားသည်ဟု ကျောင်းသားများက ဝေဖန်ကြသည်။ ဤဥပဒေသစ် ရေးဆွဲရာတွင်လည်း မြန်မာလူထုနှင့် ညှိနှိုင်းတိုင်ပင်မှုမရှိဟု ဆိုသည်။ သို့ဖြင့် သပိတ်မှောက်ကျောင်းသားများမှာ ရွှေတိဂုံခြေရင်းတွင် သပိတ်စခန်းဖွင့်ပြီး ဗြိတိသျှအာဏာပိုင်များကို ဆန့်ကျင်ဆန္ဒပြကြလေတော့သည်။ သပိတ်အရေးမှာ ကောလိပ်ကျောင်းများသာမက မြန်မာပြည်တစ်နံတစ်လျား အထက်တန်းကျောင်းများအထိပါ ပျံ့နှံ့သွားခဲ့သည်။ (ပထမကျောင်းသားသပိတ် ဖြစ်ပါသည်။) အာဏာပိုင်များက ကျောင်းသားများ၏ တောင်းဆိုချက်အချို့ကို လိုက်လျောပေးခဲ့ရာမှ ကိုလိုနီဆန့်ကျင်ရေးလှုပ်ရှားမှု အရှိန်ရလာခဲ့ပါသည်။

၁၉၃၀ ပြည့်နှစ်တွင် သာယာဝတီခရိုင်မှ ဆရာစံဦးဆောင်သော လယ်သမားသူပုန်ကြီး ပေါ်ထွက်လာခဲ့ပြီး မြန်မာပြည်တောင်ပိုင်းတစ်ခုလုံး ပျံ့နှံ့သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာစံနှင့် နောက်လိုက်နောက်ပါများက ၎င်းတို့တပ်ဖွဲ့ကို 'ဂဠုန်'ဟု အမည်ခံခဲ့ကြသည်။ ('ဂဠုန်' ဆိုသည်မှာ ဟိန္ဒူဒဏ္ဍာရီလာ အင်အားကြီးသော ငှက်တစ်မျိုးဖြစ်သည်။) ဂဠုန်တပ်သားများအနေနှင့် သူတို့ခန္ဓာကိုယ်တွင် ထိုးထားသော ဆေးမင်ကြောင်များနှင့် သူတို့ဆောင်ထားသော လက်ဖွဲ့များကြောင့် ဗြိတိသျှတို့၏ ကျည်ဆန် 'ပြီး' လိမ့်မည်ဟု ယုံကြည်ထားကြသည်။ အဆိုပါ လယ်သမားအရေးတော်ပုံကြီးမှာ နောက်ဆုံးတွင် ချေမှုန်းခံလိုက်ရသော်လည်း မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုအတွက်မူ စိတ်ဓာတ်ရေးရာအရ လမ်းပွင့်သွားစေခဲ့ပါသည်။ ဆရာစံမှာ အကျပ်အတည်းကာလများတွင် ပေါ်ထွက်လေ့ရှိသော အစဉ်အလာ 'မင်းလောင်း' ဆိုသည်မျိုးဖြစ်ပြီး၊ သူ၏ရည်မှန်းချက်မှာ ဗြိတိသျှတပ်များ မရောက်မီက ရှိခဲ့ဖူးသော ဗုဒ္ဓဘာသာ ဘုရင့်နိုင်ငံတော် ထူထောင်ဖို့ပင်ဖြစ်သည်။ သို့နှင့်တိုင် ရဟန်းငယ်များနှင့် ဆင်းရဲသော တောင်သူလယ်သမားများက ဆရာစံကို အလုံးအရင်းနှင့် ထောက်ခံခဲ့ကြသည်။ ဤအချက်ကို ကောင်းကောင်းသဘောပေါက်နားလည်ထားကြသော လူငယ်အမျိုးသားရေးဝါဒီများအနေနှင့် ဆရာစံဦးဆောင်သည့် လယ်သမားသူပုန်ကြီးမှာ လယ်သမားထု၏ စွမ်းပကားကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်လိုက်ရာ အရေးတော်ပုံကြီးအဖြစ် ကြည့်မြင်ခဲ့ကြပါသည်။

ထိုအချိန်လောက်မှစ၍ အရင်းအမြစ်မှ မြေလှန်ပြောင်းလဲလိုသော ရယ်ဒီကယ်အိုင်ဒီယာများ၊ အိန္ဒိယနှင့် ဗြိတိန်မှတစ်ဆင့် မြန်မာပြည်သို့ ရောက်လာခဲ့သည်။ ဆရာစံရေးခဲ့သော စာအုပ်တစ်အုပ်မှရသည့် စာမူခကို မတည်ပြီး စာကြည့်တိုက်တစ်တိုက်တည်ထောင်ခဲ့ကြသည်။ သည်လိုနှင့် ပထမဆုံး မတ်ခ်ဝါဒစာပေများ မြန်မာနိုင်ငံသို့ ရောက်လာပါတော့သည်။ အဆိုပါ လက်ဝဲစာအုပ်များကို မြန်မာနိုင်ငံထဲသို့ ယူဆောင်လာကြသူ အများစုမှာ အင်္ဂလန်မှ ပြန်လာကြသော ကျောင်းသားတွေ ဖြစ်သည်။ ဤကာလလောက်မှာပင် ရန်ကုန်နှင့် အခြားမြို့ကြီးများတွင် စာအုပ်အသင်းများ ပေါ်ထွက်လာပြီး 'နဂါးနီစာအုပ်အသင်း'ကြီးဆိုလျှင် အထူးထင်ရှားသည်။

ထိုသည်၏နောက်တွင်ကား ဩဇာကြီးသော 'တို့ဗမာအစည်းအရုံး'နှင့် ဂုဏ်သတင်းကြီးသော 'ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ' (RUSU)အပါအဝင် မြန်မာပြည်ရှိ နိုင်ငံရေးအဖွဲ့အစည်းအားလုံးလောက်တွင် ဆိုရှယ်လစ်အတွေးအခေါ်များ ဩဇာလွှမ်းမိုးလာခဲ့ပါတော့သည်။ သည်လိုနှင့် တိုက်စိတ်ခိုက်စိတ်၊ တော်လှန်လိုစိတ်ဆက်သန်ပြင်းပြနေကြသော လူငယ်အမျိုးသားရေးဝါဒီများက ထိုအချိန်အထိ ဗြိတိသျှတို့ကိုသာ ခေါ်ဝေါ်သုံးစွဲလေ့ရှိသော 'သခင်' ဆိုသည့် ဘွဲ့အမည်ကို မိမိတို့အမည်ရှေ့တွင် ထည့်ခေါ်လာကြသည်။ သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုး၊

www.burmeseclassic.com

www.burmeseclassic.com



စသဖြင့်။ ဤသို့ သခင်ဘွဲ့ခံလိုက်ခြင်းဖြင့် မြန်မာပြည်၏ အရှင်သခင်စစ်စစ်မှာ ဗြိတိသျှလူမျိုးတွေမဟုတ်။ မြန်မာတွေသာဖြစ်ကြောင်း ဖော်ပြဖို့ ရည်ရွယ်ရင်း ဖြစ်ပါသည်။

သည်လိုနှင့် ၁၉၃၆ ခုနှစ်သို့ ရောက်သောအခါ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ကိုနု (နောင်- ဦးနု) နှင့် သူ၏ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်ကိုအောင်ဆန်း (နောင်- ဗိုလ်ချုပ်အောင်ဆန်း) တို့ကို ကျောင်းထုတ်လိုက်သည်ကိုအကြောင်းခံ၍ 'ဒုတိယကျောင်းသားသပိတ်' ထွက်ပေါ်လာခဲ့သည်။ သူတို့နှစ်ယောက်ကို ကျောင်းပြန်လက်ခံခဲ့သော်လည်း သပိတ်အရေးတော်ပုံကြီးကိုကား မတားဆီးနိုင်တော့ပါ။ ယခုတစ်ကြိမ် လှုပ်ရှားမှုတွင် ကိုလိုနီစနစ် ဆန့်ကျင်ရေးရပ်တည်ချက် ပို၍ကိတိကျကျ ခိုင်ခိုင်မာမာ ရှိလာပြီဖြစ်သည်။ ၁၉၃၀ ပြည့်လွန်နှစ်များတစ်လျှောက်လုံးဗြိတိသျှဆန့်ကျင်ရေး အရေးတော်ပုံကြီးမှာ ရန်ကုန်ကျောင်းသားလောက တက်ကြွလှုပ်ရှားသူများကြားတွင် သာမဟော့ဘဲ တစ်တိုင်းပြည်လုံး ပျံ့နှံ့သွားခဲ့ပြီ ဖြစ်ပါသည်။ ၁၉၃၀ နိုင်ငံတကာ ဆန်ဈေးကွက် ပြိုကျမှုဒဏ်ကို အလူးအလဲခံနေကြရသော လယ်သမားများအပေါ် ကြီးမားလေးလံလှသော အခွန်အကောက်မျိုးစုံက ဖူးလေးရာ ဖရုံဆင့်စေလိုက်ရာ မိမိတို့ပိုင် လယ်ယာမြေများကို မြို့ပေါ်မြေရှင်များနှင့် ငွေတိုးချေးစားသူများထံ ထိုးအပ်လိုက်ရသည်။ သည်လိုနှင့် ၁၉၃၀ ပြည့်လွန်ဆယ်စုများ၏ အဆုံးပိုင်းသို့ ရောက်သောအခါ မြန်မာပြည်မှာ တစ်ပြည်လုံး အတိုင်းအတာ အထွေထွေအုံကြွမှုကြီးအတွက် အခြေအနေ ရင့်မှည့်နေပြီဖြစ်ပါသည်။

အဆိုပါ ဒုတိယကျောင်းသားသပိတ်အပြီး ၂ နှစ်အကြာ ၁၉၃၈ ခုနှစ်တွင် လူငယ်အမျိုးသားရေးဝါဒီများ ဦးဆောင်သည့် လူထုအုံကြွမှုကြီးတစ်ရပ် ပေါ်ထွက်လာပါတော့သည်။ ၎င်းနှစ် ၁၉၃၈ မှာ မြန်မာပြက္ခဒိန်အရ ၁၃၀၀ ပြည့်နှစ်ဖြစ်၍ 'ထောင့်သုံးရာပြည့် အရေးတော်ပုံ'ဟု သမိုင်းတွင်သွားခဲ့ပါသည်။ အမှန်စင်စစ် အရေးတော်ပုံကြီး၏အစမှာ မန္တလေးမြို့၏ အနောက်တောင်ဘက် ရေနံချောင်း ရေနံမြေ အလုပ်သမားသပိတ်ဖြစ်သည်။ ရန်ကုန်မြို့တော်သို့ ချီတက်ဆန္ဒပြဖို့ ထွက်လာကြသော သပိတ်မှောက်အလုပ်သမားများကို သွားရောက်ကူညီကြသည့် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ (RUSU) ဥက္ကဋ္ဌ ကိုဗဟိန်း (နောင်- သခင်ဗဟိန်း) နှင့် အတွင်းရေးမှူး ကိုဗဆွေ (နောင်- ဦးဘဆွေ) တို့ကို အာဏာပိုင်များက ဖမ်းဆီးလိုက်ရာမှ အရေးတော်ပုံ မီးတောက်ကြီး ကျောင်းသားလောကသို့ ကူးစက်လာခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့တော်တွင်ကား ကျောင်းသားများ လမ်းပေါ် ထွက်လာကြပြီး၊ နောက်ဆုံး အတွင်းဝန်ရုံးကိုဝိုင်း၍ ဆန္ဒပြကြလေတော့သည်။ ဤတွင် ရဲတပ်ဖွဲ့က မြင်းတပ်နှင့် ဝင်ရောက်လူစုခွဲရာ ပုလိပ်၏ နံပါတ်တုတ်ဒဏ်ကြောင့် ကိုအောင်ကျော်အမည်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတစ်ဦး ဦးခေါင်းတွင် ဒဏ်ရာအပြင်းအထန် ရရှိသွားခဲ့သည်။ ကိုအောင်ကျော်မှာ ဤဒဏ်ရာဖြင့်ပင် ရက်ပိုင်းအတွင်း ကွယ်လွန်သွားရာမှ ချက်ချင်းဆိုသလို နောင်သမိုင်းတွင်မည့် အာဇာနည် ဗိုလ်အောင်ကျော် ဖြစ်သွားသည်။ (တတိယကျောင်းသားသပိတ်) မြန်မာပြည်တစ်နံတစ်လျားမှ ဒေါသဆူဝေနေကြသော လူထုကြီးမှာလည်း အရေးတော်ပုံကြီးထဲသို့ ပေါင်းစည်းလာခဲ့ကြသည်။ မန္တလေးမြို့တွင်ကား ၁၉၃၉ ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆန္ဒပြလူအုပ်ကြီးကို ရဲတပ်ဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ဖြိုခွဲရာ သံဃာတော် ခုနစ်ပါးနှင့် လူ ၁၀ ဦး ကွယ်လွန်သွားခဲ့သည်။ အာဇာနည် ၁၇ ဦးအဖြစ် ဗိုလ်အောင်ကျော်လိုပင် သမိုင်းဝင်သွားခဲ့ပါသည်။

'မြန်မာလူထု၏ ဆိုခဲ့ပါ အမျိုးသားရေးလှုပ်ရှားမှု၊ အလုပ်သမားထု၏ အဆိုပါ လူတန်းစားတိုက်ပွဲများကြားမှ ဗမာပြည်ကွန်မြူနစ်ပါတီ ထွက်ပေါ်လာခြင်းဖြစ်သည်' ဟု CPB က နောင်နှစ်ပေါင်းများစွာကြာမှ ထုတ်ဝေသော ၎င်း၏ သမိုင်းအကျဉ်းစာအုပ်တွင် တရားဝင် မှတ်တမ်းတင်ခဲ့ပါသည်။ (ပဲခူးရိုးမကာလ ၁၉၆၄ ခုနှစ်က ပေကျောင်းတွင် ပုံနှိပ်ခဲ့သော 'ဗမာပြည်ကွန်မြူနစ်ပါတီ သမိုင်းအကျဉ်း')

ဗြိတိသျှမှတ်တမ်းများ၏ အလိုအရမူ ဗမာပြည်ကွန်မြူနစ်ဝါဒ၏ ဖခင်ကြီးမှာ ဦးကျော် ဟုဆိုပါသည်။ ဦးကျော်မှာ ဟင်္သာတခရိုင်မှ မြေရှင်ကြီးတစ်ဦး၏ သားဖြစ်သည်။ မြန်မာနိုင်ငံမှ 'တန်းမြင့်ကျောင်းထွက်စာမေးပွဲ' အောင်မြင်ပြီး သီဟိုဠ်မှ လန်ဒန်တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ပြီးနောက် ၁၉၂၇ ခုနှစ်တွင် ဥပဒေပညာကိုလေ့လာရန် လန်ဒန်သို့ ထွက်သွားခဲ့သည်။ ထိုစဉ်ကပင် ဘင်္ဂါလီတော်လှန်ရေးသမားများနှင့် အိန္ဒိယအခြေစိုက် နယ်ချဲ့ဆန့်ကျင်ရေးလိဂ်တို့မှာ ဦးကျော်အပေါ် သြဇာလွှမ်းမိုးမှုရှိသလောက်ရှိနေပြီဖြစ်သည်။

ဦးကျော်သည် ဥရောပတစ်နံတစ်လျား လှည့်လည်သွားလာခဲ့ပြီး ကွန်မြူနစ်အစုမျိုးစုံနှင့် အဆက်အသွယ်လုပ်ခဲ့သည်။ မြန်မာနိုင်ငံသို့ မတ်ခ်ဝါဒစာပေများ ပို့ပေးရာတွင် ဦးကျော်မှာ အရေးပါသော အခန်းမှ ပါဝင်လိမ့်မည်ဟု ယုံကြည်ရပေသည်။ ထို့ထက် ဦးကျော်နှင့် ရန်ကုန်ရှိ လက်ရွေးစင် ကျောင်းသားခေါင်းဆောင်များကြားတွင်လည်း စာပေးစာယူ မပြတ်ရှိသည်ဖြစ်ရာ၊ ဦးကျော်အနေနှင့် ဗြိတိသျှဆန့်ကျင်ရေးလှုပ်ရှားမှုကို လက်ဝဲဘက်သို့ ဦးတည်သွားစေရန် ထက်ထက်မြက်မြက် စီမံသွားနိုင်စရာ ရှိလိမ့်မည်ဟု ယူဆရပါသည်။

ဆိုခဲ့ပြီးသည့်အတိုင်း မြန်မာပညာတတ်များကြားတွင် အိန္ဒိယနှင့် ဗြိတိသျှလက်ဝဲအနွယ်များမှ အကြောင်းခံသော ရယ်ဒီကယ် ကျောင်းသားလှုပ်ရှားမှုများ ပေါ်ထွက်ခဲ့သည့်တိုင်၊ ဤလမ်းကြောင်းနှင့် သီးခြားကင်းလွတ်စွာ ရန်ကုန် တရုတ်အသိုင်းအဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ကွန်မြူနစ်အတွေးအမြင်များ ထိုးဖောက်ဝင်ရောက်လာသည်များလည်း ရှိသည်။ အထူးသဖြင့် ၁၉၂၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းကာလတွင် ဖြစ်ပါသည်။ မြန်မာပြည်တွင် တရုတ်ကွန်မြူနစ်ဝါဒကို ပထမဆုံး စတင်မိတ်ဆက်ပေးခဲ့သူမှာ 'ဂူဝေစိုင်း' ခေါ် 'ဂူချင်းစင်'နှင့် သူ၏ဇနီးတို့ ဖြစ်သည်။

၁၉၂၉ ခုနှစ် မေလတွင် ဂူတို့ဇနီးမောင်နှံနှစ်ယောက် ရှန်ဟိုင်းမှ ရန်ကုန်သို့ ရောက်လာခဲ့ကြသည်။ ဂူမှာ 'ဗမာ့သတင်း'ဟု အမည်ရှိသော တရုတ်ဘာသာစကားဖြင့် ထုတ်ဝေသည့် သတင်းစာတစ်စောင်၏ အယ်ဒီတာချုပ်ဖြစ်လာပြီး သူ၏ဇနီးမှာ ရန်ကုန်ရှိ 'ဖုန်းမင်' တရုတ်အလယ်တန်းကျောင်းတွင် ဆရာမတစ်ယောက် ဖြစ်လာသည်။ သူတို့နှစ်ဦးကပင် ရန်ကုန်တရုတ်တန်းတွင် ကွန်မြူနစ်စာရွက်စာတမ်းများ ဖြန့်ချိခဲ့ကြပြီး နောက်လိုက်နောက်ပါအချို့ဖြင့် လျှို့ဝှက်ကလာပ်စည်းများလည်း ဖွဲ့စည်းခဲ့ကြသည်။ သို့တစေ ၁၉၂၉ ဒီဇင်ဘာတွင် ဂူဝေစိုင်းမှ စင်ကာပူရှိ 'တောင်ပင်လယ်ကွန်မြူနစ်ပါတီ''သို့ ပေးပို့သော မမြင်ရသည့်မင်ဖြင့် ရေးထားသောစာကို ဗြိတိသျှအထူးရဲတပ်ဖွဲ့က ကြားဖြတ်ဖမ်းမိရာမှ သူတို့၏လှုပ်ရှားမှုများ ပေါ်သွားခဲ့ပါသည်။

ဂူ၏စာတွင်ပါသော အဓိကအချက်မှာ 'များသောအားဖြင့် စီးပွားရေးကိုသာ စိတ်ဝင်စားမှုရှိသော မြန်မာနိုင်ငံရှိ တရုတ်အသိုင်းအဝိုင်းကြားတွင် ကွန်မြူနစ်အတွေးအမြင်များ ရှင်သန်နိုင်ဖွယ်ရာမရှိ'' ဟူ၍ ဖြစ်သည်။ အမှန်တကယ်လည်း သူ့စာတွင် ပါသည့်အတိုင်းပင် ဖြစ်ပါသည်။ စင်ကာပူတို့၊ မလေးရှားတို့နှင့်မတူ။ မြန်မာပြည်တွင် တရုတ်နွယ်ဖွား အလုပ်သမားဆို၍ မရှိသလောက်ပင် ရှားသည်။ ရန်ကုန်ရှိ ကူလီများ၊ သင်္ဘောကျင်းအလုပ်သမားများ၊ အလုပ်ကြမ်းသမား အားလုံးလောက်မှာ အိန္ဒိယနွယ်ဖွားတွေသာ ဖြစ်သည်။

သို့အတွက် ဂူတို့ဇနီးမောင်နှံမှာ ၁၉၃၀ ပြည့်နှစ်မှာပင် မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့ကြသည်။ ထိုစဉ်မှစ၍ သူတို့အကြောင်း နောက်ထပ်မကြားရတော့ပါ။ သူတို့ဖွဲ့စည်းပေးခဲ့သော အစုလေးမှာ 'တောင်ပင်လယ်ကွန်မြူနစ်ပါတီဌာနခွဲ၊ မြန်မာပြည်အထူးတပ်ဖွဲ့ ယာယီကော်မတီ'ဟု ခပ်ထည်ထည် အမည်ပေးထားသော်လည်း အဖွဲ့ဝင်ခြောက်ယောက်သာ ကျန်ရစ်ခဲ့ပါသည်။ ထိုခြောက်ယောက်လုံးမှာလည်း တရုတ်လူမျိုးတွေသာ ဖြစ်ရာ ဗြိတိသျှရဲတပ်ဖွဲ့အနေနှင့် သူတို့ထဲမှအချို့ကို အလွယ်တကူနှင့်ပင် တရုတ်ပြည်သို့ ပြည်နှင်ဒဏ်ပေးနိုင်ခဲ့သည်။ ပျဉ်းမနားမြို့တွင်လည်း တရုတ်ကွန်မြူနစ်ကလာပ်စည်းတစ်ခု ဖွဲ့စည်းခဲ့သေးသည်။ အဆိုပါ ကလာပ်စည်းရော၊ ရန်ကုန် တရုတ်တန်းမှ မြေအောက်ကွန်မြူနစ် လှုပ်ရှားမှုသည်ပါ တရုတ်တို့ လွှမ်းမိုးထားသော မလေးရှားနှင့် စင်ကာပူ ကွန်မြူနစ်ပါတီများနှင့် အဆက်အသွယ်ရှိခဲ့ကြပါသည်။ သို့တိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် မြန်မာနိုင်ငံ၏ ရယ်ဒီကယ်လှုပ်ရှားမှုများနှင့်ကား မည်သို့မျှ အဆက်အစပ် ရှိသည်မဟုတ်ပါချေ။

ကျွန်တော် သိသလောက်ဆိုရလျှင် ထိုစဉ်က မြန်မာအမျိုးသားရေးဝါဒီများမှာ အဆိုပါ တရုတ်ကလာပ်စည်းများ ရှိနေသည်ကို သိကြဟန်ပင် မတူပါ။ အကယ်၍သာ ဆိုခဲ့ပါ အစုနှစ်စု (ရန်ကုန် တရုတ်တန်းအစုရော၊ ပျဉ်းမနားအစုပါ) အနေနှင့် ၁၉၃၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းရောက်မှ ဖွဲ့စည်းလှုပ်ရှားခဲ့လျှင် သူတို့၏ မြန်မာနိုင်ငံ ကွန်မြူနစ်အရေးတော်ပုံမှာ အောင်မြင်ကောင်း အောင်မြင်ပါလိမ့်မည်။ အကြောင်းမှု ရယ်ဒီကယ်အစွဲသန်သော မြန်မာလူငယ်များမှာ အိန္ဒိယအဆက်အသွယ်ဖြင့် လှုပ်ရှားခဲ့ ကြသည့်တိုင်၊ သူတို့၏ ဗြိတိသျှဆန့်ကျင်ရေးတိုက်ပွဲအတွက် မော်စီတုန်းနှင့် တရုတ် ကွန်မြူနစ်တပ်မတော်၏ အကူအညီကို ရယူနိုင်ရန် ပို၍ မျှော်လင့်ခဲ့ကြသောကြောင့် ဖြစ်ပါသည်။ သို့တစေ တရုတ်ကွန်မြူနစ်များနှင့် ဘယ်လို ဆက်သွယ်ရမည်ကို သူတို့ ကိုယ်တိုင်က မသိခဲ့ကြပါချေ။

သည်လိုနှင့် ၁၉၄၀ ပြည့်နှစ်အတွင်း ရန်ကုန်မြို့တစ်နေရာ (ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အအုံ) တွင် သခင်လူငယ်တစ်စု တွေ့ဆုံခဲ့ကြပြီး တရုတ် ကွန်မြူနစ်များ အားကောင်းလိမ့်မည်ဟု သူတို့သိထားသော ရှန်ဟိုင်းသို့ သခင် အောင်ဆန်းကို စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဗြိတိသျှရဲတပ်ဖွဲ့၏ ဖမ်းဝရမ်း အထုတ်ခံထားရသော သခင်အောင်ဆန်းမှာ ရန်ကုန်ဆိပ်ကမ်းတွင် အလွယ်တွေ့နိုင် သော သင်္ဘောတစ်စင်းဖြင့် တရုတ်ပြည်သို့ ထွက်သွားခဲ့သော်လည်း သူ သွားလိုရာ ရှန်ဟိုင်းသို့ မရောက်။ ဂျပန်စစ်တပ်များ သိမ်းပိုက်ထားသော အမွိုင်သို့ ရောက်သွား သည်။ အမွိုင်တွင် သောင်တင်နေစဉ်မှာပင် မြန်မာပြည်မှ အဆက်အသွယ်များက တစ်ဆင့် သူ့ကို တိုကျိုသို့ ခေါ်သွားခဲ့သည်။ နောက်တစ်နှစ်မှာပင် ဂျပန်တွင် စစ် ပညာသင်ကြားရန်အတွက် သခင်လူငယ်များကို လာခေါ်ရန် သခင်အောင်ဆန်း ရန်ကုန် ပြန်ရောက်လာသည်။ အဆိုပါ သခင်လူငယ်များမှာ ဂျပန်ကုန်တင်သင်္ဘောတစ်စင်း ဖြင့် အစုများခွဲကာ ရန်ကုန်မှ လျှို့ဝှက်စွာ ထွက်ခွာခဲ့ကြသည်။ သူတို့တစ်တွေနှင့် သဘင်ပညာသင်ရန် တိုကျိုတွင် ရောက်နှင့်နေပြီးဖြစ်သော မြန်မာလူငယ်တစ်ဦး ချိတ် ဆက်မိပြီး လွတ်လပ်ရေးတိုက်ပွဲအတွက် သွေးသစ္စာအပ်နှံထားသော လူငယ်သုံးဆယ် စုစည်းမိကြသည်။ နောင်သမိုင်း တွင်ကျန်ရစ်မည့် 'ရဲဘော်သုံးကျိပ်' ဖြစ်ပါသည်။

သို့နှင့်တိုင် သခင်အောင်ဆန်းတို့အဖွဲ့မှာ ဂျပန်နှင့် ယခင်ကတည်းက အဆက် အသွယ်ရှိခဲ့ကြသည်တော့ မဟုတ်ပါ။ သခင်အောင်ဆန်း၏ ၁၉၄၀ ခရီးမှာ မရည်ရွယ် ဘဲ ဂျပန်သို့ ရောက်သွားခဲ့ခြင်းသာ ဖြစ်ပါသည်။ မြန်မာပြည်ရှိ ဂျပန်၏ လျှို့ဝှက်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုများကို တာဝန်ခံ ဆောင်ရွက်ခဲ့ကြသည်မှာ ရန်ကုန်နှင့် အခြားမြို့ကြီးများရှိ ဂျပန်အထောက်တော်များသာ ဖြစ်သည်။ ၁၉၃၀ ပြည့်လွန်နှစ်များအတွင်း 'ရှိဒိုကိုကူဘူ' အမည်ရှိ ဂျပန်ရေတပ်အရာရှိတစ်ဦးက သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့ ဦးဆောင်သော တို့ဗမာအစည်းအရုံးဂိုဏ်းခွဲနှင့် အဆက်အသွယ်လုပ်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်ကလည်း ရန်ကုန်ရှိ ဂျပန်အထောက်တော်တစ်ဦးဖြစ်သူ ဒေါက်တာ 'စူကာဆာဆူဇူကီး'၏ စီစဉ် ပေးမှုဖြင့် နောက်ထပ် မြန်မာအမျိုးသားရေးဝါဒီတစ်ဦးဖြစ်သူ ဒေါက်တာသိန်းမောင် တိုကျိုမြို့သို့ အလည်အပတ် သွားရောက်ခဲ့ဖူးသည်။

သခင်အောင်ဆန်းပါဝင်သည့် သခင်ကိုယ်တော်မှိုင်းဦးဆောင်သော တို့ဗမာ အစည်းအရုံး လက်ဝဲဂိုဏ်းအနေနှင့်မူ ဂျပန်ကို ယုံကြည်ခဲ့ကြသည် မဟုတ်ပါချေ။ အမှန်စင်စစ် သခင်အောင်ဆန်း၏ မအောင်မြင်ခဲ့သော တရုတ်ပြည်ခရီးစဉ်မှာ လွတ် လပ်ရေးတိုက်ပွဲအတွက် ဂျပန်မဟုတ်သော အခြားအကူအညီရရန် ကြိုးပမ်းမှုပင် ဖြစ် ပါသည်။ သို့တစေ ဤအစီအစဉ် ထင်တိုင်းမပေါက်ဖြစ်ခဲ့ရာမှ၊ မြန်မာအမျိုးသားရေး ဝါဒီ လူငယ်များအတွက် ဂျပန်အဆက်အသွယ်တစ်ခုတည်းသာ လမ်းပွင့်သွားခဲ့ပါတော့ သည်။

ထိုစဉ်ကာလ သခင်များကြား ညီညွတ်ရေးမှာ ဆိုခဲ့ပြီးသော အတိတ်မှ ရပ်ခံ ချက်များနှင့် ဆက်စပ်နေပါသည်။ ပြောရလျှင် ဟိုးရှေးမဆွအခါကပင် မြန်မာနိုင်ငံ တွင် နိုင်ငံရေးပါတီ အများအပြားရှိနေခဲ့ပြီးဖြစ်သည်။ အဓိက တို့ဗမာအစည်းအရုံး အပြင် ဗမာပြည်ကွန်မြူနစ်ပါတီ (CPB)နှင့် ၎င်းနှင့် နီးနီးကပ်ကပ် ဆက်စပ်နေသော ပြည်သူ့အရေးတော်ပုံပါတီ (PRP)ရှိသည်။ ဒေါက်တာဘမော်၏ 'ဆင်းရဲသားပါတီ' နှင့် အခြားပါတီတွေလည်း ရှိသေးသည်။ သို့တိုင်အောင် အဆိုပါ ပါတီများ၏ လှုပ် ရှားမှုများနှင့် (ပြောရလျှင်) ပေါ်လစီများသည်ပင်လျှင်လည်း ယေဘုယျအားဖြင့် အနား ချင်း ထပ်တူညီနေကြရုံမျှမက ပါတီဝင်တော်တော်များများဆိုလျှင်လည်း နှစ်ပါတီ၊ သုံးပါတီ ခွပါနေကြသည်များရှိရာ၊ ဆိုခဲ့ပါ အမည်ပညတ်ကွဲပြားမှုများမှာ အရေးပါလှ သည်တော့ မဟုတ်ပါချေ။

သို့တစေ ယခုအခါတွင်ကား အဆိုပါ အပြိုင်အဆိုင်အဖွဲ့အစည်းများမှာ တူရာ တူရာ စုစည်းပြီး အဓိကအင်အားစုကြီးနှစ်ခုအဖြစ် ပီပီပြင်ပြင် ပေါ်ထွက်လာပြီဖြစ်ပါ သည်။ တစ်ဖက်တွင် သခင်ကိုယ်တော်မှိုင်း ဦးဆောင်ကာ လက်ဝဲလိုလားသည့် တို့ ဗမာအစည်းအရုံးနှင့် ရဲဘော်သုံးကျိပ် အများစုရှိသည်။ တစ်ဖက်တွင်မူ ဝင်ရိုးတန်း နိုင်ငံများကို လိုလားသည့် သခင်ဗစိန်နှင့် သခင်ထွန်းအုပ်တို့ဦးဆောင်သည့် အုပ်စုတို့ ဖြစ်ပါသည်။ သခင်အောင်ဆန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ) နှင့် အခြားလင်ရှားသော

www.burmeseclassic.com



သခင်အများစုမှာ သခင်ကိုယ်တော်မှိုင်းဂိုဏ်းမှ ဖြစ်သည်။ နောင်စစ်အာဏာရှင်ဖြစ်လာမည့် ရဲဘော်သုံးကျိပ်ဝင်တစ်ဦးဖြစ်သူ သခင်ရှုမောင် (ဗိုလ်နေဝင်း) သည်ကား သခင်ဗစိန်ဂိုဏ်းမှ ထင်ရှားသော အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။

တိုကျိုမြို့တော်နှင့် ဂျပန်သိမ်းပိုက်ထားသော ဟိုင်နန်နှင့် ဖော်မိုဆာကျွန်းတို့တွင် လအချို့ စစ်ပညာသင်ပြီးနောက် ရဲဘော်သုံးကျိပ်ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ပို့လိုက်သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် ဘန်ကောက်မှာပင် 'ဗမာ့လွတ်လပ်ရေးတပ်မတော်' (BIA) ကို ဖွဲ့စည်းခဲ့သည်။ သူတို့တစ်တွေ မြန်မာပြည်ထဲဝင်ရောက်လာသည်နှင့် ထောင်ပေါင်းများစွာသော မြန်မာအမျိုးသားရေးဝါဒီလူငယ်များ BIA နှင့် ဆက်သွယ်လာကြသည်။ BIA မှာ ဂျပန်စစ်တပ်များနှင့်အတူ ချီတက်လာပြန်ပြီး ၁၉၄၂ ခုနှစ် မတ်လ ၇ ရက်နေ့ ရန်ကုန် မြို့သိမ်းတိုက်ပွဲတွင် ပါဝင်ခဲ့သည်။ ဤအချိန်တွင် ဗြိတိသျှတို့မှာ မြောက်ဘက်သို့ ဆုတ်ခွာသွားပြီး နောက်ဆုံး ၎င်း၏ တပ်ဖွဲ့အားလုံးကို ဘေးလွတ်ရာ အိန္ဒိယသို့ ရွှေ့ပြောင်းလိုက်သည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးခဲ့ပါသည်။ ၁၉၃၀ ပြည့်လွန်နှစ်များ၏နှောင်းပိုင်းက ဆင်းရဲသားပါတီကို ခေါင်းဆောင်ခဲ့သော ဒေါက်တာဘမော်မှာ နိုင်ငံတော်အဓိပတိ၊ တစ်နည်း နိုင်ငံအကြီးအကဲဖြစ်လာသည်။ သခင်အောင်ဆန်းသည်လည်း မြန်မာအမျိုးသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာသည်။ သို့တစေ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာတပ်ဖွဲ့များမှာ ဂျပန်စစ်ဌာနချုပ်၏ တင်းကျပ်သော အမိန့်ပေးမှုအောက်တွင်သာ လှုပ်ရှားခွင့်ရခဲ့ပါသည်။

ထိုအချိန်လောက်မှစ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် CPB ကို စတင်ဖွဲ့စည်းခဲ့သူတော်တော်များများမှာ ပါတီနှင့် တစ်စစ ကင်းကွာလာခဲ့သည်။ အခြေခံကျကျဆိုရလျှင် သူတို့တစ်တွေမှာ အမာခံကွန်မြူနစ်များ မဟုတ်ကြပါ။ မတ်ခ်၏ အတွေးအခေါ်များကို လေးစားတန်ဖိုးထားကြသော အမျိုးသားရေးဝါဒီတွေသာ ဖြစ်ပါသည်။ သို့နှင့်တိုင် မြန်မာပညာတတ်အချို့ကမူ CPB ၏ အလံတော်ကို ဆက်လက်ဆုပ်ကိုင်ခဲ့ကြသည်။ သူတို့တစ်တွေကား ၁၃၀၀ ပြည့် အရေးတော်ပုံတွင် ဦးဆောင်ပါဝင်ခဲ့သူ၊ အယူအဆရေးရာ ပြင်းထန်သော ရယ်ဒီကယ် လူငယ်တစ်ဦးဖြစ်သည့် သခင်စိုး၊ မြန်မာပြည်တွင် မွေး၍ မြန်မာပြည်မှာပင် ပညာသင်ကြားခဲ့သော ဘင်္ဂါလီလူမျိုး အိပ်ချ်အင်ဂိုရှယ်ခေါ် ရဲဘော်ဘတင်၊ မြန်မာပြည်တွင် ကာလတာရှည်ကတည်းက နေထိုင်ခဲ့သူ၊ နောက်ထပ် ဘင်္ဂါလီတော်လှန်ရေးသမားတစ်ဦးဖြစ်သည့် ဒေါက်တာနတ် (ဂ်) ခေါ် ရဲဘော်ထွန်းမောင်၊ CPB စတင်တည်ထောင်ကတည်းက ပါဝင်ခဲ့သူ ကျောင်းသားခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



နှင့် သဘောတရားရေးသမား သခင်ဗဟိန်း၊ ၁၉၃၉ ပထမ ပါတီကွန်ဂရက်အပြီး မကြာမတင် ဆက်သွယ်ပါဝင်လာသူ ကျောင်းဆရာ သခင်သန်းထွန်း (သခင်သန်းထွန်းမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် မယားညီအစ်ကိုဖြစ်သည်။) ထားဝယ်မှ တရုတ်ဗမာကပြား သခင်ဗသိန်းတင်၊ ရန်ကုန်ကျောင်းသားလှုပ်ရှားမှုနှင့် တို့ဗမာအစည်းအရုံး ဝါရင့်ခေါင်းဆောင် သခင်သိန်းဖေတို့ ဖြစ်ကြသည်။

တရားဝင်ပါတီသမိုင်းတွင် ၁၉၄၈ ပြည်တွင်းစစ်မတိုင်မီ ပါတီ၏ကနဦးရက်များကို ကာလအပိုင်းအခြားသုံးခု ခွဲခြားဖော်ပြထားသည်ကို တွေ့ရပါသည်။

၁၉၃၉–၁၉၄၁

*"ဗမာပြည် ကွန်မြူနစ်ပါတီမှာ စတင်ထူထောင်စဉ်မှ ၁၉၄၁ ခုနှစ်အထိ ဗြိတိသျှ ဆန့်ကျင်ရေးတိုက်ပွဲကို တက်တက်ကြွကြွ ဆင်နွှဲခဲ့သည်"*

*(ဗမာပြည် ကွန်မြူနစ်ပါတီ သမိုင်းအကျဉ်း။ ပေကျင်း၊ ၁၉၆၄၊ စာ–၁)*

အမှန်စင်စစ် ဤသည်မှာ တကယ့်အဖြစ်ကို ချဲ့ကားဖော်ပြထားခြင်းမျှသာ ဖြစ်ပါသည်။ အခြေခံကျကျဆိုရလျှင် ထိုစဉ်က မြန်မာကွန်မြူနစ်များ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ကြသည်မှာ တို့ဗမာအစည်းအရုံးနှင့် အခြားအမျိုးသားရေးအစုများတွင်သာ ဖြစ်သည်။ အထူးသဖြင့် ၁၉၃၉ ခုနှစ် အောက်တိုဘာလအတွင်းက ဒေါက်တာဘမော်၏ ဆင်းရဲသားပါတီနှင့် ပူးတွဲဖွဲ့စည်းခဲ့သော 'ဗမာ့ထွက်ရပ်ဂိုဏ်း'တွင် ဖြစ်သည်။ ဤကာလနှင့်ပတ်သက်သော မည်သည့်ပါတီမှတ်တမ်းမှ ထိန်းသိမ်းထားခြင်း မရှိခဲ့ပါ။ တို့ဗမာအစည်းအရုံး၏ လှုပ်ရှားမှုများကသာ ပိုအရေးပါလိမ့်မည်ဟု ယူဆရပါသည်။

၁၉၄၀ ပြည့်နှစ်တွင် အဆိုပါ ကွန်မြူနစ်အုပ်စုများနှင့် ကွန်မြူနစ်မဟုတ်သော ရယ်ဒီကယ်များစုပေါင်းပြီး 'ပြည်သူ့အရေးတော်ပုံပါတီ' (PRP) ကို ဖွဲ့စည်းခဲ့ကြသည်။ PRP ကို ဦးဆောင်ခဲ့ကြသူများမှာ သခင်မြ၊ သခင်အောင်ဆန်း၊ သခင်ဗဟိန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်ချစ်၊ သခင်နု (ဦးနု)၊ ဦးကျော်ငြိမ်း၊ ဦးဘဆွေ၊ ကိုလှမောင် (ဗိုလ်ဇေယျ) နှင့် သခင်ထွန်းရွှေတို့ ဖြစ်ကြသည်။ ဆိုရလျှင် ထိုခေတ်၊ ထိုအခါက ထင်ရှားသည့် ရယ်ဒီကယ်ကျောင်းသားများ ဖြစ်ပါသည်။ PRP မှာ CPB နှင့်အပြိုင် ပေါ်ထွက်လာသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဤအဆင့်တွင် CPB ထက်ပင် ပိုအရေးပါနိုင်သည်။ သခင်ဗဟိန်းမှာ PRP နှင့် CPB ကြားတွင် ဆက်သွယ်ရေးအရာရှိအဖြစ် တာဝန်ယူခဲ့သည်။ CPB အနေနှင့် သီးခြား နိုင်ငံရေးပါတီတစ်ရပ်အနေနှင့် စတင်ပီပြင်လာသည်မှာ သခင်စိုး၊ သခင်သန်းထွန်းနှင့် အိပ်ချ်အင်ဂိုရှယ်တို့၏ ဦးဆောင်မှုအောက်ရောက်တော့မှ ဖြစ်သည်။ လက်တွေ့ကျကျ ဖော်ပြရလျှင် ဤကာလနောက်က

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်တွင် စနစ်တကျ စည်းရုံးဖွဲ့စည်းထားသော ကွန်မြူနစ်ပါတီ တစ်ရပ် အကြောင်းပြောဖို့ စောလှပါသေးသည်။

၁၉၄၁–၁၉၄၅

*"ဟစ်တလာသစ္စာဖောက်ပြီး ဆိုဗီယက်ယူနီယံကို ကျူးကျော်တိုက်ခိုက်လိုက်သောအခါ CPB မှာ ၎င်း၏ နည်းပရိယာယ်ကိုပြောင်းပြီး ဖက်ဆစ်တို့ကို ဦးတည်တိုက်ခိုက်လာခဲ့သည်။ CPB အနေနှင့် ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေးအတွက် မဆုတ်မနစ် လှုပ်ရှားခဲ့ပြီး ဖက်ဆစ်ဂျပန်တော်လှန်ရေး လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲနိုင်ရန် တက်တက်ကြွကြွ ပြင်ဆင်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် CPB ၏ ခေါင်းဆောင်မှုဖြင့် 'ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်' (AFPFL) ကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင်ကား CPB ၏ ဦးဆောင်မှုဖြင့် မြန်မာလူထုတစ်ရပ်လုံး ဂုဏ်ရောင်ပြောင်လှသည့် ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေး လက်နက်ကိုင်တော်လှန်ရေးကြီးကို မြန်မာနိုင်ငံတွင် စတင်ဆင်နွှဲပါတော့သည်"*

*(အထက်ပါ စာ ၁၊ ၂)*

ဤသည်မှာလည်း တိကျရေရာသော ဖော်ပြချက်တော့ မဟုတ်ပါချေ။ အမှန်စင်စစ် ထိုစဉ်က မြန်မာကွန်မြူနစ်များမှာ ခိုင်ခိုင်မာမာ စုစည်းနိုင်သည့် အနေအထားတွင် မရှိသေးပါ။ တကယ့်ဖြစ်ရပ်မှာ ယခုဖော်ပြထားသည်နှင့် တခြားစီသာ ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကွန်မြူနစ်မဟုတ်သူများ ဂျပန်ဘက်ရောက်သွားချိန်တွင် 'မြန်မာကွန်မြူနစ်များ ပထမဆုံး အဆက်အသွယ်ယူခဲ့ကြသည့် အနောက်တိုင်း မဟာမိတ်မှာ ဗြိတိသျှတို့ပင် ဖြစ်ပါသည်။ မလေးရှားမှ မလေးကွန်မြူနစ်များလိုပင် မြန်မာကွန်မြူနစ်များသည်လည်း ဂျပန်ဆန့်ကျင်ရေးအတွက် ဗြိတိသျှ ကိုလိုနီသမားများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်သာ ဖြစ်သည်။

ဇာတ်၏အစကို ပြန်လှန်ရလျှင် ၁၉၄၁ ခုနှစ် ဇူလိုင်လလောက်ကပင် သခင်စိုး၊ သခင်သန်းထွန်းတို့အနေနှင့် 'အင်းစိန်စစ်တမ်း'ကို အင်းစိန်ထောင်ထဲတွင် ရေးသားပြုစုခဲ့ကြသည်။ နောက် မြင်းခြံထောင် ရောက်သောအခါတွင်လည်း 'မြင်းခြံစစ်တမ်း' ကို ပြုစုခဲ့ကြသည်။ ၁၉၄၂ ခုနှစ် အောက်တိုဘာတွင် မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းအမှတ် (၁) ကိုသော်လည်းကောင်း၊ ၁၉၄၄ ဧပြီတွင် မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းအမှတ် (၂) ကိုသော်လည်းကောင်း ဗမာပြည် ကွန်မြူနစ်ပါတီအမည်ဖြင့် ထုတ်ပြန်ကြေညာခဲ့ကြသည်။ အဆိုပါစာတမ်းများတွင် 'ဖက်ဆစ်ဂျပန်အန္တရာယ် ရှေ့မှောက် ကျရောက်နေသော မြန်မာနိုင်ငံအနေနှင့် ဗြိတိသျှတို့နှင့် ယာယီ မဟာမိတ်

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ရမည်"ဟု ဦးစားပေးတင်ပြခဲ့ကြသည်။ သို့ကစေ ဤအတိုင်း လက်တွေ့ဆောင်ရွက်နိုင်ခဲ့သည်မှာ ၁၉၄၁ ဒီဇင်ဘာ ကျော်တော့မှ ဖြစ်ပါသည်။

ဂျပန်တပ်ဖွဲ့များ မြန်မာပြည်ထဲသို့ ကျူးကျော်ဝင်ရောက်ပြီးခါစ ၁၉၄၂ ဇူလိုင်တွင် ကွန်မြူနစ်ပါတီမှ သခင်သိန်းဖေနှင့် သခင်တင်ရွှေတို့ ကာလကတ္တားသို့ ရောက်လာခဲ့ကြပြီး 'တပ်ဖွဲ့ ၁၃၆'နှင့် အဆက်အသွယ်လုပ်ခဲ့ကြသည်။ 'တပ်ဖွဲ့ ၁၃၆' မှာ အရှေ့တောင်အာရှရှိ ဂျပန်စစ်တပ်များနောက်ပိုင်းတွင် လှုပ်ရှားမှုများ လုပ်နိုင်ရန် ဖွဲ့စည်းထားသော 'အထူးစစ်ဆင်ရေးအဖွဲ့' (SOE) ဖြစ်သည်။ သူတို့နှစ်ဦးမှတစ်ဆင့် ဂျပန်များအပေါ် ပို၍ ပို၍ စိတ်ပျက်လာကြသော ပြည်တွင်းရှိ အမျိုးသားရေးဝါဒီများနှင့် လျှို့ဝှက်ဆက်သွယ်မှုများ လုပ်ခဲ့ကြသည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့သို့ ရောက်သောအခါ 'ဗမာအမျိုးသားတပ်မတော်' (BNA)က ဂျပန်ကို စစ်ကြေညာလိုက်ပါတော့သည်။ (BNA မှာ ၁၉၄၃ ခုနှစ်က ဗမာ့ကာကွယ်ရေးတပ်မတော် BDA ကို ဆက်ခံခဲ့သည့် တပ်ဖြစ်သည်။ BDA မှာလည်း ၁၉၄၂ ခုနှစ်က BIA ကို ဆက်ခံခဲ့ခြင်းဖြစ်သည်။) တော်လှန်ရေးမစတင်မီအထိ BNA ၏အင်အားမှာ ၁၁,၄၈၀ ရှိပါသည်။ ဗြိတိသျှတို့ကလည်း ဂျပန်ကို စစ်ကြေညာခဲ့သည့် BNA ကို ထောက်ခံခဲ့ကြသည်။

ဖက်ဆစ်တော်လှန်ရေး ကာလအတွင်း မဟာဗျူဟာရည်မှန်းချက်အရ မြန်မာပြည်ကို စစ်တိုင်းကြီးရှစ်တိုင်း ခွဲခြားသတ်မှတ်ခဲ့သည်။ ၎င်းတို့မှာ–

– တိုင်း ၁ (ပြည်၊ ဟင်္သာတ၊ သာယာဝတီ၊ အင်းစိန်)
  တပ်မှူး – ဗိုလ်ချုပ်အောင်ဆန်း၊ နိုင်ငံရေးမှူး – သခင်ဗဟိန်း)
– တိုင်း ၂ (ဖျာပုံ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်အရှေ့ခြမ်း)
  တပ်မှူး – ဗိုလ်နေဝင်း၊ နိုင်ငံရေးမှူး – သခင်စိုး)
– တိုင်း ၃ (ဧရာဝတီမြစ်ဝကျွန်းပေါ်အနောက်ခြမ်း)
  တပ်မှူး – စောကြာဒိုး (ကရင်)
– တိုင်း ၄ (တောင်ငူတောင်ခြမ်း၊ ဟံသာဝတီ)
  တပ်မှူး – ဗိုလ်ကျော်ဇော၊ နိုင်ငံရေးမှူး – သခင်ချစ်
– တိုင်း ၅ (ထားဝယ်၊ မြိတ်)
  တပ်မှူး – ဗိုလ်တင်ထွန်း၊ နိုင်ငံရေးမှူး – သခင်ဗသိန်းတင်)
– တိုင်း ၆ (ပျဉ်းမနား၊ မိတ္ထီလာ)
  တပ်မှူး – ဗိုလ်ရဲထွဋ်၊ နိုင်ငံရေးမှူး – ဦးကျော်ငြိမ်း
– တိုင်း ၇ (သရက်၊ မင်းဘူး)
  တပ်မှူး – ဗိုလ်မှူးအောင်၊ နိုင်ငံရေးမှူး – သခင်တင်မြ

www.burmeseclassic.com

www.burmeseclassic.com



– တိုင်း ၈ (အထက်မြန်မာပြည်)

တပ်မှူး – ဗိုလ်ဗထူး

အထက်ပါဖွဲ့စည်းပုံကို ကြည့်လိုက်လျှင် ကွန်မြူနစ်များနှင့် ကွန်မြူနစ်မဟုတ်သော အမျိုးသားရေးဝါဒီများ နီးနီးကပ်ကပ် လက်တွဲဆောင်ရွက်ခဲ့ကြသည်ကို ရှင်းရှင်းလင်းလင်း သိနိုင်ပါသည်။ တော်လှန်ရေးကြီးတစ်ခုလုံး CPB က ဦးဆောင်သည်ဆိုသည်မှာကား ချဲ့ကားဖော်ပြရာ ရောက်ပါသည်။ အမှန်စင်စစ် ဖတပလ (AFPFL) မှာ အမျိုးသားရေးဝါဒီများ၊ ကွန်မြူနစ်များနှင့် တပ်မတော်တို့ စုပေါင်းဖွဲ့စည်းထားသည့် တပ်ပေါင်းစုဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်နေဝင်းနှင့် ဗိုလ်လက်ျာတို့မှာ ဖတပလ ဗဟိုဦးစီးအဖွဲ့ဝင် တပ်မတော်ကိုယ်စားလှယ်များ ဖြစ်သည်။ သခင်စိုး၊ သခင်သန်းထွန်းနှင့် သခင်ဗဟိန်းတို့က CPB ကိုယ်စားလှယ်၊ ဦးဘဆွေ၊ ဦးကျော်ငြိမ်းနှင့် သခင်ချစ်တို့က PRP ကိုယ်စားလှယ်များဖြစ်ကြသည်။ ၁၉၄၅ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်မြို့တော် ဖက်ဆစ်ဂျပန်လက်အောက်မှ လွတ်မြောက်ခဲ့သည်။ မြန်မာနိုင်ငံအတွင်းမှ နောက်ဆုံး ဂျပန်တပ်ဖွဲ့များ ဆုတ်ခွာသွားသည်မှာကား ရန်ကုန်ကျပြီး လအနည်းငယ်ကြာတော့မှ ဖြစ်ပါသည်။

ဂျပန်ခုခံ ဆန့်ကျင်ရေးစစ်ပွဲတွင် ကွန်မြူနစ်များ အချက်အချာအခန်းမှ ပါဝင်ခဲ့သည့်အတွက်ကြောင့်၊ စစ်ပြီးခေတ် CPB မှာ ၎င်း၏ အင်အားအကောင်းဆုံး၊ လူကြိုက်အများဆုံးအဆင့်သို့ ရောက်လာခဲ့ပါသည်။ အကြမ်းဖျင်း ခန့်မှန်းချက်အရ CPB ထိန်းချုပ်မှုအောက်တွင်ရှိသော ပြောက်ကျားတပ်များမှာ အင်အား ၃၀,၀၀၀ ပင်ရှိသည်ဟုဆိုသည်။ တော်လှန်ရေးကာလအတွင်း ဂျပန်တပ်ဖွဲ့မှ ကျဆုံးသူအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့်ကို ကွန်မြူနစ်ပြောက်ကျားတပ်ဖွဲ့များက ချေမှုန်းခဲ့သည်ဟု ဆိုကြသည်များလည်းရှိသည်။ BNA မှာ တော်လှန်ရေးကာလ အတွင်းမှာပင် 'ဗမာ့မျိုးချစ်တပ်မတော်' (PBF) အဖြစ် အမည်ပြောင်းခဲ့ပါသည်။ မေလ ၃၀ ရက် နယူးဒေလီတွင် ကျင်းပခဲ့သော အစည်းအဝေးတွင် လူးဝစ်မောင့်ဘက်တန်က PBF ကို မဟာမိတ်တပ်ဖွဲ့တစ်ခုအဖြစ် အသိအမှတ်ပြုခဲ့သည်။

ဤကာလအတွင်း CPB မှာ ပီပီသသ နိုင်ငံရေးပါတီကြီးတစ်ခုအဖြစ် ဖွံ့ဖြိုးလာခဲ့ပါသည်။ ၁၉၃၉–၁၉၄၁ ကာလကလို မိမိတို့၏ အချိန်အများစုကို အခြားပါတီများတွင်သာ လှုပ်ရှားကုန်ဆုံးစေခဲ့ကြသော မတ်ခ်ဝါဒလေ့လာရေး အစုအဝေးလေး မဟုတ်တော့ပါ။ ၁၉၄၃ ခုနှစ် အစောပိုင်းက မြစ်ဝကျွန်းပေါ် မြို့တစ်မြို့ဖြစ်သော ဖျာပုံတွင် သခင်စိုးက နောက်လိုက် ၁၂ ယောက်ကို နိုင်ငံရေးသင်တန်းတစ်ခု ပေးခဲ့ဖူးသည်။ သောတုဇန တော်တော်များများက အဆိုပါ နိုင်ငံရေးသင်တန်းသည်ပင်

www.burmeseclassic.com

www.burmeseclassic.com



CPB ၏ တကယ့်မူလအစဟု ယူဆကြသည်။ ၁၉၄၄ ခုနှစ် ဇန်နဝါရီလကလည်း ကျိုက်လတ်မြို့နယ် ညောင်ကျောင်းရွာတွင် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ဖူးသည်။ ဤအစည်းအဝေးသို့ သခင်စိုး၊ သခင်တင်မြအပါအဝင် ရဲဘော်ခုနစ်ဦး တက်ရောက်ခဲ့ကြသည်။ ဤအစည်းအဝေးမှပင် သခင်စိုးကို CPB ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်ခဲ့ကြသည်။ အချို့က ဤအစည်းအဝေးကို CPB ၏ ဒုတိယကွန်ဂရက်အဖြစ် သတ်မှတ်သည်လည်း ရှိသည်။ သို့တစေ ပင်မပါတီက ဤသတ်မှတ်ချက်ကို အသိအမှတ် ပြုသည်မဟုတ်ပါ။

ပြောရလျှင် ထိုစဉ်ကာလက ထင်ရှားသူ မြန်မာလူငယ်တော်တော်များများမှာ ကွန်မြူနစ်ပါတီဝင်များ ဖြစ်နေကြပါသည်။ သူတို့ထဲမှအချို့မှာ CPB ၏ နာမည်ကျော်ကြား လူသိများမှုကြောင့် ယာယီအားဖြင့် ဝင်ရောက်လာကြသော ပါတီဝင်တွေဖြစ်သည်။ အချို့ကမူ ထာဝရကွန်မြူနစ်အဖြစ် ဘဝကို မြှုပ်နှံရန် သန္နိဋ္ဌာန်ဖြင့် ဝင်ရောက်လာကြသူတွေ ဖြစ်သည်။ CPB နှင့် PRP တို့ 'တော်လှန်ရေးတပ်ဦး' အမည်ဖြင့် ပူးပေါင်းစဉ်က ကွန်မြူနစ်ပါတီဝင် ဖြစ်ခဲ့ဖူးသော ဗိုလ်နေဝင်း (ဦးနေဝင်း) မှာ ပထမအမျိုးအစားပါတီဝင် ဖြစ်ပါလိမ့်မည်။ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်နှင့် ဂျပန်တော်လှန်ရေး သူရဲကောင်းအချို့မှာကား ဒုတိယအမျိုးအစားပါတီဝင်တွေ ဖြစ်ပါသည်။

## ၁၉၄၅–၁၉၄၈

*"၁၉၄၅ မေလတွင် CPB မှာ ပထမဆုံးအကြိမ်အနေနှင့် တရားဝင်ပါတီအဖြစ် ပြောင် လှုပ်ရှားခွင့်ရလာသည်။ မြန်မာပြည်ကို ပြန်လည်အုပ်စိုးရန် နောက်တစ်ကြိမ် ပြန်ရောက်လာသော ဗြိတိသျှနယ်ချဲ့သမားကို အဓိကတိုက်ပွဲဆင်ကြရန် CPB က ညွှန်ကြားခဲ့သည်။ ၁၉၄၆ ဩဂုတ်လတွင် CPB ဦးဆောင်ပြီး စစ်ပြီးခေတ်၏ အကြီးကျယ်ဆုံး အထွေထွေသပိတ်ကြီးကို ဆင်နွှဲလိုက်သည်။ ၁၉၄၅ မေမှ ၁၉၄၈ မတ်အထိ CPB မှပင် ဦးဆောင်သော အလုပ်သမားများ၏ သပိတ်တိုက်ပွဲအမျိုးမျိုးနှင့် ကျေးလက်ဒေသ တောင်သူလယ်သမား လှုပ်ရှားမှုများ တစ်ခဲနက် ပေါ်ထွက်လာခဲ့သည်။ ဤကာလအတွင်း မြန်မာနိုင်ငံရှိ အလုပ်သမားသမဂ္ဂ အဖွဲ့အစည်းအားလုံးလောက်မှာ CPB ၏ စည်းရုံးမှုအောက်တွင်သာ ရှိနေခဲ့သည်။ ထို့ပြင်မက CPB ၏ ဦးဆောင်မှုဖြင့် တောင်သူလယ်သမားသမဂ္ဂများကိုလည်း စည်းရုံးဖွဲ့စည်းခဲ့ပါသည်။ ထိုစဉ်က CPB ဦးဆောင်သော တောင်သူလယ်သမားသမဂ္ဂ၏ ပုံမှန်အသင်းဝင်ကြေး ပေးသွင်းထားသော အဖွဲ့ဝင် အရေအတွက်မှာ တစ်သန်းနီးပါးအထိ ရှိခဲ့သည်"*

*(အထက်ပါ စာအုပ်-စာ ၂)*

www.burmeseclassic.com

www.burmeseclassic.com



ဤကာလအတွင်း ကွန်မြူနစ်ပါတီ၏ စည်းရုံးရေးစွမ်းရည် ပြောစမှတ်ပြုလောက်အောင် မြင့်မားလာသည်မှာကား အမှန်ပင်ဖြစ်သည်။ ၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၀–၂၁ ရက်က ရန်ကုန်မြို့မှာ ကျင်းပခဲ့သော ဒုတိယကွန်ဂရက်တွင် ထိရောက်စွမ်းဆောင်သော ကွန်မြူနစ်အဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေရန် ပါတီကို ပြန်လည်စည်းရုံး ဖွဲ့စည်းခဲ့သည်။ ဤကွန်ဂရက်ကြီးတွင် ပါတီဝင် ၆,၀၀၀ ကျော်ကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်ပေါင်း ၁၂၀ ကျော် တက်ရောက်ခဲ့ကြသည်။ (အဆိုပါ ပါတီဝင် ၆,၀၀၀ ဆိုရာတွင် CPB ဦးဆောင်သော လူထုလူတန်းစား အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ မပါပါ။)

ဆိုခဲ့ပါ ဒုတိယပါတီကွန်ဂရက်မှပင် ဗဟိုကော်မတီ ၂၁ ဦးကို ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ကွန်ဂရက်ကို သဘာပတိအဖြစ် ဦးဆောင်ကျင်းပခဲ့သော သခင်သန်းထွန်းမှာ 'နိုင်ငံရေးဦးဆောင်အဖွဲ့' (ပေါလစ်ဗျူရို) အဖွဲ့ဝင်ဖြစ်လာသည်။ ဂျပန်ခေတ်တစ်လျှောက်လုံး မြေအောက်ပါတီကို ဦးဆောင်ခဲ့သည့် သခင်စိုးမှာ လူမှုရေးပြစ်ချက်တစ်ခုကြောင့် ယာယီအားဖြင့် အရေးယူခံလိုက်ရသည်။ သို့အတွက် အိန္ဒိယမှ ပြန်မရောက်သေးသော ရဲဘော်သိန်းဖေကို အထွေထွေအတွင်းရေးမှူးသစ်အဖြစ် ရွေးချယ်ခဲ့ကြသည်။ ရဲဘော်သိန်းဖေမှာ ထိုနှစ်နှောင်းပိုင်းမှ မြန်မာနိုင်ငံသို့ ပြန်ရောက်ခဲ့ပြီး ပါတီကို ဦးဆောင်ခဲ့သည်။ ထိုစဉ်က CPB ၏ တရားဝင်လမ်းစဉ်မှာ 'ဆိုရှယ်လစ်စနစ်သို့ ငြိမ်းချမ်းစွာ ကူးပြောင်းရေး'ပင် ဖြစ်ပါသည်။ နောင်တွင် 'ဘရောက်ဒါဝါဒ'အဖြစ် တံဆိပ်ကပ်ခံရမည့် လမ်းစဉ်ဖြစ်သည်။ 'ဘရောက်ဒါဝါဒ'ဆိုသည်မှာ ထိုစဉ်က အမေရိကန်ပြည်ထောင်စု ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး 'အားလ်ဘရောက်ဒါ'၏ အမည်ကို အစွဲပြုခေါ်ဝေါ်သည့် ပြုပြင်ပြောင်းလဲရေး အယူအဆ ဖြစ်ပါသည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လတွင် CPB ၏ အရေးပေါ် ဗဟိုကော်မတီ အစည်းအဝေးကို ကျင်းပခဲ့ပါသည်" သဘောထားတင်းမာသူတစ်ဦးဖြစ်သူ သခင်စိုးမှာ သူ၏စစ်အတွင်းကာလ မြေအောက်တော်လှန်ရေး ဦးဆောင်မှုအခန်းကို ပါတီအနေနှင့် ပို၍တန်ဖိုးထား လေးစားသင့်သည်ဆိုသော ခံစားမှုမျိုး ရှိနေသည်။ အဆိုပါ ဗဟိုကော်မတီ အစည်းအဝေးမှာပင် သခင်စိုးက ပါတီခေါင်းဆောင်မှုကို အပြင်းအထန်တိုက်ခိုက်ပါတော့သည်။ သူက ဘရောက်ဒါဝါဒ ပြဿနာကို ပြန်ကိုင်ပြီး အစီရင်ခံစာတစ်ခု တင်ခဲ့သည်။ အဆိုပါ အစီရင်ခံစာတွင် သခင်သန်းထွန်းနှင့် ရဲဘော်သိန်းဖေတို့ကို အချောင်သမားဝါဒ ရှေ့ဆောင်သူများအဖြစ် စွပ်စွဲသည်။ အပြန်အလှန်အနေနှင့် သခင်သန်းထွန်းကလည်း သခင်စိုး၏ လူမှုရေးဖောက်ပြန်မှုများ၊ စောင့်စည်းမှုမရှိသည်များကို ဖွင့်ချတိုက်ခိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(ဤနေရာတွင်လည်း မှုကွဲအချို့ ရှိနိုင်ပါသည်။ ဆိုခဲ့ပါ အရေးပေါ်ဗဟို ကော်မတီအစည်းအဝေးတွင် သခင်စိုးတင်ခဲ့သည်မှာ စာတမ်းတစ်စောင်တည်း မဟုတ်။ သုံးစောင်ဖြစ်သည်။ 'ငြိမ်းချမ်းစွာဖြစ်ပေါ်ရေးအပေါ် ဝေဖန်ချက်'၊ 'စက္ကူနီစာတမ်း' နှင့် 'ဝေဖန်ရေးအစီရင်ခံစာ' တို့ဖြစ်သည်။ ရှေ့စာတမ်းနှစ်စောင်လုံးကို သခင်သန်းထွန်း ရော၊ ရဲဘော်သိန်းဖေပါ လက်ခံခဲ့ကြပါသည်။ အဓိက အငြင်းပွားရသည်မှာ တတိယ စာတမ်း (ဝေဖန်ရေးအစီရင်ခံစာ) ဖြစ်သည်။ ဤနေရာတွင်လည်း သခင်သန်းထွန်း ရော၊ ရဲဘော်သိန်းဖေပါ သခင်စိုးကို နိုင်ငံရေးအရသော်လည်းကောင်း၊ ပုဂ္ဂိုလ်ရေးအရ သော်လည်းကောင်း တင်းတင်းမာမာ မတိုက်ခိုက်နိုင်ခဲ့ပါ။ သခင်စိုးကသာ ဒလစပ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါသည်။ (ဦး) သိန်းဖေမြင့်ရေး 'ကျော်ငြိမ်း'နှင့် သခင်တင်မြရေး 'ဘုံဘဝမှာဖြင့် ဒုတိယပိုင်း အမှားနှင့်အမှန်' စာအုပ်များနှင့် နှိုင်းယှဉ်လေ့လာကြဖို့ လိုမည်ထင်ပါသည်။ ဘာသာပြန်သူ)

ဆိုခဲ့ပါ ဗဟိုကော်မတီအစည်းအဝေးမှာပင် သခင်စိုးအနေနှင့် သူ၏ပြိုင်ဘက် နှစ်ဦး (သခင်သန်းထွန်းနှင့် ရဲဘော်သိန်းဖေ) တို့ကို ပါတီခေါင်းဆောင်မှုမှ ယာယီအား ဖြင့် ဖယ်ရှားနိုင်ခဲ့ပါသည်။ ဤတွင် လစ်လပ်နေသော ဗဟိုကော်မတီထဲသို့ သူ့လက်ရင်း လူတွေကိုထည့်ဖို့ ကြိုးစားခဲ့သည်။ သို့တစေ ရက်အနည်းငယ်အကြာမှာပင် သခင် သန်းထွန်းနှင့် ရဲဘော်သိန်းဖေတို့ ပါတီခေါင်းဆောင်မှုထဲ ပြန်ရောက်လာရာ သခင်စိုး ၏ ကြိုးပမ်းမှုမှာ ရလဒ်ပြောင်းပြန် ဖြစ်သွားရလေတော့သည်။

သခင်စိုးနှင့် ပင်ရင်းပါတီကြား အကွဲအပြဲမှာ နောက်ဆုံးအဆင့်သို့ ရောက်လာ ခဲ့ပြီဖြစ်ရာ ဘယ်လိုမှ ရှောင်လွှဲလို့မရနိုင်တော့ပါချေ။ သူက သူ့ကိုယ်ပိုင် ကွန်မြူနစ် ပါတီ (အလံနီ) ထူထောင်ကာ ဗြိတိသျှတို့ကို ပြောက်ကျားစစ်ပွဲ ဆင်နွှဲမည်ဆိုပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် မြေလျှိုးသွားခဲ့သည်။ သဘောထားတင်းမာသော ကွန်မြူနစ်အချို့က သူ့ကို ထောက်ခံခဲ့ကြသည်။ သခင်တင်မြနှင့် ဗဟိုကော်မတီ ခြောက်ဦးမှာ သခင်စိုးဘက် ပါသွားခဲ့သည်။

နောက်ပိုင်းတွင် မြန်မာအစိုးရက သခင်စိုးနှင့်ပတ်သက်ပြီး ယခုလို ဖော်ပြခဲ့ပါ သည်။ 'သခင်စိုးက စာအုပ်တွေကို ဝါးစားသလို လောဘတကြီး ဖတ်သည်။ စက်နှင့် လှည့်ထုတ်သလို စာတွေအများကြီးလည်း ရေးသည်။ သူ့နည်းနာတွေမှာ အလွန်အကျွံ တွေ များသည်။ ကြမ်းသည်။ အကြမ်းဖက် သဘောတွေပင် ပါသည်။ ကြေညာချက် တွေ၊ ဝေဖန်ချက်တွေ မနည်းမနောရေးပြီး မဟောမပန်းဖြန့်ဝေသည်။ မတွန့်မဆုတ် တိုက်ပွဲ ဆင်သည်။ မအူပင်၊ ဖျာပုံ၊ ဟင်္သာတခရိုင်များနှင့် ပခုက္ကူနှင့် အောက် ချင်းတွင်းခရိုင်တို့တွင် သူ့ကိုကြည်ညိုသော သူ့နောက်လိုက်တွေ အတော်ရှိသည်။'

www.burmeseclassic.com

www.burmeseclassic.com



(Burma and the Insurrections Rangoon, sept: 1949, Government of Burma Publications)

ပြောရလျှင် ဘရောက်ဒါဝါဒပြဿနာမှာ ၁၉၄၅ စက်တင်ဘာလက ကျင်းပခဲ့သော ကန္ဒီဆွေးနွေးပွဲအပြီးလောက်ကပင် အငြင်းပွားစရာ ဖြစ်နေခဲ့ပါပြီ။ ကန္ဒီဆွေးနွေးပွဲဆိုသည်မှာ လော့ဒ်မောင့်ဘက်တန်နှင့် စစ်အတွင်း မြန်မာခုခံရေးခေါင်းဆောင်များ၏ ညှိနှိုင်းဆွေးနွေးပွဲ ဖြစ်သည်။ ဤဆွေးနွေးပွဲမှ ကန္ဒီသဘောတူညီချက် ထွက်ပေါ်လာခဲ့သည်။ ဤသဘောတူညီချက်အရ ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားသူများ တည်ထောင်ခဲ့ကြသော ဗမာ့တပ်မတော် (PBF) ကို ဖျက်သိမ်းပြီး တပ်အင်အား ၄,၇၀၀ ဖြင့် ဗမာ့တပ်မတော်သစ် (ဘားမားရိုင်ဖယ်) ဖွဲ့စည်းဖို့ ဆုံးဖြတ်ခဲ့သည်။ ဤတွင် ဘားမားရိုင်ဖယ်သို့ ဝင်ခွင့်မရသော ယခင် PBF ရဲဘော်ဟောင်းများကို စုစည်းပြီး 'ပြည်သူ့ရဲဘော်အဖွဲ့' ဖွဲ့စည်းခဲ့ကြသည်။ ဤအဖွဲ့ကို အင်္ဂလိပ်ဘာသာဖြင့် People's Volunteer Organization ဟုခေါ်ရာ အတိုကောက် PVO ဟု အသုံးများသည်။ အမှန်စင်စစ် PVO မှာ ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်တွင်ရှိသော စစ်တစ်ပိုင်းတပ်ဖွဲ့ ဖြစ်ပါသည်။

သဘောထားတင်းမာသော ကွန်မြူနစ်များက ဆိုခဲ့ပါ ကန္ဒီသဘောတူညီချက်ကို ဗြိတိသျှတို့ထံ လက်နက်ချရာရောက်သည်ဟု ကြည့်မြင်ခဲ့ကြသည်။ သို့နှင့်တိုင် ထိုစဉ်က သခင်သန်းထွန်းမှာ သဘောထား တင်းမာသူတစ်ဦး မဟုတ်သေးပါ။ "ဗြိတိသျှတို့ကို အတိအလင်း စစ်ပြိုင်တိုက်ခိုက်ရေးဆိုသော အိုင်ဒီယာမှာ လက်တွေ့မကျသလို နိုင်ငံရေးအရလည်း မှားသည်"ဟု သူက ဆိုပါသည်။ ထို့ထက် 'ယူအက်စ်၊ ယူကေ၊ ဆိုဗီယက်တို့၏ တီဟီရန်၊ ယော် (လ်)တာနှင့် ပို့စ်ဒမ် ကွန်ဖရင့်များမှ ကုလသမဂ္ဂ ဖွဲ့စည်းပုံ မူဘောင်အတွင်း နိုင်ငံအားလုံး ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ခိုင်မာသော အခြေခံတစ်ခုကို ခင်းပေးနိုင်ခဲ့ပြီ' ဟူ၍လည်း စစ်ပြီးခေတ်အခြေအနေကို သုံးသပ်ဖော်ပြခဲ့သည်။ 'ဆိုဗီယက်ယူနီယံ၏ သန်စွမ်းသော အနေအထားနှင့် ကမ္ဘာတစ်ဝန်း ဆိုရှယ်လစ် အင်အားစုများကြောင့် နယ်ချဲ့သမားများကို လက်နက်ကိုင် တိုက်ခိုက်စရာမလိုတော့"ဟု သူက ကောက်ချက်ဆွဲချခဲ့ပါသည်။ (Becka, National Liberation Movement, P.258)

ပြောရလျှင် ထိုစဉ်က သခင်သန်းထွန်း၏ သဘောထားသည်ပင် CPB ၏ တရားဝင်ပေါ်လစီ ဖြစ်ပါသည်။ သဘောထားတင်းမာသော ကွန်မြူနစ်များက ဤပေါ်လစီကို 'လက်ယာအချောင်သမားဝါဒ' ဟု ဝေဖန်ကြသည်။ CPB အနေနှင့် သူတို့စွပ်စွဲသော လက်ယာအချောင်သမားဝါဒကို ကိုင်ဆွဲထားလင့်ကစား လက်တွေ့

www.burmeseclassic.com

www.burmeseclassic.com



တွင်မှ ပါတီနှင့် ကွန်မြူနစ်မဟုတ်သော အမျိုးသားရေးဝါဒီများကြား အမြင်မတူမှုများမှာ မှန်မှန်ပင် ကြီးမားကျယ်ပြန့်လာနေပြီဖြစ်သည်။ CPB က သခင်အောင်ဆန်း (ကန္နီသဘောတူညီချက် နောက်ပိုင်းကတည်းက သခင်အောင်ဆန်း ပြန်ဖြစ်နေပါပြီ) ဦးဆောင်သော လွတ်လပ်ရေးအကြို ဝန်ကြီးအဖွဲ့ (ဘုရင်ခံအမှုဆောင်ကော်မတီ) တွင် ပါဝင်ခဲ့သည်။ အဆိုပါ ဝန်ကြီးအဖွဲ့တွင် CPB ကိုယ်စားလှယ် ရဲဘော်သိန်းဖေမှာ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ (ဗြိတိသျှအင်ပါယာအတွင်း ပထမဦးဆုံး ကွန်မြူနစ်ဝန်ကြီး ဖြစ်ပါသည်။)

ကွန်မြူနစ်ပါတီသမိုင်းအကျဉ်းတွင် ဖော်ပြခဲ့သော 'စစ်ပြီးခေတ်၏ အကြီးကျယ်ဆုံး အထွေထွေသပိတ်ကြီး'ဆိုသည်ကို ဆင်နွှဲခဲ့သည်မှာ ဤကာလအတွင်း ၁၉၄၆ ဩဂုတ်လတွင် ဖြစ်သည်။ (လွတ်လပ်သော သမိုင်းပညာရှင်များကမူ ဤအရေးအခင်းကို အကြီးအကျယ်ဆုံးဟု မသတ်မှတ်ကြပါ။ ရမည်းသင်းနှင့် တောင်ငူခရိုင်တွင် ပေါ်ထွက်ခဲ့သည့် သာမန်အုံကြွမှုများအဖြစ်သာ ဖော်ပြကြပါသည်။) ဤကာလအတွင်းမှာပင် CPB က သခင်အောင်ဆန်းကိုလည်း ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ စလုပ်လာသည်။ ဗြိတိသျှတို့ လမ်းခင်းပေးသော ဘုရင်ခံအမှုဆောင်ကောင်စီအစိုးရထဲ ပါဝင်လိုက်သည်မှာ အမျိုးသားရေးကို သစ္စာဖောက်ရာရောက်သည်ဟူ၍ပင် စွပ်စွဲလာသည်။ (အမှန်စင်စစ် ဘုရင်ခံအမှုဆောင်ကောင်စီထဲ ပါဝင်ရေးကို ဆုံးဖြတ်ရာတွင် CPB ကိုယ်စားလှယ်များလည်း ပါဝင်ခဲ့သည်သာ ဖြစ်သည်။ ဤဆုံးဖြတ်ချက်အရ ကွန်မြူနစ်ပါတီကိုယ်စားလှယ် ရဲဘော်သိန်းဖေပင် ဝန်ကြီးဖြစ်လာခဲ့သည်။) သို့အတွက် ၁၉၄၆ ခုနှစ် အောက်တိုဘာလတွင် CPB ကို AFPEL (ဖဆပလ) ထဲမှ ထုတ်ပစ်လိုက်သည်မှာ သိပ်တော့လည်း အံ့သြစရာမဟုတ်ဟု ဆိုရမည်သာ ဖြစ်ပါသည်။

ရဲဘော်သိန်းဖေမှာကား ဝန်ကြီးသက်တမ်းသုံးပတ်မှ မပြည့်တတ်သေးမီမှာပင် ရာထူးမှ နုတ်ထွက်လိုက်ရသည်။ ထိုသည်၏နောက်မှစ၍ ရဲဘော်သိန်းဖေမှာ CPB နှင့် တဖြည်းဖြည်းဝေးသွားခဲ့ပြီး ၁၉၄၈ ခုနှစ် မတ်လ တစ်ပြည်လုံး လက်နက်ကိုင်တော်လှန်ရေး မစတင်မီမှာပင် ပါတီမှ အပြီးအပိုင် နုတ်ထွက်သွားခဲ့တော့သည်။ သခင်သန်းထွန်းမှာ ၁၉၄၆ ခုနှစ် ဇူလိုင်လကပင် ဖဆပလ အထွေထွေအတွင်းရေးမှူးအဖြစ်မှ နုတ်ထွက်ခဲ့ပြီး ဖြစ်သည်။ သူ့နေရာကို ဦးကျော်ငြိမ်း (ဆိုရှယ်လစ်ပါတီ) က ဆက်ခံခဲ့သည်။ CPB ကို AFPFL မှ ထုတ်ပစ်ပြီးသည့်နောက် ဖဆပလ–ကွန်မြူနစ် ပြန်လည်ညီညွတ်ရေးအတွက် ကြိုးပမ်းမှုများ ရှိခဲ့သော်လည်း အောင်မြင်မှု မရခဲ့ပါတော့ချေ။

သို့နှင့်တိုင် CPB အနေနှင့် မြန်မာနိုင်ငံတွင် အရှိန်ရကာစ အလုပ်သမားသမဂ္ဂလှုပ်ရှားမှုထဲသို့ ထိုးဖောက်ဝင်ရောက်ရန် စီစဉ်နိုင်ခဲ့ပါသည်။ ၁၉၄၅ ခုနှစ် ဇွန်လ ၁

www.burmeseclassic.com



ရက်နေ့တွင် ထင်ရှားသော ကွန်မြူနစ်ခေါင်းဆောင် သခင်ဗဟိန်း၏ ပထမဆုံး ဦးဆောင်မှုဖြင့် 'ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂကွန်ဂရက်' (ABTUC) ကို ဖွဲ့စည်းထူထောင်ခဲ့သည်။ အလုပ်သမားသမဂ္ဂ ၁၄ ခုမှ စုစုပေါင်း အလုပ်သမား ၁၁,၁၅၀ မျှ ABTUC သို့ ပေါင်းစည်းခဲ့ကြသည်။ ၁၉၄၅ ဇူလိုင် ၉ ရက်နေ့တွင် ABTUC မှာ 'ကမ္ဘာ့အလုပ်သမားသမဂ္ဂများ ဖက်ဒရေးရှင်း'၏ အဖွဲ့ဝင် ဖြစ်လာသည်။ အလားတူပင် 'ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားများသမဂ္ဂ' (ABPU) မှာ ကွန်မြူနစ်များ သြဇာလွှမ်းမိုးနိုင်ခဲ့သည့် အခြားလူထုလူတန်းစား အဖွဲ့အစည်း တစ်ခု ဖြစ်ပါသည်။ ကွန်မြူနစ်များအနေနှင့် ABPU အလံတော်အောက်တွင် လယ်သမားထုကို 'သီးစားခမပေးရေး'၊ 'အခွန်မဆောင်ရေး' တိုက်ပွဲများ ဆင်နွှဲကြရန် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ အချို့နေရာများမှာဆိုလျှင် မြေရှင်ကြီးများပိုင် မြေများကို သိမ်းပြီး အမှန်တကယ် ထွန်ယက်စိုက်ပျိုးသူများသို့ ဝေခြမ်းပေးခဲ့သည်များပင် ရှိသည်။ ဤလှုပ်ရှားမှုများကြောင့် CPB မှာ ကျေးလက်ဒေသတွင် အတော်အတန် လူကြိုက်များ ရေပန်းစားလာခဲ့ပါသည်။

ရန်ကုန်တွင်ကား ကွန်မြူနစ်ပါတီအနေနှင့် နေ့စဉ်သတင်းစာ (ကွန်မြူနစ်နေ့စဉ်) နှင့် အပတ်စဉ် သဘောတရားရေးဂျာနယ် (ပြည်သူ့အာဏာ) တို့ကို ပုံမှန်ထုတ်ဝေခဲ့သည်။ သို့တိုင်အောင် လူထုစည်းရုံးရေးဘက်တွင်မူ CPB မှာ 'ဗမာပြည်ဆိုရှယ်လစ်ပါတီ' BSP လောက် အောင်မြင်မှုမရခဲ့ဟု ဆိုရပါလိမ့်မည်။ (BSP မှာ ၁၉၄၅ ခုနှစ် သြဂုတ်လက PRP ကို ပြောင်းလဲဖွဲ့စည်းခဲ့သော ပါတီဖြစ်ပါသည်။) BSP မှာ ဖဆပလနှင့်မခွဲဘဲ ဖဆပလ အလံတော်အောက်မှာပင် လှုပ်ရှားခဲ့သည်ဖြစ်ရာ ဤအချက်ကြောင့်ပင် မြန်မာနိုင်ငံရှိ ဆိုရှယ်လစ်ဝါဒီများကြား CPB ထက်ပို၍ လူကြိုက်များခဲ့ခြင်း ဖြစ်နိုင်ပါသည်။

CPB အနေနှင့် တရားဝင် အတိုက်အခံပါတီအဖြစ်မှ မြေအောက်သူပုန်အဖွဲ့အစည်းတစ်ခုအဖြစ်သို့ ရွေ့လာခဲ့သည်မှာ ၁၉၄၇ ခုနှစ် ဧပြီလလောက်မှ စတင်သည်ဟု ဆိုနိုင်ပါလိမ့်မည်။ ထိုစဉ်ကာလမှာ တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ကျင်းပချိန် ဖြစ်သည်။ ဤရွေးကောက်ပွဲကို CPB က စိတ်မပါ လက်မပါ သပိတ်မှောက်သည်။ အဖွဲ့အစည်းတစ်ခုအနေနှင့် ရွေးကောက်ပွဲမဝင်ပါ။ သို့တစေ အမတ်လောင်း ၂၈ ဦးရွေးပြီး ရွေးကောက်ပွဲဝင်စေခဲ့သည်။ သူတို့ထဲမှ ခုနစ်ဦးသာ ရွေးချယ်ခံရသည်။ သို့ဖြင့် တိုင်းပြည်ပြုလွှတ်တော် အမတ် ၂၅၅ နေရာတွင် CPB မှ ခုနစ်ယောက်သာ ရခဲ့သည်။ ကျန် ၂၄၈ နေရာလုံးကို အင်အားကောင်းသော ဖဆပလကသာ သိမ်းပိုက်သွားတော့သည်။

ပြောရလျှင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတွင် ဖဆပလနှင့် ယှဉ်ပြိုင်ရေးမှာ မိမိတို့ပါတီအတွက် အခွင့်မသာနိုင်ကြောင်း CPB ကိုယ်တိုင် သဘော

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ထားဟန် ရှိပါသည်။ ဤသဘောပေါက်ချက်ကြောင့်ပင် ပါလီမန်ဖြစ်စဉ်တွင် ပါဝင်ရန် ချီတုံချတုံဖြစ်နေခြင်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သေချာသည့်အချက်မှာ CPB အနေနှင့် ပါလီမန်လမ်းကြောင်းကို အားမပြုဘဲ လူထုလူတန်းစားအဖွဲ့အစည်းများကြားတွင်သာ မိမိအာဏာအခြေခံကို အဓိကထား တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ လယ်သမားထုနှင့် အလုပ်သမားထုကြားတွင် ဖြစ်သည်။

CPB မှာ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုနှင့် ပို၍ ပို၍ အဆက်အသွယ်ရလာသည်နှင့်အမျှ ၎င်း၏ မူလ ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေးလမ်းကြောင်းကို တစ်စစ စွန့်ခွာလာခဲ့တော့သည်။ ၁၉၄၇ ခုနှစ်တွင် ၁၉၄၆ ခုနှစ်ကတည်းက ပေါလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်ခဲ့သူ သခင်ဗသိန်းတင်နှင့် ရဲဘော်အောင်ကြီး (ပဲခူးရိုးမတွင် ကျဆုံး) တို့ လန်ဒန်မြို့တွင် ကျင်းပသော ဗြိတိသျှအင်ပါယာ ကွန်မြူနစ်ကွန်ဖရင့်သို့ တက်ရောက်ခဲ့ကြသည်။

ထို့ထက် ပို၍အရေးကြီးသည်မှာ ၁၉၄၈ ခု ဖေဖော်ဝါရီလက ကာလကတ္တားတွင် ကျင်းပခဲ့သော အိန္ဒိယကွန်မြူနစ်ပါတီ (CPI) ၏ ဒုတိယကွန်ဂရက်သို့ အဖွဲ့ဝင် ခြောက်ဦးပါ CPB ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်ခဲ့ကြသူများမှာ သခင်သန်းထွန်း၊ သခင်ဗသိန်းတင်၊ ရဲဘော်အောင်ကြီး၊ ဗိုလ်ရန်အောင် (ရဲဘော်သုံးကျိပ်ဝင်)၊ ဒေါ်ခင်ကြီး (၁၉၄၆ ခုနှစ် ဒီဇင်ဘာလက ကွယ်လွန်သွားခဲ့သော သခင်ဗဟိန်း၏ ဇနီး)၊ ရဲဘော်လှမြိုင်တို့ ဖြစ်သည်။ (ရဲဘော်လှမြိုင် ခေါ် ကိုဆောင်းမှာ ၁၉၅၀ ပြည့်လွန်နှစ်များက လက်နက်ချသွားခဲ့ပြီး အစိုးရပိုင်သတင်းစာ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ အယ်ဒီတာဖြစ်သွားသည်။) အဆိုပါ CPI ကွန်ဂရက်မှာပင် တစ်စုံတစ်ရာ သဘောထားပျော့ပျောင်းသော အိန္ဒိယကွန်မြူနစ်ပါတီ အတွင်းရေးမှူး ပီစီဂျိုရှီ ပြုတ်သွားပြီး သဘောထားတင်းမာသူ၊ ပို၍ စစ်ဆန်သူ ဘီတီရာနန်ဒွေဗ် တက်လာခဲ့ပါသည်။

ဆိုခဲ့ပါ CPI ကွန်ဂရက်နှင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာပင် ကမ္ဘာ့ဒီမိုကရက်တစ် လူငယ်ဖက်ဒရေးရှင်းနှင့် နိုင်ငံတကာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ်တို့၏ ကမကထဖြင့် အရှေ့တောင်အာရှ လူငယ်ကွန်ဖရင့်တစ်ရပ်ကိုလည်း ကာလကတ္တားမြို့မှာပင် ကျင်းပခဲ့သည်။ အချို့သော သမိုင်းဆရာများ၏ အလိုအရ၊ ဆိုခဲ့ပါ CPI ကွန်ဂရက်နှင့် အဆိုပါ လူငယ်ကွန်ဖရင့်တို့ကို အသစ်ပေါ်ထွက်လာသော 'ကွန်မင်ဖောင်' (ကွန်မြူနစ်သတင်းပြန်ကြားရေးအဖွဲ့) က ၎င်း၏ 'အရှေ့တောင်အာရှတစ်လွှား ကွန်မြူနစ် လက်နက်ကိုင် ပုန်ကန်ထကြွရေး' စီမံချက်အတွက် အသုံးချခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဆိုသည်။ အဆိုပါ ပုန်ကန်ထကြွရေးစီမံချက် သို့မဟုတ် သီအိုရီမှာ ၁၉၄၇ စက်တင်ဘာ ၂၂ ရက်က ပိုလန်နိုင်ငံ ဝိလီဇာဂိုရာတွင် ကျင်းပခဲ့သော 'ကွန်မင်ဖောင်' ဖွဲ့စည်းသည့် အခမ်းအနားတွင် ပြောကြားခဲ့သော ဆိုဗီယက်ပြောရေးဆိုခွင့်ရှိသူ အင်ဒရီဇဒါးနော့၏ မိန့်ခွန်းတွင် အခြေခံသည်။

အဆိုပါမိန့်ခွန်းမှာ ဒုတိယကမ္ဘာစစ်ကတည်းက ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှု ရပ်ခံလာခဲ့သော ပေါ်လစီထက် ပို၍ထိပ်တိုက်ရင်ဆိုင်မှုကဲသည့် လမ်းကြောင်းကို အဆို ပြု တင်ပြလိုက်ခြင်း ဖြစ်ပါသည်။ ဇဒါးနော့၏အလိုအရ (စစ်ပြီးခေတ်) ကမ္ဘာကြီးမှာ ဂိုဏ်းကြီးနှစ်ဂိုဏ်း၊ အုပ်စုကြီးနှစ်စု ကွဲသွားပြီဟု ဆိုသည်။ ပထမဂိုဏ်းတွင် အမေရိကန် ပြည်ထောင်စု၊ ဗြိတိန်၊ ပြင်သစ်နှင့် အခြားနယ်ချဲ့နိုင်ငံများပါဝင်ပြီး ဆိုဗီယက် ယူနီယံနှင့် အသစ်ထွက်ပေါ်လာသော ပြည်သူ့ဒီမိုကရေစီနိုင်ငံများမှာ ဒုတိယဂိုဏ်းကို ကိုယ်စားပြုသည်ဟု ဆိုပါသည်။ အခြားနိုင်ငံများနှင့် လှုပ်ရှားမှုများအနေနှင့် ကွန်မြူနစ် တို့၏ ထောက်ခံစာနာမှုကို ရယူလိုလျှင် ဒုတိယဂိုဏ်းကို ထောက်ခံကြဖို့ ဇဒါးနော့က ကြေညာခဲ့သည်။

ကာလကတ္တား လူငယ်ကွန်ဖရင့်ကိုယ်စားလှယ်များကြားတွင် အဆိုပါ ဇဒါးနော့ တင်ပြခဲ့သည့် လမ်းကြောင်း (ဇဒါးနော့လမ်းစဉ်)ကို ချပြခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှု ရခဲ့ပါသည်။ သို့နှင့်တိုင် ၁၉၄၈ ဖေဖော်ဝါရီလက ကာလကတ္တားတွင် ကျင်းပခဲ့သော အဆိုပါအစည်းအဝေးများ (လူငယ်ကွန်ဖရင့်နှင့် CPI ကွန်ဂရက်) တို့မှာ အရှေ့တောင်အာရှ ကွန်မြူနစ်လက်နက်ကိုင် တော်လှန်ပုန်ကန်မှုများ၏ အစ ပြုချက်ဟု ဆိုနိုင်လောက်အောင်ကား သက်သေအထောက်အထားရှိခဲ့သည် မဟုတ်ပါ။ ဤအယူအဆကို သခင်ဗသိန်းတင်ကိုယ်တိုင်ကလည်း လက်ခံခဲ့သည် မဟုတ်ပါချေ။ "၁၉၄၈ မတ်လ ၂၈ ရက်နေ့က ချမှတ်ခဲ့သော လက်နက်ကိုင်တော်လှန်ရေး ဆုံးဖြတ်ချက် မှာ CPB ၏ ကိုယ်ပိုင်သာ ဖြစ်သည်။ တစ်ပြိုင်နက်တည်းလောက် ပေါ်ထွက်ခဲ့သော မလေးရှားနှင့် ဖိလစ်ပိုင်အုံကြွမှုများနှင့်ပင် အဆက်အစပ်မရှိ"ဟု သူက အတိအလင်း ဆိုပါသည်။

ကာလကတ္တားကွန်ဂရက်တွင် တက်ရောက်ခဲ့သော နိုင်ငံခြားကိုယ်စားလှယ်ဆို၍ မိမိတို့ CPB ကိုယ်စားလှယ် ခြောက်ဦး၊ ယူဂိုဆလပ်ဗီးယားကွန်မြူနစ်အဖွဲ့ချုပ်မှ ဗဟိုကော်မတီနှစ်ဦး (သူတို့နှစ်ယောက်လုံး ကွန်ဂရက်အပြီးတွင် သူတို့တိုင်းပြည် ပြန် သွားခဲ့ကြသည်။ သမိုင်းဆရာအချို့ပြောသလို မြန်မာပြည် လိုက်လာခဲ့ကြသည်ဆိုသည် မှာ မဟုတ်။) နှင့် သြစတြေးလျ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး လဲန့်ရှာကီ တို့သာ ရှိသည်ဟု သခင်ဗသိန်းတင်က ပြောပြသည်။ ကာလကတ္တားအစည်းအဝေးတွင်

www.burmeseclassic.com

www.burmeseclassic.com



ဆုံခဲ့ကြသူများထဲမှာ သူ မှတ်မိသည့်တစ်ယောက်မှာ ရုရှားအမျိုးသမီးငယ်တစ်ဦးသာ ရှိသည်ဟု သူက ဆက်ပြောသည်။ ထိုအမျိုးသမီးက သူမကိုသူမ 'ရဲဘော်အော်(လ)ဂါပါ' ဟု မိတ်ဆက်ပေးသည်ဟု ဆိုသည်။

သခင်ဗသိန်းတင်၏အလိုအရ ကာလကတ္တားအစည်းအဝေးများတွင် လက်နက်ကိုင်တော်လှန်ရေးကိစ္စကို ဆွေးနွေးပင် မဆွေးနွေးခဲ့ကြပါဟု ဆိုသည်။ CPI ကွန်ဂရက်မှာဆိုလျှင် မလေးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်မှ ကိုယ်စားလှယ်များပင် တက်ရောက်ခဲ့ခြင်းမရှိ။ လူငယ်ကွန်ဖရင့်တွင်သာ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ သီဟိုဠ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါနှင့် ဖိလစ်ပိုင်မှ လူငယ်အချို့ တက်ရောက်ခဲ့သည်ဟု ဆိုပါသည်။ ဖိလစ်ပိုင်ကိုယ်စားလှယ်အဖွဲ့ဆိုလျှင် ၎င်းတို့တိုင်းပြည် ပြန်ရောက်သည်နှင့် ကာလကတ္တားအစည်းအဝေးများမှာ ဆိုဗီယက်သြဇာအောက်တွင် ကျင်းပခဲ့ခြင်း ဖြစ်သည်ဟူ၍ပင် ရှုတ်ချခဲ့သေးသည်ဟုလည်း သခင်ဗသိန်းတင်က ပြောပြပါသည်။

သို့ဖြစ်လင့်ကစား CPI နှင့် CPB တို့ ရယ်ဒီကယ်လမ်းကြောင်း ပေါ်ရောက်လာခဲ့သည်မှာကား ကာလကတ္တား လူငယ်ကွန်ဖရင့်အတွင်း ပေါ်ထွက်လာသော ထိပ်တိုက်ဖြစ်မှု၏ အဆက်ဟုဆိုလျှင်မူ ဖြစ်နိုင်ချေရှိသည်၊ ယုတ္တိတန်သည်ဟု ဆိုနိုင်ပါလိမ့်မည်။ အဆိုပါကွန်ဖရင့်သို့ မြန်မာနိုင်ငံမှ ဖဆပလ ကိုယ်စားလှယ်များရော၊ အိန္ဒိယမှ ကွန်ဂရက်ပါတီ ကိုယ်စားလှယ်များပါ တက်ရောက်ခဲ့ကြသည်။ ကွန်ဖရင့်အတွင်း နှစ်နိုင်ငံ လူငယ်ကွန်မြူနစ်များက မိမိတို့နိုင်ငံများမှ ခေါင်းဆောင်များမှာ နယ်ချဲ့သမားနှင့် ပေါင်းသွားပြီး အတုအယောင် လွတ်လပ်ရေးများ ရယူသွားကြပြီဟု စွပ်စွဲပြောဆိုလာကြရာ ဖဆပလနှင့် ကွန်ဂရက်ပါတီကိုယ်စားလှယ်များ၊ ကွန်ဖရင့်ခန်းမမှ သပိတ်မှောက်ထွက်ခွာခဲ့ကြသည်။ ထို့ထက် CPI တွင် ဂျိုရှီနေရာကို ရာနန်ဒွေဗ်နှင့် အစားထိုးလိုက်သည်မှာလည်း အာရှကွန်မြူနစ်များ ပို၍ စစ်ဆန်လာသည့် ဖော်ပြချက်ဟု ယေဘုယျဆိုနိုင်ပါလိမ့်မည်။ သို့နှင့်တိုင် ဤသို့ ပြောင်းလဲလာသည်မှာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းလောက်က ပြောဆိုခဲ့သော ဇဒါးနော့၏ ပိုလန်မိန့်ခွန်းထက် ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှုများ၏ တွန်းအားကသာ ပို၍ အဓိကဖြစ်ဖွယ်ရှိပါသည်။

အိန္ဒိယမှာဆိုလျှင် ၁၉၄၆ ခုနှစ်ကပင် ဟိုက်ဒြာဘတ်ပြည်နယ် 'တေလန်ဂါနာ' တွင် ကျေးလက်ပုန်ကန်မှုတစ်ခု ပေါ်ထွက်နေခဲ့ပြီးဖြစ်သည်။ ကာလကတ္တား အစည်းအဝေးများ ကျင်းပနေချိန်တွင် အဆိုပါလယ်သမားသူပုန်မှာ ဆက်လက်ဖြစ်ပေါ်နေခဲ့ ရှိသည်။ CPI ဒုတိယကွန်ဂရက်တွင် တင်သွင်းခဲ့သည့် သူ၏အစီရင်ခံစာတွင် ရာနန်ဒွေဗ်က ယခုလိုပင် ဖော်ပြခဲ့သည်။ "ဒီနေ့ တေလန်ဂါနာဆိုတာ ကွန်မြူနစ်ပဲ။ ကွန်မြူနစ်

www.burmeseclassic.com



ဆိုတာ တေလန်ဂါနာပဲ" ဟူ၏။ အမှန်စင်စစ် လယ်သမားထုကို အခြေခံပြီး တော်လှန်ရေးဆင်နွှဲရမည်ဆိုသော အိုင်ဒီယာမှာ ထိုကာလမတိုင်မီကတည်းက တရုတ်ပြည်တွင် အမြစ်တွယ်နေခဲ့ပြီး ဖြစ်ပါသည်။ ပြောရလျှင် တရုတ်ပြည်မှ အရှေ့တောင်အာရှသို့ ပျံ့နှံ့သွားခြင်း ဖြစ်တန်ရာသည်။

နောက်ထပ်ဖြစ်နိုင်ခြေတစ်ခုမှာ CPB အနေနှင့် ထိုစဉ်ကာလ မိမိ၏အင်အားနှင့် အရေးပါမှုကို အလွန်အကျွံ ပိုတွက်ခဲ့သည်လည်း ဖြစ်နိုင်ပါသည်။ ဤကာလအတွင်း ကြီးပမ်းရရှိခဲ့သည့် မြန်မာကွန်မြူနစ်များ၏ နိုင်ငံတကာ အဆက်အသွယ်များကလည်း ဤသို့ အလွန်အကျွံ တွက်ချက်မိစေရန် စေ့ဆော်မှုဖြစ်ကောင်းဖြစ်နိုင်သည်။ ကာလကတ္တားမှ ပြန်ရောက်ပြီး မကြာမီမှာပင် သခင်ဗသိန်းတင်အပါအဝင် CPB ခေါင်းဆောင်များ၊ ပျဉ်းမနား တောင်သူလယ်သမားညီလာခံ တက်ရောက်ခဲ့ကြသည်။ ညီလာခံကာလအတွင်း ကွန်မြူနစ်များ၏ စိတ်အားထက်သန်တက်ကြွမှုကို အထင်အရှားပင် တွေ့နိုင်ပါသည်။

အိပ်ချ်အင်ဂိုရှယ်က လယ်သမားများကို 'အခွန်ပေးစရာမလို၊ လွတ်လွတ်လပ်လပ်ထွန်ယက်စိုက်ပျိုးခွင့် ရစေရမည်' စသဖြင့် ကတိပေးပြောကြားခဲ့သည်။ အမှန်စင်စစ်ဂိုရှယ်ကို ယခုလို လယ်သမားထုကြားတွင် တွေ့ရသည်မှာ ဖြစ်တောင့်ဖြစ်ခဲသာ ဖြစ်သည်။ သူ့တာဝန်မှာ အလုပ်သမားစည်းရုံးရေး ဖြစ်သည်။ သခင်ဗဟိန်း ကွယ်လွန်ပြီးကတည်းက 'ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂကွန်ဂရက်' (ABTUC) ကို ဂိုရှယ် တာဝန်ယူခဲ့သည်။ အထူးသဖြင့် သူ၏တာဝန်မှာ ရန်ကုန်ရှိ အိန္ဒိယနွယ်ဖွားအလုပ်သမားများကို စည်းရုံးဖို့ ဖြစ်ပါသည်။ ပျဉ်းမနားညီလာခံသို့ ရဲဘော်အော်လ်ဂါနှင့် ကာလကတ္တားကွန်ဖရင့်တက်ခဲ့သူ မလေးရှားတစ်ဦးလည်း လေ့လာသူများအဖြစ်တက်ရောက်ခဲ့ကြသည်။ ပျဉ်းမနားညီလာခံအပြီး ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် မတ်လ ၂၇ ရက်နေ့တွင် CPB က ကြီးမှူးပြီး ဂျပန်တော်လှန်ရေးအထိမ်းအမှတ် လူထုအစည်းအဝေးကြီးကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် ကျင်းပခဲ့သည်။ ဤအစည်းအဝေးတွင် တက်ရောက်လာကြသော အလုပ်သမားထု ၃,၀၀၀ ကို သခင်သန်းထွန်းက မိန့်ခွန်းခြွေခဲ့သည်။

ပြောရလျှင် အိပ်ချ်အင်ဂိုရှယ်မှာ CPI ဒုတိယကွန်ဂရက် မကျင်းပမီကပင် အိန္ဒိယသို့ ရောက်ရှိနေခဲ့ပြီးဖြစ်သည်။ သို့နှင့်အမျှ အာရှကွန်မြူနစ်လှုပ်ရှားမှုများရှိ အပြောင်းအလဲများကို အနီးကပ် လေ့လာခွင့်ရခဲ့သည်။ သူ အိန္ဒိယမှာ ရှိနေစဉ်အတွင်း မြန်မာကွန်မြူနစ်များ၏ နောင်အနာဂတ် မဟာဗျူဟာအတွက် ကောက်ကြောင်းချနိုင်စေရန် စစ်တမ်းတစ်ခု ပြင်ဆင်ပြုစုခဲ့သည်ဟု ဆိုသည်။ 'ဂိုရှယ်စစ်တမ်း'ဟု လူပြော

www.burmeseclassic.com

www.burmeseclassic.com



များကြသည့် အဆိုပါစာတမ်းတွင် စစ်သင်တန်းပေးရေး၊ ပြောက်ကျားစစ်ပွဲဆင်နွှဲရေး တို့ကို အဆိုပြုထားရာ CPB ၏ ယခင် ဘရောက်ဒါလမ်းကြောင်းနှင့် သိသိသာသာ ခွဲထွက်သွားသည့် သဘောပင် ဖြစ်သည်။

သို့နှင့်တိုင် ဆိုခဲ့ပါ ဂိုရှယ်စစ်တမ်းဆိုသည်နှင့် ပတ်သက်လျှင် ယခုထက်တိုင် ရှင်းရှင်းလင်းလင်းမရှိလှသေးဟု ဆိုရပါလိမ့်မည်။ CPB အနေနှင့် အဆိုပါစာတမ်းကို ဘယ်တုန်းကမှ ပုံနှိပ်ထုတ်ဝေခြင်းမရှိခဲ့ဟု ဆိုသည်။ ရန်ကုန်တွင် ဤစာတမ်းကို ဖြန့်ဝေခဲ့သည်မှာ အခြားလမ်းကြောင်းတစ်ခုမှ ဖြစ်သည်။ အထူးသဖြင့် မတ်လကတည်းက ပါတီနှင့် ကင်းကွာသွားသော ဦးသိန်းဖေ (ရဲဘော်သိန်းဖေ) မှ ဖြစ်နိုင်သည် စသဖြင့် ဆိုသည်။ မည်သို့ပင်ရှိစေ ရန်ကုန်ရှိ အစိုးရအနေနှင့်မူ CPB ၏ ပေါ်လစီ အပြောင်းအလဲကို တိုး၍ တိုး၍ စိုးရိမ်မကင်းဖြစ်လာသည်မှာကား အမှန်ပင် ဖြစ်ပါသည်။ သို့နှင့်အမျှ မတ်လ ၂၇ ရက်နေ့ညမှာပင် လွတ်လပ်သော မြန်မာနိုင်ငံ၏ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းက CPB ထိပ်တန်းခေါင်းဆောင်များကို ဖမ်းဆီးဖို့ အမိန့်ပေးလိုက်ပါတော့သည်။

ထိုနေ့က အတွေ့အကြုံကို သခင်ဗသိန်းတင်က ယခုလို ပြန်ပြောပြပါသည်။ 'အဲဒီနေ့မနက်က ပါတီခေါင်းဆောင်တွေကို ရှုံးတက်ဖို့ လာခေါ်နေကျကား ရောက်မလာဘူးဗျ။' သို့အတွက် သခင်ဗသိန်းတင်က အမှတ် ၁၃၀ ဗားကရာလမ်းရှိ ပါတီဌာနချုပ်ကို သူ့လူတစ်ယောက်လွှတ်ပြီး စုံစမ်းခိုင်းလိုက်သည်။ သည်တော့မှပင် မနေ့ညက ဌာနချုပ်ကို ရဲတပ်ဖွဲ့ဖြင့် ဝင်စီးကြောင်း သိရသည်ဟု ဆိုပါသည်။ သို့ဖြင့် ထိုနေ့မနက် ၁၁ နာရီ ၃၀ မိနစ်တွင် ပေါလစ်ဗျူရိုအဖွဲ့ဝင်များဖြစ်ကြသော သခင်သန်းထွန်း၊ သခင်ဗသိန်းတင်နှင့် ရဲဘော်ဘတင် (ဂိုရှယ်) တို့ အရေးပေါ်အစည်းအဝေး ကျင်းပခဲ့ကြသည်။ ဤအစည်းအဝေးမှပင် မြေအောက်လုပ်ငန်း တာဝန်ခံများမှလွဲ၍ ရန်ကုန်ရှိ ပါတီအလုပ်သမားအားလုံး ကျေးလက်ဒေသများသို့ ထွက်ခွာသွားကြရန် အမိန့်ပေးခဲ့သည်ဟု ဆိုသည်။

CPB အသိုင်းအဝိုင်း၏ အလိုအရမူ အဆိုပါ ဆုံးဖြတ်ချက်မချမီကပင် ပါတီ၏ ထိပ်ပိုင်းခေါင်းဆောင်များကြား သဘောကွဲလွဲမှုရှိနေသည်ဟု ဆိုပါသည်။ ဂိုရှယ်က လူထုအုံကြွမှုများ အထွေထွေသပိတ်များဖြင့် ရန်ကုန်ကို ပထမသိမ်းပိုက်သင့်သည်ဟု အဆိုပြုသည်။ (ရုရှား အောက်တိုဘာ တော်လှန်ရေးမှာလို 'သပိတ်စုံ သူပုန်ထ' လမ်းကြောင်းဖြစ်သည်။) သခင်သန်းထွန်းနှင့် သခင်ဗသိန်းတင်တို့ကမူ ကျေးလက်တွင် အခြေခံစခန်းများ တည်ဆောက်ပြီးမှ မြို့တွေကိုဝိုင်း၊ နောက်ဆုံး မြို့တွေသိမ်း ဆိုသော မော်ဝါဒီများ၏ မဟာဗျူဟာကို ဦးစားပေးတင်ပြသည်။ (တရုတ်တော်လှန်ရေး

www.burmeseclassic.com

www.burmeseclassic.com



ပုံစံ၊ ကျေးလက်အခြေခံမြို့ဝိုင်း) ဗမာပြည်တော်လှန်ရေး မဟာဗျူဟာ၏ အခြေခံ ကောက်ကြောင်းဟု ဆိုကြသော ကျော်ကြားလှသည့် စစ်တမ်းကို ဂိုရှယ် ရေးခဲ့သည် ဆိုသော အယူအဆမှာ ဆိုခဲ့ပါ အပြောအဆိုများနှင့်မှ ဆီလျော်မှုမရှိလှဟု ဆိုရပါလိမ့်မည်။

(ပြည်ပမှ ထုတ်ဝေခဲ့သော ယခုအခါ ပြည်တွင်းတွင်လည်း ထုတ်ဝေပြီးဖြစ်သော ဝင်းတင့်ထွန်း၏ 'အမှောင်ကြားက ဗမာပြည်' စာအုပ်တွင်မူ 'ဂိုရှယ်စစ်တမ်း' မရှိဟု အခိုင်အမာဆိုပါသည်။ သူ၏အလိုအရ ဂိုရှယ်စစ်တမ်းကို ဖတ်ဖူးသူမှာ နှစ်ဦးသာရှိပြီး (ဦးသိန်းဖေမြင့်နှင့် ဦးနု) သူတို့နှစ်ဦးစလုံးကို ပေးဖတ်သူမှာလည်း ဦးကျော်ငြိမ်းတစ်ယောက်တည်း ဖြစ်နေသည်ဟု ဆိုသည်။ သို့အတွက် ဂိုရှယ်စစ်တမ်း ဆိုသည်မှာ လုံးဝမရှိသော ဦးကျော်ငြိမ်းက တမင်ဖန်တီးထားသော ကုလားဖန်ထိုးချက် ဆိုသည့် သဘောမျိုး ရေးထားသည်ကို တွေ့ရသည်။ ဂိုရှယ်စစ်တမ်း မရှိဆိုသည်ကို ဝင်းတင့်ထွန်းက ကွယ်လွန်သူ CPB ဗဟိုကော်မတီဟောင်း လေထီးဦးအုန်းမောင်ဖြင့် သာဓကတင်သည်။ ယနေ့ထက်တိုင် သက်ရှိထင်ရှားရှိနေသော CPB ဗဟိုကော်မတီဟောင်း သခင်တင်မြကမူ ဂိုရှယ်စစ်တမ်းရှိသည်ဟု ဆိုသည်။ သို့တစေ ထိုစဉ်က လေထီးဦးအုန်းမောင်မှာ ပေါလစ်ဗျူရိုထဲ မပါသလို သခင်တင်မြသည်လည်း CPB သို့ မရောက်သေးပါ။ အလံနီပါတီ၊ ဗဟိုကော်မတီသာ ဖြစ်ပါသည်။

သို့နှင့်တိုင် ၁၉၈၉ ခုနှစ်က ဂျာမနီနိုင်ငံ ဟမ်းဘတ်မှ ထုတ်ဝေခဲ့သော Klus Fleischmann တည်းဖြတ်သည့် Document on Communism in Burma 1945-1977 တွင်မူ အဆိုပါ 'ဂိုရှယ်စစ်တမ်း'ကို ဖော်ပြထားသည်။ အမည်အပြည့် အစုံမှာ 'လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေနှင့် ကျွန်ုပ်တို့တာဝန်များ' (On the Present Political Situation in Burma and Our Tasks) ဟူ၍ ဖြစ်ပါသည်။

စာရေးသူ (ဘာသာပြန်သူ) ဆက်စပ်စဉ်းစားရသလောက်ဆိုရလျှင် ဂိုရှယ် စစ်တမ်းခေါ် အဆိုပါစာတမ်းမှာ အမှန်ပင် ရှိခဲ့ပါလိမ့်မည်။ သို့တစေ CPB ဗဟို ကော်မတီထဲတွင် တရားဝင်ချပြရသေးသည်တော့ မဟုတ်တန်ရာ။ ပေါလစ်ဗျူရိုတွင် သာ ဆွေးနွေးနေကြဆဲ ဖြစ်မည်ထင်သည်။ ပေါလစ်ဗျူရိုတွင် ကွဲလွဲနေကြသည်မှာ လည်း ရုရှားလမ်းကြောင်းလော၊ တရုတ်လမ်းကြောင်းလောဆိုသည့် နည်းဗျူဟာပိုင်း တွင်သာ ဖြစ်သည်။ စစ်တမ်းပါ ယေဘုယျ လက်နက်ကိုင်တော်လှန်ရေးကိုမူ ဂိုရှယ် ရော၊ သခင်သန်းထွန်းတို့ပါ လက်ခံကြဟန်ရှိပါသည်။ သို့တိုင်အောင် ဗဟိုကော်မတီ ထဲတွင်မူ လက်နက်ကိုင်လမ်းစဉ်ကို လက်မခံကြသူ တော်တော်များများရှိနေသေး၍ ချမပြသေးခြင်းဖြစ်လိမ့်မည်ဟု ယူဆရပါသည်။ သို့အတွက် ၁၉၄၈ မတ်လ ၂၈ ရက် အဖြစ်အပျက်မှာ ဗဟိုကော်မတီဆုံးဖြတ်ချက်ဖြင့် တရားဝင် လက်နက်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးဆင်နွှဲသည့်သဘော မဖြစ်နိုင်ဟု သဘောရပါသည်။ ထိုစဉ်က အာဏာရဆိုရှယ်လစ်ခေါင်းဆောင်များနှင့်ရော၊ ကွန်မြူနစ်ခေါင်းဆောင်များနှင့်ပါ ရင်းနှီးသော စာရေးဆရာကြီး ဒဂုန်တာရာကလည်း ဤသို့ပင် မှတ်ချက်ပြုပါသည်။ ဘာသာပြန်သူ၏ ထင်မြင်ချက်)

သည်လိုနှင့် ၁၉၄၈ ဧပြီလသို့ ရောက်သောအခါ CPB ၏ ခေါင်းဆောင်အားလုံး ရန်ကုန်ကိုစွန့်ပြီး တောခိုသွားခဲ့ကြပါတော့သည်။ ပထမဆုံး သေနတ်သံထွက်ပေါ်လာခဲ့သည်မှာကား ဧပြီ ၂ ရက်က ဖြစ်ပွားခဲ့သော ပဲခူးခရိုင် ပေါက်ကုန်းကြီးတိုက်ပွဲတွင် ဖြစ်သည်။ ဤသေနတ်သံဖြင့်စခဲ့သော မြန်မာပြည် ပြည်တွင်းစစ်မှာယနေ့တိုင် မပြီးနိုင်မစီးနိုင် ဆက်လက်ဖြစ်ပေါ်နေခဲ့ရသည်။ လက်နက်ကိုင်တိုက်ပွဲဆင်နွှဲမည်ဆိုသော ဆုံးဖြတ်ချက်ကို ပါတီခေါင်းဆောင်မှုမှ တရားဝင် အတည်ပြုနိုင်ခဲ့သည်မှာကား ထိုနှစ် (၁၉၄၈) မေလတွင် ကျင်းပခဲ့သော တောင်ငူခရိုင် ကျောက်ကြီးပေါက် ဗဟိုကော်မတီအစည်းအဝေးမှ ဖြစ်ပါသည်။ ရဲဘော်ဘတင် (ဂိုရှယ်) မှလွဲ၍ ဗဟိုကော်မတီအားလုံးက 'သပိတ်စုံ သူပုန်ထ' လမ်းကြောင်းကို ငြင်းပယ်ပြီး မော်စီတုန်း၏ မဟာဗျူဟာ ကျေးလက်ဒေသ ပြောက်ကျားစစ်ပွဲဆင်နွှဲရေးကို ထောက်ခံအတည်ပြုခဲ့ကြသည်။

CPB ၏ သရုပ်ခွဲ စိစစ်ချက်အရ မြန်မာနိုင်ငံမှာ 'ကိုလိုနီတစ်ပိုင်း၊ ပဒေသရာဇ်တစ်ပိုင်း လူ့အဖွဲ့အစည်း' ဖြစ်လေရာ ပစ္စည်းမဲ့တော်လှန်ရေးတစ်ရပ်အတွက် အခြေအနေ မရင့်မှည့်သေးဟု သုံးသပ်ခဲ့ကြသည်။ အဆိုပါ အိုင်ဒီအိုလိုဂျီကြောင့်ပင် ထိုစဉ်ကာလလောက်မှစ၍ CPB အနေနှင့် မြို့ပြဒေသတိုက်ပွဲများကို လုံလောက်စွာ အလေးထားခြင်း မရှိတော့ပါချေ။ သို့နှင့်အမျှ ယခင်ရရှိပြီးသော အတော်အတန်ကျယ်ပြန့်သည့် လူထုထောက်ခံမှုများကို လျင်လျင်မြန်မြန် ဆုံးရှုံးလက်လွှတ်သွားခဲ့ရတော့သည်။ အထူးသဖြင့် မီးရထားအလုပ်သမားများ၊ သင်္ဘောကျင်းအလုပ်သမားများ၊ သတ္တုတွင်းအလုပ်သမားများ၊ ရေနံမြေအလုပ်သမားများနှင့် စာရေးစာချီ ဝန်ထမ်းများကြားတွင် ဖြစ်သည်။ သို့နှင့်တိုင် CPB မှာ မြန်မာ့နိုင်ငံရေး၏ စွမ်းသန်သော အင်အားစုတစ်စု ဖြစ်မြဲ ဖြစ်နေခဲ့ပါသေးသည်။ ၁၉၅၀ ပြည့်လွန်နှစ်များတစ်လျှောက်လုံး ရန်ကုန်ရှိ မြေအောက် ကလာပ်စည်းများနှင့် အခြား မြို့ပြစင်တာများ မှာ ဆက်လက်လှုပ်ရှားရှင်သန်နေခဲ့ပါသည်။

CPB က ၎င်း၏ လက်နက်ကိုင်တော်လှန်ရေးကို ယေဘုယျအားဖြင့် ကာလအပိုင်းအခြား ငါးခု ခွဲခြားဖော်ပြပါသည်။ (၁၉၆၈ ခုနှစ်က ပန်ဆန်းတွင် တွေ့ဆုံခဲ့သော သခင်ဗသိန်းတင်နှင့် အင်တာဗျူး) ၁၉၄၈ မှ ၁၉၅၅ မှာ လက်နက်ကိုင်တိုက်ပွဲအရှိန်အမြင့်ဆုံးနှစ်များ ဖြစ်သည်။ ဤကာလအတွင်း ပါတီအနေနှင့် မြန်မာပြည်

www.burmeseclassic.com

www.burmeseclassic.com



အလယ်ပိုင်းရှိ ကျေးလက်ဒေသ အမြောက်အမြားကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ ၁၉၅၅ မှ ၁၉၆၃ မှာ လက်ယာအမှားများ ကျူးလွန်ခဲ့သည့်ကာလဟု ဆိုပါသည်။ ဤအတွင်း ပါတီခေါင်းဆောင်မှုဘက်မှ ရန်ကုန်အစိုးရနှင့် စေ့စပ်ညှိနှိုင်းဖို့ စိတ်အားထက်သန်ကြောင်း ပြသခဲ့သည်။ ၁၉၆၃ မှ ၁၉၆၈ မှာ ပေကျင်းမှ အသေးစိတ်စီစဉ်ပေးသော အရှေ့မြောက်ဒေသ ထိုးဖောက်တိုးဝင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် ကာလဖြစ်သည်။

၁၉၆၈ မှ ၁၉၇၅ အတွင်းတွင်ကား အရှေ့မြောက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် သံလွင်အရှေ့ခြမ်းတွင် အခြေခံဒေသသစ်တစ်ခု တည်ဆောက်နိုင်ခဲ့သည်။ ၁၉၇၅ သို့ ရောက်သောအခါ '၇၅၁၀'ဟု အမည်ဝှက်ပေးထားသော စီမံချက်ကို စတင် အကောင်အထည်ဖော်ခဲ့ပါသည်။ (၇၅၁၀ ဆိုသည်မှာ ၁၉၇၅ ခုနှစ် ၁၀ လပိုင်း အောက်တိုဘာလကို ညွှန်းသည်။) ဤစီမံချက်၏ ရည်မှန်းချက်မှာ သံလွင်မြစ်ကို ဖြတ်ကျော်ပြီး အရှေ့မြောက်အခြေခံဒေသနှင့် မြန်မာပြည်အလယ်ပိုင်းရှိ ယခင်အမာခံ နယ်မြေဟောင်းများကို ချိတ်ဆက်နိုင်ဖို့ ဖြစ်သည်။ သို့နှင့်တိုင် ဤစီမံချက်မှာ ဘယ်သောအခါမှ လက်တွေ့ ဖြစ်မလာခဲ့တော့ပါ။ ဤအရေးနိမ့်မှုမှပင် နောက်ဆုံးတစ်နေ့ CPB ကျဆုံးခန်းသို့ ဦးတည်သွားခဲ့ပါတော့သည်။

## ၁၉၄၈–၁၉၅၅

ကွန်မြူနစ်တို့၏ တော်လှန်ပုန်ကန်မှုမှာ တစ်နှစ်အတွင်းမှာပင် တိုင်းပြည်အနှံ့ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။ CPB အနေနှင့် 'ဗမာပြည်သူ့လွတ်လပ်ရေးတပ်မတော်'' (PLAB) အလံတော်အောက်တွင် လက်နက်ကိုင်ပါတီတပ်သား ၁၅,၀၀၀ ခန့်အထိ စုစည်းနိုင်ခဲ့သည်။ (သခင်ဗသိန်းတင်က အင်အား ၁၅,၀၀၀ ဟု ပြောခဲ့သော်လည်း History of Modern Burma စာအုပ်တွင်မူ အင်အား ၂၅,၀၀၀ ဟု ဖော်ပြထားသည်။) ထိုစဉ်က လူသိများထင်ရှားသည့် မြန်မာတော်တော်များများ CPB နှင့် လျှို့ဝှက်ဆက်သွယ်ခဲ့ကြသည်။ သူတို့ထဲတွင် ရဲဘော်သုံးကျိပ်ဝင်နှစ်ဦးလည်း ပါသည်။ ဗိုလ်ရဲထွဋ်နှင့် ဗိုလ်ရန်အောင်တို့ ဖြစ်ပါသည်။ ပြည်သူ့အရေးတော်ပုံပါတီ (PRP) ခေါင်းဆောင်တစ်ဦးဖြစ်သူ သခင်ချစ်မှာ ၁၉၄၆ ခုနှစ်ကပင် CPB သို့ ကူးပြောင်းခဲ့ပြီး ဖြစ်သည်။

ထို့မျှမက ကန္ဒီသဘောတူညီချက်အရ ခွင့်ပြုထားသော ဗမာ့တပ်မတော် တပ်ရင်းငါးရင်းမှ တပ်ရင်းနှစ်ရင်း၏ တပ်တွင်းပုန်ကန်မှုတစ်ခုလည်း ဤကာလမှာပင် ပေါ်ထွက်လာခဲ့သည်။ ဘားမားရိုင်ဖယ်တပ်ရင်း ၁ နှင့် တပ်ရင်း ၃ တို့မှာ မဂ်လာဒုံ ပို့ဆောင်ရေးတပ်ခွဲနှင့်ပေါင်းပြီး 'တော်လှန်သော ဗမာ့တပ်မတော်' (RBA) ကို ထူ

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကာ ကွန်မြူနစ်များနှင့် မဟာမိတ်လုပ်ခဲ့ကြသည်။ RBA မှာ အင်အား ၃,၀၀၀ ခန့်ရှိပြီး ရဲဘော်သုံးကျိပ်ဝင်တစ်ဦးဖြစ်သူ ဗိုလ်ဇေယျက ဦးဆောင်ခဲ့သည်။ ၁၉၄၈ ဇူလိုင်တွင် ပြည်သူ့ရဲဘော်အဖွဲ့ (PVO) နှစ်ခြမ်းကွဲသွားပြီး တစ်ခြမ်း (ရဲဘော်ဖြူ) က 'ပြည်သူ့ရဲဘော်ပါတီ (PCP) ထောင်ကာ အစိုးရကို တော်လှန်ပုန်ကန်ခဲ့သည်။ ၁၉၄၉ ဇန်နဝါရီ ၃၁ ရက်တွင် ကရင်လူမျိုးစုများက လက်နက်ကိုင်တော်လှန်ပုန်ကန်ခဲ့ကြပြီး ပအိုဝ့်၊ ကရင်နီ (ကယား) နှင့် မွန်အဖွဲ့များသည်လည်း အလားတူ ပုန်ကန်ခဲ့ကြသည်။ အရှေ့ပါကစ္စတန် (ယခု ဘင်္ဂလားဒေ့ရှ်) အနီး ရခိုင်ဒေသတွင်လည်း မူဂျာဟစ်သူပုန်များ လက်နက်ဆွဲကိုင် ပုန်ကန်ခဲ့ကြသည်။

ကွန်မြူနစ်တို့၏ တိုက်ခိုက်မှု တော်တော်များများမှာ ရန်ကုန်မြို့၏ မြောက်ယွန်းယွန်း ပဲခူးခရိုင်မှ စတင်ခဲ့ကြပါသည်။ သို့တိုင်အောင် ၁၉၄၉ ခုနှစ် မတ်လသို့ ရောက်သောအခါ CPB နှင့် ကရင်တပ်ဖွဲ့များ ပူးပေါင်းပြီး မန္တလေးကို ဝင်စီးကာ ရက်သတ္တပတ်အနည်းငယ်မျှ သိမ်းထားနိုင်ခဲ့သည်။ သရက်၊ ပြည်၊ သာယာဝတီနှင့် အခြားမြို့ တော်တော်များများကိုလည်း သူပုန်များကပင် ကာလတစ်ခု သိမ်းပိုက်ထားနိုင်ခဲ့သည်။ ဤသို့ လက်နက်ကိုင် တော်လှန်ပုန်ကန်သူများဘက်မှ ဤမျှ မြန်မြန်ဆန်ဆန် စစ်ရေး အသာစီးရလာသည်မှာ မြန်မာ့တပ်မတော်မှ တိုက်စွမ်းရည် အထက်ဆုံးတပ်မှူးတစ်ဦးဖြစ်သည်ဆိုသည့် ဗိုလ်နော်ဆိုင်း ၁၉၄၉ ဖေဖော်ဝါရီတွင် ကရင်လက်နက်ကိုင်များနှင့် ပူးပေါင်းသွားသောကြောင့် ဖြစ်သည်။

ဗိုလ်နော်ဆိုင်းမှာ ကချင်အမျိုးသားတစ်ဦးဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်များကို ရွပ်ရွပ်ချံချံ တိုက်ခိုက်ခဲ့မှုကြောင့် ဗြိတိသျှ၏ သူရဲကောင်းဘွဲ့ ချီးမြှင့်ခံရသူဖြစ်သည်။ မကြာမတင် အချိန်အတွင်းမှာပင် ဗိုလ်နော်ဆိုင်းမှာ ကွန်မြူနစ်များအပါအဝင် လူမျိုးစု လက်နက်ကိုင်အင်အားစုများ စုစည်းထားသည့် 'အထက်ဗမာပြည် စစ်ဆင်ရေး'၏ တပ်မှူးကြီး ဖြစ်လာသည်။ သို့တစေ ဗိုလ်နော်ဆိုင်းက သူ့ဇာတိ ကချင်လူမျိုးစုများကြားတွင် အုံကြွပုန်ကန်မှုတစ်ခု စတင်နိုင်ရန် ကချင်ပြည်နယ်သို့ ချီတက်သွားခဲ့သည်။ ဗိုလ်နော်ဆိုင်း၏ ရည်မှန်းချက်ကား မအောင်မြင်ခဲ့ပါ။ နောက်တစ်နှစ် ၁၉၅၀ တွင် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း မုံးကိုးအနီးမှာပင် ဗိုလ်နော်ဆိုင်းနှင့် သူ့တပ်ဖွဲ့ ရာအနည်းမျှကို ဗမာ့တပ်မတော်က ချောင်ပိတ်နိုင်ခဲ့သည်။ သို့ဖြင့် ဗိုလ်နော်ဆိုင်းတို့အဖွဲ့မှာ နယ်စပ်ကိုဖြတ်ပြီး တရုတ်ပြည်ထဲသို့ ဆုတ်ခွာသွားခဲ့ရသည်။ တရုတ်အစိုးရက သူတို့တပ်ဖွဲ့ကို လက်နက်ဖြုတ်ပြီး တရားမဝင် နိုင်ငံရေးခိုလှုံခွင့်ပြုခဲ့သည်။ ကွေ့ကျိုးပြည်နယ်တွင် အခြေချနေထိုင်ခွင့်ပါ ပေးခဲ့ပါသည်။

စိတ်ကူးပေါက်သလို ကတိုက်ကရိုက် စုစည်းခဲ့ကြပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုပါ အားနည်းလှသည့် 'အထက်ဗမာပြည် စစ်ဆင်ရေး' အောင်မြင်မှု မရခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



မှာ အံ့သြစရာတော့လည်း မဟုတ်ပါချေ။ ရန်ကုန်အစိုးရမှာ အိန္ဒိယမှ စစ်ရေးအကူအညီ အမြောက်အများ ရရှိခဲ့သည်။ ပြန့်ကျဲနေသော တပ်ဖွဲ့များကို ပြန်လည်စုစည်းပြီး စည်းလုံးညီညွတ်မှုမရှိသော သူပုန်များကို ပြန်လည် ထိုးစစ်ဆင်နိုင်ခဲ့သည်။ ထိုသည်၏နောက် ၁၉၅၀ စက်တင်ဘာ ၁ ရက်တွင် CPB ၏ ဗမာပြည်သူ့လွတ်မြောက်ရေး တပ်မတော် (PLAB)နှင့် တော်လှန်သော ဗမာ့တပ်မတော် (RBA)တို့ ပေါင်းကာ 'ပြည်သူ့တပ်မတော်' အဖြစ် ပြန်လည် ဖွဲ့စည်းခဲ့ကြသည်။ သခင်သန်းထွန်းမှာ စစ်သေနာပတိချုပ်ဖြစ်လာပြီး ဗိုလ်ဇေယျကို ပြည်သူ့တပ်မတော်၏ စစ်ဦးစီးချုပ်အဖြစ် တာဝန်ပေးခဲ့သည်။

ဤကာလမှာပင် 'မြို့ကြီးများ တိုက်ခိုက်သိမ်းပိုက်ရေးပေါ်လစီ'ကို အကြီးအကျယ် တိုက်ခိုက်ဝေဖန်လာကြသည်။ (အမှန်စင်စစ် မြို့များကို ခေတ္တခဏ သိမ်းပိုက်နိုင်ခဲ့သော်လည်း အစိုးရ တန်ပြန်ထိုးစစ်ဆင်လာသည်နှင့် လက်လွှတ်ဆုတ်ခွာခဲ့ရသည်သာ ဖြစ်ပါသည်။) ဤပေါ်လစီမှာ မော်စီတုန်း၏ 'ကျေးလက်အခြေခံမြို့ဝိုင်း' လမ်းကြောင်းနှင့် မကိုက်ညီဟု ဆိုသည်။ သို့ဖြင့် မြို့ပြဒေသများ ဦးတည်တိုက်ခိုက်ရေးကို စွန့်လွှတ်ဖို့ ဖြစ်လာသည်။ နောက်ဆုံး တိုက်ခိုက်ခဲ့သည့်မြို့ဆိုရ၍ ၁၉၅၀ နှောင်းပိုင်းက လယ်ဝေးနှင့် ၁၉၅၁ အစောပိုင်းက မြင်းခြံအနီး နွားထိုးကြီးတို့သာ ရှိသည်။ ဤနှစ်မြို့လုံးကိုလည်း မသိမ်းပိုက်နိုင်တော့ပါ။ ထိုစဉ်မှစ၍ ကျေးလက်ဒေသ ပြောက်ကျားဇုန်များ တည်ဆောက်ရေးကိုသာ အဓိကအာရုံပြု ဆောင်ရွက်လာခဲ့ပါတော့သည်။

အသစ်ဖွဲ့စည်းလိုက်သော ပြည်သူ့တပ်မတော်ကို မဟာဗျူဟာရည်မှန်းချက်အတွက် တပ်မကြီးလေးခုဖြင့် ဖွဲ့စည်းလိုက်သည်။ တပ်မကြီး (၁) ၏ စစ်နယ်မြေမှာ ပဲခူးရိုးမ မြောက်ပိုင်းဒေသ ပျဉ်းမနား၊ မကွေးနှင့် ပြည် ဖြစ်သည်။ တပ်မကြီး (၂) က ကျောက်ဆည်၊ မြင်းခြံ၊ စစ်ကိုင်း၊ မန္တလေးတစ်ဝိုက် ကျေးလက်ဒေသများနှင့် အထက်ဗမာပြည်တွင် လှုပ်ရှားဖို့ ဖြစ်သည်။ တပ်မကြီး (၃) က ပဲခူးရိုးမ တောင်ပိုင်းဒေသ တောင်ငူ၊ ပဲခူး၊ ဟံသာဝတီနှင့် ရန်ကုန်တစ်ဝိုက်၊ တပ်မကြီး (၄) က ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အခြေစိုက် လှုပ်ရှားကြဖို့ ဖြစ်သည်။ အဆိုပါ တပ်မကြီးလေးခုအပြင် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသနှင့် အရှေ့တောင်ပိုင်း တနင်္သာရီတို့တွင် ဒေသခံ -တပ်မဟာများကိုလည်း ဖွဲ့စည်းထားသည်။ ရခိုင် ဒေသတွင်ကား တပ်မဟာ မရှိ၊ ဒေသခံ ပြည်သူ့စစ်သာ ရှိသည်။

၁၉၄၉ ခုနှစ်မှစ၍ ကွန်မြူနစ်များအနေနှင့် မြေရှင်ကြီးများထံမှ မြေများကို သိမ်းယူပြီး မြေမဲ့ယာမဲ့ လယ်သမားများကို ဝေခြမ်းပေးခဲ့သည်။ အမှန်စင်စစ် ဒုတိယကမ္ဘာစစ်ပြီးခါစက စခဲ့သောအလုပ်ကို ပြန်ဆက်ခြင်းဖြစ်ပါသည်။ ဤသည်ကို မြေယာ

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးဟု ခေါ်ပါသည်။ ပျဉ်းမနားဒေသတွင် ဤလုပ်ငန်းကို ဖိဖိစီးစီး ဆောင်ရွက်နိုင်ခဲ့ရာ အတော်အတန်ကြီးမားသော လူထုထောက်ခံမှု ရခဲ့သည်။ သို့နှင့်တိုင် အထက်ဗမာပြည်စစ်ဆင်ရေး အရေးနိမ့်သွားသောအခါ CPB တိုက်ခိုက်ရေးတပ်များမှာ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားလေတော့သည်။ ပါတီခေါင်းဆောင်တွေက 'လက်တစ်ကမ်းသာ လိုတော့သည်ဆိုသော အောင်ပွဲ'မှာ သူတို့အတွက် လိုက်လေဝေးလေ ဖြစ်နေတော့သည်။

အဆိုပါ အကျပ်အတည်းကို ဖြေရှင်းနိုင်ရေးအတွက် CPB က ၁၉၅၁ ခုနှစ်တွင် ပျဉ်းမနားခရိုင်ရှိ ရွာတစ်ရွာမှာ ဗဟိုကော်မတီ အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပခဲ့ပါသည်။ တရုတ်တော်လှန်ရေး အောင်ပွဲရခဲ့သည်မှာ ကွန်မြူနစ်များအနေနှင့် ဂျပန်ခုခံဆန့်ကျင်ရေးစစ်ပွဲတွင် ကူမင်တန်နှင့် လက်တွဲခဲ့သောကြောင့် ဖြစ်သည်။ ထိုသည်၏နောက် နိုင်ငံခြား ကျူးကျော်သူများကို ဆက်လက်ဆန့်ကျင်ခဲ့ရာ နောက်ဆုံး ကူမင်တန်ကို ထိုင်ဝမ်နှင့် မြန်မာပြည် အရှေ့မြောက် နယ်မြေအချို့သို့ မောင်းထုတ်နိုင်သည်အထိ အောင်မြင်မှုရခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံခြားကျူးကျော်သူများကို ဆန့်ကျင်ရန်၊ ရန်ကုန်အစိုးရနှင့် ညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့ခြင်းအားဖြင့် အလားတူ တရုတ်မဟာဗျူဟာမျိုးကို လက်တွေ့ ကျင့်သုံးနိုင်လိမ့်မည်ဟု ထိုစဉ်က CPB ကေဒါအချို့ကြားတွင် ခိုင်ခိုင်မာမာ ယုံကြည်သူများ ရှိနေခဲ့သည်။ သူတို့ဆိုလိုသော 'နိုင်ငံခြားကျူးကျော်သူ' ဆိုသည်မှာ ၁၉၄၉–၅၀ ကာလက ယူနန်နယ်မှ နယ်စပ်ကိုဖြတ်ပြီး မြန်မာ့ပိုင်နက်ထဲ ဆုတ်ခွာဝင်ရောက်လာကြသော ကူမင်တန်တပ်ဖွဲ့များပင် ဖြစ်သည်။

ဤစဉ်းစားချက်မှပင် 'ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရလမ်းစဉ်' (PCG) ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ အဆိုပါလမ်းစဉ်အောက်တွင် ကွန်မြူနစ်တို့၏ မြေယာတော်လှန်ရေးကြောင့် ထိခိုက်နစ်နာခဲ့ရသော မြေရှင်များနှင့် ပြန်လည်သင့်မြတ်စေရန်အတွက် CPB ကိုယ်တိုင် လယ်သမားများသို့ ဝေပေးပြီးဖြစ်သော မြေယာများကို မြေရှင်များသို့ ပြန်ပေးခဲ့သည်များ ရှိခဲ့သည်။

အကျိုးဆက်ကား လယ်သမားများ၏ သားများဖြစ်သော CPB တပ်သားများမှာ စိတ်ပျက်လက်ပျက်ဖြင့် ပြည်သူ့တပ်မတော်ကို စွန့်ခွာပြီး သူတို့ဇာတိရွာများသို့ ပြန်ပြေးကုန်ကြခြင်း ဖြစ်ပါသည်။ ရန်ကုန်အစိုးရအနေနှင့်လည်း CPB ၏ ညီညွတ်ရေးတပ်ပေါင်းစု ကမ်းလှမ်းချက်ကို ဘယ်သောအခါကမှ လက်ခံခဲ့သည်မဟုတ်ပါ။ ဤဖြစ်စဉ်အတွင်း ကွန်မြူနစ်များမှာ ၎င်းတို့၏ တိုက်ခိုက်ရေးတပ်ဖွဲ့ တစ်ဝက်နီးပါးခန့်ကို ဆုံးရှုံးခဲ့ရသည်။ အစိုးရဆန့်ကျင်ရေး လက်နက်ကိုင်တိုက်ပွဲလည်း အရေးနိမ့်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၅၅–၁၉၆၃

၁၉၅၅ ခုနှစ်တွင် CPB ဗဟိုကော်မတီက ဒုတိယအကြိမ် အရေးပေါ်အစည်းအဝေး ကျင်းပခဲ့ပါသည်။ မင်းဘူးမြို့အနောက်ဘက် ရခိုင်ရိုးမအနီး စေတုတ္တရာဒေသရှိ 'ဝါးရုံပင်စခန်း'တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ မြေအောက်ရောက်နေသော ဗမာကွန်မြူနစ်ခေါင်းဆောင်အားလုံးနီးပါးလောက် စုံစုံညီညီ တက်ရောက်ကြသော ဗဟိုကော်မတီအစည်းအဝေး ဖြစ်သည်။ သခင်သန်းထွန်း၊ ဂိုရှယ်၊ ဗိုလ်ရဲထွင်၊ သခင်တင်မြ (သခင်တင်မြမှာ သခင်စိုးအုပ်စုကို စွန့်ခွာပြီး ပင်ရင်း CPB နှင့် ပြန်လည်ပူးပေါင်းခဲ့သူဖြစ်သည်။) သခင်ချစ်၊ သခင်ဇင်၊ ဒေါက်တာနတ် (ရဲဘော်ထွန်းမောင်)၊ သခင်ဖေတင့်နှင့် အခြားရဲဘော် တော်တော်များများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ဤအစည်းအဝေးမှာပင် CPB ၏ ခုနစ်နှစ်တာကာလ လက်နက်ကိုင်တော်လှန်ရေး အတွေ့အကြုံများကို ပြန်လည်သုံးသပ်ခဲ့ကြပြီး လုံးဝသစ်လွင်သော လမ်းစဉ်သစ် ချမှတ်ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ကြသည်။ အောက်ပါကောက်ချက် သုံးရပ်ကိုလည်း နိဂုံးချုပ်ခဲ့ကြသည်။

၁။ CPB မှာ ဗမာလူထုနှင့် ကင်းကွာလာခဲ့သည်။

၂။ သို့အတွက် လက်နက်ကိုင်တော်လှန်ရေးကို စွန့်လွှတ်ပြီး အိမ်နီးချင်း အိန္ဒိယမှ CPI လို ဥပဒေတွင်း အတိုက်အခံ ပါတီတစ်ရပ်အဖြစ် ရပ်တည်သင့်သည်။

၃။ လူထုကို စည်းရုံးလှုံ့ဆော်ပြီး ယခင်အင်အားမျိုး ပြန်ရပြီးမှသာ နောင်အဆင့်တစ်ဆင့်တွင် လက်နက်ကိုင်တိုက်ပွဲဆင်နွှဲဖို့ ဖြစ်နိုင်၊ မဖြစ်နိုင် ပြန်လည်စဉ်းစားသင့်သည်–ဆိုသော နိဂုံးကောက်ချက်သုံးရပ် ဖြစ်ပါသည်။

သည်လိုနှင့် ၁၉၅၆ ခုနှစ် ဆိုဗီယက်ကွန်မြူနစ်ပါတီ၏ (၂၀) ကြိမ်မြောက် ကွန်ဂရက်သို့ ရောက်လာတော့သည်။ မြန်မာပြည်ရှိ CPB ၏ တောတွင်းစခန်းသို့ မော်စကိုမှ သတင်းတွေ ရောက်လာသည်။ စတာလင်မှာ အပုပ်ချခံလိုက်ရပြီး ဆိုဗီယက်ယူနီယံကိုယ်တိုင်က 'ဆိုရှယ်လစ်စနစ်သို့ ငြိမ်းချမ်းစွာ ကူးပြောင်းရေး' ကို မျှော်ကြည့်လာသည်။ ၁၉၅၇ ခုနှစ်တွင် ပြည်သူ့ရဲဘော်ပါတီ (PCP) တစ်ခုလုံး လက်နက်ချသွားသည်။ သခင်တင်မြ အပါအဝင် CPB ကေဒါ တော်တော်များများလည်း လက်နက်ချကုန်သည်။ ဤကာလအကြောင်းကို သခင်ဗသိန်းတင်က ယခုလို မှတ်မှတ်ရရ ပြန်ပြောပါသည်။

"ကျွန်တော်တို့ပြောတဲ့ 'ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်' ဆိုတာပေါ့ဗျာ။ လက်နက်ကိုင်တိုက်ပွဲ ဖျက်သိမ်းရေးပေါ့။ ကျွန်တော်တို့ဌာနချုပ်ကတော့ ပျဉ်းမနားဒေသမှာပဲ ဆက်ရှိနေဆဲပါ။ တိုက်ပွဲအချို့လည်း ရှိခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာတော့ တစ်ပြေးတည်း ပြေးနေရတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အစိုးရအနေနှင့် CPB ကို တရားဝင် လှုပ်ရှားခွင့်မပြုတော့သည့်တိုင် ၁၉၄၈ ခုနှစ် လက်နက်ကိုင်တော်လှန်ရေး စတင်ကတည်းက ကွန်မြူနစ်များနှင့် ပတ်သက်သော အစိုးရပေါ်လစီမှာ စစ်ရေးအရ ဖိအားပေးခြင်းနှင့် နိုင်ငံရေးနည်းဖြင့် ပြဿနာဖြေရှင်းနိုင်ရန် ကြိုးပမ်းခြင်းတို့ကို ပေါင်းစပ်ထားသည့်သဘော ရှိပါသည်။ (၁၉၅၃ ခုနှစ်အထိ CPB ကို မတရားသင်း ကြေညာခဲ့သည်မဟုတ်ပါ။) ၁၉၄၈ ခုနှစ် မေလကပင် ထိုစဉ်က ဝန်ကြီးချုပ်ဦးနုက 'လက်ဝဲညီညွတ်ရေးအစီအစဉ်' တစ်ရပ်ကို တင်ပြခဲ့ပြီးဖြစ်သည်။ ကွန်မြူနစ်ခြိမ်းခြောက်မှုကို လျော့ပါးပျက်ပြယ်စေရန် ရည်ရွယ်ဟန်ရှိသော အဆိုပါအစီအစဉ်တွင် ကျေးလက်ဒေသ မြေယာပြုပြင်ပြောင်းလဲရေးကို အဓိကဦးစားပေး ဖော်ပြခဲ့သည်။ ဒီမိုကရေစီနည်းကျ ဒေသန္တရအုပ်ချုပ်ရေးကိုလည်း စတင်ကျင့်သုံးစေခဲ့သည်။ ဤနည်းဗျူဟာများဖြင့် ကျေးလက်ဒေသရှိ ကွန်မြူနစ်ဩဇာကို ချည့်နဲ့သွားစေရန် အတိုင်းအတာတစ်ရပ်အထိ စီစဉ်နိုင်ခဲ့သည်ဟု ဆိုရပါလိမ့်မည်။ (အမှန်စင်စစ် ဤကာလအတွင်း CPB ၏ နိုင်ငံရေးဩဇာ ကျဆင်းခဲ့ခြင်းမှာ CPB ၏ ကိုယ်ပိုင်အမှားများကြောင့်လည်း ဖြစ်ပါသည်။)

စစ်မြေပြင်တွင် အောင်မြင်မှုအချို့ ရခဲ့ပြီးသည့်နောက် ၁၉၅၀ မေလသို့ ရောက်သောအခါ ဦးနုအစိုးရက လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တစ်ရပ် ကြေညာခဲ့သည်။ ဤကြေညာချက်တွင် လက်နက်စွန့်မည့် သူပုန်အားလုံးကို ပြစ်မှုများမှ ကင်းလွတ်ခွင့်ပြုမည်ဟု ကတိပေးခဲ့သည်။ ဤသည်မှာလည်း CPB အတွက် အစိုးရ၏ နောက်ထပ် နိုင်ငံရေးအရ ထိုးနှက်ချက်တစ်ခု ဖြစ်ပါသည်။

၁၉၄၈ ခုနှစ် CPB တောထဲသို့ ရောက်သွားသည်နှင့် ၎င်း၏ လူထုလူတန်းစား အဖွဲ့အစည်းများမှာ ဥပဒေဘောင်အတွင်း ကျန်ရစ်ခဲ့သော 'ဗမာပြည်ဆိုရှယ်လစ်ပါတီ' (BSP) စည်းရုံးရေးမှူးများ၏ ဩဇာအောက်သို့ ကျရောက်သွားတော့သည်။ BSP မှာ ပိုမိုကျယ်ပြန့်သော တပ်ပေါင်းစုဖြစ်သည့် ဖဆပလ (AFPFL) တွင် 'ပါတီထဲမှ ပါတီတစ်ခု' လို ဖြစ်လာသည်။ ကွန်မြူနစ်သင်္ကေတ အသွင်သဏ္ဌာန်တော်တော်များများကို ဆက်လက်ထိန်းသိမ်းထားသလို 'မတ်ခ်ဝါဒ' ကို ခံယူသည်ဟုလည်း တရားဝင်ကြေညာထားသည်။ 'အလုပ်သမားအစည်းအရုံးအဖွဲ့ချုပ် (ဗမာနိုင်ငံ) [TUC (B)] နှင့် 'ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး' (ABPO) တို့မှာ BSP ၏ လူထုလူတန်းစား အဖွဲ့အစည်းများ ဖြစ်လာသည်။

သို့နှင့်တိုင် ဗမာပြည်ဆိုရှယ်လစ်ပါတီ (တရားဝင်အမည်မှာ 'ပြည်သူ့လွတ်လပ်ရေး ဆိုရှယ်လစ်ပါတီ' ဖြစ်ပါသည်။) မှာ ဥရောပ ကွန်မြူနစ်ပါတီများနှင့်တော့ မတူပါ။ ဗြိတိသျှ လေဘာပါတီနှင့်သာ ပို၍ နီးစပ်တူညီသည်ဟု ဆိုရပါလိမ့်မည်။ သို့တစေ သမိုင်းပညာရှင်တစ်ဦးဖြစ်သူ 'ဟရူတင်ကာ'ကမူ ဗြိတိသျှဆိုရှယ်လစ်များနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဗမာဆိုရှယ်လစ်များကြားတွင် အဓိက ခြားနားချက် တစ်ရပ်ရှိသည်ဟု ဆိုပါသည်။ ဗြိတိသျှ လေဘာပါတီတွင် အလုပ်သမားသမဂ္ဂများနှင့် သဘောထားတင်းမာသော အလုပ်သမား လူတန်းစားခေါင်းဆောင်များ၏ ဩဇာ အတော်အတန်ကြီးသည်။ ဗမာဆိုရှယ်လစ်များကြားတွင်ကား ဤမျှ ဩဇာကြီးလှသည်မဟုတ်။ TUC (B) မှာ BSP ၏ လက်အောက်ခံ အဖွဲ့အစည်းသာသာမျှသာရှိပြီး BSP ခေါင်းဆောင် အားလုံးလောက်မှာလည်း ခနရှင်ပညာတတ်တွေသာ ဖြစ်သည်။ ပြောရလျှင် အလုပ်သမား၊ လယ်သမား မိသားစုမှလာသော ဆိုရှယ်လစ်ခေါင်းဆောင်ဆို၍ တစ်ယောက်မှ ရှိသည်မဟုတ်။ သတင်းစာဆရာ၊ ရှေ့နေ၊ ကျောင်းဆရာ၊ စီးပွားရေးသမား ဘဝများမှ နိုင်ငံရေးနယ်ပယ်သို့ ရောက်လာကြသည်က များသည်။ အလုပ်ကြမ်းသမားဘဝမှ လက်ရှိ အဆင့်နေရာ ရောက်ရှိလာသူဆို၍ တစ်ယောက်မှမရှိဟု ဆိုရမည်သာ ဖြစ်ပါသည်။

သို့ဖြစ်လင့်ကစား BSP ထဲမှ သဘောထား ပျော့ပျောင်းသော ခေါင်းဆောင်များ ဖြစ်ကြသည့် ဦးကျော်ငြိမ်း၊ ဦးဘဆွေတို့နှင့် မတ်ခ်ဝါဒသင်ကြားချက်များကို ပို၍ စွဲမြဲပြီး ဆိုဗီယက်အုပ်စုနှင့်လည်း ပို၍ နီးစပ်သည့် အလုပ်သမားသမဂ္ဂဝါဒီ သခင်လွင် တို့ကြားတွင်မူ ပြင်းထန်သော သဘောကွဲလွဲမှုများ ရှိနေခဲ့သည်။ ၁၉၅၀ ပြည့်နှစ် မေလ ၁ ရက်နေ့တွင် သခင်လွင်က TUC (B) အနေနှင့် ဆိုဗီယက်တို့ ကမကထ ပြုထားသော 'ကမ္ဘာ့အလုပ်သမား သမဂ္ဂများဖက်ဒရေးရှင်း' နှင့် ဆက်သွယ်မည်ဟု ကြေညာလိုက်သောအခါ အကွဲအပြဲမှာ မလွဲမရှောင်သာ ဖြစ်လာရတော့သည်။ စက်တင်ဘာ ၂၁ ရက်နေ့တွင် သခင်လွင်ကို ဖဆပလမှ ထုတ်ပစ်လိုက်ရာ သခင်လွင် ကလည်း အောက်တိုဘာ ၇ ရက်နေ့တွင် သူ ဦးဆောင်နေသော TUC (B) ကို ဖဆပလမှ နုတ်ထွက်စေခြင်းဖြင့် တုံ့ပြန်လိုက်သည်။ သည်လိုနှင့် ဗမာပြည်ဆိုရှယ်လစ် ပါတီ ကွဲပါလေတော့သည်။

ပါတီခေါင်းဆောင် ၄၃ ဦးက 'ဘဆွေ–ကျော်ငြိမ်းဂိုဏ်း' ဆိုသည်ကို ရှုတ်ချ လိုက်ပြီး 'ဗမာပြည်အလုပ်သမား လယ်သမားပါတီ' (BWPP) အမည်ဖြင့် ပါတီသစ် ထောင်လိုက်ကြသည်။ 'ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး' (ABPO) ခေါင်းဆောင် သခင်ချစ်မောင် (သာယာဝတီသခင်ချစ်မောင်– နောင် ဝိဇ္ဇရ) လည်း ပါတီသစ်တွင် ပါဝင်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် BWPP နှင့် အခြား လက်ဝဲ အဖွဲ့အစည်းများရော သဘောထားမတင်းမာလှသည့် ဖဆပလ ဆန့်ကျင်ရေးအင်အားစု အချို့ပါ စုစည်းပြီး 'ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု' (NUF) (ပမညတ) ကို ဖွဲ့စည်းခဲ့ကြသည်။ အဆိုပါ ပမညတအဖွဲ့ကြီးမှာ ၁၉၅၆

www.burmeseclassic.com



ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မဲဆန္ဒရှင်အားလုံး၏ ၃၀ ဒသမ ၄ ရာခိုင်နှုန်းအထိ ရရှိခဲ့သည်။ အောက်လွှတ်တော်တွင် အမတ် ၂၅၀ အနက် ၄၈ နေရာရရှိပြီး အဓိကအတိုက်အခံအဖွဲ့ကြီး ဖြစ်လာသည်။ ၁၉၅၇ ခုနှစ်တွင် 'ပြည်သူ့ရဲဘော်ပါတီ' (PCP) ဥပဒေဘောင်အတွင်းသို့ ပြန်ရောက်လာပြီး ပမညတနှင့် ပေါင်းစည်းလိုက်ရာ မြန်မာ့နိုင်ငံရေးတွင် လက်ဝဲအင်အားစုများ ပြန်လည်အားသစ်လာခဲ့ပါတော့သည်။

BWPP (မြန်မာဂျာနယ်လစ်များက 'ဆိုရှယ်နီ'ဟုလည်း ခေါ်ကြသည်)ကို မြေပေါ် ကွန်မြူနစ်ပါတီဟု ဖော်ပြကြသည်များလည်း ရှိသည်။ ဤသို့ ယူဆကြသည်မှာ BWPP နှင့် CPB တို့၏ ဆက်ဆံရေးသည် ဖိလစ်ပိုင်ရှိ လက်ရှိအနေအထားနှင့် တစ်နည်းအားဖြင့် တူညီနေသောကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ဖိလစ်ပိုင်တွင် မြေအောက် ဖိလစ်ပိုင် ကွန်မြူနစ်ပါတီအနေနှင့် ၎င်း၏ မြေပေါ်လက်ရုံးဟု ဆိုကြသော 'ပြည်သူ့ပါတီ' (Bayan) ရှိသည်။ သို့နှင့်တိုင် သခင်ချစ်မောင်ကိုယ်တိုင်ကမူ မိမိတို့နှစ်ပါတီ၏ ပေါ်လစီများတွင် တူညီချက် တော်တော်များများရှိသည့်တိုင် BWPP အနေနှင့် CPB နှင့် မည်သို့သော တိုက်ရိုက်အဆက်အသွယ်မှ မရှိဟု ငြင်းဆိုပါသည်။ အမှန်စင်စစ် BWPP နှင့် ပို၍ နီးနီးစပ်စပ် နှိုင်းယှဉ်ဖို့ကောင်းသည်မှာ အိန္ဒိယရှိ ကွန်မြူနစ်ပါတီများ ဖြစ်ပါလိမ့်မည်။

သခင်ဗသိန်းတင်ကမူ BWPP ကို 'လက်ယာသွေဖီရေး'ဟု ယူဆသည်။ BWPP က ပါလီမန်စနစ်ကို လက်ခံသည့်အတွက် သူ ဤသို့ ယူဆသည်မှာလည်း အံ့ဩစရာတော့ မဟုတ်ပါချေ။ သို့တစေ BWPP မှာ ရန်ကုန်ရှိ ဆိုဗီယက်သံရုံးမှ လျှို့ဝှက်အထောက်အပံ့များ ရရှိနေသည်ဆိုသော စွပ်စွဲချက်များလည်း မကြာခဏဆိုသလို ထွက်ပေါ်လေ့ရှိသည်။

လက်တွေ့ကျကျဆိုရလျှင် ထိုစဉ်ကာလက CPB ၏ အခြေအနေမှာ အားနည်းလှသည်ဖြစ်ရာ မြန်မာ့အမျိုးသားနိုင်ငံရေးတွင် အရေးပါသောအခန်းမှ ပါဝင်ခဲ့သည်ဟု ပြောနိုင်ဖို့ အတော်ခက်ပါသည်။ ၁၉၅၈ ခုနှစ်တွင် အစိုးရက 'အောင်မာဃ' (အောင်ပွဲလမ်း) ဟု အမည်ဝှက်ပေးထားသော ထိုးစစ်ကြီးတစ်ရပ် ဆင်နွှဲခဲ့သည်။ မြန်မာပြည်အထက်ပိုင်းရှိ CPB အကြွင်းအကျန်များကို ချေမှုန်းဖို့ ရည်ရွယ်သည့် ထိုးစစ်ဖြစ်ပါသည်။ ဤထိုးစစ်ကြောင့် ရွှေဘိုနယ်မှာ သူပုန်ကင်းစင်နယ်မြေ (အဖြူရောင်နယ်မြေ) ဖြစ်သွားပြီး CPB ကေဒါများနှင့် တပ်ဖွဲ့များ ရန်ကုန်မြောက်ယွန်းယွန်းရှိ ပဲခူးရိုးမသို့ ဆုတ်ခွာခဲ့ကြရသည်။ ယခင် ပျဉ်းမနားဧရိယာတွင် လှုပ်ရှားခဲ့ကြသော ပြောက်ကျားတပ်ဖွဲ့များမှာလည်း ပဲခူးရိုးမသို့ပင် ဆုတ်ခွာခဲ့ရပြီးဖြစ်သည်။ သို့ဖြင့် ၁၉၅၉ ခုနှစ် နောက်ပိုင်းမှစ၍ ပဲခူးရိုးမမှာ CPB ဌာနချုပ်အခြေစိုက်စရာဒေသ ဖြစ်လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ပဲခူးရိုးမမှာ ဆင်းရဲသော တောင်ပေါ်ဒေသတစ်ခုသာ ဖြစ်သည်။ ရွာဆို၍ ၁၄ ရွာသာရှိပြီး အများစုမှာ ကရင်လူမျိုးစုတွေ ဖြစ်သည်။ ဆင်းရဲလှသော ကျေးရွာများဖြစ်၍ ပါတီအတွက် ရိက္ခာဆန်ကို တောင်ခြေမြေပြန့်မှ စုဆောင်းကြရသည်။ ပဲခူးရိုးမ လူဟောင်းတစ်ယောက်က ဤရက်များအကြောင်းကို ယခုလို မှတ်မှတ်ရရ ပြန်ပြောပါသည်။

'အင်း ခန့်မှန်းခြေအင်အား ၁,၀၀၀ လောက်ရှိမယ့် ကျွန်တော်တို့ ပြောက်ကျားတပ်ဖွဲ့တွေဆိုရင် အမြဲလို ထမင်းဆာနေရတာပေါ့ဗျာ။ လုံ့နေရင်တော့ အကောင်းဗျ။ အဲ မတ်တတ်ရပ်လိုက်ပြီဆိုတာနဲ့ မူးရိပ်၊ မူးရိပ်ဖြစ်လာတော့တာပဲ။ ဒီလောက်အခြေအနေဆိုးတဲ့ကြားထဲက ကျွန်တော်တို့တစ်တွေ စိတ်ဓာတ်မကျခဲ့ကြပါဘူးဗျာ။ ဗမာပြည်ရဲ့ နီရဲတောက်ပမယ့် အနာဂတ်ကို ကျွန်တော်တို့အားလုံး ယုံကြည်ခဲ့ကြတယ်"

ဆိုခဲ့ပြီးသည့်အတိုင်း၊ ဥပဒေတွင်း လက်ဝဲအဖွဲ့အစည်းများ၊ ရန်ကုန်တွင် လူထုထောက်ခံမှု တစ်စုံတစ်ရာ ရရှိနေချိန်မှာပင် CPB ၏ တစ်ခါက ဩဇာကြီးခဲ့သော သူပုန်စစ်တပ်မှာ တောနှင့်တောင်တွင် တစ်စစ ပြိုလဲကျဆုံးလျက် ရှိလာတော့သည်။ ဤတွင် ဗမာကွန်မြူနစ်အချို့အနေနှင့် ယခင်နှင့်မတူသော လုံးဝသစ်လွင်သည့် လမ်းကြောင်းသစ်တစ်ခုကို စတင် ရွေးချယ်လာကြသည်။ ပြောရလျှင် ၁၉၅၁ နှစ် အကုန် CPB တပ်ဖွဲ့များ၊ မြို့ပြဒေသမှ တောထဲသို့ မောင်းပို့ခံရစဉ်ကတည်းက ဗမာကွန်မြူနစ်တပ်ဖွဲ့များမှာ စစ်ရေးအကူအညီတောင်းခံရန် တရုတ်ပြည်သို့ ခြေလျင်ခရီးကြမ်း နှင်ခဲ့ကြသည်။ ၁၉၅၀ ပြည့်နှစ်ကပင် တရုတ်ပြည်နှင့် ဆက်သွယ်ဖို့ အဆင်သင့်ဖြစ်စေရန် မြန်မာပြည်အထက်ပိုင်း ကချင်ပြည်နယ် ဗန်းမော်တောင်ဘက် ကသာခရိုင်တွင် အခြေခံစခန်းတစ်ခု တည်ဆောက်ခဲ့ပြီးဖြစ်သည်။ အကယ်၍ အကူအညီများ နယ်စပ်ဖြတ်ကျော် လျှံကျလာလျှင် ရှမ်းပြည်မြောက်ပိုင်း ရွှေလီမြစ်ဝှမ်းတွင် အခြေခံလှုပ်ရှားပြီး ထိုမှ မြန်မာပြည်မ မန္တလေးထိ ထိုးဖောက်ဝင်ရောက်ဖို့ စီမံချက်ချထားခဲ့သည်။

ရဲဘော်အောင်ကြီးခေါင်းဆောင်သော CPB ကေဒါ ၃၀ ခန့်ပါသည့် ပထမအသုတ်မှာ ၁၉၅၁ ခုနှစ်တွင် ယူနန်သို့ ရောက်လာခဲ့ပါသည်။ ၁၉၅၃ မေလတွင် ထိုစဉ်က ပါတီဒုတိယဥက္ကဋ္ဌဖြစ်သူ သခင်ဗသိန်းတင်ကိုယ်တိုင် တစ်နှစ်ကြာမျှ ဆင်ဖြင့် တစ်တန်၊ ခြေလျင်တစ်မျိုး ခရီးကြမ်းနှင်ခဲ့ပြီး ထိန်ချုံးသို့ ရောက်ရှိလာသည်။ နောက်ထပ် တတိယအသုတ်လည်း ရောက်လာပြန်ရာ တရုတ်ပြည်ရောက် CPB ကေဒါအရေအတွက်မှာ စုစုပေါင်း ၁၄၃ ဦးအထိ ရှိလာသည်။ အဆိုပါ တတိယသုတ်တွင် CPB တပ်မတော်၏ဦးစီးချုပ် ဗိုလ်ဇေယျ၊ ပေါလစ်ဗျူရိုအဖွဲ့ဝင် သခင်သန်းမြိုင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဝါရင့်ဗဟိုကော်မတီဝင် သခင်ပုတို့ ပါဝင်သည်။ သူတို့ကို တရုတ်ပြည်က ကောင်းစွာ ကြိုဆိုလက်ခံပြီး စီချွမ်ပြည်နယ်တွင် နေထိုင်ခွင့်ပေးကာ စစ်သင်တန်းတက်စေခဲ့သည်။

သို့နှင့်တိုင် ထိုအချိန်အထိ စစ်ရေးအကူအညီများကား ထွက်မလာသေးပါ။ တရုတ်ပြည်အနေနှင့် CPB အတွက် ဦးနုအစိုးရနှင့် ရင်းနှီးသောဆက်ဆံရေးကို စွန့်လွှတ်လိုဟန် မရှိပါချေ။ ပြောရလျှင် မြန်မာနိုင်ငံတွင် ကွန်မြူနစ်များ အရေးနိမ့်ခဲ့ရသည်မှာလည်း ဦးနုအစိုးရ၏ စွဲမြဲသော တက်ကြွသည့် ကြားနေနိုင်ငံခြားရေးပေါ်လစီ၏ အကျိုးဆက်များနှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် ဆက်စပ်နေပါသည်။

အသစ်ရောက်ရှိလာသော CPB အဖွဲ့များကို လွန်ခဲ့သော ၁၀ စု တစ်ခုလောက်က ပျောက်ချင်းမလှ ပျောက်သွားခဲ့သော ရဲဘော်ဟောင်းတစ်ဦးနှင့် မိတ်ဆက်ပေးလိုက်သောအခါ သူတို့အားလုံး အကြီးအကျယ် အံ့သြကုန်ကြသည်။ ရန်ကုန်မှ တရုတ်ဗမာကပြား ကျောင်းသားဟောင်း ရဲဘော်အေးငွေ ဖြစ်ပါသည်။ ၁၉၄၁ ခုနှစ်က သခင်အောင်ဆန်းတစ်ယောက် ကွန်မြူနစ်များ ထိန်းချုပ်ထားသော တရုတ်ပြည်ဒေသများသို့ ရောက်မသွားကြောင်း သေချာသည်နှင့်၊ ရန်ကုန်ရှိ CPB က ရဲဘော်အေးငွေကို ကုန်းကြောင်းခရီးဖြင့် ယူနန်သို့ စေလွှတ်ခဲ့သည်။ ရဲဘော်အေးငွေအနေနှင့် ၁၉၄၁ စက်တင်ဘာလအတွင်းမှာပင် ကျူကုပ်-ဝမ်တိန်နယ်စပ် တံတားကို ခြေလျင်ဖြတ်ကျော်နိုင်ခဲ့သည်။ သို့တစေ တရုတ်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်ရဖို့အတွက်မူ ငါးနှစ်မျှ အချိန်ယူခဲ့ရသည်။ ၎င်းငါးနှစ်အတွင်း CPB နှင့်လည်း အဆက်ပြတ်သွားခဲ့သည်။ ၁၉၄၇ ရောက်တော့မှ CPC ပါတီဝင်ဖြစ်လာပြီး တရုတ်စာသင်ခဲ့ရသည်။ ၁၉၅၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းတွင် CPB ကေဒါများ မြန်မာပြည်မှ ရောက်လာသောအခါ ရဲဘော်အေးငွေကိုခေါ်ပြီး စကားပြန်အဖြစ် တာဝန်ပေးခဲ့သည်။

CPC ၏ အစီအစဉ်ဖြင့် တရုတ်ပြည်ရောက် မြန်မာကွန်မြူနစ်များကို ပေကျင်းရှိ အဆင့်မြင့်ပါတီကျောင်းတွင် တက်ရောက်စေခဲ့ပြီး 'မတ်လီနင်ဝါဒ' သင်ခန်းစာများကို သင်ယူစေခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် အဆိုပါသင်တန်းသားများထဲမှ အလားအလာကောင်းသာ လူငယ် ကေဒါသုံးဦးကို ရွေးချယ်ပြီး မော်စကိုသို့ စေလွှတ်ကာ ဆက်လက်ပညာသင်စေခဲ့သည်။ သူတို့တစ်တွေမှာ ရဲဘော်ခင်မောင်ကြီး၊ ရဲဘော်စံသူနှင့် ရဲဘော်အောင်ဝင်းတို့ ဖြစ်သည်။ ရဲဘော်ခင်မောင်ကြီးမှာ လက်ဝဲတိမ်းညွတ်သော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည့် ရန်ကုန်မှ ပညာတတ် လူငယ်တစ်ဦးဖြစ်သည်။ ရဲဘော်စံသူမှာ ဗမာပြည်အလယ်ပိုင်း ပျော်ဘွယ်မှ ပါတီဝန်ထမ်းတစ်ဦးဖြစ်သည်။ ရဲဘော်အောင်ဝင်းမှာ ၁၉၄၈-၄၉ က ရန်ကုန်မြို့တော်ပါတီ ကော်မတီဝင်ဖြစ်ပြီး 'ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ ကွန်ဂရက်' (ABTUC) ၏ အတွင်းရေးမှူးတာဝန် ယူခဲ့သူဖြစ်သည်။ ၁၉၄၉ ခုနှစ် နိုဝင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com



က ပေကျင်းတွင် ကျင်းပခဲ့သော အာရှနှင့် သမုဒ္ဒရာပိုင်း အလုပ်သမားသမဂ္ဂလှုပ်ရှားမှု ကွန်ဖရင့်သို့ ABTUC ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သူလည်း ဖြစ်ပါသည်။

သူတို့သုံးယောက်မှာ မော်စကိုမှာပင် အခြား ဗမာကွန်မြူနစ်လူငယ်နှစ်ယောက်နှင့် ဆက်သွယ်မိခဲ့သည်။ ရဲဘော်ကျော်ဇောနှင့် ရဲဘော်သိန်းအောင် ခေါ် ရဲဘော်လွင် (စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်၏မောင်) တို့ ဖြစ်ပါသည်။ ရဲဘော်ခင်မောင်ကြီးမှာ သူတို့ငါးယောက်ထဲတွင် အထူးချွန်ဆုံးဖြစ်ဖွယ်ရှိသည်။ သူသည် မော်စကို လူမှုသိပ္ပံ အကယ်ဒမီသို့ တက်ရောက်ပညာသင်ကြားခွင့်ရခဲ့ပြီး 'ဗမာနိုင်ငံ လယ်ယာပြဿနာများ' အမည်ရှိ သုတေသန စာတမ်းတစ်စောင် ရေးသားပြုစုခဲ့သည်။

ဆိုခဲ့ပါအတိုင်း CPB အဖွဲ့ဝင် တော်တော်များများ တရုတ်ပြည်နှင့် ဆိုဗီယက်ယူနီယံတွင် ရောက်ရှိနေကြသည်ကို မြန်မာအာဏာပိုင်များ သိကောင်းမှ သိကြပါလိမ့်မည်။ အကယ်၍သိလျှင်လည်း ဘယ်သူတွေမှန်း၊ ဘာတွေလုပ်နေမှန်း တိတိပပ သိကြဟန်မရှိပါ။ သို့တိုင်အောင် မြန်မာအစိုးရ၏ ပေါ်လစီတွင်မူ ကွန်မြူနစ်တစ္ဆေမှာ အလွန်အရေးပါသောအခန်းမှ အဓိကကျကျ ပါဝင်နေသည်သာ ဖြစ်ပါသည်။ ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့က ဝန်ကြီးချုပ်ဦးနုမှ တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီးနေဝင်းကို အာဏာလွှဲပြီး အိမ်စောင့်အစိုးရ ဖွဲ့စွင့်ပြုလိုက်သည့် အကြောင်းများထဲတွင် သူပုန်သူကန်ခြိမ်းခြောက်မှုမှာ အရေးကြီးသော အကြောင်းရင်းတစ်ခု ဖြစ်နိုင်ပေသည်။

ပြောရလျှင် ရောင်စုံသူပုန်များနှင့် ကူမင်တန်ကျူးကျော်သူများကို တိုက်ခိုက်ခဲ့ကြရသော ၁၉၅၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းလောက်ကပင်၊ မူလက ခပ်သေးသေးမျှသာရှိခဲ့သော ဗမာ့တပ်မတော်ကို ပြန်လည် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး၊ ထိုစဉ်ကာလမှစ၍ တပ်မတော်မှာ မြန်မာ့နိုင်ငံရေး၏ စွမ်းသန်သော အင်အားစုတစ်ခုအဖြစ် တဖြည်းဖြည်း ဖြစ်တည်လာခဲ့ပါသည်။ ၁၉၅၅ ခုနှစ်သို့ ရောက်သောအခါ တပ်မတော်မှ ၎င်း၏ ကိုယ်ပိုင်ပေါ်လစီတစ်ရပ်ပင် ဖော်ထုတ်လာသည်။ ဤပေါ်လစီအရ ဗမာ့တပ်မတော်မှာ ယခုနံ့ အင်ဒိုနီးရှားစစ်တပ်လိုပင် နိုင်ငံတော်ကာကွယ်ရေး တာဝန်သာမက အမျိုးသားနိုင်ငံရေးတွင်ပါ အခန်းကဏ္ဍတစ်ခုယူပြီး ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ရမည်ဟု ဆိုပါသည်။ ဤသဘောကို 'အမျိုးသားနိုင်ငံရေး အတွေးအခေါ်နှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ အခန်း' ဆိုသော ခေါင်းစဉ်ဖြင့် တရားဝင်ဖော်ပြလာသည်။ (၁၉၅၈ အောက်တိုဘာ ၂၁ ရက်နေ့က မိတ္ထီလာမြို့တွင် ကျင်းပခဲ့သော တပ်မှူးညီလာခံဆုံးဖြတ်ချက် The National Ideology and Role of the Defence Service) ပြည်တွင်းစစ်ကို ကာယကံမြောက်တိုက်ခိုက်ရင်း စစ်ဘောင်ကျယ်လာရာမှ တဖြည်းဖြည်း ပီပြင်လာသည့် စိတ်ဓာတ်ရေးရာ ပြန်လည်အားသစ်မှုဟု ဆိုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့က ပါလီမန်တွင် ပြောကြားခဲ့သော သူ၏မိန့်ခွန်းတွင် ဗိုလ်ချုပ်ကြီးနေဝင်းက ယခုလို အခိုင်အမာဆိုသည်။ "သူပုန်တွေဟာ သူတို့ရဲ့ ဆူပူသောင်းကျန်းမှုတွေကို အရှိန်မြှင့်လာနေကြတယ်။ တိုင်းပြည်ရဲ့ နိုင်ငံရေးမဏ္ဍိုင်ကလည်း ယိုင်လဲပြိုကျလာနေတယ်။ ဒီလိုအခြေအနေမှာ ၁၉၄၈–၁၉၄၉ ခုနှစ်ကလို ပြည်ထောင်စုကြီး ရေတိမ်မနစ်စေဖို့ သိပ်ကို အရေးကြီးပါတယ်။ ဒီတော့ ၄၈–၄၉ အဖြစ်ဆိုးမျိုး မတိုးရအောင် ကာကွယ်ဟန့်တားဖို့၊ လုံခြုံရေးအစီအစဉ်အားလုံးကို စီမံဆောင်ရွက်ဖို့တာဝန်ဟာ ကျွန်တော်တို့တပ်မတော်ရဲ့ ပခုံးပေါ် ကျရောက်လာပါတော့တယ်" စသဖြင့် . . .။

၁၉၅၅ မှ ၁၉၅၇၊ နှစ်, နှစ်တာကာလအတွင်း ပြိုကျလုလုနီးနီး ဖြစ်ခဲ့ရသော CPB ၏ အခြေအနေမှန်ကို သိနေသူများအတွက်မူ ဗိုလ်ချုပ်ကြီး၏ အဆိုပါမိန့်ခွန်းမှာ ယုံကြည်ဖို့ အတော်ခက်ပါလိမ့်မည်။ တပ်မတော်အနေနှင့် အိမ်စောင့်အစိုးရဖွဲ့ပြီး တိုင်းပြည်တာဝန်ယူဖို့လိုကြောင်း ရည်ရွယ်ချက်ရှိရှိ ဖော်ပြလိုက်သည့် မခိုင်လုံလှသော ဆင်ခြေပါဟူ၍သာ တော်တော်များများက ယူဆကြသည်။ သို့နှင့်တိုင် ဩဇာတိက္ကမကြီးသော ဂါးဒီးယန်း (စောင့်ကြပ်မှူး) သတင်းစာ အယ်ဒီတာချုပ် ဦးစိန်ဝင်းကမူ ဆိုခဲ့ပါ ဗိုလ်ချုပ်ကြီးနေဝင်း၏အဆိုကို ပံ့တင်ထပ်လိုက်သည်။ (ဂါးဒီးယန်းသတင်းစာကို တပ်က လျှို့ဝှက်ငွေကြေးထောက်ပံ့နေသည်ဆိုသော စွပ်စွဲချက်များလည်း ရှိသည်။)

ဂါးဒီးယန်းဦးစိန်ဝင်းက 'အကွဲအပြဲဇာတ်လမ်း' (The Split Story) အမည်ရှိ စာအုပ်တစ်အုပ်ကို ရေးသားထုတ်ဝေလိုက်သည်။ ၎င်းစာအုပ်တွင် 'ကွန်မြူနစ်ခြိမ်းခြောက်မှု'ဆိုသည်ကို ပုံကြီးချဲ့ဖော်ပြပြီး မြန်မာ့နိုင်ငံရေးတွင် တပ်မတော်က ပါဝင်ဆောင်ရွက်ရသည်မှာ ဖြစ်သင့်ဖြစ်ထိုက်ပါကြောင်း ကြိုးစားတင်ပြခဲ့သည်။ ယခုလို. . .၊ 'ကွန်မြူနစ်ပါတီကို တရားဝင် ပိတ်ပင်ထားသော်လည်း ကွန်မြူနစ်များမှာ ပုံသဏ္ဍာန်မျိုးစုံဖြင့် မြေပေါ်တွင် ဆက်လက်ရှိနေဆဲပင် ဖြစ်သည်။ အိမ်စောင့်အစိုးရမတိုင်မီ ၁၉၅၆ ခုနှစ်က ကြုံခဲ့ရသော ဖဆပလအကွဲအပြဲမှာ ကွန်မြူနစ်များ အာဏာရယူရေးအတွက် လမ်းခင်းပေးလိုက်သလိုပင် ရှိခဲ့သည်" . . .၊ စသဖြင့် ဂါးဒီးယန်းဦးစိန်ဝင်းက ရေးခဲ့သည်။

အမှန်စင်စစ် မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်လာခြင်းမှာ တပ်မတော်၏ ဆုံးဖြတ်ချက်ဟူ၍သာ ဆိုရပါလိမ့်မည်။ ၎င်းဆုံးဖြတ်ချက်ကြောင့်ပင် ဗမာပြည် ကွန်မြူနစ်ပါတီ ပြန်လည်အားသစ်လာနိုင်ဖို့ လမ်းခင်းပေးလိုက်သလိုလည်း ရှိခဲ့သည်။ တိတိကျကျဆိုရလျှင် ဗမာကွန်မြူနစ်များကို ပေါ်ပေါ်တင်တင် ထောက်ခံဖို့ ဆုံးဖြတ်ချက်ချစေရန် တရုတ်ပြည်ကို စေ့ဆော်ပေးလိုက်သလို ဖြစ်သွားခဲ့သည်။

၁၉၆၀ ဖေဖော်ဝါရီ၊ မတ် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးသောအခါ အိမ်စောင့်အစိုးရ နုတ်ထွက်သွားခဲ့သည်။ အဆိုပါ ရွေးကောက်ပွဲတွင် ဦးနု၏

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုပါတီ (ပထစပါတီ) အပြတ်အသတ်အနိုင်ရပြီး အရပ်သားအစိုးရ ဖွဲ့စည်းနိုင်ခဲ့သည်။ ပြည်ထောင်စုပါတီမှာ ၁၉၅၆ ခုနှစ် ဖဆပလ ကွဲစဉ်က 'သန့်ရှင်းအုပ်စု' ကို ပြောင်းလဲဖွဲ့စည်းခဲ့သည့် ပါတီဖြစ်သည်။ ပထစက မဲဆန္ဒရှင်အားလုံး၏ ၅၂ ဒသမ ၇ ရာခိုင်နှုန်း ရခဲ့သည်။ အခြားအုပ်စုတစ်ခုဖြစ်သော၊ စစ်တပ်က ပိုလိုလားသည်ဟု ဆိုကြသည့် တည်မြဲဖဆပလကမူ ၂၉ ဒသမ ၈ ရာခိုင်နှုန်းသာ ရခဲ့သည်။ ယခင်က သြဇာကြီးခဲ့သော ပမညတအဖွဲ့ကြီးမှာ မဲဆန္ဒရှင်အားလုံး၏ ၅ ဒသမ ၄ ရာခိုင်နှုန်းသာ ရတော့သည်။ ပြောရလျှင် ၁၉၆၀ ရွေးကောက်ပွဲကား စစ်ဘက်နှင့် မြေပေါ်လက်ဝဲပါတီများ အရေးနိမ့်ပြီး ပါလီမန်စနစ် အောင်ပွဲခံသည့် လူထုဆန္ဒဖော်ထုတ်ပွဲကြီးဟု ဆိုရမည်သာ ဖြစ်ပါသည်။

သို့နှင့်တိုင် 'အမျိုးသားညီညွတ်ရေး' နှင့် 'သောင်းကျန်းသူများ၏ ခြိမ်းခြောက်မှု' ဆိုသော ပြဿနာကိုကိုင်ပြီး၊ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တပ်မတော်က ဒုတိယအကြိမ် အာဏာသိမ်းလိုက်ပြန်သည်။ ယခုအကြိမ်တွင်မူ ယခင် အိမ်စောင့်အစိုးရလို ရွေးကောက်ပွဲကျင်းပပေးပြီး အရပ်သားအစိုးရကို အာဏာလွှဲပေးမည့် ရည်ရွယ်ချက် မရှိတော့ပါချေ။ အဆိုပါ စစ်ဘက်အာဏာသိမ်းမှုကို ပထမဆုံး ကန့်ကွက်ဆန္ဒပြခဲ့ကြသူများမှာ ကျောင်းသားများပင် ဖြစ်ပါသည်။ ကျောင်းသားများက ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြသော်လည်း ရန်ကုန်တက္ကသိုလ်ထဲသို့ လက်နက်ကိုင်တပ်များ စေလွှတ်ပြီး အင်အားသုံး နှိမ်နင်းစေခဲ့သည်။ ၁၉၆၂ ဇူလိုင် ၇ ရက်နေ့ အရေးအခင်း ဖြစ်ပါသည်။ အစိုးရက ကျောင်းသား ၁၅ ဦး သေဆုံးသည်ဟု တရားဝင် ကြေညာခဲ့သော်လည်း တရားမဝင် ခန့်မှန်းချက်များအရ အသေအပျောက်စာရင်းမှာ ရာနှင့်ချီသည်ဟု ဆိုသည်။ ပဲခူးရိုးမရှိ အခြေယိုင်စပြုနေပြီဖြစ်သော CPB တပ်ဖွဲ့များအတွက်ကား လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရန် တောခိုလာကြသော လူငယ်ကျောင်းသားပညာတတ်များဖြင့် အားသစ်လောင်းလိုက်သလို ရှိသွားလေတော့သည်။

## ၁၉၆၃–၁၉၆၈

၁၉၆၂ ခုနှစ် စစ်ဘက် အာဏာသိမ်းမှုမှာ မြန်မာနိုင်ငံရှိ တော်လှန်ပုန်ကန်မှုများအတွက် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ပေးလိုက်သလို ဖြစ်သွားခဲ့သည်။ လူမျိုးစုလက်နက်ကိုင် ပုန်ကန်မှုများ (အထူးသဖြင့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တွင်)မှာ အသစ်တစ်ဖန် အရှိန်မြင့်လာခဲ့သည်။ CPB အနေနှင့်မူ တရုတ်ပြည်မှ ပြောင်ပြောင်တင်းတင်း အကူအညီများ ပထမဆုံးအကြိမ်အဖြစ် လက်ခံရရှိခဲ့ပါသည်။ ယခင်ကြားနေသော ဒီမိုကရက်တစ် အစိုးရကြောင့် ရရှိခဲ့သော ဒေသတွင်းတည်ငြိမ်မှုမှာ စစ်ဘက်အာဏာသိမ်းမှုကြောင့် မတည်မငြိမ် ဖြစ်လာရသည်။ ထို့ထက် တရုတ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဟိုးရှေးမဆွကပင် ရည်မှန်းချက်ကြီးမားသော၊ တစ်ခါတစ်ရံ ကြိုတင်ခန့်မှန်းဖို့ မလွယ်သော ဗိုလ်ချုပ်ကြီးနေဝင်းနှင့်ပတ်သက်လျှင် သတိကြီးကြီးစောင့်ကြည့်နေခဲ့သည်။

ရန်ကုန်တွင် စစ်ဘက်အာဏာသိမ်းပြီးသည့်နောက် အရေးကြီးသော ဖြစ်ရပ်ကြီး ခြောက်ခု ဆက်တိုက်ဆိုသလို ထွက်ပေါ်လာခဲ့ပါသည်။

၁။ CPB ၏ ဝါဒဖြန့်ချိရေး စာရွက်စာတမ်းများနှင့် အခြားသော စာအုပ်စာပေများ ပေကျင်းတွင် ပုံနှိပ်ခွင့် ပထမဆုံးရလာသည်။ ၁၉၆၂ ခုနှစ် ဩဂုတ်လကပင် ပေကျင်းနှင့် စီချွမ်အခြေစိုက် အဝေးရောက်များပေါင်းပြီး ''ဗိုလ်နေဝင်းအစိုးရ အကြောင်း အချက်အလက်အချို့'' အမည်ရှိ စာတမ်းတစ်စောင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ မြန်မာအစိုးရ သစ်ကို ရှုတ်ချထားသည့် စာတမ်းဖြစ်ပါသည်။

၂။ ၁၉၅၀ ပြည့်လွန်နှစ်များ၏ အစောပိုင်း ယူနန်သို့ ခရီးကြမ်းနှင်ခဲ့ပြီးကတည်းက၊ တရုတ်ပြည်ရောက် ကွန်မြူနစ်များမှာ ပြည်တွင်းရှိ ပင်မပါတီနှင့် အဆက်အသွယ် ပြတ်သွားခဲ့ပါသည်။ သို့အတွက် ပဲခူးရိုးမနှင့် မြန်မာပြည်အလယ်ပိုင်းရှိ အခြားနေရာများမှ CPB တပ်ဖွဲ့များနှင့် အဆက်အသွယ်ရရေးမှာ အဝေးရောက် CPB အတွက် အပူတပြင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် ဖြစ်လာသည်။ သမိုင်း၏ ထူးဆန်းသော အချိုးအကွေ့ဟု ဆိုရမည်လားမသိ။ ဤမျှ အရေးကြီးသော အဆက်အသွယ်ရဖို့ အခွင့် အလမ်းတစ်ခု ဖန်တီးပေးလိုက်သည်မှာ အာဏာသိမ်း တပ်မတော်အစိုးရကိုယ်တိုင် ဖြစ်နေသည်။ အမှန်စင်စစ် အစိုးရမှာ အဆိုပါအခွင့်အလမ်းကို မရည်ရွယ်ဘဲ အမှုမဲ့ အမှတ်မဲ့ ဖန်တီးလိုက်သည်မျိုး ဖြစ်နိုင်သလို၊ ရည်ရွယ်ချက်ရှိရှိလည်း ဖြစ်နိုင်ပါသည်။ တပ်မတော်အစိုးရ၏ ကြီးမားသော တပ်အင်အားကို မြင်ရလျှင် သူပုန်များဘက်မှ လက်နက်ကိုင်တိုက်ပွဲကို စွန့်လွှတ်သွားလိမ့်မည်ဆိုသော မျှော်လင့်ချက်လည်း ရှိနိုင် သည်။

အာဏာသိမ်းပြီး တစ်နှစ် မရှိတရှိမှာပင် တောတွင်းလက်နက်ကိုင် အင်အားစု အားလုံးသို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကမ်းလှမ်းမှုလုပ်လိုက်သည်။ ဆွေးနွေးပွဲရလဒ် မည်သို့ပင်ရှိစေ လာရောက်ဆွေးနွေးမည့်သူများ၏ လုံခြုံရေးကို အပြည့်အဝ အာမခံ ပါမည်ဟုလည်း ကတိပြုခဲ့သည်။ သို့ဖြင့် ၁၉၆၃ ခုနှစ် ဇူလိုင် ၁၄ ရက်မှစပြီး သခင်စိုး၏ အလံနီပါတီ၊ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ကရင်၊ မွန်၊ ရှမ်း၊ ကချင် လက်နက်ကိုင်တပ်ဖွဲ့များနှင့် အခြားသောအဖွဲ့ငယ်များ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တက်ရောက်ရန် ရန်ကုန်မြို့သို့ တဖွဲဖွဲ ရောက်လာခဲ့ကြပါသည်။

ဆွေးနွေးပွဲကာလတွင် လူအများ စိတ်ဝင်စားအခံရဆုံး၊ အပေါ်လွင်ဆုံးမှာ သခင်စိုး ဟု ဆိုနိုင်ပါလိမ့်မည်။ သူက ကာကီယူနီဖောင်းဝတ်၊ လှပသော မိန်းမငယ်လေးများ

www.burmeseclassic.com

www.burmeseclassic.com



ခြံရုံပြီး ရောက်လာသည်။ ဆွေးနွေးပွဲစကားဝိုင်းတွင်လည်း သူ့ရှေ့တွင် စတာလင်၏ ဓာတ်ပုံကြီးကိုထောင်ကာ၊ ဆိုဗီယက်ခေါင်းဆောင် ခရုရှက်ဖ်၏ ပြန်လည်ပြင်ဆင်ရေးဝါဒနှင့် မော်စီတုန်း တရုတ်ပြည်၏ အချောင်သမားဝါဒတို့ကို တိုက်ခိုက်ပြောဆိုသွားခဲ့သည်။ အချိန်တိုအတွင်းမှာပင် သခင်စိုး၏ အလံနီပါတီနှင့် ဆွေးနွေးပွဲ ရပ်ဆိုင်းသွားခဲ့သည်။

ဤအချိန်မှာပင် တရုတ်ပြည်မှ ဝါရင့် CPB ခေါင်းဆောင် ၂၉ ဦး ပါဝင်သည့်အဖွဲ့တစ်ဖွဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန်ဆိုပြီး ရန်ကုန်သို့ ရောက်လာသည်။ နောင်တွင် 'ပေကျင်းပြန်' (ထိုစဉ်က အသုံးအနှုန်းအတိုင်းဆိုလျှင် 'ပီကင်းပြန်') များအဖြစ် လူသိများ ထင်ရှားလာမည့်သူတွေ ဖြစ်ပါသည်။ ရဲဘော်အောင်ကြီး၊ သခင်ပု၊ ဗိုလ်ဇေယျနှင့် သခင်ဗသိန်းတင်ကိုယ်တိုင် ထိုအဖွဲ့တွင် ပါလာသည်။ သခင်ဗသိန်းတင်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ဖို့မဟုတ်ပါ။ ဆွေးနွေးပွဲကို အခွင့်အရေးယူပြီး ပဲခူးရိုးမရှိ ပါတီဌာနချုပ်သို့ ခေတ္တပြန်လာခြင်းသာ ဖြစ်သည်။ သူနှင့်အတူ ရေဒီယို အသံလွှင့်စက်များနှင့် တရုတ်ပြည်မှ ပေးလိုက်သော အခြားအကူအညီတွေ ပါလာသည်။

ပါတီမှတ်တမ်းများအရ ကွန်မြူနစ်များအနေနှင့် မိမိတို့တပ်ဖွဲ့အားလုံးနှင့် ပါတီဝင်များကို အာဏာပိုင်များ သတ်မှတ်ပေးထားသော နေရာတွင်သာ စုထားပေးဖို့ အစိုးရက တောင်းဆိုခဲ့သည်ဟု ဆိုပါသည်။ အကယ်၍ အဆိုပါနေရာမဟုတ်သော အခြားတစ်နေရာရာတွင် ပြောက်ကျားများ၊ ကေဒါများ ကျန်ရှိနေသေးလျှင် အစိုးရကို သတင်းပေးရမည်ဟု ဆိုသည်။ ထို့ပြင်က ဆွေးနွေးနေစဉ်ကာလအတွင်း ပါတီ၏ စည်းရုံးရေးအလုပ်များနှင့် အခွန်ကောက်ခံမှုတို့ကိုပါ ရပ်ဆိုင်းထားဖို့ အစိုးရဘက်မှ တောင်းဆိုခဲ့သည်ဟု ဆိုပါသည်။ CPB ၏အမြင်တွင် အဆိုပါ တောင်းဆိုချက်များသည်ပင် အစိုးရ၏ မျက်နှာဖုံးစွပ်ထားသော သဘောထားအမှန်ဟု ယူဆသည်။ သည်လိုနှင့် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးမှုများ ရပ်စဲသွားခဲ့ပြီး လက်နက်ကိုင် အင်အားစုအသီးသီး ၎င်းတို့သက်ဆိုင်ရာ တောတွင်းစခန်းများသို့ ပြန်သွားခဲ့ကြသည်။ သခင်ဗသိန်းတင်နှင့် CPB ကေဒါတစ်ယောက်လည်း ပေကျင်းသို့ ပြန်သွားခဲ့ကြသည်။ သို့တစေ အခြားပီကင်းပြန် ၂၇ ဦးမှာ ပဲခူးရိုးမတွင် ကျန်ရစ်ခဲ့ကြပြီး ထိုအချိန်မှစ၍ ပြည်တွင်းပါတီတွင် တရားဝင်မဟုတ်သည့်တိုင် ခေါင်းဆောင်မှုနေရာ ရယူခဲ့ကြသည်။

၃။ ဤအချိန်လောက်မှာပင် နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုအတွင်း သဘောကွဲလွဲမှုများ ပေါ်ထွက်လာရာ ရဲဘော်ခင်မောင်ကြီး၊ ရဲဘော်စံသူနှင့် ရဲဘော်သိန်းအောင်တို့

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၃ ခုနှစ် နိုဝင်ဘာလတွင် ပေကျင်းသို့ ပြန်သွားခဲ့ကြသည်။ ရဲဘော်အောင်ဝင်းနှင့် ရဲဘော်ကျော်ဇောတို့မှာ ရုရှားအမျိုးသမီးများနှင့် အိမ်ထောင်ကျပြီးဖြစ်၍ မော်စကိုမှာပင် ကျန်ရစ်ခဲ့ကြသည်။ (၁၉၆၀ ပြည့်လွန်နှစ်များအတွင်း တရုတ်၊ ဆိုဗီယက် အငြင်းပွားမှု များ ပေါ်ထွက်လာရာ CPB က တရုတ်ကွန်မြူနစ်များကို ထောက်ခံခဲ့၍ ဆိုဗီယက် ယူနီယံနှင့် အရှေ့ဥရောပရှိ ဗမာကွန်မြူနစ်များကို ပေကျင်းသို့ ပြန်ခေါ်ခဲ့ခြင်း ဖြစ်ပါ သည်။)

ရန်ကုန် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ သခင်ဗသိန်းတင် ပြန်ရောက်ပြီး မကြာမတင် မှာပင် တရုတ်ပြည်ရှိ လုပ်ငန်းအဝဝကို ဦးဆောင်ညွှန်ကြားနိုင်ရန် "ခေါင်းဆောင်စု ငါးဦးအဖွဲ့"ကို ပေကျင်းမှာပင် ဖွဲ့စည်းခဲ့သည်။ ဤအဖွဲ့သည်ပင် ၁၉၆၀ ပြည့်လွန်နှစ် များအတွင်း ပြန်လည် အားသစ်လာသော CPB ခေါင်းဆောင်မှုအသစ်၏ နျူကလီးယပ်စ်သဘော ဖြစ်လာခဲ့သည်။ အဆိုပါအဖွဲ့တွင် သခင်ဗသိန်းတင်မှာ နံပါတ် တစ် ခေါင်းဆောင်ဖြစ်ပြီး မော်စကိုမှရောက်လာသော ရဲဘော်ခင်မောင်ကြီးမှာ သူ၏ ကိုယ်ရေးအတွင်းရေးမှူး တာဝန်ယူသည်။ သခင်သန်းမြိုင်၊ ဗိုလ်သန်းရွှေနှင့် ရဲဘော် တင်ရီတို့မှာ အဖွဲ့ဝင်များ ဖြစ်ကြသည်။ ဗိုလ်သန်းရွှေမှာ ဒုတိယကမ္ဘာစစ်ပြန်၊ ဝါရင့် ရဲဘော်တစ်ဦးဖြစ်ပြီး စစ်အတွင်း ဂျပန်ခေတ် စစ်တက္ကသိုလ်တွင် တက်ရောက်သင်ကြား ခဲ့သူ ဖြစ်သည်။ ရဲဘော်တင်ရီမှာ ပဲခူးမှ ကေဒါတစ်ဦးဖြစ်ပြီး ဂျပန်တော်လှန်ရေး ကာလ၊ ၁၉၄၃ ခုနှစ်ကပင် ပါတီနှင့် ဆက်သွယ်ခဲ့သူ ဖြစ်သည်။ သူတို့နှစ်ယောက် လုံးမှာ ၁၉၅၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းကပင် တရုတ်ပြည်ကို ရောက်ရှိနေခဲ့ကြ သူများ ဖြစ်ပါသည်။

၄။ ၁၉၆၃ ခုနှစ် နှောင်းပိုင်းတွင် ယူနန်ပြည်နယ်မှ မြန်မာပြည် အရှေ့မြောက် ပိုင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်လောက်မည့် လမ်းကြောင်းများကို လေ့လာဆန်းစစ် စေရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းခဲ့သည်။ ဤအဖွဲ့ကို မော်စကိုပြန်တစ်ဦးဖြစ်သော ရဲဘော် စံသူက ခေါင်းဆောင်သည်။ ဤကာလအတွင်းမှာပင် တရုတ်ပြည်ကလည်း ယူနန် ပြည်နယ်မြို့တော် ကူမင်းမှ မြန်မာနှင့်လာအို နယ်စပ်တစ်လျှောက် နေရာအမျိုးမျိုးသို့ ခရီးပေါက်မည့် နိုင်လွန်ကတ္တရာခင်း အဝေးပြေးလမ်းမသစ်ကြီးများကို ဖောက်လုပ်ခဲ့ သည်။ လာအိုတွင်လည်း ကွန်မြူနစ်လှုပ်ရှားမှုများ အားကောင်းမောင်းသန်ရှိနေသည်။

၅။ ဗိုလ်သန်းရွှေနှင့် ရဲဘော်အနည်းငယ်မှလွဲ၍ တရုတ်ပြည်ရောက် CPB ကေဒါအားလုံးလောက်မှာ မတ်ခ်ဝါဒ စာပေကျမ်းဂန်များကို ကောင်းစွာ လေ့လာထား ကြသူ ပညာတတ်များဖြစ်ကြသည့်တိုင်၊ စစ်ရေးဘက်တွင်မူ အတွေ့အကြုံမရှိကြသည်က များသည်။ ရှိသည်ဆိုလျှင်လည်း မဆိုစလောက်မျှသာ ဖြစ်သည်။ သို့တစေ ၁၉၅၀

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ပြည်ထဲသို့ ဆုတ်ခွာခဲ့ရပြီးကတည်းက ကွေ့ကျိုးပြည်နယ်တွင် သာမန်အရပ်သား ဘဝဖြင့် နေထိုင်ခဲ့ရသူ ဗိုလ်နော်ဆိုင်းနှင့် သူ့ကချင်ရဲဘော်များမှာ စစ်ရေးအတွေ့အကြုံ ကောင်းကောင်းရှိကြသူတွေ ဖြစ်သည်။ ဗိုလ်နော်ဆိုင်း၏အဖွဲ့မှာ အင်အား ၂၀၀ မှ ၃၀၀ အတွင်းရှိသည်။ ရန်ကုန်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ မတိုင်မီ ၁၉၆၃ ခုနှစ် အစောပိုင်းကပင် တရုတ်တာဝန်ရှိသူများက ဗိုလ်နော်ဆိုင်းကို စီချွမ်ပြည်နယ်သို့ ခေါ်ယူပြီး သခင်ဗသိန်းတင်နှင့် တွေ့ပေးခဲ့သည်။ မြန်မာပြည်သို့ပြန်ပြီး တိုက်ပွဲဝင်ဖို့ အချိန်ရောက်ပြီဟု ပြောခဲ့သည်။

ဤတွင် သူ အလုပ်လုပ်ရာ ကွေ့ကျိုးပြည်သူ့ဘုံအဖွဲ့မှ ထွက်ခွာဖို့ စိတ်စောနေသော ဗိုလ်နော်ဆိုင်းက မဆိုင်းမတွပင် လက်ခံလိုက်သည်။ လိုလိုလားလားပင် သဘောတူလိုက်သည်။ သူ့ရဲဘော်တွေကို စုစည်းပြီး ယူနန်ပြည်နယ်အတွင်းရှိ စခန်းတစ်ခုတွင် သူတို့၏ စစ်ရေးစွမ်းရည်ကို ပြန်လည် လေ့ကျင့်ခဲ့ကြသည်။ ရဲဘော်အေးငွေက သူတို့ကို မတ်ခ်လီနင်ဝါဒ နိုင်ငံရေးသင်ခန်းစာများ ပို့ချပေးခဲ့သည်။

၆။ တရုတ်နွယ်ဖွား ကလာပ်စည်းငယ်လေးများနှင့် ပင်မ CPB တို့ ပထမဆုံး အကြိမ် တိုက်ရိုက်ထိတွေ့မှု ရှိလာသည်မှာ ဤကာလမှာပင် ဖြစ်ပါသည်။ အမှန်စင်စစ် အဆိုပါ ကလာပ်စည်းလေးများတွင် အဖွဲ့ဝင်အရေအတွက် များလှသည်တော့ မဟုတ်ပါ။ သို့တိုင်အောင် ရန်ကုန်ရှိ တရုတ်သံရုံးက မြို့တော်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ မြို့လေးများမှ တရုတ်နွယ်ဖွားများကို CPB အခြေခံစခန်းသို့ သွားရောက်နိုင်ရန် စီစဉ်ပေးခဲ့သည်။ (ထိုစဉ်က CPB အခြေခံဒေသမှာ ရွှေလီမြစ်ကမ်းတစ်လျှောက်တွင်သာ ရှိနေဆဲဖြစ်သည်။ ၁၉၆၈ အရှေ့မြောက် စစ်ဒေသ တည်ထောင်ပြီးတော့မှ ယခုနေရာသို့ ရွှေ့သွားခဲ့သည်။) ၁၉၆၇ တရုတ်–ဗမာ အဓိကရုဏ်းနောက်ပိုင်းတွင်မှ CPB အခြေခံဒေသသို့ ရောက်လာသော ဆိုခဲ့ပါ တရုတ်နွယ်ဖွားတို့၏ အရေအတွက်မှာ သိသိသာသာ ပိုများလာခဲ့သည်။ ပြောရလျှင်၊ မူလကပင် စီစဉ်ပြီးဖြစ်သော တရုတ်တို့ ကမကထပြုသည့် CPB ၏ ရှမ်းပြည်နယ် ထိုးဖောက်ရေးစီမံချက်ကို အဆိုပါ တရုတ်–ဗမာ အဓိကရုဏ်းက ကောင်းကောင်း ဓာတ်ကူပေးခဲ့သည်ဟု ဆိုနိုင်ပါလိမ့်မည်။

(၁၉၆၇ တရုတ်–ဗမာ အဓိကရုဏ်းမှာ တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေး၏ ဂယက်ရိုက်ခတ်မှုကြောင့် တက်ကြွနေကြသော ရန်ကုန်ရှိ တရုတ်ကျောင်းသားများက မော်စီတုန်း ရင်ထိုးတံဆိပ် တပ်ဆင်ရာမှ အကြောင်းခံပေါ်ထွက်လာသော အရေးအခင်း ဖြစ်ပါသည်။ ထိုစဉ်က ရန်ကုန်တွင်လည်း ဆန်ရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရရာ အစိုးရ၏ ရည်ရွယ်ချက်ရှိရှိ ဖန်တီးမှုဟု စွပ်စွဲကြသည်များလည်း ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



ပေကျင်း အခြေစိုက် CPB အနေနှင့် ၁၉၆၄ ခုနှစ်ကပင် ယခုလို ကြေညာခဲ့ပြီး ဖြစ်သည်။ 'ကျွန်ုပ်တို့ ဗမာပြည် ကွန်မြူနစ်ပါတီအနေနှင့် နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုတွင်ရော ကျွန်ုပ်တို့ ပါတီတွင်းတွင်ပါ ပြန်လည် ပြင်ဆင်ရေးဝါဒ သို့မဟုတ် လက်ယာအချောင်သမားဝါဒကို ဦးတည်တိုက်ခိုက်လျက်ရှိပေသည်' စသဖြင့်. . .။ နိုင်ငံတကာတွင် CPB ၏ ရပ်တည်ချက်ကို 'ခရုရှက်ဖ် ပြန်လည် ပြင်ဆင်ရေးဝါဒီ' စသော ပြင်းထန်သည့် စကားလုံးတိုက်ခိုက်မှုများဖြင့် ဖော်ပြသည်။ ပြည်တွင်းတွင်ကား ပဲခူးရိုးမ၏ သွေးချောင်းစီး အပုပ်ချ တိုက်ခိုက်မှုများဖြင့် သရုပ်ထင်စေခဲ့ပါသည်။

တရုတ်ပြည်ယဉ်ကျေးမှုတော်လှန်ရေး၏ စေ့ဆော်မှုဖြင့် တက်ကြွလွန်နေကြသော ပီကင်းပြန်များက 'ပါတီတွင်းသန့်ရှင်းရေး' ဆိုသည်ကို ဆင်နွှဲလိုက်ကြသည်။ တကယ်တော့ သူတို့ပြောသော ပါတီတွင်း သန့်ရှင်းရေးဆိုသည်မှာ ပေကျင်းမှာကတည်းက စီစဉ်ခဲ့ပြီးဖြစ်သော အလွန်အရေးပါသည့် လာမည့် တိုက်ပွဲစဉ်များအတွက် ပဏာမ ပြင်ဆင်လိုက်သည့် သဘောပင် ဖြစ်ပါသည်။ ပေကျင်းမှာလိုပင် ပဲခူးရိုးမတွင်လည်း ထိတ်လန့်တုန်လှုပ်ဖွယ် 'ပြည်သူ့ခုံရုံး' တွေပေါ်လာသည်။ တရုတ်ယဉ်ကျေးမှု တော်လှန်ရေးမှာလိုပင် ပဲခူးရိုးမ ပီကင်းပြန်များကလည်း 'တပ်နီလူငယ်များ' ၏ ထောက်ခံမှုကို အရယူခဲ့ကြသည်။ အဆိုပါ တပ်နီလူငယ်များမှာ ပါတီက စောင့်ရှောက်ထားသော မိဘမဲ့ကလေးတွေ များပါသည်။ သူတို့အတွက် ပါတီသာ အမိ၊ ပါတီသာ အဖ ဖြစ်လေရာ ပါတီအပေါ် အထူးသစ္စာရှိသည်။

သည်လိုနှင့်၊ ၁၉၆၃ ငြိမ်းချမ်းရေးဆွေးနွေးပွဲကာလ CPB ပဏာမကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် တာဝန်ယူခဲ့သော ရဲဘော်ဌေးမှာ 'မြန်မာ့တိန့်ရှောက်ပင်း' တံဆိပ်တပ်ခံရပြီး အသတ်ခံခဲ့ရသည်။ ပါတီ၏ ဝါရင့်ခေါင်းဆောင် ရဲဘော်ဘတင် (ဂိုရှယ်) ကိုလည်း 'မြန်မာလျူရှောက်ချီ' တံဆိပ်တပ်ကာ သတ်ပစ်လိုက်ကြသည်။ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဗိုလ်ရန်အောင်မှာလည်း အလားတူ သုတ်သင်ခံလိုက်ရသည်။ အခြား ရဲဘော်သုံးကျိပ်ဝင်တစ်ဦးဖြစ်သူ ဗိုလ်ရဲထွဋ်မှာ ၁၉၆၃ ခုနှစ်ကပင် အလင်းဝင်ခဲ့ပြီးဖြစ်ရာ ပဲခူးရိုးမ ငရဲခန်းများနှင့် လွတ်သွားခဲ့သည်။

၁၉၆၂ အာဏာသိမ်းမှုနောက်ပိုင်း CPB သို့ ဆက်သွယ်တောခိုလာကြသော ပညာတတ် တော်တော်များများလည်း ဤဖြစ်စဉ်တွင် အသတ်ခံခဲ့ရသည်။ တရားဝင်မဟုတ်သည့်တိုင် အဆိုပါ အပြုအမူများကို 'ဖြုတ်–ထုတ်–သတ် ပေါ်လစီ' (Three Ds) ဟု ရည်ညွှန်းဖော်ပြခဲ့ကြပါသည်။ 'တာဝန်မှ ဖြုတ်' (Dismissed from office)၊ 'ပါတီမှ ထုတ်' (Dispelled from party)၊ 'အပြီးတိုင်ဖယ်ရှား သို့မဟုတ် သတ်' (Disposed) ဆိုသည်ကို ညွှန်းသည်။ သခင်ဗသိန်းတင်ကမူ ဆိုခဲ့ပါ 'ဖြုတ်–

www.burmeseclassic.com

www.burmeseclassic.com



ထုတ်–သတ်' ပေါ်လစီကို 'ပါတီတွင်းတော်လှန်ရေး'ဟု ဆိုပါသည်။ ဤပေါ်လစီကြောင့် အသတ်ခံရသူပေါင်းမှာ ၅၃ ဦးထက် မပိုပါဟု ပြောသည်။ တရုတ်ပြည်ရောက်ရဲဘော်များထဲမှ သခင်သန်းမြိုင်ကိုလည်း အပုပ်ချတိုက်ခိုက်ကာ တရုတ်ပြည်ရှိ အလုပ်ကြမ်းစခန်းတစ်ခုတွင် ချောင်ထိုးထားခဲ့ကြသည်။ စိတ်ဓာတ်ရေးရာအရ ပြန်လည်တည်ဆောက်ပြီးပြီဟုဆိုသော ၁၉၇၃ ခုနှစ်ရောက်တော့မှ ပြန်လွှတ်ပေးခဲ့သည်။

(မှတ်တမ်းအချို့က သခင်သန်းမြိုင်မှာ ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း သုတ်သင်ခံခဲ့ရသည်ဟု ရေးခဲ့ကြသည်။ ဥပမာ – *၁၉၈၉ ခုနှစ်က ဟမ်းဘတ်မှ ထုတ်ဝေသော Klaus Fleischmann ၏ စာအုပ်။* သို့တိုင်အောင် သခင်ဗသိန်းတင်နှင့် နီးစပ်သော အသိုင်းအဝိုင်းကမူ ယခု စာရေးနေချိန်ထိ စီချွမ်ပြည်နယ်တွင် သခင်သန်းမြိုင်တစ်ယောက် သက်ရှိထင်ရှားရှိနေဆဲဟု ဆိုပါသည်။)

ပီကင်းပြန်များအနက် သဘောထားတင်းမာသူတစ်ဦးမှာ ဗိုလ်တိုက်အောင်ဟု ဆိုကြသည်များ ရှိသည်။ ဗိုလ်တိုက်အောင်မှာ ပဲခူးအနီး ဝေါမြို့ဇာတိဖြစ်ပြီး လယ်သမားမိသားစုမှ မွေးဖွားလာသူ ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်သော တစ်ယူသန်တစ်ဦးဟု သူ့ကို မြင်ကြသည်။ အခြားထင်ရှားသည့် ပီကင်းပြန်တစ်ဦးဖြစ်သူ ဗိုလ်ဇေယျမှာ ၁၉၆၇ ခုနှစ်က ဖြစ်ပွားခဲ့သော သာယာဝတီအနီး တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ ရဲဘော်အောင်ကြီးမှာလည်း ၁၉၆၈ တွင် ကျဆုံးခဲ့ပြီး သခင်ပုမှာ ၁၉၆၉ ခုနှစ်က အဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဤသို့ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီမှာ ၎င်း၏ မဟာစီမံချက်ကြီး လက်တွေ့အကောင်အထည် မဖော်နိုင်မီမှာပင်၊ ငါးနှစ်တာ အလွန်အကျွံ သွေးချောင်းစီးကာလများကို ရင်ဆိုင်ဖြတ်သန်းခဲ့ရပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



CPB တိုက်ခိုက်ရေးရဲဘော်များ
(Photo; CPB Archives)

www.burmeseclassic.com

www.burmeseclassic.com



CPB တိုက်ခိုက်ရေး ရဲဘော်များ
(Photo; CPB Archives)



CPB စစ်သည်များနှင့် တရုတ်လက်နက်
(Photo; CPB Archives)

www.burmeseclassic.com


www.burmeseclassic.com



မြန်မာ့တပ်မတော်ဘက်မှ သိမ်းဆည်းရမိသည့် လက်နက်များ
(Photo; Bertil Lintner)

www.burmeseclassic.com

www.burmeseclassic.com




CPB ခေါင်းဆောင်များ ဆွေးနွေးညှိနှိုင်းနေစဉ်
(Photo; CPB Archives)




CPB နှင့် NDF တို့၏ အစည်းအဝေး၊ ၁၉၈၆
(Photo; CPB Archives)

www.burmeseclassic.com

www.burmeseclassic.com



ပန်ဆန်းမှ စာသင်ကျောင်း
(Photo; Hseng Noung Lintner)



ပန်ဆန်းတွင် တွေ့ရသည့် CPB စစ်သည်များ
(Photo; CPB Archives)

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်တင်ရီ
(Photo; Hseng Noung Lintner)



ရဲဘော်ဇော်မိုင်
(Photo; Hseng Noung Lintner)

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော် မျိုးမြင့်
(Photo; CPB Archives)



ရဲဘော် မြသောင်း
(Photo; Bertil Lintner)

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ရဲထွန်း
(Photo; Hseng Noung Lintner)



ဘာတင်းလစ်တနာ၊ သခင်ဗသိန်းတင်နှင့် ရဲဘော်ခင်မောင်ကြီး
(Photo; Hseng Noung Lintner)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

# အရှေ့မြောက် အခြေခံဒေသ

# (၁၉၆၈-၁၉၇၀)

၁၉၆၈ ခုနှစ် နှစ်သစ်ကူးနေ့၏ ဝေလီဝေလင်း မနက်ခင်း၊ ဗိုလ်နော်ဆိုင်းနှင့် သူ၏ ကချင်ရဲဘော်များ၊ နယ်စပ်ကိုဖြတ်ကျော်ကာ မြန်မာနိုင်ငံထဲသို့ ဝင်ရောက်လာခဲ့ကြသည်။ သူတို့ ဝင်ရောက်လာကြသည့်နေရာမှာ ရှမ်းပြည်အရှေ့မြောက်ပိုင်း တရုတ်-မြန်မာ နယ်စပ်ရှိ မုံးကိုးမြို့လေးမှ ဖြစ်သည်။ လွန်ခဲ့သော ၁၈ နှစ်က ဗိုလ်နော်ဆိုင်းတို့တစ်တွေ တရုတ်ပြည်ထဲသို့ ဆုတ်ခွာခဲ့ကြရသော နေရာမှပင် ဖြစ်ပါသည်။ သို့နှင့်တိုင် ယခုအကြိမ်တွင်ကား ဗိုလ်နော်ဆိုင်းနှင့် သူ၏အင်အား ၃၀၀ ရှိ ကချင်ရဲဘော်များမှာ လက်နက်ခဲယမ်း၊ ရိက္ခာအပြည့်အစုံ တပ်ဆင်ပြီးဖြစ်သည်။ ဗိုလ်သန်းရွှေ၊ ရဲဘော်ခင်မောင်ကြီးနှင့် အခြား CPB ကေဒါများက သူတို့ကို နိုင်ငံရေးအရ ဦးဆောင်လမ်းညွှန်လာကြသည်။ သူတို့ မြန်မာ့မြေ ခြေချပြီး နာရီပိုင်းအတွင်းမှာပင် ဒေသခံ မြန်မာ့တပ်မတော်၏ မုံးကိုးမြို့စောင့်တပ်ကို ဝင်စီးလိုက်ကြသည်။ ထိုသည်၏နောက်တွင် မုံးကိုးဝန်းကျင်ဒေသအတွင်း ပြင်းထန်သောတိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ မြန်မာ့တပ်မတော်အနေနှင့်မူ ပြည်တွင်းစစ် သက်တမ်းတစ်လျှောက် မိမိထက် လက်နက်အင်အား သာလွန်သည့် ရန်သူနှင့် ပထမဆုံးအကြိမ် ရင်ဆိုင်ရခြင်းပင် ဖြစ်သည်။ CPB နှင့် ရင်ပေါင်တန်းတိုက်ခိုက်ရန် ထောင်နှင့်ချီသော တရုတ်အပျော်တမ်းတပ်ဖွဲ့များလည်း နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာကြ၍ အချို့သောတိုက်ပွဲများမှာဆိုလျှင် သာလွန်ကြီးမားသော လူအင်အားနှင့် ရင်ဆိုင်ရခြင်းလည်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မူလစီမံချက်အရ CPB အနေနှင့် ၎င်း၏ အမာခံနယ်မြေများကို 'စစ်ဒေသများ' ပိုင်းခြားသတ်မှတ်ခဲ့သည်။ ဤသည်တို့မှာ–

**၃၀၃ စစ်ဒေသ**

သံလွင်မြစ်အနောက်ခြမ်း မုံးကိုးဒေသ ဖြစ်ပါသည်။ အရှေ့မြောက်ပိုင်းတွင် CPB ၏ ပထမဆုံးအခြေခံဒေသဖြစ်သည်။

**၄၀၄ စစ်ဒေသ**

ဗိုလ်နော်ဆိုင်းတို့အဖွဲ့ ပြန်ရောက်ပြီး တစ်ပတ်မရှိတရှိ လောက်မှာပင် မုံးကိုးနှင့် သံလွင်မြစ်အရှေ့ဘက် တရုတ်နွယ်ဖွားများ အများစုနေထိုင်ရာ ကိုးကန့်ဒေသမှာ CPB ၏ နောက်ထပ်ပစ်မှတ် ဖြစ်လာခဲ့သည်။ ဒေသခံစစ်မင်းတစ်ဦးဖြစ်သူ ဖုန်ကျားရှင်းက တပ်မှူး၊ ရဲဘော်တင်ရီက နိုင်ငံရေးမှူးအဖြစ် တာဝန်ယူကာ ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် CPB တပ်ဖွဲ့များ ကိုးကန့်နယ်ထဲသို့ ဝင်လာခဲ့ကြသည်။ တစ်နှစ်အတွင်းမှာပင် ဒေသတစ်ခုလုံးနီးပါး သိမ်းပိုက်နိုင်ခဲ့ပြီး '၄၀၄ စစ်ဒေသ' ဖြစ်လာခဲ့ပါသည်။

**၂၀၂ စစ်ဒေသ**

ရွှေလီမြစ် တောင်ဘက် ကမ်းတစ်လျှောက်ရှိနေသော ယခင် ပြောက်ကျားဒေသဟောင်းများ၏ အမည်သစ် ဖြစ်သည်။ မန္တလေးနှင့် မြန်မာပြည်မသို့ ဆင်းနိုင်သည့် လမ်းကြောင်းဖြစ်ပါသည်။ ၁၉၆၈ ခုနှစ်တွင် ဤဒေသရှိ ပြန့်ကျဲနေသော တပ်ဖွဲ့များကို စုစည်းပြီး '၂၀၂ စစ်ဒေသ' အဖြစ် ဖွဲ့စည်းနိုင်ရန်၊ မုံရွာသား ဗမာတစ်ဦးဖြစ်သူ ရဲဘော်ကြည်ပြိုင်ကို တာဝန်ပေး စေလွှတ်ခဲ့သည်။

**၁၀၁ စစ်ဒေသ**

ဗိုလ်နော်ဆိုင်းတို့တပ်ဖွဲ့ မုံးကိုးသို့ ဝင်ရောက်လာကြသောအခါ ဒေသတွင်းရှိ ဗမာစစ်တပ်နှင့်သာ တိုက်ခိုက်ရလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ အမှန်စင်စစ် သူ တရုတ်ပြည်တွင် ပြည်ပြေးအဖြစ် ရှိနေစဉ်အတွင်း၊ သူ့လူမျိုး ကချင်တိုင်းရင်းသားများမှာ 'ကချင်လွတ်လပ်ရေးတပ်မတော်' (KIA) ကို ဖွဲ့စည်းခဲ့ကြပြီး ဖြစ်သည်။ ကချင်အများစု အခြေချနေထိုင်ရာ မုံးကိုးအပါအဝင် ရှမ်းပြည်အရှေ့မြောက်ပိုင်းရှိ တောင်တန်းများမှာ KIA ၏ အမာခံနယ်မြေတစ်ခု ဖြစ်နေချေပြီ။ သည်တွင် CPB နှင့် KIA ကြား ပြင်းထန်သောတိုက်ပွဲများ ဖြစ်ပေါ်လာရတော့သည်။ သည်လိုနှင့် နယ်မြေလုတိုက်ပွဲများ ဆက်လက်ဖြစ်ပေါ်ခဲ့ရပြီး ၁၉၇၆ ခုနှစ်ရောက်တော့မှ သူပုန်တပ်မတော်နှစ်ခုကြား အပစ်အခတ် ရပ်စဲနိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကချင်ပြည်နယ်တွင်ကား ကမ်ပိုက်တီးဒေသမှ ဒေသခံ တပ်မှူးနှစ်ဦးဖြစ်သူ တိန့်ယင်းနှင့် ဇော်လွန်းတို့ ဦးဆောင်သော ကချင်ရဲဘော် ၄၀၀ မှာ ၁၉၆၉ မေလတွင် CPB ဘက်သို့ ဘက်ပြောင်းလာကြသည်။ အဆိုပါ ကမ်ပိုက်တီးဒေသသည်ပင် CPB ၏ '၁၀၁ စစ်ဒေသ' ဖြစ်လာခဲ့ပါသည်။ ထိုသည်၏နောက် ၁၉၇၂ ခုနှစ်တွင် ဗိုလ်နော်ဆိုင်းတစ်ယောက် မမျှော်လင့်ဘဲ ကွယ်လွန်သွားခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်လျှင် ကျေနပ်ဖွယ် ရှင်းလင်းချက်မျိုး ဘယ်သောအခါကမှ မရှိခဲ့ပါချေ။ CPB ၏ တရားဝင် ထုတ်ပြန်ချက်အရ ဗိုလ်နော်ဆိုင်းမှာ ၀ တောင်တန်းများထက်တွင် အမဲလိုက်ရင်း ချောက်ထဲ ပြုတ်ကျသေဆုံးခဲ့သည်ဟု ဆိုပါသည်။ သို့တစေ ကချင်တော်တော်များများ ကမူ ဗိုလ်နော်ဆိုင်းမှာ KIA ထဲရှိ မိမိသားချင်း ကချင်များကို မတိုက်ခိုက်လိုသော ကြောင့် CPB ကိုယ်တိုင်က သူ့ကို သတ်ပစ်လိုက်သည်ဟု ယုံကြည်ထားကြသည်။

CPB တပ်ဖွဲ့များမှာ ဆိုခဲ့ပါ စစ်ဒေသလေးခုကို အခြေခံနယ်မြေအဖြစ် ခြေကုပ်ယူပြီး၊ ဒေသ တစ်ခုပြီးတစ်ခု သိမ်းပိုက်နိုင်ရန် ဆက်လက် ချီတက်ခဲ့ကြသည်။ ဤနေရာတွင် သူတို့အသုံးပြုလေ့ရှိသော နည်းဗျူဟာမှာ ဒေသခံလူမျိုးစု စစ်မင်းများကို ဆက်သွယ်စည်းရုံးခြင်းပင် ဖြစ်ပါသည်။ အဆိုပါစစ်မင်းများမှာ ဒေသတွင်း လူထု၏ ထောက်ခံမှုနှင့် လေးစားမှုကို အထိုက်အသင့် ရရှိထားသူများဖြစ်သည့်တိုင်၊ အိုင်ဒီအိုလိုဂျီကိစ္စများနှင့် ပတ်သက်လျှင်မူ သဘောပေါက် နားလည်နိုင်စွမ်း မရှိကြသည်က များသည်။

ခြောက်နှစ်ကြာမျှ တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားခဲ့ပြီးနောက်တွင် CPB အနေနှင့် ဆိုခဲ့ပါနည်းဗျူဟာဖြင့် တရုတ်နယ်စပ်နှင့်ကပ်လျက် ၂၀,၀၀၀ စတုရန်းကီလိုမီတာမျှ ကျယ်ဝန်းသော ဒေသကြီးကို ထိန်းချုပ်လာနိုင်ခဲ့ပါသည်။ မဲခေါင်မြစ်နှင့် လာအိုနယ်စပ်မှသည် နယ်စပ်မြို့လေးတစ်မြို့ဖြစ်သော ပန်ဆိုင်း (ကြူကုတ်) အထိ တစ်ဆက်တစ်စပ်တည်းသော နယ်မြေကြီးဖြစ်သည်။ ပန်ဆိုင်း (ကြူကုတ်) မှာ ယူနန်ပြည်နယ်သို့ပေါက်သော 'မြန်မာပြည်လမ်းမကြီး' ဖြတ်သွားရာ မြို့ ဖြစ်ပါသည်။) အဆိုပါ အခိုင်အမာ အခြေခံဒေသကြီး၏ မြောက်ဘက်တွင်ကား CPB အနေနှင့် ရှမ်းပြည်နယ် နမ့်ခမ်းနှင့် မျက်နှာချင်းဆိုင် နယ်မြေများကိုရော၊ ကချင်ပြည်နယ် ကမ်ပိုက်တီးဧရိယာကိုပါ ထိန်းချုပ်နိုင်ခဲ့သည်။ (ဤဒေသများနှင့် စစ်မင်းများ အကြောင်းကို နောက်ဆက်တွဲ ၂ တွင် အသေးစိတ် ဖော်ပြထားပါသည်။)

ထိုစဉ်ကာလ တရုတ်ပြည်မှ CPB သို့ပေးသော အကူအညီများမှာ အင်ဒိုချိုင်းနား ဒေသ အပြင်ဘက်ရှိ မည်သည့် ကွန်မြူနစ် လှုပ်ရှားမှုထက်မဆို အဆများစွာ ပိုပါသည်။ သို့နှင့်အမျှ CPB ၏ တပ်ဖွဲ့သစ်များမှာ ပဲခူးရိုးမတပ်ဟောင်းတွေနှင့်မတူ။ တရုတ်

www.burmeseclassic.com

www.burmeseclassic.com



ယူနီဖောင်း အသစ်စက်စက်များ၊ ကြယ်နီတံဆိပ်ပါ ဦးထုပ်များဖြင့် သားနားတောက်ပ လာသည်။ အမ် ၂၁ ဆီမီးအော်တိုမက်တစ် ရိုင်ဖယ်၊ အမ် ၂၂ တိုက်ခိုက်ရေး ရိုင်ဖယ်၊ အမ် ၂၃ အပေါ့စား စက်သေနတ်များ၊ ၁၂.၇ မမ လေယာဉ်ပစ်အမြောက်များ၊ ၆၀၊ ၈၀ နှင့် ၁၂၀ မမ မော်တာများ၊ ၇၅ မမ လောင်ချာ စသည့် ခေတ်မီ တရုတ်လက်နက်များ အပြည့်အစုံ တပ်ဆင်ထားသည်။

ထို့ပြင်မက ရေဒီယိုအဆက်အသွယ်ပစ္စည်းများ၊ ဂျစ်ကား၊ ထရပ်ကား၊ ဓာတ်ဆီ သာမက ဆန်နှင့် စားသောက်ဖွယ်ရာများ၊ စားသုံးဆီနှင့် မီးဖိုချောင်သုံးပစ္စည်းများကို ပါ နယ်စပ်ကိုဖြတ်ပြီး အရှေ့မြောက် အခြေခံဒေသသစ်သို့ ပို့ပေးလျက်ရှိသည်။ အရှေ့ မြောက်ပိုင်း တပ်ဖွဲ့များ၏ ဌာနချုပ်ဖြစ်သော ပန်ဆန်းနှင့် မုံးကိုးတို့မှာဆိုလျှင် တရုတ် ပြည်မှ ရေအားလျှပ်စစ်ဓာတ်အားပေးရုံများပင် တည်ဆောက်ပေးသည်။ ၁၉၇၁ ခုနှစ် မတ်လ ၂၈ ရက်တွင် CPB ၏ လျှို့ဝှက်အသံလွှင့်ရုံ 'ဗမာပြည် ပြည်သူ့အသံ' ကို လက်နက်ကိုင်တော်လှန်ရေး (၂၃) ကြိမ်မြောက် အထိမ်းအမှတ်အဖြစ် တရားဝင် ဖွင့် လှစ်ပေးခဲ့ပါသည်။ ဧပြီလမှစ၍ အဆိုပါ ပြည်သူ့အသံမှာ နယ်စပ်တစ်ဖက် ယူနန် ဘက်ခြမ်းမှ မြန်မာတစ်ပြည်လုံးသို့ အသံလွှင့်ပေးနိုင်ခဲ့သည်။

ဤကာလအတွင်း CPB ဘက်မှ အရှုံးနှင့် ရင်ဆိုင်ခဲ့ရသော တစ်ခုတည်းသော အရေးကြီးသည့်တိုက်ပွဲမှာ ကွန်းလုံတိုက်ပွဲသာ ရှိပါသည်။ ကွန်းလုံတွင် သံလွင်မြစ်ကို ဖြတ်သော မဟာဗျူဟာမြောက် တံတားတစ်စင်းရှိသည်။ (လှိုင်းထန်၊ လေထန်သော ဤမြစ်ကို ဖြတ်ကျော်သည့် နောက်ထပ်တံတားတစ်စင်းဆို၍ တောင်ကြီး–ကျိုင်းတုံလမ်း ပေါ်ရှိ တာကောတံတားသာ ရှိသည်။) ၁၉၇၁ နိုဝင်ဘာမှ ၁၉၇၂ ဇန်နဝါရီအထိ ၄၂ ရက်ကြာ သံလွင်တစ်ဖက်ကမ်းတွင် အကြီးအကျယ် တိုက်ပွဲဖြစ်ခဲ့သည်။ ဤတိုက်ပွဲ တွင် CPB အနေနှင့်မူ မူလရည်မှန်းထားသလို တံတားကို မသိမ်းပိုက်နိုင်ခဲ့ပါ။ တရုတ် ပုံစံ 'လူလှိုင်းလုံးစစ်ဆင်ရေး' မှာ အစိုးရတပ်ဖွဲ့များ၏ ကတုတ်ကျင်းဖြင့် အကာ အကွယ်ယူထားသော ခံစစ်ကြောင်းကို မထိုးဖောက်နိုင်၍ အကျအဆုံးများစွာဖြင့် ဆုတ် ခွာခဲ့ရသည်။

ကွန်းလုံတွင် အောင်ပွဲရခဲ့သော်လည်း မြန်မာ့တပ်မတော်အနေနှင့် CPB တပ်ဖွဲ့ များကို ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းသို့ မောင်းထုတ်ဖို့ (အနိမ့်ဆုံးအားဖြင့် ယခု လောလောဆယ်) မဖြစ်နိုင်ကြောင်း သဘောပေါက်ပါသည်။ သို့အတွက် ပဲခူးရိုးမနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ ပိုမိုအားနည်းသော အခြေခံဒေသများသို့ စစ်ဦးလှည့်ခဲ့သည်။ အမှန်စင်စစ် မြန်မာပြည်မရှိ ဤဒေသများမှာ ပိုအရေးကြီးသည်ဖြစ်ရာ တရုတ်အကူ အညီတွေ ရောက်မလာစေဖို့ ကာကွယ်ဟန့်တားလိုသည့် သဘောလည်း ရှိပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့ပါအတိုင်း အရှေ့မြောက်ဒေသ ထိုးဖောက်ရေးစီမံချက် အကောင်အထည်ဖော်နေစဉ်မှာပင်၊ ဆိုခဲ့ပါ အခြေခံဒေသဟောင်းများတွင်လည်း အရေးကြီးသော အပြောင်းအလဲများစွာ ဖြစ်ပေါ်နေခဲ့ပြီ ဖြစ်ပါသည်။ ၁၉၆၃ သခင်ဗသိန်းတင် ခေတ္တပြန်လာပြီး နောက်ပိုင်းကတည်းက ပဲခူးရိုးမနှင့် တရုတ်ပြည်ကြား ရေဒီယိုအဆက်အသွယ် အခိုင်အမာရရှိခဲ့ပြီး ဖြစ်သည်။ ၁၉၆၅ ခုနှစ်သို့ ရောက်သောအခါ ပြည်တွင်းအင်အားစုများနှင့် ပေကျင်းရှိ 'ခေါင်းဆောင်စု ငါးဦးအဖွဲ့' ကြား ဆက်သွယ်ရေး ခိုင်မာစေရန် ထင်ရှားသော ဗဟိုကော်မတီတစ်ဦးဖြစ်သည့် သခင်ဖေတင့်ကို ကုန်းလမ်းခရီးဖြင့် ယူနန်သို့ စေလွှတ်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင်လည်း ၁၉၅၃ ခုနှစ် သခင်ဗသိန်းတင် တရုတ်ပြည် တက်လာစဉ် ကိုယ်ရံတော်တပ်ဖွဲ့တွင် ပါဝင်ခဲ့ဖူးသော ရဲဘော်အောင်စိန်ကို သခင်ဖေတင့် လာခဲ့သည့်လမ်းမှပင် ပဲခူးရိုးမသို့ ပြန်လွှတ်ခဲ့သည်။ ရဲဘော်အောင်စိန် ယူလာသော စာက 'အရှေ့မြောက်ဒေသ ထိုးဖောက်ရေးအစီအစဉ်' တစ်ခုလုံးကို အသေးစိတ်ဖော်ပြထားသည်။ သည်လိုနှင့် ပဲခူးရိုးမဗဟိုနှင့် တရုတ်ပြည်ရှိ အဝေးရောက်ဗဟိုတို့၏ ဆက်ဆံရေးမှာ ၁၉၆၃ ခုနှစ်ကနှင့်မတူ၊ ပြောင်းပြန်လိုပင် ဖြစ်သွားတော့သည်။ အဝေးရောက်ဗဟိုက ရှေ့ဆက် ဘာလုပ်မည်၊ ဘာတွေဖြစ်လာမည်ဆိုသည်ကို ပဲခူးရိုးမဌာနချုပ်သို့ ပြန်လည် ညွှန်ကြားသည့်သဘော ဖြစ်လာသည်။

သို့နှင့်တိုင် ဖြုတ်–ထုတ်–သတ် ပေါ်လစီကြောင့် ပဲခူးရိုးမမှာ အားနည်းချည့်နဲ့သွားခဲ့ရပြီ ဖြစ်ပါသည်။ CPB သည်လည်း မြို့ပြဒေသ ပညာတတ်များနှင့် သိသိသာသာ ကင်းကွာသွားခဲ့သည်။ ထို့ထက် ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၂၄ ရက် မုံးကိုးကို ထိုးဖောက်ပြီး တစ်နှစ် မရှိတရှိမှာပင်၊ CPB ၏ တရားဝင်ဥက္ကဋ္ဌကြီး သခင်သန်းထွန်းမှာ အစိုးရစစ်တပ်မှ ကူးပြောင်းလာသူတစ်ဦး၏ လက်ချက်ဖြင့် ပဲခူးရိုးမမှာပင် လုပ်ကြံခံလိုက်ရသည်။ သို့ဖြင့် သခင်ဇင်က ဥက္ကဋ္ဌနေရာကို ဆက်ခံခဲ့ရသည်။ ဥက္ကဋ္ဌသစ် သခင်ဇင်က မိမိတို့၏ အမာခံနယ်မြေဟောင်းကို ကာကွယ်ရန် အင်အားကြီးသော အရှေ့မြောက်တပ်ဖွဲ့များကို အကူအညီတောင်းဖို့ ကြိုးစားခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ဗိုလ်တိုက်အောင်နှင့် ကေဒါ ၁၀ ယောက်ကို ပဲခူးရိုးမမှ မုံးကိုးသို့ စေလွှတ်ခဲ့သည်။ သို့တစေ ဗိုလ်တိုက်အောင်တို့တစ်တွေ ပဲခူးရိုးမသို့ ပြန်မလာကြတော့ပါ။ နောက်တစ်နှစ် ၁၉၇၀ နှစ်ဦးမှာပင် အစိုးရစစ်တပ်များက CPB ဗဟိုရှိရာ ပဲခူးရိုးမကို အလုံးအရင်းဖြင့် ထိုးစစ်ဆင်သောကြောင့် ဖြစ်ပါသည်။

သည်လိုနှင့် ၁၉၇၀–၁၉၇၁ တွင် ကွန်မြူနစ်များရော၊ ကရင်လက်နက်ကိုင်များပါ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို စွန့်လွှတ်လိုက်ရပါတော့သည်။ ၁၉၇၁–၁၉၇၂ သို့ ရောက်သောအခါ မြန်မာပြည်မြောက်ဖျား ပင်လယ်ဘူးဒေသမှာလည်း CPB သြဇာအောက်မှ ကင်းလွတ်သွားခဲ့ရပါတော့သည်။ ယခင် အလံနီပါတီမှာကား သူတို့၏

www.burmeseclassic.com

www.burmeseclassic.com



တစ်မူထူးသော ခေါင်းဆောင်ကြီး သခင်စိုး အဖမ်းခံရပြီးကတည်းက နာလန်မထူနိုင်တော့ပါချေ။ ၁၉၇၀ ပြည့်နှစ်ကပင် သခင်စိုးကို သူ၏ နောက်ဆုံးအမာခံနယ်မြေ ရခိုင်ရိုးမမြောက်ပိုင်း အစွန်အဖျားရှိ စခန်းငယ်လေးတစ်ခုတွင် အရှင်ဖမ်းမိခဲ့ပါသည်။ သူ့ကို အစိုးရက ရန်ကုန်ပို့ပြီး ထောင်သွင်း အကျဉ်းချထားလိုက်သည်။

၁၉၇၅ ခုနှစ် အစောပိုင်းတွင် အစိုးရက ထိုအချိန်အထိ CPB ၏ တရားဝင်ဥက္ကဋ္ဌနချုပ်ဖြစ်နေသေးသော ပဲခူးရိုးမကို ဦးတည်ပြီး ထိုးစစ်ကြီးတစ်ခု ဆင်နွှဲခဲ့သည်။ မြန်မာ့တပ်မတော်မှ တိုက်စွမ်းရည်အထက်ဆုံးဟု ဆိုနိုင်သော တပ်မ ၇၇ က ဤထိုးစစ်ကို တာဝန်ယူ ဦးစီးခဲ့ပါသည်။ တပ်မ ၇၇ မှာ ကွန်မြူနစ်များနှင့် အခြား လက်နက်ကိုင်သူပုန်များကို နှိမ်နင်းရန် ဖွဲ့စည်းခဲ့သော အထူးတပ်ဖွဲ့များထဲမှ ပထမဆုံးတပ်မ ဖြစ်သည်။ အဆိုပါ ထိုးစစ်အတွင်း ပဲခူးရိုးမရှိ CPB အခြေခံဒေသဟောင်းများ ဝင်တိုက်ခံခဲ့ရပြီး မတ်လ ၁၅ ရက်နေ့တွင် ဥက္ကဋ္ဌ သခင်ဇင်နှင့် အတွင်းရေးမှူး သခင်ချစ်တို့ကို အသေဖမ်းဆီးရခဲ့သည်။

ဤတွင် မြန်မာ့တပ်မတော်၏ စိတ်ဓာတ်ခွန်အားမှာ အဆတိုး မြင့်မားလာခဲ့ပြီး၊ အရှေ့မြောက်အခြေခံဒေသနှင့် မြန်မာပြည်အလယ်ပိုင်းရှိ အမာခံနယ်မြေဟောင်းများကို ချိတ်ဆက်ရေးဆိုသော CPB ၏ စီမံချက်မှာလည်း အရေးနိမ့်သွားရလေတော့သည်။ တရုတ်လက်နက်များမှာလည်း ရှမ်းပြည်နယ်အနောက်ခြမ်း ကျောက်ဂူနှင့် နောင်လုံ၊ နောင်ဝိုး ဧရိယာအထိသာ ပို့ပေးနိုင်တော့သည်။ ဤဒေသများသည်ပင် CPB ၏ '၁၀၈ စစ်ဒေသ' ဖြစ်လာခဲ့ပါသည်။

ဤအချိန်လောက်မှာပင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ မြန်မာပြည်အလယ်ပိုင်းမှ စတင် ပေါ်ထွက်လာခဲ့သည်။ ၁၉၇၄ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ချောက်ရေနံမြေ အလုပ်သမားများက လုပ်ခတိုးပေးရေးအတွက် သပိတ်မှောက်ခဲ့ကြသည်။ ဤမငြိမ်သက်မှုမှာ ရေနံမြေမှ ရန်ကုန်သို့ အချိန်တိုအတွင်း ပျံ့နှံ့သွားခဲ့သည်။ (ရေနံမြေမှာ ၁၉၃၀ ပြည့်လွန်နှစ်များက ပေါ်ထွက်ခဲ့သော သမိုင်းဝင် ဗြိတိသျှဆန့်ကျင်ရေး အရေးတော်ပုံကြီး၏ ဘူမိနက်သန် ဖြစ်ပါသည်။) ဇွန်လ ၆ ရက်နေ့တွင် ရန်ကုန်မှ မီးရထားအလုပ်သမားများ၊ ချည်စက်အလုပ်သမားများ သပိတ်မှောက်လာကြသည်။ အစိုးရက သပိတ်အရေးကို စစ်တပ်များစေလွှတ်ပြီး တုံ့ပြန်ခဲ့ရာ ဆန္ဒပြအလုပ်သမားများကို မဆင်မခြင် ပစ်ခတ်နှိမ်နင်းမှုများ ရှိခဲ့သည်။

ထိုနှစ် (၁၉၇၄) နှစ်ကုန်ပိုင်းသို့ ရောက်သောအခါ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ရုပ်အလောင်း ဇာတိမြေတွင် မြှုပ်နှံရန် မြန်မာပြည်သို့ ပြန်ပို့ခဲ့ရာမှ၊ ပိုမို ကြီးမားကျယ်ပြန့်သော မငြိမ်သက်မှုများ ပေါ်ထွက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ အစဉ်အလာအရ တက်ကြွထက်သန်သော ရန်ကုန်တက္ကသိုလ်ကျောင်းသားများက ဦးသန့်ဈာပနကို အခွင့်ကောင်းယူကာ အလွန် ကြီးမားကျယ်ပြန့်လှသော အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲကြီး ဆင်နွှဲလိုက်ကြသည်။ အစိုးရဘက်မှ စစ်တပ်ကိုသုံးပြီး ဖြိုခွဲခဲ့ပြန်ရာ လူအုပ်ထဲသို့ မောင်းပြန်ရိုင်ဖယ်များဖြင့် မွှေနှောက်ပစ်ခတ်ရာမှ ကျောင်းသားတော်တော်များများ ကျဆုံးခဲ့ရသည်။ အခြေအနေမှာ နောက်ထပ် ၂ နှစ်ကျော်ကျော်လောက်အထိ ဆက်လက် မငြိမ်မသက်ဖြစ်နေခဲ့ပြီး ၁၉၇၆ ခုနှစ်ရောက်တော့မှ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဆိုခဲ့ပါ ဆန့်ကျင် ကန့်ကွက်မှုများနှင့် ပတ်သက်ပြီး၊ အစိုးရက ဆူပူမှုများကို တမင်ဖန်တီးခဲ့သည့် ပြင်ပမှ မသမာသော အုပ်စုများ၏ အမှောင့်ပယောဂဟု စွပ်စွဲပြစ်တင်ခဲ့ပါသည်။ အထူးသဖြင့် မရေရာသော သာဓကများဖြင့် ကွန်မြူနစ်များကို လက်ညှိုးထိုး တရားခံရှာခဲ့သည်။ တကယ့်လက်တွေ့တွင်ကား ထိုစဉ်က ကျောင်းသားထုကြားတွင် ကွန်မြူနစ်တို့၏သြဇာမှာ ယခင်ကလို ဟုတ်ဟုတ်ညားညား ရှိတော့သည်မဟုတ်ပါချေ။ CPB မှာ ယခင် ပဲခူးရိုးမကာလထက် အင်အားပိုကောင်းနေပြီဖြစ်သည့်တိုင်၊ ၁၉၆၂ ကလို ပညာတတ်လူငယ်များ CPB အခြေခံဒေသများသို့ အစုလိုက်အပြုံလိုက် ရောက်သွားသည်မျိုး မတွေ့ရတော့ပါ။ ဤသို့ဖြစ်ရသည်မှာ ဖြုတ်–ထုတ်–သတ် ပေါ်လစီ၏အကျိုးဆက် ဖြစ်နိုင်သလို CPBကိုယ်တိုင်က မြို့ပြဒေသ ကျောင်းသားလှုပ်ရှားမှုများကို လုံလုံလောက်လောက် အလေးမထားတော့သောကြောင့်လည်း ဖြစ်ပါလိမ့်မည်။ မြို့ပြဒေသ လှုပ်ရှားမှုများကို အားပေးထောက်ခံရေးမှာ CPB ကျင့်သုံးနေသော မော်စီတုန်း၏ 'ကျေးလက် အခြေခံမြို့ဝိုင်း' မဟာဗျူဟာနှင့် အဟပ်မညီလှသောကြောင့် ဖြစ်ပါသည်။

ထိုစဉ်က CPB အနေနှင့် ဝါရင့်ကေဒါတစ်ယောက်မဟုတ်သော ရဲဘော်ဇော်ဝင်းကိုသာ ရန်ကုန်လွှတ်ပြီး ကျောင်းသားများနှင့် အဆက်အသွယ်လုပ်စေခဲ့သည်။ ရဲဘော်ဇော်ဝင်းမှာ CPB ရပ်တည်ချက်ဖြင့် ကျောင်းသားများကို ချဉ်းကပ်စည်းရုံးခဲ့သော်လည်း မဆိုစလောက်မျှကိုသာ ဆွဲဆောင်နိုင်ခဲ့ပါသည်။ ထောင်နှင့်ချီသော ကျောင်းသားများမှာ ထိုင်းနယ်စပ်သို့သာ အုပ်စုလိုက် ရောက်သွားခဲ့ကြသည်။ ထိုစဉ်က ထိုင်းနယ်စပ်တွင် ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့် အပေါင်းအပါများက တပ်မတော်အစိုးရကို လက်နက်ကိုင်တော်လှန်ပုန်ကန်နေကြပြီ ဖြစ်ပါသည်။

ထိုစဉ်ကာလက CPB မှာ မြန်မာပြည်မမှ အခြေခံဒေသများ ဆုံးရှုံးလက်လွှတ်ခဲ့ရသည်ကို သိမှတ်လက်ခံလာရ၊ ဤသို့ ဆုံးရှုံးစေခဲ့သည့် စစ်ရေးနည်းဗျူဟာများကို ပြန်လည်သုံးသပ်ကြရန်နှင့် အလုပ်ရှုပ်နေခဲ့သည်။ သခင်ဇင်နှင့် သခင်ချစ်တို့ ကျဆုံးပြီး

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်တွင် ဗဟိုကော်မတီသစ်ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၁၉၇၅ ဗဟိုကော်မတီ ဖြစ်ပါသည်။ ထိုစဉ်မှစ၍ အရှေ့မြောက်အုပ်စုမှာ ယခင်ကလို တရားမဝင် မဟုတ်တော့ဘဲ CPB ၏ တရားဝင်ခေါင်းဆောင်မှု ဖြစ်လာခဲ့ပါသည်။ သခင်ဗသိန်းတင်ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ကြပြီး ရဲဘော်ခင်မောင်ကြီးမှာ ပါတီအတွင်းရေးမှူး ဖြစ်လာသည်။ (အမှန်စင်စစ် ၇၅ ဗဟိုကော်မတီတွင် ရဲဘော်ခင်မောင်ကြီးမှာ အတွင်းရေးမှူး မဟုတ်ပါ။ ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။ သခင်ဖေတင့်မှာ ပထမ ဒုဥက္ကဋ္ဌ ဖြစ်ပါသည်။ ဘာသာပြန်သူ) အဆိုပါ ဗဟိုကော်မတီသစ်တွင် ဗိုလ်တိုက်အောင်နှင့် ဗိုလ်မျိုးမြင့်တို့လည်း ပါလာသည်။ ဗိုလ်မျိုးမြင့်မှာ ပဲခူးရိုးမ လူဟောင်းတစ်ဦးဖြစ်ပြီး အရှေ့မြောက်ဒေသသို့ ရောက်လာသူ ဖြစ်သည်။

ထို့နောက် ၁၉၇၅ ခုနှစ် အောက်တိုဘာလသို့ ရောက်သောအခါ '၇၅၁၀' (အောက်တိုဘာ ၁၉၇၅) ဟု အမည်ဝှက်ပေးထားသော စီမံချက်အသစ်ကို ရေးဆွဲခဲ့ကြသည်။ ဤစီမံချက်၏ ရည်မှန်းချက်မှာ အရှေ့မြောက် အခြေခံဒေသကို သံလွင်အရှေ့ခြမ်းမှ အနောက်ခြမ်းသို့ တိုးချဲ့ပြီး ထိုမှတစ်ဆင့် မြန်မာပြည်အလယ်ပိုင်းသို့ ပြန်လည်ဝင်ရောက်ရန်၊ ထိုဒေသရှိ ဆုံးရှုံးလက်လွှတ်ခဲ့ရသော အမာခံဒေသများကို ပြန်လည်တည်ဆောက်ရန် ဖြစ်ပါသည်။

ဤစီမံချက်ကို အကောင်အထည် ဖော်ဖို့ဆိုလျှင် သံလွင် အနောက်ခြမ်းရှိ ကွန်မြူနစ်မဟုတ်သော လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့နိုင်ရေးမှာ အရေးကြီးဆုံး သော့ချက်ပင် ဖြစ်သည်။ သို့အတွက် 'ရှမ်းပြည်နယ် တပ်မတော်' (SSA) နှင့် ဆက်သွယ်မှုများ လုပ်ခဲ့ရသလို အဖွဲ့ငယ်လေးများဖြစ်သော ပအိုဝ်၊ ပဒေါင် (ကယန်း) နှင့် ကယား (ကရင်နီ) လက်နက်ကိုင်အဖွဲ့များကိုလည်း ဆက်သွယ် စည်းရုံးခဲ့ရသည်။ ဤအဖွဲ့များမှာ CPB ထံမှ လက်နက်များ ရရှိခဲ့ကြပြီး အပြန်အလှန်အနေနှင့် ကွန်မြူနစ်များကို သူတို့၏ သက်ဆိုင်ရာ နယ်မြေများတွင် လှုပ်ရှားခွင့်ပေးခဲ့ရသည်။ ဤရည်ရွယ်ချက်အတွက် ၆၈၃ တပ်မဟာသစ်ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ ၆၈၃ တပ်မဟာ၏ တပ်မှူးမှာ ၁၉၆၈ ခုနှစ်က CPB နှင့် ဆက်သွယ်ခဲ့သော တရုတ်အပျော်တမ်းတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ လီကျစ်ရှု ဖြစ်သည်။

၆၈၃ တပ်မဟာမှာ ၁၉၇၅ နှစ်ကုန်ပိုင်းတွင် သံလွင်ကိုဖြတ်ပြီး အောက်ဘက်သို့ ဆင်းလာခဲ့သည်။ ၁၉၇၇ ဖေဖော်ဝါရီလရောက်တော့မှ ကျောက်ဂူ၊ နောင်လုံ၊ နောင်ပိုး အမာခံနယ်မြေဟောင်းများကို မိုးနေသည့် ရှမ်းပြည်နယ်အနောက်ပိုင်း လွယ်ဆန်တောင်တန်းသို့ ရောက်ခဲ့သည်။ သို့နှင့်တိုင် ၆၈၃ တပ်မဟာ၏ အစီအစဉ်မှာ မအောင်မြင်ခဲ့ပါ။ ဤသို့ မအောင်မြင်ရသည့် အဓိကအကြောင်းရင်းမှာ လူထုထောက်ခံမှုမရ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့်ဟု ဆိုရပါလိမ့်မည်။ ထိုဒေသရှိ ရှမ်းနှင့် အခြားလူနည်းစု၊ လူမျိုးစုများမှာ ကွန်မြူနစ်မဟုတ်သော လက်နက်ကိုင်သူပုန်များကိုသာ ပို၍ လိုလားထောက်ခံခဲ့ကြသည်။ ဤတွင် အဆိုပါသူပုန်အုပ်စုများမှာ ရရှိပြီးလူထုထောက်ခံမှု မဆုံးရှုံးရစေရန် ကွန်မြူနစ်များနှင့် အဆက်အသွယ်ဖြတ်ရတော့သည်။ ဤကိစ္စကို အကြောင်းခံပြီး လူမျိုးစု လက်နက်ကိုင် အဖွဲ့ငယ်တော်တော်များများတွင် အကွဲအပြဲများ ဖြစ်ခဲ့ရသည်။ အချုပ်ဆိုရလျှင် CPB ၏ '၇၅၁၀' စီမံချက် အကောင်အထည်ဖော်ရေးမှာ အောင်မြင်မှု မရဘဲ အရေးနိမ့်သွားခဲ့ပါတော့သည်။

ဤအချိန်တွင် တရုတ်ပြည်တွင်လည်း အာဏာလုပွဲများ ဖြစ်ပေါ်လျက်ရှိနေသည်။ အဆိုပါ အာဏာလုပွဲနှင့် ပတ်သက်သော CPB ၏ သဘောထားမှာ ၎င်း၏နယ်မြေ တိုးချဲ့ရေး အစီအစဉ်ကို ကန့်သတ်သလို ဖြစ်စေခဲ့သည့် လတ်တလောအကြောင်းရင်း တစ်ခု ဖြစ်နိုင်ပါသည်။ ၁၉၇၆ ခုနှစ် ဧပြီလတွင် တရုတ်ကွန်မြူနစ်ပါတီ၏ ရယ်ဒီကယ် လက်ဝဲဂိုဏ်းက တိန့်ရှောက်ပင်းကို ထုတ်ပစ်လိုက်ပြီး ၎င်းတို့တွင်သာ အခိုင်အမာ အာဏာရှိကြောင်း ဖော်ပြလိုက်သည်။ ဤကိစ္စနှင့်ပတ်သက်ပြီး အခြားဒေသတွင်း ကွန်မြူနစ်များ ရေငုံနှုတ်ပိတ်နေကြချိန်တွင် CPB ကမူ ဆိုခဲ့ပါ သဘောထားတင်းမာသူများ (ရယ်ဒီကယ်လက်ဝဲဂိုဏ်း) ကို ကျယ်ကျယ်လောင်လောင် ထောက်ခံခဲ့သည်။

၁၉၇၆ ခုနှစ် ဇွန်လတွင် ကျရောက်သော CPC ၏ (၅၅) ကြိမ်မြောက် မွေးနေ့သို့ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာတွင် CPB က 'လျူရှောက်ချီ ခေါင်းဆောင်သော ပြန်လည်ပြင်ဆင်ရေးအုပ်စုမှာ အရှုံးနှင့် ရင်ဆိုင်သွားခဲ့ရချေပြီ''ဟု အတိအလင်း ဖော်ပြခဲ့သည်။ ဤသဝဏ်လွှာမှာပင် ယခုလိုလည်း ဆက်လက်ဖော်ပြခဲ့ပါသည်။ 'မှန်ကန်သော ဆုံးဖြတ်ချက်များကို ပြောင်းပြန်လှန်ပစ်ရန် ကြိုးပမ်းခဲ့သည့် လက်ယာသွေဖည်ရေးသမားများကို တွန်းလှန်ပစ်လိုက်သော လှုပ်ရှားမှုနှင့် လက်ယာ ထိပ်သီး တိန့်ရှောက်ပင်းကို ဆန့်ကျင်သည့် တရုတ်ပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ၏ အစီအစဉ်တို့မှာ မတ်ခ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်နှင့် အပြည့်အဝ ကိုက်ညီပေသည်' စသဖြင့်။

ထို့မျှမက ၁၉၇၆ ခုနှစ် စက်တင်ဘာလက ပေးပို့ခဲ့သော မော်စီတုန်း ကွယ်လွန်သည့်အတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာတွင်လည်း ယခုလို ဖော်ပြခဲ့ပြန်သည်။

"ဥက္ကဋ္ဌကြီးမော်၏ ပစ္စည်းမဲ့တော်လှန်ရေး လမ်းညွှန်မှုအောက်တွင် တရုတ်ပြည်သူများအနေနှင့် မဟာပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီးအတွင်း ဆိုရှယ်လစ်တော်လှန်ရေးနှင့် ဆိုရှယ်လစ်တည်ဆောက်ရေးဆိုင်ရာ မဟာအောင်ပွဲကြီးများကို ဆွတ်ခူးရရှိခဲ့ပေပြီ။ လျူရှောက်ချီ၏ တန်ပြန်တော်လှန်ရေး ပြန်လည် ပြင်ဆင်ရေးလမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ လင်းပြောင်ကွန်ဖျူးရှပ်စ် ဖောက်ပြန်ရေးလမ်းကြောင်းနှင့် တိန့်ရှောက်ပင်း၏ လက်ယာသွေဖည်ရေးလမ်းကြောင်းတို့ကို အဆင့်ဆင့် ဝေဖန်တိုက်ပွဲဆင်ရင်း၊ မှန်ကန်သည့် ဆုံးဖြတ်ချက်များကို ပြောင်းပြန်လှန်ရန် ကြိုးပမ်းခဲ့ကြသော လက်ယာသမားများကို တွန်းလှန်လိုက်ခြင်းဖြင့် ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ပိုမိုခိုင်မာစေခဲ့ချေပြီ။ ဤနည်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုလည်း ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေး၏ ယုံကြည်အားကိုးလောက်သော မဟာရဲတံတိုင်းကြီးအဖြစ် အခိုင်အမာ တည်ဆောက်နိုင်ခဲ့ချေပြီ" စသဖြင့်။

နောက်တစ်နှစ်အကြာ ပေကျင်းတွင် တိန့်ရှောက်ပင်း အာဏာပြန်ရလာသောအခါ CPB အနေနှင့် ဆိုခဲ့ပါ 'ယုံကြည်အားကိုးလောက်သော မဟာရဲတံတိုင်း' ဆိုသည်ကို ပြန်လည်ဆန်းစစ်ကြဖို့ အကြောင်းဖန်လာပါတော့သည်။ CPB ကိုယ်တိုင်က ၎င်းတို့ပါတီတွင်း ပြန်လည်ပြင်ဆင်ရေးသမားများဟု စွပ်စွဲထားသော ရဲဘော်ဌေးနှင့် ရဲဘော်ဘတင် (ဂိုရှယ်) တို့ကို 'ဗမာ့တိန့်ရှောက်ပင်း'၊ 'ဗမာလျူရှောက်ချီ' စသဖြင့် တံဆိပ်ကပ်ခဲ့သည်ဖြစ်ရာ ယခု တိန့်ရှောက်ပင်း အာဏာပြန်ရလာသောအခါ ဘယ်လို တုံ့ပြန်ရမှန်းမသိ၊ရှေ့နောက်ပိတ်နေရတော့သည်။ ယခင်က ဗမာပြည်တိုက်ပွဲသတင်းများ၊ CPB ကြေညာချက်များကို ဖော်ပြပေးလေ့ရှိသော 'ပေကျင်းရီဗျူး' နှင့် တရုတ်ပြည်မှ ထုတ်ဝေသော အခြားစာစောင်များတွင်လည်း ဗမာပြည်၏ တော်လှန်ရေးလှုပ်ရှားမှုများအကြောင်း ဘာတစ်ခုမှ မဖော်ပြတော့ပါချေ။ CPB အကြောင်း နောက်ဆုံးဖော်ပြခဲ့သည်မှာ ၁၉၇၆ ခုနှစ် နိုဝင်ဘာလက သခင်ဗသိန်းတင်နှင့် သခင်ဖေတင့်တို့ CPC ဥက္ကဋ္ဌ 'ဟွကိုဖုန်း' နှင့် တွေ့ဆုံသည့်သတင်းပင် ဖြစ်ပါသည်။

ညီနောင်ပါတီနှစ်ခုကြား အဆိုပါအဟာပ်ကွာမှုကို မြန်မြန်ဆန်ဆန်နှင့် လိမ္မာပါးနပ်စွာ အသုံးချလိုက်သူမှာ မြန်မာအစိုးရ ဖြစ်ပါသည်။ ထိုစဉ်က တရုတ်ပြည်မှာ ဗီယက်နမ်၏အိမ်နီးချင်း အင်ဒိုချိုင်းနားနိုင်ငံများနှင့် ပတ်သက်သော စိတ်ကူးရည်မှန်းချက်များအပေါ် တိုး၍တိုး၍ စိုးရိမ်မကင်း ရှိနေချိန်ဖြစ်ရာ၊ ကမ္ဘောဒီးယားမှာ တရုတ်အကျိုးစီးပွားအတွက် အဓိက အာရုံစူးစိုက်ရာ ဖြစ်နေသည်။ ထိုအချိန် ကမ္ဘောဒီးယားတွင်လည်း တရုတ်တို့ ထောက်ခံအားပေးထားသော ခမာနီအစိုးရ တက်ခါစဖြစ်ရာ အစိုးရသစ်အပေါ် နိုင်ငံတကာ သိမှတ်ထောက်ခံမှုရဖို့ အပူတပြင်း လိုအပ်နေချိန်ဖြစ်သည်။ မြန်မာအစိုးရခေါင်းဆောင် ဦးနေဝင်းက ဤအကွက်ကို ကျကျနန နင်းလိုက်သည်။

၁၉၇၇ ဒီဇင်ဘာလတွင် ဦးနေဝင်းတစ်ယောက် ဖနွမ်းပင်သို့ ကရားဝင့်အလည်အပတ်ရောက်လာရာ၊ ခမာနီတို့ တက်လာပြီး ပထမဆုံး ရောက်ရှိလာသည့် နိုင်ငံအကြီး

www.burmeseclassic.com

www.burmeseclassic.com



အကဲ ဖြစ်သွားသည်။ တရုတ်တို့အမြင်တွင် ဦးနေဝင်း၏ခရီးစဉ်မှာ သံခင်းတမန်ခင်း အရ ဝိုင်းပယ်ခံနေရသော ခမာနီအစိုးရကို ဆွဲထုတ်ကယ်တင်လိုက်သည့် သဘောပင် ဖြစ်သည်။ ဤအတွက် တရုတ်ပြည်ထံမှ ဦးနေဝင်း မျှော်လင့်ထားသည်မှာ CPB သို့ ပေးနေသော အကူအညီများ လျှော့ချဖို့ဖြစ်သည်ကိုလည်း တရုတ်ခေါင်းဆောင်များ တွက်ဆမိကြပါသည်။ ဦးနေဝင်း၏ ဖန္ဒမ်းပင်ခရီးမှာ အချည်းနှီး မဖြစ်ခဲ့ပါ။ ၁၉၇၈ နှစ်ဦးမှာပင်၊ ၁၉၇၅ ပဲခူးရိုးမကျကတည်းက တရုတ်ပြည်တွင်းတွင်သာ အခြေစိုက်ခဲ့သော CPB ဌာနချုပ်နှင့် အသံလွှင့်ရုံကို မြန်မာပြည်တွင်း ပန်ဆန်းသို့ ရွှေ့စေခဲ့ပါသည်။ မြန်မာပြည်ရောက် တရုတ် အပျော်တမ်း တပ်ဖွဲ့ဝင်များကိုလည်း ပြန်ခေါ်လိုက်ပါသည်။

ဤတွင် ပြောင်းလဲလာသော အခြေအနေသစ်များကို ရင်ဆိုင်ကြဖို့ CPB ဗဟိုကော်မတီအစည်းအဝေးများကို ပထမမုံးကိုးတွင်၊ နောက် ပန်ဆန်းတွင် ဆက်တိုက်ဆိုသလို ကျင်းပခဲ့ပါသည်။ ၁၉၇၈ နိုဝင်ဘာနှင့် ၁၉၇၉ ဇွန်လတို့တွင် ဖြစ်သည်။ သည်လိုနှင့် ၁၉၇၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ကျရောက်သော အနှစ် ၄၀ ပြည့် ပါတီနေ့ကိုပင် ခါတိုင်းလိုမဟုတ်ဘဲ ခပ်အုပ်အုပ်သာ ကျင်းပခဲ့တော့သည်။

အဆိုပါ ပါတီနေ့တွင် ပြောကြားခဲ့သော သူ၏မိန့်ခွန်းရှည်ကြီးတွင် သခင်ဗသိန်းတင်က 'ကိုယ့်ဒူးကိုယ်ချွန် စိတ်ဓာတ်' ဆိုသည်ကို အလေးထားပြောဆိုသွားခဲ့သည်။ 'မည်သို့သော အမှားမျိုး' ဟူ၍ အတိအကျ မဖော်ပြသည့်တိုင် 'နှစ်ပေါင်း ၄၀ သမိုင်းအတွင်း ပါတီအနေနှင့် အမှားပေါင်း မြောက်မြားစွာ ကျူးလွန်ခဲ့သည်' ဟူ၍လည်း ထုတ်ဖော်ပြောဆိုသွားခဲ့သည်။ (၁၉၇၉ ခုနှစ် ဩဂုတ်လက ပန်ဆန်းတွင် ထုတ်ဝေသော သခင်ဗသိန်းတင်၏ 'ကိုယ့်ဒူးကိုယ်ချွန် အဆင်းရဲအပင်ပန်းခံ လုံးပန်းတိုက်ခိုက်တဲ့ ၄၈-၄၉ စိတ်ဓာတ်မွေးမြူကြ' -မိန့်ခွန်း) ရှေ့ဆင့်နောက်ဆင့်ဆိုသလို ထုတ်ဝေသော နောက်ထပ် ကြေညာချက်တစ်ခုမှာလည်း 'ညီနောင်ပါတီများ ဆက်ဆံရေးတွင် ပြည်တွင်းရေး ဝင်မစွက်ဖက်ရေး' ဆိုသည်ကို အဓိက ထောက်ပြခဲ့သည်။

၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် မြန်မာ့တပ်မတော်က အရှေ့မြောက်ဒေသသို့ ၎င်း၏ပထမဆုံး တန်ပြန်ထိုးစစ်အနေနှင့် 'မင်းရန်အောင် (၁)' စစ်ဆင်ရေးကြီးကို စတင်လိုက်ပါသည်။ စစ်ဆင်ရေးရည်မှန်းချက်မှာ ခရစ္စမတ်မတိုင်မီ ပန်ဆန်းကို သိမ်းပိုက်နိုင်ဖို့ ဖြစ်သည်။ ဤရည်မှန်းချက်ကို အပြည့်အဝ အကောင်အထည် မဖော်နိုင်ခဲ့သည့်တိုင် ကျယ်ပြောလှသော မော်ဖားဒေသကြီးကိုမူ မြန်မာ့တပ်မတော်မှ ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ ပန်ဆန်းအနောက်ဘက် ကီလိုမီတာ ၃၀ မျှသာ ကွာသော လွယ်ရှားကောင် တောင်ကုန်းတွင်လည်း ရှေ့တန်းအခြေခံစခန်းတစ်ခု တည်ဆောက်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



CPB ကမူ စစ်ဆင်ရေး ရုပ်သိမ်းသွားသော ၁၉၈၀ ဇန်နဝါရီလ ၆ ရက်နေ့အထိ အစိုးရတပ်ဖွဲ့များမှ ၂,၀၈၅ ဦးသေ၊ ၃,၅၃၇ ဦး ဒဏ်ရာရပြီး သုံ့ပန်း ၃၂၀ ဖမ်းဆီးရမိသည်ဟု အခိုင်အမာကြေညာခဲ့သည်။ ထုံးစံအတိုင်း ဤကိန်းဂဏန်းများမှာ ချဲ့ကားထားသည်များ ဖြစ်ဖို့ များပါလိမ့်မည်။ သို့တစေ မြန်မာ့တပ်မတော်အနေနှင့် အထိအခိုက်၊ အကျအဆုံးခံကာ နယ်မြေသိမ်းစစ်ပွဲများ ဆင်နွဲတော့မည့် သဘောကိုကား မှန်းဆနိုင်စရာ ရှိပါသည်။

၁၉၇၉ တစ်နှစ်လုံးလောက်ပင် မကွေးတိုင်း၊ မင်းဘူးအနီး ဖိုးခေါင်တောင်တန်းတွင် ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထိုနှစ်မကုန်မီမှာပင် ဒေသခံတပ်မှူး ဗိုလ်သက်ထွန်းနှင့် ရခိုင်ပြည်နယ်တစ်ဝိုက်မှ CPB အကြွင်းအကျန်များ လက်နက်ချ အလင်းဝင်ခဲ့ကြသည်။ သည်လိုနှင့် CPB မှာ ၎င်း၏ အခြေခံဒေသသစ်များထဲမှ မော်ဖားကို ဆုံးရှုံးလိုက်ရသလို၊ ယခင် အမာခံဒေသဟောင်းများထဲမှလည်း အနောက်မြောက်တိုင်း (မင်းဘူးတစ်ဝိုက်) ကိုပါ ထပ်မံ လက်လွှတ်လိုက်ရသည်။ ရှမ်းပြည်နယ်မှအပ အခြားဒေသဆို၍ ၁၉၄၈ လက်နက်ကိုင်တော်လှန်ရေး စတင်စဉ်ကတည်းက တနင်္သာရီတိုင်းတွင် ခပ်ကျဲကျဲလှုပ်ရှားနေကြသော လက်တစ်ဆုပ်စာ ပြောက်ကျားအနည်းငယ်မျှသာ ရှိတော့သည်။ သည့်တွင် CPB က ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်မှ လှုပ်ရှားမှုများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် 'မြောက်ပိုင်း ဗျူရို' (မြောက်ပိုင်း ဗဟိုဌာနခွဲ) ကို ဖွဲ့စည်းဖို့ လုပ်လာသည်။ လွယ်ဆန်တောင်ကြောတစ်လျှောက် ရှမ်းပြည် အလယ်ပိုင်းနှင့် တောင်ပိုင်းကိုမူ 'အလယ်ပိုင်းဗျူရို' (အလယ်ပိုင်း ဗဟိုဌာနခွဲ) အဖြစ် ဖွဲ့စည်းဖို့ ဖြစ်ပါသည်။

၁၉၈၀ ပြည့်နှစ်သို့ရောက်သောအခါ အစိုးရက တစ်ပြည်လုံးရှိ လက်နက်ကိုင်အင်အားစုအားလုံးသို့ ရည်ရွယ်ပြီး အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်တစ်ရပ် မမျှော်လင့်ဘဲ ကြေညာလိုက်ပါသည်။ ဤသို့သော ကြေညာချက်မျိုးမှာ ၁၉၆၃ ငြိမ်းချမ်းရေးဆွေးနွေးမှုများနောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည့်တိုင်၊ တောတွင်းလက်နက်ကိုင်များဘက်မှ တုံ့ပြန်မှုမှာ ပြောပလောက်အောင် စိတ်အားထက်သန်မှု မရှိလှပါ။ တရားဝင်ဖော်ပြချက်များအရ CPB မှ ၄၅၀၊ KIA မှာ ၄၀၀၊ ကရင်လက်နက်ကိုင်တပ်မှ ၂၆၀၊ ကိုးကန့်မှ ၁၆၀၊ ပြည်ချစ်ပါတီမှ ၄၅၀ ကျော်၊ စုစုပေါင်း ၁,၇၂၀ လက်နက်ချခဲ့သည်ဟု ဆိုသည်။ ၁၉၈၀ မေလ ၁၀ ရက်ထုတ် အစိုးရသတင်းစာ လုပ်သားပြည်သူ့နေ့စဉ်တွင် စုစုပေါင်း လက်နက်ကိုင်အင်အား ၂,၂၅၇ ဦး 'အိမ်ပြန်ရောက်' (အလင်းဝင်) ခဲ့သည်ဟု ဆိုပါသည်။ မည်သည့်ကိန်းဂဏန်းများက အမှန်ဖြစ်ကြောင်း မသေချာပါ။

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါစာရင်းတွင် အလင်းဝင်ခဲ့ကြသည့် ကိုးကန့်များမှာ ယခင် ဘိန်းဘုရင် ဟောင်း လော်စစ်ဟန်၏ နောက်လိုက်များ ဖြစ်ပါသည်။ ပြည်ချစ်ပါတီ ဆိုသည်မှာ ယခင် ဦးနု ဦးဆောင်ခဲ့သည့် ကွန်မြူနစ်မဟုတ်သော ဗမာအတိုက်အခံများဖြစ်သည်။ CPB မှ အလင်းဝင်ခဲ့ကြသူများမှာလည်း ဖိုးခေါင်တောင်တန်းနှင့် ရခိုင်ပြည်နယ်မှ အကြွင်းအကျန်များသာ ဖြစ်ပါသည်။ အရှေ့မြောက် အခြေခံဒေသမှ အလင်းဝင်သူ တစ်ယောက်မှ မရှိသလို၊ ကချင်ပြည်နယ်မှလည်း မရှိပါ။ ရရှိသမျှ အချက်အလက်များ ဖြင့် ခန့်မှန်းရလျှင် အစိုးရလွတ်ငြိမ်းချမ်းသာခွင့်ကို လက်ခံသူပေါင်းမှာ ၆၀၀ မှ ၇၀၀ အတွင်းသာ ရှိလိမ့်မည်ဟု မှန်းဆရပါသည်။

သို့နှင့်တိုင် ၁၉၈၀ ပြည့်နှစ်အတွင်းမှာပင် CPB ရော၊ KIA ပါ အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ လုပ်ခဲ့ကြပါသည်။ KIA ဆိုလျှင် ၁၉၈၀ ဩဂုတ်မှ ၁၉၈၁ မေလအတွင်း ကချင်ပြည်နယ်မှာရော ရန်ကုန်တွင်ပါ အစိုးရနှင့် အကြိမ်ကြိမ် ဆွေးနွေး ခဲ့ကြသည်။ ရန်ကုန်မှာ ရှိနေစဉ်အတွင်း KIA ခေါင်းဆောင် ဘရန်ဆိုင်းက 'အစိုးရ ကသာ ကချင်ပြည်နယ်ကို ကိုယ်ပိုင်အုပ်ချုပ်ရေး အာမခံချက်ပေးလျှင် မိမိတို့တပ်ဖွဲ့ များအနေနှင့် လက်နက်စွန့်ဖို့ ဆန္ဒရှိပါကြောင်း၊ ခွဲထွက်ရေးကို မိမိတို့ မတောင်းဆိုပါ ကြောင်း' တရားဝင် ကြေညာခဲ့သည်။ သို့တစေ အစိုးရဘက်မှ လက်နက်ကိုင်များကို 'ပြန်လည်ထူထောင်ရေး' သက်သက်မျှသာ ကမ်းလှမ်းပြီး၊ နိုင်ငံရေးအရ လိုက်လျော လိုသည့်သဘောမျိုး ဟက်ဟက်ပက်ပက် မပြသခဲ့ပါ။ သည်လိုနှင့် နောက်ဆုံး ဆွေးနွေးပွဲ များ ရပ်သွားခဲ့ပါသည်။

အစိုးရအရာရှိများနှင့် ကွန်မြူနစ်တို့၏ ဆွေးနွေးပွဲမှာ ဤမျှပင် ခရီးမရောက်။ ၁၉၈၁ ခုနှစ် မေလ ဆွေးနွေးပွဲကာလမှာ တစ်ရက်သာ ကြာသည်။ သခင်ဖေတင့် ခေါင်းဆောင်ပြီး ရဲဘော်ရဲထွန်း (ပျဉ်းမနားမှ ဝါရင့်လူဟောင်း) နှင့် ဖလန်ဂမ်ဒီး (ဗိုလ်နော်ဆိုင်းအဖွဲ့မှ တစ်ဦး) တို့ပါသော CPB ကိုယ်စားလှယ်အဖွဲ့မှာ လားရှိုးသို့ သွားရောက်ဆွေးနွေးခဲ့ကြပြီး တောင်းဆိုချက်သုံးခု တင်ပြခဲ့ကြသည်။

၁။ CPB ကို တရားဝင် နိုင်ငံရေးပါတီတစ်ခုအဖြစ် အသိအမှတ်ပြုရန်၊

၂။ CPB ၏ အခြေခံဒေသကို 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ' တစ်ခုအဖြစ် အသိအမှတ်ပြုရန်နှင့်

၃။ CPB ၏ လက်နက်ကိုင်တပ်ကို အသိအမှတ်ပြုရန်တို့ ဖြစ်သည်။

ဤကိစ္စများအတွက် ညှိနှိုင်းဆွေးနွေးဖို့ မဖြစ်နိုင်ဟုဆိုကာ မြန်မာအစိုးရအရာရှိ များက ဆွေးနွေးပွဲကို ရပ်ပစ်လိုက်သည်ဟု ဆိုပါသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပျက်သွားပြီးသည့်နောက် CPB အနေနှင့် မြန်မာ ပြည်မသို့ ပြန်လည်ထိုးဖောက် ဝင်ရောက်နိုင်ရန် မမီမကမ်း ကြိုးပမ်းခဲ့သည်များ ရှိ သလောက်ရှိခဲ့သည်။ ပထမအကြိမ်မှာ ၁၉၈၁ ခုနှစ် အစောပိုင်းလောက်က ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်–မြန်မာ နယ်စပ်ဒေသတွင် ကာလတာရှည် ပိတ်မိနေသော မိမိတို့အဖြစ်ကို စိတ်ပျက်ငြီးငွေ့နေသော ပါတီဝါရင့်ရဲဘော် ဗိုလ်ကျော်မိုး ဦးဆောင်ပြီး တပ်ရင်း ၁၈၀ ကို ဖွဲ့စည်းကာ စစ်ကိုင်းတိုင်းမြောက်ပိုင်း ပင်လယ်ဘူးဒေသကို ခြေကုပ်ယူနိုင်ရန် ကြိုးစားခဲ့သည်။ ရင်း ၁၈၀ အနေနှင့် ပင်လယ်ဘူးရောက်အောင် စီစဉ်နိုင်ခဲ့သော်လည်း အစိုးရတပ်များက ဆီးကြိုတိုက်ခိုက်သည်နှင့် တပ်ပျက်သွားခဲ့သည်။ ဗိုလ်ကျော်မိုးနှင့် ရဲဘော်တော်တော်များများ တိုက်ပွဲတွင် ကျဆုံးခဲ့ရသည်။

၁၉၈၃ ဖေဖော်ဝါရီလတွင် ဒုတိယအကြိမ် ထပ်မံ ကြိုးစားခဲ့ပြန်သည်။ ဤတစ်ကြိမ်တွင် တပ်ရင်း ၁၀၂ ကို အသစ်ဖွဲ့စည်းကာ KIA ၏ လမ်းပြမှုဖြင့် ကချင်ပြည်နယ် ကမ်ပိုက်တီးဒေသရှိ ၁၀၁ စစ်ဒေသမှ စစ်ကိုင်းတိုင်းသို့ ဦးတည်ချီတက်ခဲ့ကြသည်။ သို့နှင့်တိုင် ရည်မှန်းချက်မရောက်မီမှာပင် သတင်းပေါက်ကြားသွား၍ ၁၉၈၅ ခုနှစ်တွင် မုံးကိုးသို့ ပြန်လည်ဆုတ်ခွာခဲ့ရသည်။ ရဲဘော် ၁၈ ဦးပါသော တပ်ဖွဲ့ငယ်လေးသာ စစ်ကိုင်းတိုင်းအထိ ဆင်းသွားနိုင်ခဲ့သည်။ သူတို့တစ်တွေမှာလည်း အစိုးရတပ်များက ဒလစပ် လိုက်လံတိုက်ခိုက်သည်နှင့် ချင်းတွင်းမြစ်အနောက်ဘက်သို့ ဆုတ်ခွာခဲ့ရသည်။ သည်လိုနှင့် နာဂတောင်တန်းတွင် လအတန်ကြာ သောင်တင်နေခဲ့ပြီး နောက်ဆုံး မုံးကိုးသို့ပင် ပြန်လည်ဆုတ်ခွာခဲ့ရသည်။

၁၉၈၃ ခုနှစ်ထဲမှာပင် နောက်ထပ်တစ်ကြိမ် ကြိုးစားခဲ့ပါသေးသည်။ ယခင်ပဲခူးရိုးမ အမာခံနယ်မြေကို လှေ့လာဆန်းစစ်နိုင်စေရန် စုံစမ်းရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့သည်။ သို့တိုင်အောင် ဤဒေသမှာ အခြေခံဒေသသစ် ဖော်ထုတ်ဖို့ မဖြစ်နိုင်တော့ကြောင်း အဆိုပါအဖွဲ့အနေနှင့် သဘောပေါက် နားလည်သွားခဲ့ရသည်။ ၁၉၇၅ နောက်ပိုင်းကတည်းက ပဲခူးရိုးမရှိ ကျေးရွာအားလုံး (တောင်ပေါ် ၁၄ ရွာ) ကို မြေပြန့်သို့ ရွှေ့ပြောင်းခဲ့ပြီးဖြစ်သည်။ သို့ဖြင့် ဆိုခဲ့ပါ စုံစမ်းရေးအဖွဲ့လည်း အရှေ့မြောက်သို့ ပြန်သွားခဲ့ရသည်။

ထိုအချိန်မှစ၍ ယခင် အမာခံနယ်မြေဟောင်းများသို့ ပြန်လည်ထိုးဖောက်ရေးကို ဘယ်တော့မှ မလုပ်နိုင်ခဲ့တော့ပါ။ သည်လိုနှင့် CPB မှာ တရုတ်နယ်စပ်တစ်လျှောက် လူဦးရေကျဲပါးသော ဝေးလံခေါင်ဖျား တောင်တန်းများပေါ်တွင်သာ အခြေခံလူထုနှင့် အဆက်ပြတ်ပြီး အထီးကျန်ဖြစ်နေရတော့သည်။ ပါတီ၏ အနာဂတ်တည်ရှိရာ တော်လှန်ရေးအောင်မြေ ဖြစ်ရမည့် ဧရာဝတီမြစ်ဝှမ်း မြန်မာပြည်မနှင့် ရွှေပြည်တော် မျှော်တိုင်းဝေး ဖြစ်ရလေတော့သည်။

ဆိုခဲ့ပါ အထီးကျန် အရှေ့မြောက် အခြေခံဒေသမှ ထွက်ပေါ်လာခဲ့သော CPB အသစ်တွင် မူလဖစ်မြစ်နှင့် နိုင်ငံရေးနောက်ခံချင်း မတူသလို စိတ်ဝင်စားမှုနှင့် စိတ်အားထက်သန်မှုပါ မတူကြသော အုပ်စုကြီးခြောက်ခု ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁။ စီချွမ်လောင်ဖိန် (စီချွမ်ရဲဘော်ဟောင်းများ)

၁၉၅၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းက တရုတ်ပြည်သို့ ရောက်ရှိလာကြပြီး နိုင်ငံရေးသင်တန်း တက်ခဲ့ကြသည့် CPB ကေဒါများ ဖြစ်သည်။ သူတို့ထဲမှ အချို့ ဆိုလျှင် ဆိုဗီယက်ယူနီယံထိ ရောက်ခဲ့သည်များပင် ရှိသည်။ အရှေ့မြောက် အခြေခံ ဒေသတည်ထောင်ရာတွင် အချက်အချာအခန်းမှ ဦးဆောင်ပါဝင်ခဲ့ရုံမျှမက၊ သမိုင်း ကြောင်းအရလည်း တရုတ်ပြည်နှင့် နီးနီးကပ်ကပ် အဆက်အသွယ်ရှိခဲ့ကြသူများဖြစ်ရာ သူတို့အုပ်စုမှာ အရေအတွက်အရ နည်းသော်လည်း အဓိကလွှမ်းမိုးထားသည့် အင်အားစု ဟု ဆိုရပါလိမ့်မည်။ ၁၉၅၀ မှ ၁၉၅၃ ခုနှစ်အတွင်း တရုတ်ပြည်သို့ ခရီးကြမ်းနှင်ခဲ့ ကြသည့် CPB ကေဒါအရေအတွက်မှာ ၁၄၃ ယောက်သာ ရှိသည်။ ဤအုပ်စုတွင် ဥက္ကဋ္ဌ သခင်ဗသိန်းတင်၊ အတွင်းရေးမှူး ရဲဘော်ခင်မောင်ကြီး၊ အရှေ့မြောက်စစ်ဒေသ ၏ စစ်ဦးစီးချုပ် ရဲဘော်တင်ရီ (ဗိုလ်နေဝင်း) တို့ ပါဝင်သည်။ ဗဟိုကော်မတီ၏ တစ်ဝက်နီးပါးလောက်မှာ စီချွမ်ရဲဘော်ဟောင်းများ ဖြစ်ပါသည်။

## ၂။ ပြည်တွင်းရဲဘော်ဟောင်းများ

တရုတ်ပြည်သို့မသွားဘဲ ပြည်မအခြေခံဒေသဟောင်းများတွင်သာ ကျန်ရစ်ခဲ့ သော ရဲဘော်ဟောင်းများ ဖြစ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များ၏အလယ်၊ မြန်မာ့ တပ်မတော်က အဆိုပါ ဒေသဟောင်းများကို ချေမှုန်းလိုက်တော့မှ၊ သူတို့တစ်တွေမှာ လုပ်ဖော်ကိုင်ဖက်များရှိရာ အရှေ့မြောက်ဒေသသို့ ရောက်ရှိလာကြသည်။ ဤအုပ်စု တွင် ပဲခူးရိုးမလူဟောင်း ဗိုလ်မျိုးမြင့်၊ ရခိုင်ပြည်နယ်မှ ရဲဘော်ကျော်မြ၊ ပျဉ်းမနားမှ ရဲဘော်ရဲထွန်းနှင့် ဗိုလ်မြမင်း (ရဲဘော်ထွန်းမြင့်) တို့ ပါဝင်သည်။ သူတို့တစ်တွေမှာ ပါတီထဲတွင် စီချွမ်ရဲဘော်ဟောင်းများပြီးလျှင် ဒုတိယအရေးကြီးဆုံး အင်အားစု ဖြစ် လာသည်။ အရေအတွက်အရမူ စီချွမ်အုပ်စုလောက်သာ ရှိသည်။

## ၃။ ကွေ့ကျိုးလောင်ဖိန် (ကွေ့ကျိုးရဲဘော်ဟောင်းများ)

၁၉၅၀ မှ ၁၉၆၈ ခုနှစ်အတွင်း ကွေ့ကျိုးပြည်နယ်တွင် နေထိုင်ခဲ့ကြသည့် ဗိုလ်နော်ဆိုင်းနှင့် အင်အား ၂၀၀ မှ ၃၀၀ အတွင်းရှိသော သူ၏ ကချင်ရဲဘော်များ ဖြစ်ပါသည်။ ၁၉၆၈ အရှေ့မြောက်အခြေခံဒေသ တည်ဆောက်သောအခါ စီချွမ် ရဲဘော်ဟောင်းများက နိုင်ငံရေးမှူးတာဝန်ယူပြီး ကွေ့ကျိုးရဲဘော်ဟောင်းများမှာ တပ်မှူး တာဝန်ယူခဲ့ကြသည်။ (CPB တွင် နိုင်ငံရေးမှူးက တပ်မှူးထက် ပိုမြင့်သည်။) ၁၉၈၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းသို့ ရောက်သောအခါ ကွေ့ကျိုးရဲဘော်အများစုမှာ အသက်ထောက်လာပြီဖြစ်၍ စစ်ရေးလှုပ်ရှားမှုများကို ဦးမဆောင်နိုင်တော့ဘဲ အရှေ့

www.burmeseclassic.com

www.burmeseclassic.com



မြောက် အခြေခံဒေသရှိ အရပ်ဘက်အုပ်ချုပ်ရေးတွင်သာ တာဝန်ယူကြရပါတော့သည်။ သူတို့အုပ်စုထဲမှ ရဲဘော်ဇော်မိုင်နှင့် ရဲဘော်ဖလန်ဂမ်ဒီးတို့နှစ်ယောက်သာ ပါတီခေါင်းဆောင်မှု၏ ထင်ရှားသော ရာထူးများကို ရယူနိုင်ခဲ့ပါသည်။

## ၄။ ပညာတတ်များနှင့် လူသစ်များ

၁၉၇၀ ပြည့်လွန်နှစ်များ၏ အလယ်လောက်က ရန်ကုန်နှင့် မန္တလေးမြို့များတွင် အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ ပေါ်ထွက်လာခဲ့သော်လည်း၊ ယေဘုယျအားဖြင့် CPB အနေနှင့် အဆိုပါလှုပ်ရှားမှုများနှင့် ချိတ်ဆက်နိုင်ခဲ့သည်တော့ မဟုတ်ပါ။ သို့နှင့်တိုင် ၁၉၇၄ မှ ၁၉၇၈ ခုနှစ်အတွင်း ဗမာလူငယ် ၁၅၀ ခန့် (အများစုမှာ ကျောင်းသားများဖြစ်သည်။) CPB ၏ အရှေ့မြောက်အခြေခံဒေသသို့ ရောက်လာခဲ့ကြသည်။ ထို့ပြင်မက မြန်မာ့တပ်မတော်မှ လူသိများထင်ရှားသည့် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောလည်း မိသားစုနှင့်အတူ ၁၉၇၆ ခုနှစ်တွင် CPB ဘက်သို့ ကူးပြောင်းလာခဲ့သည်။ ပါတီလူဟောင်းကြီးများအနေနှင့် အဆိုပါလူသစ်များကို ဘယ်တုန်းကမှ အပြည့်အဝ ယုံကြည်ခဲ့သည်တော့ မဟုတ်ပါ။ မြန်မာ့လူ့အဖွဲ့အစည်း၊ မြန်မာ့နိုင်ငံရေးတို့နှင့် ပတ်သက်သော အမြင်များတွင် သူတို့တစ်တွေကြား သဘောထားကွဲလွဲမှုများ ဟိုးယခင်မူလအစကတည်းက ရှိနေခဲ့သည်။

အသစ်ရောက်လာသူများမှာ စီချွမ်ရဲဘော်ဟောင်းများ၊ ပြည်တွင်းရဲဘော်ဟောင်းများလို လေ့နံစားထစ်သမားများ မဟုတ်ကြချေ။ အတွေးအခေါ်သစ်များ၊ တူရူချက်အသစ်များနှင့် ပတ်သက်လျှင် စိတ်ကိုဖွင့်၍ လေ့လာစူးစမ်းလိုသူများ ဖြစ်ကြသည်။ သို့တစေ အဆိုပါပညာတတ်များကို ပါတီတွင်းရှိ ဆိုဗီယက်လိုလားသော ဂိုဏ်းဟူ၍ကား ဆိုနိုင်လိမ့်မည်မဟုတ်ပါ။ တရုတ်-ဆိုဗီယက်အကွဲတွင် တရုတ်ပြည်ဘက်မှ ထောက်ခံခဲ့ကြသူတွေသာ ဖြစ်ပါသည်။ ပါတီကြီးနှစ်ခု၏ အကွဲအပြဲတွင် တစ်ဖက်ဖက်မှ အပြတ်ရပ်ပြီး အသေကျကျ မတုံ့ပြန်လိုသူများသာ ဖြစ်သည်။

ဗိုလ်ကျော်ဇောမှလွဲ၍ လူသစ်အားလုံးမှာ အလေးထားလောက်အောင် ထင်ရှားကျော်ကြားသူများ မဟုတ်လေရာ၊ သူတို့တစ်တွေမှာ ပါတီထဲတွင်ရော၊ တပ်ထဲတွင်ပါ အရေးပါ အရာရောက်သော နေရာမျိုး မရခဲ့ကြပါ။ သူတို့ထဲမှ အများစုကို ရုံးစာရေးများ၊ ဆေးမှူးများအဖြစ်သာ တာဝန်ပေးထားသည်။ ခေတ်ပညာတတ်များ ဖြစ်ကြသည်နှင့်အညီ များသောအားဖြင့် စာမတတ်သော ဝရဲဘော်များထက် မော်တာထုရာ၊ အမြောက်ပစ်ရာတွင် ပိုတွက်နိုင်ချက်နိုင်ကြ၍ လက်နက်ကြီးတပ်ဖွဲ့တွင် တာဝန်ပေးထားသည်များတော့ ရှိသလောက် ရှိပါသည်။ CPB ၏ တရားဝင်ပေါ်လစီအရ ပစ္စည်းမဲ့အလုပ်သမားလူတန်းစားကသာ လယ်သမားနှင့် မဟာမိတ်ဖွဲ့ပြီး တော်လှန်ရေးကို

www.burmeseclassic.com



ခေါင်းဆောင်ရမည်ဖြစ်သည်။ သို့အတွက် ပညာတတ်များတွင် ကျွမ်းကျင်မှု မည်မျှပင် ရှိစေ အရေးပါသော အင်အားစုအဖြစ် ယူဆနိုင်မည် မဟုတ်ပါချေ။

ကျောင်းသားဟောင်း တော်တော်များများဆိုလျှင် ပုံနှိပ်သည့်လုပ်ငန်း၊ စာရွက်စာတမ်း ရေးသားသည့်လုပ်ငန်း၊ မြေအောက်မဂ္ဂဇင်း ထုတ်ဝေသည့်လုပ်ငန်းတို့တွင် အတွေ့အကြုံ အများကြီးရှိကြသည်။ သို့တိုင်အောင် ပါတီပေါလစ်ဗျူရော ပန်ဆန်းရှိ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကို စီမံခန့်ခွဲမှုတာဝန်ပေးထားသည့် ရဲဘော်မှာ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း အတွေ့အကြုံ လုံးဝမရှိသည့် ကျွဲကျောင်းသားဟောင်းတစ်ဦးသာ ဖြစ်သည်။ သူ့ကို ဤတာဝန်ပေးထားသည်မှာ ပါတီခေါင်းဆောင်များ၏ လေလုံးမိုးလုံးများအရ 'လူတန်းစားမှန်သောကြောင့်' ဖြစ်ပါသည်။

## ၅။ တရုတ်အပျော်တမ်းတပ်ဖွဲ့ဝင်များ

ပြောရလျှင် ၁၉၆၈ မှ ၁၉၇၃ ခုနှစ်အတွင်း အရှေ့မြောက်ပိုင်းရှိ CPB တိုက်ခိုက်ရေးတပ်များကို တရုတ်ပြည်မှ ရောက်လာကြသော အပျော်တမ်းတပ်ဖွဲ့ဝင်များဖြင့် အခြေခံဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ ဤအကြောင်းကြောင့်ပင် ဤကာလအတွင်း ရှမ်းပြည်နယ်သို့ ထိုးဖောက်ရေးအစီအစဉ်ကို တစ်ခါတစ်ရံ 'တရုတ်နိုင်ငံ ကျူးကျော်မှု' ဟု ရည်ညွှန်းပြောဆိုကြသည်များပင် ရှိသည်။ အဆိုပါ တရုတ် အပျော်တမ်းတပ်ဖွဲ့ဝင်များမှာ ဆယ်ကျော်သက်သာသာ လူငယ်တွေ ဖြစ်သည်။ တရုတ်ဘုံ အဖွဲ့များတွင် အလုပ်လုပ်ရသည့် ခြံထက် CPB တွင် တာဝန်ထမ်းဆောင်ရသည်က ပို၍ စိတ်လှုပ်ရှားစရာကောင်းသော အပြောင်းအလဲဖြစ်လိမ့်မည်ဆိုသော စိတ်ကူးအတွေးဖြင့် ရောက်လာကြသော လူငယ်လေးတွေ ဖြစ်ကြသည်။

သို့တိုင်အောင် ပို၍ အသက်အရွယ်ကြီးပြီး ပိုအတွေ့အကြုံများသော တရုတ်စစ်အကြံပေးပုဂ္ဂိုလ်များလည်း ရှိပါသည်။ ၁၉၇၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းအထိ CPB ၏ အဓိကတပ်ဖွဲ့တိုင်းတွင် အဆိုပါ တရုတ်စစ်အကြံပေးများ ထားရှိသည်။ ၁၉၇၉ ခုနှစ်တွင် တရုတ်ပြည်က အဆိုပါ စစ်အကြံပေးများကို ရုပ်သိမ်းသွားပြီး အပျော်တမ်းတပ်ဖွဲ့များကိုလည်း ပြန်ခေါ်လိုက်ပါသည်။ ဤတွင် ဗမာရည်လည် သလောက်ရှိသော လက်တစ်ဆုပ်စာ လူတစ်စုမှလွဲ၍ အားလုံး ပြည်တော် ပြန်သွားခဲ့ကြသည်။ ဤသို့ ကျန်ရစ်ခဲ့ကြသူများထဲတွင် မုန်းဖောဒေသရှိ တပ်မဟာ ၂ မှ တပ်မှူး ကျန်းကျီမိန်၊ CPB ၏ တိုက်စွမ်းရည်အထက်ဆုံး တပ်မှူးတစ်ဦးဟု ဆိုကြသည့် ၆၈၃ တပ်မဟာမှ လီကျစ်ရှုနှင့် လားအိုအနီးရှိ ၈၁၅ စစ်ဒေသတပ်မှူး လင်မိန်ရှန်တို့ ပါဝင်သည်။ တရုတ်ပြည်က ထောက်လှမ်းရေးရည်ရွယ်ချက်ဖြင့် သူတို့ကို တမင်ချန်ထားရစ်ခဲ့သည်ဆိုသော အပြောအဆိုများလည်းရှိရာ ယုတ္တိတန်လောက်စရာ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၆။ လူနည်းစုတိုင်းရင်းသားများ

အရှေ့မြောက်အခြေခံဒေသတွင် ကွန်မြူနစ်ပါတီအနေနှင့် 'စစ်မှုမထမ်း မနေရ' အမိန့်ဖြင့် တပ်သားသစ်စုဆောင်းလေ့ရှိသည်။ ဆန္ဒအလျောက် တပ်ထဲဝင်လာသူဆို၍ မရှိသလောက်ပင် ရှားပါသည်။ အဆိုပါ လူသစ်အားလုံးမှာ လူနည်းစုတိုင်းရင်းသားများပင် ဖြစ်သည်။ သူတို့ထဲမှ မဆိုစလောက်မျှသာ ပါတီဝင်ဖြစ်သွားကြသည်။ သို့နှင့် အမျှ လက်နက်ကြီးတပ်ဖွဲ့ရှိ ပညာတတ်အချို့မှလွဲ၍ CPB ၏ အောက်ခြေတပ်သားထု အားလုံးမှာ အဆိုပါ လူနည်းစုတိုင်းရင်းသားများသာ ဖြစ်ပါသည်။ CPB တိုက်ခိုက်ရေး တပ်အားလုံး၏ သုံးပုံ နှစ်ပုံကျော်မှာ ဝတိုင်းရင်းသားများဖြစ်ပြီး ကျန်ရဲဘော်များမှာ ကချင်၊ ကိုးကန့်၊ တရုတ်၊ ရှမ်း၊ လားဟူ၊ အခါနှင့် အခြားလူမျိုးစုများ ဖြစ်သည်။ အဆိုပါ လူသစ်များအနေနှင့် အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည်မှာ အိုင်ဒီအိုလိုဂျီတွန်းအားကြောင့်တော့ မဟုတ်။ လူမျိုးစုဆိုင်ရာ မကျေနပ်မှု စိတ်အခံကြောင့် ဖြစ်သည်။

ပါတီထိပ်ပိုင်း ခေါင်းဆောင်များက ဆိုခဲ့ပါ အောက်ခြေရဲဘော်များ လေ့လာကြစေရန် ကွန်မြူနစ်စာပေများကို ပုံနှိပ်ထုတ်ဝေ ဖြန့်ချိကြသည်များ ရှိသည်။ အောက်ခြေရဲဘော်များက အဆိုပါ ဝါဒဖြန့်ချိရေးစာရွက်တွေကို အားတက်သရော ရယူကြသည်။ ဖတ်၊ မှတ်၊ လေ့လာဖို့တော့ မဟုတ်။ 'ပွတ်ချွန်း' လိပ်သောက်ဖို့ ဖြစ်သည်။ စာရွက်တွေက ပါးပါးလှပ်လှပ်လေးတွေဖြစ်ရာ 'ပွတ်ချွန်း' လိပ်လို့ကောင်းသည်။ ('ပွတ်ချွန်း' ဆိုသည်မှာ ဆေးရွက်ကြီးအားလှီးဆေးကို စက္ကူထဲထည့်၊ လက်ဖဝါးနှင့် ပွတ်လိပ်ရသော လက်ဖြစ်ဆေးလိပ် ဖြစ်ပါသည်။) ဆိုရလျှင် အဆိုပါ ပေါ်လစီစာရွက်စာတမ်းတွေမှာ ဗမာလို ရေးထားသည်ဖြစ်ရာ ရဲဘော်များ ဖတ်ချင်သည့်တိုင် ဖတ်နိုင်သူ၊ ဖတ်တတ်သူ မရှိသလောက်ပင် ဖြစ်ပါသည်။

လူနည်းစုတိုင်းရင်းသားများထဲမှ ထိပ်တန်းနိုင်ငံရေးခေါင်းဆောင်မှုနေရာ ရယူထားနိုင်သည့် တစ်ဦးတည်းသော ရဲဘော်မှာ ရှမ်းအမျိုးသား စိုင်းအောင်ဝင်းသာ ရှိပါသည်။ သို့တစေ စိုင်းအောင်ဝင်းမှာ အရှေ့မြောက် အခြေခံဒေသမှ လာသူတော့မဟုတ်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဒုတိယဥက္ကဋ္ဌဟောင်းတစ်ဦးဖြစ်ပြီး ၁၉၆၄ ခုနှစ်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှတစ်ဆင့် ပါတီသို့ ဆက်သွယ်တောခိုခဲ့သူဖြစ်သည်။

နှစ်ကာလများ ကုန်ဆုံးလာသည်နှင့်အမျှ ခေါင်းဆောင်ဟောင်းအချို့မှာ မြင်ကွင်းမှ ပျောက်ကွယ်သွားကြသည်များ ရှိလာသည်။ သဘောထားတင်းမာသူဟု ဆိုကြသော ဗိုလ်တိုက်အောင်မှာ ၁၉၈၃ ခုနှစ်က လေဖြတ်ပြီး သွက်ချာပါဒဖြစ်နေ၍ တရုတ်ပြည်သို့ ပြန်သွားခဲ့ရသည်။ သခင်ဖေတင့်မှာလည်း လည်ချောင်းကင်ဆာကြောင့် တရုတ်

www.burmeseclassic.com



ပြည်တွင် ဆေးရုံတင်လိုက်ရသည်။ ဖရန်ဂန်ဒီးမှာ အသက်အရွယ်ကြီးရင့်လာပြီး ကျန်းမာရေးပါ မကောင်းတော့၍ တရုတ်ပြည်ဆေးရုံတွင်သာ ဆေးကုသမှု ခံယူနေရသည်က များသည်။ အရှေ့မြောက်အခြေခံဒေသ၏ ပထမဆုံး နိုင်ငံရေးမှူးတာဝန်ယူခဲ့သူ ဗိုလ်သန်းရွှေမှာ ပါတီခေါင်းဆောင်မှုနှင့် သဘောကွဲလွဲမှုများရှိလာ၍ ၁၉၈၅ ခုနှစ်ကပင် ပါတီမှထွက်ပြီး တရုတ်ပြည်တွင် အငြိမ်းစားအဖြစ် နေထိုင်ခဲ့သည်။ သူက "လက်နက်ကိုင်တော်လှန်ရေးအတွက် အဆင်သင့်မဖြစ်သေးမီ အနိမ့်ဆုံးအားဖြင့် ယခုလောလောဆယ်တွင် မြန်မာနိုင်ငံ၏လက်ရှိ ပါဝါအအောက်အအုံထဲတွင် လှုပ်ရှားသည်က ပါတီအတွက် ပိုကောင်းလိမ့်မည်"ဟု ရပ်ခံတင်ပြခဲ့သည်။

ပါတီကို ပြန်လည်ဖွဲ့စည်းရန် ရည်ရွယ်ချက်ဖြင့် CPB ၏ တတိယပါတီကွန်ဂရက်ကို ၁၉၈၅ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ပန်ဆန်းမှာပင် စတင်ကျင်းပခဲ့ပါသည်။ အောက်တိုဘာလ ၂ ရက်နေ့အထိ ၂၄ ရက်ကြာ ပါတီကွန်ဂရက်တွင် အရှေ့မြောက်ပိုင်း အခြေခံဒေသမှ ကိုယ်စားလှယ်များနှင့် တနင်္သာရီတိုင်းမှ တစ်ဦး၊ ရန်ကုန်မှ ပါတီလိုလားသူနှစ်ဦး၊ စုစုပေါင်း ကိုယ်စားလှယ်ပေါင်း ၁၇၀ ကျော် တက်ရောက်ခဲ့သည်။ ဤကွန်ဂရက်မှပင် ဗဟိုကော်မတီသစ်ကို ရွေးကောက်တင်မြှောက်လိုက်ကြပါသည်။ (နောက်ဆက်တွဲ ၁ တွင် ကြည့်ပါရန်) 'မတ်ခ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်နှင့် ဗမာပြည်၏ အခိုင်အမာလက်တွေ့တို့ ပေါင်းစပ်ကျင့်သုံးထားသော လမ်းညွှန်မှုဖြင့် ကျင်းပသော ၂၄ ရက်ကြာ ကွန်ဂရက်ကြီးမှာ 'ညီညွတ်ရေးကွန်ဂရက်' ဖြစ်သလို 'အောင်ပွဲခံကွန်ဂရက်'လည်း ဖြစ်ပေသည်. . .' စသဖြင့် တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

တကယ့်လက်တွေ့တွင်ကား ကွန်ဂရက်အတွင်းမှာပင် ပြင်းထန်သော သဘောကွဲလွဲမှုများ ပေါ်ထွက်လာခဲ့သည်။ ပြောရလျှင် ဤကွဲလွဲမှုများသည်ပင် CPB ၏ ဝါရင့်ခေါင်းဆောင်ဟောင်းများနှင့် လူငယ်ပညာတတ်များကြားတွင် ကြီးမားသော မျိုးဆက်ကွာဟမှုတစ်ရပ် ရှိနေပြီဖြစ်ကြောင်း လှစ်ပြလိုက်ရာ ရောက်ပါသည်။ ကွန်ဂရက်တွင် တင်သွင်းသော ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာတွင် ယခုလို ဖော်ပြထားသည်။ '၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ဗမာပြည်မှာ နိုင်ငံရေးအရ လွတ်လပ်ရေးရခဲ့သော်လည်း စီးပွားရေးအရမူ နယ်ချဲ့နိုင်ငံပေါင်းစုံကို မှီခိုနေခဲ့ရသည်။ သို့အတွက် ဗမာပြည် လူ့အဖွဲ့အစည်း၏ လက္ခဏာမှာ ကိုလိုနီတစ်ပိုင်း ပဒေသရာဇ်တစ်ပိုင်းသာ ဖြစ်ပေသည်။ သို့နှင့်အမျှ ဗမာပြည်တော်လှန်ရေး၏ သဘာဝမှာလည်း နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်နှင့် ဗျူရိုကရက်အရင်းရှင်စနစ်ကို တွန်းလှန်ဖယ်ရှားဖို့ ရည်ရွယ်သော 'ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး' ပင် ဖြစ်သည်။ လက်ရှိတော်လှန်ရေးအဆင့်၏ နည်း

www.burmeseclassic.com

www.burmeseclassic.com



ပရိယာယ်လမ်းစဉ်မှာ လက်နက်ကိုင်တိုက်ပွဲကို အဓိကတိုက်ပွဲပုံသဏ္ဍာန်အဖြစ် ဆင်နွှဲကြဖို့ ဖြစ်သည်။ ကျေးလက်ဒေသများတွင် အခြေခံစခန်းများ တည်ဆောက်ပြီး မြို့တွေကို ဝိုင်းကြဖို့ ဖြစ်သည်...' စသဖြင့်။

အဆိုပါ နိုင်ငံရေးအစီရင်ခံစာကို လူငယ်ကေဒါများက ဝေဖန်ခဲ့ကြသည်။ အစီရင်ခံစာတွင်ပါသော ပဒေသရာဇ်မြေရှင်များ၊ လောဘကြီးသော ငွေတိုးချေးစားသူများမှာ ဟိုးရှေးသရောအခါကပင် သမိုင်းထဲသို့ တိုးဝင်သွားခဲ့ပြီဟု သူတို့က အခိုင်အမာဆိုသည်။ ပါတီခေါင်းဆောင် အဘိုးကြီးတွေမှာ လွန်ခဲ့သော ၃၅ နှစ်ကျော် သူတို့တောခိုခဲ့စဉ်၊ သို့မဟုတ် တရုတ်ပြည်မသွားခင် သူတို့သိခဲ့ကြသော လူ့အဖွဲ့အစည်းအကြောင်းကိုသာ ဖော်ပြနေကြသည်။ ပြောင်းလဲလာသော ပကတိအရှိကို ဘာမှမသိစသည်ဖြင့် ဝေဖန်ကြသည်။ ယနေ့လယ်သမားထု အဓိကရင်ဆိုင်နေကြရသော ပြဿနာမှာ အစိုးရက သတ်မှတ်ထားသော ကျိုးကြောင်းဆီလျော်မှုမရှိသည့် ထုတ်လုပ်ရေးခွဲတမ်း (တာဝန်ကျေသီးနှံ) ကို ဘယ်လိုရင်ဆိုင်ကြရမည်၊ ဈေးကွက်ပေါက်ဈေးထက် အဆမတန်နည်းသော ဈေးနှုန်းဖြင့် အစိုးရသို့ ဆန်ရောင်းနေရသည်များကို ဘယ်လိုရှောင်တိမ်းရမည်ဆိုသော ကိစ္စများသာဖြစ်ကြောင်း ... စသဖြင့် သူတို့ကိုယ်ပိုင် အတွေ့အကြုံနှင့်ယှဉ်ကာ ထောက်ပြကြသည်။

ထိုမျှမက ဗမာအစိုးရ၏ 'နိုင်ငံခြားကြောက်ရောဂါ' နှင့် 'ရှေးရိုးစွဲအယူအဆ' များကို ထောက်ပြပြီး 'ကိုလိုနီတစ်ပိုင်း၊ ပဒေသရာဇ်တစ်ပိုင်း' ဆိုသော လူ့အဖွဲ့အစည်းလက္ခဏာသတ်မှတ်ချက်ကိုပါ မေးခွန်းထုတ်လာကြသည်။ အမှန်စင်စစ်၊ အစိုးရ၏ ပြင်ပသြဇာနှင့် ပြင်ပကုန်သွယ်ရေးတို့မှ သီးခြားကင်းလွတ်ရေး၊ ကိုယ်ပိုင်ဖူလုံမှု စီးပွားရေးပေါ်လစီက အာရှဒေသ၏ အသန်စွမ်းဆုံး မှောင်ခိုစီးပွားရေးကြီးတစ်ရပ်ကို ဖန်တီးလိုက်သည်ဖြစ်ရာ၊ ဤမှောင်ခိုဈေးကွက်ကြီးသည်ပင် အစိုးရဝန်ထမ်းများနှင့် တပ်မတော်အရာရှိကြီးများအတွက် ငွေရပေါက်ရလမ်း ဖြစ်နေသည်ကိုလည်း စိစစ်တင်ပြခဲ့ကြသည်။ လူငယ်ကေဒါများ၏ အလိုအရ ပါတီအနေနှင့် အကောင်အထည်မဲ့ 'ကိုလိုနီသွေးစုပ်မှု' ဆိုသည်မျိုးထက်၊ ဆိုခဲ့ပါ ပကတိအရှိကို ဖွင့်ချသည်က ပို၍ လျော်ကန်သင့်မြတ်လိမ့်မည်ဟု အကြံပြုခဲ့သည်။

သို့နှင့်တိုင် အတိုက်အခံလူငယ်များမှာ အောင်မြင်မှုမရခဲ့ကြပါ။ အချို့လူငယ်များဆိုလျှင် ဤသို့သော ပြဿနာများကို မတင်ရန်၊ ၁၈ကယ်၍ ပြောစကားနားမထောင်လျှင် ပါတီစည်းကမ်းအရ အရေးယူခံရမည်ဟူ၍ပင် သတိပေးခြိမ်းခြောက်ခံရသည်ဟု ဆိုပါသည်။

ဆိုခဲ့ပါ ပညာတတ်လူငယ်များထက် ပို၍ပြင်းထန်သော နောက်ထပ် အဖုအထစ်တစ်ခုလည်း ရှိပါသေးသည်။ CPB တပ်မတော်၏ အောက်ခြေရဲဘော်ထုက ပါတီ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်မှုအပေါ် တိုး၍၊ တိုး၍ မကျေနပ်လာခြင်းပင် ဖြစ်သည်။ အောက်ခြေရဲဘော်ထု၏အမြင်တွင် ပါတီခေါင်းဆောင်များ၏ သူတို့အပေါ် သဘောထားမှာ၊ ဘာမှအရေးမပါသော အမြောက်စာတွေလို အသေခံခိုင်းရုံသက်သက်မျှသာ ဖြစ်နေသည်။ ၁၉၆၈ ခုနှစ်က ကောက်ယူခဲ့သော CPB ၏ စာရင်းဇယားများအရ ကွန်မြူနစ်များ ထိန်းချုပ်ထားသော မြန်မာပြည်ဘက်အခြမ်း ဝ တောင်တန်းဒေသ၏ လူဦးရေမှာ ၂၆၃,၀၂၉ ဖြစ်သည်။ CPB က တပ်သားသစ်အများဆုံး စုဆောင်းနေသည်မှာ ဤလူဦးရေထဲမှ ဖြစ်သည်။ အဆိုပါလူဦးရေတွင် အမျိုးသား ၁၂၂,၃၉၉ ယောက်နှင့် အမျိုးသမီး ၁၄၀,၆၃၀ ဦးရှိသည်။ ကျား-မ ကွာဟချက်မှာ ၁၈,၂၃၁ ယောက်ရှိရာ အတော်ကြီးမားသည်ဟု ဆိုရပါလိမ့်မည်။ ဤသို့ ယောကျ်ားလူဦးရေ သိသိသာသာ နည်းပါးနေသည်မှာ စစ်ပွဲအကျအဆုံး တစ်ခုတည်းကြောင့်ဟု မပြောနိုင်သည့်တိုင် ဤစာရင်းအရ ထိခိုက်သေဆုံးမှု များလွန်းလှသည်ကိုကား ရှင်းရှင်းလင်းလင်း တွက်ဆနိုင်စရာရှိပါသည်။ CPB အနေနှင့် ရန်သူ့နယ်မြေတစ်ခုကို တိုက်ခိုက်တော့မည်ဆိုလျှင် တရုတ်နည်းဗျူဟာ 'လူလှိုင်းလုံးစစ်ဆင်ရေး' ကို အတုခိုး အသုံးပြုကြသည်သာ ဖြစ်သည်။ အကျိုးဆက်ကား လူဦးရေကျဲပါးသော ဝတောင်တန်းများထက်တွင် ယောကျ်ားသားများမှာ အသက်မသေလျှင်သော်မှ ခြေပြတ်၊ လက်ပြတ် ဒုက္ခိတတွေ ဖြစ်ကုန်ရတော့သည်။

တရုတ်ပြည်မှ အကူအညီများ ဖြတ်တောက်လိုက်သောအခါ CPB မှာ ၎င်း၏ တပ်ဖွဲ့များကို ယခင်ကလောက် လက်နက်တပ်ဆင်နိုင်စွမ်းမရှိ ဖြစ်လာခဲ့သည်။ သို့နှင့် အမျှ CPB တပ်ဖွဲ့များမှာ မီးကျိုးမောင်းပျက်လက်နက်များသာ ကိုင်ဆောင်နိုင်တော့သော အမည်ခံသက်သက် စစ်တပ်တွေ ဖြစ်လာတော့သည်။ ၁၉၇၇ ခုနှစ်က အမြင့်ဆုံး တပ်အင်အား ၂၃,၀၀၀ ရှိခဲ့ရာမှ ၁၉၈၇ တွင် အမြဲတမ်းတပ်အင်အား ၁၀,၀၀၀ ခန့်မျှနှင့် လျော့ရိလျော့ရဲ စုစည်းထားသော ကျေးရွာပြည်သူ့စစ် ၅,၀၀၀ ခန့်မျှသာ ရှိတော့သည်။

အမှန်စင်စစ် တပ်တွင်းပုန်ကန်မှုမှာ ၁၉၈၄ ခုနှစ်ကပင် ပေါက်ကွဲလုလု ဖြစ်ခဲ့သည်။ ထိုစဉ်က လူမျိုးစုတပ်မှူးများမှာ မုံးကိုးကို သိမ်းပိုက်ပြီး မြောက်ပိုင်း ဗျူရိုခေါင်းဆောင်အဘိုးကြီးများကို နှင်ထုတ်ပစ်ဖို့ စီစဉ်ခဲ့ကြသည်။ အချို့သော ဒေသခံ တပ်မှူးများက တားဆီးနိုင်ခဲ့၍သာ ဘာမှမဖြစ်ဘဲ ထိန်းထားနိုင်ခဲ့ခြင်း ဖြစ်သည်။ ပါတီခေါင်းဆောင်မှုဟောင်းကို တော်လှန်ပုန်ကန်ဖို့ အချိန်မတန်သေးဟု အဆိုပါ ဒေသခံ တပ်မှူးများက ဖျောင်းဖျနိုင်ခဲ့သည်။

သို့နှင့်တိုင် ပဋိပက္ခများကား တိုး၍သာ ချွန်မြလာခဲ့ပါသည်။ ဤစာရေးသူဘာတင်းလင်တနာ၊ အနေနှင့် ၁၉၈၆-၈၇ အတွင်း ခြောက်လတာမျှ CPB အခြေစ

www.burmeseclassic.com



ဒေသတွင်း ကိုးကြောင်းကိုးကျင်း လှည့်လှည်သွားလာနေခဲ့ရာ အောက်ခြေရဲဘော်တော်တော်များများနှင့် ထိတွေ့ခွင့်ရခဲ့ပါသည်။ သူတို့တစ်တွေက 'ဗမာနီ' တွေကို ပြန်တိုက်တော့မည်ဟု ပွင့်ပွင့်လင်းလင်းပင် ပြောဆိုနေကြသည်။ အဆိုပါ လူမျိုးစုတပ်ဖွဲ့များအနေနှင့် ကွန်မြူနစ်အိုင်ဒီအိုလိုဂျီအပေါ် ထောက်ခံမှုရှိကြသည် မဟုတ်ပါ။ သူတို့အမြင်တွင် CPB ခေါင်းဆောင်ကြီးများမှာ 'ဗမာနီ'၊ အစိုးရစစ်တပ်များမှာ 'ဗမာဖြူ' သာ ဖြစ်သည်။ အနီဖြစ်စေ၊ အဖြူဖြစ်စေ ဗမာဆိုလျှင် အတူတူ မုန်းကြသည်သာ ဖြစ်ပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## ၁၉၇၉ တပ်တွင်းပုန်ကန်မှု

အမှန်စင်စစ် ၁၉၈၉ ခုနှစ် တပ်တွင်းပုန်ကန်မှုကို ဦးတည်စေခဲ့သော ဖြစ်ရပ်များမှာ ထိုကာလမတိုင်မီ ဆယ်နှစ်က CPB သို့ ပေးနေသော အကူအညီများကို ထိထိရောက်ရောက် လျှော့ချလိုက်သည့် တရုတ်ပြည်၏ ဆုံးဖြတ်ချက်မှ အစပြုခဲ့သည်ဟု ဆိုရပါလိမ့်မည်။ ၁၉၇၀ ပြည့်လွန်နှောင်းပိုင်းနှစ်များက ပါတီ၏ နှစ်စဉ်ဘတ်ဂျက်မှာ စုစုပေါင်း ကျပ် ၅၆ သန်း ရှိပါသည်။ CPB ၏ တရားဝင်ခွဲတမ်းများအရ အဆိုပါ စုစုပေါင်းကုန်ကျစရိတ်၏ ၆၇ ရာခိုင်နှုန်းမှာ ကုန်သွယ်ရေးမှ ရသည်ဟု ဆိုသည်။ (တရုတ်ပြည်နှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးမှရသော အခွန်တော်ဝင်ငွေဖြစ်ပါသည်။) ၂၅ ရာခိုင်နှုန်းမှာ ဗဟိုမှရပြီး (တရုတ်ပြည်မှပေးသော အကူအညီကို ဆိုလိုသည်။) ၄ ရာခိုင်နှုန်းမှာ ခရိုင်များမှ ရခြင်းဖြစ်သည်။ (အခြေခံဒေသတွင် နေထိုင်ကြသော လူထုအပေါ်မှ ကောက်ခံသည့် အိမ်ထောင်စုအလိုက် အခွန်ကို ဆိုလိုသည်။) စစ်ဘက်ပုဂ္ဂိုလ်များ၏ ထည့်ဝင်ငွေမှာ ၁ ရာခိုင်နှုန်းရှိပြီး ကျန် ၂ ရာခိုင်နှုန်းမှာ အတိအကျ ခေါင်းစဉ်တပ်မထားသော ရင်းမြစ်များမှရသည့် ဝင်ငွေဖြစ်သည်။

တရုတ်ပြည်ဘက်မှ CPB အနေနှင့် ကိုယ့်အားကိုယ်ကိုးရတော့မည်ဟု ဆုံးဖြတ်လိုက်သောအခါ၊ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုအားလုံးကို တရုတ်–မြန်မာ နယ်နိမိတ်တစ်လျှောက်ရှိ ကွန်မြူနစ်များ ထိန်းချုပ်ထားသော 'ထောလ်ဂိတ်'များမှသာ ဖြတ်ရမည်ဟု ညွှန်ကြားချက်ထုတ်ခဲ့သည်။ အဆိုပါ ဂိတ်များအနက် အရေးအကြီးဆုံးမှာ ပန်ဆိုင်း (ကြူကုတ်) ပင် ဖြစ်သည်။ ကမ္ဘာကျော် မြန်မာပြည်လမ်းမကြီးမှာ ပန်ဆိုင်း (ကြူကုတ်) မှတစ်ဆင့် နိုင်ငံတကာအသိအမှတ်ပြု နယ်နိမိတ်ကိုဖြတ်ပြီး တရုတ်ပြည် ဝမ်တိန်မြို့အထိ ပေါက်သည်။ ပန်ဆိုင်း (ကြူကုတ်) မှ ကောက်ခံရရှိသော အခွန်

www.burmeseclassic.com

www.burmeseclassic.com



တော်ဝင်ငွေမှာ ကျပ် ၂၇ သန်းအထိရှိရာ ၁၉၇ဝ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းက ရှိခဲ့သော CPB ဘတ်ဂျက်၏ ၅ဝ ရာခိုင်နှုန်းနီးပါး ဖြစ်သည်။ အစိုးရ ထိန်းချုပ်ထားသော နယ်မြေများမှ ဗမာမှောင်ခိုသမားများသာမက အခြားသူပုန်အုပ်စုများ (ဥပမာ– ထိုစဉ်ကပင် တရုတ်လုပ် လူသုံးကုန်ပစ္စည်းများ အရောင်းအဝယ်လုပ်နေကြပြီဖြစ်သည့် KIA) သည်ပါ CPB မှတစ်ဆင့်သာ ကုန်သွယ်ရေးလုပ်နေကြရသည့် အနေအထားပင် ဖြစ်သည်။ သူတို့အတွက် အခြားရွေးချယ်စရာလမ်းကြောင်းလည်း မရှိခဲ့ပါချေ။

သို့နှင့်တိုင်၊ ၁၉၈ဝ ပြည့်နှစ်တွင် တရုတ်ပြည်က တံခါးဖွင့်ကုန်သွယ်ရေး ပေါ်လစီသစ်ကို ကြေညာလိုက်ရာ၊ နယ်စပ်တစ်လျှောက် တရားမဝင် ခွင့်ပြုထားသော ဂိတ်တွေ ၇ဝ လောက် ရုတ်ခြည်းဆိုသလို ပေါ်ထွက်လာခဲ့သည်။ ဤဂိတ်များမှတဆင့် တရုတ်ကုန်စည်တွေ မြန်မာပြည်ထဲ ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။ ဤတွင် KIA အနေနှင့် တရုတ်ပြည်နှင့် တိုက်ရိုက်ကုန်သွယ်ခွင့် ရလာလေတော့သည်။

ထို့မှုမက ထိုစဉ်က အချို့သော ကုန်စည်များမှာ အစိုးရထိန်းချုပ်ထားသော နေရာတစ်ခုတည်းမှသာ နယ်စပ်ကို ဖြတ်လို့ရနေသည်။ မြန်မာပြည်ဘက်ရှိ နံ့ခန်းမှ တရုတ်ပြည် မန်ခွန်သို့ပေါက်သော ကျဉ်းမြောင်းသည့် စကြံ လမ်းလေး ဖြစ်ပါသည်။ ဤလမ်းကြောင်းမှာ CPB ထိန်းချုပ်ထားသည့် ရွှေလီမြစ်ပေါ်ရှိ နမ်ခမ်းတစ်ဘက်ကမ်း ကွန်ဟိန်းနှင့် မန်ဟီးရိုးနယ်မြေနှစ်ခုကြားတွင် ရှိသည်။ အစိုးရအနေနှင့် အဆိုပါစကြံလမ်း အပြင် မန်စီနှင့် မျက်နှာချင်းဆိုင် နယ်စပ်မျဉ်း အကန့်ငယ်လေးကိုလည်း သုံးမည်ဆိုက သုံးလို့ရနိုင် စရာရှိသည်။ သို့တစေ ဤဒေသမှာ ပန်ဆိုင်း (ကြူကုတ်) ရှိ CPB မြို့စောင့်တပ်၏ အရှေ့ဘက်ကီလိုမီတာ အနည်းငယ်မျှသာ ဝေးရာ လုံခြုံရေးအတွက် စိတ်မချရဟု ယူဆထားကြသည်။

CPB အတွက်မူ အဆိုပါ တရုတ်ပြည်၏ ကုန်သွယ်ရေး ပေါ်လစီသစ်နှင့် ဆိုခဲ့ပါ လမ်းကြောင်းသစ်များကြောင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးမှရသော အခွန်တော်ဝင်ငွေ သိသိသာသာ ကျဆင်းသွားခဲ့ရသည်။ သို့နှင့်အမျှ ကိုယ့်အားကိုယ်ကိုးရေး သို့မဟုတ် ကိုယ့်ဒူးကိုယ်ချွန် ပေါ်လစီသစ်ကို လက်တွေ့ကျင့်သုံးနိုင်ရေးမှာ ပို၍ ပို၍ ခက်ခဲလာခဲ့သည်။ ဤတွင် သူတို့အတွက် အသုံးချနိုင်လောက်သည့် အရှေ့မြောက် အခြေခံဒေသရှိ အနည်းငယ်မျှသော အရင်းအမြစ်များဘက်သို့သာ အာရုံညွှတ်လာရတော့သည်။ ပြောရလျှင် CPB ဒေသမှာ ကချင်ပြည်နယ်ရှိ KIA နယ်မြေလို ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ စသော သယံဇာတတွေ ကြွယ်ဝလှသည် မဟုတ်ပါ။ ကိုးကန့်၊ ဝ တောင်တန်းနှင့် အခြား CPB နယ်မြေများတွင် မည်သည့်ဓာတ်သတ္တုမှ ဟုတ်ဟုတ်ညားညား ထွက်သည်မဟုတ်။ သူတို့အတွက် ငွေဖြစ်နိုင်သည့် သီးနှံဆို၍ ကိုးကန့်မှ လက်ဖက်နှင့် ကိုးကန့်၊ ဝတောင်တန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



လာအိုအနီး ၈၁၅ စစ်ဒေသရှိ ဘိန်းခင်းကျယ်ကြီးတွေသာ ရှိသည်။ ခန့်မှန်းခြေအရ မြန်မာနိုင်ငံရှိ ဘိန်းခင်းအားလုံး၏ ၈၀ ရာခိုင်နှုန်းမှာ CPB ထိန်းချုပ်ထားသည့် နယ်မြေတွင် ရှိသည်ဟု ဆိုပါသည်။

သို့နှင့်တိုင်၊ ၁၉၇၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းအထိ ပါတီ၏ တရားဝင် ပေါ်လစီမှာ ဘိန်းစိုက်ပျိုးရေးကို ထိန်းချုပ်ဖို့ ဖြစ်နေသည်။ တရုတ်ပြည်မှ အကူအညီဖြင့် ဂျုံမျိုးသစ်များကို မိတ်ဆက်တင်သွင်းခဲ့ဖူးပါသည်။ သို့တစေ တောင်ပေါ်ရှိ လူမျိုးစုလူထုက ဤမျိုးသစ်များကို ဘယ်လိုပြင်ဆင်စိုက်ပျိုးရမည်ကို မသိကြသည်က များသည်။ သို့အတွက် မျှော်မှန်းသလောက် အလုပ်မဖြစ်။ ဝတောင်ဒေသရှိ သီးနှံအားလုံးလောက်ကို ဖျက်ဆီးပစ်လိုက်သည့် 'ကြွက်ဘေး' ကျရောက်ပြီးနောက်၊ ၁၉၇၆ ခုနှစ်သို့ ရောက်သောအခါ CPB ၏ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးလည်း နိဂုံးတံသွားရလေတော့သည်။

CPB အနေနှင့် ကြွက်ဘေးဒဏ်ခံရသူများကို အိန္ဒိယ ရူပီးငွေ ၆၀,၀၀၀ နှင့် ဘိန်းကီလို ၁၆,၀၀ ခွဲဝေပေးခဲ့ပါသည်။ (ဝတောင်တန်းပေါ်တွင် အိန္ဒိယ ရူပီးငွေကို ငွေမာအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံသုံးစွဲနေကြသည်။) သို့တိုင်အောင် ကြွက်ဘေးအန္တရာယ် ကျော်လွန်သွားသည်နှင့် ဒေသခံ တောင်သူများမှာ အစားထိုးသီးနှံထက် ဖျက်ပိုးဒဏ် ပိုခံနိုင်ရည်ရှိသော ဘိန်းခင်းတွေကိုသာ ပြန်စိုက်ကြပါတော့သည်။ ၁၉၇၉ ခုနှစ် တရုတ်ပြည်မှ အကူအညီများ လျှော့ချလိုက်သောအခါတွင်ကား CPB ကိုယ်တိုင်အတွက်ပင် ဘိန်းအစားထိုးသီးနှံ စီမံချက်မှာ မက်လုံးမရှိတော့သလို ဖြစ်လာရပါတော့သည်။

သည်လိုနှင့် CPB မှာ အမြတ်အစွန်းများစွာရဖို့ အလားအလာကောင်းသော မူးယစ်ဆေးဝါး (ဘိန်း) အရောင်းအဝယ်လုပ်ငန်းကို တစ်စစ စိတ်ဝင်စားလာခဲ့သည်။ ဤအလုပ်မှာ ကွန်မြူနစ်ဟု ကြွေးကြော်ထားသော ပါတီတစ်ရပ်အတွက် အစဉ်အလာနှင့် ဘယ်လိုမှမညီသည်မှာ အသေအချာပင် ဖြစ်သည်။ သို့အတွက်ကြောင့်လည်း ခေါင်းဆောင်တော်တော်များများက ကန့်ကွက်ခဲ့ကြပါသေးသည်။ သို့တစေ ထိုစဉ်ကာလ ပါတီခေါင်းဆောင်အဘိုးကြီးများအပေါ် ဩဇာလွှမ်းမိုးထားသော ဗိုလ်တိုက်အောင်၏ ဆန္ဒကို သူတို့တစ်တွေ လွန်ဆန်နိုင်ကြဟန် မရှိပါ။ ဗိုလ်တိုက်အောင်အနေနှင့်မူ ရွှေတြိဂံ မူးယစ်ဆေးဝါးကုန်သွယ်မှုအထိ CPB ၏ ဩဇာကို ချဲ့ထွင်သွားဖို့ ပိုင်းဖြတ်ခဲ့ပြီး ဖြစ်သည်။

ဤသို့ဖြင့် ပိဿာချိန် ထောင်နှင့်ချီသော ဘိန်းစိမ်းများကို ပန်ဆန်းတွင် စုစည်းသိုလှောင်လာကြသည်။ (တစ်ပိဿာတွင် ၁ ဒသမ ၆ ကီလိုဂရမ် လေးသည်။)

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ဆင့် မြောက်ပိုင်းကျိုင်းတုံခရိုင် မုန်းပေါက်ကို ဖြတ်ကာ နာမ်ခမြစ်ကမ်းထိ ပို့သည်။ ထို့နောက် ဝါးဖောင်များဖြင့် သယ်ကာ သံလွင်မြစ်ဆုံနှင့် တာကောအထိ ရေစီးကြောင်းအတိုင်း မျှောချသည်။ တာကောရောက်မှ လားများ၊ ပေါ်တာများဖြင့် ဆက်သယ်ကာ မိုင်းပူအောင်၊ မိုင်းခေါတို့ကိုဖြတ်ကာ ထိုင်းနယ်စပ်သို့ ရောက်သွားသည်။ သည်လိုနှင့် CPB မှာ ထိုင်း–မြန်မာနယ်စပ်တွင် ခြေကုပ်ယူပြီး ဘိန်းစိမ်းမှ ဘိန်းဖြူ ချက်နေကြသည့် ကူမင်တန် (တရုတ်ဖြူ) တပ်ကြွင်းများ၊ နာမည်ကြီး ဘိန်းဘုရင် ချန်ချီဖူး ခေါ် ခွန်ဆာတို့နှင့် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ဖြစ်လာလေတော့သည်။

ထိုမျှမက CPB မှာ မိမိပိုင် အခြေခံဒေသအတွင်းမှာပင် တဖြည်းဖြည်း တိုးပွားလာသော ဘိန်းဖြူချက်စက်ရုံများကိုပါ ခွင့်ပြုလာခဲ့ပါသည်။ CPB ဒေသတွင်းမှ အဆိုပါ ဘိန်းဖြူချက်စက်ရုံများကို မောင်းနှင်နေကြသူများမှာ ထိုင်း–မြန်မာ နယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တာဝန်ခံ ဆောင်ရွက်နေကြသော ဆင်ဒီကိတ်ကြီးများပင် ဖြစ်သည်။ ၎င်းတို့က CPB ကို အခွန်နှင့် လုံခြုံရေးအတွက် အဖိုးအခများ ပေးထားကြသည်။ မကြာမတင် အချိန်အတွင်းမှာပင် အလားတူ ဘိန်းချက်စက်ရုံ အမြောက်အများကိုလည်း ပန်ဆန်းအနီး ပန်ဖုန်၊ မြောက်ပိုင်း ကျိုင်းတုံခရိုင်ရှိ ဝမ်ဟိုတောင်နှင့် ကိုးကန့်ဒေသရှိ သံလွင်မြစ်အနီးတွင်ပါ ဆောက်လုပ်လာခဲ့ကြသည်။

CPB ၏ တရားဝင်ပေါ်လစီမှာ မိမိပိုင် အခြေခံဒေသအတွင်း ထွက်ရှိသော ဘိန်းအပေါ်မှ ၂၀ ရာခိုင်နှုန်း အခွန်ကောက်ဖို့သာ ဖြစ်သည်။ ဤပေါ်လစီအရ ဒေသတွင်း ခရိုင်ရုံးများတွင် ဘိန်းစိမ်းများကို သိုလှောင်ကြရသည်။ CPB ၏ 'ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနများ' မှ အဆိုပါဘိန်းစိမ်းများကို တန့်ယန်း၊ နောင်လင်၊ လားရှိုးနှင့် သံလွင်အနောက်ခြမ်း အစိုးရ ထိန်းချုပ်ထားသော နယ်မြေများရှိ ဘိန်းအရောင်းအဝယ်ဒိုင်များမှ လာကြသော ကုန်သည်များကို ရောင်းချပေးသည်။ ဆိုခဲ့ပါ အခွန် ၂၀ ရာခိုင်နှုန်းအပြင် ဒေသဈေးကွက်တွင်း ရောင်းချသော ဘိန်းအပေါ်မှ ၁၀ ရာခိုင်နှုန်း၊ ဒေသအပြင်ထွက်သွားသော ဘိန်းအပေါ်မှ ၅ ရာခိုင်နှုန်းကိုလည်း ကုန်သွယ်ခွန်အဖြစ် ထပ်မံကောက်ခံသည်။ ဤနည်းဖြင့် ရရှိသော အခွန်တော်ဝင်ငွေများမှာ တရားဝင်ပေါ်လစီမှ လာသည်ဖြစ်၍ တရားနည်းလမ်းကျသည်ဟု ယူဆနိုင်စရာ ရှိပါသည်။ သို့နှင့်တိုင် ဒေသခံတပ်မှူး တော်တော်များများမှာ ကိုယ်ကျိုးစီးပွားအတွက် ကုန်သွယ်ကြသည်များ ရှိလာသလို၊ ဘိန်းထုတ်လုပ်မှုတွင်ပါ ပါဝင်ပတ်သက်မှုများ ရှိလာခဲ့ပါသည်။

ဤအချိန်လောက်မှာပင် တစ်ခါက အထိုက်အသင့် စွမ်းဆောင်နိုင်မြင့်မားခဲ့သော CPB ၏ အရပ်ဘက်အုပ်ချုပ်ရေးမှာ စတင်ယိုယွင်းလာခဲ့သည်။ စာသင်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



များနှင့် ဆေးပေးခန်းများကို ရန်ပုံငွေ မလုံလောက်မှုကြောင့် ပိတ်ပစ်လိုက်ရသည်။ ပါတီကေဒါများမှာလည်း သူတို့အပေါ် စိတ်ဝင်စားမှုနည်းလာသည်။ ခရိုင်များရှိ အရပ်ဘက် အုပ်ချုပ်ရေးမှူးများ စိတ်ဝင်စားသည့် အလုပ်ဆို၍ ပါတီအတွက် အခွန်များများ ကောက်ခံရရှိရေးသာ ဖြစ်လာတော့သည်။ ပြောရလျှင် ပါတီအတွက်သာမက သူတို့ ကိုယ်တိုင်အတွက်၊ သူတို့မိသားစုများအတွက်ပါ အရောင်းအဝယ်လုပ်ငန်းများတွင် ပါဝင်ပတ်သက်လာကြသည်။ ဘဝ၏ ထေ့ငေါ့သရော်ချင်စရာဟု ပြောရလေမည်လား မသိ။ ထိုစဉ်ကာလ ဆိုရှယ်လစ်မြန်မာနိုင်ငံတော်ကြီးတွင် စံတော်ဝင် မတ်ခ်လီနင်ဝါဒီ ဗမာပြည် ကွန်မြူနစ်ပါတီ ထိန်းချုပ်ထားသော ဒေသသည်သာ လွတ်လပ်သော ကုန်သွယ်ရေး၏ ကောင်းကင်ဘုံ ဖြစ်နေလေတော့သည်။

ကွန်မြူနစ်အခြေခံဒေသ၏ စီးပွားရေးမှာလည်း ရေမရောသည့် အရင်းရှစ်စနစ်ပင် ဖြစ်သည်။ CPB အနေနှင့် အရှေ့မြောက်ဒေသတွင် မြေယာပြုပြင်ပြောင်းလဲရေးကို ဘယ်သောအခါကမှ လက်တွေ့ အကောင်အထည်မဖော်ခဲ့ပါ။ ၁၉၅၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းက မြေပြန့်ဒေသတွင် လက်တွေ့ဆောင်ရွက်ခဲ့သော လူထုထောက်ခံမှု တစ်စုံတစ်ရာရခဲ့သည့် လယ်ယာမြေ ဝေခြမ်းရေးပေါ်လစီမှာ အရှေ့မြောက် ကွန်မြူနစ်များအတွက် မကြားဖူးသော ဒဏ္ဍာရီပင်။ ဆိုရလျှင် အရှေ့မြောက် အခြေခံဒေသရှိ လူထုအတွက် ကွန်မြူနစ် အိုင်ဒီအိုလိုဂျီမှာ ဘာမှအဓိပ္ပာယ်မရှိသော အနှစ်မပါ၊ ဗလာသက်သက်သာ ဖြစ်ပါသည်။

အရှေ့မြောက် ကွန်မြူနစ်များ၏ လက်နက်ကိုင်တပ်ဖွဲ့ (ပြည်သူ့တပ်မတော်) မှာ တစ်စုံတစ်ရာ အင်အားကောင်းခဲ့သော်လည်း ပါတီအဖွဲ့အစည်းများသည်ကား အားနည်းဆဲပင် ရှိသည်။ ၁၉၇၇ ခုနှစ်က နမ့်ခမ်း၊ ကွတ်ခိုင်၊ ကိုးကန့်၊ ဝမြောက်၊ ဝတောင်၊ ပန်ဆန်းနှင့် မြောက်ပိုင်းကျိုင်းတုံခရိုင်တို့တွင် ပါတီဝင်အင်အား ၂,၃၇၉ ဦးသာ ရှိသည်။ အထူးသဖြင့် မြောက်ပိုင်း ကွတ်ခိုင်မှာဆိုလျှင် လက်နက်ကိုင်အင်အား ၂၃,၀၀၀ ရှိသည့်တိုင် ပါတီဝင်မှာ ၈၈ ဦးသာ ရှိသည်။ တနင်္သာရီတိုင်းတွင် ပါတီဝင် ၁၁၅ ဦးနှင့် အလယ်ပိုင်း ၁၀၈ စစ်ဒေသတွင် ပါတီဝင် ၂၆ ဦးရှိသည်။ ပါတီ၏ လူငယ်အဖွဲ့အစည်းတွင် အဖွဲ့ဝင် ၂,၃၁၅ ဦးရှိသည်ဟု ဆိုပါသည်။ အရှေ့မြောက်ဒေသ ပြည်သူ့အာဏာ၏ ကျောရိုးဟုဆိုသော ဒေသတွင်း လယ်သမားသမဂ္ဂပေါင်း ၈၂ ဖွဲ့တွင် စုစုပေါင်း အဖွဲ့ဝင် ၈၇,၆၀၈ ဦးရှိသည်ဟုလည်း ဆိုသည်။ သို့နှင့်တိုင် ဆိုခဲ့ပါ လူထုလူတန်းစားအဖွဲ့အစည်းများမှာ စာရွက်ပေါ်တွင်သာ ရှိသည်ဟု ဆိုရမည်သာ ဖြစ်ပါသည်။ အမှန်စင်စစ် ၁၉၈၀ ပြည့်လွန်နှစ်များ၏ အလယ်လောက်မှစ၍ CPB မှာ ကောင်းစွာ စည်းရုံးလှုပ်ရှားနိုင်သော ကွန်မြူနစ်ပါတီတစ်ခုအဖြစ်မှ ရပ်စဲသွားခဲ့ပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၅ ခုနှစ် တတိယပါတီကွန်ဂရက်အပြီး မကြာခင်မှာပင် CPB က 'လုပ်ဟန်ပြုပြင်ရေးလှုပ်ရှားမှု' တစ်ခုဆင်နွှဲရန် ဆုံးဖြတ်ခဲ့သည်။ ရည်ရွယ်ချက်မှာ တပ်မတော်သားများနှင့် ကေဒါများကို စည်းမျဉ်းစည်းကမ်းအရ၊ နိုင်ငံရေးအရသာမက စစ်ရေးလေ့ကျင့်မှုအရပါ တိုးတက်မြင့်မားစေဖို့ ဖြစ်သည်။ အရပ်ဘက်အုပ်ချုပ်ရေးကို ပြန်လည်တည်ဆောက်ပြီး အခြား သူပုန်လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်လည်း ရည်ရွယ်သည်။ အရေးကြီးသည့် နောက်ထပ်ရည်ရွယ်ချက်တစ်ခုမှာ တရားမဝင်လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသော ကေဒါများကို အပြစ်ပေး အရေးယူဖို့ ဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်လျှင် ဘိန်းအရောင်းအဝယ်လုပ်ငန်းတွင် ပါဝင်နေသော မည်သည့်ပါတီဝင်မဆို ကြီးလေးသော အပြစ်ပေး အရေးယူမှုခံရမည်ဟု တရားဝင် ညွှန်ကြားချက်ထုတ်လိုက်သည်။ ဘိန်းဖြူ နှစ်ကီလိုနှင့်အထက် လက်ဝယ်တွေ့သူကို သေဒဏ်အပြစ်ပေးဖို့ ဖြစ်ပါသည်။

ကွန်မြူနစ်ပါတီတစ်ရပ်အနေနှင့် မူးယစ်ဆေး (ဘိန်း) အရောင်းအဝယ်နှင့် ပတ်သက်ဆက်စပ်နေသည်မှာ အိုင်ဒီအိုလိုဂျီအရင်းခံ သက်ကြီးရွယ်အိုခေါင်းဆောင်မှုအတွက် မျက်နှာပျက်စရာ ဖြစ်နေသည်။ ဤအချက်မှာ အကြောင်းတစ်ခု ဖြစ်ပါလိမ့်မည်။ တရုတ်ပြည်၏ဖိအားကြောင့် ဘိန်းဆန့်ကျင်ရေးတိုက်ပွဲ လုပ်ရသည်ဆိုသော ယူဆချက်မှာလည်း ဖြစ်နိုင်ချေရှိပါသည်။ CPB ဒေသမှ မူးယစ်ဆေးများ တရုတ်ပြည်ထဲသို့ လျှံကျလာသည်မှာ တစ်စစ ကြီးထွားလာသော ပြဿနာတစ်ရပ် ဖြစ်လာသည်။ ထို့ထက် ကူမင်းမှတစ်ဆင့် ဟောင်ကောင်သို့ပို့နေသော မူးယစ်ဆေးပမာဏမှာလည်း များသထက် များလာနေသည်။ မူးယစ်ဆေး အရောင်းအဝယ်ကို တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ဖို့ ဆုံးဖြတ်လိုက်သော ၁၉၈၅ နောက်ပိုင်းတွင် ဒေသခံ ကေဒါများကို စောင့်ကြည့်ရန် ပါတီအထောက်တော်များ စေလွှတ်ခဲ့သည်။ မမှန်မကန် အပြုအမူမျိုး တွေ့သည်နှင့် ပန်ဆန်းဗဟိုသို့ သတင်းပို့စေခဲ့သည်။ ဤလုပ်ရပ်များမှာ CPB ၏ စာမတတ်ပေမတတ် အောက်ခြေရဲဘော်များအပေါ် သက်ရောက်မှုမရှိလှသော်လည်း သက်ဆိုင်ရာနယ်မြေများတွင် စစ်ဘုရင်ဆန်ဆန် ပြုမူလာကြသော ဒေသခံတပ်မှူးအများစုနှင့် ပါတီခေါင်းဆောင်မှုကြားတွင်ကား ပြင်းထန်သော စိတ်ဝမ်းကွဲမှုများ ဖြစ်လာစေခဲ့သည်။

ဤသို့ လိပ်ခဲတည်းလည်း ဖြစ်နေစဉ်မှာပင်၊ ပါတီအောက်ခြေထုကိုသာမက CPB ထိန်းချုပ်ထားသော ဒေသရှိ တောင်ပေါ်သားအားလုံးအပေါ် ကြီးမားသော သက်ရောက်မှုဖြစ်စေမည့် သီးခြားဖြစ်ထွန်းမှုတစ်ရပ် ပေါ်ထွက်လာခဲ့ပါသည်။ ၁၉၈၅ ခုနှစ် ဧပြီလတွင် ကွန်မြူနစ်မဟုတ်သော သူပုန်တပ်ပေါင်းစုတစ်ခုဖြစ်သည့် အမျိုးသား

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီတပ်ဦး' (NDF) မှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ထိုင်းနယ်စပ်ကိုဖြတ်ပြီး မြောက်ပိုင်းသို့ ခရီးရှည်ထွက်ခဲ့ကြသည်။ (NDF မှာ လူမျိုးစုလက်နက်ကိုင်အဖွဲ့ ကိုးဖွဲ့ ပေါင်းစပ်ထားသော သူပုန်တပ်ပေါင်းစု ဖြစ်သည်။) ခုနစ်လကြာမျှ ခရီးကြမ်းနှင်ခဲ့ပြီး NDF ကိုယ်စားလှယ်အဖွဲ့မှာ မြန်မာပြည်မြောက်ဖျားရှိ KIA ဌာနချုပ် ပါဂျောင်သို့ ရောက်လာခဲ့သည်။

ပါဂျောင်မှာပင် NDF အစည်းအဝေးကျင်းပပြီး 'ခွဲထွက်ရေးကို ထာဝရ စွန့်လွှတ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်ကို အခြေခံပြီး အစိုးရဖွဲ့ရေးကို ထောက်ခံအတည်ပြုကြောင်း' ဆုံးဖြတ်ချက်များ ချခဲ့သည်။ ဤအစည်းအဝေးမှပင် ချမှတ်လိုက်သော၊ အတိတ်က နိုင်ငံရေးနှင့် လမ်းခွဲလိုက်သည့် နောက်ထပ်အရေးကြီးသော ဆုံးဖြတ်ချက်တစ်ခုမှာ၊ ရန်ကုန်အစိုးရကို စစ်ရေးအရ စုစည်းတိုက်ခိုက်နိုင်စေရန် CPB နှင့် အဆက်အသွယ်ယူကြဖို့ ဖြစ်ပါသည်။ ဤရည်ရွယ်ချက်ဖြင့် NDF ကိုယ်စားလှယ်အဖွဲ့မှာ ပါဂျောင်မှ ပန်ဆန်းသို့ ဆက်လက် ထွက်ခွာလာခဲ့ကြသည်။ ပန်ဆန်းတွင် ၁၉၈၆ ခုနှစ် မတ်လ ၁၇ ရက်မှ ၂၄ ရက်အထိ နောက်ထပ် အစည်းအဝေးတစ်ခု ကျင်းပခဲ့ကြသည်။ ဤအစည်းအဝေးမှပင် CPB နှင့် NDF တို့ လက်တွဲပြီး ကမ်ပူချား (ကမ္ဘောဒီးယား) ရှိ ဗီယက်နမ်ဆန့်ကျင်ရေး ညွန့်ပေါင်းအဖွဲ့ပုံစံ တပ်ပေါင်းစုတစ်ခုဖွဲ့ဖို့ ဆုံးဖြတ်ခဲ့ကြပါသည်။

အဆိုပါ သဘောတူဆုံးဖြတ်ချက်မှာ စိတ်အားထက်သန်မှုအပြည့်ဖြင့် စတင်ခဲ့သော်လည်း၊ အံ့သြစရာကောင်းလောက်အောင်ပင် ဘာတစ်ခုမှ လက်တွေ့ဖြစ်မလာခဲ့ပါ။ အဓိကအကြောင်းရင်းမှာ NDF တွင် ဒုတိယအင်အားအကြီးဆုံးဖြစ်သည့် 'ကရင်အမျိုးသားအစည်းအရုံး' (KNU) က ကန့်ကွက်သောကြောင့် ဖြစ်ပါသည်။ စွဲမြဲခိုင်မာသော ကွန်မြူနစ်ဆန့်ကျင်ရေးအင်အားစုဖြစ်သည့် KNU က မည်သို့သော အခြေအနေတွင်မဆို CPB နှင့် လက်တွဲအလုပ်မလုပ်နိုင်ဟု အခိုင်အမာဆိုသည်။ သည်လိုနှင့် CPB-NDF တပ်ပေါင်းစုမှာ အစည်းအဝေးမှတ်တမ်းအဖြစ်မှ လက်တွေ့စခန်းသို့ မရောက်နိုင် ဖြစ်သွားခဲ့သည်။

သို့နှင့်တိုင် NDF ၏ သြဇာမှာ CPB အခြေခံဒေသအတွင်း အလွန်လျင်မြန်စွာ ပျံ့နှံ့သွားခဲ့ပါသည်။ NDF ကိုယ်စားလှယ်အဖွဲ့မှာ ပန်ဆန်းမရောက်မီကပင် မုံးကိုး၊ ကိုးကန့်နှင့် ဝတောင်တန်းတစ်ကြော၊ ပြောရလျှင် CPB အခြေခံဒေသတစ်ခုလုံးအနှံ့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ဤတွင် ဒေသတွင်း လူနည်းစု လူမျိုးစုအသီးသီးအနေနှင့် ကွန်မြူနစ်မဟုတ်သော လူမျိုးစုခုခံရေးအင်အားစုများမှ လက်နက်ကိုင်တပ်ဖွဲ့များ၊ ခေါင်းဆောင်များကို ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်ထိတွေ့ခွင့်ရလိုက်သည်။ ထို့ထက်

www.burmeseclassic.com

www.burmeseclassic.com



NDF ကိုယ်စားလှယ်အဖွဲ့တွင် ပါလာသည့် 'ဝ အမျိုးသားတပ်မတော်' (WNA) မှ ခွန်အိုက်အမည်ရှိ လူငယ်ရဲဘော်လေးတစ်ယောက်မှာ သူတို့ (အထူးသဖြင့် ဝ တိုင်းရင်းသားများ) ၏ စိတ်နှလုံးကို ကိုင်လှုပ်လိုက်သလို ရှိခဲ့သည်။ ခွန်အိုက်မှာ ဝ ဒေသကို CPB တို့ မသိမ်းပိုက်မီကပင် ပညာသင်ကြားဖို့ ရန်ကုန်သို့ ထွက်ခွာသွားခဲ့သူဖြစ်သည်။ ယခု WNA ကိုယ်စားလှယ်အဖြစ် NDF တွင် ပါလာသည်။ နေ့ချင်းညချင်းဆိုသလိုပင် ခွန်အိုက်မှာ ဝ တောင်တစ်ကြောတွင် အမျိုးသားသူရဲကောင်းတစ်ယောက်လို ဖြစ်သွားပါတော့ သည်။

ခွန်အိုက်နှင့် WNA ကြောင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားဆူဝေလာကြသော ဝ တိုင်းရင်းသားများကို ချွေးသိပ်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် CPB က ဝ မြောက်ရှိ ကန်ဆိုးတွင် WNA ဆက်ဆံရေးရုံး ဖွင့်ခွင့်ပြုလိုက်သည်။ CPB ခေါင်းဆောင်များ၏ 'ရိုးတာလွန်း'လှသော ဤအကြံမှာ မအောင်မြင်ခဲ့ပါ။ ခုတ်ရာတခြား ရှရာတခြားဟူ၍ပင် ဆိုရမလို ရှိသည်။ ကန်ဆိုးတွင် WNA ဆက်ဆံရေးရုံး ပေါ်လာသည်နှင့် CPB အောက်ခြေရဲဘော်အများစုမှာ WNA ဦးထုပ်တွေ၊ WNA တံဆိပ်တွေကိုယ်စီနှင့် ဖြစ်ကုန်ကြတော့သည်။ နှစ်ပေါင်းမြောက်မြားစွာ မတ်ခ်ဝါဒ၊ လီနင်ဝါဒ အတွေးအခေါ်များကိုသာ အတင်း ခွဲ့ကျွေးခံခဲ့ရသော ဝ အမျိုးသားများကြားတွင် ပေါ်ထွက်လာသော အမျိုးသားရေးစိတ်ဓာတ်၏ ပထမဆုံးဖော်ပြချက်လက္ခဏာများ ဖြစ်ပါသည်။

၁၉၈၆ မှ ၁၉၈၇ ပွင့်လင်းရာသီအတွင်း ဆက်တိုက်ဆိုသလို ကြုံခဲ့ရသော စစ်ရေးရှုံးနိမ့်မှုများ၏ နောက်တွင်ကား၊ CPB အောက်ခြေရဲဘော်များမှာ ခေါင်းဆောင်စုအဘိုးကြီးများအပေါ် ပို၍ ပို၍ အမုန်းအတိုင်း သိမြင်လာကြပါတော့သည်။ ၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် မုန်းပေါ်နှင့် ပန်ဆန်းကြားရှိ စီစီဝမ်တောင်ကုန်းပေါ်တွင် တပ်စွဲထားသော အစိုးရစခန်းတစ်ခုကို CPB က အင်အား ၁,၀၀၀ ခန့်ဖြင့် ဝင်တိုက်ခဲ့သည်။ နှစ်အတန်ကြာအတွင်း CPB ၏ အကြီးဆုံးစစ်ဆင်ရေးတစ်ခုဟု ဆိုရပါလိမ့်မည်။

စစ်ဆင်ရေး၏ ရည်ရွယ်ချက်မှာ တစ်စိတ်တစ်ပိုင်းအားဖြင့် စီးပွားရေးနှင့် ပတ်သက်နိုင်ပါသည်။ ပန်ဆန်းသို့ ဦးတည်လာသော အမြတ်အစွန်းမြောက်မြားစွာ ရစေသည့် ကုန်သွယ်ရေးလမ်းကြောင်းကို စီစီဝမ်တောင်ထိပ်မှ အစိုးရတပ်များက မကြာခဏဆိုသလို နှောင့်ယှက်တတ်ရာ CPB အတွက် စီးပွားရေးအရ နစ်နာနေသည်။ သို့အတွက် ဤတောင်ကုန်းကို ရှင်းပစ်ဖို့ ရည်ရွယ်ဟန်ရှိပါသည်။

နောက်ထပ် ဖြစ်နိုင်ချေတစ်ခုမှာ CPB ဒေသအတွင်း NDF လှုပ်ရှားကြိုက်များထင်ရှားလာပြီး ကွန်မြူနစ်တို့ ဩဇာကျလာသည့် အခြေအနေနှင့် ပတ်သက်နိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤအခြေအနေတွင် CPB အနေနှင့် မိမိတို့သာလျှင် အစိုးရ၏ အရေးကြီးသော တပ်စခန်းကို လက်ဖျားခါလောက်အောင် တိုက်ခိုက်နိုင်သည့် အားအကြီးဆုံး အင်အားစုဖြစ်ကြောင်း လူမျိုးစု လက်နက်ကိုင်အဖွဲ့ငယ်လေးများကို အင်အားပြလိုဟန် ရှိပါသည်။ ဤတိုက်ပွဲတွင် တရုတ်ပြည်ဘက်မှ CPB ကို အကူအညီပေးသည်များလည်း ရှိသလောက် ရှိပါလိမ့်မည်။ အနိမ့်ဆုံးအားဖြင့် တိုက်ပွဲအစပိုင်းတွင် အသေအချာ အကူအညီပေးခဲ့လိမ့်မည်ဟု ယူဆရသည်။ အကြောင်းမူ အစိုးရတပ်၏ နှောင့်ယှက်မှုကြောင့် တရုတ်ပြည်ကိုယ်တိုင်၏ ပန်ဆန်းနှင့် ကုန်သွယ်ရေးမှာလည်း ထိခိုက်မှုများ ရှိနေသောကြောင့် ဖြစ်သည်။

CPB တပ်ဖွဲ့များအနေနှင့် စီစီဝမ်တောင်ကုန်းကို သိမ်းပိုက်နိုင်ခဲ့ပါသည်။ သို့သော် မကြာလိုက်ပါ။ မြန်မာ့တပ်မတော်မှ ပိုမိုကြီးမားသော တန်ပြန်ထိုးစစ်ဖြင့် တုံ့ပြန်စေရန် 'ဆွ' ပေးလိုက်သလိုပင် ဖြစ်ခဲ့သည်။ လက်နက်ကြီးတပ်နှင့် လေတပ်၏ ထောက်ကူမှုကိုယူပြီး ထောင်နှင့်ချီသော အစိုးရတပ်ဖွဲ့များ စီစီဝမ်သို့ ချီတက်လာသည်။ ၁၉၈၆ ဒီဇင်ဘာလ ၇ ရက်နေ့တွင် CPB တပ်ဖွဲ့များ စီစီဝမ်တောင်ကုန်းကို လက်လွှတ်လိုက်ရသည်။ ၁၉၈၇ ဇန်နဝါရီလ ၃ ရက်တွင် အစိုးရတပ်များ တောင်ကုန်းမှ ဆင်းလာပြီး မုန်းပေါ်ကို သိမ်းပိုက်လိုက်ကြသည်။ ထို့နောက် မြန်မာပြည်လမ်းမကြီး တစ်လျှောက် ပြင်းထန်သောတိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ပြီး ဇန်နဝါရီလ ၆ ရက်နေ့တွင် ပန်ဆန်း (ကြူကုတ်) ပါ ကျသွားခဲ့သည်။

မဟာဗျူဟာမြောက် အဆိုပါ နယ်စပ်မြို့လေးမှ CPB ခြိမ်းခြောက်မှုကို ဖယ်ရှားပြီးသည့်နောက်၊ အစိုးရတပ်များမှာ ရွှေလီမြစ်ကို ဖြတ်ကျော်ချီတက်လာပြန်ရာ ဇန်နဝါရီလ ၁၃ ရက်တွင် ကွန်ဟိန်းနှင့် မန်ဟီးရိုးတို့ကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ ဤတိုက်ပွဲတွင် တရုတ်ပြည်ဘက်မှ အစိုးရတပ်များကို နယ်မြေအသုံးပြုခွင့်ပေးခဲ့ကြောင်း သတင်းများလည်း ဆက်တိုက်ဆိုသလို ရခဲ့သည်။ အကယ်၍ ဤသတင်းသာမှန်လျှင် တရုတ်ပြည်အနေနှင့် နယ်စပ်ဒေသတိုက်ပွဲများတွင် နိုင်မည့်ဘက်မှ ရပ်ဖို့ ဆုံးဖြတ်ထားဟန် ရှိပါသည်။ ထိုသည်၏နောက်တွင်ကား နမ့်ခမ်းမှသည် ပန်ဆိုင်းအထိ ကီလိုမီတာ ၆၀ မျှရှိသော နယ်နိမိတ်မျဉ်းတစ်လျှောက်မှာ အစိုးရထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားခဲ့ပါတော့သည်။ သို့နှင့်အမျှ တရုတ်–မြန်မာနယ်စပ်ကုန်သွယ်ရေးကိုလည်း တရားဝင် ပြန်ဖွင့်နိုင်ခဲ့သည်။

အမှန်စင်စစ် နယ်မြေပိုင်ဆိုင်မှုအနေနှင့်ဆိုလျှင် အစိုးရ ရလိုက်သောအောင်ပွဲမှာ ကြီးမားလှသည်တော့ မဟုတ်ပါ။ ဤအောင်ပွဲအတွက် ပေးဆပ်လိုက်ရသော တန်ဖိုးမှာ အတော်ကြီးသည်။ လွတ်လပ်သော သတင်းရင်းမြစ်များ၏ အဆိုအရ ဤတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



စဉ်များအတွင်း အစိုးရဘက်က အနည်းဆုံး ၁,၀၀၀ ခန့် သေကြေဒဏ်ရာရခဲ့သည်ဟု သိရသည်။ သို့တိုင်အောင် မဟာဗျူဟာအရရော၊ ဂုဏ်သိက္ခာအရပါ ကြည့်လျှင်မူ အစိုးရအနေနှင့် CPB အပေါ် အကြီးအကျယ် အနိုင်ရလိုက်ခြင်းပင် ဖြစ်ပါသည်။ ကွန်မြူနစ်များဘက်မှ တရုတ်နယ်စပ်တစ်လျှောက်ရှိ ၎င်းတို့၏ အရေးကြီးသော 'ထောလ်ဂိတ်'များ ဆုံးရှုံးခဲ့ရသည်ဖြစ်ရာ ဘဏ္ဍာရေးအရ အကြီးအကျယ် ထိခိုက်ခဲ့သည်။ ပို၍ကြီးမားသော ဆုံးရှုံးမှုမှာ CPB တပ်တစ်ခုလုံး စိတ်ဓာတ်ရေးရာ ပြိုကွဲသွားခြင်းပင် ဖြစ်ပါသည်။ CPB အနေနှင့် အကျအဆုံးကြီးလှသော 'လူလှိုင်းလုံးစစ်ဆင်ရေး' နည်းဗျူဟာကို အသုံးပြုခဲ့သည်ဖြစ်ရာ၊ တိုက်ပွဲတစ်ပွဲတွင် အနည်းဆုံး ရဲဘော် ၂၀၀ မျှအထိ စတေးခဲ့ရသည်။ သည်တွင် ခေါင်းဆောင်အဘိုးကြီးများအပေါ် တပ်သားထု၏ မကျေနပ်ချက်မှာ ယခင်ကထက်ပင် ပိုပြင်းထန်လာလေတော့သည်။

နောက်တစ်နှစ် (၁၉၈၈ ခုနှစ်) သို့ ရောက်သောအခါ မြန်မာပြည် တစ်နံတစ်လျားမြို့ကြီးအားလုံးလောက်တွင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ပေါ်ထွက်လျှံကျလာခဲ့ပါသည်။ ရန်ကုန်တွင် သန်းနှင့်ချီသော လူအုပ်ကြီး၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်စသော အခြားမြို့ကြီးများတွင် သိန်းနှင့်ချီသော လူအများစုရုံးပြီး စစ်အစိုးရ နုတ်ထွက်ပေးရန်၊ ဒီမိုကရေစီစနစ် ပြန်ကျင့်သုံးရန် တစ်ခဲနက် တောင်းဆိုခဲ့ကြသည်။ CPB အနေနှင့် ဤမျှ ကြီးကျယ်လှသော လူထုအုံကြွမှုကြီးကို ဟုတ်ဟုတ်ညားညား စိတ်ဝင်စားမှု မရှိခဲ့ပါ။ ၁၉၈၅ ခုနှစ်က ကျင်းပခဲ့သော တတိယပါတီကွန်ဂရက်တွင် 'ကျေးလက်အခြေခံ၊ မြို့ဝိုင်း' ဆိုသော မော်စီတုန်း၏ သင်ကြားချက်ကို ထပ်လောင်းအတည်ပြုခဲ့ပြီးဖြစ်ရာ၊ ဤလမ်းကြောင်းနှင့်မတူသော မြို့ပြဒေသ လူထုလှုပ်ရှားမှုများကို 'စွန့်စားရေးဝါဒ'အဖြစ်သာ ယူဆခဲ့ပါသည်။ မတ်ခ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်နှင့်မညီဆိုကာ ပယ်ချခဲ့ပြီး ဖြစ်ပါသည်။

၁၉၈၈ ခုနှစ် မေလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် CPB ၏ လျှို့ဝှက်အသံလွှင့်ဌာန 'ဗမာပြည် ပြည်သူ့အသံ' မှ မတ်လအတွင်းက ဖြစ်ပွားခဲ့သော ပထမဆုံး အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲအကြောင်းကို နှစ်ရက်ဆက်တိုက် အသံလွှင့်ခဲ့သည်။ ဤအသံလွှင့်ချက်မှာ အံ့သြလောက်အောင် တိကျလှသည်ဖြစ်ရာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သော မျက်မြင်သက်သေတစ်ယောက်၏ သတင်းပေးပို့ချက်ဟု ယူဆရပါသည်။ သို့နှင့်တိုင် မြန်မာနိုင်ငံ၏ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် CPB ၏ ပါဝင်ပတ်သက်မှုမှာ အဆိုပါ အသံလွှင့်ချက်လေးတစ်ခုထက် သိပ်မပိုလှဟု ဆိုရမည်သာ ဖြစ်ပါသည်။

သို့တစေ၊ တစ်ပြည်လုံးအနှံ့ ပြည်သူလူထုကြီး၏ ဒီမိုကရေစီ အုံကြွမှုကြီးနှင့် ပတ်သက်သော CPB ခေါင်းဆောင်စု၏ သဘောထားကိုမူ စက်တင်ဘာလ ၁၀

www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့က မုံးကိုးတွင် ကျင်းပခဲ့သော ပေါလစ်ဗျူရို အစည်းအဝေးတစ်ခုတွင် ဆွေးနွေးခဲ့ကြပါသည်။ ထိုစဉ်က လူငယ်ပါတီဝင်အချို့ကြားတွင် မြို့ပြအုံကြွမှုများကြောင့် အားတက်မှုများရှိနေပြီး၊ အဆိုပါ မြို့ပြဒေသလှုပ်ရှားမှုနှင့် ချိတ်ဆက်လိုသည့် ဆန္ဒလည်း သိသိသာသာရှိနေသည်။ သို့တိုင်အောင် ပေါလစ်ဗျူရိုဆွေးနွေးပွဲတွင်မူ လှုပ်ရှားမှုကြီးအကြောင်း ယေဘုယျမျှသာ ပြောခဲ့ဆိုခဲ့ကြသည်။ နောက်ဆုံး ရန်ကုန်မှလာသော 'ကြားဖြတ်အစိုးရ' ကြွေးကြော်သံနှင့် ပတ်သက်တော့မှ ဗမာမော်ဝါဒီအဘိုးကြီးများက ယခုလို နိဂုံးချုပ်လိုက်တော့သည်။

"နံပါတ်တစ် ကျွန်တော်တို့ဆင်နွှဲနေတာဟာ ရေရှည်စစ်ဆိုကာကို မျက်ခြည်မပြတ်ဖို့ ဒီလူငယ်ကေဒါတွေကို ကျွန်တော် ပြောချင်တယ်။ ကျွန်တော်တို့အနေနဲ့ မြို့တွေကို လနဲ့ချီပြီး၊ နှစ်နဲ့ချီပြီး တိုက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ကျေးလက်ဒေသတွေမှာပဲ ဒီလိုတိုက်ဖို့ ဖြစ်နိုင်ချေရှိတယ်. . .။"

အဆိုပါလမ်းစဉ်အရ CPB က မိုင်းယန်းကို အလုံးအရင်းဖြင့် ဝင်တိုက်ခဲ့သည်။ မိုင်းယန်းမှာ ရှမ်းပြည်နယ်အရှေ့ခြမ်း တရုတ်နယ်စပ်အနီးရှိ ဝေးလံခေါင်ဖျားသော တပ်မြို့လေးတစ်မြို့ ဖြစ်ပါသည်။ စက်တင်ဘာလ ၂၄ ရက်နေ့တွင် CPB တပ်ဖွဲ့များက ဤမြို့လေးကို သိမ်းပိုက်နိုင်ခဲ့သည်။ မြန်မာ့တပ်မတော်တပ်ရင်း ၁၁ မှ တပ်ရင်းမှူး ဗိုလ်မှူးစိုးလွင်အပါအဝင် အခြား အဆင့် ၁၃၀ ခန့် တိုက်ပွဲတွင် ကျဆုံးခဲ့ရသည်။ အနည်းဆုံး အစိုးရစစ်တပ်မှ ၁၀၀ ခန့် ဒဏ်ရာရပြီး ကိုးဦးကို အရှင်ဖမ်းမိခဲ့သည်။

သို့တိုင်အောင် အစိုးရတပ်များက ချက်ချင်းပင် တန်ပြန်ထိုးစစ်ဆင်နိုင်ခဲ့ပါသည်။ လေတပ်မှ နှစ်ရက်ဆက်တိုက် ထောက်ကူပေးပြီး ဗုံးကြဲတိုက်ခိုက်ခဲ့ရာ မိုင်းယန်းမြို့လေး၏ နေရာတော်တော်များများမှာ အုတ်ကျိုးအုတ်ပဲ့တွေ ဖြစ်ကုန်ရသည်။ နောက်ထပ်ရက်အနည်းငယ်ကြာမျှ ပြင်းထန်သောတိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ပြီး CPB တပ်ဖွဲ့များ မိုင်းယန်းမှ ပြန်လည်ဆုတ်ခွာပေးခဲ့ရသည်။ ဤမိုင်းယန်းတိုက်ပွဲသည်ပင် တပ်တွင်းပုန်ကန်မှုမတိုင်မီ CPB နှင့် အစိုးရတို့၏ နောက်ဆုံးထိတွေ့တိုက်ခိုက်မှု ဖြစ်ပါသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်တွင် စစ်ဘက်က အာဏာသိမ်းလိုက်ရာ၊ ရန်ကုန်နှင့် အခြားမြို့ကြီးများမှ ကျောင်းသားအမြောက်အမြား လက်နက်ကိုင်တိုက်ပွဲဆင်နွှဲရန် ရည်ရွယ်ချက်ဖြင့် မြို့ပြဒေသကို စွန့်ခွာခဲ့ကြသည်။ NDF အဖွဲ့ဝင်လက်နက်ကိုင်အင်အားစုများ ထိန်းချုပ်ထားသည့် ထိုင်းနယ်စပ်နှင့် ကချင်ပြည်နယ်သို့ ရောက်ရှိလာကြသည့် ကျောင်းသားအရေအတွက်မှာ ထောင်နှင့်ချီ၍ ရှိခဲ့သည်။ ဤနေရာတွင် ထူးခြားသည်မှာ CPB နယ်မြေသို့ ရောက်လာကြသော ကျောင်းသားမှာ ၅၀ မှ ၆၀ အတွင်းသာ ရှိခဲ့ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



CPB အနေနှင့် ခေတ်သစ်မြန်မာ့သမိုင်း၏ အကြီးမားဆုံး လူထုအုံကြွမှုကြီးနှင့် မချိတ်ဆက်နိုင်ခဲ့သည်မှာ၊ ပါတီထဲရှိ ပညာတတ်များနှင့် အထိုက်အသင့်ပညာတတ်သော ရဲဘော်အချို့အတွက် စိတ်ပျက်စရာဖြစ်ခဲ့ရသည်။ CPB ထဲရှိ မြန်မာစကားပြောတတ်သော လူနည်းစုကေဒါများမှာ BBC မြန်မာပိုင်းအစီအစဉ်မှတစ်ဆင့် မြန်မာပြည်မမှ လူထုအုံကြွမှုကြီးအကြောင်းကို ကြားသိခဲ့ကြပြီး ဖြစ်သည်။ သို့နှင့်တိုင် အများစုတောင်ပေါ်သား အောက်ခြေရဲဘော်ထုမှာ ဤမျှကြီးကျယ်သော လူထုလှုပ်ရှားမှုကြီး စတင်ဖြစ်ပေါ်နေပြီကို သိပင် သိကြသည် မဟုတ်ပါချေ။

ပါတီတွင်း သဘောထားကွဲလွဲမှုများကား ပို၍ပင် သည်းသန်ပြင်းထန်လာပါတော့သည်။ အရင်းခံအကြောင်းတရားများ ပေါင်းစည်းမိရာမှ ၁၉၈၉ နှစ်ဦးသို့ ရောက်သောအခါ အခြေအနေမှာ အမြင့်ဆုံးစခန်းဆင့်သို့ ရောက်လာခဲ့ပါတော့သည်။ ဤအချိန်တွင် တရုတ်ပြည်မှာ မြန်မာအစိုးရ အာဏာပိုင်များနှင့် ကုန်သွယ်ရေးသဘောတူညီချက်အမြောက်အများ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ CPB အနေနှင့် ယခင် ပေါ်လစီဟောင်းများကို ပြန်သုံးသပ်ဖို့အတွက်လည်း၊ တရုတ်တို့ဘက်မှ စွဲစွဲမြဲမြဲ ဖိအားပေးလာကြသည်။ ပြောရလျှင် ၁၉၈၁ ခုနှစ်ကပင် တရုတ်ပြည်က ပါတီခေါင်းဆောင်များနှင့် အဆင့်မြင့်ကေဒါများကို နိုင်ငံရေးခိုလှုံခွင့် စတင်ပေးနေပြီ ဖြစ်သည်။ ဤကမ်းလှမ်းချက်တွင် သင့်တင့်လျောက်ပတ်သော အစိုးရ ပင်စင်ပေးမည်ဆိုသော အချက်လည်းပါသည်။ (ပေါလစ်ဗျူရို အဖွဲ့ဝင်များအတွက် တစ်လ (တရုတ်ငွေ) ရမ်မင်ပီ ၂၅၀၊ ဗဟိုကော်မတီဝင်များအတွက် ၂၀၀၊ ဦးဆောင်ကေဒါများအတွက် ၁၈၀၊ သာမန်ပါတီဝင်များအတွက် ၁၀၀ အပြင် အိမ်တစ်လုံးနှင့် မြေတစ်ကွက်ပါ ပေးမည်ဟု ကမ်းလှမ်းခဲ့သည်။) သို့နှင့်တိုင် ဤသို့ ပင်စင်ယူထားသည့် CPB ကေဒါများအနေနှင့် တရုတ်ပြည်တွင်းတွင် မည်သည့်နိုင်ငံရေးလှုပ်ရှားမှုမှ မလုပ်ရဟူ၍ကား တားမြစ်ထားသည်။

ပါတီရဲဘော်ဟောင်းကြီးများ၊ အထူးသဖြင့် စီချွမ်ရဲဘော်ဟောင်းများမှာ တရုတ်ပြည်၏ ကမ်းလှမ်းချက်ကို ဘဝင်မကျကြပါ။ သူတို့တစ်တွေမှာ ယဉ်ကျေးမှုတော်လှန်ရေးကာလက တရုတ်ပြည်တွင် နေထိုင်ခဲ့ကြပြီး မော်စီတုန်းနှင့်လည်း နီးနီးကပ်ကပ် ဆက်ဆံခဲ့ကြသူများဖြစ်လေရာ (သူတို့အနေနှင့် တရုတ်ပြည်ကို ဘယ်တုန်းကမှ ပြောင်ပြောင်တင်းတင်း ဝေဖန်မှုများ မလုပ်ကြသည့်တိုင်) သူတို့အမြင်တွင် တရုတ်ပြည်၏ ဆိုခဲ့ပါကမ်းလှမ်းချက်မှာ သစ္စာဖောက်မှုပင် ဖြစ်သည်။ တရုတ်ပြည်အနေနှင့်မူ ၁၉၈၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၈ ခုနှစ်တွင် နောက်တစ်ကြိမ် ထပ်မံ ကမ်းလှမ်းခဲ့ပါသည်။ အသက်ပိုငယ်သော၊ ရာထူးအားဖြင့်လည်း သိပ်မမြင့်လှသော ကေဒါအချို့သာ ကမ်း

www.burmeseclassic.com

www.burmeseclassic.com



လှမ်းချက်ကို လက်ခံခဲ့ကြသည်။ ဗိုလ်သန်းရွှေမှလွဲ၍ ပါတီထိပ်ပိုင်းခေါင်းဆောင်စုထဲက ဘယ်သူမှ လက်မခံခဲ့ကြပါချေ။ ဗိုလ်သန်းရွှေမှာ အယူအဆမတူ၍ ပါတီနှင့် လမ်းခွဲပြီး ၁၉၈၅ ခုနှစ်ကပင် တရုတ်ပြည်ထဲ သွားရောက်နေထိုင်ခဲ့ပြီး ဖြစ်သည်။

၁၉၈၉ နှစ်ဦးသို့ရောက်သောအခါ တရုတ်ပြည်မှ CPB သို့ နောက်တစ်ကြိမ် ချဉ်းကပ်ပြီး၊ ပါတီခေါင်းဆောင်များကို 'မအောင်မြင်သည့်တော်လှန်ရေးကို စွန့်လွှတ်ပြီး တရုတ်ပြည်တွင် အငြိမ်းစားယူကြပါရန်' ကြိုးစားစည်းရုံးခဲ့ပါသည်။ အသည်းအသန် ငြင်းခုံခဲ့ရသော ထိုအစည်းအဝေးကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ပန်ဆန်းတွင် ကျင်းပခဲ့သည်။ သခင်ဗသိန်းတင်အနေနှင့် ပထမဆုံးအကြိမ်အဖြစ် တရုတ်ပြည်ကို ပြင်းပြင်းထန်ထန် တုံ့ပြန်ပြောဆိုခဲ့သည့် အစည်းအဝေးပင် ဖြစ်ပါသည်။

အဆိုပါ လျှို့ဝှက်အစည်းအဝေးတွင် ပြောကြားခဲ့သော သူ၏မိန့်ခွန်းတွင် သခင်ဗသိန်းတင်က 'ညီနောင်ပါတီနဲ့ ကျွန်တော်တို့ရဲ့ဆက်ဆံရေးမှာ နားလည်မှုလွဲတာတွေ ရှိနေတယ်။ ကျွန်တော်တို့ကြားမှာ သဘောကွဲလွဲမှုတွေ ရှိရင်တောင်မှ ကျွန်တော်တို့က တော့ တစ်ဦးရဲ့ကိစ္စ တစ်ဦး ဝင်မစွက်ဖက်ရေးဆိုတဲ့မူကို လိုက်နာစောင့်ထိန်းပြီး အတူ ယှဉ်တွဲနေကြမှာပါ။ ၁၉၈၁၊ ၁၉၈၅ နဲ့ ၁၉၈၈ တုန်းကလည်း ဒီအတိုင်းပဲ ကျွန်တော် တို့ ရပ်တည်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ပြန်လည်ပြင်ဆင်ရေးသမားတွေ မဖြစ်ချင်ဘူး. . .' စသဖြင့် ပြောဆိုသွားခဲ့သည်။

အဆိုပါ လျှို့ဝှက်အစည်းအဝေးမှတ်တမ်းများမှာ ပေါက်ကြားသွားခဲ့သည်ဟု ဆိုပါသည်။ ဤမှတ်တမ်းများကပင် မကျေမနပ်ဖြစ်နေကြသော အောက်ခြေတပ်သားထု အတွက်၊ ခေါင်းဆောင်အဘိုးကြီးများကို တော်လှန်ပုန်ကန်ရန် တွန်းအားပေးလိုက်သလို ဖြစ်ခဲ့သည်။ အမှန်စင်စစ် တပ်တွင်းပုန်ကန်မှုမှာ ယခုထက်စော၍ ပေါ်ထွက်လာဖို့ရှိသည်။ သာမန်ရိုးရိုး ရဲဘော်များနှင့် ဒေသခံတပ်မှူးများအနေနှင့် တရုတ်ပြည်၏သဘောထား ကို မမှန်းဆတတ်၍သာ ဤမျှ အချိန်ကြာသွားခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က CPB ခေါင်းဆောင်များမှာ တရုတ်ပြည်ထဲသို့ ဝင်လိုက်ထွက်လိုက်နေရုံမျှမက တရုတ်အရာရှိ များကလည်း နယ်စပ်သို့ကူးလာကာ အဆိုပါခေါင်းဆောင်ကြီးများကို မှန်လုံဗိမ်ခံ ကားကြီးဖြင့် အမြဲလို လာခေါ်ကြသည်များလည်း ရှိသည်။ ဆိုရလျှင် နယ်စပ်နိုင်ငံရေး ၏ အရှုပ်အထွေးကို CPB ရဲဘော်အများစု သဘောပေါက်နားမလည်နိုင်လောက်အောင် လိုက်လို့မမီ ဖြစ်နေသောကြောင့်သာ အချိန်ဆိုင်းခဲ့ကြခြင်း ဖြစ်ပါသည်။ ယခု လျှို့ဝှက် အစည်းအဝေးမှတ်တမ်းများကို သိရတော့ တရုတ်ပြည်၏ သဘောထားမှန်ကို သူတို့ သိသွားခဲ့ကြပြီ။ အချိန်စောင့်စရာမလိုတော့။

၁၉၈၉ ခုနှစ် မတ်လ ၁၂ ရက် ဖုန်ကျားရှင် ဦးဆောင်သော ကိုးကန့်တရုတ် တပ်များက ပုန်ကန်မှု၏ ပထမခြေလှမ်းကို စတင်လိုက်ပြီး CPB ၏ ဗဟိုခေါင်းဆောင်မှု

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောင်ပြောင်တင်းတင်း စိန်ခေါ်လိုက်သည်။ နှစ်ရက်အကြာတွင် သူတို့တပ်ဖွဲ့က မုံးကိုးကို သိမ်းပိုက်လိုက်သည်။ ပုန်ကန်မှုမှာ အရှေ့မြောက်ပိုင်းရှိ အခြား CPB အခြေခံဒေသများသို့ လျင်မြန်စွာ ပျံ့နှံ့သွားလေတော့သည်။

ထို့နောက် ဧပြီလ ၁၆ ရက်နေ့ည သန်းခေါင်ကျော်. . .။ တပ်မဟာ ၁၂ မှ ဝ ရဲဘော်အများစုပါဝင်သော တပ်ဖွဲ့များက ပန်ဆန်းကို ဝင်စီးပြီး၊ ခေါင်းဆောင်အဘိုးကြီးများကို တရုတ်ပြည်ထဲသို့ မောင်းထုတ်လိုက်ကြသည်။ ထိုညမှာပင် အသံလွှင့်ရုံကိုလည်း သိမ်းပိုက်လိုက်သည်။ ဧပြီလ ၁၈ ရက်နေ့သို့ ရောက်သောအခါ သူပုန်တပ်ဖွဲ့များ၏ ပထမဆုံး အသံလွှင့်ချက် ထွက်ပေါ်လာပါသည်။ 'ဗကပ၏ ကျဉ်းမြောင်းသော လူမျိုးစု ပေါ်လစီများ' ခေါင်းစဉ်တပ်ထားသည့် CPB ကို ရှုတ်ချလိုက်သော ကြေညာချက်ဖြစ်ပါသည်။ ပို၍ပြင်းထန်သော နောက်ထပ်ကြေညာချက်တစ်ခုကို ဧပြီလ ၂၈ ရက်နေ့တွင် ထပ်မံ အသံလွှင့်ခဲ့သည်။ ယခုလို. . .

*"၁၉၇၉ မတိုင်မီက အခြေအနေဟာ ကောင်းခဲ့ပါတယ်။ အခုကော ဘယ်အနေအထားဆိုက်နေပြီလဲ။ ဘာတိုးတက်မှုမှ မဖန်တီးနိုင်ခဲ့ပါဘူး။ ဘာကြောင့်လဲ. . .။ ကျွန်တော်တို့အမြင်ကို ပြောရရင် ခေါင်းဆောင်အချို့ဟာ အာဏာကို အသေဖက်တွယ်ထားကြလို့ပဲ။ မှားယွင်းတဲ့လမ်းစဉ်ကို ခေါင်းမာမာ ဆက်ကိုင်ထားကြလို့ပဲ။ ဒီလူတွေဟာ တကယ့်အရှိတရားနဲ့ ကင်းကွာနေကြတယ်။ ငါတကောဝါဒနဲ့ ဂိုဏ်းဂဏဝါဒကို ကျင့်သုံးနေကြတယ်။ ပြည်တွင်းပြည်ပအခြေအနေတွေကို လေ့လာဆန်းစစ်ဖို့၊ သရုပ်ခွဲစိစစ်ဖို့ ပျက်ကွက်ကြတယ်။ တကယ့်အစစ်အမှန် ရုပ်အခြေအနေကို ဥပေက္ခာပြုထားကြတယ်။ သူတို့ဟာ ဝ ဒေသက လူထုကို လိမ်ညာခဲ့ကြတယ်။ လိမ်လုံးညာလုံးတွေ၊ ဝါဒဖြန့်ချိရေးတွေနဲ့ ကျွန်တော်တို့ကို သူတို့ရဲ့ အယောင်ဆောင် တော်လှန်ရေးထဲ ဆွဲခေါ်ခဲ့ကြတယ်။ ခေတ်မီလက်နက်တွေ တပ်ဆင်ထားတဲ့ ရန်သူကို ဗလာချီအိုင်ဒီအိုလိုဂျီ ဆိုတာနဲ့ ဘယ်လိုလုပ် အနိုင်ယူမှာလဲ။ ကျွန်တော်တို့ ဝ ဒေသလူထုကြီးဟာ ပြည်တွင်း ဖြစ်စေ၊ ပြည်ပဖြစ်စေ ဘယ်ကျူးကျော်ရေးတပ်ဖွဲ့ကိုမှ လက်ညှိုးထောင် ခေါင်းညိတ် မလုပ်ဘူး။ အလိုလိုက်အကြိုက်မဆောင်ဘူး။ ယဉ်ကျေးမှုအရာနဲ့ စာပေအရာမှာ ကျွန်တော်တို့ဟာ ဆင်းရဲပါတယ်။ ခေတ်နောက်ကျပါတယ်။ ဒါပေမဲ့ သန္နိဋ္ဌာန်တော့ သိပ်ခိုင်တယ်။ အတိတ်က ကာလတစ်ခုမှာ ဗကပထဲက စိတ်ယုတ်စိတ်ပုပ်ရှိတဲ့ လူတစ်ဦးရဲ့ အာဏာလုပွဲနောက်လိုက်ခဲ့ရတဲ့ ကျွန်တော်တို့*

www.burmeseclassic.com

www.burmeseclassic.com



*ဝ ဒေသ ပြည်သူလူထုကြီးရဲ့ ဘဝတွေ ဘာတွေဖြစ်ခဲ့ရသလဲ။ သိပ်ကို ကြမ်းတမ်းခက်ထန်ခဲ့ရတယ်။ အခွန်အကောက်တွေ တိုးကောက်ပြန်တော့ လူထုအတွက် ဝန်ထုပ်ဝန်ပိုးဟာ ပိုလေးလံကြီးမားခဲ့ရတယ်။ သိပ်ကို အန္တရာယ်ကြီးတဲ့ အခက်အခဲတွေနဲ့ ကျွန်တော်တို့ ရင်ဆိုင်ခဲ့ကြရတယ်။ ဒီလိုအနေအထားမျိုးမှာ လူထုအနေနဲ့ ပုန်ကန်ထကြွမှုအခြေအနေတစ်ခု ကို ဘယ်မှာ ရှောင်လို့ ရတော့မှာလဲ. . . ။"*

အဆိုပါ အသံလွှင့်ကြေညာချက်တွင်ပါသော 'စိတ်ယုတ်စိတ်ပုပ်ရှိတဲ့ လူတစ်ဦး' ဆိုသည်မှာ ဘယ်သူ့ကို ရည်ညွှန်းမှန်း မသေချာပါ။ သို့တစေ အရေးအကြီးဆုံး CPB ခေါင်းဆောင်အားလုံး အထိအခိုက်မရှိဘဲ တရုတ်ပြည်ဘက်သို့ လွတ်မြောက်သွားချိန်တွင်၊ လူမုန်းများသော ခေါင်းဆောင်နှစ်ဦးကို အရှင်ဖမ်းဆီးမိခဲ့ပါသည်။ သူတို့ထဲမှ တစ်ဦးမှာ ဝမြောက်ခရိုင် နိုင်ငံရေးမှူး ရဲဘော်မြသောင်း ဖြစ်သည်။ နောက်တစ်ယောက်မှာ အရှေ့မြောက်ဒေသတစ်ခုလုံး၏ နိုင်ငံရေးမှူး ရဲဘော်စိုးသိန်း ဖြစ်ပါသည်။ ရဲဘော်စိုးသိန်းမှာ လူနည်းစုလူမျိုးများကို ကျွမ်းကျွမ်းကျင်ကျင် ကြိုးကိုင်ခြယ်လှယ်သူအဖြစ် နာမည်ဆိုးနှင့် ကျော်ကြားသည်။

နောက်ထပ် လူမုန်းများသော အဆင့်မြင့်ခေါင်းဆောင်တစ်ယောက်မှာ CPB ၏ တပ်မတော်ဦးစီးချုပ် ရဲဘော်တင်ရီ (ခေါ်) ဗိုလ်နေဝင်း ဖြစ်ပါသည်။ အစိုးရနယ်မြေများကို တိုက်ခိုက်ရာတွင် လူလှိုင်းလုံးစစ်ဆင်ရေးကို တွင်တွင်ကျယ်ကျယ် သုံးခဲ့သူဖြစ်၍၊ ဝ လူငယ်အများအပြားကို သေတွင်းပို့ခဲ့သူအဖြစ် ဝ အမျိုးသားများက နာကြည်းဒေါသထွက်ခံရသူ ဖြစ်သည်။ ရဲဘော်တင်ရီကို ဖမ်းဆီးဖို့ ကြိုတင်လျာထားချက်ရှိပြီး သေဒဏ်ပင် ပေးကောင်းပေးနိုင်စရာရှိသည်။ သို့တိုင်အောင် တပ်မဟာ ၁၂ – ပန်ဆန်းကို တိုက်ခိုက်သော ညကပင် ရဲဘော်တင်ရီမှာ အခြား ထိပ်တန်း ခေါင်းဆောင်များနှင့်အတူ နာမ်ခမြစ်ကိုဖြတ်ပြီး တရုတ်ပြည်ထဲသို့ ထွက်ပြေးလွတ်မြောက်သွားနိုင်ခဲ့သည်။

သည်လိုနှင့် ရန်ကုန်မြို့ ဘားလမ်းရှိ တိုက်ခန်းလေးတစ်ခုတွင် စတင်ဖွဲ့စည်းပြီး နှစ်ပေါင်း ၅၀ နီးပါးအကြာ၊ အစိုးရကို လက်နက်ကိုင်တိုက်ပွဲဖြင့် ဆန့်ကျင်တော်လှန်မည်ဟု ဆုံးဖြတ်ချအပြီး နှစ်ပေါင်း ၄၁ နှစ်အကြာ၊ ကိုးကန့် ပုန်ကန်မှုစတင်ပြီး တစ်လအတွင်းမှာပင် ဗမာပြည်ကွန်မြူနစ်ပါတီမှာ နိဂုံးကမ္ပတ် အဆုံးသတ်သွားခဲ့ရပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com



CPB ၏နောက်ဆုံးဥက္ကဋ္ဌကြီး သခင်ဗသိန်းတင်
(Photo; Hseng Noung Lintner)



တပ်တွင်းပုန်ကန်မှုကို ဦးဆောင်ခဲ့သူ ဝ ခေါင်းဆောင် ကျောက်ညီလိုင်
(Photo; Bertil Lintner)

www.burmeseclassic.com

www.burmeseclassic.com



ပဟိုကော်မတီ အတွင်းရေးမှူး ရဲဘော် ခင်မောင်ကြီး
(Photo, Hseng Noung Lintner)




ပေါလစ်ဗျူရို အဖွဲ့ဝင် ရဲဘော်ကျော်မြ(ရခိုင်)
(Photo; Hseng Noung Lintner)

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၆ ခုနှစ်က CPB နှင့် ဆက်သွယ်ပေါ်ရှိခဲ့သည့် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော
(Photo; Hseng Noung Lintner)



ဗိုင်းနွှစ်ပန်
(Photo; Hseng Noung Lintner)

www.burmeseclassic.com

www.burmeseclassic.com



နိုက်ကယ်ဒေးဗစ် (ခေါ်) စောဗွန်ဆာ
(Photo; CPB Archives)




တပ်တွင်းပုန်ကန်မှုကို ဦးဆောင်ခဲ့သူတစ်ဦးဖြစ်သည့်
တရုတ်အပျော်တမ်း တပ်ခွဲဝင် လီကျစ်ရှ
(Photo; Hseng Noung Lintner)

www.burmeseclassic.com

www.burmeseclassic.com




CPB ၏ နောက်ဆုံး ဒုတိယ ဥက္ကဋ္ဌ သခင်ဗသိန်းတင်
(Photo; CPB Archives)



အရှေ့မြောက်ဒေသ နိုင်ငံရေးမှူး ရဲဘော်စိုးသိန်း
(Photo; Hseng Noung Lintner)

www.burmeseclassic.com

www.burmeseclassic.com




တတိယ ပါတီကွန်ဂရက်မှ ရွေးကောက်တင်မြှောက်လိုက်သည့် ဗဟိုကော်မတီသစ်များ
ပန်ဆန်း၊ ၁၉၈၅ စက်တင်ဘာ၊ အောက်တိုဘာ
ရှေ့တန်း ဝဲမှယာ – ရဲဘော်ဖဗဆောင်း၊ ရဲဘော် ရဲထွန်း၊ ရဲဘော်တင်ရီ၊ ရဲဘော်ခင်မောင်ကြီး၊
သခင်ဗသိန်းတင်၊ ဗိုလ်မျိုးမြင့်၊ ရဲဘော်ကျော်မြ၊ ဗိုလ်ကြဉ်မောင်၊ ဗိုလ်မြမင်း

နောက်တန်း ဝဲမှယာ – ရဲဘော်အေးငွေ၊ ရဲဘော်ကျော်မြင့်၊ လီကျစ်ရှု၊ ရဲဘော် တင့်လှိုင်၊
ကျောက်ညီလှိုင်၊ ဗိုလ်ကျော်ဇော၊ စိုင်းအောင်ဝင်း၊ ရဲဘော်စံသူ၊ ရဲဘော်ထွန်းကျော်၊ အမည်မသိ၊
ဇော်မိုင်၊ ရဲဘော်ဖိုးသိမ်း။
(Photo; CPB Archives)

www.burmeseclassic.com

www.burmeseclassic.com



မုံးကိုးရှိ ကွန်မြူနစ် အာဇာနည်ကုန်း
(Photo; Bertil Lintner)

www.burmeseclassic.com

www.burmeseclassic.com



CPB တိုက်ခိုက်ရေးရဲဘော်များ
(Photo; CPB Archives)



CPB တိုက်ခိုက်ရေးရဲဘော်များ
(Photo; CPB Archives)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)
## နိဂုံးကောက်ချက်အချို့

ဗမာပြည် ကွန်မြူနစ်ပါတီတွင်း ဖြစ်ပွားခဲ့သော ၁၉၈၉ ခုနှစ် တပ်တွင်းပုန်ကန်မှုမှာ မြန်မာနိုင်ငံ၏ စစ်မြေပုံကို အပြောင်းအလဲဖြစ်စေရုံမျှမက တိုင်းပြည်၏ ဆယ်စုနှစ်အချို့ကြာ ကြာမြင့်ခဲ့ပြီဖြစ်သော ပြည်တွင်းစစ်တွင်လည်း နောက်ထပ် မဟာမိတ်စုဖွဲ့မှုတစ်ရပ် ပေါ်ထွက်လာစေရန် လမ်းဖွင့်ပေးလိုက်သလို ရှိခဲ့ပါသည်။ ထိုအရာများထက်ပို၍ အရေးကြီးနိုင်သည်မှာ ရန်ကုန်ရှိ အာဏာရတပ်မတော်အစိုးရအတွက် အကျပ်အတည်းတစ်ရပ် ပေါ်ထွက်လာခြင်းပင် ဖြစ်သည်။ ပြီးခဲ့သော အနှစ်နှစ်ဆယ်ကျော်အတွင်း မြန်မာ့လူ့အဖွဲ့အစည်းနှင့် မြန်မာအစိုးရအဆက်ဆက်တွင် မိမိတို့ တပ်မတော်အနေနှင့် ဦးဆောင်မှုနေရာ ထာဝရ ရယူထားသည်မှာ ကွန်မြူနစ်အန္တရာယ်ကြောင့်ပါဟု အစိုးရဘက်မှ တောက်လျှောက်ဆိုသလို အကြောင်းပြချက်ပေးခဲ့သည်။ ယခု အဆိုပါ ကွန်မြူနစ်တစ္ဆေကို ဖယ်ရှားလိုက်နိုင်သောအခါ တပ်မတော်အတွက် တရားခံရှာစရာမရှိ ဖြစ်လာရတော့သည်။

ကွန်မြူနစ်များဘက်မှ ကြည့်လျှင်လည်း အကွဲကွဲအပြားပြားဖြစ်နေသော လူမျိုးစု မျိုးစုံကို စုစည်းထားရသည့်အတွက်ရော၊ ဤသို့ စုစည်းနိုင်ရန် အသုံးပြုခဲ့သည့် ကွန်မြူနစ်အိုင်ဒီအိုလိုဂျီ၏ အားနည်းချက်များကြောင့်ပါ၊ အဆိုပါ ပဒေသာစုံတပ်ဖွဲ့များကို ထီးရိပ်တစ်ခုတည်းအောက် ဆွဲစုဖို့ လက်တွေ့မဖြစ်နိုင်လောက်အောင်ပင် အခက်ကြုံခဲ့ရပါသည်။ ဤအချက်များကို ထည့်သွင်းစဉ်းစားလိုက်လျှင် CPB အရေးနိမ့်သွားခဲ့သည်မှာ အံ့သြစရာတော့လည်း မဟုတ်ပါချေ။ သေချာသည့်အချက်ကို ဆိုရလျှင် ယခင် ဗမာပြည် ကွန်မြူနစ်ပါတီအနေနှင့် ၁၉၈၉ ခုနှစ်အဆုံးမှစ၍ အဖွဲ့ငယ် တော်တော်များများအဖြစ် အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားခြင်းပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (PLF)

ကချင်ပြည်နယ်ရှိ ဒေသခံတပ်ဖွဲ့များ၏ အမည်သစ် ဖြစ်ပါသည်။ ယခင် ၁၀၁ စစ်ဒေသဖြစ်သည်။ ဤအဖွဲ့၏ ကေဒါအားလုံး၊ တပ်ဖွဲ့ဝင်အားလုံးနှင့် အရေးကြီးသော ခေါင်းဆောင်နှစ်ဦးဖြစ်သည့် တင့်ယင်းနှင့် ဇော်လွန်းတို့မှာ ကချင်အမျိုးသားများ ဖြစ်ကြသည်။ ကချင်အမျိုးသားရေး စိတ်ဓာတ်ဖြင့် စုစည်းထားနိုင်သည်ဖြစ်၍ PLF မှာ အခြားအဖွဲ့များနှင့် နှိုင်းစာလျှင် အတွင်းပိုင်းပြဿနာ မရှိသလောက်ပင်နည်းပါသည်။ ၁၉၈၉ ခုနှစ်နောက်ပိုင်းတွင် PLF မှာ KIA နှင့် မဟာမိတ်ဖွဲ့ခဲ့သည်။ လက်တွေ့ကျကျဆိုရလျှင် ၁၉၆၉ ခုနှစ်က ကွဲခဲ့သော ၎င်း၏ မိခင်တပ်မတော်နှင့် ပြန်လည်ချိတ်ဆက်သွားခြင်း ဖြစ်ပါသည်။

## မြန်မာပြည် အမျိုးသားဒီမိုကရေစီ မဟာမိတ် တပ်မတော် (BNDAA)

ဖုန်ကျားရှင်း ဦးဆောင်သော မုံးကိုးနှင့် ကိုးကန့်ဒေသမှ ပထမဆုံး တပ်တွင်းပုန်ကန်သူများ ယူလိုက်သော အမည်ဖြစ်ပါသည်။ ၁၉၈၉ မတ်လအလယ် CPB ကို တော်လှန်ပုန်ကန်စဉ်ကတည်းက ဤအမည်ကို ယူခဲ့ခြင်းဖြစ်သည်။ ဤအဖွဲ့၏ နောက်လိုက်နောက်ပါအများစုမှာ ကိုးကန့်တရုတ်များ၊ ကချင်များနှင့် ဝ အချို့ ဖြစ်သည်။ ဒေသတွင်း ဘိန်းအရောင်းအဝယ်လုပ်ငန်းများတွင် ထဲထဲဝင်ဝင် ပါဝင်သည့်အဖွဲ့ဖြစ်ရာ BNDAA အနေနှင့်မူ မူလအစကတည်းက နိုင်ငံရေးထက် စီးပွားရေးဘက်သို့ ဦးတည်သွားဖို့ရှိပါသည်။

## မြန်မာပြည် အမျိုးသားသွေးစည်းရေးပါတီ / တပ်မတော် (BNUP / BNUA)

ပန်ဆန်းကျပြီးသည့်နောက် CPB ၏ ယခင် ဝ မြောက်ခရိုင်၊ ဝ တောင်ခရိုင်နှင့် ပန်ဆန်းအထူးမြို့နယ်တို့ကိုပေါင်းပြီး ဖွဲ့စည်းလိုက်သော အဖွဲ့ဖြစ်ပါသည်။ ဤအဖွဲ့၏ ဌာနချုပ်ကို ပန်ဆန်းမှာပင် ထားသည်။ ဤအဖွဲ့ကို 'ဝ အမျိုးသားတပ်မတော်' (WNA) နှင့် နီးနီးကပ်ကပ် ချိတ်ဆက်ဖွဲ့စည်းခဲ့ပြီး 'အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု' (NDF) အဖွဲ့ဝင်ဖြစ်ရန် ချဉ်းကပ်မှုများလည်း ရှိသည်။

ကျောက်ညီလိုင်ကို 'မြန်မာပြည် အမျိုးသားသွေးစည်းရေးပါတီ' (BNUP) ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်ခဲ့ကြပြီး ပေါက်ယိုချန်းမှာ 'မြန်မာပြည် အမျိုးသား သွေးစည်းရေးတပ်မတော်' (BNUA) ၏ ဦးစီးချုပ် ဖြစ်လာသည်။ သူတို့နှစ်ယောက်မှာ ၁၉၈၅ က ကျင်းပခဲ့သော တတိယကွန်ဂရက်တွင် ရွေးချယ်ခံခဲ့ရသည့် CPB ၏ အရန်ဗဟိုကော်မတီဝင်များ ဖြစ်ပါသည်။ အခြားအရေးကြီးသော BNUP အဖွဲ့ဝင်များမှာ ဇော်မိုင်၊ လီကျစ်ရှုနှင့် ကျော်ထင်တို့ ဖြစ်သည်။ ဇော်မိုင်မှာ ကွေ့ကျိုး

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ဟောင်း ကချင်အမျိုးသား ဖြစ်သည်။ လီကျစ်ရှုမှာ ၁၉၆၀ ပြည့်လွန်နှစ်များက CPB နှင့် ဆက်သွယ်ခဲ့ကြသည့် တရုတ်အပျော်တမ်းတပ်ဖွဲ့များထဲမှ တရုတ်ပြည်မပြန်ဘဲ မြန်မာပြည်တွင် ကျန်ရစ်ခဲ့သူတစ်ဦး ဖြစ်သည်။ ကျော်ထင်မှာ ယခင် CPB တပ်မတော်တွင် တပ်ရင်းမှူးအဖြစ် တာဝန်ယူခဲ့သူ ရှမ်းအမျိုးသား ဖြစ်ပါသည်။ ၁၉၇၀ ပြည့်လွန်နှစ်များက CPB နှင့် ဆက်သွယ်တော်ခိုခဲ့ကြသော ပညာတတ်အနည်းငယ်လည်း ဤအဖွဲ့တွင် ပါဝင်ခဲ့ကြသည်။

BNUP / BNUA မှာ ယခင် CPB တပ်ဖွဲ့ဟောင်းများအနက် စွမ်းဆောင်ရည် အမြင့်ဆုံးတပ် ဖြစ်လာခဲ့သည်။ ၁၉၈၉ နိုဝင်ဘာလ ၃ ရက်နေ့တွင် ထိုင်းနယ်စပ် တစ်လျှောက်ရှိ ကွန်မြူနစ်မဟုတ်သော ဝ တပ်ဖွဲ့များနှင့်ပေါင်းပြီး 'ညီညွတ်သော ဝ ပြည်နယ်ပါတီ/ တပ်မတော်' (UWSP / UWSA) အဖြစ် ဖွဲ့စည်းခဲ့သည်။ သို့တစေ ခေါင်းဆောင်မှုကား အပြောင်းအလဲမရှိ ယခင်အတိုင်းပင် ဖြစ်သည်။

## ပြည်ထောင်စုမြန်မာနိုင်ငံ ရှမ်းပြည်နယ်အရှေ့ပိုင်း အမျိုးသားဒီမိုကရေစီ တပ်မတော်

၁၉၈၉ ခုနှစ်က ယခင် ၈၁၅ စစ်ဒေသ(မဲခေါင်ဒေသ) တွင်၊ တရုတ် အပျော်တမ်း တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ လင်မိန်ရှန် ဦးဆောင်ဖွဲ့စည်းခဲ့သော တပ်ဖွဲ့ဖြစ်သည်။ (တရုတ် အပျော်တမ်းတပ်ဖွဲ့ဝင် အများစုမှာ ၁၉၇၀ ပြည့်လွန်နှစ်များကပင် တရုတ်ပြည်မှ ပြန်ခေါ်၍ ပြည်တော်ပြန်သွားကြပြီဖြစ်သည်။ လင်မှာ မြန်မာပြည်တွင် ကျန်ရစ်ခဲ့သော အနည်းငယ်ထဲမှ တစ်ယောက်ဖြစ်သည်။) သူ့တပ်ဖွဲ့မှာ စစ်မင်းတပ် ဖြစ်လာခဲ့ပါ သည်။ တရုတ်ပြည်သို့ ကျွန်းသစ်မှောင်ခိုပို့ခြင်း၊ ထိုင်းနယ်စပ်တွင် ဘိန်းကုန်ကူးခြင်း ဖြင့် ရပ်တည်လျက်ရှိသည်။ လင်မိန်ရှန်မှာ ဖုန်ကျားရှင်းသမီးနှင့် အိမ်ထောင်ကျပြီး မကြာခင်မှာပင် ကိုးကန့်အဖွဲ့နှင့် ဆက်သွယ်ခဲ့သည်။

## နွမ်ဆက်ဟန် (Noom Suk Harn)

၁၉၈၉ မေ ၁၅ ရက်တွင်၊ ရှမ်းလူမျိုးများ လွှမ်းမိုးထားသော ယခင်တပ်မဟာ ၇၆၈ က လွတ်လပ်ရေးကြေညာခဲ့ပြီး ဤအမည်ကို ယူခဲ့သည်။ အဓိပ္ပာယ်မှာ 'ရဲရင့် သော လူငယ်စစ်သည်တော်များ' ဟု ဆိုပါသည်။ ၁၉၅၀ ပြည့်လွန်နှစ်များက ပေါ် ထွက်ခဲ့သော ပထမဆုံး ရှမ်းသူပုန်အဖွဲ့၏အမည်ကို ပြန်ယူထားခြင်းဖြစ်သည်။ ဤ အဖွဲ့၏ နိုင်ငံရေးခေါင်းဆောင်မှာ ခွန်မြင့်ဖြစ်ပြီး၊ တပ်ကိုမူ ယခင်တပ်မဟာ ၇၆၈ တပ်မှူးဟောင်း ရှမ်းအမျိုးသား စိုင်းနွမ်ပန်နှင့် မြန်မာပြည်ထဲ ကျန်ရစ်ခဲ့သော နောက် ထပ် တရုတ်အပျော်တမ်းတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ ကျန်းကျီမိန်တို့က ဦးဆောင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်တိုင် ဖွဲ့စည်းပြီး မကြာခင်မှာပင် ဒေသတွင်းတိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး စိုင်းနွမ်ပန်၏ လက်ထောက်ဟောင်း ဝေလ–ရှမ်းသူပုန် တပ်မှူးတစ်ဦးဖြစ်သူ စောခွန်ဆာခေါ် မိုက်ကယ်ဒေးဗစ်မှာ ၁၉၈၉ မေလအတွင်းမှာပင် လုပ်ကြံသတ်ဖြတ်ခံလိုက်ရသည်။ ထိုသည်၏နောက် လအနည်းငယ်အကြာတွင် သက်တမ်းအားဖြင့် ဘာမှမကြာသေးသော နွမ်ဆက်ဟန်အဖွဲ့ကို ယခင် ၈၁၅ စစ်ဒေသမှ လင်မိန်ရှန်၏တပ်ဖွဲ့များက လွှဲပြောင်းယူလိုက်ပါသည်။

---

ဆိုခဲ့ပါ ယခင်မဖြစ်ခဲ့ဖူးသည့် ဖြစ်ထွန်းမှုများနှင့်ပတ်သက်သော၊ မြန်မာတပ်မတော်အစိုးရ၏ ကနဦးတုံ့ပြန်မှုများမှာ ရှုပ်ရှုပ်ထွေးထွေးနိုင်သလို ခုတစ်မျိုး၊ တော်ကြာတစ်မျိုး အပြောင်းအလဲလည်း မြန်လှသည်။ ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၁၈ ရက်တွင် တပ်မတော်အနေနှင့် ၎င်း၏ အခိုင်အမာအာဏာစက်ကို အင်အားသုံး ပြသခဲ့ပြီးနောက် ၎င်း၏လုပ်ရပ်များ တရားကြောင်း သက်သေပြနိုင်ရန် ထုံးစံအတိုင်း 'ဗကပ ခြိမ်းခြောက်မှု' ဆိုသည်ကို ကြိုးစားဖော်ထုတ်ခဲ့သည်။ ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နှင့် ၁၃ ရက်နေ့ထုတ် အစိုးရအာဘော်သတင်းစာ 'လုပ်သားပြည်သူ့နေ့စဉ်' တွင် ထူးထူးခြားခြား စိတ်ကူးကောင်းသည့် ဆောင်းပါးတစ်ပုဒ် ပါလာသည်။ ဆောင်းပါးခေါင်းစဉ်မှာ 'ဒီမိုကရေစီကြွေးကြော်သံများကြားမှ ဗကပ ပဥ္စမ်တပ်သားများ' ဟူ၏။ (အစိုးရက **CPB** ကို ဗကပ ဟု အမြဲသုံးသည်။)

၎င်းဆောင်းပါးတွင် ယခုလို ရေးထားသည်။ "ကျောင်းသားများ အင်အားစုတစ်ရပ်အဖြစ် စုစည်းလာသည်နှင့် ဗကပ အမာခံကျောင်းသားများမှာ ခေါင်းဆောင်မှုနေရာများကို ရယူလိုက်ကြပါသည်။ သာမန်မကျေနပ်စိတ်သာရှိကြသော ရိုးရိုးကျောင်းသားများအနေနှင့် ဗကပ ကလာပ်စည်းဝင် ကျောင်းသားများ၏ စစ်သွေးကြွလှုပ်ရှားမှုများကို မည်သို့မျှ ယှဉ်နိုင်ကြသည် မဟုတ်ပါ။ အဆိုပါ ဗကပ ကျောင်းသားများမှာ ယခုလို အရေးအခင်းမျိုးတွင် သွေးထိုးလှုံ့ဆော်ရန်၊ အကြမ်းဖက်လှုပ်ရှားရန်အတွက် အထူးလေ့ကျင့်ပြင်ဆင်ထားသူများ ဖြစ်ကြသည်။ ၎င်းဆောင်းပါးမှာ ကျွန်တော်စိတ်ထင်ရာ လုပ်ကြံဖန်တီးရေးသားထားခြင်း မဟုတ်သည်ကို ယုံကြည်ကြစေလိုသည်။ မြေအောက်ဗကပ အမာခံကေဒါ ဘယ်လောက်များများ မြေပေါ်တွင် စိမ့်ဝင်နေသည်ကို ကျွန်တော်ကိုယ်တိုင် ခိုင်ခိုင်မာမာ သိထားသည်များ ရှိပါသည်. . ." စသဖြင့်။

ဆောင်းပါး၏ ကျန်စာသားများမှာကား ထုံးစံအတိုင်း အာပေါင်အာရင်းသန်သန်ဖြင့် ရေးထားသော အထောက်အထား ခိုင်ခိုင်မာမာ မရှိလှသည့် ကိုးရိုးကားရားစွပ်စွဲချက်တွေသာ များပါသည်။ သို့တစေ ဆိုခဲ့ပါအတိုင်း အတုံးလိုက်၊ အတစ်လိုက် ဝါဒဖြန့်ချိရေးသက်သက် ဖြစ်သည့်တိုင် 'ကွန်မြူနစ် ခြိမ်းခြောက်မှု' ဆိုသော ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



မှာ မြန်မာ့တပ်မတော်အတွက်သာမက ရန်ကုန်မြို့ရှိ ပုဂ္ဂိုလ်အချို့အတွက်ပါ ပုံကြီးချဲ့စရာ နိုင်ငံရေးကစားကွက် ဖြစ်လာခဲ့သည်။ ဤပုဂ္ဂိုလ်များမှာ ယမန်နှစ်က ဖြစ်ပွားခဲ့သော ဒီမိုကရေစီလှုပ်ရှားမှုကြီးတွင် လက်ဦးအစကတည်းက အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသူများလည်း ဖြစ်သည်။ သူတို့ထဲမှ ထင်ရှားသူနှစ်ဦးမှာ ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးနှင့် အေပီသတင်းဌာန၏ ဌာနေသတင်းထောက် ဂါးဒီးယန်း ဦးစိန်ဝင်းတို့ ဖြစ်ပါသည်။

အဆိုပါပြဿနာကို အကြောင်းပြုပြီး ၁၉၈၈ ဒီဇင်ဘာတွင် အကြီးဆုံး အတိုက်အခံပါတီကြီးအတွင်း အရေးကြီးသော သဘောထားကွဲလွဲမှုတစ်ခု ပေါ်ထွက်လာလေတော့သည်။ ဦးအောင်ကြီးက ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီးဟောင်း တင်ဦးက ဒုတိယဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည်က အထွေထွေအတွင်းရေးမှူး တာဝန်ယူထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အတွင်း အကွဲအပြဲ ဖြစ်ပါသည်။ ဦးအောင်ကြီးက NLD ထိပ်ပိုင်းခေါင်းဆောင်များထဲမှ ကွန်မြူနစ်ဟု သူ စွပ်စွဲထားသူရှစ်ဦး၏ အမည်စာရင်းကို တင်ပြလိုက်သည်။ ဦးကိုယု၊ ဒေါ်မြင့်မြင့်ခင်၊ ဦးမိုးသူ၊ ဦးဝင်းတင်၊ ဦးတင်ရွှေ၊ ဦးထွန်းတင်၊ ဦးအောင်လွင်နှင့် ဦးချမ်းအေးတို့ ဖြစ်သည်။ ဤတွင် ဦးအောင်ကြီးအနေနှင့် သူ့စွပ်စွဲချက်အတွက် ခိုင်ခိုင်လုံလုံ အထောက်အထားမပြနိုင်လျှင် ရာထူးမှ နုတ်ထွက်ပေးရမည်ဟု တစ်ဖက်မှ တောင်းဆိုလာကြသည်။ သည်လိုနှင့် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဦးအောင်ကြီးနှင့် အပေါင်းအပါ ၁၂ ဦး NLD မှ နုတ်ထွက်ခဲ့ကြရသည်။ ဦးအောင်ကြီးအုပ်စု၏ နောက်ထပ်စွပ်စွဲချက်တစ်ခုမှာ ယခင် CPB ဗဟိုကော်မတီဟောင်းတစ်ဦးဖြစ်သူ အသက် ၇၀ ကျော်အရွယ်ရှိ သခင်တင်မြသည်လည်း NLD အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်တွင် လျှို့ဝှက်ရုံးဖွင့်ပြီး သူမ၏ အဓိကအကြံပေးအဖြစ် လှုပ်ရှားနေသည်ဟု ဆိုပါသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး အခြားသော လေ့လာသုံးသပ်သူများကမူ ၁၉၈၈ လူထုအုံကြွမှုတွင် သခင်တင်မြ ပါဝင်ခဲ့သည့် အခန်းကဏ္ဍမှာ စိတ်ဓာတ်ရေးရာအရ ထောက်ခံရုံသက်သက်မျှသာ ဖြစ်ပါသည်ဟု ထောက်ပြကြသည်။ NLD ခေါင်းဆောင်စုထဲမှ ကွန်မြူနစ်အဖြစ် စွပ်စွဲခံရသူရှစ်ဦးထဲမှ နှစ်ဦးသာလျှင် အဆင့်တစ်ခုတွင် ကွန်မြူနစ်အဖွဲ့အစည်းများနှင့် အပတ်အသက်ရှိကြသည်ဟုလည်း ဆိုပါသည်။ ဦးကိုယုမှာ ၁၉၆၀ ပြည့်လောက်အထိ သခင်စိုး၏ အလံနီပါတီနှင့် အဆက်အသွယ်ရှိခဲ့သည်။ ဦးချမ်းအေးမှာလည်း ၁၉၄၈ မှ သူ အဖမ်းခံခဲ့ရသည့် ၁၉၅၇ အထိသာ မြေအောက်ကွန်မြူနစ်ပါတီ CPB တွင် လှုပ်ရှားခဲ့သည်။ နှစ်ဦးလုံးမှာ မြေပေါ်ရောက်ပြီးနောက်ပိုင်း ကွန်မြူနစ်ဝါဒကို ဝေဖန်ရှုတ်ချခဲ့သူများလည်း ဖြစ်ပါသည်။ စွပ်စွဲခံရသူများထဲမှ ကျန်

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ယောက်မှာ ရှေ့နေများ၊ စာရေးဆရာများနှင့် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးသာ ဖြစ်သည်။ သူတို့တစ်တွေမှာ CPB သို့မဟုတ် အလားတူ အဖွဲ့အစည်းများတွင် ဘယ်တုန်းကမှ တက်တက်ကြွကြွ ပါဝင်ခဲ့သူများ မဟုတ်ပါချေ။

သို့နှင့်တိုင် ဤပြဿနာမှာ မြန်မာနိုင်ငံ၏ဒီမိုကရေစီလှုပ်ရှားမှုအတွင်း ဆက်လက်သံသယပွားစေခဲ့သည်မှာကား အမှန်ပင် ဖြစ်သည်။ အတိုက်အခံအင်အားစုကို အယုံအကြည်ကင်းမဲ့စေရန် ရည်ရွယ်ကြောင်း ထင်ရှားပါသည်။ တပ်မတော်အတွက်လည်း ၁၉၈၈ စက်တင်ဘာလ ၁၈ ရက် အာဏာသိမ်းစဉ်က အင်အားသုံးခဲ့ရသည်မှာ ခိုင်မာသော အကြောင်းအချက်ရှိကြောင်း သာဓကပြနိုင်သည့် ဆင်ခြေတစ်ခု ဖြစ်လာခဲ့ပါသည်။

တပ်မတော်၏ ပေါ်လစီကို ထောက်ခံကြသူများကမူ "တောထဲရှိ မြေအောက်လက်နက်ကိုင်အဖွဲ့အစည်း CPB နှင့် မြို့ပေါ်ရှိ လျှို့ဝှက်ကလာပ်စည်းများ၊ တက်ကြွလှုပ်ရှားသူများက အတိုက်အခံလှုပ်ရှားမှုများကို နောက်ကွယ်မှ ကြိုးကိုင်နေကြသည်" ဟု အခိုင်အမာဆိုကြသည်။ သို့တစေ ဤအပြောအဆိုများမှာ သမိုင်းအချက်အလက်များနှင့်ကား ဆန့်ကျင်ဘက်ဟု ဆိုရမည်သာ ဖြစ်ပါသည်။ အမှန်စင်စစ် 'ကျေးလက်အခြေခံမြို့ဝိုင်း'ဆိုသော မော်စီတုန်းပေါ်လစီကို လက်ခံအတည်ပြုခဲ့သော ၁၉၅၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းလောက်ကတည်းက CPB ၏ သြဇာမှာ မြို့ပြဒေသတွင် လျော့ပါးကျဆင်းနေခဲ့ပြီး ဖြစ်သည်။ ထိုသည်၏နောက် မြို့ပြလှုပ်ရှားမှုများအတွင်း CPB ၏ လက်ကျန်သြဇာမှာလည်း ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ထွက်ပေါ်ခဲ့သော 'ဖြုတ်–ထုတ်–သတ်' အပုပ်ချပွဲများကြောင့် မကျန်သလောက်ပင် ပျောက်ကွယ်သွားခဲ့ပြီး ဖြစ်သည်။

ပြောရလျှင် ရန်ကုန်တွင်ရှိနေသော လက်ဝဲပါတီအဟောင်း၊ အသစ်များမှာ အစဉ်အလာနှင့် နိုင်ငံရေးနောက်ခံချင်း လုံးဝ တူညီကြသည်မဟုတ်ပါချေ။ သူတို့တစ်တွေမှာ ၁၉၆၂ တပ်မတော်အာဏာမသိမ်းမီက ရှိခဲ့ကြသော ဥပဒေဘောင်အတွင်းမှ လက်ဝဲပါတီများ၊ အလုပ်သမားသမဂ္ဂများနှင့် ဆက်နွယ်နေသော အတိုက်အခံများသာ ဖြစ်သည်။ ၁၉၅၇–၁၉၅၈ ကာလများလောက်က ဥပဒေဘောင်တွင်း ရောက်ရှိလာကြသော CPB လူဟောင်းအချို့လည်း ရှိသည်။ ယခင် မြေပေါ်လက်ဝဲအနွယ်များထဲမှဆိုလျှင် အဓိကအားဖြင့် 'ဆိုရှယ်နီပါတီ' (BWPP)နှင့် ၎င်းတို့ ဦးဆောင်ပါဝင်သော 'ပမညတ' (NUF)တို့ ရှိသည်။ 'အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ် (ဗမာနိုင်ငံ) (TUC[B]) နှင့် 'ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး' (ABPO) တို့လည်း ရှိသည်။

ယခင် ဆိုရှယ်နီနှင့် ပမညတကေဒါဟောင်းများမှာ ၁၉၆၂ မှစ၍ တကွဲတပြားဖြစ်သွားခဲ့သည်။ ပမညတခေါင်းဆောင် ဦးဘငြိမ်မှာ ယခင် CPB ခေါင်းဆောင်ဟောင်း

www.burmeseclassic.com

www.burmeseclassic.com



(ဦး) သိန်းဖေ(မြင့်)လိုပင် တပ်မတော်အစိုးရ၏ အကြံပေး ဖြစ်သွားခဲ့သည်။ ဆိုရှယ်နီ ဟောင်း တော်တော်များများမှာလည်း အာဏာရ 'မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ' သို့ ဘက်ပြောင်းသွားခဲ့ကြသည်။

၁၉၈၈ အာဏာသိမ်းပြီးနောက်တွင်ကား ယခင် မြေပေါ်လက်ဝဲအနွယ်များ မှာ ပုံစံသစ်များဖြင့် စုစည်းလာကြပြီး ပါတီသစ်များ ဖွဲ့စည်းလာခဲ့ကြသည်။ သခင် ချစ်မောင် (ဝိဓူရ) ဦးဆောင်သော 'အမျိုးသား ပြန်လည်တည်ဆောက်ရေး ဒီမိုကရက် တစ်တပ်ဦး'နှင့် သခင်လွင် ဦးဆောင်သော 'ပြည်သူ့ဒီမိုကရေစီပါတီ' စသည့်တို့ ဖြစ်သည်။ ယခင် ဆိုရှယ်နီပါတီမှ ဖြာထွက်လာသော ပါတီသစ်များ ဖြစ်ပါသည်။ အလံနီခေါင်းဆောင်ဟောင်း သခင်စိုး (၁၉၈၉ မေလတွင် ကွယ်လွန်) CPB မှ သခင်တင်မြ၊ ဗိုလ်ရဲထွဋ်၊ ရဲဘော်ချမ်းအေးနှင့် တော်တော်များများမှာ သူတို့ သက်ဆိုင် ရာ ပါတီများနှင့် အပြီးအပြတ် လမ်းခွဲခဲ့ကြပြီးပြီဟု ယူဆရပါသည်။ ၁၉၈၆ ဒီဇင်ဘာ မှ ၁၉၈၇ မတ်လအတွင်း ပန်ဆန်းတွင် CPB ခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်း ခွင့်ရခဲ့ရာ သူတို့တစ်တွေက ဆိုခဲ့ပါ လူဟောင်းများနှင့်ပတ်သက်လျှင် 'တော်လှန်ရေး ကို ကျောခိုင်းသွားသော သစ္စာဖောက် အချောင်သမားများအဖြစ် တင်းတင်းမာမာ သဘောထားကြသည်ကိုသာ တွေ့ရပါသည်။

သို့ဖြစ်လင့်ကစား တပ်မတော်အစိုးရအနေနှင့်မူ 'ကွန်မြူနစ်တစ္ဆေ' ဆိုသော ဂါထာမန္တန်ကိုသာ အထပ်ထပ်အခါခါ ရွတ်ဖတ်သရဇ္ဈာယ်နေခဲ့သည်။ သို့အတွက်ကြောင့် ပင် ၁၉၈၉ ကွန်မြူနစ် တပ်တွင်းပုန်ကန်မှုအပြီး ပေါ်ထွက်လာသော အခြေအနေသစ် များကို နိုင်နိုင်နင်းနင်း မကိုင်တွယ်နိုင်ဖြစ်လာသည်။ ၁၉၈၉ ခုနှစ် မတ်လ ၁၂ ရက် နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အစိုးရ ပြော ရေးဆိုခွင့်ရှိသူတစ်ဦးက ယခုလို ပြောကြားသွားခဲ့သည်။ "ဗကပပါတီအတွင်းမှာ အကွဲ အပြဲတွေ ရှိလာပါတယ်။ ကိုးကန့်အဖွဲ့နဲ့ ဝ အဖွဲ့ဟာ ပင်မ ဗကပ က ခွဲထွက်သွားကြ ပြီလို့ ကျွန်တော်တို့ သတင်းရထားတယ်။ ဒီအကွဲအပြဲကြောင့် ဗကပဟာ မြေအောက် သောင်းကျန်းသူ အဖွဲ့အစည်းတစ်ရပ်အနေနဲ့ အသေအချာ အားနည်းသွားပါလိမ့်မယ်။ ဒါပေမဲ့ မြို့ပြဒေသ အဖျက်အမှောင့်လုပ်ငန်းတွေမှာ ပို အာရုံစိုက်လာဖို့ ရှိနိုင်တယ်။ ကျွန်တော်တို့ သတင်းရသလောက်ဆိုရင် မြို့တော်တော်များများမှာ ဗကပအနွယ်တွေ ရှိနေတယ်။ ဗကပအနေနဲ့ အတိုင်းအတာတစ်ရပ်အထိ အန္တရာယ်ပေးနိုင်တဲ့ အနေအထား မှာ ရှိနေဆဲပါ"။

ဤအချိန်တွင် မုံးကိုးနှင့် ပန်ဆန်းမှ မောင်းထုတ်ခံလိုက်ရသော CPB ခေါင်းဆောင်များနှင့် ကေဒါများ (စုစုပေါင်း လူ ၃၀၀ ခန့်ရှိ) မှာ တရုတ်ပြည်သို့က်

www.burmeseclassic.com

www.burmeseclassic.com



သို့ ခြေလွတ်လက်လွတ် ထွက်ပြေးခဲ့ရပြီး ရပ်တည်စရာနေရာပင်မရှိ၊ အခက်ကြုံနေကြရသည်။ တရုတ်အစိုးရက သူတို့ကို ယူနန်ပြည်နယ်ထဲရှိ နယ်စပ်မြို့လေးနှစ်မြို့ဖြစ်သော မန်းဟိုင်းနှင့် မုန့်လျှင်မြို့များတွင် ပထမဆုံး နေရာချထားပေးသည်။ လွတ်လွတ်လပ်လပ်ကား မဟုတ်။ အကျယ်ချုပ်သဘောပင် ဖြစ်သည်။ ဤအခြေအနေမျိုးတွင် အစိုးရသတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့သလို ရန်ကုန် သို့မဟုတ် မြန်မာနိုင်ငံရှိ မည်သည့်နေရာတွင်မှ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ဖို့ ဖြစ်နိုင်လိမ့်မည် မဟုတ်ပါချေ။

ဧပြီလ ၁၇ ရက်နေ့ နန်းကျလာသော CPB ခေါင်းဆောင်ကြီးများ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာကြသောအခါ တရုတ်တို့အတွက်လည်း ဘေးကျပ်နံကျပ်အခြေအနေတစ်ခုနှင့် ရင်ဆိုင်ခဲ့ရသည်။ ၁၉၇၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းကတည်းက ပေကျင်း၏ပေါ်လစီမှာ CPB ကို ဘက်ပေါင်းစုံ ထောက်ပံ့ကူညီးရေးမှသည် တရုတ်–မြန်မာနယ်စပ်ဒေသကို ထိန်းချုပ်နိုင်မည့် မည်သည့်အင်အားစုနှင့်မဆို စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးသို့ တဖြည်းဖြည်း ပြောင်းလဲကျင့်သုံးဖို့ ဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာပင် ရန်ကုန်ရှိ မြန်မာအစိုးရနှင့် တရားဝင်ဆက်ဆံရေး တိုးတက်မြှင့်တင်ဖို့ကိုလည်း အာရုံထားဖို့က ရှိနေသည်။

စစချင်းတော့ CPB ခေါင်းဆောင်စုတစ်ခုလုံးနှင့် မိသားစုများကို ပန်ဆန်းနှင့် မျက်နှာချင်းဆိုင် ယူနန်ပြည်နယ်ဘက်ခြမ်းရှိ မုန့်လျှင်နယ်စပ်မြို့လေးတွင် ထိန်းသိမ်းထားခဲ့သည်။ မြောက်ပိုင်းဇုန်ရှိဌာနချုပ်မှ ထွက်ပြေးလာသူများကိုမူ မုံးကိုးချိုင့်ဝှမ်းမြစ်တစ်ဖက်ကမ်းရှိ မန်းဟိုင်းမြို့လေးတွင် ယာယီခိုလှုံခွင့်ပေးထားခဲ့သည်။ သို့နှင့်တိုင် ပေကျင်းနှင့် ရန်ကုန်ရှိ စစ်အစိုးရကြား ဆက်ဆံရေးကောင်းမွန်စေရေး အမြင်ဘက်မှ ကြည့်လိုက်လျှင်မူ CPB ခေါင်းဆောင်ဟောင်းကြီးများ ယူနန်နယ်ထဲရှိနေသည်မှာ တရုတ်အာဏာပိုင်များအတွက် မျက်နှာပျက်စရာလို ဖြစ်နေသည်။

သို့ဖြင့် တရုတ်ပြည်ကပင် တပ်တွင်းပုန်ကန်မှုခေါင်းဆောင်များကို ချဉ်းကပ်ပြီး သူတို့၏ ယခင်ခေါင်းဆောင်များကို ပြန်ခွင့်ပေးကာ မြန်မာပြည်ဘက်ခြမ်းတွင် နေခွင့်ပေးပါရန် ဖျောင်းဖျကြည့်ခဲ့သည်။ သို့တစေ ပန်ဆန်းရှိ ကွန်မြူနစ်မဟုတ်သော ခေါင်းဆောင်များက တရုတ်တို့၏ အဆိုပြုချက်ကို ပယ်ချလိုက်သည်။ ဤကိစ္စဖြေရှင်းရန် တခြားတစ်နေရာရှာပါဟူ၍ပင် သူတို့က ပြန်တိုက်တွန်းလိုက်သေးသည်။ သည်လိုနှင့် တရုတ်အာဏာပိုင်များအတွက် ဘုံပျောက်နေသော CPB ခေါင်းဆောင်ကြီးများမှာ ဗြဟ္မာကြီးဦးခေါင်းလို ဖြစ်နေရတော့သည်။

နောက်ဆုံး ဇွန်လ ၂၂ ရက်သို့ ရောက်သောအခါ သခင်ဗသိန်းတင်၊ ရဲဘော်ခင်မောင်ကြီး၊ ဗိုလ်မျိုးမြင့်၊ ဗိုလ်ကြင်မောင်၊ ရဲဘော်တင်ရီနှင့် ဗိုလ်မှူးချုပ်ဟောင်း

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇော့အပါအဝင် တရုတ်ပြည်ရောက် CPB ခေါင်းဆောင်ဟောင်းများကို တရုတ်တပ်မတော် မော်တော်ယာဉ်ဖြင့်တင်ကာ ယူနန်ပြည်နယ်မှ ယခင် ၁၀၁ စစ်ဒေသ၊ ကမ်ပိုက်တီးတောင်ကြားသို့ ပို့လိုက်ကြသည်။ ဤနယ်မြေရှိ ဒေသခံတပ်များမှာ တပ်တွင်းပုန်ကန်မှု စတင်စဉ်ကပင် KIA နှင့် လက်တွဲလိုက်ကြပြီ ဖြစ်သည်။ ကချင်လက်နက်ကိုင်များအနေနှင့်လည်း CPB ခေါင်းဆောင်ဟောင်းများကို သူတို့ဒေသတွင် လက်ခံလိုက်ရသည်မှာ တရုတ်ပြည်၏ ဖိအားကြောင့်ပင် ဖြစ်သည်။ သို့တစေ အဆိုပါ CPB ခေါင်းဆောင်များကို မည်သည့်နိုင်ငံရေးလှုပ်ရှားမှုတွင်မှ မပါရဟူ၍ကား တင်းတင်းကျပ်ကျပ် တားမြစ်ထားခဲ့သည်။

သို့နှင့်တိုင် အစိုးရ၏ ဝါဒဖြန့်ချိရေး စကားလုံးများထဲတွင်ကား CPB မှာ အခိုင်အမာရှိနေဆဲပင် ဖြစ်သည်။ တောထဲတွင် ကွန်မြူနစ်လက်နက်ကိုင်တပ် ရှိသည်။ မြို့ပေါ်တွင် ကွန်မြူနစ်လျှို့ဝှက်ကလာပ်စည်းတွေ ရှိသည် စသဖြင့်. . .။ တကယ်တော့ CPB မှာ တောထဲတွင်ရော၊ မြို့ပေါ်တွင်ပါ ပြိုကွဲသွားခဲ့ပြီ ဖြစ်ပါသည်။ အစိုးရအနေနှင့်ကား ဤအမှန်တရားကို ဝန်မခံလို။ မိမိအာဏာတည်မြဲရေး၊ တစ်နည်း ငြိမ်ဝပ်ပိပြားရေးအတွက် ကွန်မြူနစ်တစ္ဆေကို ပွဲထုတ်နေရဆဲရှိသည်။ အစိုးရဘက်မှ တီထွင်ဖန်တီးလိုက်သော 'လျှို့ဝှက်လုပ်ကြံရေးသီအိုရီ' ဟု ဆိုရပါလိမ့်မည်။

အဆိုပါ 'လျှို့ဝှက်လုပ်ကြံရေးသီအိုရီ' ဆိုသည်၏ အစွန်းအရောက်ဆုံး သရုပ်သကန်ကို ၁၉၈၉ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် လူသိရှင်ကြား ထုတ်ဖော်ပြောကြားလိုက်ပါသည်။ တပ်မတော်ထောက်လှမ်းရေး အကြီးအကဲ ဗိုလ်ချုပ်ခင်ညွန့်က ခြောက်နာရီကြာ မာရသွန်မိန့်ခွန်းရှည်ကြီးဖြင့် 'ဗကပတို့၏အစိုးရ မတည်မငြိမ်ဖြစ်စေရန် လုပ်ကြံမှုများ' ဆိုသည်ကို စွပ်စွဲဖွင့်ချသွားခဲ့သည်။ နောက်ပိုင်းတွင် ဤမိန့်ခွန်းကိုပင် စာအုပ်ထုတ်ဝေပြီး ပြည်တွင်းပြည်ပ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိခဲ့သည်။ ဗိုလ်ချုပ်ခင်ညွန့်၏ မိန့်ခွန်းတွင် စိတ်ဝင်စားဖွယ်ရာ အသေးစိတ်ဇာတ်ကွက်လေးတစ်ကွက်တော့ ပါသည်။ ရန်ကုန်ဆင်ခြေဖုံး၊ ကုက္ကိုင်းရပ်ကွက်ရှိ ကိုလာကိုလာ ဆိုင်လေးတစ်ဆိုင်မှ ကွန်မြူနစ်အမာခံ စည်းရုံးရေးသမားများ၏ လျှို့ဝှက်အစည်းအဝေး။ သို့တစေ ဗိုလ်ချုပ်ခင်ညွန့်နှင့် သူ့မိန့်ခွန်းပါ စွပ်စွဲချက်များအတွက် ခိုင်လုံသော သက်သေအထောက်အထားများကိုကား ဟုတ်ဟုတ်ညားညား မပြသနိုင်ခဲ့ပါချေ။

သူ စွပ်စွဲလိုက်သော ရန်ကုန်ရှိ အတိုက်အခံအင်အားစုများနှင့် CPB ၏ အဆက်အသွယ်ဆိုသည်နှင့် ပတ်သက်သော သာဓကဆို၍ 'စာနှစ်စောင်' သာ ရှိပါသည်။ CPB မှ ဒေါ်အောင်ဆန်းစုကြည်နှင့် သူ့မမိခင် ဒေါ်ခင်ကြည်တို့ထံ ပေးပို့ခဲ့သော စာနှစ်စောင်ဟု ဆိုပါသည်။ (ဒေါ်ခင်ကြည်မှာ ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်ကပင်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်ခဲ့ပြီး ဖြစ်သည်။) ပထမစာမှာ မီးရှို့ပစ်လိုက်ပြီဟု ဗိုလ်ချုပ်ခင်ညွန့်က ပြောသည်။ ဒုတိယစာမှာလည်း ဒေါ်အောင်ဆန်းစုကြည်ဆီ ရောက်၊ မရောက် မသေချာဟု သူက ဆိုသည်။

အစိုးရဘက်မှ ဝန်မခံလိုသည့်တိုင်၊ လက်တွေ့ကျကျဆိုရလျှင် ၁၉၈၈ အရေးတော်ပုံမှာ CPB အပါအဝင် မည်သည့်အင်အားစု၏ လုပ်ကြံမှုမှ မဟုတ်ပါ။ အရည်အချင်းမပြည့်မီသော၊ ဖိနှိပ်သော အစိုးရအပေါ် မကျေနပ်ရာမှ ပေါက်ကွဲပေါ်ထွက်လာသော လူထုအုံကြွမှုကြီးသာ ဖြစ်ပါသည်။ CPB အပါအဝင် နိုင်ငံရေးအင်အားစုများ၏ ပယောဂမှာ လွန်ရောကျွံရော၊ မူလကတည်းက ရှိပြီးသား အစိုးရနှင့် လူထုကြား တင်းမာမှုကို ပိုမိုဆိုးဝါးစေရန်လောက်သာ ရှိပါလိမ့်မည်။

သို့တိုင်အောင် ဗိုလ်ချုပ်ခင်ညွန့်၏ မိန့်ခွန်းရှည်ကြီးတွင် လူတော်တော်များများကို အံ့အားတသင့် ဖြစ်စေခဲ့သည့် အသေးစိတ်ဖော်ပြချက်အချို့တော့ ပါသည်။ 'ဗကပတို့၏ နိုင်ငံတော်အာဏာသိမ်းပိုက်ရန် စီမံချက်' ဟု သူက ဆိုသည်။ ဤစီမံချက်အရ အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည်ရှိ မြေအောက်ကလာပ်စည်းများ၏ လှုပ်ရှားမှုများကို ညှိနှိုင်းဆောင်ရွက်နိုင်ရန် '၄၈၂၈ ဒေသပါတီကော်မတီ' ဆိုသည်ကို ဖွဲ့စည်းခဲ့သည်ဟု ဆိုပါသည်။ (၄၈၂၈ ဆိုသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်တော်လှန်ရေး စတင်သော ၁၉၄၈ မတ်လ ၂၈ ရက်ကို ညွှန်းသည့်သင်္ကေတ ဖြစ်သည်။)

အသေးစိတ် လေ့လာစိစစ်မှုများအရဆိုလျှင်မူ အဆိုပါ ၄၈၂၈ ကော်မတီကို တောတွင်း CPB က ဖွဲ့စည်းခဲ့သည်မဟုတ်ပါ။ ဒီမိုကရေစီအုံကြွမှုကြီးကို အခွင့်ကောင်းယူပြီး မြန်မာနိုင်ငံတွင် ကွန်မြူနစ်ပါတီအသစ်တစ်ရပ် ထူထောင်ရန် ရည်ရွယ်ခဲ့ကြသော CPB ပါတီဝင်ဟောင်းအချို့၏ ကြိုးပမ်းချက်ဟု ဆိုပါသည်။ ဤအဖွဲ့၏ ခေါင်းဆောင်မှာ ယခင် CPB အမာခံဒေသ ဖိုးခေါင်တောင်တန်း (မကွေးတိုင်း) မှ နိုင်ငံရေးမှူးဟောင်း ဗိုလ်သက်ထွန်း ဟုဆိုသည်။ (ဗိုလ်သက်ထွန်းမှာ ၁၉၈၀ လွတ်ငြိမ်းချမ်းသာခွင့်ကာလက အလင်းဝင်ခဲ့သူ ဖြစ်သည်။) ၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များလောက်က ကိုကိုးကျွန်းတွင် အကျဉ်းကျခံခဲ့ရသော CPB အဖွဲ့ဝင်ဟောင်းအချို့လည်း ဤအဖွဲ့တွင် ပါသည်ဟု ဆိုသည်။ (ကိုကိုးကျွန်းမှာ ကိုလိုနီခေတ်က ပြစ်ဒဏ်ကျခံရသူများကိုထားရာ အက်ဒမန်ပင်လယ်ထဲမှ ကျွန်းတစ်ကျွန်းဖြစ်ပါသည်။)

အဆိုပါ လေ့လာတွေ့ရှိချက်အရဆိုလျှင် အစုငယ်လေးတစ်ခုမျှသာဖြစ်သော ၄၈၂၈ ကော်မတီမှာ တောတွင်း CPB နှင့် အဆက်အသွယ်ရှိဟန် မတူပါ။ သူတို့ရည်ရွယ်ချက်မှာလည်း သမိုင်းကွက်လပ်ဖြည့်ရုံထက် မပိုလှဟု ယူဆရပါသည်။ ၁၉၈၈

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ် စက်တင်ဘာလက ၄၈၂၈ ကော်မတီနှင့် အဆက်အသွယ်ရှိခဲ့သော မြန်မာကျောင်းသားများ၏ အပြောအရဆိုလျှင်လည်း အဖျားအနားမျှသာဖြစ်သော ဤအစုမှာ လူထုအုံကြွမှုကြီးတွင် ထဲထဲဝင်ဝင်မပါခဲ့ဟု သိရပါသည်။

အားနည်းသော ထောက်လှမ်းရေးအလုပ်ကြောင့် တကယ့်ဖြစ်ရပ်မှန်များကို သူကိုယ်တိုင် မသိသည်လော၊ သို့မဟုတ် တမင်ရှုပ်ထွေးအောင် ရည်ရွယ်ချက်ရှိရှိ ထုတ်ဖော်ပြောဆိုခဲ့သလော ဆိုသည်ကိုမူ ဗိုလ်ချုပ်ခင်ညွန့်ကိုယ်တိုင်မှ သိပါလိမ့်မည်။

၁၉၈၈ ခုနှစ် လူထုအုံကြွမှုအတွင်း CPB ၏လှုပ်ရှားမှုများနှင့် ပတ်သက်လျှင်သော်လည်းကောင်း၊ ၁၉၈၉ ခုနှစ် ကွန်မြူနစ်တပ်တွင်း ပုန်ကန်မှုနှင့် နောက်ဆက်တွဲဖြစ်ရပ်များနှင့် ပတ်သက်လျှင်သော်လည်းကောင်း၊ ပုံဖျက်ထားသည့် လက်တွေ့နှင့် ကင်းကွာသော ဝါဒဖြန့်ချိရေး အမြင်များနှင့်သာ လူထုကို အသိပေးခဲ့ကြသော်လည်း မြန်မာစစ်ဘက်အာဏာပိုင်များမှာ တပ်တွင်းပုန်ကန်သူအချို့နှင့် လျှို့ဝှက် ညှိနှိုင်းဆွေးနွေးမှုများ လုပ်ခဲ့ကြပါသည်။ မြောက်ပိုင်းတပ်တွင်း ပုန်ကန်မှုအပြီး တစ်ပတ်မျှအကြာ မေလ ၂၀ ရက်နေ့ကပင် ဤကိစ္စအတွက် ပထမခြေလှမ်းကို စတင်ခဲ့သည်။ လားရှိုးအခြေစိုက် မြန်မာ့တပ်မတော် အရှေ့မြောက်ပိုင်းစစ်ဌာနချုပ်မှ ကိုးကန့်ခေါင်းဆောင် လောစစ်ဟန်နှင့် ဆွေးနွေးရန် အဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့ပါသည်။ လောစစ်ဟန်မှာ ရွှေတြိဂံဒေသ၏ ထင်ရှားသော ဘိန်းဘုရင်ဟောင်း ဖြစ်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များက လားရှိုးအခြေစိုက် ကာကွယ်ရေးအဖွဲ့ကို ဦးဆောင်ခဲ့သူ ကိုးကန့်နယ်သားတစ်ဦးလည်း ဖြစ်သည်။ ၁၉၇၁–၁၉၇၂ ခုနှစ်က ဖြစ်ပွားခဲ့သော အဆုံးအဖြတ်တိုက်ပွဲတစ်ခုဟု ဆိုနိုင်သည့် ကွန်းလုံတံတားတိုက်ပွဲတွင် မြန်မာတပ်မတော်နှင့်လက်တွဲပြီး CPB ကို တိုက်ခိုက်ခဲ့ဖူးသည့် အစဉ်အလာရှိသည်။ အပြန်အလှန်အနေနှင့် မြန်မာ့တပ်မတော်ဘက်မှလည်း ရှမ်းပြည်နယ်ရှိ အစိုးရထိန်းချုပ်ထားသော လမ်းများ၊ မြို့များကို လောစစ်ဟန်၏ ဘိန်းမှောင်ခိုလုပ်ငန်းအတွက် အသုံးပြုခွင့်ပေးခဲ့သည်များလည်း ရှိသည်။

သို့နှင့်တိုင် အချို့သော ကာကွယ်ရေးအဖွဲ့များမှာ စစ်မင်းများဆန်ဆန် ပြုမူလာကြရာ တပ်မတော်ကိုယ်တိုင်က မထိန်းနိုင်တော့၍ ၁၉၇၃ ခုနှစ်တွင် ကာကွယ်ရေးအားလုံးကို ဖျက်သိမ်းလိုက်ရသည်။ ဤတွင် အချို့သော ကာကွယ်ရေးများမှာ အဖျက်မခံဘဲ ဆက်လက်ပြီး လက်နက်ဆွဲကိုင်ခဲ့ရာ လောစစ်ဟန်မှာ သူတို့ထဲမှ တစ်ဦးဖြစ်သည်။ ထိုသည်၏နောက်တွင်မူ တောခိုသွားခဲ့ပြီး ရှမ်းလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုဖြစ်သော SSA နှင့် ခေတ္တမျှ ပူးပေါင်းသွားခဲ့သည်။ ၁၉၇၃ ဩဂုတ် ၁၆ ရက်နေ့တွင် ထိုင်းအာဏာပိုင်များက သူ့ကိုဖမ်းဆီးပြီး မြန်မာအစိုးရသို့ လွှဲအပ်ပေးခဲ့သည်။ မြန်မာအစိုးရက လောစစ်ဟန်ကို ဘိန်းမှောင်ခိုမှုနှင့်မဟုတ်ဘဲ နိုင်ငံတော်ပုန်ကန်မှုနှင့်

www.burmeseclassic.com

www.burmeseclassic.com



တရားစွဲကာ သေဒဏ်ပေးခဲ့သည်။ သို့တစေ ၁၉၈၀ တွင် အထွေထွေလွတ်ငြိမ်းခွင့်ဖြင့် ပြန်လွှတ်ပေးခဲ့သည်။ ထိုစဉ်မှစ၍ လောစစ်ဟန်သည် လားရှိုးပြန်ပြီး ကာကွယ်ရေးအဖွဲ့ ပြန်လည်ဖွဲ့စည်းနိုင်ရန် အခါအခွင့်ကို စောင့်နေခဲ့ပါသည်။

၁၉၈၉ ကွန်မြူနစ်တပ်တွင်းပုန်ကန်မှု ပေါ်ထွက်လာသောအခါမှ လောစစ်ဟန် စောင့်နေသော အခွင့်အခါသို့ ရောက်လာခဲ့ပါသည်။ အာဏာပိုင်များက သူ့ကို သူ့ဇာတိ ကိုးကန့်သို့ ပြန်လွှတ်လိုက်ပြီး ဖုန်ကျားရှင်း၊ ဖုန်ကျားဖုတို့နှင့် ဆွေးနွေးစေခဲ့သည်။ ဤဆွေးနွေးပွဲမှပင် ယခင် ကာကွယ်ရေးများနှင့် မြန်မာ့တပ်မတော် ရယူခဲ့ကြသော နားလည်မှုမျိုးလို သဘောတူညီချက်တစ်ရပ် ထွက်ပေါ်လာခဲ့ပါသည်။ ဖုန်ကျားရှင်တို့ ကိုးကန့်စစ်မင်းအဖွဲ့များက ဒေသတွင်းရှိ တော်လှန်ရေးအင်အားစုများကို တိုက်ခိုက်ပေးမည်။ အပြန်အလှန်အနေနှင့် ထိုအဖွဲ့များ၏ မူးယစ်မှောင်ခိုလုပ်ငန်းများကို အာဏာပိုင်များဘက်မှ မသိကျိုးကျွန်ပြုပေးထားမည်ဆိုသော သဘောတူညီချက် ဖြစ်ပါသည်။ မုံးကိုး၊ မုန်းဟုမ်နှင့် ပန်ဆိုင်းအနီးတစ်ဝိုက်ရှိ ဘိန်းဖြူချက်စက်ရုံများသည်ကား ထိုစဉ်ကပင် ကောင်းစွာလည်ပတ် အလုပ်ဖြစ်နေပြီဖြစ်သည်။

ထိုနှစ် ဧပြီလသို့ ရောက်သောအခါ ကိုးကန့်နယ်ထဲသို့ ဒုတိယကိုယ်စားလှယ်အဖွဲ့ ထပ်မံ ရောက်ရှိလာခဲ့ပါသည်။ ထိုအဖွဲ့မရောက်မီ ဧပြီလ ၂၀ ရက်နေ့က လားရှိုးတွင်လည်း အစည်းအဝေးတစ်ခု ကျင်းပခဲ့သည်ဟု သိရသည်။ ဤအစည်းအဝေးတွင် ကိုးကန့်အဖွဲ့မှ ကိုယ်စားလှယ်များ၊ လောစစ်ဟန်နှင့် ရန်ကုန်မှလာသော နိုင်ငံရေးသမား ဦးအောင်ကြီးတို့ တက်ခဲ့ကြသည်ဟု ဆိုသည်။ အဆိုပါ လားရှိုးအစည်းအဝေးအပြီး နှစ်ရက်အကြာတွင် ဗိုလ်မှူးချုပ်ခင်ညွန့် (ထိုစဉ်က ဗိုလ်ချုပ်ခင်ညွန့်၏ တရားဝင်အဆင့်မှာ ဗိုလ်မှူးချုပ်သာ ရှိသေးသည်။) နှင့် ဗိုလ်မှူးချုပ်မောင်သင့်တို့ ကိုးကန့်သို့ ရောက်လာကြပြီး ဖုန်ကျားရှင်း၏ညီ ဖုန်ကျားဖုနှင့် ဆွေးနွေးခဲ့ကြသည်။ ဤအစည်းအဝေးမှပင် ယာယီ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရရှိခဲ့သည်။ ဗိုလ်မှူးချုပ်ခင်ညွန့်တို့အဖွဲ့က ကိုးကန့်အဖွဲ့ကို ဖွံ့ဖြိုးရေးအကူအညီ ကျပ်ငွေ ငါးသန်းနှင့် ထောင်ဂဏန်းရှိသော ဆန်အိတ်များ ပေးခဲ့သည်ဟု သိရပါသည်။

ထိုအချိန်လောက်မှစ၍ ကိုးကန့်နယ်တွင်ချက်သော ဘိန်းဖြူများမှာ လားရှိုး၊ မန္တလေးမှသည် ရန်ကုန်အထိ လမ်းပွင့်သွားခဲ့တော့သည်။ ဤခရီးစဉ်ကို အဆင်ပြေစေရန် လောစစ်ဟန်က သူ၏ တပ်မတော်အဆက်အသွယ်များကို အသုံးပြုပြီး ကိုးကန့်စစ်မင်းများကို ကူညီခဲ့သည်ဆိုသော အပြောအဆိုများလည်း ရှိသည်။ ၁၉၈၉ စက်တင်ဘာ ၉ ရက်အထိ စုဆောင်းရရှိသော သတင်းအချက်အလက်များအရ၊ ဆိုခဲ့ပါ ကိုးကန့်စစ်မင်းများ၏ ယာဉ်တန်းများ လုံခြုံစိတ်ချစွာ ဖြတ်သန်းနိုင်ရန် အရှေ့မြောက်ပိုင်းစစ်ဌာနချုပ်တိုင်းမှူးက ကူညီပေးခဲ့သည်ဆိုသော စွပ်စွဲချက်များလည်း ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(Confidential Narcotics Update, 9-9-1989, from the KIO, and Western diplomats based in Rangoon)

ထိုနှစ် (၁၉၈၉) မေလတွင် မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ ဦးဆောင်ပြီး 'နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကော်မတီ' ဆိုသော အထူးအဖွဲ့အစည်းတစ်ရပ်ကို ရန်ကုန်မြို့တွင် ဖွဲ့စည်းခဲ့ပါသည်။ ဤအဖွဲ့တွင် ဗိုလ်မှူးချုပ်ခင်ညွန့်နှင့် အခြား အဆင့်မြင့်စစ်အရာရှိကြီးများလည်း ပါဝင်သည်။ ကိုးကန့်ဒေသတွင် ကနဦးအောင်မြင်မှုများရပြီး လ အနည်းငယ်အကြာတွင် အဆိုပါကော်မတီက ယခင် ၈၁၅ စစ်ဒေသမှ ခေါင်းဆောင်သစ်များနှင့် ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တစ်ဖန် ၁၉၈၉ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဝ ခေါင်းဆောင်ကျောက်ညီလိုင်နှင့်အဖွဲ့ကို ဝ တောင်တန်းများပေါ်မှ ဟယ်လီကော်ပတာနှင့် တင်ခေါ်လာပြီး လားရှိုးသို့ ပို့ပေးခဲ့သည်။ လားရှိုးတွင် အသင့်စောင့်နေသော ဗိုလ်မှူးချုပ်ခင်ညွန့် ဦးဆောင်သည့် အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဆွေးနွေးခဲ့ကြသည်။ သည်လိုနှင့် ၁၉၈၉ ခုနှစ်အတွင်းမှာပင် ကချင်ပြည်နယ်မှလွဲ၍ ယခင် CPB ရှေ့တန်းစစ်မျက်နှာတစ်လျှောက်တွင် သေနတ်သံများ တိတ်သွားခဲ့ပါတော့သည်။

သီအိုရီသဘောအရဆိုလျှင် ကွန်မြူနစ်တပ်တွင်း ပုန်ကန်မှုမှာ ဆယ်စုအချို့ကြာ မြန်မာပြည်တွင်း စစ်ပြဿနာကို နိုင်ငံရေးအရ အဖြေရှာနိုင်ရေးအတွက် အဆင်ပြေလွယ်ကူသွားစေသည်ဟု ဆိုနိုင်ပါလိမ့်မည်။ အကြောင်းမူ ယခုအခါ တိုင်းပြည်တွင် ကွန်မြူနစ်သူပုန် မရှိတော့ဘဲ လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများသာ ရှိတော့သောကြောင့် ဖြစ်ပါသည်။ သို့နှင့်တိုင် ရန်ကုန်ရှိ အစိုးရအဆက်ဆက်၏ ယခင်မှတ်တမ်းများအရ လက်နက်ကိုင်အင်အားစုများ၏ နိုင်ငံရေးတောင်းဆိုချက်များကို လိုက်လျောလိုသည့် သဘောမရှိဘဲ အကြွင်းမဲ့လက်နက်ချရေးကိုသာ တောင်းဆိုခဲ့သည်ကို တွေ့ရသည်။ ယခု ကွန်မြူနစ်တပ်တွင်း ပုန်ကန်သူများနှင့် အစိုးရ၏ ဆက်ဆံရေးမှာလည်း နိုင်ငံရေးသဘောထက် စီးပွားရေးသဘော ဆောင်သည်ကသာ များသည်။ သူတို့ ရရှိခဲ့ကြသော သဘောတူညီချက်များကို ကြည့်လိုက်လျှင်လည်း ဒေသဆိုင်ရာ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်မျိုး မပါသလို တရားဝင် နိုင်ငံရေးဆွေးနွေးမှုမျိုးပင် ရှိခဲ့သည်မဟုတ်ပါချေ။

သို့တိုင်အောင်၊ တရားမဝင်ညှိနှိုင်း ဆွေးနွေးမှုများကား ၁၉၈၉ နိုဝင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာလ ၆ ရက်အထိ ရန်ကုန်မြို့တွင် ဆက်လက်ရှိနေခဲ့ပါသည်။ ဤဆွေးနွေးပွဲများတွင် ယခင် CPB တပ်ဖွဲ့ဟောင်းများမှ ဖုန်ကျားဖုနှင့် သူ့လက်ထောက်နှစ်ယောက် (လျူဂိုချိန်နှင့် လျူဂိုမင်) ယခင် ၁၀၁ စစ်ဒေသမှ တိန့်ယင်းနှင့် ယခင်

www.burmeseclassic.com

www.burmeseclassic.com



၈၁၅ စစ်ဒေသမှ ကျန်းကျီမိန်တို့ ပါဝင်ကြသည်။ အစိုးရဘက်မှ ယခင် သူပုန်တပ်မှူး ဟောင်းများကို ဆန်၊ ငွေကြေးနှင့် ဖွံ့ဖြိုးရေး အကူအညီပေးမည်ဟု ကတိပြုခဲ့သည်။ တပ်ဖွဲ့တစ်ဖွဲ့လျှင် အင်အား ၁,၀၀၀ စီခွင့်ပြုခဲ့ပြီး ဤတပ်များကို အစိုးရကြီးကြပ်မှု အောက် အသွင်ပြောင်းဖို့ကိုလည်း သဘောတူညီခဲ့ကြသည်။

အဆိုပါ ရန်ကုန် လျှို့ဝှက်အစည်းအဝေးများ မတိုင်မီ လအနည်းငယ်က (တိတိကျကျ ဆိုရလျှင် ၁၉၈၉ အောက်တိုဘာလက) မြန်မာ့တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သို့ ၁၂ ရက်ကြာ အလည်အပတ် သွားရောက်ခဲ့ကြသည်။ ဤအဖွဲ့ကို ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေက ဦးဆောင်ခဲ့ပြီး တပ်မ (၉၉) တပ်မှူး ဗိုလ်မှူးကြီးကျော်သန်းလည်း လိုက်ပါခဲ့သည်။ (ဗိုလ်မှူးကြီးကျော်သန်းမှာ ကိုးကန့်နှင့် မုံးကိုးတို့နှင့် မျက်နှာချင်းဆိုင်တောင်ကုန်းများကို တာဝန်ယူရသော ရှေ့တန်းတိုက်ခိုက်ရေး တပ်မှူး ဖြစ်သည်။) ဤခရီးစဉ်က ဘာကို ဖော်ပြနေသနည်းဆိုလျှင် ဆိုခဲ့ပါ CPB တပ်ဖွဲ့ဟောင်းများနှင့် အစိုးရကြား ဆွေးနွေးပွဲများ၏နောက်ကွယ်တွင် ပေကျင်း၏ ခြေရာလက်ရာအချို့ ပါကောင်းပါနိုင်သည်ဆိုသော အချက်ဖြစ်ပါသည်။

ယခု စာအုပ်၏နိဒါန်းတွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ တော်လှန်ပုန်ကန်သူများနှင့် တရုတ်ပြည်၏ ဆက်စပ်ပတ်သက်မှုမှာ ရပ်စဲသွားလိမ့်မည်တော့ မဟုတ်ပါ။ ပုံသဏ္ဌာန်အသစ်များ၊ ပုံဖော်မှုအသစ်များ ပြောင်းလဲရုံသာ ရှိပါလိမ့်မည်။ မြန်မာနိုင်ငံ၏ ဆယ်စုအချို့ကြာ ကွန်မြူနစ်တော်လှန်ပုန်ကန်မှုနှင့် ဤဖြစ်စဉ်ကြီးတွင် ပါဝင်ပတ်သက်ခဲ့သော တရုတ်ပြည်၏ အခန်းကဏ္ဍမှာလည်း သမိုင်းအမွေတစ်ရပ်အဖြစ် ရှေ့လာမည့် နှစ်အတန်ကြာထိ ဆက်လက် အရိပ်ထိုးနေပါလိမ့်ဦးမည်။ ဗမာပြည်ကွန်မြူနစ်ပါတီအနေနှင့် တိုင်းရင်းသားလူမျိုးစုများ၏ ရပိုင်ခွင့်ထက် အိုင်ဒီအိုလိုဂျီကို ရှေ့တန်းတင် ရပ်တည်ခဲ့ရာမှ တပ်တွင်းပုန်ကန်မှုကြီးနှင့် ရင်ဆိုင်ခဲ့ရသည့် ဖြစ်ရပ်မှာလည်း အရေးကြီးသည့် သမိုင်းသင်ခန်းစာတစ်ရပ် ဖြစ်မြဲ ဖြစ်နေပါလိမ့်မည်။ ယခင် CPB ၊ ယခု UWSA ထိန်းချုပ်ရာဒေသများနှင့် တိုင်းပြည်၏ အခြားဒေသများ ပြန်လည် ပေါင်းစည်းရေးမှာလည်း ဆက်လက်ဖြေရှင်းကြရမည့် ပြဿနာတစ်ခုပင် ဖြစ်ပါသည်။

ဆိုခဲ့ပါ ပြဿနာအထွေထွေကို အဆင်ပြေပြေ ဖြေရှင်းနိုင်ရေးနှင့် ဝ အမျိုးသားများအပါအဝင် နယ်စပ်ဒေသ တိုင်းရင်းသားများ၏ ပြင်းပြသောဆန္ဒနှင့် ရည်မှန်းချက်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးရေးမှာ (နေပြည်တော်တွင် မည်သည့်ပုဂ္ဂိုလ် မည်သည့်ပါတီ အာဏာရသည်ဖြစ်စေ) မြန်မာနိုင်ငံ၏ ဗဟိုအစိုးရအတွက် အဓိက စိန်ခေါ်ချက် ဖြစ်ပါလိမ့်မည်။

❐

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

# အတ္ထုပ္ပတ္တိအကျဉ်းများ

*ယခုဖော်ပြမည့် လူပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိအကျဉ်းများမှာ မှုကွဲများစွာ ရှိနိုင်ပါသည်။ အထူးသဖြင့် မွေးသက္ကရာဇ်များ ဖြစ်သည်။ ဥပမာ – သခင်ဗဟိန်း၏ မွေးသက္ကရာဇ်၊ သခင်အောင်ဆန်းနှင့်ရော၊ သခင်ဗဟိန်းနှင့်ပါ ရင်းနှီးသည့် စာရေးဆရာကြီး ဒဂုန်တာရာက ကိုအောင်ဆန်းမှာ ကိုဗဟိန်းထက် ကြီးသည်ဟု ဆိုသည်။ ယခုစာအုပ်အရ ကိုဗဟိန်းက ၂ နှစ် ကြီးနေသည်။ ထို့ထက် မန္တလေးမြို့ ရွာဟိုင်းသင်္ချိုင်းရှိ သခင်ဗဟိန်းအုတ်ဂူမှ ကမ္ပည်းစာသားကို စာရေးသူ (ဘာသာပြန်သူ) မှတ်မိနေသည်။ 'ရဲဘော်ဗဟိန်း အသက် ၂၉ နှစ်' ဆိုသော စာသား။ သခင်ဗဟိန်း ကွယ်လွန်သည်မှာ ၁၉၄၆ ခုနှစ်ဖြစ်ရာ သူ့မွေးသက္ကရာဇ်မှာ ၁၉၁၇ သို့မဟုတ် ၁၉၁၆ ဖြစ်လိမ့်မည်ဟု မှန်းဆရပါသည်။*

*(ဘာသာပြန်သူ)*

## အောင်ဆန်း (သခင်)

မကွေးခရိုင် နတ်မောက်မြို့တွင် ၁၉၁၅ ခုနှစ်က မွေး။ ၁၉၃၆ ဒုတိယကျောင်းသားသပိတ်၏ အဓိကခေါင်းဆောင်တစ်ဦးဖြစ်။ တို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့။ ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့က လျှို့ဝှက်တွေ့ဆုံခဲ့ကြသော မတ်ခ်ဝါဒ လေ့လာရေးအစု၏ အစည်းအဝေး (ဗမာပြည်ကွန်မြူနစ်ပါတီ စတင်ဖွဲ့စည်းခဲ့သည့် အစည်းအဝေး) တွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်။ သို့တစေ CPB လှုပ်ရှားမှုများတွင်မူ ဘယ်တုန်းကမှ မပါဝင်ခဲ့။ ၁၉၄၀ တွင် တရုတ်ပြည်အမွိုင်မြို့သို့ လျှို့ဝှက်ထွက်ခွာသွားခဲ့သော်လည်း ဂျပန်နိုင်ငံ တိုကျိုသို့ ရောက်သွားခဲ့။ ဂျပန်တွင် စစ်ပညာသင်ကြားရန် လူသစ်စုဆောင်းရေးတာဝန်ဖြင့် မြန်မာနိုင်ငံသို့ ပြန်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့။ သူ ဦးဆောင်သော ထိုအဖွဲ့မှာ ရဲဘော်သုံးကျိပ် ဖြစ်လာခဲ့။ ၁၉၄၁ ဒီဇင်ဘာ ၂၆ ရက်တွင် ဘန်ကောက်မြို့၌ 'ဗမာ့လွတ်လပ်ရေးတပ်မတော်' (BIA) ကို ဖွဲ့စည်း။ ဤသို့ဖွဲ့ပြီး မကြာမီမှာပင် ဂျပန်စစ်တပ်နှင့်အတူ မြန်မာနိုင်ငံထဲသို့ ထိုးဖောက်ဝင်ရောက်။ ၁၉၄၃ ဒေါက်တာဘမော် ရုပ်သေးအစိုးရတွင် ကာကွယ်ရေးဝန်ကြီးဖြစ်လာ။ ဤကာလ အတွင်းမှာပင် မဟာမိတ်တို့နှင့် ဆက်သွယ်ပြီး ၁၉၄၅ မတ်လ ၂၇ ရက်နေ့တွင် ဂျပန်ကို တော်လှန်ခဲ့။ ၁၉၄၇ ဇန်နဝါရီလ ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးပြီး အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆို။ ထိုနှစ် ဖေဖော် ဝါရီ ၁၂ ရက်တွင် ရှမ်း၊ ချင်း၊ ကချင် လူမျိုးစုခေါင်းဆောင်များနှင့်အတူ ပင်လုံ စာချုပ်ကို လက်မှတ်ထိုး။ ၁၉၄၇ ဇူလိုင်လ ၁၉ ရက်တွင် ဝန်ကြီးခြောက်ဦး၊ အခြား သူ နှစ်ဦးတို့နှင့်အတူ လုပ်ကြံခံခဲ့ရ။ မြန်မာ့လွတ်လပ်ရေးဖခင် အမျိုးသားသူရဲကောင်း အဖြစ် ပြည်သူလူထု၏ ယုံကြည်လေးစားမှုကို ရခဲ့။ သူ၏သမီး (ဒေါ်) အောင်ဆန်း စုကြည်မှာ ၁၉၈၈ အရေးအခင်းတွင် ထွက်ပေါ်လာပြီး မြန်မာနိုင်ငံ၏ အထင်ရှားဆုံး အတိုက်အခံခေါင်းဆောင်ဖြစ်လာ။

### အောင်ဝင်း (စိုင်း)

ရှမ်းအမျိုးသားဖြစ်။ ရှမ်းပြည်နယ် လွိုင်လင်တွင် ၁၉၃၇ ခုနှစ်ကမွေး။ ၁၉၆၁– ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဒုတိယဥက္ကဋ္ဌ တာဝန်ယူ။ ၁၉၆၂ ဇူလိုင် ၇ ရက် အရေးအခင်းတွင် ပါဝင်။ ၁၉၆၄ ဇန်နဝါရီတွင် ဟင်္သာခရိုင် မှတစ်ဆင့် CPB နှင့် ဆက်သွယ်တောခို။ ၁၉၆၉ ခုနှစ်တွင် ရှမ်းပြည်နယ်သို့ ရောက်။ ၁၉၇၅ တွင် အရန်ဗဟိုကော်မတီဖြစ်လာ။ ၁၉၈၅ တတိယပါတီကွန်ဂရက်တွင် ဗဟို ကော်မတီဝင်အဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရ။ မြောက်ပိုင်းဇုန်ရုံး (မုံးကိုး) တွင် စီးပွားရေးဌာန၊ ဌာနကြီးမှူး တာဝန်ယူ။ ၁၉၈၇ ဧပြီတွင် ပန်ဆန်းသို့ ပြောင်း ရွှေ့တာဝန်ထမ်းဆောင်။ ၁၉၈၉ တပ်တွင်းပုန်ကန်မှုတွင် ပါဝင်ခဲ့။

### အေးငွေ (ရဲဘော်)

တရုတ်–ဗမာ ကပြား။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ မြောင်းမြခရိုင်တွင် ၁၉၁၉ ခုနှစ်ကမွေး။ စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့။ ၁၉၄၁ ခုနှစ် မေလတွင် CPB နှင့် ဆက်သွယ်ခဲ့။ ၁၉၄၁ စက်တင်ဘာတွင် တရုတ်ကွန်မြူနစ်များ နှင့် အဆက်အသွယ်ရယူရန် CPB မှ တရုတ်ပြည်သို့ စေလွှတ်ခဲ့။ ကူမင်းမြို့ အနောက် တောင် တွဲဖက်တက္ကသိုလ်တွင် ဆက်လက်ပညာသင်။ ၁၉၄၅ ခုနှစ်က ချုံကင်းတွင် ကျင်းပခဲ့သော တရုတ်ကွန်မြူနစ်ပါတီ၊ ကူမင်တန်ပါတီနှင့် အမေရိကန်ပြည်ထောင်စု

www.burmeseclassic.com

www.burmeseclassic.com



တို့၏ သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် စကားပြန်အဖြစ် ပါဝင်။ ၁၉၄၅ ခုနှစ်တွင် CPC သို့ စေလွှတ်ထားသော CPB ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုခံရ။ ၁၉၄၆ တွင် CPC အဖွဲ့ဝင်ဖြစ်လာပြီး ကျင်းချာ–ဟူပေး–ချာချာ အခြေခံဒေသတွင် ပါတီတာဝန် ထမ်းဆောင်။ ၁၉၅၀ ပြည့်လွန်နှစ်များ၏ အစောပိုင်း၊ CPB ကေဒါများ တရုတ်ပြည် ရောက်လာခဲ့ရာ သူတို့အတွက် စကားပြန်အဖြစ် တာဝန်ပေးခံခဲ့ရ။ ၁၉၆၇ ခုနှစ်တွင် CPC မှ CPB သို့ ပြန်လည်လွှဲပြောင်းပေးခဲ့။ သို့သော် ပေကျင်းမှာပင် ဆက်လက် ရှိနေခဲ့ပြီး ၁၉၇၈ ခုနှစ်ရောက်မှ ဗဟိုရုံးနှင့်အတူ ပန်ဆန်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့။ ၁၉၈၅ ခုနှစ်က ကျင်းပသော တတိယကွန်ဂရက်တွင် အရန်ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံရ။ ၁၉၈၉ ဧပြီ တပ်တွင်းပုန်ကန်မှု ပေါ်ထွက်လာသောအခါ တရုတ်ပြည် ဘက်သို့ ထွက်ပြေးခဲ့ရ။

## ဗဟိန်း (သခင်)

၁၉၁၃ ခုနှစ်က မန္တလေးမြို့တွင် မွေး။ ၁၉၃၈ ခုနှစ်တွင် 'ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ' (ဗကသ) ဥက္ကဋ္ဌဖြစ်လာ။ ရန်ကုန်မြို့ နဂါးနီစာအုပ်အသင်း အတွက် မတ်ခ်ဝါဒစာပေများ ဘာသာပြန်ဆိုပေးခဲ့။ တို့ဗမာအစည်းအရုံးနှင့် ဗမာ့ ထွက်ရပ်ဂိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်။ ရေနံမြေအလုပ်သမားများကို စည်းရုံးခဲ့။ ၁၉၃၉ ခုနှစ်လောက်ကတည်းက CPB စတင်ထူထောင်သူများထဲတွင် တစ်ယောက်အပါအဝင် ဖြစ်။ ၁၉၄၀–၁၉၄၂ တွင် ဗြိတိသျှအစိုးရက မန္တလေးထောင်တွင် အကျဉ်းချထား။ စစ်အတွင်း ဒေါက်တာဘမော်အစိုးရလက်ထက် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အတွင်း ဝန်အဖြစ် တာဝန်ယူခဲ့။ ၁၉၄၅ ခုနှစ်တွင် မြေအောက်ဆင်းခဲ့ပြီး တောင်ငူနယ် ပြောက် ကျားတပ်ဖွဲ့များကို ဦးဆောင်ခဲ့။ ၁၉၄၅ ခုနှစ် ဒုတိယကွန်ဂရက်တွင် ဗဟိုကော်မတီဝင် အဖြစ် ရွေးချယ်ခံရ။ ၁၉၄၅–၁၉၄၆ တွင် 'ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ ကွန်ဂရက်' (ABTUC) ဥက္ကဋ္ဌ၊ CPB ၏ အာဘော် 'ပြည်သူ့အာဏာ' မဂ္ဂဇင်း အယ်ဒီတာ တာဝန်များကို ယူခဲ့။ ၁၉၄၆ ခုနှစ် နိုဝင်ဘာ ၂၀ တွင် ငှက်ဖျားရောဂါ ဖြင့် ကွယ်လွန်။ သူ၏ဇနီး ဒေါ်ခင်ကြီးမှာ ၁၉၄၅ ဖေဖော်ဝါရီလက ကျင်းပခဲ့သော အိန္ဒိယကွန်မြူနစ်ပါတီ ဒုတိယကွန်ဂရက်ကို တက်ရောက်ခဲ့သူတစ်ဦးဖြစ်။ မြန်မာနိုင်ငံ ကွန်မြူနစ်လှုပ်ရှားမှု၏ အရေးကြီးသော ခေါင်းဆောင်တစ်ဦးအဖြစ် CPB က ခံယူ။

## ဗသိန်းတင် (သခင်)

၁၉၄၁ ခုနှစ်တွင် မွေး။ ထားဝယ်ဇာတိ။ ဖခင်မှာ တရုတ်လူမျိုး ကုန်သည်လေး တစ်ဦးဖြစ်ပြီး မိခင်မှာ ဗမာတိုင်းရင်းသူဖြစ်။ ထားဝယ်တွင် မူလတန်းနှင့် အလယ်တန်း

www.burmeseclassic.com

www.burmeseclassic.com



အဆင့် ပညာသင်ကြားခဲ့ပြီး ၁၉၃၁ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့။ ရန်ကုန်တက္ကသိုလ်နေခွင့်ရခဲ့သော်လည်း ဖခင်၏ စီးပွားရေးအခြေအနေကြောင့် ဆက်လက် ပညာသင်ခွင့် လက်လွှတ်ခဲ့ရ။ ၁၉၃၈ ခုနှစ်တွင် တို့ဗမာအစည်းအရုံး၏ အချိန်ပြည့်အဖွဲ့ဝင် ဖြစ်လာပြီး ၁၉၃၉ အောက်တိုဘာလတွင် CPB နှင့် ဆက်သွယ်ခဲ့။ ထားဝယ်တွင် ခရိုင်ပါတီကော်မတီ စည်းရုံးရေးမှူးအဖြစ် တာဝန်ယူခဲ့။ ၁၉၄၅ တွင် ထားဝယ်ဒေသရှိ ဂျပန်တပ်ဖွဲ့များကို ဆန့်ကျင်တိုက်ခိုက်ခဲ့။ ၁၉၄၅ ဒုတိယကွန်ဂရက်တွင် ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံခဲ့ရပြီး ၁၉၄၆ ခုနှစ်တွင် ပေါလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်လာ။ ၁၉၄၇ ခုနှစ်က လန်ဒန်မြို့တွင် ကျင်းပခဲ့သော ဗြိတိသျှအင်ပါယာအတွင်းရှိ ကွန်မြူနစ်ပါတီများ၏ ကွန်ဖရင့်တွင် တက်ရောက်ပါဝင်ခဲ့။ ၁၉၄၈ ဖေဖော်ဝါရီတွင် ကာလကတ္တားမြို့မှာ ကျင်းပခဲ့သော အိန္ဒိယကွန်မြူနစ်ပါတီ ဒုတိယကွန်ဂရက်သို့ CPB ဥက္ကဋ္ဌ သခင်သန်းထွန်းနှင့်အတူ တက်ရောက်ခဲ့။ ၁၉၄၈ မတ်လတွင် တောခိုခဲ့ပြီး ၁၉၅၀ တွင် CPB ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရ။ ၁၉၅၃ ခုနှစ်တွင် တောလမ်းခရီးဖြင့် တရုတ်ပြည်သို့ ထွက်သွားခဲ့။ တရုတ်ပြည်တွင် ရှိနေစဉ်အတွင်း မော်စကိုနှင့် ပေကျင်းတွင် ကျင်းပခဲ့သော နိုင်ငံတကာ ကွန်မြူနစ်ပါတီများ၏ ပါတီကွန်ဂရက်များစွာကို တက်ရောက်ခဲ့။ ၁၉၆၃ တွင် ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းသို့ အလည်အပတ်သွားရောက်ခဲ့။ ၁၉၆၀ ပြည့်လွန်နှစ်များ၏ အလယ်လောက်မှစ၍ တရားဝင် အမည်ခံထားသည် မဟုတ်သည့်တိုင် CPB ၏ အဓိကခေါင်းဆောင်ဖြစ်လာခဲ့။ ၁၉၇၅ မတ်လ ၁၅ ရက် CPB ဥက္ကဋ္ဌ သခင်ဇင် ကျဆုံးသွားတော့မှ CPB ၏ တရားဝင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူ။ ၁၉၇၈ ခုနှစ်အထိ တရုတ်ပြည်မှာပင် ရှိနေခဲ့ပြီး ထိုသည်၏နောက်မှ ပန်ဆန်းသို့ ရောက်လာခဲ့။ ၁၉၈၅ တတိယကွန်ဂရက်တွင် ပါတီဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်ခံရ။ ၁၉၈၉ ဧပြီ တပ်တွင်းပုန်ကန်မှု ထွက်ပေါ်လာသောအခါ ပန်ဆန်းမှာပင် ကျန်ရစ်ခဲ့ပြီး ဝ တပ်ဖွဲ့များက တရုတ်ပြည်ဘက်သို့ ပို့ပေးခဲ့ရ။

## ကျောက်ညီလိုင်

ဝ အမျိုးသား။ ဝ မြောက်ခရိုင် ကျောက်ချန်းရွာတွင် ၁၉၃၉ ခုနှစ်က မွေး။ ဝ မြောက်ခရိုင် စောဟင်–စောဖာဒေသတွင် စစ်မင်းတစ်ယောက်အဖြစ် ကျင်လည်ခဲ့။ ၁၉၆၈ ခုနှစ်တွင် CPB နှင့် ဆက်သွယ်ခဲ့။ ၁၉၆၉ ဒီဇင်ဘာတွင် CPB မှ ဗိုလ်ကျော်ထင်နှင့်တွဲပြီး စောဖာကို သိမ်းပိုက်။ CPB တပ်မတော်တွင် တပ်မဟာ (၂) တပ်မှူးအဖြစ် တာဝန်ယူခဲ့။ ၁၉၈၅ တတိယကွန်ဂရက်တွင် အရန်ဗဟိုကော်မတီဝင်ဖြစ်လာ။ ၁၉၈၉ တပ်တွင်းပုန်ကန်မှု၏ အရေးကြီးဆုံးခေါင်းဆောင်တစ်ဦးဖြစ်။ ၁၉၈၉

www.burmeseclassic.com

www.burmeseclassic.com



မေတွင် အသစ်ဖွဲ့စည်းလိုက်သော 'ဗမာအမျိုးသားညီညွတ်ရေးပါတီ' (BNUP)၏ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်ခံရ။ ထိုနှစ် နိုဝင်ဘာတွင် 'ညီညွတ်သော ဝ ပြည်နယ်ပါတီ' (UWSP)၏ အထွေထွေအတွင်းရေးမှူးအဖြစ် ထပ်မံရွေးချယ်ခံရ။

## ချစ် (သခင်)

၁၉၁၀ ပြည့်နှစ်တွင် မွေး။ ပဲခူးခရိုင် သနပ်ပင်ဇာတိ။ မန္တလေးမြို့တွင် ကျောင်းဆရာလုပ်ခဲ့။ ၁၉၄၀ ပြည့်လွန်နှစ်များက နောင် ဆိုရှယ်လစ်ပါတီဖြစ်လာမည့် ပြည်သူ့အရေးတော်ပုံပါတီနှင့် ဆက်သွယ်ခဲ့။ ၁၉၄၆ စက်တင်ဘာတွင် CPB ပါတီဝင် ဖြစ်လာ။ 'ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂကွန်ဂရက်' ခေါင်းဆောင်တစ်ဦးဖြစ်။ ၁၉၄၈ မတ်လတွင် တောခိုခဲ့ပြီး ဗဟိုကော်မတီဝင်ဖြစ်လာ။ ၁၉၅၁ တွင် ပေါလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်လာခဲ့။ ပဲခူးရိုးမကာလတစ်လျှောက်လုံး မြေအောက်လုပ်ငန်းများကို အဓိက တာဝန်ခံဦးဆောင်ခဲ့သူဖြစ်။ ၁၉၆၈ အောက်တိုဘာ သခင်သန်းထွန်း ကျဆုံးခဲ့ပြီးနောက်တွင် ဗဟိုကော်မတီ အတွင်းရေးမှူးအဖြစ် တာဝန်ယူ။ ၁၉၇၅ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ဥက္ကဋ္ဌ သခင်ဇင်နှင့်အတူ ပဲခူးရိုးမတွင် ကျဆုံး။

## ချစ်မောင် (သခင်)

၁၉၁၅ ခုနှစ်တွင်မွေး။ သာယာဝတီဇာတိ။ ၁၉၃၆ ဒုတိယကျောင်းသားသပိတ်တွင် ပါဝင်ခဲ့။ ၁၉၃၇ ခုနှစ်တွင် 'တို့ဗမာအစည်းအရုံး'နှင့် ဆက်သွယ်။ ၁၉၄၇ တိုင်းပြည်ပြုရွေးကောက်ပွဲတွင် ဖဆပလ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရ။ 'ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး' (ABPO)ခေါင်းဆောင်။ ၁၉၅၀ ဒီဇင်ဘာတွင် ဆိုရှယ်လစ်ပါတီမှ ခွဲထုတ်ခဲ့သော 'ဗမာပြည်အလုပ်သမား၊ လယ်သမားပါတီ' (BWPP)စတင်တည်ထောင်သူ ခေါင်းဆောင်တစ်ဦးဖြစ်။ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း ထင်ရှားသည့် 'ပမညတ' (NUF)ခေါင်းဆောင်။ ၁၉၈၈ အရေးအခင်းတွင် လက်ဝဲခေါင်းဆောင်တစ်ဦးအဖြစ် ပြန်လည်ပေါ်ထွက်လာခဲ့။ ၁၉၈၈ အရေးအခင်းပြီးနောက် အသစ်ဖွဲ့စည်းလိုက်သော 'အမျိုးသားပြန်လည်တည်ဆောက်ရေး ဒီမိုကရက်တစ်တပ်ဦး'၏ ဥက္ကဋ္ဌ။

## ဂိုရှယ် အိုပ်ချ်အင် (ခေါ်) ရဲဘော်ဘတင်

မြန်မာပြည်ပေါက် ဘင်္ဂါလီလူမျိုး။ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရ။ ၁၉၃၉ CPB စတင်ထူထောင်စဉ်ကပင် ပါဝင်ခဲ့သူတစ်ဦးဖြစ်။ ဂျပန်အဝင်တွင် အိန္ဒိယသို့ ထွက်သွားပြီး အိန္ဒိယကွန်မြူနစ်ပါတီဝင် ဖြစ်ခဲ့။ ဒုတိယကမ္ဘာစစ်အပြီးတွင် မြန်မာနိုင်ငံသို့

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာပြီး 'ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂကွန်ဂရက်' ကို စည်းရုံးဖွဲ့စည်းခဲ့။ ၁၉၄၆ တွင် CPB ၏ ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်လာ။ 'သပိတ်စုံ သူပုန်ထ' လမ်းစဉ်ကို ရပ်ခံတင်ပြခဲ့သူဖြစ်။ သို့တစေ ၁၉၄၈ မတ်လတွင် ပါတီနှင့် အတူ တောခိုခဲ့။ တောထဲရောက်ပြီး မကြာမီမှာပင် ဗဟိုကော်မတီမှ ခေတ္တဖယ်ရှားခံရ။ နောက်ပိုင်းရောက်မှ ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုပြန်ဖြစ်။ ပဲခူးရိုးမပါတီတွင်း တိုက်ပွဲတွင် 'ဗမာလျူရှောက်ချီ' တံဆိပ်ကပ်ခံခဲ့ရပြီး ၁၉၆၇ ဇွန် ၁၈ ရက်တွင် အသတ်ခံခဲ့ရ။

## ဌေး (ရဲဘော်)

စစ်ကိုင်းဇာတိ၊ ဒုတိယကမ္ဘာစစ်အတွင်း CPB နှင့် ဆက်သွယ်ခဲ့။ ၁၉၄၅ ဒုတိယကွန်ဂရက်တွင် ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံရ။ ၁၉၅၀ ပြည့်လွန်နှစ်များက 'ငြိမ်းချမ်းရေးညွှန့်ပေါင်းအစိုးရလမ်းစဉ်' ကို စတင်ဖော်ထုတ်ခဲ့သူတစ်ဦးဖြစ်။ ၁၉၅၅ နောက်ပိုင်းတွင် ပေါလစ်ဗျူရိုအဖွဲ့ဝင်နှင့် ဗဟိုကော်မတီအတွင်းရေးမှူးဖြစ်လာ။ ၁၉၆၃ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် CPB ပဏာမငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်ပြီး ရန်ကုန်ရောက်လာခဲ့။ ပဲခူးရိုးမပါတီတွင်း တိုက်ပွဲတွင် 'ဗမာတိန့်ရှောက်ပင်း' အဖြစ် တံဆိပ်ကပ်ခံခဲ့ရ။ ၁၉၆၇ ဇွန် ၁၈ ရက်နေ့တွင် ဂိုရှယ်နှင့်အတူ အသတ်ခံခဲ့ရ။

## ခင်မောင်ကြီး (ရဲဘော်)

၁၉၂၇ ခုနှစ်တွင်မွေး။ ရန်ကုန် စမ်းချောင်းဇာတိ။ ဖခင်မှာ 'ရန်ကုန်ဖွံ့ဖြိုးရေးထရပ်စ်'မှ မြေစာရင်းစစ်ဆေးရေးအရာရှိ။ ၁၉၄၄ ခုနှစ်တွင် အရှေ့အာရှလူငယ်များအစည်းအရုံးတွင် အလုပ်လုပ်နေရင်း ဂျပန်ဆန့်ကျင်ရေး အင်အားစုများနှင့် ချိတ်ဆက်မိ။ ၁၉၄၅ ခုနှစ် ကုန်ခါနီးတွင် CPB အဖွဲ့ဝင်ဖြစ်လာ။ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်အငယ်တန်းဆေးကောလိပ်မှ ဒုတိယနှစ် အမ်ဘီ အောင်မြင်ခဲ့။ 'ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ' (ABSU) အမှုဆောင်အဖွဲ့ဝင်ဖြစ်။ ပရတ်မြို့ အခြေစိုက် 'နိုင်ငံတကာ ကျောင်းသားသမဂ္ဂ' (IUS) တွင် (ABSU) ကိုယ်စားလှယ်အဖြစ် အမည်စာရင်း တင်သွင်းခံရ။ ၁၉၅၀ တွင် IUS တွင် တာဝန်ယူရန် ချက်ကိုစလိုဗားကီးယားနိုင်ငံသို့ သွားဖို့ ကြိုးစားခဲ့သော်လည်း ငွေကြေးမလုံလောက်၍ ကာလကတ္တားမှ လှည့်ပြန်ခဲ့ရ။ ရန်ကုန်ပြန်အရောက်တွင် ပြည်ရှိ CPB တပ်ဖွဲ့များနှင့် ဆက်သွယ်တောခိုခဲ့။ ၁၉၅၃ တွင် တရုတ်ပြည်သို့ ထွက်ခွာ။ ၁၉၅၇ ခုနှစ်အထိ ပေကျင်းမြို့ အဆင့်မြင့်ပါတီသင်တန်းကျောင်းတွင် မတ်ခ်ဝါဒ၊ လီနင်ဝါဒကို လေ့လာခဲ့။ ထို့နောက် မော်စကိုသို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး မတ်ခ်ဝါဒ၊ လီနင်ဝါဒကို ၁၉၅၇ မှ ၁၉၆၀ အထိ ဆက်လက်လေ့လာ။ ၁၉၆၁ မှ ၁၉၆၃ အထိ မော်စကို လူမှုသိပ္ပံအကယ်ဒမီတွင် တက်ရောက်ပညာသင်။ ဤကျောင်းမှာပင် 'ဗမာပြည် မြေယာပြဿနာများ' စာတမ်းကို ပြုစုခဲ့။ ကျောင်းအပြီးတွင် မော်စကိုအခြေစိုက် 'ကမ္ဘာ့စီးပွားရေးအင်စတီကျူ' မှာ လအနည်းငယ်မျှ အလုပ်လုပ်ခဲ့။ ၁၉၆၃ တွင် ပေကျင်းသို့ပြန်လာပြီး သခင်ဗသိန်းတင်၏ ကိုယ်ရေးအတွင်းရေးမှူးဖြစ်လာ။ ၁၉၆၃ နိုဝင်ဘာတွင် ပေကျင်းမှာ ဖွဲ့စည်းခဲ့သည့် 'ခေါင်းဆောင်မှု ငါးဦးအဖွဲ့' မှ အဖွဲ့ဝင်တစ်ဦးဖြစ်။ ၁၉၆၅ ခုနှစ်တွင် ဟန္နွိုင်းသို့ သွားရောက်ခဲ့။ ၁၉၆၇ တွင် တီရာနာမြို့မှာ ကျင်းပသည့် အယ်လ်ဘေးနီးယား အလုပ်သမားပါတီ၏ ပဉ္စမအကြိမ် ကွန်ဂရက်သို့ သခင်ဖေတင့်နှင့်အတူ တက်ရောက်ခဲ့။ ၁၉၆၈ ဇန်နဝါရီ ၁ ရက်နေ့က တရုတ်ပြည်မှ မြန်မာနိုင်ငံထဲသို့ ဝင်ရောက်ခဲ့သော ပထမဆုံး CPB တပ်ဖွဲ့တွင် ဒုတိယနိုင်ငံရေးမှူးအဖြစ် တာဝန်ယူခဲ့။ ၁၉၇၅ ခုနှစ်တွင် ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်လာ။ ၁၉၇၅ မှ တတိယကွန်ဂရက် ကျင်းပခဲ့သော ၁၉၈၅ အထိ CPB ၏ ဒုတိယ ဒုဥက္ကဋ္ဌဖြစ်။ ၁၉၈၀ မှ ၁၉၈၄ အထိ အလယ်ပိုင်းဗျူရို နိုင်ငံရေးမှူးအဖြစ် တာဝန်ယူ။ တတိယ ပါတီကွန်ဂရက်တွင် ဗဟိုကော်မတီ အတွင်းရေးမှူးဖြစ်လာ။ ၁၉၈၉ တပ်တွင်းပုန်ကန်မှု ပေါ်ထွက်လာသောအခါ တရုတ်ပြည်သို့ ထွက်ပြေးခဲ့။ ၁၉၆၀ ပြည့်လွန်နှစ်များလောက်မှစ၍ CPB ၏ အဓိက သီအိုရီသမား ဖြစ်လာခဲ့။

## ကျော်မြ (ရဲဘော်)

၁၉၁၅ ခုနှစ်တွင်မွေး။ ရခိုင်ပြည်နယ် ပလက်ဝ ဇာတိ။ ၁၉၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ရောက်။ ၁၉၄၀ တွင် ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာ (ဂုဏ်ထူး) ဖြင့် ဘီအေဘွဲ့ရ။ ဒုတိယကမ္ဘာစစ် ဖြစ်သည်အထိ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ပိုင်အဖြစ် အစိုးရအလုပ် လုပ်ခဲ့။ ဂျပန်တော်လှန်ရေးတွင် ပါဝင်။ ၁၉၄၆ တွင် CPB နှင့် ဆက်သွယ်။ ၁၉၄၆ မှ ၁၉၅၁ အထိ စစ်တွေခရိုင် ပါတီကော်မတီ အတွင်းရေးမှူး တာဝန်ယူ။ ၁၉၅၁ မှ ၁၉၇၉ အထိ ရခိုင်ပြည်နယ်၏ အဓိကကွန်မြူနစ်ခေါင်းဆောင်ဖြစ်။ ၁၉၅၅ တွင် အရန် ဗဟိုကော်မတီဝင်ဖြစ်လာ။ ၁၉၇၅ တွင် ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်။ ၁၉၇၉ တွင် ရခိုင်မှ ဘင်္ဂလားဒေ့ရှ်သို့ထွက်။ ထို့နောက် ဒက္ကား၊ ကရာချိမှ ပေကျင်းအထိ လေယာဉ်ဖြင့် ခရီးဆက်ပြီး တရုတ်ပြည်မှတစ်ဆင့် ပန်ဆန်းသို့ရောက်။ ၁၉၈၉ တပ်တွင်းပုန်ကန်မှု မစမီလေးမှာပင် တရုတ်ပြည်တွင် အခြေချနေထိုင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



## ကျော်ဇော ဗိုလ် (ခေါ်) သခင်ရွှေ

၁၉၁၉ ခုနှစ်တွင် မွေး။ သာယာဝတီခရိုင် သုံးဆယ်မြို့နယ် ဆိုင်းစုရွာဇာတိ။ တို့ဗမာအစည်းအရုံးတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့။ ၁၉၄၁ တွင် စစ်ပညာသင်ကြားရန် ဂျပန်သို့ သွားခဲ့ကြသော ရဲဘော်သုံးကျိပ်မှ အဖွဲ့ဝင်တစ်ဦးဖြစ်။ ၁၉၄၅ ဂျပန်တော်လှန်ရေးတွင် 'မြန်မာအမျိုးသားတပ်မတော်' (BNA) တိုင်း ၄ ၏ တာဝန်ခံတပ်မှူး၊ ၁၉၄၄ တွင် CPB အဖွဲ့ဝင်ဖြစ်လာ။ ၁၉၄၅ ဇူလိုင် ဒုတိယကွန်ဂရက်တွင် ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံရ။ သို့တစေ ပါတီလှုပ်ရှားမှုများတွင် မပါဝင်ခဲ့။ လွတ်လပ်ရေးရပြီးသည်မှ ၁၉၅၂ အထိ မြန်မာ့တပ်မတော်တွင် တောင်ပိုင်း တိုင်းမှူး၊ ထို့နောက် မြောက်ပိုင်းတိုင်းမှူး တာဝန်များ ထမ်းဆောင်ခဲ့။ ရှမ်းပြည်နယ်တွင် ဖြစ်ပွားခဲ့သော ကူမင်တန် (တရုတ်ဖြူ) နှင့် တိုက်ပွဲများကို ဦးဆောင်ခဲ့သူဖြစ်။ CPB သို့ စစ်သတင်းများ လျှို့ဝှက်ပို့ပေးခဲ့သည်ဆိုသော စွပ်စွဲချက်ကြောင့် ၁၉၅၆ တွင် တပ်မတော်မှ ထွက်ခဲ့ရ။ ၁၉၅၇ ဇူလိုင်လ ၇ ရက်တွင် တပ်မတော်မှ တရားဝင် ထုတ်ပစ်။ ထိုစဉ်မှ ၁၉၇၆ အထိ ရန်ကုန်မြို့ စမ်းချောင်းရပ်ကွက်တွင် အငြိမ်းစားအဖြစ် နေထိုင်ခဲ့။ ၁၉၇၆ ဇူလိုင်တွင် မန်ဟီးရိုးမှ CPB အခြေခံဒေသသို့ရောက်လာ။ တတိယကွန်ဂရက်တွင် ဗဟိုကော်မတီဝင်အဖြစ် ပြန်လည်ရွေးချယ်ခံရ။ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် CPB တပ်များ၏ ဒုတိယစစ်ဦးစီးချုပ်ဖြစ်။ ၁၉၈၉ တပ်တွင်းပုန်ကန်မှုတွင် တရုတ်ပြည်သို့ ထွက်ပြေးခဲ့။

## ကြင်မောင် ဗိုလ် (ခေါ်) ရဲဘော်ထွန်း

၁၉၂၄ ခုနှစ်မွေး။ စစ်ကိုင်းဇာတိ။ ၁၉၄၂ တွင် 'ဗမာ့လွတ်လပ်ရေးတပ်မတော်' (BIA) နှင့် ဆက်သွယ်။ ၁၉၄၃ တွင် CPB နှင့် ဆက်သွယ်။ ရဲဘော်စိုးသိမ်းနှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်။ ၁၉၄၈ မတ်လတွင် တောခို။ ရှမ်းပြည်နယ် ကျောက်ဂူ၊ နောင်လုံ–နောင်ဝိုးဒေသရှိ CPB တပ်ဖွဲ့များ၏ ဒုတိယနိုင်ငံရေးမှူး တာဝန်ယူခဲ့။ ၁၉၇၅ တွင် ဗဟို ကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်လာ။ CPB ၏ ဝါဒဖြန့်ချိရေးနှင့် ပြန်ကြားရေး တာဝန်ခံဖြစ်။ မြေအောက်စည်းရုံးရေး တာဝန်ခံလည်း ဖြစ်။ ၁၉၈၇ အထိ မြောက်ပိုင်း ဗျူရို (မုံးကိုး) တွင် နေထိုင်ခဲ့။ ထို့နောက် ပန်ဆန်းသို့ပြောင်း။ ၁၉၈၉ တပ်တွင်းပုန်ကန်မှုတွင် တရုတ်ပြည်ထွက်ပြေး။

## လကျာ် ဗိုလ် (ခေါ်) သခင်လှဖေ

၁၉၁၁ ခုနှစ်မွေး။ တို့ဗမာအစည်းအရုံးတွင် တက်ကြွစွာ ပါဝင်ခဲ့။ ၁၉၃၉ ဩဂုတ် ၁၅ CPB စတင်ဖွဲ့စည်းစဉ်ကပင် ပါဝင်ခဲ့သူတစ်ဦးဖြစ်။ သို့သော် ပါတီ

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုများတွင်မူ ဘယ်တုန်းကမှ မပါဝင်ခဲ့။ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်။ ၁၉၄၇ ဇူလိုင် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက်တွင် ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဝန်ကြီးနှင့် ဘုရင်ခံ၏ စစ်ဘက်အကြံပေးတာဝန်များ ယူခဲ့ရ။ ၁၉၄၅ ကန္ဒီဆွေးနွေးပွဲတွင် ပါဝင်ခဲ့။ ၁၉၄၈ ခုနှစ်တွင် တာဝန်အားလုံးမှ နုတ်ထွက်ခဲ့ပြီး စီးပွားရေးလုပ်ခဲ့။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် ဦးနု ဦးဆောင်သော ကွန်မြူနစ်မဟုတ်သည့် တော်လှန်ရေးအင်အားစုများနှင့် ဆက်သွယ်ခဲ့။ ၁၉၆၉ ခုနှစ်တွင် အစိုးရကို ပုန်ကန်နေသော 'ပြည်ချစ်လွတ်မြောက်ရေးတပ်မတော်' (PLA) တပ်မှူး၊ ၁၉၇၃ ခုနှစ်တွင် 'ပြည်သူ့ပြည်ချစ်ပါတီ' (PPP) ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ခဲ့။ ၁၉၇၈ နိုဝင်ဘာ ထိုင်းနယ်စပ်တွင် ဖြစ်ပွားခဲ့သော ကရင်လက်နက်ကိုင်များနှင့် တိုက်ပွဲတွင် ကျဆုံးခဲ့။

## လီကျစ်ရှု

တရုတ်လူမျိုး။ ၁၉၄၆ ခုနှစ်တွင်မွေး။ တရုတ်ပြည်၊ ယူနန်ပြည်နယ်၊ ပေါင်ရှန်းဇာတိ။ ၁၉၆၈ ခုနှစ်တွင် ကျန်းကျီမိန်၊ လင်းမိန်ရှန်တို့နှင့်အတူ အပျော်တမ်းတပ်ဖွဲ့ဝင်များအနေနှင့် CPB ကို ဆက်သွယ်ခဲ့။ ၁၉၇၀ မတ်လတွင် CPB အထူးတပ်ဖွဲ့များနှင့် လက်တွဲပြီး ပန်ဆိုင်း (ကြူကုတ်) ကို သိမ်းပိုက်ခဲ့။ CPB ၏ ၇၅၁၀ စီမံချက်အရ ၁၉၇၅ ခုနှစ်တွင် သံလွင်မြစ်ကိုဖြတ်ပြီး နောင် အလယ်ပိုင်းဇုန်ရှိဖြစ်မည့် ဒေသသို့ ဆင်းခဲ့။ ဤဒေသတွင် ၆၈၃ တပ်မဟာလက်အောက်ခံ ၄၀၄၅ တပ်ရင်း၏ နိုင်ငံရေးမှူးတာဝန်ယူခဲ့။ ၁၉၈၀ တွင် အလယ်ပိုင်းဇုန်ရှိတပ်ဖွဲ့များ၏ ဒုတိယစစ်ဦးစီး၊ နောက်အလယ်ပိုင်း ဇုန်ရှိတပ်မှူးဖြစ်လာ။ ၁၉၈၅ တတိယကွန်ဂရက်တွင် အရန်ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံရ။ ၁၉၈၉ တပ်တွင်းပုန်ကန်မှုတွင် ပါဝင်ခဲ့ပြီး ပန်ဆန်းအခြေစိုက် 'ဗမာအမျိုးသား ညီညွတ်ရေးပါတီ' (BNUP) ခေါင်းဆောင်တစ်ဦးဖြစ်လာ။ နောက်ပိုင်းတွင် BNUP ကို 'ညီညွတ်သော ဝ ပြည်နယ်ပါတီ' (UWSP) ဟု အမည်ပြောင်း။

## လွင် (သခင်)

၁၉၁၄ ခုနှစ်မွေး။ ဖီးကုန်းဇာတိ။ ၁၉၃၈ မှ ၁၉၄၁ အထိ 'ရေနံမြေအလုပ်သမား အစည်းအရုံး' အတွင်းရေးမှူးတာဝန်ယူခဲ့။ ၁၉၄၇ တိုင်းပြည်ပြု လွှတ်တော်ရွေးကောက်ပွဲတွင် ပါလီမန်အမတ်ဖြစ်လာ။ ၁၉၄၉ တွင် 'အလုပ်သမားအစည်းအရုံးအဖွဲ့ချုပ်' (ဗမာနိုင်ငံ) ၏ ဥက္ကဋ္ဌဖြစ်။ ၁၉၄၉ တွင် ဖဆပလမှ နုတ်ထွက်ပြီး ၁၉၅၀ တွင် 'ဗမာပြည် အလုပ်သမား၊ လယ်သမားပါတီ' (BWPP) ကို တည်ထောင်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၀ ပြည့်လွန်နှစ်များအတွင်း ပမညတ (NUF) ၏တက်ကြွသော ခေါင်းဆောင်တစ်ဦးဖြစ်။ ၁၉၆၂ ခုနှစ် စစ်ဘက်မှ အာဏာသိမ်းပြီးနောက် နိုင်ငံရေးမြင်ကွင်းမှ ပျောက်ကွယ်သွား။ ၁၉၈၈ လူထုလှုပ်ရှားမှုတွင် နိုင်ငံရေးခေါင်းဆောင်တစ်ဦးအဖြစ် ပြန်လည်ပေါ်ထွက်လာ။ ၁၉၈၈ အောက်တိုဘာ ၄ ရက်က မှတ်ပုံတင်ခဲ့သော ပြည်သူ့ဒီမိုကရေစီပါတီ၏ ဥက္ကဋ္ဌ။

## မြင့် (ခွန်)

ရှမ်းအမျိုးသား၊ တရုတ်ပြည်၊ ယူနန်ပြည်နယ် မုန်းမန်တွင် ၁၉၃၀ ပြည့်နှစ်က မွေး။ ၁၉၃၅ တွင် မြန်မာနိုင်ငံ ရှမ်းပြည်နယ် မုန်းယန်းသို့ ပြောင်းရွှေ့နေထိုင်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့။ ၁၉၆၁ ခုနှစ်တွင် ရှမ်းလက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်သွယ်မိပြီး ကျိုင်းတုံအခြေစိုက် 'ရှမ်းအမျိုးသားတပ်မတော်' (SNA) ၏ ဒေသခံတပ်မှူးဖြစ်လာ။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ထိုင်းနယ်စပ်တွင် အခြေခံလှုပ်ရှားခဲ့။ ၁၉၇၁ ခုနှစ်တွင် 'ရှမ်းပြည်နယ် တပ်မတော်' (SSA) နှင့်ပေါင်းခဲ့ပြီး ရှမ်းပြည်အရှေ့ခြမ်း၏ တပ်မှူးဖြစ်လာ။ ၁၉၇၄ တွင် 'ရှမ်းပြည်သူ့လွတ်မြောက်ရေးတပ်မတော်' (SPLA) ကို ဖွဲ့စည်းပြီး CPB နှင့် မဟာမိတ်ဖွဲ့။ ၁၉၇၆ ဩဂုတ်တွင် SPLA မှာ CPB ၏ ၇၆၈ တပ်မဟာဖြစ်လာ။ မုန်းယန်းအရှေ့ခြမ်းဒေသ ဆားလွယ်တွင် အရပ်ဘက် အုပ်ချုပ်ရေးမှူး တာဝန်ယူခဲ့သော်လည်း ကွန်မြူနစ်ပါတီဝင် မဟုတ်ခဲ့။ ၁၉၈၉ တပ်တွင်းပုန်ကန်မှုတွင် ပါဝင်။

## မျိုးမြင့် ဗိုလ် (ခေါ်) ရဲဘော်အောင်

၁၉၂၄ ခုနှစ်မွေး။ သာယာဝတီခရိုင် လက်ပံတန်းဇာတိ။ ဇာတိမြို့ ကျောင်းသားလှုပ်ရှားမှုတွင် တက်ကြွစွာ ပါဝင်ခဲ့။ ၁၉၄၂ ခုနှစ်တွင် 'ဗမာ့ကာကွယ်ရေးတပ်မတော်' (BDA) သို့ဝင်။ ဂျပန်ခေတ် စစ်တက္ကသိုလ် အရာရှိသင်တန်းတွင် တက်ရောက်ခဲ့။ ၁၉၄၃ ခုနှစ်တွင် CPB နှင့် ဆက်သွယ်။ ၁၉၄၈ တွင် CPB ဗဟိုကော်မတီဝင်ဖြစ်လာ။ ၁၉၄၈–၁၉၅၃ ပျဉ်းမနားဒေသ ပုန်ကန်ထကြွမှုများတွင် သခင်ဖေတင့်နှင့် တွဲဖက်ပါဝင်။ CPB ၏ တိုင်း ၃ (ပဲခူးရိုးမတောင်ခြမ်း၊ ပဲခူး၊ ဟံသာဝတီ၊ ရန်ကုန်ဒေသ) တွင် နိုင်ငံရေးမှူးအဖြစ် တာဝန်ယူခဲ့။ ၁၉၅၃–၁၉၆၇ တွင် CPB ၏ မြောက်ပိုင်းတိုင်း (မြစ်ဖျားဒေသတိုင်း) ဥက္ကဋ္ဌ တာဝန်ယူ။ ၁၉၆၇–၇၁ တွင် ပဲခူးရိုးမသို့ ပြန်ရောက်။ ၁၉၇၁–၇၅ တွင် ရှမ်းပြည်နယ် ပအိုဝ့်အမျိုးသားလှုပ်ရှားမှုနှင့် ချိတ်ဆက်လှုပ်ရှားခဲ့။ ၁၉၇၅ တွင် ပေါလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်လာ။ ၁၉၇၅ မှ ၁၉၈၇ အထိ မြောက်ပိုင်းဗျူရို (မုံးကိုး) တွင် ဗျူရို နိုင်ငံရေးမှူးအဖြစ် တာဝန်ယူခဲ့။

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၇ တွင် ပန်ဆန်းသို့ ပြန်ရောက်။ ၁၉၈၉ တပ်တွင်းပုန်ကန်မှုတွင် တရုတ်ပြည်ဘက်သို့ ထွက်ပြေး။

## နတ်ဂ် ဒေါက်တာ (ခေါ်) ရဲဘော်ထွန်းမောင်

ဘင်္ဂါလီလူမျိုး။ မြန်မာနိုင်ငံ ကွန်မြူနစ်လှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့သူတစ်ဦးဖြစ်။ CPB ဗဟိုဆေးအဖွဲ့ကို ဦးဆောင်။ ကွန်မြူနစ်ပါတီ ထိပ်ပိုင်းခေါင်းဆောင်စုတွင် တစ်ဦးတည်းသော ဆရာဝန်ဖြစ်။

## နော်ဆိုင်း (ဗိုလ်)

ကချင်အမျိုးသား။ ၁၉၂၂ ခုနှစ်တွင် မွေး။ ရှမ်းပြည်နယ် လားရှိုးမြို့နယ် မန်ပင်လှိုင်ကျေးရွာဇာတိ။ ဗမာ့နယ်ခြားတပ်၊ လားရှိုးတပ်ရင်းနှင့် ဆက်သွယ်ပြီး ဗြိတိသျှစစ်တပ်ထဲသို့ ရောက်လာ။ ဒုတိယကမ္ဘာစစ်အတွင်း ကချင်တောင်တန်းများပေါ်တွင် ဂျပန်တပ်များကို ဦးဆောင်တိုက်ခိုက်ခဲ့။ ဗြိတိသျှတို့ ဖွဲ့စည်းပေးသော မြောက်ပိုင်းကချင်လဲဗီးတပ်တွင် ဂျမေဒါအဖြစ် တာဝန်ယူခဲ့။ ဂျပန်ခုခံရေးတိုက်ပွဲများတွင် သူ၏စစ်ရေးစွမ်းဆောင်ရည်များကြောင့် ဗြိတိသျှအစိုးရ ချီးမြှင့်သော သူရဲကောင်းတံဆိပ်ကိုနှစ်ကြိမ်တိတိ ချီးမြှင့်ခံခဲ့ရ။ ၁၉၄၆ ပထမ ကချင်ရိုင်ဖယ်တွင် ဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့။ ၁၉၄၈ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် CPB တပ်ဖွဲ့များကို တိုက်ခိုက်ခဲ့။ ၁၉၄၉ ဖေဖော်ဝါရီတွင် သူ၏တပ်ရင်းနှင့်အတူ ကရင်လက်နက်ကိုင်အင်အားစုများနှင့် ပူးပေါင်းသွား။ ထိုစဉ်က သူပုန်တပ်ပေါင်းစု၏ 'အထက်ဗမာပြည်စစ်ဆင်ရေး' တွင် အဓိကတပ်မှူးဖြစ်လာ။ ၁၉၄၉ နိုဝင်ဘာတွင် ဗမာပြည်၏ ပထမဆုံး ကချင်သူပုန်တပ်မတော်ဖြစ်သည့် 'ပေါင်ယောင် အမျိုးသားကာကွယ်ရေးတပ်ဖွဲ့' (PNDP) ကို ဖွဲ့စည်းခဲ့။ ၁၉၅၀ ဧပြီတွင် ရှမ်းပြည်မြောက်ပိုင်း မုံးကိုးမှတစ်ဆင့် တရုတ်ပြည်ထဲသို့ ဆုတ်ခွာသွား။ သူ၏ ရာဂဏန်းမျှရှိသော အဖွဲ့ဝင်များနှင့်အတူ တရုတ်ပြည်ကွေ့ကျိုးပြည်နယ်တွင် ၁၉၆၈ အထိ တရားမဝင်နိုင်ငံရေးခိုလှုံသူအဖြစ် နေထိုင်ခဲ့။ ၁၉၆၈ ဇန်နဝါရီ ၁ ရက်တွင် မြန်မာပြည်ထဲသို့ ထိုးဖောက်ဝင်ရောက်ခဲ့သော ပထမဆုံး CPB တပ်ဖွဲ့၏ ဒုတိယတပ်မှူးအဖြစ် တာဝန်ယူခဲ့။ ၁၉၆၉ စက်တင်ဘာတွင် CPB အရှေ့မြောက်စစ်ဒေသ၏ တပ်မှူးဖြစ်လာ။ ၁၉၇၂ မတ်လတွင် ဝ တောင်တန်းများထက်တွင် အမဲလိုက်ရင်း ချောက်ထဲကျ၊ ကွယ်လွန်သည်ဟုဆို. . .။

## နွမ်ပန် (စိုင်း)

ရှမ်းအမျိုးသား။ ၁၉၄၀ ခုနှစ်တွင်မွေး။ ရှမ်းပြည်အရှေ့ပိုင်း မုန်းယန်းဇာတိ။ ရိုမင်ကက်သလစ်ကျောင်းနှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့။ ၁၉၆၂၊

www.burmeseclassic.com

www.burmeseclassic.com



၇ ရက် ဇူလိုင်လှုပ်ရှားမှုတွင် ပါဝင်ခဲ့။ ၁၉၆၇ တွင် ကျိုင်းတုံမှ ရှမ်းအမျိုးသား တပ်မတော် (SNA)နှင့် ဆက်သွယ်တောခိုး။ လာအိုစစ်ပွဲတွင် CIAမှ ငှားရမ်းအသုံး ပြုခဲ့သော စစ်သားအဖြစ် ပါဝင်တိုက်ခိုက်ခဲ့။ ရှမ်းပြည်နယ်သို့ ပြန်ရောက်လာပြီး ခွန်မြင့်၏လက်အောက်တွင် တပ်မှူးအဖြစ်' တာဝန်ယူ။ ၁၉၇၆ ခုနှစ် ဩဂုတ်လက ဖွဲ့စည်းခဲ့သော CPB ၏ ၇၆၈ တပ်မဟာတွင် တပ်မှူးဖြစ်လာ။ သို့တစေ ဘယ်တုန်း ကမှ ကွန်မြူနစ်ပါတီဝင် မဖြစ်ခဲ့။ သူ၏လက်ထောက်မှာ ရှမ်း–ဝလ သူပုန်တပ်မှူး စောခွန်ဆာ ခေါ် မိုက်ကယ်ဒေးဗစ် ဖြစ်။ ၁၉၈၉ ဧပြီ တပ်တွင်းပုန်ကန်မှုတွင် ပါဝင် ခဲ့။ ၁၉၈၉ မေတွင် သူ၏လက်ထောက် မိုက်ကယ်ဒေးဗစ် လုပ်ကြံခံရ။ တပ်မတော် အစိုးရနှင့် ညှိနှိုင်းဆွေးနွေးမှုများတွင် ပြေလည်မှုမရခဲ့။ ၁၉၉၀ ဧပြီတွင် ကိုယ့်ကိုယ် ကိုယ် သတ်သေသွားခဲ့။

## ဖေတင့် (သခင်)

၁၉၁၆ ခုနှစ်တွင် မွေး။ သထုံဇာတိ။ သို့သော် ပျဉ်းမနားနှင့် တောင်ငူကြား ရေနီတွင် ကြီးပြင်းအရွယ်ရောက်။ ၁၉၃၀ ပြည့်လွန်နှစ်များအတွင်း အမျိုးသားရေး လှုပ်ရှားမှုများတွင် ပါဝင်ခဲ့။ ဂျပန်ခေတ် ဒေါက်တာဘမော် ရုပ်သေးအစိုးရတွင် အတွင်း ဝန်အဖြစ် ဆောင်ရွက်ရင်း ဂျပန်ဆန့်ကျင်ရေးအင်အားစုများနှင့် ဆက်သွယ်။ ထိုစဉ်က ကချင်တောင်တန်းများတွင် လှုပ်ရှားနေသော မဟာမိတ် (အမေရိကန်) ၁၀၁ တပ်ဆွယ် နှင့် အဆက်အသွယ်ရယူနိုင်ရန် ဗန်းမော်သို့ တာဝန်ပေး စေလွှတ်ခံခဲ့ရ။ ဒုတိယကမ္ဘာ စစ်အပြီးတွင် ပျဉ်းမနားဒေသ ပါတီအတွင်းရေးမှူးဖြစ်လာ။ ၁၉၄၈ မတ်လတွင် တော ခို။ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း ပထမ ပျဉ်းမနားဒေသ၊ နောက် ပဲခူးရိုးမတို့တွင် လယ်သမားစည်းရုံးရေး တာဝန်ယူခဲ့။ ၁၉၆၅ တွင် ပေကျင်းရောက် ကွန်မြူနစ်ခေါင်း ဆောင်များနှင့် ပြည်တွင်းဗဟိုကော်မတီကြား ဆက်ဆံရေး အခိုင်အမာထူထောင်ရန် အတွက် တရုတ်ပြည်သို့ တာဝန်ပေး စေလွှတ်ခံရ။ ၁၉၆၇ တွင် အယ်လ်ဘေးနီးယား အလုပ်သမားပါတီ၏ (၅) ကြိမ်မြောက် ကွန်ဂရက်ကို ရဲဘော်ခင်မောင်ကြီးနှင့်အတူ တက်ရောက်။ ၁၉၇၅ တွင် CPBပထမ ဒုတိယဥက္ကဋ္ဌဖြစ်လာ။ ၁၉၇၈ အထိ သခင် ဗသိန်းတင်နှင့်အတူ တရုတ်ပြည်မှာပင် နေထိုင်ခဲ့။ ၁၉၇၈ ၌ ဗဟိုရုံးနှင့်အတူ ပန်ဆန်း သို့ ပြောင်းရွှေ့။ ၁၉၈၆ တွင် ဆေးကုသခံယူရန် တရုတ်ပြည်သို့ ထွက်သွား။

## ဖုန်ကျားရှင်း

ကိုးကန့် တရုတ်လူမျိုး။ ၁၉၆၀ ပြည့်လွန်နှစ်များက ဂျင်မီယန်းဦးဆောင်သော 'ကိုးကန့် တော်လှန်ရေးတပ်ဖွဲ့'တွင် အရာရှိတစ်ဦးအဖြစ် ပါဝင်ခဲ့။ ၁၉၆၇ ဇူလိုင်လက

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ပြည်တွင် CPB ကေဒါများနှင့် ဆက်သွယ်မိပြီး လက်နက်ခဲယမ်း အကူအညီပေးမည်ဆိုသော ကတိရခဲ့။ ထိုသည်၏နောက် မကြာမီမှာပင် ညီဖြစ်သူ ဖုန်ကျားဖုနှင့်အတူ ပေကျင်းသို့ ထွက်ခွာသွားခဲ့။ ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် 'ကိုးကန့်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်'၏ တပ်မှူးအဖြစ် တရုတ်ပြည်မှ ကိုးကန့်နယ်ထဲသို့ ပြန်လည်ဝင်ရောက်ခဲ့။ ထိုနှစ် ဩဂုတ်မှာပင် သူ၏ 'ကိုးကန့်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်'မှာ CPB တပ်များနှင့် တရားဝင်ပူးပေါင်းသွားခဲ့။ ကိုးကန့်အရပ်ဘက်အုပ်ချုပ်ရေးကို ဦးဆောင်ခဲ့သူဖြစ်သည့်တိုင် ကွန်မြူနစ်ပါတီကို ဘယ်တုန်းကမှ မဝင်ခဲ့။ ၁၉၈၉ မတ်လ တပ်တွင်းပုန်ကန်မှုကို ညီဖြစ်သူ ဖုန်ကျားဖုနှင့် လက်တွဲစတင်ဦးဆောင်ခဲ့သူဖြစ်။

## စိုး (သခင်)

၁၉၀၅ ခုနှစ်ကမွေး။ မော်လမြိုင်ဇာတိ။ Burmah ရေနံကုမ္ပဏီတွင် ဝန်ထမ်းအဖြစ် အလုပ်လုပ်ခဲ့။ ၁၉၃၀ ပြည့်လွန်နှစ်များအတွင်း တို့ဗမာအစည်းအရုံးဝင်ဖြစ်လာ။ ဗမာပြည်ကွန်မြူနစ်ပါတီကို စတင်တည်ထောင်ခဲ့သူတစ်ဦးဖြစ်။ ၁၉၄၃–၄၅ က ဖျာပုံခရိုင်တွင် ဂျပန်ဆန့်ကျင်ရေး ပြောက်ကျားတပ်ဖွဲ့များကို စည်းရုံးဖွဲ့စည်းခဲ့။ ၁၉၄၆ ဩဂုတ်တွင် ပင်ရင်း CPB မှ ခွဲထွက်ပြီး 'ကွန်မြူနစ်ပါတီ (ဗမာပြည်) သို့မဟုတ် အလံနီပါတီကို ထူထောင်ခဲ့။ ထိုစဉ်လောက်မှစ၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် မြေအောက်ဆင်းသွားခဲ့။ ၁၉၇၀ နိုဝင်ဘာလက ရခိုင်ရိုးမအနီး စခန်းတစ်ခုတွင် မြန်မာ့တပ်မတော်က ဖမ်းဆီးရမိ။ နိုင်ငံတော်ပုန်ကန်မှုဖြင့် သေဒဏ်ကျခဲ့သော်လည်း ၁၉၈၀ လွတ်ငြိမ်းချမ်းသာခွင့်တွင် ပြန်လွတ်လာ။ ၁၉၈၈ လှုပ်ရှားမှုတွင် နိုင်ငံရေးလောကသို့ ပြန်ရောက်။ ၁၉၈၈ စက်တင်ဘာလက မှတ်ပုံတင်ခဲ့သော 'ညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ' ၏ နာယကဖြစ်။ ၁၉၈၉ မေလ ၄ ရက်တွင် ရန်ကုန်မြို့မှာ ကွယ်လွန်။

## စိုးသိန်း (ရဲဘော်)

၁၉၂၅ ခုနှစ်တွင်မွေး။ စစ်ကိုင်းဇာတိ။ ၁၉၄၂ တွင် 'ဗမာ့လွတ်လပ်ရေးတပ်မတော်' (BIA)သို့ဝင်။ ၁၉၄၃ တွင် CPB နှင့်ဆက်။ အစ်ကိုဝမ်းကွဲ ဗိုလ်ကြင်မောင်နှင့်အတူ အထက်ဗမာပြည်တွင် ဂျပန်တပ်များကို တိုက်ခိုက်ခဲ့။ ၁၉၄၈ မတ်လတွင် CPB နှင့်အတူ တောခို။ ၁၉၅၀ တွင် 'မိတ္ထီလာ၊ မန္တလေး၊ ကျောက်ဆည်ဒေသ CPB တပ်မဟာ၏ တပ်မှူး၊ ကျောက်ဆည်ခရိုင် ပါတီကော်မတီ ဒုတိယအတွင်းရေးမှူးတာဝန်များယူခဲ့။ ၁၉၅၀ ဧပြီတွင် ပဲခူးရိုးမသို့ရောက်။ ၁၉၅၁ တွင် တရုတ်ပြည်သို့သွား။ ၁၉၆၈ အရှေ့မြောက်စစ်ဒေသ ဖွဲ့စည်းချိန်မတိုင်မီထိ တရုတ်ပြည် စီချွမ်ပြည်နယ်

www.burmeseclassic.com



တွင် ရှိနေခဲ့။ ၁၉၆၈ အရှေ့မြောက်ဒေသသို့ ဝင်ရောက်ခဲ့သော ပထမဆုံး CPB တပ်ဖွဲ့၏ နိုင်ငံရေးမှူးဖြစ်။ ၁၉၆၉ စက်တင်ဘာတွင် အရှေ့မြောက်စစ်ဒေသ၏ ဒုတိယနိုင်ငံရေးမှူးဖြစ်လာ။ ၁၉၇၅ တွင် ဗဟိုကော်မတီဝင်ဖြစ်။ ၁၉၈၅ တွင် အရှေ့မြောက်စစ်ဒေသ၏ နိုင်ငံရေးမှူး။ ၁၉၈၉ ဧပြီ တပ်တွင်းပုန်ကန်မှုတွင် သူပုန်တပ်ဖွဲ့များ၏ အဖမ်းခံခဲ့ရ။ နောက် ပြန်လွှတ်ပေး၍ တရုတ်ပြည်ရောက်သွား။

## တိုက်အောင် (မိုလ်)

ပဲခူးခရိုင်၊ ဝေါဇာတိ။ လယ်သမားမိသားစုမှ ဆင်းသက်လာသူဖြစ်။ ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့။ ၁၉၄၀ ပြည့်လွန်နှစ်များအတွင်း CPB နှင့် ဆက်သွယ်။ ၁၉၅၃ တွင် တရုတ်ပြည်သို့ရောက်။ ၁၉၅၃ မှ ၁၉၆၃ ထိ စီချွမ်ပြည်နယ်တွင် ရှိနေခဲ့။ ၁၉၆၃ ငြိမ်းချမ်းရေးဆွေးနွေးပွဲကာလတွင် မြန်မာပြည် ပြန်ရောက်လာကြသော 'ပီကင်းပြန်များ' ထဲမှ တစ်ယောက်ဖြစ်။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ပဲခူးရိုးမ ဖြတ်–ထုတ်–သတ် အရေးအခင်းများတွင် ဦးဆောင်ပါဝင်ခဲ့။ ၁၉၆၉ တွင် အရှေ့မြောက်စစ်ဒေသသို့ ပြန်သွား။ ၁၉၇၅ တွင် ဗဟိုကော်မတီအဖွဲ့ဝင်ဖြစ်လာ။ ပန်ဆန်းလုံခြုံရေးတပ်ဖွဲ့များ၏ တပ်မှူး၊ အရှေ့မြောက်စစ်ဒေသ၊ ဒုတိယတပ်မှူး တာဝန်များယူခဲ့။ ၁၉၈၀ တွင် ရဲဘော်ခင်မောင်ကြီးနှင့်အတူ အလယ်ပိုင်းဇုန်ရှိသို့ ပြောင်းရွှေ့ပြီး ဇုန်ရှိတပ်မှူးအဖြစ် တာဝန်ယူ။ ၁၉၈၃ တွင် လေဖြတ်သွား၍ ပန်ဆန်းသို့ ပြန်သွား။ ထို့နောက် ဆေးကုသခံရန် တရုတ်ပြည်သို့ရောက်။ CPB တွင် သဘောထား တင်းမာသူတစ်ဦးအဖြစ် ယူဆခံရသူဖြစ်။

## သန်းမြိုင် (သခင်)

တို့ဗမာအစည်းအရုံးမှ တက်ကြွသော သခင်တစ်ဦးဖြစ်။ ဂျပန်ခေတ် ဒေါက်တာဘမော်အစိုးရတွင် ရေဒီယို ဝါဒဖြန့်ချိရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့။ ၁၉၄၅ ဒုတိယကွန်ဂရက်တွင် CPB ၏ ဗဟိုကော်မတီအဖွဲ့ဝင်ဖြစ်လာ။ ၁၉၅၃ တွင် ပေါလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်။ ၎င်းနှစ် (၁၉၅၃) မှာပင် တရုတ်ပြည်သို့ ထွက်သွား။ တရုတ်ပြည် စီချွမ်ပြည်နယ်တွင် နေထိုင်ခဲ့။ ၁၉၆၃ နိုဝင်ဘာလက တရုတ်ပြည်တွင် ဖွဲ့စည်းခဲ့သော 'ခေါင်းဆောင်စု ငါးဦးအဖွဲ့'၏ အဖွဲ့ဝင်တစ်ဦးဖြစ်။ ၁၉၆၇ တွင် 'ပြန်လည် ပြင်ဆင်ရေးသမား' အဖြစ် စွဲချက်တင် အပုပ်ချခံရ။ ထိုသည်၏နောက်ပိုင်းတွင် တရုတ်ပြည်ရှိ အကျဉ်းစခန်းတစ်ခုတွင် နေခဲ့ရပြီး ၁၉၇၃ ခုနှစ်မှ ပြန်လွှတ်။ ယခုထက်တိုင် စီချွမ်ပြည်နယ်တွင် သက်ရှိထင်ရှားရှိနေဆဲဟု သိရ။

www.burmeseclassic.com

www.burmeseclassic.com



## သန်းရွှေ (ဗိုလ်)

၁၉၄၂ ခုနှစ်တွင် 'ဗမာ့လွတ်လပ်ရေးတပ်မတော်' (BIA)နှင့် ဆက်သွယ်ပါဝင်ခဲ့။ ဂျပန်စစ်တက္ကသိုလ်တွင် စစ်ပညာသင်ကြားခဲ့။ ၁၉၅၀ တွင် ရဲဘော်အောင်ကြီးနှင့် အတူ တရုတ်ပြည်ရောက်သွား။ ၁၉၅၀ မှ ၁၉၆၈ အထိ စီချွမ်ပြည်နယ်တွင် နေထိုင်ခဲ့။ ၁၉၆၃ နိုဝင်ဘာက တရုတ်ပြည်တွင် ဖွဲ့စည်းခဲ့သော 'ခေါင်းဆောင်မှုငါးဦးအဖွဲ့' ၏ အဖွဲ့ဝင်တစ်ဦးဖြစ်။ ၁၉၆၈ ဇန်နဝါရီ ၁ ရက် တရုတ်ပြည်မှ မြန်မာနိုင်ငံထဲသို့ ထိုးဖောက်ဝင်ရောက်စဉ် ပထမဆုံး CPB တပ်ဖွဲ့၏ တပ်မှူး၊ ၁၉၆၉ စက်တင်ဘာလတွင် အရှေ့မြောက်စစ်ဒေသ၏ နိုင်ငံရေးမှူးတာဝန်များ ယူခဲ့။ ၁၉၇၅ ခုနှစ်တွင် ဗဟိုကော်မတီဝင် ဖြစ်လာ။ ၁၉၈၀ တွင် 'အစိုးရနှင့် ငြိမ်းချမ်းစွာ အဖြေရှာသင့်သည်'ဆိုသော သူ၏ အယူအဆကြောင့် သာမန်ပါတီဝင်အဖြစ် အဆင့်လျှော့ချခံခဲ့ရ။ ၁၉၈၅ တွင် CPB မှထွက်ပြီး တရုတ်ပြည်တွင် သွားရောက်နေထိုင်။

## သန်းထွန်း (သခင်)

၁၉၁၁ ခုနှစ်မွေး။ ပျဉ်းမနားဇာတိ။ ကျောင်းဆရာတစ်ဦးဖြစ်သလို တို့ဗမာအစည်းအရုံးဝင် သခင်တစ်ဦးလည်းဖြစ်။ ၁၉၃၉ ဩဂုတ်လ CPB တည်ထောင်ပြီးခါစကပင် ပါတီဝင်ဖြစ်ခဲ့။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တော်လှန်ရေးကို ဦးဆောင်ခဲ့သူတစ်ဦးဖြစ်။ စစ်ပြီးခေတ်တွင် ဖဆပလအဖွဲ့ကြီး၏ အထွေထွေအတွင်းရေးမှူးတာဝန်ယူ။ (ဗိုလ်ချုပ်အောင်ဆန်းမှာ ဖဆပလ ဥက္ကဋ္ဌ။ သူတို့နှစ်ယောက်မှာ မယားညီအစ်ကိုလည်း ဖြစ်) ၁၉၄၅ ဒုတိယကွန်ဂရက်နောက်ပိုင်းကတည်းက နံပါတ်တစ်ခေါင်းဆောင်အဖြစ် တရားဝင်တာဝန်ယူမထားသည့်တိုင် ပါတီကို အဓိကဦးဆောင်ခဲ့သူဖြစ်။ ၁၉၄၈ ဖေဖော်ဝါရီတွင် အိန္ဒိယကွန်မြူနစ်ပါတီ ဒုတိယကွန်ဂရက်သို့ တက်ရောက်ခဲ့။ ၁၉၄၈ မတ်လတွင် CPB ကိုဦးဆောင်ပြီး တောခို။ ၁၉၅၀ တွင် CPB ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရ။ (၁၉၅၀ မတိုင်ခင်က ကွန်မြူနစ်ပါတီ၏ နံပါတ်တစ်ခေါင်းဆောင်မှာ ဥက္ကဋ္ဌ မဟုတ်သေးပါ။ အထွေထွေအတွင်းရေးမှူး ဖြစ်ပါသည်။) ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ပဲခူးရိုးမမှာပင် လုပ်ကြံခံခဲ့ရ။

## သိန်းဖေ ရဲဘော် (ခေါ်) သိန်းဖေမြင့်

၁၉၁၄ ခုနှစ်တွင်မွေး။ အောက်ချင်းတွင်းခရိုင်၊ ဘုတလင်ဇာတိ။ မန္တလေးဥပစာကောလိပ်၊ ရန်ကုန်တက္ကသိုလ်ကောလိပ်၊ ကာလကတ္တားတက္ကသိုလ်တို့တွင် ပညာသင်ခဲ့။ ၁၉၃၄ တွင် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရ။ ၁၉၃၆ ဒုတိယကျောင်းသားသပိတ်၏ ခေါင်းဆောင်တစ်ဦးဖြစ်။ တို့ဗမာအစည်းအရုံးအဖွဲ့ဝင်လည်း ဖြစ်။ ကာလကတ္တားတက္ကသိုလ်တွင် ဥပဒေပညာသင်ကြားနေစဉ် ဘင်္ဂေါနယ်ရှိ တော်လှန်ရေးအဖွဲ့အစည်း

www.burmeseclassic.com

www.burmeseclassic.com



များနှင့် အဆက်အသွယ်ရခဲ့။ ၁၉၃၉ CPB စတင်ထူထောင်စဉ်က မပါဝင်။ သို့သော် ၁၉၃၉ ခုနှစ်မှာပင် ပါတီဝင်ဖြစ်။ ဒုတိယကမ္ဘာစစ်အတွင်းတွင် အိန္ဒိယသို့ ထွက်သွားပြီး ဂျပန်တော်လှန်ရေးအတွက် မဟာမိတ်များနှင့် အဆက်အသွယ်ရယူခဲ့။ ၁၉၄၅ ဒုတိယကွန်ဂရက်တွင် ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် သူ၏မျက်ကွယ်မှာပင် ရွေးချယ်ခံခဲ့ရ။ ၁၉၄၈ ခုနှစ် မတ်လ ၂၆ ရက် CPB တောခိုမီ နှစ်ရက်အလိုတွင် ပါတီမှ နုတ်ထွက်သွားခဲ့။ ၁၉၅၀ နှင့် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း မြန်မာစာပေလောက၏ ထင်ရှားသော စာရေးဆရာတစ်ဦးဖြစ်။ (သိန်းဖေမြင့်မှာ သူ၏ ကလောင်အမည်။) ၁၉၅၆ ရွေးကောက်ပွဲတွင် ပမညတအမတ်အဖြစ် ဘုတလင် မဲဆန္ဒနယ်မှ ရွေးချယ်ခံရ။ လက်ဝဲညွတ်သော 'ဗိုလ်တထောင်သတင်းစာ'၏ အယ်ဒီတာချုပ်လည်း ဖြစ်။ ၁၉၆၂ တပ်မတော်အာဏာသိမ်းပြီးသည့်နောက်တွင် အစိုးရအကြံပေးဖြစ်လာ။ အာဏာရ 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' (BSPP) နှင့် ဆက်သွယ်။ ၁၉၇၈ ခုနှစ်တွင် ရန်ကုန်မှာပင် ကွယ်လွန်။ မြန်မာနိုင်ငံ၏ ပထမဆုံး ကွန်မြူနစ်မျိုးဆက်တွင် တစ်ဦးအပါအဝင်ဖြစ်။

## တင်မြ (သခင်)

ဓနုဖြူဇာတိ။ တို့ဗမာအစည်းအရုံးအဖွဲ့ဝင်။ ၁၉၄၅ ဂျပန်တော်လှန်ရေးတွင် တိုင်း ၇ ၏ နိုင်ငံရေးမှူးအဖြစ် တာဝန်ယူခဲ့။ ၁၉၄၅ ဒုတိယကွန်ဂရက်တွင် ဗဟိုကော်မတီဝင်ဖြစ်လာ။ ၁၉၄၆ ပါတီအကွဲတွင် သခင်စိုး၏ အလံနီပါတီဘက် ပါဝင်ခဲ့။ ၁၉၄၉ တွင် CPB သို့ ပြန်ပြောင်း။ CPB တွင် ဗဟိုကော်မတီဝင် ပြန်ဖြစ်။ ၁၉၅၇ တွင် ရန်ကုန်မှာပင် အဖမ်းခံခဲ့ရ။ ၁၉၆၂ နောက်ပိုင်းတွင် 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' (BSPP) နှင့် ဆက်သွယ်။ ထိုပါတီ၏ ဗဟိုကော်မတီဝင်ဖြစ်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တော်လှန်ရေးကာလနောက်ခံ 'ဘုံဘဝမှာဖြင့်' မှတ်တမ်းရှည်ကြီးကို ရေးခဲ့သူဖြစ်။ ၁၉၈၈ လူထုအုံကြွမှုကြီးကို ထောက်ခံသည်ဟု သိရ။ ယခုထက်တိုင် ရန်ကုန်တွင် သက်ရှိထင်ရှားရှိနေဆဲ။

## တင်ရီ ရဲဘော် (ခေါ်) ဗိုလ်နေဝင်း

၁၉၂၂ ခုနှစ်က ပဲခူးခရိုင် ဝေါမြို့တွင် မွေး။ ၁၃၀၀ ပြည့် အရေးတော်ပုံတွင် ပါဝင်ခဲ့ပြီး ပဲခူး၊ တို့ဗမာအစည်းအရုံးနှင့် ဆက်သွယ်လှုပ်ရှားခဲ့။ ၁၉၄၃ ဂျပန်ခုခံဆန့်ကျင်ရေးကာလတွင် CPB နှင့် ဆက်သွယ်ခဲ့။ ၁၉၅၁ တွင် တရုတ်ပြည်သို့ သွားခဲ့ပြီး ၁၉၆၈ အထိ စီချွမ်ပြည်နယ်တွင် နေထိုင်ခဲ့။ ၁၉၆၃ နိုဝင်ဘာလက တရုတ်ပြည်တွင် ဖွဲ့စည်းခဲ့သော ခေါင်းဆောင်မှုငါးဦးအဖွဲ့၏ အဖွဲ့ဝင်ဖြစ်လာ။ ၁၉၆၈–၁၉၆၉ တွင် ၄၀၄ စစ်ဒေသ (ကိုးကန့်) ၏ နိုင်ငံရေးမှူး။ ၁၉၇၁ တွင် အရှေ့မြောက်စစ်ဒေသ၏ နိုင်ငံရေးမှူးတာဝန်များယူခဲ့။ ၁၉၇၅ တွင် ဗဟိုကော်မတီဝင်နှင့် ပေါလစ်

www.burmeseclassic.com

www.burmeseclassic.com



ဗျူရိုအဖွဲ့ဝင်ဖြစ်လာ။ ၁၉၈၆ မှ ၁၉၈၉ တပ်တွင်းပုန်ကန်မှု ဖြစ်ပွားချိန်ထိ ဗဟို စစ်ကော်မရှင် အတွင်းရေးမှူး၊ CPB တပ်ဖွဲ့များ၏ စစ်ဦးချုပ်တာဝန်များယူ။ ၁၉၈၉ ဧပြီတွင် တရုတ်ပြည်ဘက် ထွက်ပြေး။ 'ယန်ကောင်း'ဆိုသော တရုတ်အမည်ဖြင့်လည်း လူသိများသူဖြစ်။

## ရန်အောင် ဗိုလ် (ခေါ်) သခင်လှမြိုင်

၁၉၀၈ ခုနှစ်က သန်လျင်တွင်မွေး။ တို့ဗမာအစည်းအရုံးမှ တက်ကြွသော အဖွဲ့ဝင်။ သန်လျင် ရေနံမြေအလုပ်သမားများကို စည်းရုံးခဲ့။ ၁၉၃၉ မတ်ခ်ဝါဒလေ့လာရေးအဖွဲ့ဝင်။ ၁၉၄၀ တွင် သခင်အောင်ဆန်းနှင့်အတူ တရုတ်ပြည် အမွိုင်သို့ ထွက်။ ဂျပန်သို့ရောက်။ ရဲဘော်သုံးကျိပ် အဖွဲ့ဝင်တစ်ဦးဖြစ်။ ၁၉၄၈ မတ်လ ၂၈ ရက် CPB တောခိုသွားသောအခါ အဖမ်းခံခဲ့ရ။ ၁၉၄၉ ထောင်မှလွတ်ပြီး ကွန်မြူနစ်ပါတီရှိရာသို့ ပြန်ရောက်။ CPB ဗဟိုကော်မတီအဖွဲ့ဝင်အထိ ဖြစ်ခဲ့။ ၁၉၆၈ ဒီဇင်ဘာ ၂၆ ရက်တွင် ပဲခူးရိုးမမှာပင် ဖြုတ်–ထုတ်–သတ် ခံခဲ့ရ။

## ရဲထွဋ် ဗိုလ် (ခေါ်) သခင်အောင်သိန်း

၁၉၂၂ ခုနှစ်မွေး။ ရန်ကုန်ဇာတိ။ တို့ဗမာအစည်းအရုံးဝင်။ ရဲဘော်သုံးကျိပ်ဝင်တစ်ဦးလည်းဖြစ်။ လွတ်လပ်ရေးရခါစ မြန်မာ့တပ်မတော်တွင် ခေါင်းဆောင်တစ်ဦးဖြစ်။ ၁၉၄၉ ခုနှစ်တွင် 'တော်လှန်သော ဗမာ့တပ်မတော်' (RBA) အနေနှင့် တောခိုခဲ့။ ၁၉၅၀ CPB 'ပြည်သူ့လွတ်မြောက်ရေးတပ်မတော်' (PLA) နှင့် (RBA) ပေါင်းပြီး 'ပြည်သူ့တပ်မတော်' (PA) ဖွဲ့စည်းရာတွင် ဒုတိယစစ်ဦးစီးချုပ်ဖြစ်လာ။ ၁၉၆၃ ခုနှစ်တွင် အလင်းဝင်။ နောက်ပိုင်းတွင် 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' (BSPP) နှင့် ဆက်သွယ်ပြီး ဗဟိုကော်မတီဝင် ဖြစ်လာခဲ့။ ၁၉၈၈ လူထုအုံကြွမှုတွင် ပါဝင်ခဲ့။ ယခုထက်တိုင် ရန်ကုန်မြို့တွင် သက်ရှိထင်ရှားရှိနေဆဲ။

## ဇော်မိုင်

ကချင်အမျိုးသား၊ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း ကွတ်ခိုင်တွင် ၁၉၃၂ ခုနှစ်က မွေး။ ၁၉၄၉ တွင် ဗိုလ်နော်ဆိုင်းတပ်ဖွဲ့နှင့် ဆက်သွယ်။ ၁၉၅၀ မှ ၁၉၆၈ အထိ ဗိုလ်နော်ဆိုင်းနှင့်အတူ တရုတ်ပြည်တွင် နေထိုင်ခဲ့။ ၁၉၆၈ ဇန်နဝါရီ ၁ ရက်တွင် CPB နိုင်ငံရေးမှူးများပါဝင်သော ဗိုလ်နော်ဆိုင်းတပ်နှင့်အတူ မုံးကိုးသို့ ဝင်ရောက်။ ၁၉၆၉ စက်တင်ဘာတွင် အရှေ့မြောက်စစ်ဒေသ ဒုတိယတပ်မှူး။ ၁၉၇၂ ဗိုလ်နော်ဆိုင်း ကွယ်လွန်ပြီးနောက်တွင် တပ်မှူးတာဝန်များယူခဲ့။ ၁၉၇၅ တွင် CPB ဗဟိုကော်မတီဝင် ဖြစ်လာ။ ၁၉၈၉ တပ်တွင်းပုန်ကန်မှုတွင် ပါဝင်။ အသစ်ဖွဲ့စည်းလိုက်သော 'ဗမာ

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားညီညွတ်ရေးပါတီ' (BNUP) ၏ ခေါင်းဆောင်တစ်ဦးဖြစ်။ ယခုအခါ BUNP ကို 'ညီညွတ်သော ဝ ပြည်နယ်ပါတီ' (UWSP) အဖြစ် ပြောင်းလဲဖွဲ့စည်း။

## ဗေယျ ဗိုလ် (ခေါ်) ကိုလှမောင်

၁၉၂၀ ပြည့်နှစ်မွေး။ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့။ ၁၉၄၀–၁၉၄၁ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ။ ရဲဘော်သုံးကျိပ်ဝင်။ ၁၉၄၂–၄၃ 'ဗမာ့ကာကွယ်ရေး တပ်မတော်' (BDA) ၏ စစ်ဦးစီး။ စစ်ပြီးခေတ် ဘားမားရိုင်ဖယ် (မြန်မာ့တပ်မတော်) တပ်ရင်း ၃၊ တပ်ရင်းမှူး တာဝန်များ ထမ်းဆောင်ခဲ့။ ၁၉၄၉ တပ်တွင်းပုန်ကန်မှုတွင် ပါဝင်ပြီး 'တော်လှန်သော ဗမာ့တပ်မတော်' (RBA) ကို ထူထောင်ခဲ့။ ၁၉၅၀ စက်တင်ဘာ ၁ ရက် PLA နှင့် RBA ပေါင်းပြီး ပြည်သူ့တပ်မတော် ဖွဲ့စည်းအပြီးတွင် 'ဗဟိုစစ်ကော်မရှင်' ၏ ဒုတိယ ဒုဥက္ကဋ္ဌဖြစ်လာ။ ၁၉၅၃ တွင် တရုတ်ပြည်သို့သွား။ ၁၉၆၃ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် CPB ပဏာမကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်။ ပီကင်းပြန်တစ်ဦးဖြစ်။ ၁၉၆၈ ဧပြီ ၁၆ ရက်တွင် ပဲခူးရိုးမမှာ တိုက်ပွဲကျ။

## ကျန်းကျိုမိန် (ခေါ်) ကြည်မြင့်

တရုတ်လူမျိုး။ ၁၉၅၀ ပြည့်နှစ်မွေး။ တရုတ်ပြည် ယူနန်ပြည်နယ် ဝမ်တိန်ဇာတိ။ ၁၉၆၈ တွင် တရုတ်အပျော်တမ်းတပ်ဖွဲ့ဝင်အဖြစ် လီကျစ်ရှု၊ လင်းမိန်ရှန်တို့နှင့်အတူ CPB ကို ဆက်သွယ်ဝင်ရောက်ခဲ့။ CPB ၏ တိုက်စွမ်းရည်အထက်ဆုံး တပ်မှူးတစ်ဦးဖြစ်။ တပ်မဟာ ၂ (မုန်းပေါ်) ၏ တပ်မှူး။ ၁၉၈၆ စီစိဝမ်တိုက်ပွဲကို ဦးဆောင်တိုက်ခိုက်ခဲ့သူဖြစ်။ ၁၉၈၉ ဧပြီ တပ်တွင်းပုန်ကန်မှုကို ထောက်ခံ။ ၁၉၈၉ မေတွင် ယခင် ၈၁၅ စစ်ဒေသရှိ လင်းမိန်ရှန်တပ်ဖွဲ့များနှင့် ပူးပေါင်း။

## ဇင် (သခင်)

၁၉၁၂ ခုနှစ်မွေး။ ဒိုက်ဦးဇာတိ။ သစ်ကုန်သည်။ တို့ဗမာအစည်းအရုံးတွင် တက်ကြွစွာပါဝင်ခဲ့။ ၁၉၄၃ တွင် CPB နှင့် ဆက်သွယ်။ ၁၉၄၅ ဒုတိယကွန်ဂရက်တွင် ဗဟိုကော်မတီဝင်ဖြစ်လာ။ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂ စည်းရုံးရေးမှူး။ ၁၉၄၈ မတ်လတွင် တောခို။ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း CPB တောင်ပိုင်း (အောက်ဗမာပြည်) ဗျူရို၏ နိုင်ငံရေးမှူးတာဝန်ယူခဲ့။ ၁၉၆၈ သခင်သန်းထွန်း ကျဆုံးပြီးနောက် CPB ၏ ဥက္ကဋ္ဌဖြစ်လာ။ ၁၉၇၅ မတ်လ ၁၅ ရက်တွင် အတွင်းရေးမှူး သခင်ချစ်နှင့်အတူ ပဲခူးရိုးမတွင် ကျဆုံး။

□

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ (၁)

www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆက်တွဲ (၁)

**၁၉၈၉ တပ်တွင်းပုန်ကန်မှုမတိုင်မီ ဗမာပြည်ကွန်မြူနစ်ပါတီအဖွဲ့အစည်းများ**

၁၉၈၅ ခုနှစ် စက်တင်ဘာလ ၉ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ပန်ဆန်းတွင် ကျင်းပခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီ၏ တတိယကွန်ဂရက်မှ အဖွဲ့ဝင် ၂၉ ဦးပါ ဗဟိုကော်မတီတစ်ရပ်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့ပါသည်။

**ပေါလစ်ဗျူရို (PB)**

| | | |
|---|---|---|
| သခင်ဗသိန်းတင် | – | ဥက္ကဋ္ဌ (စီချွမ်ရဲဘော်ဟောင်း) |
| သခင်ဖေတင့် | – | ဒုတိယဥက္ကဋ္ဌ (ပြည်တွင်းရဲဘော်ဟောင်း၊ ပျဉ်းမနားဒေသ) |
| ရဲဘော် ခင်မောင်ကြီး | – | CC အတွင်းရေးမှူး (စီချွမ်ရဲဘော်ဟောင်း) |
| ဗိုလ်မျိုးမြင့် (ခေါ်) | | |
| ရဲဘော်အောင် | – | အဖွဲ့ဝင် (ပြည်တွင်းရဲဘော်ဟောင်း၊ ပဲခူးရိုးမ) |
| ရဲဘော်ကျော်မြ | – | အဖွဲ့ဝင် (ပြည်တွင်းရဲဘော်ဟောင်း၊ ရခိုင်ဒေသ) |
| ဗိုလ်ကြင်မောင် (ခေါ်) | | |
| ရဲဘော်ထွန်း | – | အဖွဲ့ဝင်(ပြည်တွင်းရဲဘော်ဟောင်း၊ ကျောက်ဂူ) |
| ရဲဘော်တင်ရီ (ခေါ်) | | |
| ဗိုလ်နေဝင်း | – | အဖွဲ့ဝင် (စီချွမ်ရဲဘော်ဟောင်း) |

www.burmeseclassic.com

www.burmeseclassic.com



## ဗဟိုကော်မတီ (CC)

ဗိုလ်ကျော်ဇော (လူသစ်၊ ၁၉၇၆ တွင် CPB နှင့်ဆက်)
ရဲဘော်စောဟန် (ပြည်တွင်းရဲဘော်ဟောင်း၊ ထားဝယ်)
ရဲဘော်စံသူ (စီချွမ်ရဲဘော်ဟောင်း)
ရဲဘော်စိုးသိန်း (စီချွမ်ရဲဘော်ဟောင်း)
ရဲဘော်စိုးလွင် (ပြည်တွင်းရဲဘော်ဟောင်း၊ ထားဝယ်)
စိုင်းအောင်ဝင်း (ရှမ်းအမျိုးသား၊ ၁၉၆၄ တွင် CPB နှင့်ဆက်)
ရဲဘော်ဇော်မိုင် (ကွေ့ကျိုးရဲဘော်ဟောင်း)
ရဲဘော်ထွန်းလွင် (ခေါ်) ဗိုလ်ရဲဒင် (စီချွမ်ရဲဘော်ဟောင်း)
ဖလန်ဂန်ဒီး (ကွေ့ကျိုးရဲဘော်ဟောင်း)
ရဲဘော်ဖေသောင်း (ခေါ်) ဗိုလ်ဘသန်း (စီချွမ်ရဲဘော်ဟောင်း)
ဗိုလ်မြမင်း (ခေါ်) ရဲဘော်ထွန်းမြင့် (ပြည်တွင်းရဲဘော်ဟောင်း၊ ပျဉ်းမနားဒေသ)
ရဲဘော်ရဲထွန်း (ပြည်တွင်းရဲဘော်ဟောင်း၊ ပျဉ်းမနားဒေသ)
ရဲဘော်အေးငွေ (စီချွမ်ရဲဘော်ဟောင်း)
ရဲဘော်အေးလှ (ပြည်တွင်းရဲဘော်ဟောင်း၊ ထားဝယ်)

## အရန်ဗဟိုကော်မတီ

ရဲဘော်ကျော်မြင့် (စီချွမ်ရဲဘော်ဟောင်း)
ကျောက်ညီလိုင် (ဝ အမျိုးသား၊ ၁၉၆၈ တွင် CPB နှင့် ဆက်)
ကောဘမိုး (ကရင်အမျိုးသား၊ ၁၉၇၃ တွင် CPB နှင့် ဆက်)
ရဲဘော်တင့်လှိုင် (စီချွမ်ရဲဘော်ဟောင်း)
ရဲဘော်ထွန်းတင် (ကရင်အမျိုးသား၊ ကွေ့ကျိုးရဲဘော်ဟောင်း)
ပေါက်ယိုချန်း (ဝ အမျိုးသား၊ ၁၉၆၈ တွင် CPB နှင့် ဆက်)
ရဲဘော်မြသောင်း (စီချွမ်ရဲဘော်ဟောင်း)
လီကျစ်ရှု (တရုတ်အပျော်တမ်းတပ်ဖွဲ့၊ ၁၉၆၈ တွင် CPB နှင့်ဆက်)။

## ဗဟိုကော်မတီဝင်များ၏ နောက်ခံ

| | | | |
|---|---|---|---|
| ၁။ | စီချွမ်ရဲဘော်ဟောင်း | – | အပြည့် ၉၊ အရန် ၃ |
| ၂။ | ပြည်တွင်းရဲဘော်ဟောင်း | – | အပြည့် ၈၊ အရန် ၀ |
| ၃။ | ကွေ့ကျိုးရဲဘော်ဟောင်း | – | အပြည့် ၂၊ အရန် ၁ |

www.burmeseclassic.com

www.burmeseclassic.com



၄။ လူသစ် – အပြည့် ၁၊ အရန် ဝ
၅။ တရုတ်အပျော်တမ်းအဖွဲ့ – အပြည့် ဝ၊ အရန် ၁
၆။ လူမျိုးစု – အပြည့် ၁၊ အရန် ၃

**အညွှန်း**

အပြည့် = ဗဟိုကော်မတီဝင်
အရန် = အရန်ဗဟိုကော်မတီဝင်

**မှတ်ချက်**

ဇော်မိုင်၊ စိုင်းအောင်ဝင်း၊ ပေါက်ယိုချန်း၊ ကျောက်ညီလိုင်၊ ရဲဘော်ထွန်းတင်၊ စောဘမိုးနှင့် လီကျစ်ရှုတို့မှာ တပ်တွင်းပုန်ကန်မှုတွင် ပါဝင်ခဲ့။

ဖလန်ဂန်ဒီးမှာ တတိယကွန်ဂရက်အပြီးတွင် ပါတီမှ အနားယူပြီး တရုတ်ပြည်တွင် ဆေးကုသခံယူ။

ထားဝယ်ဒေသမှ ပြည်တွင်းရဲဘော်ဟောင်းသုံးဦးမှလွဲ၍ ဗဟိုကော်မတီဝင်အားလုံး ၁၉၈၉ ဧပြီတွင် တရုတ်ပြည်ဘက်သို့ ထွက်ပြေးသွားခဲ့။

ရဲဘော်စိုးသိန်းနှင့် ရဲဘော်မြသောင်းတို့မှာ တပ်တွင်းပုန်ကန်သူများ၏ အဖမ်းဆီးခံရ။

**ဗဟိုစစ်ကော်မရှင်**

အဖွဲ့ဝင်ခြောက်ဦးပါဝင်သော ‘ဗဟိုစစ်ကော်မရှင်’ မှာ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အမြင့်ဆုံး၊ စစ်ဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း ဖြစ်ပါသည်။

သခင်ဗသိန်းတင် – ဥက္ကဋ္ဌ
ရဲဘော်တင်ရီ – အတွင်းရေးမှူး (ပြည်သူ့တပ်မတော်–ဦးစီးချုပ်)
ဗိုလ်ကျော်ဇော – အဖွဲ့ဝင် (ပြည်သူ့တပ်မတော်–ဒုတိယဦးစီးချုပ်)
ဇော်မိုင် – အဖွဲ့ဝင် (အရှေ့မြောက်စစ်ဒေသ–တပ်မှူး)
သခင်ဖေတင့် – အဖွဲ့ဝင်
ဗိုလ်မျိုးမြင့် – အဖွဲ့ဝင်

**ပြည်သူ့တပ်မတော်အဖွဲ့အစည်းများ**

CPB ၏ လက်နက်ကိုင်တပ်ဖွဲ့များကို အမျိုးအစားသုံးမျိုး ခွဲထားပါသည်။

၁။ အမြဲတမ်းတပ် – အင်အား ၁၀,၀၀၀ ခန့်
၂။ ခရိုင်နှင့် မြို့နယ်တပ် – အင်အား ၅,၀၀၀ ခန့်
၃။ ဒေသခံပြည်သူ့စစ် – အင်အားအတိအကျမသိ

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်းတပ်ကို တပ်မဟာ ၁၁ ခုနှင့် လွတ်လပ်သော သီးခြားတပ်ရင်း ခုနစ်ခု ဖွဲ့စည်းထားသည်။

**ဒေသအလိုက် တပ်အင်အား**

**မြောက်ပိုင်းဗျူရို**

| | | |
|---|---|---|
| တပ်မဟာ ၁ | – | မိုးကုတ်၊ မိုးမိတ် |
| တပ်မဟာ ၂ | – | မုံးကိုး (ယခင် ၃၀၃ စစ်ဒေသ) |
| တပ်မဟာ ၃ | – | ရွှေလီချိုင့်ဝှမ်း (ယခင် ၂၀၂ စစ်ဒေသ) |
| ခရိုင်တပ်များ | – | ကချင်ပြည်နယ်မြောက်ပိုင်းခရိုင် (ယခင် ၁၀၁ စစ်ဒေသ) |
| ☆ အင်အားစုစုပေါင်း | – | ၁,၅၀၀ |

**အရှေ့မြောက်စစ်ဒေသ**

| | | |
|---|---|---|
| တပ်မဟာ ၆ | – | မြောက်ပိုင်းကျိုင်းတုံခရိုင်တွင် ဌာနချုပ်ရှိ၊ ထိုင်းနယ်စပ်အနီး မိုင်းဆတ်ဝန်းကျင်တွင် အဓိကလှုပ်ရှား။ |
| တပ်မဟာ ၇ | – | ဝတောင်ခရိုင် |
| တပ်မဟာ ၁၂ | – | ဝမြောက်ခရိုင် |
| ၇၆၈ တပ်မဟာ | – | မြောက်ပိုင်းကျိုင်းတုံခရိုင်၊ မိုင်းယန်းဒေသ |
| ၈၅၁ တပ်မဟာ | – | ပန်ဆန်းလုံခြုံရေး |
| ၈၅၉ တပ်မဟာ | – | မြောက်ပိုင်း ကျိုင်းတုံခရိုင် |
| ☆ အင်အားစုစုပေါင်း | – | ၆,၀၀၀ မှ ၇,၀၀၀ |

**မဲခေါင်ဒေသ**

| | | |
|---|---|---|
| တပ်မဟာ ၉ | – | ကျိုင်းခန်းဒေသ |
| တပ်မဟာ ၁၁ | – | မိုင်းလားဒေသ |
| တပ်ရင်း ၁ နှင့် တပ်ရင်း ၃ | – | နမ်လွိုင်မြစ်တောင်ဘက် ပြောက်ကျားဒေသ |
| တပ်ရင်း ၁၄ | – | မိုင်းဖလွိုင် အနောက်မြောက်တောင်တန်းဒေသ |
| ☆ အင်အားစုစုပေါင်း | – | ၁၂၀၀ မှ ၁၃၀၀ |

**အလယ်ပိုင်းဗျူရို**

| | | |
|---|---|---|
| ၄၀၄၅ တပ်ရင်း | – | မိုင်းနိုင် |
| ၄၀၄၆ တပ်ရင်း | – | လန်ဟိုး၊ ဝမ်ထက် |

www.burmeseclassic.com

www.burmeseclassic.com



၄၀၄၇ တပ်ရင်း - လွယ်ဆန်
၅၀၂ တပ်ရင်း - လိုင်ခ

**မဟာမိတ်တပ်ဖွဲ့များ**

**ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) (SSNLO/ ရလလဖ)**

တာကာလယ် ခေါင်းဆောင်သော ပအိုဝ့်လက်နက်ကိုင်အဖွဲ့အစည်း ဖြစ်သည်။ တောင်ကြီး အရှေ့တောင်ဘက် တောင်တန်းများပေါ်တွင် လှုပ်ရှားသည်။

**ကယန်းပြည်သစ်ပါတီ (KNLC)**

ဦးရွှေအေး ခေါင်းဆောင်သော ပဒေါင်လက်နက်ကိုင်အဖွဲ့အစည်း ဖြစ်သည်။ ဖယ်ခေါင်အနောက်ခြမ်း တောင်တန်းများပေါ်တွင် လှုပ်ရှားသည်။

**ကရင်နီ လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး (ကလလတ)**

CPB မှ ထိုးဖောက်စည်းရုံးထားသော ကယားလက်နက်ကိုင်အဖွဲ့အစည်း ဖြစ်သည်။ ပထမ ကိုသန်းညွန့် နောက် ဥာဏ်မောင်မဲ ဦးဆောင်သည်။

☆ အင်အားစုစုပေါင်း - ၁၇၀၀ မှ ၁၈၀၀

**အခြားဒေသများ**

တနင်္သာရီတိုင်း - အင်အား ၁၀၀ မှ ၂၀၀
ရခိုင်ပြည်နယ် - အင်အား ၅၀ မှ ၁၀၀

(၁၉၈၉ နိုဝင်ဘာတွင် CPB တပ်ဖွဲ့ဆို၍ ဤနှစ်ဖွဲ့သာ မြန်မာပြည်မတွင် ရှိတော့သည်။)

❐

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ (၂)

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ (၂)

## ၁၉၈၉ တပ်တွင်းပုန်ကန်မှု မတိုင်မီ ဗမာပြည် ကွန်မြူနစ်ပါတီ၊ အခြေခံဒေသများနှင့် ပြောက်ကျားဇုန်များ

၁၉၈၆ ခုနှစ် နိုဝင်ဘာ၊ CPB နှင့် အစိုးရတပ်ဖွဲ့များကြား ပြင်းထန်သော တိုက်ပွဲများ မဖြစ်ပွားမီအထိ CPB အနေနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းနှင့် ကချင်ပြည်နယ်ရှိ တရုတ်ပြည်နှင့် နယ်နိမိတ်မျဉ်းတစ်လျှောက် ဒေသကြီးကို ထိန်းချုပ်အုပ်ချုပ်ထားနိုင်ခဲ့ပါသည်။ ဤဒေသကြီးမှာ ၂၀,၀၀၀ စတုရန်း ကီလိုမီတာကျယ်ဝန်းပြီး စုစုပေါင်း လူဦးရေ ၄၆၀,၀၀၀ မျှ မှီတင်းနေထိုင်ကြသည်။ အုပ်ချုပ်ရေးနှင့် စစ်ရေး ရည်ရွယ်ချက်ဖြင့် အဆိုပါဒေသကြီးကို CPB က မြောက်ပိုင်းဗျူရို၊ အရှေ့မြောက်ဒေသနှင့် မဲခေါင်မြစ်တိုင်းတို့အဖြစ် ခွဲခြားထားခဲ့သည်။ ၁၉၈၇ ဇန်နဝါရီလတွင် CPB အနေနှင့် ဆိုခဲ့ပါဒေသကြီးထဲမှ ၅၀၀ စတုရန်းကီလိုမီတာခန့် လက်လွှတ်ခဲ့ရသည်။ သို့တစေ ကျန်ဒေသများကိုမူ ၁၉၈၉ တပ်တွင်းပုန်ကန်မှု ပေါ်ထွက်လာချိန်အထိ ဆက်လက် ထိန်းချုပ်ထားနိုင်ခဲ့ပါသည်။

ဆိုခဲ့ပါ ဒေသကြီးတွင် မိမိတို့ ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းများ၊ ဆေးရုံများ၊ အခိုင်အမာတည်ဆောက်ထားသည်ဖြစ်ရာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်ကြား တရားမဝင် ကြားခံနိုင်ငံတစ်ခုလို ဖြစ်နေခဲ့သည်။ အခိုင်အမာပြုထားသော CPB တပ်စခန်းများက ဆိုခဲ့ပါ CPB ဒေသနှင့် ၎င်း၏အနောက်ဘက်၊ အစိုးရ ထိန်းချုပ်ထားသော နယ်မြေများကြား နယ်နမိတ်ကို စီတန်းပိတ်ဆို့ အကာအကွယ်ပြုထားခဲ့သည်။ CPB တပ်စခန်းများနှင့် မျက်နှာချင်းဆိုင်ရှိ အစိုးရတပ်စခန်းများ၏ အနေအထားမှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်နှင့် တစ်ဘက် အပြန်အလှန်မြင်နေရသော လိပ်ခဲတည်းလည်းအခြေအနေတွင် ရှိသည်။ ဤသို့ တင်းတင်းကျပ်ကျပ်၊ ခိုင်ခိုင်မာမာ ထိန်းချုပ်ထားသော အခြေခံဒေသ အတွင်းတွင်မူ CPB ၏ စစ်အင်အားမှာ အကန့်အသတ်နှင့်သာ ရှိပါသည်။ ဒေသတပ်များနှင့် ပေါ့ပေါ့ပါးပါး လက်နက်တပ်ဆင်ထားသော ပြည်သူ့စစ်များသာ ရှိသည်။ ၎င်းတို့၏ တာဝန်မှာလည်း တိုက်ခိုက်ရေးအတွက်မဟုတ်။ ဒေသတွင်း ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းရန်တာဝန်သာ ရှိသည်။

ရှမ်းပြည်နယ်အနောက်ခြမ်းရှိ နယ်မြေတိတိကျကျ သတ်မှတ်မထားနိုင်သော ပြောက်ကျားဇုန်များကိုမူ အလယ်ပိုင်းဗျူရိုအဖြစ် စုစည်းထားပါသည်။ ထို့ပြင်မက ကယားပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ် ဘင်္ဂလားဒေ့ (ချ်) နယ်စပ်တစ်လျှောက်တွင်လည်း CPB ပြောက်ကျားတပ်ဖွဲ့ငယ်များ လှုပ်ရှားလျက် ရှိနေခဲ့ကြသည်။

## မြောက်ပိုင်းဗျူရိုဒေသ

၁၉၈၇ ခုနှစ်အစောပိုင်း အစိုးရထိုးစစ်နှင့် ၁၉၈၉ တပ်တွင်းပုန်ကန်မှုမတိုင်မီအထိ အခြေခံဒေသလေးခုနှင့် ပြောက်ကျားဇုန်တစ်ခုတို့မှာ မုံးကိုးတွင် ဌာနချုပ်ဖွင့်ထားသော မြောက်ပိုင်းဗျူရို၏ ကြီးကြပ်မှုအောက်တွင် ရှိနေခဲ့ပါသည်။ ဤသည်တို့မှာ–

၁။ ကချင်ပြည်နယ်မြောက်ပိုင်းခရိုင် (အခြေခံဒေသ)

၂။ ရှမ်းပြည်နယ်မြောက်ပိုင်းခရိုင် (ပြောက်ကျားဇုန်)

၃။ နမ့်ခမ်းခရိုင် (အခြေခံဒေသ)

၄။ ပန်ဆိုင်းအထူးမြို့နယ် (အခြေခံဒေသ) နှင့်

၅။ ကွတ်ခိုင်ခရိုင် (အခြေခံဒေသ) တို့ဖြစ်သည်။

အခြေခံဒေသလေးခုမှာ စုစုပေါင်း ၄,၀၀၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး လူဦးရေ ၅၇,၀၀၀ ရှိသည်။ ပြောက်ကျားဇုန်မှာ ရွှေလီမြစ်တောင်ဘက်ရှိ အတိအကျသတ်မှတ်ဖို့မလွယ်သော ဒေသဖြစ်သည်။ ဤဒေသအားလုံးတွင် CPB အမြဲတမ်းတပ်အင်အား ၁၅,၀၀ မှ ၂၀၀၀ အထိရှိပြီး ဒေသတပ်များ၏ စုစုပေါင်းအင်အား ၅၀၀ ခန့်ရှိသည်။ ကျေးရွာပြည်သူ့စစ်များကိုမူ အတိအကျစာရင်းကောက်လို့ မရနိုင်ပါချေ။ ပေါလစ်ဗျူရို အဖွဲ့ဝင်နှစ်ဦးဖြစ်သော ဗိုလ်မျိုးမြင့် ခေါ် ရဲဘော်အောင်နှင့် ဗိုလ်ကြင်မောင် ခေါ် ရဲဘော်ထွန်း၊ ဗဟိုကော်မတီဝင်သုံးဦးဖြစ်သော စိုင်းအောင်ဝင်း (ဗဟို) ကော်မတီအပြည့်)၊ ရဲဘော်ဖေသောင်း ခေါ် ဗိုလ်ဘသန်း (ဗဟိုကော်မတီအပြည့်) နှင့် ရဲဘော်ထွန်းတင် (အရံဗဟိုကော်မတီ) တို့မှာ တပ်တွင်းပုန်ကန်မှုမတိုင်မီက မုံးကိုးတွင် အခြေစိုက်နေထိုင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကချင်ပြည်နယ်မြောက်ပိုင်းခရိုင်

### နယ်မြေအကျယ်အဝန်း

တောင်ဘက် ကန်ပိုက်တီးတောင်ကြားလမ်းမှ မြောက်ဘက် ဟာခဝမ်နိုဟာခမြစ်အထိဖြစ်သော ကချင်ပြည်နယ် အရှေ့ခြမ်းနယ်မြေ ဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် ၂၀၀၀ စတုရန်းကီလိုမီတာခန့် ကျယ်ဝန်းသည်။ တရုတ်နယ်စပ်အနီး ကန်ပိုက်တီးတွင် မြောက်ပိုင်းဗျူရိုဌာနချုပ် ဖွင့်ထားပါသည်။

### လူဦးရေ

ဒေသတွင်း အခြေချနေထိုင်သူ လူဦးရေ ၁,၀၀၀ ပင် မပြည့်တတ်သော လူနေကျဲပါးသည့် ဒေသဖြစ်သည်။ ဤသို့ အခြေချနေထိုင်သူအားလုံးမှာလည်း ကချင်မျိုးနွယ်စုတွေသာ ဖြစ်သည်။ များသောအားဖြင့် အဇစ်၊ လေရှီးနှင့် မရူ မျိုးနွယ်စုများဖြစ်ပြီး လီစုနှင့် နဂို ရှမ်းမျိုးနွယ်များလည်း အနည်းအကျဉ်းရှိသည်။

### စီးပွားရေးနှင့် အခြေခံအဆောက်အအုံ

ကမ်ပိုက်တီးတစ်ဝိုက်တွင် တောင်ယာမီးရှို့စနစ်ဖြင့် စပါးစိုက်ပျိုးကြသည်များရှိသည်။ ဘိန်းခင်းအချို့လည်း ရှိသည်။ ဘိန်းကို မြစ်ကြီးနား၊ မိုးကောင်းနှင့် ကချင်ပြည်နယ်အတွင်း အစိုးရထိန်းချုပ်မှုအောက်တွင်ရှိသော အခြားမြို့ကြီးများမှ ကုန်သည်များသို့ ရောင်းချသည်။ တရုတ်ပြည်သို့ သစ်တင်ပို့ရောင်းချမှုမှလည်း ဝင်ငွေရသည်။ ဤဒေသတွင်းရှိ CPB ကေဒါများနှင့် တပ်ဖွဲ့များကို "ကချင်လွတ်မြောက်ရေး တပ်မတော်"(KIA) မှ ထောက်ပံ့ပေးသည်များလည်း ရှိပါသည်။ အပြန်အလှန်အနေနှင့် CPB မှ KIA သို့ လက်နက်ခဲယမ်း ထောက်ပံ့ပေးသည်များလည်း ရှိသည်။ ဒေသတွင်း မည်သည့်လမ်းမှ မရှိပါ။ ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက် "လား"များကိုသာ အသုံးပြုကြရသည်။ ပင်မောတွင်မူ ဆေးပေးခန်းငယ်လေးတစ်ခု ရှိပါသည်။


### ၁၉၈၅ ဗဟိုကော်မတီ ကိုယ်စားပြုမှု

၁၉၈၅ ဗဟိုကော်မတီဆို၍ ဤဒေသတွင် တစ်ယောက်မှ မရှိပါ။ ခေါင်းဆောင်အားလုံးမှာ ကချင်အမျိုးသားတွေသာဖြစ်ပြီး တပ်ဖွဲ့ဝင်အများစုမှာလည်း ကချင်ရဲဘော်တွေသာဖြစ်သည်။ ခြွင်းချက်အနေနှင့် ၁၉၈၅ ခုနှစ်ကတည်းက ဤဒေသသို့ ရောက်နေသော ဝ တပ်ဖွဲ့တစ်ခုသာရှိသည်။ ယခင်ကမူ ကန်ပိုက်တီးဌာနချုပ်တွင် မြန်မာလူမျိုး နိုင်ငံရေးမှူးတစ်ဦး ရှိခဲ့ပါသည်။ ရဲဘော်တိုးရှိန်ဖြစ်သည်။ သို့သော် ၁၉၈၅ တွင်

www.burmeseclassic.com

www.burmeseclassic.com






တရုတ်ပြည်နယ် မြောက်ပိုင်းဒေသ
(ယခင် ၁၀၁ စစ်ဒေသ)

www.burmeseclassic.com

www.burmeseclassic.com



ပန်ဆန်း ဗဟိုသို့ ပြန်သွားခဲ့ပြီး သူ့နေရာတွင် ကွေ့ကျိုးရဲဘော်ဟောင်း "စုမလွတ်နော်" နှင့် အစားထိုးခဲ့သည်။

**တပ်အင်အား**

ရာအနည်းငယ်မျှသာ ရှိပါသည်။ သို့တစေ၊ မော်တာများ၊ တာလက်ပစ်စက်သေနတ်များ၊ လေယာဉ်ပစ်အမြောက်များဖြင့် ကောင်းစွာလက်နက် တပ်ဆင်ထားသည့် တပ်ဖွဲ့များဖြစ်သည်။ များသောအားဖြင့် စစ်ဆင်ရေးများကို KIA နှင့် ပူးတွဲအကောင်အထည်ဖော်လေ့ရှိသည်။ ကချင်ပြည်နယ်အတွင်းရှိ တရုတ်နယ်စပ်တစ်လျှောက် ယခင် CPB စခန်းဟောင်းများနှင့် မျက်နှာချင်းဆိုင်တွင် အစိုးရတပ်စခန်း အမြောက်အများရှိခဲ့သည်။ စောလော်၊ ချီဖွေ၊ လောခေါင်၊ ရစ်ယို၊ ဆဒုံ စသည်တို့တွင် ဖြစ်ပါသည်။

**သမိုင်းကြောင်း**

ဤဒေသကို လက်ဦးအစ စတင်အခြေချ ထူထောင်ခဲ့ကြသူနှစ်ဦးမှာ ယခင် KIA ဒေသခံတပ်မှူးဟောင်းနှစ်ဦးဖြစ်သော တိန့်ယင်းနှင့် ဇော်လွန်းတို့ဖြစ်သည်။ ၁၉၆၈ တွင် သူတို့နှစ်ဦး ခေါင်းဆောင်ပြီး တပ်သားအင်အား ၄၀၀ ဖြင့် CPB ဘက်သို့ ကူးပြောင်းလာခဲ့ကြသည်။ ဤသို့ ကူးပြောင်းလာပြီးသည့်နောက်တွင် တရုတ်ပြည်မှ အကူအညီ အထောက်အပံ့အမြောက်အများ ရရှိခဲ့ပြီး ဤဒေသမှာလည်း ၁၀၁ စစ်ဒေသ ဖြစ်လာခဲ့သည်။ ၁၀၁ စစ်ဒေသမှာ ၁၉၆၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းမှစ၍ အရှေ့မြောက်ပိုင်းတစ်လျှောက် ပေါ်ထွက်လာခဲ့သော CPB အခြေခံဒေသများထဲမှ တစ်ခု ဖြစ်ပါသည်။

၁၀၁ စစ်ဒေသ၏ ကနဦး ကာလများတွင် KIA နှင့် CPB ကြား ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့ရသည်။ ၁၉၇၆ ခုနှစ်ရောက်တော့မှသာ သူပုန်တပ်မတော်နှစ်ခုကြား အပစ်အခတ်ရပ်စဲနိုင်ခဲ့သည်။ အဆိုပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ CPB နှင့် KIA ကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။ တပ်တွင်းပုန်ကန်မှု မတိုင်မီ၊ ၁၉၈၆ မတ်လအတွင်းကပင် ၁၀၁ စစ်ဒေသတာဝန်ခံများက ဤစာရေးသူကို ယခုလိုပြောခဲ့ပါသေးသည်။ KIA နဲ့ ကျွန်တော်တို့ CPB ကြားမှာ နိုင်ငံရေးအရ သဘောကွဲလွဲစရာတွေ၊ နောက်ထပ်မရှိတော့ပါဘူးဗျာ" ဟူ၏။

**၁၉၉၀ ပြည့်လွန်နှစ်များ အခြေအနေအနေ**

တိန့်ယင်းနှင့် ဇော်လွန်းတို့မှာ ယခုချိန်အထိ ဤဒေသ၏ခေါင်းဆောင်များပင် ဖြစ်မြဲဖြစ်နေကြပါသည်။ CPB ကို တော်လှန်ပုန်ကန်ခဲ့ကြသော အခြားအင်အားစုများနှင့်လည်း ဆက်လက်အဆက်အသွယ် ရှိနေဆဲဖြစ်သည်။ အမှန်စင်စစ် တပ်တွင်းပုန်ကန်မှု

www.burmeseclassic.com

www.burmeseclassic.com



များကို အဓိက ဦးဆောင်ခဲ့ကြသည်မှာ ပန်ဆန်းရှိ "ဝ"တပ်ဖွဲ့များဖြစ်ပြီး သူတို့ကပင် ယခင် CPB တပ်ဖွဲ့ဟောင်းများနှင့် တပ်ပေါင်းစု ဖွဲ့နိုင်ဖို့ကြိုးစားခဲ့ကြခြင်း ဖြစ်သည်။ တိန့်ယင်းနှင့် ဇော်လွန်းတို့မှာ "ဝ"တပ်ဖွဲ့များနှင့် အဆက်အသွယ်ရှိသော်လည်း ၁၉၈၉ ခုနှစ်တွင် သူတို့ကိုယ်ပိုင် "ပြည့်သူ့လွတ်မြောက်ရေးတပ်ဦး" (PLF) ကို ဖွဲ့စည်းခဲ့ကြသည်။ လက်တွေ့တွင် KIA နှင့် ပြန်လည်ဆက်သွယ်မှုများလည်း လုပ်ခဲ့သည်။

## ရှမ်းပြည်နယ်မြောက်ပိုင်းခရိုင်

### နယ်မြေအကျယ်အဝန်း

နမ္မတူမြောက်ဘက် မန်တုံမှသည် နမ့်စန်းအနောက်ဘက်ကပ်လျက် တောင်တန်းများအထိဖြစ်သော ရွှေလီမြစ်တောင်ဘက်ကမ်း နယ်မြေဖြစ်သည်။ စတုရန်းကီလိုမီတာ ၅၀၀ မှ ၆၀၀ ကြားရှိမည်ဟု ခန့်မှန်းရသည်။ ဤဒေသ၏အဓိကရွာဟု ဆိုနိုင်သော မုန်းဝေတွင် CPB နှင့် အစိုးရတပ်ဖွဲ့များကြား အကြီးအကျယ် တိုက်ပွဲများ ဆင်နွှဲခဲ့ရသည်။ ဤဒေသမှာ ရွှေလီမြောက်ခြမ်း KIA ထိန်းချုပ်ထားသော နယ်မြေ၊ "ရှမ်းပြည်နယ်တပ်မတော်" (SSA) ၏ စစ်ဆင်ရေးနယ်မြေနှင့် တောင်ဘက် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) တို့ကြားတွင် ညပ်နေသော နယ်မြေဖြစ်ပါသည်။

### လူဦးရေ

များသောအားဖြင့် ရှမ်းနှင့် ပလောင်လူမျိုးများ နေထိုင်ကြသည်။

### စီးပွားရေးနှင့် အခြေခံအဆောက်အအုံ

မုန်းဝေပြောက်ကြားမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှာ နှိုင်းယှဉ်ချက်အားဖြင့် ဆင်းရဲသည်။ ရှမ်းရွာများမှာ လယ်စပါး စိုက်ပျိုးရေးအပေါ် တည်မှီနေရပြီး ပလောင်ရွာများမှာ တောင်ယာစပါးနှင့် လက်ဖက်စိုက်ပျိုးရေးအပေါ်သာ အားပြုနေကြရသည်။ ဒေသတွင်း လမ်းများ မရှိ၍ အရောင်းအဝယ် လုပ်ငန်း မရှိသလောက်ပင် ဖြစ်သည်။

### ၁၉၈၅ ဗဟိုကော်မတီ ကိုယ်စားပြုမှု

၁၉၈၅ ဗဟိုကော်မတီ တစ်ယောက်မှ မရှိပါချေ။ ဒေသတွင်းအမြဲတမ်း အခြေစိုက်နေထိုင်သော CPB နိုင်ငံရေးမှူးများလည်း တစ်ယောက်မှ မရှိပါ။


### တပ်အင်အား

ဤဒေသမှာ ယခင်CPB တပ်မဟာ (၃) ၏ စစ်ဆင်ရေးနယ်မြေပင် ဖြစ်သည်။ ၂၀၂ စစ်ဒေသ သို့မဟုတ် စစ်ရေးတိုးချဲ့ ဧရိယာအဖြစ်လည်း လူသိများပါသည်။

www.burmeseclassic.com

www.burmeseclassic.com






ရှမ်းပြည်နယ် မြောက်ပိုင်းခရိုင်
(ယခင် ၂၀၂ စစ်ဒေသ)

www.burmeseclassic.com

www.burmeseclassic.com



သံလွင် အနောက်ခြမ်း အစိုးရနယ်မြေအတွင်း အခိုင်အမာ ခြေကုပ်ယူထားသည့် စခန်းလိုလည်း ဖြစ်နေသည်။ အရှေ့မြောက်ပိုင်း နယ်စပ်ဒေသမှ CPB တပ်ဖွဲ့များ ဤနယ်မြေမှတစ်ဆင့် မြန်မာပြည်မြေပြန့် မန္တလေးထိ ထိုးဖောက်နိုင်စရာ ရှိသည်။ ဤအတွက်လည်း CPB တွင် အခိုင်အမာရည်မှန်းချက် ရှိခဲ့သည်။ သို့တိုင်အောင် မန်တုံရှိ မြန်မာ့တပ်မတော် စခန်းများ၏ ထိန်းချုပ်ဟန့်တားနိုင်မှုကြောင့် အဆိုပါ ရည်မှန်းချက်မှာ လက်တွေ့ဖြစ်မလာခဲ့ပါချေ။ ယခင်က CPB တပ်မဟာ ၃ တွင် အင်အား ၁၀၀၀ ကျော် ရှိခဲ့သည်ဟု သိရပါသည်။ ယနေ့အခါတွင်မူ အင်အား ၃၀၀ မျှသာ ရှိတော့သည်ဟု ခန့်မှန်းရသည်။ အဆိုပါ အင်အားထဲမှ အများစုမှာလည်း ပြောက်ကျားဇုန်အတွင်း မလှုပ်ရှားနိုင်တော့ဘဲ မုံးကိုးတွင်သာ အခြေစိုက်နေထိုင်ကြသည် ကများပါသည်။

## သမိုင်းကြောင်း

ရွှေလီမြစ်ဝှမ်းနှင့် မိုးမိတ်တစ်ဝိုက် တောင်တန်းများ၊ မိုးကုတ်ပတ္တမြားမြေတို့မှာ ၁၉၅၀ ပြည့်လွန်နှစ်များလောက်က CPB ၏ အမာခံဒေသများ ဖြစ်ခဲ့ဖူးသည်။ ၁၉၆၈ ခုနှစ်တွင် တရုတ်လက်နက်များဖြင့် ပြန်လည်အားသစ်လာသော CPB တပ်ဖွဲ့များအနေနှင့် ကျန်ဒေသမှတဆင့် မန္တလေးအထက်လွင်ပြင်သို့ ဆင်းနိုင်ရန် အကြီးအကျယ် ကြိုးပမ်းခဲ့ကြသည်။ ဤစီမံချက် အဆင်ပြေလွယ်ကူစေရန် ၂၀၂ စစ်ဒေသအနေနှင့် မိုးမိတ်တစ်ဝိုက် လှုပ်ရှားနေသော SSA တပ်ဖွဲ့များနှင့် ချိတ်ဆက် ကြိုးပမ်းခဲ့ကြသည်များ ရှိခဲ့သည်။ ၁၉၇၇ ခုနှစ် ဧပြီလကဆိုလျှင် ကွန်မြူနစ်တပ်ဖွဲ့များအနေနှင့် မိုးမိတ်မြို့ကိုပင် ခေတ္တမျှ သိမ်းပိုက်နိုင်ခဲ့သည်။ သို့နှင့်တိုင် ဒေသတွင်း ကျေးရွာများအပေါ် အခွန်ကောက်ခံရေးနှင့် ပတ်သက်ပြီး ရှမ်းနှင့် ပလောင်တပ်ဖွဲ့များကြား အချင်းများမှုများ ရှိလာခဲ့သည်။ ၁၉၈၆ တွင် အဆိုပါ အချင်းများမှုများမှ လက်နက်ကိုင်ပဋိပက္ခအဖြစ် အခြေအနေ ဆိုးလာပြီး နောက်ဆုံး CPB တပ်ဖွဲ့များ ဤဒေသမှ ဆုတ်ခွာခဲ့ရသည်။ ဤဒေသ အတွင်းတွင် CPB မှာ SSA နှင့် PSLA လောက် လူထုထောက်ခံမှု မရခဲ့ဟု သိရပါသည်။

## ၁၉၉၀ ပြည့်လွန်နှစ်များ အခြေအနေ

၁၉၉၀ ပြည့်နှစ်သို့ရောက်သောအခါ ရွှေလီမြစ်ကမ်းတစ်လျှောက် CPB တပ်ဖွဲ့များ မရှိသလောက်ပင် ဖြစ်သွားခဲ့သည်။ အမြဲတမ်းသဘောဆောင်သည့် တပ်စခန်းများလည်း မရှိတော့ပါ။ ယခင် တပ်မဟာ ၃ မှာ မုံးကိုးရှိ ကိုးကန့်တပ်တွင်း ပုန်ကန်သူများ၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## နမ့်ခမ်းခရိုင်

### နယ်မြေအကျယ်အဝန်း

နမ့်ခမ်းနှင့် မျက်နှာချင်းဆိုင်ရှိ ရွှေလီမြစ်မြောက်ခြမ်း ကွန်ဟိန်းနှင့် မန်ဟီးရိုးဒေသ ဖြစ်သည်။ စုစုပေါင်း ၁၂၄ စတုရန်း ကီလိုမီတာ ကျယ်ဝန်းပါသည်။

### လူဦးရေ

၁၉၈၆ ခုနှစ် ရတတ်သမ္မစာရင်းအရ လူဦးရေ ၉၂၁၁ ရှိသည်။ အများစုမှာ ရှမ်းလူမျိုးများဖြစ်ပြီး ကချင်နှင့်တရုတ်အနည်းငယ်လည်း ရှိသည်။ CPB ၏အုပ်ချုပ်မှု အောက်တွင် ကျေးရွာအုပ်စု ၅ ခု ပါဝင်သည်။

### စီးပွားရေးနှင့် အခြေခံအဆောက်အအုံ

နမ့်ခမ်းမှာ CPB ထိန်းချုပ်ထားသော အရှေ့မြောက်ဒေသအတွင်း စိုက်ပျိုးရေး လုပ်ငန်း အဖွံ့ဖြိုးဆုံးဟု ဆိုနိုင်သည်။ စပါး၊ ကြံ၊ ပဲ၊ ပဲပိစပ်၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ဒေသတွင်းဖူလုံမှုထက် ပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ကွန်ဟိန်းဆိုလျှင် နာမည်ကျော် နမ်ခမ်းဆေးရွက်ကြီး၏ မိခင်မြို့ပင်ဖြစ်သည်။ ယခုချိန် ထိပင် နမ့်ခမ်းဆေးရွက်ကြီးကို မြန်မာနိုင်ငံဒေသအသီးသီးနှင့် တရုတ်ပြည်သို့ တင်ပို့ ရောင်းချလျက်ရှိသည်။

### ၁၉၈၅ ဗဟိုကော်မတီ ကိုယ်စားပြုမှု

၁၉၈၅ ဗဟိုကော်မတီတစ်ယောက်မှ မရှိပါ။ မုံးကိုးရှိ မြောက်ပိုင်းဗျူရိုဌာနချုပ် မှပင် ဤဒေသကို အုပ်ချုပ်သည်။

### တပ်အင်အား

ဒေသခံမြို့နယ်တပ်နှင့် ပြည်သူ့စစ်မှာ ရာဂဏန်းအနည်းငယ်မျှသာ ရှိသည်။ အမြဲတန်း CPB တပ်ဖွဲ့မရှိပါချေ။


### သမိုင်းကြောင်း

၁၉၆၈ ဖေဖော်ဝါရီလတွင် ဒေသခံ SSA တပ်မှူးနှစ်ဦးဖြင့် မဟာမိတ်ဖွဲ့ပြီး CPB တပ်ဖွဲ့များ ကွန်ဟိန်းနှင့် မန်ဟီးရိုးဒေသသို့ ထိုးဖောက်ဝင်ရောက်ခဲ့ကြသည်။ ၎င်းနှစ် ဩဂုတ်လမှာပင် နမ့်ခမ်းနှင့် ရွှေလီမြစ်တောင်ဘက်ခြမ်းရှိ မြို့များမှ အစိုးရ တပ်ဖွဲ့များ ဆုတ်ခွာသွားခဲ့ကြသည်။ ဤအချိန်မှစ၍ အစိုးရနှင့် ကွန်မြူနစ်တပ်ဖွဲ့များကြား

www.burmeseclassic.com

www.burmeseclassic.com






နမ့်ခမ်းဒေသ (၁၉၈၇၊ ဇန်နဝါရီ ၁၃ ရက်တွင် မြန်မာ့ တပ်မတော်မှ ပြန်လည် သိမ်းပိုက်ခဲ့သည်)

www.burmeseclassic.com

www.burmeseclassic.com



အပြင်းအထန် တိုက်ခိုက်ခဲ့ကြသော ၁၉၈၆ နိုဝင်ဘာလအထိ ဤဒေသတစ်ခုလုံးကို CPB မှ ထိန်းချုပ်ထားနိုင်ခဲ့သည်။ ၁၉၈၇ ဇန်နဝါရီ ၁၃ ရက်တွင် မြန်မာ့တပ်မတော်က ရွှေလီမြစ်ကို ကျော်ဖြတ်ပြီး ကွန်ဟိန်းနှင့် မန်ဟီးရိုးတို့ကို ပြန်လည်သိမ်းပိုက်ခဲ့ပါသည်။ ဤတိုက်ပွဲစဉ်များအတွင်း မြန်မာအစိုးရတပ်ဖွဲ့များအနေနှင့် တရုတ်ပြည် နယ်မြေအချို့ကို အသုံးပြုခဲ့သည်များရှိသည်ဟု သတင်းအချို့က ဆိုပါသည်။

**၁၉၉၀ ပြည့်လွန်နှစ်များ အခြေအနေ**

၁၉၈၇ ခုနှစ် ကွန်ဟိန်းနှင့် မန်ဟီးရိုးကို လက်လွှတ်ခဲ့ရပြီးကတည်းက CPB အနေနှင့် ဤဒေသကို ပြန်လည်ထိုးဖောက်မှုမျိုး မလုပ်နိုင်ခဲ့တော့ပါ။ ယခုအခါ ဤဒေသမှာ မြန်မာအစိုးရ၏ ထိန်းချုပ်မှုအောက်တွင် အခိုင်အမာရှိနေပြီ ဖြစ်ပါသည်။ တရားဝင်ဖွင့်လှစ်လိုက်ပြီဖြစ်သော တရုတ်–မြန်မာ နယ်စပ်ကုန်သွယ်ရေး၏ အဓိက အချက်အချာ ဒေသလည်း ဖြစ်လာခဲ့သည်။

## ပန်ဆိုင်းအထူးမြို့နယ်နှင့် ကွတ်ခိုင်ခရိုင်

**နယ်မြေအကျယ်အဝန်း**

၁၉၈၆ ခုနှစ်က CPB ထိန်းချုပ်ထားနိုင်ခဲ့သော နယ်မြေအကျယ်အဝန်းမှာ ၂,၁၆၄ စတုရန်း ကီလိုမီတာမျှ ရှိခဲ့သည်။ သို့တစေ ၁၉၈၇ ဇန်နဝါရီလတွင် မြန်မာအစိုးရ စစ်တပ်မှ ပန်ဆိုင်း (ကြူကုတ်)၊ မုန်းပေါ်နှင့် ဝန်းကျင်ဒေသများကို ပြန်လည်ထိန်းချုပ်လိုက်နိုင်သောအခါ CPB လက်အောက်ရှိ လူဦးရေမှာ ၁,၈၀၀ ခန့်မျှသာရှိတော့သည်။ ယခင် အုပ်ချုပ်စဉ်ကာလက မုန်းပေါ်တွင် မြို့နယ်တစ်ခုပါဝင်ပြီး ကွတ်ခိုင် ခရိုင်တွင် မြို့နယ်လေးခု ရှိခဲ့သည်။

**လူဦးရေ**

၁၉၈၆ ခုနှစ် စာရင်းအရ စုစုပေါင်း လူဦးရေ ၄၇,၀၆၀ ရှိပါသည်။ ၎င်းတို့ထဲမှ ၆,၀၀၀ မှာ ပန်ဆိုင်းအထူးမြို့နယ်တွင် နေထိုင်ကြပြီး ၁,၀၀၀ မှာ မုန်းပေါ်တွင် နေကြသည်။ အဆိုပါ လူဦးရေထဲမှ အများစု ၄၀,၀၀၀ ခန့်မှာ ကချင် တရုတ်၊ ရှမ်း၊ ပလောင်နှင့် လီဆူးတိုင်းရင်းသားများ ဖြစ်ပါသည်။

**စီးပွားရေးနှင့် အခြေခံအဆောက်အအုံ**

အစဉ်အလာအရ ပန်ဆိုင်းမှာ တရုတ်ကုန်စည်များ မြန်မာပြည်ထဲသို့ တရားမဝင် ဝင်ရောက်ရာ တံခါးပေါက်ပင် ဖြစ်သည်။ သို့နှင့်အမျှ CPB အနေနှင့် ပန်ဆိုင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သွားသော တရုတ်ကုန်စည်အားလုံးအပေါ်မှာ အခွန်ကောက်ခံခွင့်ကို ရရှိနေခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များ၏နှောင်းပိုင်း ပေကျင်းမှ CPB သို့ ပေးနေသော အကူအညီများကို ဖြတ်တောက်လိုက်သောအခါ အဆိုပါ အခွန်တော်ဝင်ငွေမှာ CPB အတွက် ပို၍ပင် အရေးပါလာခဲ့သည်။ ဤကာလအတွင်း ပန်ဆိုင်းမှ ကောက်ခံရရှိသော ဆိုခဲ့ပါ အခွန်တော်ဝင်ငွေမှာ နှစ်စဉ်ကျပ် ၂၇ သန်းအထိရှိသည်။ CPB ၏နှစ်စဉ် ဘတ်ဂျက် အသုံးစရိတ် (ကျပ် ၅၆ သန်း)၏ ၅၀ ရာခိုင်နှုန်း နီးပါးပင်ဖြစ်သည်။ ထိုစဉ်ကာလအထိ တရုတ်ပြည်အနေနှင့် ၎င်း၏ကုန်သွယ်ရေးတွင် ကြားလူအဖြစ် အခွန်ကောက်ခံပိုင်ခွင့်ကို CPB ကိုသာ ပေးအပ်ထားခဲ့သည်။ သို့တစေ ၁၉၈၀ ပြည့်နှစ်တွင်မူ တရုတ်ပြည်ဘက်မှ သဘောထားပြောင်းလာခဲ့ပါသည်။ မြန်မာနိုင်ငံမှ ကုန်သည်များအနေနှင့် အစိုးရ ထိန်းချုပ်ထားသော နမ့်ခမ်းစကြိန်လမ်းမှတစ်ဆင့် တရုတ်ပြည်နှင့် တိုက်ရိုက်ကုန်သွယ်ခွင့် ရလာရာ CPB ပိုင် ပန်ဆိုင်းကို ဖြတ်စရာ မလိုတော့ချေ။ ထို့ထက် ၁၉၈၇ ဇန်နဝါရီတွင် ပန်ဆိုင်း (ကြူကုတ်)ပါ အစိုးရတပ်ဖွဲ့များ လက်အောက်သို့ ကျရောက်သွားခဲ့ရာ CPB ၏ အခွန်တော်ဝင်ငွေမှာ သိသိသာသာ ကျဆင်းခဲ့ရတော့သည်။ နောက်တစ်နှစ် ၁၉၈၈ တွင် တရုတ်–မြန်မာ တရားဝင် နယ်စပ်ကုန်သွယ်ရေး ဖွင့်လှစ်လိုက်သောအခါ ယခင် CPB တစ်ဦးတည်း ရရှိခဲ့သော အခွန်တော်ဝင်ငွေများမှာ ရန်ကုန်အစိုးရ ဘဏ္ဍာတိုက်ထဲသို့ ရောက်ရှိသွားလေတော့သည်။

မုန်းပေါ် မုံးကိုး မုန်းဟုမ်းနှင့် မုန်းယီ လွင်ပြင်ဒေသများတွင် နေထိုင်ကြသော ရှမ်းတိုင်းရင်းသားများမှာ လယ်စပါး၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို အဓိက စိုက်ပျိုးကြသူများဖြစ်သည်။ အဆိုပါ လွင်ပြင်တစ်ဝိုက် တောင်ကုန်းတောင်တန်းများတွင် နေထိုင်ကြသော တရုတ်များနှင့် အခြားမျိုးနွယ်စုများကမူ ဘိန်းကိုသာ အဓိကစိုက်ပျိုးကြသည်။ မြန်မာအစိုးရတပ်ဖွဲ့များအနေနှင့် ပန်ဆိုင်းမြို့ကို သိမ်းပိုက်ပြီးလျှင်ပြီးချင်း ဤမြို့တွင် ဘိန်းဖြူချက်စက်ရုံတစ်ရုံ တွေ့ရသည်ဟု ချက်ခြင်းကြေညာခဲ့ပါသည်။ မိမိတို့ဆင်နွှဲသော ပန်ဆိုင်း (ကြူကုပ်) စစ်ဆင်ရေးမှာလည်း မူးယစ်ဆန့်ကျင်ရေး တိုက်ပွဲ၏ အစိတ်အပိုင်းတစ်ရပ်ဟု ဆိုသည်။ သို့နှင့်တိုင် ဤဒေသတစ်ခုလုံး အစိုးရ လက်အောက် ကျရောက်သွားသည့်တိုင် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးမှုများကိုကား ဟုတ်ဟုတ်ငြားငြား မတွေ့ရပါချေ။ အမြတ်အစွန်း အမြောက်အများ ရနေသည့် ဒေသတွင်း စိုက်ပျိုးရေးမှာလည်း အပြောင်းအလဲမရှိ ဆက်လက်ရှိနေခဲ့သည်သာ ဖြစ်ပါသည်။

၁၉၆၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းလောက်က CPB အနေနှင့် တရုတ်အကူအညီဖြင့် မုံးကိုးတွင် ရေအားလျှပ်စစ်စက်ရုံတစ်ရုံ တည်ဆောက်ခဲ့သည်။ သို့သော် ဤစက်ရုံမှာ၊ ပြတ်တောင်းပြတ်တောင်းသာ လည်ပတ်နိုင်ခဲ့ပါသည်။ မုံးကိုးတွင် မူလတန်းကျောင်းတစ်ကျောင်းနှင့် ပစ္စည်းအတန်အသင့် ပြည့်စုံသော ဆေးပေးခန်းတစ်ခုလည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၉၈၅ ဗဟိုကော်မတီကိုယ်စားပြုမှု**

ပေါလစ်ဗျူရိုအဖွဲ့ဝင်နှစ်ဦး (ဗိုလ်မျိုးမြင့်နှင့် ဗိုလ်ကြင်မောင်) ဗဟိုကော်မတီ (အပြည့်) နှစ်ဦး (စိုင်းအောင်ဝင်းနှင့် ရဲဘော်ဖေသောင်း) နှင့် ဗဟိုကော်မတီ (အရံ) တစ်ဦး (ရဲဘောင်ထွန်းတင်) တို့၊ တပ်တွင်းပုန်ကန်မှု မတိုင်မီလောက်အထိ၊ မုံးကိုးတွင် အခြေစိုက်နေထိုင်ခဲ့ကြသည်။

**တပ်အင်အား**

၁၉၈၉ တပ်တွင်းပုန်ကန်မှု၊ မတိုင်မီအထိ၊ ဤဒေသတွင် CPB တပ်မဟာ ၃ ခု ရှိခဲ့သည်။ တပ်မဟာ ၁၊ တပ်မဟာ ၂ နှင့် တပ်မဟာ ၃ တို့ ဖြစ်ပါသည်။ ထို့မျှမက ဒေသခံပြည်သူ့စစ်များအပြင်၊ အထူးတပ်ဖွဲ့တစ်ခုနှင့် အမြောက်ကြီးတပ်ဖွဲ့ တစ်ခုလည်း ရှိသည်။ ဤတပ်ဖွဲ့အားလုံးသည်ပင် ၁၉၈၉ မတ်လ၊ တပ်တွင်းပုန်ကန်မှု၏ အမာခံအင်အားစုများ ဖြစ်လာခဲ့ပါသည်။ ၎င်းတို့၏ လက်ရှိအင်အား အခြေအနေမှာ

တပ်မဟာ ၁ – (မိုးကုတ်၊ မိုးမိတ်) – လူအင်အား ၂၀၀ မှ ၃၀၀ ခန့်

တပ်မဟာ ၂ – (မုံးကိုး) – လူအင်အား ၇၅၀

(အမြဲတမ်းတပ် ၅၀၀၊ အထူးတပ် ၁၅၀ နှင့် အမြောက်တပ် ၁၀၀)

တပ်မဟာ ၃ – (ရွှေလီ) လူအင်အား ၃၀၀

တပ်ဖွဲ့ဝင်အများစုမှာ ဝ, ကချင်၊ ရှမ်း၊ ပလောင်နှင့် တရုတ်နွယ်ဖွားများဖြစ်သည်။


**သမိုင်းကြောင်း**

ကွတ်ခိုင်ခရိုင်မှာ တရုတ်နယ်စပ်တစ်လျှောက်ရှိ CPB ၏ ပထမဆုံး 'လွတ်မြောက်ဒေသ' ဖြစ်သည်။ ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့၊ CPB တပ်ဖွဲ့များ နယ်စပ်ဖြတ်ကျော် ထိုးဖောက်ဝင်ရောက်ပြီး မကြာမတင်မှာပင် မုံးကိုးကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။ နောက်ထပ် တစ်နှစ်အကြာတွင်မူ CPB အနေနှင့် ၎င်း၏ပိုင်နက်နယ်မြေကို မုန်းဟုမ်း၊ မုန်းယနှင့် မုန်းစီတောင်တန်းများအထိ ထိန်းချုပ်နိုင်ခဲ့သည်။ ထို့နောက် ၁၉၇၀၊ မတ်လ ၂၁ ရက်တွင် မုန်းပေါ်၊ မတ်လ ၂၇ ရက်တွင် ပန်ဆိုင်းတို့ကို (၂ ရက်ကြာ တိုက်ပွဲများ အကြီးအကျယ်ဖြစ်အပြီး) ဆက်လက်သိမ်းပိုက်ခဲ့သည်။ ၁၉၇၉ ဒီဇင်ဘာတွင် မြောက်ပိုင်းဗျူရိုကို ဖွဲ့စည်းခဲ့သည်။ ၁၉၈၇ ဇန်နဝါရီလတွင်မူ ပန်ဆိုင်း၊ မုန်းပေါ်၊ ကွန်ဟိန်းနှင့် မန်ဟီးရိုးတို့ကို အစိုးရတပ်ဖွဲ့များမှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com






ကွတ်ခိုင်ခရိုင်

www.burmeseclassic.com

www.burmeseclassic.com



**၁၉၉၀ ပြည့်လွန်နှစ်များအခြေအနေ**

မြန်မာ့တပ်မတော်အနေနှင့် ၁၉၈၇ တိုက်ပွဲတွင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့သော နယ်မြေများကို ခိုင်ခိုင်မာမာ ထိန်းချုပ်နိုင်ခဲ့သော်လည်း ဆက်လက်တိုးချဲ့သိမ်းပိုက်မှုများကား မလုပ်နိုင်ခဲ့ပါ။ တပ်တွင်းပုန်ကန်မှုအပြီး ၁၉၈၉၊ မတ်လ ၁၄ ရက်တွင်မူ တပ်မဟာ ၁၊ ၂၊ ၃ နှင့် ကိုးကန့်ခရိုင်ဒေသတပ်အားလုံးကို စုစည်းပြီး 'မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော်' အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ဤတပ်ဖွဲ့၏ ခေါင်းဆောင်မှာ ဖုန်ကျားရှင်းဖြစ်သည်။

## အရှေ့မြောက်ဒေသ

CPB ၏ အရှေ့မြောက်ဒေသမှာ ယခင်အရှေ့မြောက်ပိုင်းစစ်ဒေသပင် ဖြစ်သည်။ တရုတ်နယ်စပ်တစ်လျှောက်ရှိ အရေးအကြီးဆုံး အခြေခံဒေသအချို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ကိုးကန့်ခရိုင်၊ ဝမြောက်ခရိုင်၊ ဝတောင်ခရိုင်၊ မြောက်ပိုင်း ကျိုင်းတုန်ခရိုင်နှင့် ပါတီဌာနချုပ်တည်ရာ၊ ပန်ဆန်းဝန်းကျင် အထူးမြို့နယ်တစ်ခုတို့ ပါဝင်သည်။ ဤဒေသကြီးတစ်ခုလုံး၊ စုစုပေါင်း ၁၄,၂၀၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး အခြေချနေထိုင်သူလူဦးရေ ၃၆၀, ၀၀၀ မျှ ရှိသည်။

## ကိုးကန့်ခရိုင်

### နယ်မြေအကျယ်အဝန်း

ကိုးကန့်၏ စုစုပေါင်းနယ်မြေအကျယ်အဝန်းမှာ ၂, ၂၀၀ စတုရန်းကီလိုမီတာ ရှိသည်။ ဤအထဲမှာ ၂,၀၀၀ စတုရန်းကီလိုမီတာခန့်မှာ CPB အုပ်ချုပ်ရေး၏အောက်တွင် ရှိသည်။ အရှေ့ဘက်နှင့် မြောက်ဘက်တွင် တရုတ်နယ်စပ်၊ အနောက်ဘက်တွင် သံလွင်မြစ်နှင့် တောင်ဘက်တွင် နမ်တင်းမြစ်တို့ ရှိသည်။

CPB က ကိုးကန့်ခရိုင်ကို မြို့နယ်လေးခု ခွဲခြားထားသည်။ ဟုန်ရှင်၊ ချင်းဝမ်၊ ရဝမ်ဟောင်နှင့် တုန်းရှန်မြို့နယ်တို့ ဖြစ်သည်။ ဤဒေသရှိ မြန်မာအစိုးရရှေ့တန်းစခန်းများမှာ ကွန်လုံနှင့် ဟိုပန်မြို့များအနီး တောင်ဘက်ခြမ်းတွင်သာ အကန့်အသတ်နှင့်ရှိသည်။ ယခင် CPB ခရိုင်ဌာနချုပ်မှာ တရုတ်နယ်စပ်အနီး မလီဖာလွင်ပြင်၏ အရှေ့ဘက်အစပ်တွင် ရှိခဲ့သည်။ အဆိုပါ မလီဖာလွင်ပြင်မှာ ကိုးကန့်ဒေသ၏တစ်ခုတည်းသော မြေပြန့်ဖြစ်ပါသည်။ ကျန်နယ်မြေအားလုံးမှာ အလွန်အကျွံ တောင်တန်းထူထပ်သော ဒေသပင်ဖြစ်သည်။ ကျဉ်းမြောင်းသော ချင်စွာဟိုစကြိန်လမ်းလေးဖြင့် ကိုးကန့်နှင့် တောင်ဘက်ရှိ CPB နယ်ပယ် (ဝမြောက်ခရိုင်) ကို ဆက်သွယ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



## လူဦးရေ

၁၉၈၆ စာရင်းဇယားများအရ လူဦးရေ ၇၀, ၂၃၉ ရှိသည်။ ၎င်းတို့အနက် ၅၀,၀၀၀ မှာ တရုတ်နွယ်ဖွားများဖြစ်သည်။ ၁၀,၀၀၀ မှာ ပလောင်များဖြစ်ပြီး ချင်းဝမ်နှင့် တုန်းရှန်မြို့နယ်များတွင် နေထိုင်ကြသည်။ ၁၀,၀၀၀ မှာ လီရှူး (ဟုန်ရှင်မြို့နယ်)၊ ရှမ်း (မလီဖာလွင်ပြင်)၊ ဝ (ရဝမ်ဟောင်၊ ချင်းဝမ်၊ ဟုန်ရှင်းမြို့နယ်များ) နှင့် အခြားလူမျိုးစုများဖြစ်သည်။ ဒေသတွင်း အဓိကမြို့ကြီးများမှာ နန်ကော (အိမ်ခြေ ၃၀၀) လောက်ကိုင် (အိမ်ခြေ ၂၀၀) နှင့် တရွှေတန် (အိမ်ခြေ ၁၀၀) တို့ ဖြစ်ပါသည်။

## စီးပွားရေးနှင့် အခြေခံအဆောက်အအုံ

မည်သည့်စံနှင့် ကြည့်လျှင်ဖြစ်စေ၊ ကိုးကန့်မှာ ဆင်းရဲပြီး ခေတ်နောက်ကျသောဒေသတစ်ခုဖြစ်ပါသည်။ ကိုးကန့်ရှိ အိမ်ထောင်စုအနည်းငယ်မျှသာ စပါးစိုက်ပျိုးနိုင်ပြီး အထိုက်အလျောက် ချောင်လည်သည်။ အစဉ်အလာအရ ကိုးကန့်ဒေသရှိ နေရာအများစုတွင် မိုးမကျမီ ဘိန်းစိုက်လေ့ရှိပြီး မိုးကျပြီးမှ ဂျုံပြောင်း စသည်တို့ စိုက်ကြသည်။ ဘိန်းများ ရိတ်သိမ်းပြီးသော်လည်း မရောင်းချရသေးမီ ဂျုံတို့၊ ပြောင်းတို့မှာလည်း စားလို့ရလောက်အောင် မရင့်မှည့်သေးမီ၊ ကြားကာလ၊ တစ်လ သို့မဟုတ် နှစ်လ၊ သုံးလလောက်တွင် တောင်ပေါ်သားအများစုမှာ နှစ်စဉ် အငတ်ဘေးနှင့် ရင်ဆိုင်ကြရစမြဲ ဖြစ်သည်။

ယခင်ကမူ ကိုးကန့်လက်ဖက်ခြောက်မှာ အလွန်ထင်ရှားခဲ့ဖူးပါသည်။ သို့တစေ ဒေသတွင်း စစ်ပွဲများဖြစ်ပွားလာချိန်မှစ၍ လက်ဖက်စိုက်ပျိုးမှုမှာ သိသိသာသာ ကျဆင်းသွားခဲ့သည်။ ကိုးကန့်လက်ဖက်ခြောက်ကို အစိုးရထိန်းချုပ်ထားသော ဈေးမြို့များသို့ သွားရောက်ရောင်းချရပြီး ရောင်းရငွေများကို အန္တရာယ်ကြီးသော တောင်ပေါ်လမ်းမှ ပြန်သယ်ရရာ၊ ဤလမ်းများ စစ်ပွဲဇုန်ဖြစ်သွားသောအခါ လက်ဖက်ခြောက် အရောင်းအဝယ်လည်း ပျက်သွားခဲ့ရသည်။ သို့နှင့်အမျှ ဘိန်းသည်သာ ကိုးကန့်တောင်ပေါ်သားများအတွက် အသက်ဆက်ရှင်နိုင်စရာ တစ်ခုတည်းသော ငွေရသည့် သီးနှံဖြစ်လာရတော့သည်။

ကိုးကန့်ဒေသတစ်ခုလုံးတွင် မလီဖာလွင်ပြင်တစ်ခုသာ စပါးစိုက်လို့ရသည်။ သို့အတွက် ဤလွင်ပြင်တွင် နေထိုင်ကြသော စပါးစိုက်လယ်သမားများမှာ တောင်ပေါ်ရှိ ဘိန်းစိုက်သူများထက်စာလျှင် ပို၍ အဆင်ပြေသည်ဟု ဆိုနိုင်သည်။ ဒေသတစ်ခုလုံးအနေနှင့် ဆိုလျှင်မူ အသက်ဆက်ရှင်သန်ဖို့ပင် ခက်ခဲသည့်အနေအထားဖြစ်သည်။ သို့နှင့်အမျှ ကိုးကန့်တရုတ်တော်တော်များများမှာ အလုပ်အကိုင်နှင့် အခွင့်အလမ်းသစ်များ ရှာဖွေရန် ဒေသကို စွန့်ပြီး မြန်မာပြည်အနှံ့အပြားသို့ သွားရောက်အခြေချနေထိုင်ခဲ့ကြသည်။ အချို့ဆိုလျှင် ထိုင်းနိုင်ငံဘက်သို့ပင် ရောက်ရှိသွားကြသည်များ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



လောက်ကိုင်၊ ချင်းခိုင်နှင့် မလီဖာလွင်ပြင်ရှိ ကျေးရွာများမှ တရုတ်နယ်စပ်အထိ ပေါက်သော မော်တော်ကားလမ်းတစ်လမ်းကို CPB မှ ဖောက်လုပ်ထားသည်။ ဤလမ်းမှပင် တရုတ်စားသုံးကုန်ပစ္စည်းများ၊ မြန်မာနိုင်ငံထဲသို့ ဝင်လာခြင်းဖြစ်သည်။ ဤလမ်းမှလွဲ၍ ဒေသတွင်း မည်သည့်ကားလမ်းမှ မရှိ။ အဓိကကျေးရွာကြီးများကို လားများသာ သွားနိုင်သော တောင်ပေါ်လမ်းများဖြင့် ချိတ်ဆက်ထားသည်။

လောက်ကိုင်တွင် အလယ်တန်းကျောင်းတစ်ကျောင်းရှိပြီး ကိုးကန့်ဒေသရှိ ရွာကြီးများတွင် မူလတန်းကျောင်း ၃၅ ကျောင်းရှိသည်။ ဤကျောင်းအားလုံး၏ သင်ကြားရေးမဏ္ဍိုင်မှာ မြန်မာစာမဟုတ်။ တရုတ်ဘာသာစကားသာ ဖြစ်သည်။ ကိုးကန့်တရုတ်များထဲတွင် မြန်မာလိုပေါက်သူမှာလည်း မရှိသလောက်ပင် ဖြစ်သည်။ ခရိုင်ဌာနချုပ်တွင် ဆေးရုံငယ်လေးတစ်ခုရှိပြီး မြို့နယ်လေးခုတွင်မူ ဆေးပေးခန်းတစ်ခုစီ ရှိသည်။ လောက်ကိုင်မြို့ပေါ်တွင်လည်း ပုဂ္ဂလိကဆေးခန်းနှစ်ခု ရှိပါသည်။ လောက်ကိုင်၊ တရှေ့တန်နှင့် နန်ကောမြို့များတွင် လျှပ်စစ်ဓာတ်အားပေး စက်ရုံများရှိသည်။

### ၁၉၈၅ ဗဟိုကော်မတီကိုယ်စားပြုမှု

ကိုးကန့်ခရိုင်တွင် ၁၉၈၅ ဗဟိုကော်မတီဆို၍ တစ်ယောက်မှမရှိပါ။ အမြဲတမ်းအခြေချနေထိုင်သော CPB နိုင်ငံရေးမှူးပင် မရှိပါ။ ရှားရှားပါးပါး၊ ထားဝယ်သားလူမျိုးစုကေဒါတစ်ဦးသာ ရှိပါသည်။

### တပ်အင်အား

ကိုးကန့်မှာ သံလွင်အနောက်ခြမ်း CPB ခံစစ်ကြောင်း၏ အရှေ့ဘက်တွင် ရှိသည်ဖြစ်ရာ၊ ကိုးကန့်ခရိုင်တွင် CPB အမြဲတမ်းတပ်မရှိပါချေ။ ဒေသခံမြို့နယ်တပ်နှင့် ပြည်သူ့စစ်များသာ ရှိသည်။ စုစုပေါင်းအင်အားမှာ ၅၀၀ မှ ၇၀၀ ကြားတွင်သာ ရှိပါသည်။

### သမိုင်းကြောင်း

ဗြိတိသျှတို့အုပ်စိုးစဉ် ကာလကပင် ကိုလိုနီအုပ်ချုပ်ရေးမှာ သံလွင်အရှေ့ခြမ်းသို့ ရောက်နိုင်ခဲ့သည် မဟုတ်ပါချေ။ ဗြိတိသျှတို့ တရားဝင်ခွင့်ပြုအကြံပေးထားသော စော်ဘွားများမှတဆင့်သာ အုပ်ချုပ်ခဲ့ရသည်။ မြန်မာပြည်လွတ်လပ်ရေးရပြီးသည့်နောက်တွင်လည်း မြန်မာအစိုးရအနေနှင့် ကိုးကန့်နယ်ကို ထိထိရောက်ရောက် အုပ်ချုပ်နိုင်စွမ်း မရှိခဲ့ဟု ဆိုရမည်သာ ဖြစ်ပါသည်။

၁၉၅၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းသို့ ရောက်သောအခါ တရုတ်ပြည်မကြီးမှ ဆုတ်ခွာလာသော ကိုမင်တန်တပ်များ ကိုးကန့်နယ်သို့ ဝင်ရောက်လာကြပြီး၊ ဒေသခံ

www.burmeseclassic.com

www.burmeseclassic.com



စစ်မင်းများနှင့် မဟာမိတ် ဖွဲ့ခဲ့ကြသည်။ အဆိုပါ စစ်မင်းများထဲမှ တစ်ယောက်မှာ လောစစ်ဟန်ပင်ဖြစ်သည်။ နောက်ပိုင်းတွင် လောစစ်ဟန်မှာ မြန်မာစစ်တပ်နှင့် ဆက်သွယ်ခဲ့ပြီး၊ ကာကွယ်ရေးတပ်ဖွဲ့ခေါင်းဆောင်ဖြစ်လာသည်။ လောစစ်ဟန်က အစိုးရကို တော်လှန်ပုန်ကန်နေကြသော ဒေသတွင်း သူပုန်များကို တိုက်ခိုက်ပေးခဲ့ပြီး၊ အပြန်အလှန်အနေနှင့်၊ သူ၏ မူးယစ်မှောင်ခိုလုပ်ငန်းကိုလည်း အစိုးရဘက်မှ တရားမဝင် ခွင့်ပြုပေးခဲ့သည်များရှိသည်ဟု ဆိုပါသည်။

၁၉၆၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်း CPB မှ အရှေ့မြောက်ဒေသသို့ ထိုးဖောက်ဝင်ရောက်ဖို့ စီစဉ်လာသောအခါ၊ လောစစ်ဟန်၏ပြိုင်ဘက် စစ်မင်းတစ်ဦးဖြစ်သူ ဖုန်ကျားရှင်းနှင့် ဆက်သွယ်ခဲ့သည်။ တကယ့်လက်တွေ့တွင်လည်း ဖုန်ကျားရှင်း၏ အကူအညီနှင့်ပင် ကိုးကန့်နယ်ကို ထိုးဖောက်ဝင်ရောက်ခဲ့သည်။ ၁၉၈၈ ဇန်နဝါရီလတွင် CPB တပ်ဖွဲ့များ၊ တရုတ်ပြည်မှ ကိုးကန့်ဒေသသို့ ဝင်ရောက်လာကြပြီး၊ ထိုနှစ်အကုန်မှာပင်၊ ဒေသတစ်ခုလုံးနီးပါး သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၆၈ စက်တင်ဘာလ ၈ ရက်တွင် 'ကိုးကန့်ပြည်သူ့ အစိုးရ' ဆိုသည်ကို ဖွဲ့စည်းခဲ့ပြီး CPB ၏ အုပ်စိုးမှုကို တရားဝင် ဖြစ်စေခဲ့သည်။ သို့တစေ CPB ၏ အနောက်ဘက်သို့ တိုးချဲ့ရေး အစီအစဉ်မှာကား၊ ၁၉၇၁ ခုနှစ်၊ ၄၅ ရက်ကြာ ကွန်းလုံတိုက်ပွဲကြောင့် ရပ်တန့်သွားခဲ့သည်။ ၁၉၈၉၊ တပ်တွင်းပုန်ကန်မှုမတိုင်မီထိ ဤအနေအထားတိုင်းပင် ရှိနေခဲ့ပါသည်။

**၁၉၉၀ ပြည့်လွန်နှစ်များ အခြေအနေ**

မတ်လ ၁၂ ရက်တွင် ကိုးကန့်မှာ CPB ခေါင်းဆောင်မှု ကို ပထမဆုံး တော်လှန်ပုန်ကန်သည့် ဒေသဖြစ်လာသည်။ တစ်ဆက်တည်းမှာပင်၊ ရန်ကုန်မှ မြန်မာအစိုးရနှင့် ပထမဆုံး ဆက်သွယ်ပြီး ငြိမ်းချမ်းရေး ရယူခဲ့သည့် လက်နက်ကိုင်အဖွဲ့အစည်းလည်း ဖြစ်လာသည်။ 'နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကောင်စီ' (SLORC) အတွင်းရေးမှူး ၁၊ ဗိုလ်မှူးချုပ်ခင်ညွန့်ကိုယ်တိုင် ၁၉၈၉ ဩဂုတ် ၂၅ ရက်တွင် ချင်းဟိုသို့ ရောက်လာပြီး ဆန်အိတ် ၂,၀၀၀ နှင့် ဖွံ့ဖြိုးရေးအကူအညီ ကျပ်ငွေ ၅ သန်း ပေးခဲ့သည်။ ကိုးကန့်ခေါင်းဆောင်ဖုန်ကျားရှင်းဦးဆောင်ပြီး 'မြန်မာနိုင်ငံ၊ အမျိုးသား ဒီမိုကရေစီမဟာမိတ်တပ်မတော်' ကို ဖွဲ့စည်းခဲ့သည်။

## ဝ မြောက်ခရိုင်

**နယ်မြေအကျယ်အဝန်း**

ဝတောင်တန်းများ၏ မြောက်ပိုင်းဖြစ်သည်။ အရှေ့ဘက်တွင် တရုတ်နယ်စပ် အနောက်ဘက်တွင် သံလွင်မြစ်၊ မြောက်ဘက်တွင် နမ်တင်းမြစ်နှင့် တောင်ဘက်တွင်

www.burmeseclassic.com

www.burmeseclassic.com



နမ်နန်းမြစ်တို့ ရှိသည်။ စုစုပေါင်း အကျယ်အဝန်း ၆, ၁၂၄ စတုရန်းကီလိုမီတာမျှ ရှိသည်။ ထိုအထဲမှ ၅, ၈၂၄ စတုရန်း ကီလိုမီတာကို CPB က ချုပ်ကိုင်ထားသည်။ အစိုးရ ထိန်းချုပ်ထားသော နယ်မြေမှာ ဟိုပန်နှင့် ပန်လောင်းတစ်ဝိုက် ၃၀၀ စတုရန်း ကီလိုမီတာသာ ကျယ်သောဒေသနှင့် အဆိုပါမြို့များကို ဆက်သွယ်ထားသော ကားလမ်းသာ ရှိသည်။ အဆိုပါ အစိုးရ ထိန်းချုပ်ထားသော နယ်မြေမှာ မြေပြန့်ဒေသဖြစ်ပြီး ကျန်ဒေသတစ်ခုလုံးမှာ မတ်စောက်သော တောင်များ၊ တောင်တန်းများ၊ လျှိုစောက်များနှင့် နက်ရှိုင်းသော မြစ်များဖြင့်အထိ ပြီးသည်။ မြေပြန့်ဆို၍ နမ်တင်းမြစ်တစ်ဝိုက်နှင့် ရှမ်းလူမျိုးများ အခြေစိုက်နေထိုင်ရာ နားဖန်လွင်ပြင်သာ ရှိသည်။ အုပ်ချုပ်ရေး ရည်ရွယ်ချက်ဖြင့် CPB က ဝမြောက်ခရိုင်ကို မြို့နယ် ၁၂ ခု ဖွဲ့စည်းထားသည်။ ယွင်ချင်၊ ကျင်းရှန်၊ နားဝီ၊ ကျိုင်းမင်းရှန်၊ စောဖာ၊ ခွန်းမာ၊ ဝမ်လင်း၊ မန်တုန်၊ အီကျင်၊ ယင်းဖန်၊ လင်းဟောနှင့် ကလန်ဖားမြို့နယ်တို့ ဖြစ်ပါသည်။ ခရိုင်ဌာနချုပ်မှာ ကျိုင်းမင်းရှန်မြို့နယ် မိုင်းမောတွင် ရှိသည်။

## လူဦးရေ

၁၉၈၆ စာရင်းအရ CPB ထိန်းချုပ်ထားသော ဝတောင်တန်းများ၏ မြောက်ပိုင်းတွင် အခြေချနေထိုင်သူ ၁၇၁, ၁၇၆ လောက်ရှိသည်ဟု သိရပါသည်။ အဆိုပါ လူဦးရေ၏ ၉၀ % မှာ ဝအမျိုးသားများဖြစ်ပြီး ၁၀ % မှာ တရုတ်၊ ရှမ်း၊ ကယားနှင့် ကချင်တို့ ဖြစ်ကြသည်။ ၁၉၇၉ စာရင်းများအရမူ လူဦးရေမှာ ၁၈၄, ၆၂၁ အထိ ရှိခဲ့သည်။ ဤသို့ လူဦးရေ ကျဆင်းလာခြင်းမှာ CPB တပ်သားသစ် စုဆောင်းမှုကြောင့် မိသားစုတော်တော်များများ အစိုးရဒေသသို့ ရွှေ့ပြောင်းသွားသောကြောင့် ဖြစ်သည်။ နောက်တစ်ချက်မှာ အသေအပျောက်များလှသော CPB ၏ လူလှိုင်းလုံး စစ်ဆင်ရေး ကြောင့်လည်း ဖြစ်ပါသည်။ ယောကျ်ား မိန်းမ လူဦးရေကွာခြားမှုက ဤအချက်ကို ဖော်ပြလျက်ရှိသည်။ (ယောကျ်ား ၇၈,၉၄၄၊ မိန်းမ ၉၂,၂၃၂ ဖြစ်သည်။) ခရိုင်၏ မြောက်ပိုင်းရှိ ဝ လူမျိုး တော်တော်များများမှာ ဘက်(ပ)တစ်ခရစ်ယာန်များ ဖြစ်သည်။ ၁၉၅၀ ပြည့်လွန်နှစ်များလောက်ကတည်းက ရောက်လာခဲ့သော အမေရိကန် သာသနာပြုများ၏ ကြိုးပမ်းမှုဖြစ်ပါသည်။ ခရိုင်၏ တောင်ဘက်ခြမ်းတွင်မူ ရှမ်း ဗုဒ္ဓဘာသာသြဇာ ရှိသလောက် ရှိပါသေးသည်။ ဤနယ်မြေနှစ်ခုကြား ဝ မြောက်ခရိုင်၏ အချက်အခြာဒေသကိုမူ 'အရိုင်းနယ်မြေ' ဟု ခေါ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း CPB တပ်များ မရောက်မီက၊ ဤဒေသတွင် ခေါင်းဖြတ်သည့် ဓလေ့ရှိခဲ့သည်ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**စီးပွားရေးနှင့် အခြေခံအဆောက်အအုံ**

အလွန်ဆင်းရဲသော ဒေသဖြစ်သည်။ ဟင်းသီးဟင်းရွက်၊ ပြောင်း၊ တောင်ပေါ်စပါးနှင့် စားသုံးနိုင်သော သီးနှံဟူသမျှကို ကြွက်များက နှစ်စဉ်ဖျက်ဆီးလေ့ရှိသည်။ လယ်စပါးကို နာပန်ဝန်းကျင်တွင်သာ စိုက်ပျိုးနိုင်သည်။ နယ်မြေအများစုမှာ တောင်ပေါ်စပါး စိုက်ဖို့ပင် မဖြစ်နိုင်အောင် တောင်တန်းထူထပ်လွန်းသည်။ သို့အတွက် နေရာမရွေး စိုက်ပျိုးနိုင်ပြီး ကြွက်များ၊ မဖျက်စီးနိုင်သော ဘိန်းသည်သာ၊ အဓိက ဝင်ငွေရသော သီးနှံဖြစ်နေသည်။ ခြွင်းချက်ဟု ဆိုနိုင်သည်မှာ ခရိုင်မြောက်ပိုင်ရှိ တရုတ်နယ်စပ်အနီး မိုင်းမောနှင့် စောဟင်စောဖာတစ်ဝိုက်ပင် ဖြစ်သည်။ ဤနေရာတွင် သာသနာပြုများက လွန်ခဲ့သော ဆယ်စုများကပင် လိမ္မော်စိုက်ပျိုးရေးကို မိတ်ဆက်ပေးခဲ့ကြသည်။ လိမ္မော်သီးကို တရုတ်ပြည်သို့ တင်ပို့ပြီး ရသောဝင်ငွေဖြင့် ဆန်ဝယ်စားကြသည်။

နာမ်တင်းလွင်ပြင်မှာ တရုတ်ပြည်မှ ကွန်းလုံ၊ ထိုမှတဆင့် လားရှိုးနှင့် မြန်မာပြည်မြောက်ပိုင်းသို့ ပေါက်သော အဓိက ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည်။ ဤလမ်းကြောင်းမှ ကောက်ခံရရှိသော အခွန်မှာ CPB ၏ အဓိကဝင်ငွေပင်ဖြစ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များ၏ အစောပိုင်း ဤဒေသသို့ CPB မရောက်မီက ပန်းလောင်းသို့ သွားသော မော်တော်ကားလမ်းမှာ မိုင်းမောအထိ ရောက်သည်။ ဒေသတစ်ခုလုံး CPB သိမ်းပိုက်ပြီးသောအခါတွင်မူ ဤကားလမ်းကို ဖျက်စီးပစ်ခဲ့သည်။ ဤလမ်းအစား မိုင်းမောမှ တရုတ်နယ်စပ်စောဖသို့ ဆက်သွယ်သည့် ကားလမ်းကို တောင်တန်းများကို ကျော်ပြီး ပန်ဆန်းအထိ ဖောက်ရန် စီမံချက်ရှိခဲ့သည်။ ၁၉၈၈ ခုနှစ်ရောက်မှ ကားလမ်းတစ်ခုလုံး အပြီးသတ်နိုင်ခဲ့ပါသည်။

မိုင်းမောတွင် CPB မှ ဖွင့်ထားသော ဆေးပေးခန်းတစ်ခု ရှိသော်လည်း ဆေးဝါးကိရိယာစုံလှသည်တော့ မဟုတ်ပါ။ ၁၉၇၉ ခုနှစ်က CPB မှ ဖွင့်ပေးသော မူလတန်းကျောင်း ၆၁ ကျောင်း ရှိခဲ့သည့်တိုင် ၁၉၈၆ တွင် ၃၆ ကျောင်းသာရှိတော့သည်။ ဘက်(ပ)တစ်အသိုင်းအဝိုင်းတွင် ဘုရားကျောင်းပေါင်း ၁၀၁ ခုရှိပြီး စာသင်ကျောင်းများနှင့် ချိတ်ဆက်ထားသည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးသင် စာသင်ကျောင်း ၁၃၅ ကျောင်းလည်း ရှိပါသည်။ ဒေသတစ်ခုလုံး လျှပ်စစ်ဓာတ်အားမရှိပါ။


**၁၉၈၅ ဗဟိုကော်မတီ ကိုယ်စားပြုမှု**

ဝ မြောက်ခရိုင်မှ ခရိုင်ပါတီကော်မတီ အတွင်းရေးမှူး၊ ရဲဘော်မြသောင်းမှာ ၁၉၈၅ ခုနှစ်တွင် ဝ ခေါင်းဆောင် ကျောက်ညီလိုင်နှင့်အတူ အရံဗဟိုကော်မတီဖြစ်လာသည်။ ၁၉၈၉ တပ်တွင်းပုန်ကန်မှုတွင် ကျောက်ညီလိုင်မှာ ခေါင်းဆောင်တစ်ဦးဖြစ်လာပြီး ရဲဘော်မြသောင်းကို သူပုန်တပ်ဖွဲ့မှ ဖမ်းဆီးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com






ဝမြောက်ခရိုင်

www.burmeseclassic.com

www.burmeseclassic.com



**တပ်အင်အား**

CPB ၏ တပ်မဟာ ၁၂ မှာ မိုင်းမောတွင် အခြေခံသည်။ တပ်အင်အား (ခန့်မှန်းခြေ) ၁, ၀၀၀ ရှိပြီး အားလုံးလောက်မှာ၊ ဝ အမျိုးသားများဖြစ်သည်။ ၁၉၈၉၊ ဧပြီ ၁၆၊ ၁၇ တွင် တပ်မဟာ ၁၂ ကပင် ပန်ဆန်းကို သိမ်းပိုက်လိုက်ပါသည်။

**သမိုင်းကြောင်း**

ဝ ဒေသရှိ အရိုင်းနယ်မြေမှာ ဗြိတိသျှခေတ်တစ်လျှောက်လုံး အုပ်ချုပ်ရေးနယ်ပယ်အတွင်း မရှိခဲ့ပါ။ ကျန်ဒေသအားလုံးလောက်မှာလည်း တစ်နှစ်တစ်ကြိမ် အလံကိုင်ချီတက်ပွဲများမှလွဲ၍ မည်သည့် ကိုလိုနီအုပ်ချုပ်ရေးမှ မရောက်ရှိခဲ့ဟု ဆိုရမည်သာဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း အခြေအနေမှာ ဤအတိုင်းသာ ဆက်လက်ရှိနေခဲ့သည်။ မိုင်းမောနှင့် စောဖ (တရားဝင်ထုတ်ဝေသော မြန်မာပြည်မြေပုံများတွင် 'ပန်ဝေ' ဟု ဖော်ပြ) တို့တွင်သာ အစိုးရရုံးရှိသည်။ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်းတွင် ကူမင်တန်တပ်များက ဤဒေသရှိ နယ်မြေအများစုကို ကျူးကျော်သိမ်းပိုက်ထားခဲ့သည်။ ဤအတွင်း ကူမင်တန်တို့မှာ ဒေသခေါင်းဆောင်များနှင့် သူတို့၏ လက်နက်ကိုင်တပ်ဖွဲ့များဖြင့် မဟာမိတ်ဖွဲ့ထားခဲ့သည်။

၁၉၆၃ တွင် CPB တပ်ဖွဲ့များ၊ ကိုးကန့်နှင့် ဝ ဒေသသို့ ထိုးဖောက်ဝင်ရောက်လာကြသည်။ CPB အနေနှင့် ဒေသတွင်း စစ်မင်းများဖြစ်သော ကျောက်ညီလိုင်၊ ပေါက်ယိချန်းတို့နှင့် ဆက်သွယ်ပြီး သူတို့ကို လက်နက်ခဲယမ်းများ ထောက်ပံ့ခဲ့သည်။ ၁၉၆၉ ဒီဇင်ဘာတွင် စောဖကိုလည်းကောင်း၊ ၁၉၇၁၊ မေလ၊ ၁ ရက်တွင် မိုင်းမောကိုလည်းကောင်း အသီးသီး သိမ်းပိုက်နိုင်ခဲ့သည်။ ဤတွင် အစိုးရတပ်ဖွဲ့များမှာ ပန်လောင်းနှင့် ဟိုပန်သို့ ဆုတ်ခွာသွားခဲ့ကြသည်။ အစိုးရတပ်နှင့် ဆက်သွယ်သော ဒေသခံစစ်မင်းများမှာ 'ကာကွယ်ရေးများ' ဖြစ်သွားသည်။ ၎င်းတို့ထဲမှ ထင်ရှားသူတစ်ယောက်မှာ 'မဟာဆန်း' ဖြစ်သည်။ နောက်ပိုင်းတွင် မဟာဆန်းမှာ ထိုင်းနယ်စပ်သို့ ထွက်ခွာသွားခဲ့ပြီး 'ဝ အမျိုးသားတပ်မတော်' (WNA)ကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၃ တွင်၊ ဒေသတစ်ခုလုံး CPB လက်အောက်သို့ ကျရောက်သွားခဲ့သည်။ အစပိုင်းတွင် ဒေသခံ ဝ အချို့က CPB ကို လက်မခံဘဲ၊ ခုခံတိုက်ခိုက်ခဲ့သည်များရှိသည်။ CPB အနေနှင့် ၁၉၇၄ ခုနှစ်အထိ အိကျင်လို ဝေးလံခေါင်ဖျားဒေသများကို မထိန်းချုပ်နိုင်ခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၉၀ ပြည့်လွန်နှစ်များ အခြေအနေ

၁၉၈၉ ဧပြီလတွင် ဝမြောက်၊ ဝတောင်နှင့် ပန်ဆန်းတို့ကို စုပေါင်းပြီး မြန်မာပြည်အမျိုးသား သွေးစည်းရေးပါတီ/တပ်မတော်ခေါင်းဆောင်မှုအောက် သွတ်သွင်းခဲ့သည်။ အဓိက ဦးဆောင်သူနှစ်ဦးမှာ ကျောက်ညီလိုင်နှင့် ပေါက်ယိုချန်းတို့ ဖြစ်ပါသည်။ ၁၉၈၉ နိုဝင်ဘာတွင် ဤအဖွဲ့မှာ ထိုင်းနယ်စပ်ရှိ ဝ တပ်ဖွဲ့များနှင့်ပေါင်းပြီး 'ညီညွတ်သော ဝ ပြည်နယ်ပါတီ/တပ်မတော်' (UWSP/ UWSA) ကို ဖွဲ့စည်းခဲ့သည်။ UWSP/ UWSA မှာ ကိုးကန့်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိသလောက် ရှိသော်လည်း မြောက်ပိုင်းကျိုင်းတုံနှင့် 'မဲခေါင်မြစ်တိုင်း' (ယခင် ၈၁၅ စစ်ဒေသ) တို့နှင့်မူ ပူးပေါင်းဆောင်ရွက်မှု ပြောလောက်အောင် မရှိပါချေ။

## ဝ တောင်ခရိုင်

### နယ်မြေအကျယ်အဝန်း

မူလက ဝတောင်ခရိုင်မှာ ၆၁၆၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ အနောက်ဘက်တွင် သံလွင်မြစ်၊ အရှေ့ဘက်တွင် တရုတ်နယ်စပ်၊ တောင်ဘက်တွင် နာမ်ခမြစ်၊ မြောက်ဘက်တွင် နာမ်နန်းမြစ်တို့ ရှိသည်။ ဒေသတွင်းအစိုးရ ထိန်းချုပ်နိုင်သည့်နယ်မြေဆို၍ မန်ကန်ရှိ မြို့စောင့်တပ်နှင့် အနီးအနားတောင်တန်းများသာ ရှိသည်။ သို့တစေ ၁၉၇၉ ခုနှစ်တွင် အစိုးရတပ်ဖွဲ့များအနေနှင့် ၂၀၀၀ စတုရန်းကီလိုမီတာရှိသော မော်ဖဒေသကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ယခင် ဝတောင်ခရိုင်ရှိ ပန်ဆန်းမှာလည်း သီးခြားအုပ်ချုပ်ရေးယူနစ်ဖြစ်သွားသည်။ သို့အတွက် ယခုအခါ ဝတောင်ခရိုင်မှာ ၃၁၀၀ စတုရန်းကီလိုမီတာမျှသာ ရှိတော့သည်။ ဒေသတစ်ခုလုံးမှာ မြေပြန့်လွင်ပြင် မရှိ။ တောင်ကုန်းတောင်တန်းများနှင့် အတိပြီးသည်။ CPB က ဝတောင်ခရိုင်ကို မြို့နယ်ငါးခု ခွဲထားပါသည်။ မန်ရှန့်၊ နောင်ခက်၊ လွိုင်လန်၊ နားကောင်းနှင့် ပန်ယန်းမြို့နယ်တို့ ဖြစ်သည်။ CPB ခရိုင်ဌာနချုပ်မှာ ဗန်ကောင်းတွင် ရှိသည်။


### လူဦးရေ

၁၉၇၉ ခုနှစ်က စုစုပေါင်း လူဦးရေ ၉၁,၈၃၃ (ပန်ဆန်းပါ) ရှိခဲ့သော်လည်း ၁၉၈၆ ခုနှစ်တွင်မူ ၅၃,၁၁၅ သာ ရှိတော့သည်။ ၎င်းတို့အနက် ၃၉,၁၁၂ မှာ ဝ၊ ၆,၆၁၃ မှာ ရှမ်း၊ ၆,၄၃၇ မှာ လားဟူနှင့် ကျန်လူဦးရေမှာ တရုတ်ကချင် စသည်တို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com






ဝတောင်ခရိုင်

www.burmeseclassic.com

www.burmeseclassic.com



**စီးပွားရေးနှင့် အခြေခံအဆောက်အအုံ**

မြေဆီထက်သန်သော မြေပြန့်လွင်ပြင်မရှိ၍ အလွန်ဆင်းရဲသော ဒေသ ဖြစ်ပါသည်။ စားသုံးနိုင်သော သီးနှံများမှာ တောင်ပေါ်စပါး၊ ပြောင်း၊ လူးဆပ်နှင့် ပဲအမျိုးမျိုးတို့ ဖြစ်သည်။ ငွေရနိုင်သော သီးနှံဆို၍ သုံးမျိုးသာရှိသည်။ လက်ဖက် (တစ်နှစ် ၁, ၄၅၅ ပိဿာ)၊ ဆေးရွက်ကြီး (တစ်နှစ် ၉,၂၆၉ ပိဿာ) နှင့် ဘိန်း (တစ်နှစ် ၇,၂၉၉ပိဿာ) ဖြစ်သည်။ CPB က လှိုင်လန်ကိုဖြတ်ပြီး ပန်ဆန်း၊ မိုင်းမော ကားလမ်းကို ဖောက်ထားသည်။ အဓိက ကျေးရွာများကိုမူ၊ လားများသွားနိုင်သော တောင်ပေါ်လမ်းများနှင့်သာ ဆက်သွယ်ထားသည်။ ၁၉၇၉/ ၈၀ မင်းရန်အောင် စစ်ဆင်ရေးအပြီးတွင် မြန်မာ့တပ်မတော်က သံလွင်မြစ်မှ တာမော့ကိုဖြတ်ခါ လှိုင်ရှားကောအထိ ကားလမ်းဖောက်ခဲ့သည်။ ဝတောင်ခရိုင်တွင် လက်နက်ကိုင်အဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော မူလတန်းကျောင်း ၂၅ ကျောင်းရှိသည်။ ဗန်ကောင်းတွင်လည်း ဆေးပေးခန်းငယ်လေး တစ်ခု ရှိသည်။ ယခင်က မြို့နယ်တိုင်းတွင် ဆေးပေးခန်းတစ်ခုစီ ရှိခဲ့သော်လည်း ၁၉၈၀ ပြည့်လွန်နှစ်များသို့ ရောက်သောအခါ ရန်ပုံငွေ အခက်အခဲကြောင့် ပိတ်ဖြစ်ခဲ့ရသည်။

**၁၉၈၅ ဗဟိုကော်မတီကိုယ်စားပြုမှု**

တစ်ယောက်မှ မရှိပါ။ ၁၉၈၉ တပ်တွင်းပုန်ကန်မှုကာလအထိ၊ ဗန်ကောင်းခရိုင်ဌာနချုပ်တွင် ဗမာနိုင်ငံရေးခေါင်းဆောင်ဆို၍ ၂ ယောက် ၃ ယောက်ထက် မပိုခဲ့ပါ။

**တပ်အင်အား**

မန်ရှန့်အနီးတွင် အခြေစိုက်ထားသော တပ်မဟာ (၇) ရှိသည်။ ပန်ဆန်းအတွက် ကြားခံလုံခြုံရေးတပ်ဖွဲ့အဖြစ် တာဝန်ယူထားသည်။ ခန့်မှန်းခြေတပ်အင်အား ၁,၀၀၀ ခန့် ရှိလိမ့်မည်ဟု ယူဆရပါသည်။ တပ်မှူးတပ်သား အများစုမှာ ဝ အမျိုးသားများ ဖြစ်ပြီး လားဟူနှင့် ရှမ်း အနည်းငယ်ပါသည်။

**သမိုင်းကြောင်း**

ဗြိတိသျှအုပ်စိုးစဉ် ကာလကရော လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်ပါ ဝ တောင်ခရိုင်မှာ ဝမြောက်ထက်စာလျှင် ရန်ကုန်၏ အာဏာစက်ပိုသက်ရောက်မှု ရှိခဲ့သည်ဟု ဆိုနိုင်ပါသည်။ အဓိက ကျသော ကျေးရွာတိုင်းလောက်တွင် အစိုးရတပ်စခန်းများရှိပြီး အစိုးရအာဏာ၏သင်္ကေတများ ရှိခဲ့သည်။ သို့တစေ ၁၉၇၂၊ ဇွန်လ ၆ ရက်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



CPB စစ်ကြောင်းများ၊ ဝမြောက်မှ ဝတောင်သို့ တိုးဝင်လာပြီး မန်ရှန့်စခန်းကို သိမ်းပိုက်လိုက်သည်။ ဆက်တိုက်ဆိုသလိုပင် ပန်ဆန်းပါ ကျသွားပြီး၊ ထိုနှစ်ဩဂုတ်လမှာပင် လွိုင်လန်နှင့် မန်ဖန်းတို့ကိုပါ သိမ်းနိုင်ခဲ့သည်။ နောက်တစ်နှစ် ၁၉၇၃ တွင် လားဟူလူမျိုးများ အများစုနေထိုင်ရာ မော်ဖားပါ CPB လက်အောက်သို့ ကျရောက်သွားပြီး၊ ၁၉၇၄ ခုနှစ်တွင် မန်ကောင်းမှလွဲ၍ ဝ တောင်ခရိုင်တစ်ခုလုံး CPB ၏ လွတ်မြောက်ဒေသထဲ ရောက်ရှိသွားခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အစိုးရက သူပုန်မြို့တော် ပန်ဆန်းကို သိမ်းပိုက်ရန် ရည်ရွယ်ချက်ဖြင့် 'မင်းရန်အောင် (၁)' စစ်ဆင်ရေးကို ဆင်နွှဲခဲ့သည်။ အဆိုပါ ရည်မှန်းချက်အပြည့်အဝ မအောင်မြင်ခဲ့သော်လည်း အစိုးရတပ်ဖွဲ့များအနေနှင့် မော်ဖားဒေသကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကာ၊ ပန်ဆန်းကို အနီးကပ်ခြိမ်းခြောက်ထားနိုင်ခဲ့သည်။ ၁၉၈၇၊ နောက်ထပ်အစိုးရ စစ်ဆင်ရေး မတိုင်ခင်အထိ၊ နယ်မြေ အခြေအနေမှာ ဤအတိုင်းပင် တန့်နေခဲ့သည်။

**၁၉၉၀ ပြည့်လွန်နှစ်များအခြေအနေ**

၁၉၈၉ ဧပြီတွင် တပ်တွင်းပုန်ကန်မှုကို ဦးဆောင်ခဲ့ကြသော တပ်ဖွဲ့များဖြင့် စုစည်းထားသည့် 'ဗမာအမျိုးသား ညီညွတ်ရေးပါတီ/ တပ်မတော်' က ဝတောင်ခရိုင်၊ ဝမြောက်ခရိုင်နှင့် ပန်ဆန်းတို့ကို စုစည်းပြီး ၎င်းတို့က တိုက်ရိုက်အုပ်ချုပ်ခဲ့သည်။ နောင်တွင် အဆိုပါ အဖွဲ့အစည်းမှာ "ညီညွတ်သော ဝ ပြည်နယ်ပါတီ/ တပ်မတော်" ဖြစ်လာသည်။

**ပန်ဆန်းအထူးမြို့နယ်**

**နယ်မြေအကျယ်အဝန်း**

တရုတ်ပြည်နှင့် နယ်နိမိတ် နာမ်ခမြစ်ကွေ့ပတ်စီးဆင်းနေသော၊ မြင်းခွာပုံ နယ်မြေလေးဖြစ်သည်။ အနောက်ဘက်တွင် နာမ်ဖန်းမြစ်အထိ ရောက်သည်။ ၈၀၀ စတုရန်းကီလိုမီတာခန့် ရှိပါသည်။


**လူဦးရေ**

၁၉၈၇ စာရင်းအရ ဝ လူမျိုးစု ၇၃၈၉၊ လားဟူ ၂၉၅၆၊ ရှမ်း ၂၀၂၃ တရုတ် ၄၈၇ နှင့် မြောင် ၃၈၈ စုစုပေါင်း လူဦးရေ ၁၃, ၂၄၃ ရှိသည်။ ဤလူဦးရေတွင် CPB ခေါင်းဆောင်များနှင့် ၎င်းတို့ မိသားစုများ မပါဝင်ပါ။ ၎င်းတို့အားလုံးမှာ လူ ၂၀၀ ခန့်ရှိပြီး ပန်းဆန်းဌာနချုပ်တွင် စုစည်းနေထိုင်ကြသည်က များပါသည်။

www.burmeseclassic.com

www.burmeseclassic.com






1. School
2. Hospital
3. Hydroelectric power station
4. Central Market
5. Northeastern command (military headquarters)
6. Old broadcasting station
7. Armory
8. Party headquarters and leaders' houses

ပန်ဆန်းအထူးမြို့နယ်

www.burmeseclassic.com

www.burmeseclassic.com



## စီးပွားရေးနှင့် အခြေခံအဆောက်အအုံ

ပန်ဆန်းမှာ နာမ်ခမြစ်၏ မြန်မာပြည်ဘက်အခြမ်းတွင်ရှိသော မြေဆီသြဇာ ထက်သန်ကြွယ်ဝသည့် လွင်ပြင်ဒေသဖြစ်သည်။ ပန်ဆန်းနှင့် မျက်နှာချင်းဆိုင် တရုတ်ပြည်ဘက်အခြမ်းတွင် မန်အေ အမည်ရှိမြို့ငယ်လေးတစ်မြို့ရှိသည်။ ပန်ဆန်းလွင်ပြင်တွင် လယ်စပါးကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးပြီး၊ ပတ်ဝန်းကျင်တောင်တန်းများတွင် တောင်ပေါ်စပါးနှင့်ဘိန်းစိုက်ပျိုးသည်။ ပန်ဆန်းမှာ တရုတ်ပြည်မှမြန်မာပြည်ထဲသို့ ဝင်လာသော စားသုံးကုန်ပစ္စည်းများ၏ တရားမဝင် ကုန်သွယ်ရေးအချက်အခြာလည်း ဖြစ်သည်။ ပန်ဆန်းတွင် ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ရှိသော ဈေးကြီး တစ်ဈေးလည်း ရှိသည်။ ပန်ဆန်းဈေးတွင် ဗီဒီယိုရုံတစ်ရုံနှင့် စားသောက်ဆိုင် အများအပြားလည်း ရှိသည်။ CPB အနေနှင့် ပန်ဆန်းဒေသတွင် မူလတန်းကျောင်း ခုနှစ်ကျောင်း ဖွင့်ထားသည်။ ဤကျောင်းများ၏ သင်ကြားရေးမဏ္ဍိုင် ဘာသာစကားများမှာ တစ်ကျောင်းနှင့် တစ်ကျောင်း မတူ။ ဒေသခံများအပေါ် မူတည်ပြီး မြန်မာ၊ တရုတ်၊ ရှမ်း၊ လားဟူ ဘာသာစကားများဖြင့် သင်ကြားကြသည်။ ပန်ဆန်းတွင် ခွဲစိတ်ခန်းမကြီးတစ်ခု ပါဝင်သော ဗဟိုရှေ့တန်းဆေးရုံတစ်ရုံလည်း ရှိသည်။ ပုံနှိပ်စက်တစ်လုံးနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကိုလည်း ၁၉၇၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းကပင် တရုတ်ပြည်မှ ဆောက်လုပ်ပေးထားသည်။ ပန်ဆန်းနှင့် အနီးအနား ကျေးရွာများကို မော်တော်ကားလမ်းဖြင့် ဆက်သွယ်ထားသည်။ ဂျစ်ကားများ၊ ထရပ်ကားများ၊ ထော်လာဂျီများဖြင့် သွားလာကြသည်။ တရုတ်ပြည် မန်အေမြို့အထိ ပေါက်သော ဝါးဖြင့် ဆောက်ထားသည့် ဆိပ်ခံဇောတံတားတစ်စင်းလည်း ရှိသည်။

## ၁၉၈၅ ဗဟိုကော်မတီကိုယ်စားပြုမှု

၁၉၈၅ ခုနှစ်အထိ CPB ဗဟို ကော်မတီအများစုမှာ ပန်ဆန်းတွင်သာ အခြေချနေထိုင်ကြပါသည်။ ဗဟိုကော်မတီအချို့ကမူ ၎င်းတို့တာဝန်ကျရာဒေသများနှင့် ပန်ဆန်းဗဟိုဌာနချုပ်တို့တွင် တစ်လှည့်စီ နေထိုင်ကြသည်။ အရှေ့မြောက်ဒေသတစ်ခုလုံး၏ နိုင်ငံရေးမှူးမှာ ရဲဘော်စိုးသိမ်းဖြစ်သည်။ ၁၉၈၉ ခုနှစ်တပ်တွင်း ပုန်ကန်မှုတွင် ပုန်ကန်သူများက သူ့ကို ဖမ်းဆီးခဲ့သည်။

## တပ်အင်အား

ပန်ဆန်းမှာ ပထဝီအနေအထားအရ လုံခြုံစိတ်ချရသည်ဖြစ်ရာ နေ့ထောက်တန်းစခန်းနှင့် ဗဟိုဌာနချုပ်အဖြစ် အသုံးပြုပါသည်။ ဝတောင်ခရိုင်ရှိ တပ်မဟာ (၇) နှင့်

www.burmeseclassic.com

www.burmeseclassic.com



မြောက်ပိုင်းကျိုင်းတုံရှိ တပ်ဖွဲ့အသီးသီးက ပန်ဆန်းလုံခြုံရေးကို သွယ်ဝိုက်တာဝန်ယူထားသည်။ သို့သော် ပန်ဆန်းအခြေစိုက် တပ်မဟာ ၈၅၁ ကိုမူ ဌာနချုပ်ဗဟိုစစ်ကော်မရှင်က တိုက်ရိုက်ချုပ်ကိုင်ထားသည်။ တပ်မဟာ ၈၅၁ တွင် တပ်အင်အား ခန့်မှန်းခြေ ၁၀၀၀ ခန့်ရှိသည်။ အများစုမှာ ဝ အမျိုးသားများဖြစ်ပါသည်။

**သမိုင်းကြောင်း**

၁၉၇၂ ဇွန်လတွင် အစိုးရတပ်ဖွဲ့များနှင့် အကြီးအကျယ်တိုက်ပွဲဝင်ဆင်ပြီး CPB တပ်ဖွဲ့များက ပန်ဆန်းကို သိမ်းပိုက်ခဲ့သည်။ ၁၉၇၃ ဧပြီတွင် ပန်ဆန်းမှာ အရှေ့မြောက်စစ်ဒေသ၏ ဌာနချုပ်ဖြစ်လာသည်။ ၁၉၇၅ ပဲခူးရိုးမ ဗဟိုကျပြီးတော့မှ ပန်ဆန်းကို CPB ၏ ဗဟိုဌာနချုပ်အဖြစ် တရားဝင် ကြေညာခဲ့သည်။ ၁၉၇၈ တွင် ပန်ဆန်းကို ဝတောင်ခရိုင်မှ ခွဲထုတ်ပြီး အထူးမြို့နယ်အဖြစ် ဖွဲ့စည်းခဲ့သည်။ CPB ၏ အသံလွှင့်ရုံ 'ဗမာပြည် ပြည်သူ့အသံ' မှာ ၁၉၇၈ မှ ၁၉၈၅ အထိ ပန်ဆန်းတွင် ရှိခဲ့သည်။ ၁၉၇၈ မတိုင်မီကမူ တရုတ်ပြည်ထဲတွင် ရှိခဲ့ပြီး၊ ၁၉၈၅ တွင် အသံလွှင့်ရုံကို ဝမြောက်သို့ ပြောင်းခဲ့သည်။

**၁၉၉၀ ပြည့်လွန်နှစ်များအခြေအနေ**

၁၉၈၉၊ ဧပြီ ၁၇ ရက်တွင် တပ်တွင်းပုန်ကန်သူများက ပန်ဆန်းကို သိမ်းပိုက်ခဲ့သည်။ CPB ခေါင်းဆောင်များ တရုတ်ပြည်သို့ ထွက်ပြေးခဲ့ရပြီး ဌာနချုပ်တစ်ခုလုံးကို ပေါက်ယိုချန်းနှင့် ကျောက်ညီလိုင် ဦးဆောင်သော ဝတပ်ဖွဲ့များက ထိန်းချုပ်လိုက်ကြသည်။ ယခုအခါ ပေါက်ယိုချန်းမှာ ပန်ဆန်းမှာပင် အခြေစိုက် နေထိုင်ပြီး၊ ကျောက်ညီလိုင်ကမူ ပန်ဆန်းနှင့် မိုင်းမောတွင် တစ်လှည့်စီနေသည်။ သူတို့နှစ်ဦး၊ ခေါင်းဆောင်သော ဝ တပ်ဖွဲ့များမှာ ၁၉၈၉ နိုဝင်ဘာတွင် ထိုင်းနယ်စပ်ရှိ အခြား ဝ တပ်ဖွဲ့များနှင့် ပူးပေါင်းပြီး "ညီညွတ်သော ဝ ပြည်နယ်ပါတီ/ တပ်မတော်" ကို ဖွဲ့စည်းခဲ့ကြသည်။

**မြောက်ပိုင်းကျိုင်းတုံခရိုင်**


**နယ်မြေအကျယ်အဝန်း**

၂,၅၀၀ စတုရန်းကီလိုမီတာ ကျယ်သည်။ CPB က မြောက်ပိုင်းကျိုင်းတုံခရိုင်ကို မြို့နယ် ခြောက်ခုခွဲထားသည်။ မိုင်းပေါက်၊ မိုင်းပြင်၊ မိုင်းခ၊ မိုင်းကွေ၊ မိုင်းယန်းနှင့် ဆာလူးမြို့နယ်တို့ဖြစ်သည်။ ခရိုင်ဌာနချုပ်မှာ တရုတ်နယ်စပ်အနီး၊ ဝမ်ဟိုတောင်

www.burmeseclassic.com

www.burmeseclassic.com






မြောက်ပိုင်းကျိုင်းတုံ ခရိုင်

www.burmeseclassic.com

www.burmeseclassic.com



တွင် ရှိသည်။ မြောက်ပိုင်း ကျိုင်းတုံခရိုင်၏ မြောက်ဘက်တွင် တရုတ်ပြည်နယ်စပ်၊ အနောက်ဘက်တွင် နာမ်ခမြစ်၊ အရှေ့ဘက်တွင် မိုင်လားသို့ ပေါက်သော ကားလမ်းတို့ ရှိသည်။ ခရိုင်၏ တောင်ဘက်မျက်နှာစာမှာ မိုင်းယန်းလွင်ပြင်အနီး၊ စစ်ဒေသနှင့် ဆက်စပ်နေပြီး၊ နာမ်လွိုင်မြစ်အထိ ရောက်သည်။ အစိုးရတပ်ဖွဲ့များက မိုင်းယန်းနှင့် ခရိုင်၏ အနောက်ဘက်ခြမ်းကို ထိန်းချုပ်ထားပြီး ကျန်နယ်မြေများမှာ လက်နက်ကိုင်တပ်ဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင် ရှိသည်။

**လူဦးရေ**

၆၀,၀၀၀ ခန့်ရှိသည်။ ရှမ်း၊ ဝ၊ ပလောင်၊ လားဟူ၊ တရုတ်၊ လီဆူး၊ ကချင်နှင့် အခြားလူမျိုးစုငယ်များ အခြေချနေထိုင်ကြသည်။

**စီးပွားရေးနှင့် အခြေခံအဆောက်အအုံ**

ဤဒေသမှာ အခြား CPB နယ်မြေများနှင့်စာလျှင် အနည်းငယ် ပိုချောင်လည်သည်ဟု ဆိုနိုင်ပါသည်။ မိုင်းပေါက်၊ မိုင်းပြင်းနှင့် စလူးလွင်ပြင်များမှာ လယ်စပါးကွင်းများနှင့် ကြွယ်ဝသော စိုက်ပျိုးရေးဒေသများဖြစ်သည်။ ခရိုင်ရုံးစိုက်ရာ ဝမ်ဟိုတောင်မှာလည်း၊ တရုတ်မြန်မာနယ်စပ်ကုန်သွယ်မှုကြောင့် အထိုက်အသင့် စည်ပင်ဝပြောသည်ဟု ဆိုနိုင်သည်။ တောင်ကုန်းများထက်တွင်မူ ဘိန်းကိုသာ အဓိက စိုက်ကြသည်။ သစ်၊ အထူးသဖြင့် ထင်းရှူးကို တရုတ်ပြည်သို့ အမြောက်အများတင်ပို့သည်။ ဝမ်ဟိုတောင်မှ နယ်စပ်ကို ဖြတ်၍ တရုတ်ပြည်ထဲသို့ ပေါက်သော ကားလမ်းတစ်ခုရှိသည်။ အခြားကျေးလက်တောရွာများနှင့်မူ၊ လားသွားနိုင်သော တောလမ်းများဖြင့်သာ ဆက်သွယ်ထားသည်။ မိုင်းပြင်မှသည် အစိုးရတပ်ဖွဲ့များရှိရာ မိုင်းယန်းသို့၊ ထိုမှတဆင့် ကျိုင်းတုံနှင့် ထိုင်းအထိ ရောက်သော ကားလမ်းလည်းရှိသည်။ ဤကားလမ်းမှာ တရုတ်မြန်မာထိုင်းကုန်သွယ်ရေးလမ်းကြောင်းလည်း ဖြစ်သည်။ ခရိုင်တစ်ခုလုံး၊ လက်နက်ကိုင်တပ်ဖွဲ့များမှ ဖွင့်လှစ်ထားသော မူလတန်းကျောင်း ၂၃ ကျောင်းရှိပြီး ကျောင်းသားဦးရေ ၇၀၀ ရှိပါသည်။

**၁၉၈၅ ဗဟိုကော်မတီကိုယ်စားပြုမှု**

CPB ပါတီဝင်ဆို၍ ခရိုင်အတွင်းရေးမှူးနှင့် နိုင်ငံရေးမှူးတာဝန်ယူထားသူ တရုတ်ရဲဘော်တစ်ဦးနှင့် ဒုတိယနိုင်ငံရေးမှူးတာဝန်ယူထားသူ တရုတ်တစ်ဦးသာ ရှိသည်။ တပ်မဟာ ၇၆၈ ခေါင်းဆောင်အားလုံးမှာ တစ်ယောက်မှ CPB ပါတီဝင် မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



**တပ်အင်အား**

ဒေသတွင်း ဌာနချုပ်ဖွင့်ထားသော CPB တပ်မဟာ ၃ ခုရှိသည်။

တပ်မဟာ ၆–ဝမ်ဟိုတောင်တွင် ဌာနချုပ်ဖွင့်ထားသည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းဆတ်ဒေသမှာ လှုပ်ရှားနယ်မြေဖြစ်သည်။ ထိုင်းနယ်စပ်မှ 'ဝအမျိုးသားတပ်မတော်' နှင့် ပူးတွဲလှုပ်ရှားသည်များလည်း ရှိသည်။ တပ်အင်အား ၁၅၀၀ ရှိပြီး အများစုမှာ ဝ အမျိုးသားများဖြစ်ပါသည်။

တပ်မဟာ ၈၅၉– ယခင် တပ်မဟာ ၅ ကို အမည်ပြောင်းထားခြင်းဖြစ်သည်။ မိုင်းပေါက်တွင် ဌာနချုပ် ဖွင့်ထားသည်။ ပန်ဆန်းဌာနချုပ်၏ အရှေ့တောင်ဘက်မျက်နှာကို အကာကွယ်ပေးရသည့် တပ်ဖြစ်သည်။ အင်အား ၁,၀၀၀ ခန့်ရှိပြီး ဝ၊ ရှမ်း၊ လားဟူနှင့် တရုတ်လူမျိုးများဖြင့် ဖွဲ့စည်းထားသည်။

တပ်မဟာ ၇၆၈– ရှမ်းလူမျိုး အများစုပါဝင်သော တပ်မဟာဖြစ်သည်။ မိုင်းယန်း၏ မြောက်ဘက်နှင့် အရှေ့ဘက်တွင် အခြေခံလှုပ်ရှားသည်။ တပ်အင်အား ၁,၀၀၀ ခန့် ရှိသည်။

**သမိုင်းကြောင်း**

မိုင်းပေါင်၊ ဝမ်ဟိုတောင်နှင့် မိုင်းပြင်းတို့မှာ ၁၉၇၁ မှ ၁၉၇၃ ခုနှစ်အတွင်းကပင် CPB လက်အောက်သို့ ကျရောက်ခဲ့ပြီး ဖြစ်ပါသည်။ ၁၉၇၁ ခုနှစ်တွင် မိုင်းယန်းအနီး တောင်ကုန်းဒေသများသို့ CPB ၈၁၅ စစ်ဒေသမှ တပ်ဖွဲ့များ ဝင်ရောက်လာကြသည်။ နောင်တစ်နှစ်ခန့်အကြာတွင် ဒေသတွင်း လှုပ်ရှားနေသော ခွန်မြင့်ဦးဆောင်သည့် 'ရှမ်းအမျိုးသားတပ်မတော်' နှင့် အဆိုပါ CPB တပ်ဖွဲ့များ မဟာမိတ်ဖွဲ့နိုင်ခဲ့သည်။ ၁၉၇၄ တွင် 'ရှမ်းအမျိုးသားတပ်မတော်' ကို 'ရှမ်းပြည်သူ့လွတ်မြောက်ရေးတပ်မတော်' ဟု အမည်ပြောင်းခဲ့သည်။ ၁၉၇၆ ဩဂုတ်တွင် အဆိုပါတပ်ဖွဲ့မှာ CPB ၏ ၇၆၈ တပ်မဟာ ဖြစ်လာခဲ့သည်။ မိုင်းယန်းလွင်ပြင်ရှိ စလူးရွာကို ၁၉၇၆ ခုနှစ်တွင် ၇၆၈ တပ်မဟာက သိမ်းပိုက်နိုင်ခဲ့သည်။ မိုင်းယန်းမြို့ကိုမူ သုံးကြိမ်တိုက်ခဲ့သော်လည်း မသိမ်း ပိုက်နိုင်ခဲ့ပါ။ (၁၉၇၃ ဧပြီနှင့် ဒီဇင်ဘာနှင့် ၁၉၈၁ တို့တွင် ဖြစ်သည်။) ရှစ်လေးလုံးအရေး တော်ပုံအပြီး ၁၉၈၈ စက်တင်ဘာတွင် စတုတ္ထအကြိမ်တိုက်ပြီး ရက်အနည်းငယ်မျှ သိမ်းပိုက်နိုင်ခဲ့သည်။

**၁၉၉၀ ပြည့်လွန်နှစ်များအခြေအနေ**

တပ်တွင် ပုန်ကန်မှု နောက်ပိုင်းအထိ တပ်မဟာ ၆ မှာ ထိုင်းနယ်စပ်တစ်လျှောက်ရှိ ဝ တပ်ဖွဲ့များနှင့် ပူးပေါင်းသွားခဲ့သည်။ ဝမ်ဟိုတောင်ရှိ၊ ယခင်ခရိုင်ဌာနချုပ်

www.burmeseclassic.com

www.burmeseclassic.com



ဒေသကို ထိန်းချုပ်နိုင်သော ခေါင်းဆောင်စုမှာ ပန်ဆန်းရှိ ဝ ခေါင်းဆောင်သစ်များကို သစ္စာခံခဲ့ကြသည်။ ၁၉၈၉ မေလ ၁၅ ရက်တွင် တပ်မဟာ ၇၆၈ မှာ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း ယခင် ရှမ်းလက်နက်ကိုင်အဖွဲ့အဖြစ်ရှိစဉ်က အမည်ဟောင်းကို ပြန်ခံလိုက်သည်။ Noom Suk Harn ဟူ၍ ဖြစ်ပါသည်။ ရဲရင့်သော လူငယ်စစ်သည်များဟု အဓိပ္ပာယ်ရသည်။ ဤတပ်ဖွဲ့၏ နိုင်ငံရေးခေါင်းဆောင်မှာ ခွန်မြင့်ဖြစ်ပြီး စိုင်းနွမ်းပန်မဟာ တပ်မှူးဖြစ်သည်။ အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း စိုင်းခွန်ဆာခေါ် မိုက်ကယ်ဒေးဗစ်မှာ သူတို့နှင့် ကွဲသွားပြီး ၁၉၈၉၊ မေလလယ်တွင် လုပ်ကြံသတ်ဖြတ်ခံလိုက်ရသည်။ ၁၉၈၉ နှောင်းပိုင်းတွင် Noom Suk Harn အဖွဲ့ကို အသစ်ဖွဲ့စည်းလိုက်သော 'ပြည်ထောင်စု မြန်မာနိုင်ငံ ရှမ်းပြည်နယ် အရှေ့ပိုင်း အမျိုးသား ဒီမိုကရေစီတပ်မတော်' က ဝါးမြိုပြစ်လိုက်သည်။ နောက်တစ်နှစ် ၁၉၉၀ တွင် စိုင်းနွမ်းပန်မှာ မိမိကိုယ်ကို အဆုံးစီရင်သွားခဲ့သည်။

## မဲခေါင်မြစ်တိုင်း

### နယ်မြေအကျယ်အဝန်း

အခြေခံဒေသမှာ ၂, ၇၃၂ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး တရုတ်နယ်စပ်နှင့် အရှေ့ဘက်တွင် နာမ်လွိုင်မြစ်မှသည် မဲခေါင်မြစ်အထိ၊ အနောက်ဘက်တွင် မိုင်းလားကားလမ်းကြားတွင်ရှိသည်။ ပျောက်ကျားဇုန်မှာ ၂,၄၀၀ စတုရန်းကီလိုမီတာ ကျယ်ပြီး၊ နာမ်လွိုင်မြစ်၏တောင်ဘက် မိုင်းယောင်းနှင့် မိုင်းပလွိုင်တစ်ဝိုက်ရှိ တောင်တန်းများဖြစ်သည်။ CPB က ဤဒေသကို ခရိုင်နှစ်ခုခွဲထားသည်။ ခရိုင် (၁) တွင် အရှေ့ဘက်ခြမ်း မိုင်းဆာနှင့် မိုင်းခန်းမြို့နယ်တို့ ပါဝင်သည်။ ခရိုင် (၂) မှာ အနောက်ဘက်ခြမ်း မိုင်းမနှင့် မိုင်းလားမြို့နယ်တို့ ပါဝင်သည်။ တရုတ်နယ်စပ်ရှိ မန်ပိုင်ခရိုင်ဌာနချုပ်တစ်ဝိုက်ကို အထူးမြို့နယ်အဖြစ် ဖွဲ့စည်းထားသည်။


### လူဦးရေ

အခြေခံဒေသတွင် လူဦးရေ ၃၂,၇၆၀ ရှိသည်။ ခရိုင် (၁) တွင် ၁၁,၂၆၉၊ ခရိုင် ၂ တွင် ၁၃,၅၆၀နှင့် အထူးမြို့နယ်တွင် ၇,၉၃၁ ဖြစ်သည်။ လူဦးရေ၏ ၃၀% မှာ ပလောင်၊ နောက်ထပ် ၃၀% မှာ အခါနှင့် ၁၀% မှာ အခိုတို့ဖြစ်သည်။ (အခိုမှာ အခါမျိုးနွယ်စုဝင် ဖြစ်ပါသည်။) ကျန်လူဦးရေမှာ အခြားလူမျိုးစုများ ဖြစ်ပါသည်။ ပြောက်ကျားဇုန်၏ လူဦးရေမှာ ၂၀,၀၀၀ ခန့်ရှိသည်။ ၁၉၇၀ ပြည့်လွန်နှစ်များ၏ အစောပိုင်း ဤဒေသကို CPB တပ်ဖွဲ့များ သိမ်းပိုက်လိုက်ကတည်းက ဒေသခံများ

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



(အထူးသဖြင့် အခါများ) မှာ ထိုင်းနိုင်ငံမြောက်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်သွားခဲ့ကြသည်။ မိုင်းလား၊ မိုင်းမနှင့် အချို့သော ရွာကြီးများတွင် ဈေးများနှင့် အခိုင်အမာ အဆောက်အဦးများရှိသည်။

**စီးပွားရေးနှင့် အခြေခံအဆောက်အအုံ**

မိုင်းလား၊ မိုင်းမနှင့် မိုင်းဝလွင်ပြင်များမှာ ချမ်းသာကြွယ်ဝသော စိုက်ပျိုးရေးဒေသများဖြစ်သည်။ လယ်စပါး၊ အုန်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့ စိုက်ပျိုးကြသည်။ တောင်တန်းဒေသများမှာ ဆင်းရဲပြီး၊ ဘိန်းစိုက်ပျိုးရေးအပေါ်သာ အဓိကတည်မှီနေရသည်။ ဘိန်းကို ထိုင်းမြန်မာနယ်စပ်တစ်လျှောက်ရှိ ဘိန်းချက်စက်ရုံများသို့ ရောင်းချသည်။ ဒေသထွက်သစ်အမြောက်အများကိုလည်း တရုတ်ပြည်သို့ တင်ပို့ ရောင်းချသည်။ ထိုင်းနှင့်တရုတ်နယ်စပ်ကုန်သွယ်ရေးမှာ ဤဒေသအတွက် အရေးကြီးသည်။ ထိုင်းကုန်စည်များ ဤဒေသကို ဖြတ်ပြီး တရုတ်ပြည်ထဲသို့ ရောက်သွားကြသည်။ ၁၉၇၈–၁၉၇၉ တွင် မိုင်းဝလွင်ပြင်ရှိ ကျိုင်းခန်းမှ မန်ပန်ကိုဖြတ်ခါ တရုတ်ပြည် မိုင်းဆန်အထိ မော်တော်ကားလမ်းဖောက်ခဲ့သည်။ ဤကားလမ်းမှာ တရုတ်ပြည် စစ်စောင်ပနာပြည်နယ်အထိ ရောက်သည်။ တရုတ်ပြည်တာလောမှ မိုင်းလား၊ မိုင်းမတို့အထိ ရောက်သော အခြားကားလမ်းတစ်ခုလည်းရှိသည်။ ဒေသတွင်း CPB ဖွင့်ထားသော ကျောင်းဆို၍ မိုင်းဆာရှိ မူလတန်းကျောင်းတစ်ကျောင်းသာ ရှိသည်။ ရှမ်းရွာများတွင်မူ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများ ရှိသည်။ CPB က မန်ပန်အနီး ဝမ်ဆောတွင် စစ်ဆေးရုံတစ်ရုံနှင့် မိုင်းဆာတွင် အရပ်ဘက်ဆေးရုံတစ်ရုံ ဖွင့်လှစ်ထားသည်။ ဤဆေးရုံများရှိ ဆေးဝန်ထမ်းများမှာ မြန်မာများဖြစ်ပြီး တပ်တွင်းပုန်ကန်မှုဖြစ်သောအခါ တရုတ်ပြည်ထဲသို့ ထွက်ပြေးသွားခဲ့ကြသည်။

**၁၉၈၅ ဗဟိုကော်မတီကိုယ်စားပြုမှု**

မဲခေါင်မြစ်တိုင်း၏ နိုင်ငံရေးမှူး ရဲဘော်တင်လှိုင်မှာ ၁၉၈၅ တွင် အရံဗဟိုကော်မတီ ဖြစ်လာသည်။ ၁၉၈၉ တပ်တွင်း ပုန်ကန်မှုတွင် တစ်ပတ်ကြာအဖမ်းခံရပြီး၊ တရုတ်ပြည်ထဲသို့ ထွက်ပြေးသွားခဲ့သည်။ ဤတိုင်း၏ တပ်မှူး လင်းမိန်ရှန် (ဖုန်ကျားရှင်း၏ သမက်) မှာ တပ်တွင်းပုန်ကန်မှုကို ဦးဆောင်ခဲ့သူတစ်ဦးဖြစ်သည်။

**တပ်အင်အား**

တပ်မ ၂ ခုနှင့် တပ်ရင်း ၃ ခုရှိပြီး စုစုပေါင်းတပ်အင်အား ၁၂၀၀ မှ ၁၃၀၀ အတွင်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်မဟာ ၉ – ကျိုင်းခမ်းနှင့် အရှေ့ဘက်ခြမ်း
တပ်မဟာ ၁၁ – မိုင်းလားနှင့် အနောက်ဘက်ခြမ်း
တပ်ရင်း ၁ – မိုင်းယောင်းပြောက်ကျားဇုန်
တပ်ရင်း ၃ – မိုင်းယောင်းပြောက်ကျားဇုန်
တပ်ရင်း ၁၄ – မိုင်းပလွိုင်ပြောက်ကျားဇုန်

နေရာဒေသအတိအကျ သတ်မှတ်မထားသော လက်နက်ကြီးတပ်ရင်းတစ်ခုလည်း ရှိသေးသည်။ တပ်သားအများစုမှာ အခါနှင့် ရှမ်းအမျိုးသားများဖြစ်ပါသည်။

**သမိုင်းကြောင်း**

CPB တပ်ဖွဲ့များမှာ ၎င်းတို့ ထုံးစံအတိုင်းပင် ဒေသခံစစ်မင်းများနှင့် အဆက်အသွယ်ယူကာ ဤဒေသကို ထိုးဖောက်ဝင်ရောက်ခဲ့ကြသည်။ ယခင်က ဤဒေသကို ကူမင်တန် (တရုတ်ဖြူ) တပ်ကြွင်းများက ထိန်းချုပ်ထားခဲ့သည်။ ၁၉၆၇ တွင် ဒေသခံ အခါ လူမျိုးတို့က ကူမင်တန်တို့ကို တော်လှန်ခဲ့ကြသည်။ ၁၉၇၀ တွင် CPB ကြားဝင်လာပြီး၊ အခါသူပုန်များကို လက်နက်ခဲယမ်းများ ထောက်ပံ့ခဲ့သည်။ ၁၉၇၁ အောက်တိုဘာလ ၅ ရက်တွင် ရဲဘော်ဖေသောင်း (၁၉၇၅ ကတည်းက ဗဟိုကော်မတီဖြစ်ခဲ့သူ) ဦးဆောင်သော CPB ကေဒါ ၄၂ ဦး တရုတ်ပြည်မှ ဝင်ရောက်လာပြီး လူထုကို စည်းရုံးခဲ့သည်။ ဒေသခံ အခါသူပုန်များနှင့် ပေါင်းပြီး ကူမင်တန်တို့ကို တိုက်ထုတ်ခဲ့ရာ ထိုင်းနယ်စပ်သို့ ဆုတ်ခွာခဲ့ရသည်။ သည်လိုနှင့် ၈၁၅ စစ်ဒေသကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၈၁၅ ဆိုသည်မှာ CPB စတင်တည်ထောင်သော ဩဂုတ်လ၊ ၁၅ ရက်နေ့ (၁၉၃၉) ကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ထိုစဉ်က ထိုဒေသရှိ တစ်ခုတည်းသော မြန်မာ့တပ်မတော်စခန်းမှာ မိုင်းမတွင် ရှိသည်။ ၁၉၇၄ တွင် CPB တပ်ဖွဲ့များက မိုင်းမကို ဝင်ရောက်စီးနင်းခဲ့ကြပြီး ထိုအချိန်လောက်မှာပင် မိုင်းလားကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၈၂–၁၉၈၃ မင်းရန်အောင် (၂) စစ်ဆင်ရေးရောက်တော့မှ မြန်မာ့တပ်မတော်က နယ်မြေတော်တော်များများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

**၁၉၉၀ ပြည့်လွန်နှစ်များအခြေအနေ**

တပ်တွင်းပုန်ကန်မှုအပြီးတွင် လင်းမိန်ရှန်ဦးဆောင်ပြီး ဤဒေသကို အခြေခံကာ 'ပြည်ထောင်စုမြန်မာနိုင်ငံ ရှမ်းပြည်နယ်အရှေ့ပိုင်း အမျိုးသားဒီမိုကရေစီ တပ်မတော်' ဆိုသည်ကို ဖွဲ့စည်းလှုပ်ရှားခဲ့သည်။ လင်းမိန်ရှန်မှာ ဒေသခံစစ်မင်းတစ်ဦးဖြစ်လာပြီး ယခုချိန်အထိ မြန်မာ–လာအို–တရုတ် နယ်စပ်တွင် လှုပ်ရှားလျက်ရှိသည်။ လင်းမှာ ကိုးကန့်ခေါင်းဆောင်ဖုန်ကျားရှင်း၏ သမက်လည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အလယ်ပိုင်းဇုန်ဒေသ

CPB ၏ အလယ်ပိုင်းဇုန် (အလယ်ပိုင်း ဗဟိုဌာနခွဲ) ကို ၁၉၇၀ ပြည့်လွန်နှစ်များကပင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ အရှေ့မြောက်အခြေခံဒေသမှ မြန်မာပြည်ပြန့်ရှိ ယခင် CPB ပျောက်ကျားဒေသဟောင်းများသို့ ထိုးဖောက်ဆက်သွယ်နိုင်ရန် 'တက်ခုံ' သဘော ဖန်တီးတည်ဆောက်နိုင်ဖို့ဖြစ်သည်။ အလယ်ပိုင်းဇုန်ဒေသမှာ အတိအကျနယ်မြေသတ်မှတ်ဖို့ မလွယ်သော ပြောက်ကျားစုန်များဖြင့် စုစည်းထားပြီး စုစုပေါင်းနယ်မြေ ၂၄,၀၀၀ စတုရန်းကီလိုမီတာခန့် ကျယ်ဝန်းသည်။ အလယ်ပိုင်းဇုန်ကို မြောက်ပိုင်းနှင့် တောင်ပိုင်းဟူ၍ နှစ်ပိုင်းခွဲထားသည်။

အလယ်ပိုင်းဇုန်မြောက်ပိုင်းမှာ တောင်ကြီးတာကော ကားလမ်း၏ မြောက်ဘက်နယ်မြေဖြစ်သည်။ ကျောက်ဂူ၊ နောင်လုံ၊ နောင်ပိုးဒေသရှိ ယခင် CPB ၁၀၈ စစ်ဒေသနှင့်၊ ဗ၈၃ တပ်မဟာ လှုပ်ရှားနယ်မြေများဖြင့် ဖွဲ့စည်းထားသည်။ (၁၀၈ စစ်ဒေသမှာ ၁၉၄၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းကတည်းက ဖွဲ့စည်းခဲ့သော အမာခံဒေသဟောင်းတစ်ခု ဖြစ်သည်။) ၁၉၈၀ ပြည့်နှစ်တွင် ၁၀၈ စစ်ဒေသကိုရော၊ ဗ၈၃ တပ်မဟာကိုပါ ဖျက်သိမ်းပြီး အလယ်ပိုင်းဇုန်အောက် သွတ်သွင်းခဲ့သည်။ ထိုအချိန်မှစ၍ ဗ၈၃ တပ်မဟာတပ်ရင်းများဖြစ်သော ၄၀၄၅၊ ၄၀၄၆၊ ၄၀၄၇ နှင့် ၅၀၂ တပ်ရင်းတို့ကို အလယ်ပိုင်းဇုန်မှပင် တိုက်ရိုက်ချုပ်ကိုင်ခဲ့သည်။ ရှမ်းပြည်နယ်အလယ်ပိုင်းရှိ လိုင်ခမိုင်းကိုင်ဒေသများနှင့် လွိုင်ဆန်တောင်ကြောတစ်ဝိုက်မှာ အလယ်ပိုင်းဇုန်မြောက်ပိုင်း၏ လှုပ်ရှားနယ်မြေဖြစ်ပါသည်။

အလယ်ပိုင်းဇုန်တောင်ပိုင်းမှာ တောင်ကြီးတာကော ကားလမ်း၏ တောင်ဘက်နယ်မြေဖြစ်သည်။ ၄၀၄၅ နှင့် ၄၀၄၆ တပ်ရင်းများမှ တပ်ဖွဲ့များဖြင့် စုစည်းထားသည်။ မုန်းနိုင်နှင့် ဝမ်ထက်လိုင်ခိုဒေသများတွင် မဟာမိတ်လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးတွဲလှုပ်ရှားခဲ့သည်။ အဆိုပါ မဟာမိတ်အဖွဲ့အစည်းများမှာ

### ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ လွတ်မြောက်လွတ်ရေးအဖွဲ့ (ရလလဖ) (SSNLO)

တောင်ကြီးမြို့အရှေ့တောင်ဘက် စလွိုင်မော်တောင်ကျောတစ်ဝိုက်တွင် လှုပ်ရှားနေသော ပအိုဝ့်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်။ ခေါင်းဆောင်မှာ တာကလယ်ဖြစ်သည်။

### ကယန်းပြည်သစ်ကောင်စီ (KNLC)

ပင်လောင်း၊ ဖယ်ခုံ၊ မိုင်းပါ အနောက်ခြမ်းတောင်တန်းများပေါ်တွင် အခြေခံလှုပ်ရှားနေသော ကယန်း (ပဒေါင်) လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်။ ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com






အလယ်ပိုင်းဗျူရိုဧရိယာ

www.burmeseclassic.com

www.burmeseclassic.com



မှာ ဦးရွှေအေးဖြစ်သည်။ (ဦးရွှေအေး ကွယ်လွန်သွားသောအခါ ဦးသန်းစိုးနိုင်က ဆက်လက် ဦးဆောင်သည်။)

**ကရင်နီလူမျိုးပေါင်းစုံလွတ်မြောက်ရေး တပ်ဦး (ကလလတ)**

ကွန်မြူနစ်လိုလားသော ကရင်နီ (ကယား) အဖွဲ့ဖြစ်သည်။ လွိုင်ကော်အရှေ့ခြမ်းနှင့် ထိုင်းနယ်စပ်မှာ လှုပ်ရှားနယ်မြေဖြစ်သည်။ ခေါင်းဆောင်မှာ ဦးညာမောင်မဲဖြစ်သည်။ ယခုနောက်ပိုင်း ဦးထွန်းကျော်ဖြစ်လာသည်။

အလယ်ပိုင်းဇုန်ရှိတပ်ဖွဲ့များ၏ တပ်အင်အားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| - ၄၀၄၅၊ ၄၀၄၆၊ ၄၀၄၇ နှင့် ၅၀၂ တပ်ရင်း | ၁,၄၀၀ |
| - ရလလဖ (SSNLO) | ၂၀၀ |
| - ကယန်းပြည်သစ် (KNLC) | ၅၀ မှ ၁၀၀ ကြား |
| - ကလလတ | ၅၀ မှ ၆၀ ကြား |
| * စုစုပေါင်း | ၁,၈၀၀ ခန့် |

**၁၉၈၅ ဗဟိုကော်မတီကိုယ်စားပြမှု**

အလယ်ပိုင်းဇုန်ရှိမှ လူမျိုးစုကေဒါသုံးဦးမှာ ၁၉၈၅ ပါတီကွန်ဂရက်တွင် အရံဗဟိုကော်မတီဝင်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ စောဗမိုး (ကရင်)၊ ပေါက်ယိုချန်း (ဝ) နှင့် လီကျစ်ရှု (တရုတ်) တို့ဖြစ်သည်။ အလယ်ပိုင်း ဇုန်ရှိပါတီအတွင်းရေးမှူး ဗိုလ်မြမင်း (ရဲဘော်ထွန်းမြင့်) မှာ၊ ဗမာလူမျိုး၊ ပျဉ်းမနားဒေသမှ ရဲဘော်ဟောင်းတစ်ဦးဖြစ်ပြီး ၁၉၈၅ တွင် ဗဟိုကော်မတီအပြည့်ဖြစ်လာသည်။


**၁၉၉၀ ပြည့်လွန်နှစ်များအခြေအနေ**

အလယ်ပိုင်းဇုန်ရှိမှတဆင့် မြန်မာပြည်မသို့ ထိုးပေါက်ဝင်ရောက်ရေးမှာ အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း တစ်ခါမှ မအောင်မြင်ခဲ့ပါ။ ဤကြိုးပမ်းမှုတွင် 'ရှမ်းပြည်နယ် တပ်မတော်' (SSA) နှင့် ဆက်ဆံရေးမှာ အဓိကကျသည်။ SSA အနေနှင့် လူထုထောက်ခံမှုကို ထိန်းထားနိုင်ရန် CPB နှင့် ခပ်ခွာခွာနေခဲ့သည်က များပါသည်၊ သို့နှင့်အမျှ CPB မှာ အထီးကျန်လိုဖြစ်နေပြီး၊ တိုက်ပွဲကြီးများ မတိုက်နိုင်ဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com






တနင်္သာရီတိုင်း

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၉ ဇန်နဝါရီ ၄ ရက်တွင် KNLC နှင့် တွဲပြီး တောင်မြင့်ရွာသစ်စခန်းကို ဝင်တိုက်ခဲ့သည်တော့ ရှိသည်။ မြန်မာမြေပြန့်ဒေသနှင့် အနီးစပ်ဆုံးဆို၍ ဤတိုက်ပွဲ တစ်ခုသာ ရှိခဲ့သည်။ ၁၉၈၉ တပ်တွင်း ပုန်ကန်မှု ပေါ်ထွက်လာသောအခါ ပေါက်ယိုချွန်းနှင့် လီကျစ်ရှုတို့မှာ ပုန်ကန်မှု ခေါင်းဆောင်များ ဖြစ်သွားသည်။ အောက်ခြေ တပ်သားအများစုမှာ ကွန်မြူနစ်မဟုတ်သော ခေါင်းဆောင်မှုကို လက်ခံခဲ့ကြသည်ဟု သိရပါသည်။

## တနင်္သာရီတိုင်း

တနင်္သာရီတိုင်းရှိ ထားဝယ်နှင့် မြိတ်ဒေသများမှာ CPB ၏ အမာခံဒေသဟောင်းများ ဖြစ်ပါသည်။ သခင်ဗသိန်းတင်မှာ ထားဝယ်ဇာတိဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်း တနင်္သာရီဒေသ၏ ဂျပန်တော်လှန်ရေးကို ဦးဆောင်ခဲ့သူ ဖြစ်သည်။ ၁၉၄၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းလောက်ကပင် CPB အနေနှင့် သရက်ချောင်း၊ လန်းလောင်၊ ထားဝယ်ကျေးလက်ဒေသများတွင် အမာခံနယ်မြေများ ထူထောင်ထားနိုင်ခဲ့သည်။ သို့တိုင်အောင် တနင်္သာရီတိုင်းမှ CPB တပ်ဖွဲ့များမှာ အရှေ့မြောက်စစ်ဒေသနှင့် အဆက်အသွယ် ရှိခဲ့သည်တော့ မဟုတ်ပါချေ။ ၁၉၈၅ တတိယကွန်ဂရက်ကျင်းပချိန်ရောက်တော့မှ တိုင်းအတွင်းရေးမှူးဖြစ်သူ ရဲဘော်စောဟန် ပန်ဆန်းသို့ ရောက်ရှိလာနိုင်ခဲ့သည်။ အခြားတိုင်းကော်မတီဝင်များဖြစ်ကြသော ရဲဘော်စိုးလွင်နှင့် ရဲဘော်အေးလှတို့မှာ တတိယကွန်ဂရက်ကို မတက်ရောက်နိုင်ခဲ့ပါ။ သို့သော် သူတို့သုံးယောက်လုံးကို ပါတီကွန်ဂရက်က ဗဟိုကော်မတီဝင်များအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ပါသည်။ ၁၉၈၉ တပ်တွင်းပုန်ကန်မှုကမူ တနင်္သာရီဒေသအပေါ် သက်ရောက်မှုမရှိခဲ့ဟု ဆိုရပါလိမ့်မည်။ ယခုထက်တိုင် ထားဝယ်၊ မြိတ် အရှေ့ခြမ်းနှင့် ထိုင်းနယ်စပ်တွင် တပ်ဖွဲ့ငယ်လေးများ အဖြစ် ဆက်လက်လှုပ်ရှားနေဆဲဟု သိရပါသည်။


## ရခိုင်ပြည်နယ်

ဘင်္ဂလားဒေ့(ရှ)နယ်စပ်အနီး ရခိုင်ဒေသတွင် ၁၉၃၉ CPB စတင်တည်ထောင်စဉ်ကပင် အမာခံဒေသအချို့ရှိနေခဲ့ပြီဖြစ်ပါသည်။ ၁၉၄၈ CPB တောခိုသွားသောအခါ ရခိုင်ကွန်မြူနစ်များလည်း လိုက်ပါတောခိုသွားခဲ့ကြသည်။ ရခိုင်ရိုးမတွင် CPB အပြင် အခြားလက်နက်ကိုင်အဖွဲ့အစည်းများလည်း လှုပ်ရှားခဲ့ကြသည်။ အလံနီကွန်မြူနစ်ပါတီ၊ ဘူးသီးတောင်မောင်းတောဒေသမှ မွတ်စလင်သူပုန်များနှင့် အခြားသော ရခိုင်အမျိုးသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သည်။ ၁၉၅၆ တွင် သီးခြားရခိုင်ကွန်မြူ

www.burmeseclassic.com

www.burmeseclassic.com






ရခိုင်ပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com



နစ်ပါတီ တည်ထောင်ခဲ့သည်လည်း ရှိသည်။ သို့တိုင်အောင် CPB မှာ ရခိုင်ဒေသ၏ အဓိက လက်နက်ကိုင်အဖွဲ့အစည်းပင် ဖြစ်သည်။ တပ်အင်အား ၁၀၀၀ ခန့်ရှိပြီး မြို့ဟောင်း၊ မင်းပြား၊ ကျောက်တော်နှင့် အနီးတစ်ဝိုက်တွင် လှုပ်ရှားနေကြသည်။ သို့တစေ ရခိုင်ဒေသရှိ CPB တပ်ဖွဲ့များမှာ အရှေ့မြောက်အခြေခံဒေသနှင့် တောက်လျှောက် အဆက်အသွယ်ရခဲ့သည်တော့ မဟုတ်ပါ။ ၁၉၇၉ ခုနှစ်တွင် တိုင်းပါတီအတွင်းရေးမှူး ရဲဘော်ကျော်မြ၊ ဘင်္ဂလားဒေ့(ချ)၊ တရုတ်နိုင်ငံများမှတဆင့်၊ အရှေ့မြောက်ပန်ဆန်းဗဟိုသို့ ရောက်ရှိလာခဲ့သည်။ သူ့နေရာကို ဆက်ခံခဲ့သော ဦးရဲထွန်းမှာ ၁၉၈၀ တွင် တပ်ဖွဲ့တော်တော်များများနှင့်အတူ အလင်းဝင်သွားခဲ့သည်။ ၁၉၉၀ ပြည်နှစ်လောက်အထိ CPB တပ်ဖွဲ့ငယ်အချို့ ဘင်္ဂလားဒေ့(ချ) နယ်စပ်တွင် ရှိသလောက်ရှိသေးသည်ဟု သိရပါသည်။

## အခြေခံဒေသဟောင်းများ

၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့၊ ပြည်တွင်းစစ်ကြီးစတင်သည်နှင့် CPB မှာ မြန်မာပြည်အလယ်ပိုင်းရှိ ဒေသတော်တော်များများတွင် အမာခံနယ်မြေများ တည်ဆောက်နိုင်ခဲ့ပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်၊ ရခိုင်နှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များအထိလည်း အဆိုပါ အမာခံနယ်မြေများထဲမှ အနည်းငယ်မျှကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။


### ပဲခူးရိုးမ

ရန်ကုန်မြို့တော်၏ မြောက်ဘက်ကပ်လျက် တောတောင်ထူထပ်သော ပဲခူးရိုးမမှာ ၁၉၅၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းလောက်ကတည်းက CPB ၏ အခြေခံဒေသ တစ်ခုဖြစ်လာခဲ့သည်။ ၁၉၅၉ ခုနှစ်တွင်မှ CPB ဗဟိုဌာနချုပ် တည်ရှိရာပင် ဖြစ်လာသည်။ ပါတီ၏ ပထမဆုံး ဥက္ကဋ္ဌသခင်သန်းထွန်းမှာ ၁၉၆၈ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့က ပဲခူးရိုးမတွင် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ သခင်သန်းထွန်းကို ဆက်ခံသော ဥက္ကဋ္ဌသခင်ဇင်နှင့် အတွင်းရေးမှူးသခင်ချစ်တို့မှာလည်း ၁၉၇၅ ခုနှစ် မတ်လ ၁၅ ရက်တွင် ပဲခူးရိုးမမှာပင် ကျဆုံးခဲ့ရသည်။ ထိုသည်၏နောက်တွင်မှ CPB လက်ကျန်တပ်ဖွဲ့များမှာ ပဲခူးရိုးမကို စွန့်ခွာခဲ့ရသည်။ အစိုးရကလည်း ပဲခူးရိုးမပေါ်ရှိ တောင်ပေါ်ရွာများကို ပြောင်းရွှေ့ပစ်လိုက်ရာ ၁၉၇၅ ခုနှစ်မှစ၍ ပဲခူးရိုးမတွင် အခြေချနေထိုင်သူများ မရှိတော့ပါချေ။ ၁၉၇၀ ပြည့်လွန်နှစ်များနှင့် ၁၉၈၃ ခုနှစ်တွင် CPB အနေနှင့် ပဲခူးရိုးမကို ပြန်လည်ထိုးဖောက်ဝင်ရောက်ဖို့ ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



**ဖိုးခေါင်တောင်တန်း**

ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းကြား မင်းဘူးနှင့်သရက် အနောက်ဘက် တောင်ကျောဖြစ်ပါသည်။ ၁၉၈၀ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကာလအတွင်း၊ ဤဒေသ၏ စစ်ရေးတာဝန်ခံ ဗိုလ်သက်ထွန်း အလင်းမဝင်မီအထိ၊ ဖိုးခေါင်တောင်တန်းမှာ CPB အမာခံဒေသတစ်ခု ဖြစ်ခဲ့သည်။

**ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ**

CPB နှင့် ကရင်လက်နက်ကိုင်တပ်များ၏ အမာခံဒေသတစ်ခုပင် ဖြစ်ပါသည်။ ၁၉၆၆ မှ ၁၉၇၁ ခုနှစ်အတွင်း အစိုးရတပ်ဖွဲ့များက ထိုးစစ်ကြီးများ ဆက်တိုက်ဆင်နွှဲရာမှ CPB ရော ကရင်တပ်များပါ ပဲခူးရိုးမသို့ ဆုတ်ခွာခဲ့ရသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် CPB ၏ အဓိက အမာခံနယ်မှာ ဒေသအနောက်ခြမ်းလေးမျက်နှာတွင် ရှိသည်။

**ပင်လယ်ဘူးဧရိယာ**

စစ်ကိုင်းတိုင်းမြောက်ပိုင်းရှိ ပင်လယ်ဘူးဒေသမှာလည်း ၁၉၇၀–၁၉၇၁ ခုနှစ်လောက်အထိ CPB ၏ အမာခံနယ်မြေဖြစ်ခဲ့သည်။ ချင်းတွင်းမြစ်မှသည် ကချင်ပြည်နယ်အစပ်ကသာအထိရှိသော နယ်မြေကြီးတွင်း CPB တပ်ဖွဲ့များ လှုပ်ရှားခဲ့ကြသည်။ အရှေ့မြောက်စစ်ဒေသတည်ထောင်ပြီးသည့်နောက်တွင် CPB အနေနှင့် ဤဒေသသို့ ပြန်လည်ထိုးဖောက်ဝင်ရောက်နိုင်ရန် နှစ်ကြိမ်ကြိုးစားခဲ့သည်။ ပထမအကြိမ်မှာ ၁၉၈၁ ခုနှစ် မတ်လက ဖြစ်သည်။ ဗိုလ်ကျော်မိုးခေါင်းဆောင်သော ရင်း ၁၈၀ သည် ဧရာဝတီမြစ်ကို ဖြတ်ပြီး ပင်လယ်ဘူးမြောက်ဖက် ကျေးလက်ဒေသအထိ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။ သို့ရာတွင် အစိုးရစစ်တပ်နှင့် တိုက်ပွဲဖြစ်ပြီး ဗိုလ်ကျော်မိုးအပါအဝင် ရဲဘော်အမြောက်အများကျဆုံးသွားခဲ့သည်။ လက်ကျန်ရဲဘော်အနည်းငယ်မျှသာ အသက်မသေဘဲ အရှေ့မြောက်ဒေသသို့ ပြန်လည်ဆုတ်ခွာနိုင်ခဲ့သည်။ ဒုတိယအကြိမ်မှာ ၁၉၈၃ ဖေဖော်ဝါရီတွင်ဖြစ်သည်။ ဤအကြိမ်တွင် ရင်း ၁၀၂ ဖြင့် ကချင်ပြည်နယ်မှတဆင့် ပင်လယ်ဘူးသို့ ဝင်ခဲ့သည်။ အဆိုပါ ရင်း ၁၀၂ မှ ရဲဘော် ၁၈ ဦးသာ၊ စစ်ကိုင်းတိုင်းအထိ ဆင်းနိုင်ခဲ့သည်။ သူတို့တတွေမှာလည်း အစိုးရတပ်များ၊ လိုက်လံတိုက်ခိုက်ခံရ၍ ချင်းတွင်းမြစ်ကို ဖြတ်ကာ နာဂတောင်တန်းပေါ်သို့ တက်ပြေးခဲ့ရသည်။ ၁၉၈၅ ခုနှစ်ရောက်မှ အဆိုပါ ရဲဘော်များ အရှေ့မြောက်သို့ ပြန်ရောက်ခဲ့ပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ (၃)

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ (၃)

## မြန်မာနိုင်ငံရှိ လူမျိုးစုလက်နက်ကိုင်အဖွဲ့များ

၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး မကြာမတင် အချိန်အတွင်းမှာပင် လူမျိုးစုလက်နက်ကိုင် အင်အားစုများ မနည်းမနောပေါ်ထွက်လာခဲ့သည်။ ဤအဖွဲ့များထဲမှ အချို့မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက်၊ အချို့မှာ ပြည်ထောင်စုမှ ခွဲထွက်ရေးအတွက် လက်နက်ဆွဲကိုင် တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့ထဲမှ အနည်းငယ်မျှသော အဖွဲ့များမှာ ဒေသခံစစ်မင်းတပ်ဖွဲ့များထက် မဆိုစလောက်မျှသာ ပိုပါသည်။ သို့တစေ၊ အဖွဲ့တော်တော်များများမှာ စစ်မှန်သော နိုင်ငံရေးရည်မှန်းချက်များရှိပြီး မတူသောအတိုင်းအတာဖြင့် လူထုထောက်ခံမှုများလည်း ရရှိထားကြသည်။ ၁၉၇၆ ခုနှစ်တွင် နိုင်ငံရေးရည်မှန်းချက်ရှိသော အဖွဲ့များမှာ 'အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု' (NDF) အလံတော်အောက်တွင် စုစည်းလာကြသည်။ ၁၉၈၉ ခုနှစ်သို့ ရောက်သောအခါ NDF တွင် အဖွဲ့ဝင် ၁၁ ဖွဲ့ ရှိနေပြီဖြစ်ပါသည်။ NDF အဖွဲ့ဝင်အဖွဲ့အစည်းများအနေနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက်၊ စစ်တိုင်းသုံးခုခွဲပြီး လှုပ်ရှားလျက် ရှိသည်။

### မြောက်ပိုင်းတိုင်း

**ကချင်လွတ်လပ်ရေးအဖွဲ့/ တပ်မတော် (KIO/ KIA)**

တပ်အင်အား ၈,၀၀၀ မှ ၁၀,၀၀၀ အထိရှိသည်။ မြန်မာနိုင်ငံရှိ ကွန်မြူနစ်မဟုတ်သော လက်နက်ကိုင်များထဲတွင် အကြီးဆုံးနှင့် အကောင်းဆုံးစည်းရုံးဖွဲ့စည်းထားနိုင်သည့် အဖွဲ့ဖြစ်သည်။ ၄၀,၀၀၀ စတုရန်းကီလိုမီတာမျှ ကျယ်သော၊ ကချင်ပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကချင်လူမျိုးများအခြေချနေထိုင်ကြရာ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း တောင်တန်းများထက်တွင် လှုပ်ရှားလျက်ရှိသည်။ ၁၉၈၆ ခုနှစ်တွင် KIO ဥက္ကဋ္ဌ ဘရန်ဆိုင်း ကချင်ပြည်နယ်မှ ထွက်ခွာသွားခဲ့ပြီး ခြောက်လအကြာတွင် ထိုင်းနိုင်ငံသို့ ရောက်ရှိသွားခဲ့သည်။ ထိုအချိန်မှစ၍ ဘရန်ဆိုင်းမှာ အာရှနှင့် ဥရောပနိုင်ငံများသို့ လှည့်လည်သွားလာခဲ့ပြီး ပြည်တွင်းစစ်ပြဿနာအဖြေရှာရေး၊ မြန်မာနိုင်ငံရှိ လူနည်းစု အမျိုးသားများ၏ ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်စသော NDF ၏ အရေးတော်များကို ကမ္ဘာကသိအောင် ဝါဒဖြန့်ချိနိုင်ခဲ့သည်။ ဘရန်ဆိုင်း မရှိစဉ်အတွင်း KIO ဒုဥက္ကဋ္ဌနှင့် KIA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဇော်မိုင်းက ကချင်ပြည်နယ်၏ နိစ္စဓူဝလုပ်ငန်းများကို လွှဲပြောင်းတာဝန်ယူထားသည်။

## ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ ရှမ်းပြည်နယ်တပ်မတော် (SSPP/ SSA)

ရှမ်းလူမျိုးများကြားတွင် အဓိက အကျဆုံး လက်နက်ကိုင်အင်အားစုဖြစ်သည်။ သို့တိုင်အောင် ပြီးခဲ့သော ဆယ်နှစ်တာကာလအတွင်း SSPP/ SSA မှာ မနည်းလှသော အကွဲအပြဲများ၊ စွန့်ခွာဘက်ပြောင်းသွားမှုများ၊ အဖွဲ့အတွင်းပြိုင်ဆိုင်မှုများဖြင့် ကြုံတွေ့ရင်ဆိုင်ခဲ့ရသည်။ သို့နှင့်အမျှ ၎င်း၏အင်အားမှာ ၁၉၇၀ ပြည့်လွန်နှစ်များလောက်က ၅,၀၀၀ မှ ၆,၀၀၀ အထိ ရှိခဲ့သော်လည်း ၁၉၈၉ ခုနှစ်တွင် ၂,၅၀၀ မှ ၃,၀၀၀ အတွင်းသာ ရှိတော့သည်။ ထိုနှစ် (၁၉၈၉) မှာပင် SSPP/ SSA နှစ်ခြမ်းကွဲသွားပြီး၊ တပ်အင်အားအများစုကို ဗိုလ်ချုပ်ဆေထင်က ဦးဆောင်ခဲ့သည်။ ဤအစုမှာ တပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရသွားသည်။ ကျန်အဖွဲ့များကို ဗိုလ်မှူးကြီး စိုင်းလိတ်က ဦးဆောင်ပြီး KIO/ KIA နှင့်အနီးကပ်မဟာမိတ်ဖွဲ့ထားသည်။ SSPP/ SSA မှာ KIO/ KIA လို ခိုင်မာသော အခြေခံဒေသ မရှိပါချေ။ သံလွင်အနောက်ခြမ်း၊ မြောက်ဘက် နာမ့်ဆန်မှ တောင်ဘက် ထိုင်းနယ်စပ်ထိ ကျယ်ပြန့်သော ပြောက်ကျားဇုန်ကြီးတွင်သာ လှုပ်ရှားလျက်ရှိသည်။

## ပလောင်ပြည်နယ်လွတ်မြောက်ရေးပါတီ/ တပ်မတော် (PSLP/ PSLA)

တပ်အင်အား ၅၀၀ မှ ၆၀၀ အတွင်းလောက်သာရှိသည်။ ပလောင်လူမျိုးစုများ အခြေချ နေထိုင်ရာ ရွှေလီမြစ်တောင်ဘက်၊ ရှမ်းပြည်နယ် မြောက်ပိုင်းတောင်တန်းများပေါ်တွင် လှုပ်ရှားလျက်ရှိသည်။ ခေါင်းဆောင်မှာ အိမောင်ဖြစ်သည်။ KIO/ KIA နှင့် မဟာမိတ်ဖွဲ့ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



**ချင်းအမျိုးသားတပ်ဦး/ တပ်မတော် (CNF/ CNA)**

CNF ကို ၁၉၈၅ ခုနှစ်တွင်တည်ထောင်၍ ၁၉၈၉ တွင် NDF နှင့် ဆက်သွယ်ခဲ့သည်။ ၁၉၈၈၊ နိုဝင်ဘာ ၁၄ ရက်နေ့ရောက်မှ CNF ၏ လက်နက်ကိုင်တပ် CNA ကို ထူထောင်ခဲ့သည်။ ဂျွန်ကော်ကင်(မ)သန်မှာ CNA ကို ထူထောင်ခဲ့သည်။ ဂျွန်ကော်ကင်(မ)သန်မှာ CNF ဥက္ကဋ္ဌဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် ချင်းပြောက်ကျားရာ အနည်းငယ်မျှ၊ ကချင်ပြည်နယ်အတွင်းတွင် KIA ထံ သင်တန်းတက်ခဲ့ကြသည်။ CNA မရှိခင်အထိ၊ ချင်းတောင်မှာ မြန်မာပြည်၏ သူပုန်မရှိသော တစ်ခုတည်းသော ပြည်နယ်ဖြစ်ပါသည်။

**အလယ်ပိုင်းတိုင်း**

**ဝ အမျိုးသားအစည်းအရုံး/ တပ်မတော် (WNO, WNA)**

ဝအကြီးအကဲဟောင်း မဟာဆန်ဦးဆောင်သော အဖွဲ့ဖြစ်သည်။ CPB တပ်မတော်မှ ဝရဲဘော်များတပ်တွင်း ပုန်ကန်မှုဖြစ်စေရန် အဓိက အားပေးအားမြှောက်လုပ်ခဲ့သော အဖွဲ့အစည်းဖြစ်ပါသည်။ WNA တွင် တပ်အင်အား ၁,၀၀၀ ခန့်ရှိပြီး ထိုင်းနယ်စပ်တစ်လျှောက်အခြေခံလှုပ်ရှားလျက်ရှိသည်။ ၁၉၈၉ CPB တပ်တွင်းပုန်ကန်မှု မတိုင်မီအထိ WNO/ WNA မှာ ဝတောင်တန်းများထက်တွင် ခြေကုပ်မရခဲ့ပါ။ ၁၉၈၉ နိုဝင်ဘာတွင် WNO/ WNA မှ အင်အားအများစုမှာ CPB မှ ခွဲထွက်လာသော ဝတပ်ဖွဲ့များနှင့် ပူးပေါင်းပြီး 'ညီညွတ်သော ဝပြည်နယ်ပါတီ/ တပ်မတော်' (UWSP/ UWSA) ကို ဖွဲ့စည်းခဲ့ကြသည်။ အဆိုပါ UWSP/ UWSA ခေါင်းဆောင်အများစုမှာ ရွှေတြိဂံဒေသ ဘိန်းအရောင်းအဝယ်လုပ်ငန်းများတွင် ပါဝင်ပတ်သက်လျက် ရှိသော်လည်း၊ လူငယ်ကေဒါများကမူ နိုင်ငံရေးအရပို၍ စိတ်အားထက်သန်မှုရှိကြသည်ဟု သိရပါသည်။

**ပအိုဝ်းအမျိုးသားအစည်းအရုံး/ တပ်မတော် (PNO/ PNA)**

အင်အား ၅၀၀ မှ ၆၀၀ ခန့်ရှိသည်။ ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့အရှေ့တောင်ဘက်၊ ပအိုဝ်းအမျိုးသားများ အခြေချနေထိုင်ရာ တောင်တန်းများထက်တွင် လှုပ်ရှားလျက်ရှိသည်။ PNO/ PNA ၏ ခေါင်းဆောင်မှာ တောင်ကြီးမြို့မှ ဘုန်းကြီးလူထွက် ဦးအောင်ခမ်းထီဖြစ်သည်။ PNA နှင့် အစိုးရတပ်ဖွဲ့များကြားတွင် တိုက်ပွဲများမဖြစ်သလောက်ပင် ရှိသည်။ ပအိုဝ်းနီအဖွဲ့ဟုဆိုသော 'ရလလဖ' (SSNLO) သို့ ထိုးဖောက်ဝင်ရောက်နေသည့် ကွန်မြူနစ်သြဇာကို တန်ပြန်နိုင်ရန် နားလည်မှုယူထားသည့်မျိုးဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ CPB တပ်တွင်းပုန်ကန်မှုနောက်ပိုင်း ပအိုဝ်းအဖွဲ့၏

www.burmeseclassic.com

www.burmeseclassic.com



အနေအထားကိုမူ ရှင်းရှင်းလင်းလင်း မသိရပါ။ ပအိုဝ့် အဖွဲ့နှစ်ခု ပြန်လည်ပေါင်းစည်းဖို့ ကြိုးစားကြပြန်ရှိသော်လည်း အောင်မြင်မှုရသည်ဟု မကြားရပါချေ။

## ကရင်နီအမျိုးသားတိုးတက်ရေးပါတီ/ ကရင်နီတပ်မတော် (KNPP/ KA)

၁၉၇၀ ပြည့်လွန်နှစ်များက အင်အားကြီးအဖွဲ့အစည်းတစ်ခု ဖြစ်ခဲ့သည်။ သို့တစေ ဂိုဏ်းဂဏတိုက်ပွဲများကြောင့် အင်အား ၅၀၀ အထိ လျှော့ကျသွားခဲ့သည်။ ကယားပြည်နယ်အတွင်း သံလွင်မြစ်နှင့် ထိုင်းနယ်စပ်ကြား လှုပ်ရှားလျက်ရှိသည်။ KNPP ကို ဗျားရယ်က ဦးဆောင်ပြီး KA ကို ဗိုလ်ချုပ် ဘီထူးက ခေါင်းဆောင်လျက်ရှိသည်။

## လားဟူအမျိုးသားအစည်းအရုံး/ တပ်မတော် (LNO/ LNA)

ကြာဦး ဦးဆောင်သည့် အဖွဲ့ငယ်တစ်ခုဖြစ်သည်။ တပ်အင်အားအနည်းငယ်မျှသာ ရှိသည်။ ကြာဦးမှာ ၁၉၈၃ ခုနှစ်က လက်နက်ချသွားခဲ့ပြီး၊ တစ်နှစ်ခန့်အကြာတွင် ပြန်လည်တောခိုပြီး LNO/ LNA ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းနယ်စပ်တွင် အခြေခံလှုပ်ရှားလျက်ရှိသည်။

## တောင်ပိုင်းတိုင်း

## ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU/ KNLA)

ဗိုလ်ချုပ်စောဘိုမြ ဦးဆောင်သော အဖွဲ့ဖြစ်သည်။ ထိုင်းနယ်စပ်တစ်လျှောက်တွင် အခြေခံလှုပ်ရှားလျက် ရှိသည်။ ၁၉၈၄ အစောပိုင်းက ဤဒေသကို အစိုးရတပ်ဖွဲ့များက အပြင်းအထန် တိုက်ခိုက်ခဲ့သည်။ ၁၉၈၉ ပထမလများအတွင်းကလည်း အလုံးအရင်းနှင့် ထိုးစစ်ဆင်ခဲ့ပြီး ကလာဒေး၊ မဲလ၊ မော်ဖိုးကေနှင့် ဝမ်ခစခန်းများကို ၅ နှစ်ကြာ ဝိုင်းဝန်းပိတ်ဆို့ခဲ့သည်။ ဤသို့ဖြစ်လာသည်မှာ ၁၉၈၈ ဒီဇင်ဘာလက ထိုင်းစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချောင်ဗလစ်ယောင်ချာယု မြန်မာနိုင်ငံအလည်အပတ်ခရီးစဉ်နောက်ပိုင်း၊ ထိုင်း-မြန်မာဆက်ဆံရေး အဆင်ပြေလာမှုနှင့် ဆက်စပ်နေသည်ဟု ယူဆကြသည်များ ရှိသည်။ ထောက်လှမ်းရေးသတင်းများအရ တိုက်ပွဲကာလအတွင်း မြန်မာ့တပ်မတော်မှာ ထိုင်းနယ်မြေအချို့ကို အသုံးပြုခွင့်ရခဲ့သည်ဟု ဆိုပါသည်။ ဤတိုက်ပွဲစဉ်များအတွင်း KNLA ဘက်မှ အကျအဆုံးကား၊ ပြောပလောက်အောင် မများခဲ့ပါ။ စစ်ဘေးဒုက္ခသည်အမြောက်အများသာ ထိုင်းနယ်မြေထဲ လျှံကျလာခဲ့သည်။ ၁၉၈၉

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်က KNLA ၏ အင်အားမှာ ၃,၅၀၀ မှ ၄,၀၀၀ အတွင်း ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။

## မွန်ပြည်သစ်ပါတီ/ မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (NMSP/ MNLA)

မြန်မာ့တပ်မတော်မှ ကရင်အခြေခံဒေသကို အလုံးအရင်းဖြင့် ထိုးစစ်မဆင်မီအထိ NMSP/ MNLA မှာ ပြောပလောက်အောင် အင်အားမရှိခဲ့ပါ။ အဆိုပါကရင်ပြည်နယ် တိုက်ပွဲများကြောင့်၊ ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးမှာ KNU ထိန်းချုပ်ထားသော နယ်စပ်မှ NMSP ထိန်းချုပ်ထားသော ဘုရားသုံးဆူသို့ ရွှေ့လာသည်။ ဤတွင် NMSP/ MNLA မှာ အခွန်အကောက်များစွာ ရရှိခဲ့ပြီး တပ်အင်အားမှာလည်း မူလ ၁,၀၀၀ မှ ၂,၀၀၀ အထိ တိုးလာခဲ့သည်။ သို့တစေ ၁၉၈၈ ဇူလိုင်တွင် အမြတ်အစွန်း ကောင်းကောင်းရသော နယ်စပ်ကုန်သွယ်ရေးကို ထိန်းချုပ်နိုင်ရန်၊ ကရင်တပ်ဖွဲ့များက ဘုရားသုံးဆူရှိ မွန်တို့ကို တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲမှာ တစ်လကျော်ကြာပြီး နှစ်ဘက် အကျအဆုံးများသည်ဟု သိရသည်။ ၁၉၈၈ နှောင်းပိုင်းမှ အပစ်အခတ်ရပ်စဲနိုင်ခဲ့ပြီး ၁၉၈၉ တွင် နယ်စပ်ဂိတ်များ ပြန်ဖွင့်နိုင်ခဲ့သည်။ NMSP ဥက္ကဋ္ဌနိုင်ရွှေကျင်မှာ ဝါရင့် သမ္မာရင့်ခုခံရေးသမားကြီးတစ်ဦးဖြစ်သည်။ သူ၏လက်ထောက် နိုင်နိုး(လ)လာမှာ ၁၉၈၉ ဩဂုတ် ၈ ရက်နေ့က ဘုရားသုံးဆူမှာပင် တောခိုကျောင်းသားများကို တရား ဟောနေရင်း ကွယ်လွန်သွားခဲ့သည်။

## ရခိုင်အမျိုးသားညီညွတ်ရေးတပ်ဦး (NUFA)

အင်အား ၁၀၀ ပင် မရှိပါချေ။ သူတို့ထဲမှ အများစုမှာ KNU ဒေသတွင်သာ အခြေခံလှုပ်ရှားလျက်ရှိပြီး၊ ရခိုင်ပြည်နယ်တွင် မဆိုစလောက်မျှသာ ရှိသည်။ ဤအဖွဲ့ ၏ ခေါင်းဆောင် ဦးခိုင်ရဲခိုင်မှာ အိန္ဒိယ-ဘင်္ဂလားဒေ့(ချ) နှင့် မြန်မာနယ်စပ် တစ်နေရာ တွင် ရှိလိမ့်မည်ဟု ယုံကြည်ထားကြသည်။ ၁၉၈၉ အောက်တိုဘာတွင် 'ရခိုင်လွတ် မြောက်ရေးပါတီ'၊ ရခိုင်လွတ်လပ်ရေးအစည်းအရုံး'၊ 'လူမျိုးစုအမျိုးသားရေးပါတီ' နှင့် 'ရခိုင်ကွန်မြူနစ်ပါတီ' တို့မှာ NUFA အလံတော်အောက်တွင် ပေါင်းစည်းခဲ့ကြသည်။

---

၁၉၈၉ နိုဝင်ဘာတွင် NDF နှင့် ဗမာအစိုးရဆန့်ကျင်ရေးအင်အားစုများ စုပေါင်း ပြီး 'မြန်မာနိုင်ငံဒီမိုကရေစီမဟာမိတ်များအဖွဲ့' (DAB) ကို ဖွဲ့စည်းခဲ့ပါသည်။ ရန်ကုန်ရှိ တပ်မတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော လက်နက်ကိုင်တိုက်ပွဲ ကျယ်ကျယ်ပြန့်ပြန့် ဆင်နွှဲရန် ရည်ရွယ်သည်ဟု ဆိုသည်။ သို့တစေ DAB တွင် ပါဝင်သော ဗမာအဖွဲ့များထဲတွင် 'ဗမာနိုင်ငံ ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေး

www.burmeseclassic.com

www.burmeseclassic.com



ကော်မတီ' (CRDB) နှင့် 'ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး' (ABSDF) တို့သာ အရေးပါသော အဖွဲ့အစည်းများ ဖြစ်ကြသည်။ CRDB မှာ အမေရိက အခြေစိုက် မြန်မာအဝေးရောက်များဖြင့် ဖွဲ့ထားသည့် အဖွဲ့အစည်းဖြစ်သည်။ ABSDF မှာ ၁၉၈၉ စက်တင်ဘာအာဏာသိမ်းမှုနောက်ပိုင်း၊ ထိုင်းနယ်စပ်သို့ ထွက်ပြေးလာကြသော ကျောင်းသားများဖြင့် ဖွဲ့စည်းထားသည့် ကျောင်းသားတပ်မတော် ဖြစ်ပါသည်။

**မှတ်ချက်**

နောက်ဆက်တွဲ (၃) တွင် ဖော်ပြထားသော လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေအနေမှာ ၁၉၈၉–၁၉၉၀ လောက်က အနေအထားဖြစ်ပါသည်။ ယခုအခါ အပြောင်းအလဲ တော်တော်များများ ရှိနေပြီဖြစ်သည်။

(ဘာသာပြန်သူ)

❐

www.burmeseclassic.com

www.burmeseclassic.com

# အတိုကောက်အသုံးအနှုန်းများ

www.burmeseclassic.com

www.burmeseclassic.com

## အတိုကောက်အသုံးအနှုန်းများ

ABPO – **ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး (ဗတလစ)**၊ ဆိုရှယ်လစ်များလွှမ်းမိုးသော လယ်သမားအဖွဲ့အစည်းဖြစ်သည်။ ၁၉၄၀ ပြည့်လွန်နှစ်များနှင့် ၁၉၅၀ ပြည့်လွန်နှစ်များ အစောပိုင်းအထိ လှုပ်ရှားမှုများ ရှိခဲ့သည်။

ABPU – **ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂ**၊ ကွန်မြူနစ်များ ကမကထပြုသည့် လယ်သမားအဖွဲ့အစည်းဖြစ်သည်။ ၁၉၄၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းကာလများအတွင်း လှုပ်ရှားမှုများ ရှိခဲ့သည်။

ABSU – **ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ဗကသ)**၊ ၁၉၃၆ ဒုတိယကျောင်းသားသပိတ်အပြီး ပေါ်ထွက်လာသော ကျောင်းသားအဖွဲ့အစည်းဖြစ်သည်။ ၁၉၄၀ နှင့် ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း လှုပ်ရှားမှုများ အားကောင်းခဲ့သည်။

ABTUC – **ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများကွန်ဂရက်**။ ၁၉၄၅ ခုနှစ်က သခင်ဗဟိန်းဦးဆောင်ဖွဲ့စည်းခဲ့သော ကွန်မြူနစ် လိုလားသည့် အလုပ်သမားအဖွဲ့အစည်းဖြစ်သည်။

AFPFL – **ဖက်ဆစ်ဆန့်ကျင်ရေး (တိုက်ဖျက်ရေး) ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် (ဖ.ဆ.ပ.လ)** ၁၉၄၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းမှ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း၊ မြန်မာနိုင်ငံတွင် အရေးအကြီးဆုံး နိုင်ငံရေးပါတီတစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



BIA – **ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)** ၁၉၄၁ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းစတင်ထူထောင်ခဲ့သည်။

BDA – **ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)** ၁၉၄၂ တွင် ဘီအိုင်အေကို ဆက်ခံခဲ့သော တပ်ဖြစ်သည်။

BNA – **ဗမာအမျိုးသားတပ်မတော် (ဘီအင်အေ)** ၁၉၄၃ တွင် ဘီဒီအေကို ဆက်ခံခဲ့သော တပ်ဖြစ်သည်။

BNDAA – **ဗမာအမျိုးသားဒီမိုကရက်တစ်မဟာမိတ် တပ်မတော်** ၁၉၈၉ မတ်လက ကိုးကန့်ခရိုင်တွင် CPB တပ်တွင်းပုန်ကန်သူများ တည်ထောင်ခဲ့သည့် တပ်ဖြစ်သည်။

BNUP – **ဗမာအမျိုးသားညီညွတ်ရေးပါတီ။** ၁၉၈၉ ဧပြီလက ပန်ဆန်းတွင် CPB တပ်တွင်းပုန်ကန်သူများ တည်ထောင်ခဲ့သည့် အဖွဲ့ဖြစ်သည်။ ထိုနှစ် နိုဝင်ဘာလတွင် "ညီညွတ်သော ဝ ပြည်နယ်ပါတီ/ တပ်မတော်" ဟု အမည်ပြောင်းခဲ့သည်။

BSP – **ဗမာပြည်ဆိုရှယ်လစ်ပါတီ** (အမည်အပြည့်အစုံမှာ ပြည်သူ့လွတ်လပ်ရေး ဆိုရှယ်လစ်ပါတီ ဖြစ်သည်။) ၁၉၄၀ နှင့် ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း မြန်မာနိုင်ငံ၏ အာဏာရပါတီ ဖြစ်ခဲ့ဖူးသည်။

BSPP – **မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ)** ၁၉၆၂ မှ ၁၉၈၈ အထိ အာဏာရပါတီဖြစ်သည်။

BWPP – **ဗမာပြည်အလုပ်သမားလယ်သမားပါတီ (ဆိုရှယ်နီ)** ၁၉၅၀ ပြည့်လွန်နှစ်များအတွင်းက မြန်မာ့နိုင်ငံရေးတွင် သြဇာကြီးခဲ့သော ဥပဒေတွင်းလက်ဝဲပါတီတစ်ခုဖြစ်သည်။

CPA – **ရခိုင်ကွန်မြူနစ်ပါတီ။** ရခိုင်ပြည်နယ်မှ ဒေသခံကွန်မြူနစ်ပါတီတစ်ခုဖြစ်သည်။ CPB နှင့် မဆိုင်ပါ။

CPB – **ဗမာပြည်ကွန်မြူနစ်ပါတီ။** ၁၉၃၉ ခုနှစ်က တည်ထောင်ခဲ့ပြီး၊ ၁၉၈၉ တွင် ပြိုကွဲသွားခဲ့သည်။ (အစိုးရက၊ ဗကပ ဟု သုံးနှုန်းသည်။)

CPC – **တရုတ်ကွန်မြူနစ်ပါတီ**

CPI – **အိန္ဒိယ ကွန်မြူနစ်ပါတီ**

CPM – **မလေးရှား ကွန်မြူနစ်ပါတီ**

www.burmeseclassic.com

www.burmeseclassic.com



CP (RF) – **ကွန်မြူနစ်ပါတီ (အလံနီ)** ၁၉၄၆ ခုနှစ်တွင် သခင်စိုး ဦးဆောင်ပြီး ပင်မ CPB မှ ခွဲထွက်သော ပါတီဖြစ်သည်။ ၁၉၇၀ သခင်စိုး အဖမ်းခံရပြီးသည့်နောက် ပြိုကွဲသွားသည်။

CPT – **ထိုင်းကွန်မြူနစ်ပါတီ**

KIA – **ကချင်လွတ်လပ်ရေးတပ်မတော် (ကေအိုင်အေ)** ၁၉၆၁ ခုနှစ်က ထွက်ပေါ်လာသော ကချင်လက်နက်ကိုင် အဖွဲ့အစည်းဖြစ်သည်။

KNLC – **ကယန်းပြည်သစ်ကောင်စီ** ရှမ်းပြည်နယ်ရှိ ကယန်း (ပဒေါင်) လူမျိုးစုတို့၏ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်။ CPB ၏ မဟာမိတ်ဖြစ်သည်။

KNU – **ကရင်အမျိုးသားအစည်းအရုံး (ကေအင်ယူ)** ၁၉၄၉ ခုနှစ်ကတည်းက လက်နက်ကိုင်တိုက်ပွဲဆင်နွှဲခဲ့သော ကရင် အဖွဲ့အစည်းဖြစ်သည်။

NDF – **အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု** ၁၉၇၆ ခုနှစ်က တည်ထောင်ခဲ့သည့် ကွန်မြူနစ်မဟုတ်သော လက်နက်ကိုင်အင်အားစုများ၏ တပ်ပေါင်းစုဖြစ်သည်။

NUF – **အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပမညတ)** ၁၉၅၀ ပြည့်လွန်နှစ်များလောက်က ဩဇာကြီးခဲ့သည့် ဥပဒေတွင်း လက်ဝဲတပ်ပေါင်းစုဖြစ်သည်။

PBF – **ဗမာ့မျိုးချစ်တပ်မတော်** ၁၉၄၅ ခုနှစ်က၊ BNA ကို ဆက်ခံခဲ့သော တပ်ဖြစ်သည်။

PCP – **ပြည်သူ့ရဲဘော်ပါတီ** ၁၉၄၈ ပြည်သူ့ရဲဘော်အဖွဲ့ကြီး ကွဲသွားသောအခါ တောခိုသွားခဲ့သည့် ရဲဘော်ဖြူအဖွဲ့ဖြစ်သည်။ ၁၉၅၇ ခုနှစ်တွင် ဥပဒေတွင်းသို့ ပြန်ရောက်လာသည်။

PLAB – **ဗမာပြည်သူ့လွတ်မြောက်ရေးတပ်မတော်** CPB ၏ ပထမဆုံး လက်နက်ကိုင်တပ်ဖြစ်ပါသည်။ ၁၉၅၀ တွင် 'တော်လှန်သော ဗမာ့တပ်မတော်' (RBA) နှင့် ပေါင်း၍ 'ပြည်သူ့တပ်မတော်' အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။

PLF – **ပြည်သူ့လွတ်မြောက်ရေးတပ်ဦး**၊ ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ (ကချင်ပြည်နယ်ရှိ ယခင် CPB ၏ ၁၀၁ ဇုန်ဒေသဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



PRP – **ပြည်သူ့အရေးတော်ပုံပါတီ။** ၁၉၄၀ ပြည့်လွန်နှစ်များလောက်က ရှိခဲ့သည့် နိုင်ငံရေးပါတီတစ်ခုဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင် 'ဗမာပြည် ဆိုရှယ်လစ်ပါတီ' (BSP) အဖြစ် အမည်ပြောင်းခဲ့သည်။

PVO – **ပြည်သူ့ရဲဘော်အဖွဲ့။** ဒုတိယကမ္ဘာစစ်အပြီး တည်ထောင်ခဲ့သော စစ်တစ်ပိုင်း အဖွဲ့အစည်းဖြစ်သည်။ ၁၉၄၈ တွင် ရဲဘော်ဖြူ၊ ရဲဘော်ဝါကွဲသွားပြီး၊ ရဲဘော်ဖြူများ တောခိုသွားကာ 'ပြည်သူ့ရဲဘော်ပါတီ' (PCP) ဖြစ်လာသည်။

RBA – **တော်လှန်သော ဗမာ့တပ်မတော်။** ၁၉၄၈ ခုနှစ်တွင် မြန်မာ့တပ်မတော်မှ ပုန်ကန်ခွဲထွက်ခဲ့သော အဖွဲ့ဖြစ်သည်။ ၁၉၅၀ တွင် CPB တပ်ဖွဲ့များနှင့် ပေါင်းသွားသည်။

RUSU – **ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ** (တကသ) ၁၉၃၁ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၁၉၆၂ တော်လှန်ရေးကောင်စီ အာဏာသိမ်းပြီးနောက်တွင် ဖျက်သိမ်းခံခဲ့ရသည်။ ၁၉၈၈ အရေးအခင်းတွင် ပြန်လည် အသက်ဝင်လာသည်။

SLORC – **နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကောင်စီ (နဝတ)**

SSA – **ရှမ်းပြည်နယ်တပ်မတော်။** ရှမ်းပြည်နယ်တိုးတက်ရေးပါတီ (SSPP) ၏ လက်နက်ကိုင်တပ်ဖြစ်သည်။ ၁၉၆၄ ခုနှစ်က ဖွဲ့စည်းခဲ့သည်။

SSNLO – **ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)** ရှမ်းပြည်နယ်ရှိ ပအိုဝ့်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်။ CPB ၏ မဟာမိတ်ဖြစ်ပါသည်။

TUC (B) – **အလုပ်သမားသမဂ္ဂများကွန်ဂရက် (ဗမာနိုင်ငံ)** ၁၉၄၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းနှင့် ၁၉၅၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းက ရှိခဲ့သော ဆိုရှယ်လစ်များ ဩဇာသက်ရောက်သည့် အလုပ်သမားအဖွဲ့အစည်းဖြစ်သည်။ (တီယူစီဘီဟု အတိုကောက်သုံးလေ့ ရှိသည်။)

UWSP/ UWSA – **ညီညွတ်သော ဝပြည်နယ်ပါတီ/ တပ်မတော်** ၁၉၈၉ နိုဝင်ဘာ ၃ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယခင် BNUP နှင့် ထိုင်းနယ်စပ်မှ ကွန်မြူနစ်မဟုတ်သော ဝများ စုပေါင်းဖွဲ့ထားသည့် အဖွဲ့အစည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



WNA – **ဝ အမျိုးသား တပ်မတော်။** ၁၉၇၃ ခုနှစ်က ဖွဲ့စည်းခဲ့သော ရှမ်းပြည်နယ်ရှိ ဝ အမျိုးသားတို့၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည်။ ၁၉၈၉ နိုဝင်ဘာတွင် ဤအဖွဲ့မှ အောက်ခြေတပ်သားအများစုမှာ 'ညီညွတ်သော ဝပြည်နယ်တပ်မတော်' (UWSA) နှင့် ပေါင်းစည်းသွားခဲ့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com

ပြီးမှရေးသည့်စာ

www.burmeseclassic.com

www.burmeseclassic.com

# ပြီးမှရေးသည့်စာ

## မျှဝေလိုသော စာနှစ်စောင်

### (၁)

စာတစ်ပုဒ်၊ စာတစ်အုပ်ရေးပြီးတိုင်း စိတ်ရောကိုယ်ပါ လွတ်လပ်ပေါ့ပါးသွားတတ်သည်ကို စာရေးသူတိုင်း ကြုံဖူးကြမည် ထင်ပါသည်။ သို့တစေ ယခုစာအုပ်မှာတော့ သည်လိုမဟုတ်။ နောက်ဆုံးစာကြောင်းရေးပြီးသည့်တိုင် တစ်ခုခုလစ်ဟာနေသလို လေးလေးပင်ပင်ကြီး ဖြစ်နေသည်။ ဘာ့ကြောင့်လဲ. . .။ အသေအချာ စဉ်းစားလိုက်တော့မှ 'ပေးစာနှစ်စောင်'ကို သတိရလိုက်သည်။ ယခုစာစု မရေးမီကနှင့် ရေးနေစဉ် ဖတ်လိုက်ရသော ပေးစာနှစ်စောင်. . .။ ဤစာနှစ်စောင်ကပေးသော အတွေးများကို စာဖတ်သူထံ မမျှဝေရသေးပါလား. . .။ ယခုစာစုနှင့် အဆိုပါလိုအပ်ချက်ကို ဖြည့်လိုက်ပါသည်။ 'ပြီးမှရေးသည့်စာ' ဆိုပါတော့. . .။

### (၂)

ပထမစာမှာ မူရင်းစာရေးသူ ဘာတင်းလစ်တနာထံသို့ ၁၉၉၂၊ ဇူလိုင် ၇ ရက် နေ့စွဲဖြင့် မော်စကိုမှ ပေးလိုက်သောစာ ဖြစ်သည်။ စာရေးသူမှာ ယခုအခါ အသက် ၇၀ ကျော် ၈၀ ဝန်းကျင် ရှိလိမ့်မည်ဟု မှန်းဆရသော ဦးအောင်ဝင်း. . .။ ဦးအောင်ဝင်း သို့မဟုတ် ရဲဘော်အောင်ဝင်းမှာ ဝါရင့်သမ္မာရင့် ကွန်မြူနစ်လက်ဟောင်းကြီး တစ်ယောက်ဖြစ်သည်။ ၁၉၄၈–၄၉ ခုနှစ်ကပင် ရန်ကုန်မြို့တော် ပါတီကော်မတီဝင် ဖြစ်နေခဲ့သူ။ 'ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂကွန်ဂရက်' (ABTUC) အတွင်းရေးမှူး. . .။ ပြည်တွင်းစစ် ကနဦးပိုင်းကပင် ဆိုဗီယက်ယူနီယံသို့ ရောက်ရှိနေသူလည်း ဖြစ်သည်။ တရုတ်–ဆိုဗီယက်အကွဲ၊ ရုရှားရောက် ရဲဘော်တွေ ပေကျင်းပြန်ခေါ်တော့. ရုရှားသူနှင့် အိမ်ထောင်ကျပြီးဖြစ်နေသော ဦးအောင်ဝင်း မော်စကိုမှာ ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် သူ့စာမှာ လစ်တနာ၏စာအုပ် (ဗမာပြည်ကွန်မြူနစ်ပါတီ၏ နေထွက်ချိန်နှင့် နေဝင်ချိန်) ပါ။ အချက်အလက်များများကို ပြင်ဆင်တည်းဖြတ်ပေးထားခြင်း ဖြစ်သည်။ (ကျွန်တော့်ဘာသာပြန်မှာ သူ ပြင်ဆင်တည်းဖြတ်ပြီးသည့် မူဖြစ်ပါသည်။) သို့အတွက်ကြောင့်လည်း စာအုပ်မှာ သမိုင်းအချက်အလက်အရ ပိုတိကျခိုင်မာလာသည်ဟု ဆိုနိုင်ပါလိမ့်မည်။ သို့နှင့်တိုင် ကျွန်တော် ပြောလိုသည်က ဤကိစ္စမဟုတ်။ သူ့စာတွင် တစ်စွန်းတစ်စ မြင်လိုက်ရသော သူ့အမြင်၊ သူ့အတွေးဖြစ်သည်။ ဤအတွေး၊ ဤအမြင်ကို စာဖတ်သူကိုယ်တိုင် 'ဆဝါး' နိုင်စေရန် သူ့စာ ပထမပိုဒ်ကို မူရင်းအတိုင်း ဘာသာပြန် ဖော်ပြလိုက်ပါသည်။

"တန်ဖိုးထားလေးစားရပါသော ဘာတင်းလစ်တနာခင်ဗျား–ခင်ဗျားစာအုပ်နှစ်အုပ် ("ကျောက်စိမ်းမြေ" နဲ့ "ဗမာပြည် ကွန်မြူနစ်ပါတီ၏ နေထွက်ချိန်နှင့် နေဝင်ချိန်") ကိုဖတ်ပြီး ခင်ဗျားရဲ့သဘောထားကို မျှဝေထောက်ခံချင်ပါတယ်။ အထူးသဖြင့် ဟောဒီစာကြောင်းတွေပေါ့ဗျာ။ "..မြန်မာပြည်ကား ပြည်တွင်းစစ်ကြောင့် တစ်စစီ စုတ်ပြတ်သွားခဲ့ရချေပြီ။ ဤပြည်တွင်းစစ်ကြီးကို စစ်ရေးနည်းဖြင့် ဖြေရှင်းကြလျှင်တော့ မည်သည့်ဘက်ကမှ နိုင်ဖွယ်ရာမရှိ. .။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင်ကား. . . ကာလတာရှည် ဒုက္ခခံစားခဲ့ကြရသော မြန်မာလူထုအနေနှင့် ငြိမ်းချမ်းမှု၊ လွတ်လပ်မှုနှင့် ဒီမိုကရေစီကို ရရှိခံစားနိုင်ကြပါလိမ့်မည်။ ...ပြည်တွင်းစစ်ကို နိုင်ငံရေးအရ အဖြေရှာနိုင်ကြမှသာလျှင် လူငယ်များ၏အနာဂတ်မှာ အကန့်အသတ်မရှိထွန်းလင်းတောက်ပနိုင်ပါလိမ့်မည်. ." စတဲ့ အမြင်တွေပါ။ CPB နဲ့ ပတ်သက်တဲ့ ခင်ဗျားရဲ့ ကောက်ချက်တွေကိုတော့ အပြည့်အဝ သဘောမတူနိုင်သေးဘူးဗျာ။ ကျွန်တော်တို့တစ်တွေ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီး အမြင်ချင်း ဖလှယ်ကြသေးတာပေါ့။"

သူ့စာကိုဖတ်ရင်း ကျွန်တော့်မှာ 'ငေါင်' သွားသည်။ ဦးအောင်ဝင်းဆိုသော အနီပုဂ္ဂိုလ်ကြီးမှာ ဆယ်စုများစွာ မော်စကိုတွင် ဆောင်းခိုနေပြီးသည့်တိုင် အမိမြန်မာပြည်အတွက် အိုမင်းတွင်းဆုံး အရွယ်ရောက်သည်အထိ ရတက်မအေးနိုင် ဖြစ်နေရဆဲပါတကား. .။ သည်လိုနှင့် ပြည်တွင်းစစ်ကပေးခဲ့သော ဝေဒနာတွေကို တမလွန်ထိ သယ်သွားရတော့မည်လော. .။

(၃)

ဒုတိယစာမှာ ယခုစာအုပ် ရေးနေစဉ် (ပြောရလျှင် ပြီးလုပြီးခင်တွင်) ၂၀၁၃၊ မေလ ၁၄ ရက် နေ့စွဲဖြင့်၊ လပ္ပတ္တာမြို့မှ ပို့လိုက်သောစာ ဖြစ်သည်။ စာရေးသူမှာ ကိုစိုးမြင့်။ နွယ်နီတွင် 'ကျော်အုန်းမြင့်' ကလောင်အမည်ဖြင့် ပင်တိုင်ရေးနေသူ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ 'စံပယ်ဖြူ' ခေတ်ဦးကလည်း 'သစ်စိုး' အမည်ဖြင့် အင်တာဗျူး ဘာသာပြန်တစ်ပုဒ် ရေးဖူးသည်ဟု ဆိုသည်။ သူ့စာက ယခုလို အစချီထားသည်။

"ဆရာကျော်ဝင်း ခင်ဗျား–

၁၃.၅.၁၃ သဖ္ဖိုက် သတင်းစာမှာ ဆရာ့ဘာသာပြန်အခန်းဆက်ဆောင်းပါး တွေ့ရတော့ အံ့အားသင့်ဝမ်းသာ ဖြစ်ရပါတယ်။ အံ့အားသင့်တာက ဆရာနဲ့ ကျွန်တော် စိတ်ကူးတူနေလို့ပါ။ ဝမ်းသာတာက ဆရာ့လိုပုဂ္ဂိုလ်မျိုးက ဒီလို စာအုပ်ကို ဘာသာပြန်သင့်တယ်လို့ နဂိုကတည်းက ယူဆထားလို့ပါ။ "ဒီစာအုပ်ကို ဆရာ ဘာသာမပြန်တာ ဘာ့ကြောင့်လဲ" လို့ တွေးနေရင်း ကျွန်တော် ဘာသာပြန်ဖြစ်သွားပါတယ်။ လောလောဆယ် စာအုပ်ရဲ့ ၈၀ % အထိ ပြီးနေပေမယ့်လည်း ဆရာ့ဘာသာပြန်ရှိနေတော့ ကျွန်တော် ရပ်လိုက်ပါပြီ။. . ."

စာနှင့်အတူ၊ သူ့ဘာသာပြန် တစ်ထပ်ကြီးကိုလည်း ပို့လိုက်သည်။ ကျွန်တော့်မှာ အားနာလို့မဆုံး။ မိမိ ဘာသာပြန်လက်စကို ရပ်ပစ်လိုက်ဖို့ပင် အကြိမ်ကြိမ်တွေးမိသည်။ "ဒီစာအုပ်ဟာ လူငယ်မျိုးဆက်သစ်တွေ ဖတ်ရမယ့်စာအုပ်လို့ ထင်ထားတာကြောင့် ဘယ်သူဘယ်ဝါ ဘာသာပြန်တာဖြစ်ဖြစ် ကျွန်တော့်အတွက် အရေးမကြီးပါ။ ဒါပေမဲ့ ဆရာ့လိုလူမျိုး ဘာသာပြန်တာ၊ ကျွန်တော့်ထက် ပိုသင့်တော်တယ်လို့ အရိုးခံအတိုင်း မှတ်ယူပါတယ်" ဆိုသော သူ့စေတနာကြောင့်သာ အဆုံးတိုင် ဘာသာပြန်ဖြစ်ခဲ့ခြင်း ဖြစ်သည်။ သူ့စာမှာ စာရေးသူ ကျင်လည်နေရသော အချင်းချင်း မုဒိတာ မပွားနိုင်ကြသည့် စာပေလောကအတွက်တော့ 'ရေကြည်တစ်စက်' ပင်။

ထို့ထက် "ဒီစာအုပ်ကို ဆရာ ဘာသာမပြန်တာ ဘာ့ကြောင့်လဲ" ဆိုသော သူ့အတွေးမှာ ကျွန်တော့်ဆီ "ထုံကူး" လာသည်။ ဆိုရလျှင် ယခုစာအုပ်ကို ထွက်စကပင် ကျွန်တော် ဖတ်ဖြစ်ပါသည်။ မိမိ ပါဝင်ပတ်သက်ဖူးသော တစ်ခုတည်းသော နိုင်ငံရေးပါတီကြီးအကြောင်းမို့ တခုတ်တရပင် ရှာဖတ်ခဲ့သည်။ စိတ်ဝင်တစား ဖတ်ဖြစ်သည်။ သို့သော် ဘာသာမပြန်ဖြစ်ခဲ့. . .။ "လိပ်ပြာသန့်လိုစိတ်" နှင့် "သံယောဇဉ်" ကြား ဝေခွဲမရဖြစ်နေသည်နှင့် ရက်တွေ၊ နှစ်တွေ ကြာသွားခဲ့ရသည်။

ကျွန်တော့်မှာ ဆယ်ကျော်သက်သာသာကပင် ကွန်မြူနစ်ဝါဒနှင့် ကွန်မြူနစ်ပါတီကို စာအုပ်များမှတဆင့် နှစ်သက်ယုံကြည်ခဲ့သည်။ ဘဝ၏ ထေ့ငေါ့သရော်စရာဟု ဆိုရမည်လားမသိ။ ကွန်မြူနစ်ပါတီအလံတော်အောက် ရောက်တော့မှ ကွန်မြူနစ်ဝါဒအပေါ် သံသယဖြင့် ကြည့်မြင်လာမိသည်။ သို့တစေ ပါတီအလံအောက် ရှိနေစဉ်အတွင်း မည်သည့်ခေါင်းဆောင်၊ မည်သည့်လူပုဂ္ဂိုလ်နှင့်မှ ပြဿနာမရှိ။ အားလုံးနှင့် ခင်ခင်မင်မင်ရှိခဲ့သည်သာ ဖြစ်သည်။ အချို့ဆိုလျှင် အတော်ပင် သံယောဇဉ်ကြီးခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့အတွက်ကြောင့်လည်း စာတွေ ရေးဖြစ်သည့်အခါ "လိပ်ပြာသန့်လိုစိတ်" ဖြင့် သံသယအတွေးတွေကို မကွယ်မထောင့် ရေးခဲ့သော်လည်း ပါတီကို အဖွဲ့အစည်း တစ်ခုအနေနှင့် မတိုက်မိစေရန်၊ ပါတီခေါင်းဆောင်များကို လူပုဂ္ဂိုလ်အရ မထိခိုက်မိ စေရန် သတိကြီးကြီး ထားခဲ့ပါသည်။ "သံယောဇဉ်အမျှင်မပြတ်" သည့်သဘော ဖြစ်ပါလိမ့်မည်။

ယခုစာအုပ် (...နေထွက်ချိန်နှင့် နေဝင်ချိန်) ကို အကြိမ်ကြိမ်ဖတ်ကြည့်တော့မှ သာမန်အပေါ်စား ကွန်မြူနစ်ဆန့်ကျင်ရေးစာအုပ် မဟုတ်မှန်း ဆင်ခြင်မိသည်။ အပြည့် အဝ လက်ခံ၊ လက်မခံ အသာထား။ မူရင်းစာရေးသူ၏ CPB အပေါ် နိုင်ငံရေးအရ ရှုမြင်ချက်ဟု သဘောပေါက်ရသည်။ သို့အတွက် လိပ်ပြာသန့်သန့်ဖြင့်ပင် ဘာသာပြန် လိုက်ပါသည်။ ချစ်ခင်လေးစားအပ်ပါသော ကိုစိုးမြင့် (ဆရာကျော်အုန်းမြင့်) တစ်ယောက် ကျေနပ်နိုင်လိမ့်မည်ဟု ထင်ပါသည်။

ကျော်ဝင်း
၈၊ စက်တင်ဘာ၊ ၂၀၁၃။

❒

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# လွင်ဦးစာပေ (လှည်းတန်း) မှ ထုတ်ဝေပြီး စာအုပ်များ


၁။ အောင်းဆန်းဟု ခေါ်သည် — နိုင်ဦး

၂။ ကျွန်ုပ်တို့နှင့် ဦးကျော်ငြိမ်း (ကလောင်စုံ) မြောင်းမြဗဆွေစီစဉ်သည်။

၃။ ပါလီမန်ဒီမိုကရေစီနှင့်ကျွန်တော် — ဦးသုဝေ

၄။ ဗုဒ္ဓအလိုကျဘောဂဗေဒ — ကျော်ဝင်း

၅။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအဖွဲ့ဝင်များ၏ (၆၈)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ အထိမ်းအမှတ် စာစုများ — မြောင်းမြဗဆွေ စီစဉ်သည်။

၆။ ဒေါမာန်ဟုန် (ဗမာပြည် ဒီမိုကရေစီတိုက်ပွဲ) မင်းမျိုးနိုင်မြန်မာပြန်၍ မောင်ကြည်သစ်တည်းဖြတ်သည်။ Outrage (Burma's struggle for democracy) By Bertil Lintner — စံဝင်းမောင်နှင့်

၇။ နိုင်ငံရေးအာပတ်သက်ခြင်းနှင့် အခြားဆောင်းပါးများ — မြောင်းမြဗဆွေ

၈။ ဘာသာတရားတို့နိဒါန်း — နိုင်ဦး


**ယခုလ**


၁။ မြန်မာပြည်ကွန်မြူနစ်ပါတီ၏ နေထွက်ချိန်နှင့် နေဝင်ချိန် The Rise and fall of the communist party of Burma By Bertil Lintner ရေး၍ — ကျော်ဝင်းဘာသာပြန်သည်။


**ဆက်လက်ထုတ်ဝေမည့် စာအုပ်များ**



၁။ ကျောက်စိမ်းမြေ (Land of Jade by Bertil Lintner) — နိုင်ဦးဘာသာပြန်သည်။

၂။ ဗုဒ္ဓဝါဒနှင့် လူ့အခွင့်အရေး — မောင်ကြည်သစ်


www.burmeseclassic.com

www.burmeseclassic.com

# ၁၉၈၈ ဗမာ့ ဒီမိုကရေစီ အရေးတော်ပုံကြီးကို
# ကိုယ်စားပြု ထင်ဟပ်စေသည့် စာအုပ်




www.burmeseclassic.com